


ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်

ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော


# နိဗ္ဗာန်ရောက်ကြောင်း

## တရားတော်(အနှစ်ချုပ်)

ဦးကံညွှန့်

ပူဇော်သည်

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ



မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ ပုံတော်

ကျေးဇူးတော်ရှင်၊ အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်–ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# နိဗ္ဗာန်ရောက်ကြောင်း

တရားတော် (အနှစ်ချုပ်)


ပူဇော်သူ

ဦးကံညွန့်



"အင်ကြင်းညွန့်" စာပေ

တိုက်(၂၉၁/၅)၊ ၂ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း ၅၅၆၄၉၉

**“နိဗ္ဗာန်ကို”** မနောနဲ့ တွေ့နိုင်တယ်၊ နိဗ္ဗာန် တွေ့ချင်ရင် မနောနဲ့ ရှာရမယ်၊ မနောနဲ့ ရှာရင် မနောမှာ နိဗ္ဗာန်ကို တွေ့နိုင်တယ်လို့ မှတ်ကြ၊ ဒါဖြင့် ဘယ်မနောနဲ့ ရှာမလည်း **“စင်ကြယ်တဲ့ မနောနဲ့ ရှာရမယ်”** စင်ကြယ်တဲ့ မနောဆိုတာ ကိလေသာ မရောတဲ့ မနောကို ပြောဒါ၊

**“နိဗ္ဗာန်ကို”** မြင်ချင်ကြရင် စင်ကြယ်တဲ့ မနော၊ စင်ကြယ်တဲ့ ဉာဏ်ကိုယ်ပိုင်ရအောင် လုပ်ကြရမယ်၊ ဘယ်လို လုပ်ရမလည်း **“သမ္မာပဋိပန္နော”** ကောင်းစွာ ကျင့်ရမယ်လို့ ဆိုတယ်၊ ကောင်းစွာ ကျင့်ရင် စင်ကြယ်တဲ့ မနောကိုရမယ်၊ စင်ကြယ်တဲ့ မနော ကိုယ်ပိုင် ရရင် နိဗ္ဗာန်မြင်ကြရမယ်။

(နိဗ္ဗာန်ရရာ နည်းလမ်းရှာ တရားတော်)
ဒုလ္လဘဒေသနာ
တွဲ(၁) နှာ (၈၀)

## "တရားတော်၏အကျိုး"

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ
ဓမ္မောသုစိဏ္ဏော သုခမာဝဟာတိ
ဧသာနိသံသော ဓမ္မေသုစိဏ္ဏေ
နံဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီတိ

တရားတော်မြတ်ကို ကျင့်ကြံ ကြိုးကုတ် အားထုတ်သော သူကို စင်စစ် ကေန် အမှန် မုချအားဖြင့် တရားတော်က စောင့်လျှောက်ပေ၏၊ ကောင်းစွာ ကျင့်အပ်သည့် တရားမြတ်သည် ချမ်းသာ အမျိုးမျိုးကို ရွက်ဆောင်လေ၏။

ဤသို့သော သဘာဝသည်ကား တရားတော်ကို ကျင့်ဆောင်ရာတွင် ဖြစ်မြဲ၊ ရမြဲသော အကျိုးတရားပေတည်း၊ တရားတော်ကို ကျင့်ဆောင်သူသည် အပါယ်အစရှိသည့် ဒုဂ္ဂတိဟူသမျှသို့ မလား မရောက်ရတော့ချေ တကား။

( ဓမ္မပဒပါဠိတော် = သာရိပုတ္တထေရဝတ္ထု )

**ဤတရားတော်စာအုပ်မှ အကျိုးအမြတ်အားလုံးကို မိုးကုတ်ဓမ္မရိပ်သာများသို့ လှူဒါန်းရန် ဖြစ်ပါသည်။**

ဒီလို တရားမျိုး နာရတာ အင်မတန် ကံကောင်း တယ်လို့ မှတ်ရမယ်၊ သေလွန် သွားကြတဲ့ မိဘ ဘိုးဘွားတွေ၊ ဆွေမျိုး ညာတကာတွေ ဒီတရားမျိုး ကြားနာရဘို့ အခွင့်မရကြဘူး၊ မလွယ်ခဲ့ကြဘူး၊ တို့ ဒကာတွေက ကံကြီးလို့ နာရတာ၊ ဟောတဲ့ ပုဂ္ဂိုလ်နဲ့လည်း ကြုံကြိုက်အုံးမှ၊ ထောင် နိုင်တဲ့ နားလည်း ရှိအုံးမှ အင်မတန်မှ ရခဲတယ်လို့ မှတ်ရ မယ်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မြုပ်မျောရှောင်ကြဉ်ဆန်လမ်းယှဉ်တရားတော် | ၁ |
| ၂ | ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တရားတော် | ၈ |
| ၃ | မိမိခန္ဓာတရားရှာ တရားတော် | ၁၆ |
| ၄ | နိဗ္ဗာန်ရရာနည်းလမ်းရှာတရားတော် | ၂၁ |
| ၅ | ပင့်ကူပမာတရားရှာတရားတော် | ၂၇ |
| ၆ | အာသဝကုန်ရန်နည်းလမ်းမှန်တရားတော် | ၃၇ |
| ၇ | သာဝကပါရမီနှစ်ချက်ညီ တရားတော် | ၄၄ |
| ၈ | သာသနာတွင်းမှာ ကြုံခဲစွာတရားတော် | ၄၈ |
| ၉ | ဒိဋ္ဌိကွာမှ ချမ်းသာရတရားတော် | ၅၃ |
| ၁၀ | ခန္ဓာဉာဏ်စိုက်သုညဆိုက်တရားတော် | ၅၉ |
| ၁၁ | ဒိဋ္ဌိသစ်ငုတ်အမြစ်ဖြုတ်တရားတော် | ၆၄ |
| ၁၂ | ဧည့်သည်အိမ်သည် ဉာဏ်ဝန်းချယ်တရားတော် | ၇၀ |
| ၁၃ | ဒိဋ္ဌိ အရှုးနှာပျောက်ကြောင်းရှာ တရားတော် | ၇၅ |
| ၁၄ | ခန္ဓာလှေနှင့် နိဗ္ဗာန်ဝင်တရားတော် | ၈၄ |
| ၁၅ | နိဗ္ဗာန်ရရာကျင့်သုံးဖြာတရားတော် | ၉၂ |
| ၁၆ | မဂ္ဂဉာဏ်မြတ်ကြွေးကုန်ဆပ်တရားတော် | ၉၇ |
| ၁၇ | ဖြစ်ပျက်မြင်ကနိဗ္ဗာန်ရတရားတော် | ၁၀၅ |
| ၁၈ | ခန္ဓာငါးချက် ဉာဏ်ဖောက်ဖျက်တရားတော် | ၁၁၃ |
| ၁၉ | အနတ္တဉာဏ်မြင်နိဗ္ဗာန်ဝင်တရားတော် | ၁၂၀ |
| ၂၀ | ပဋိစ္စဖြစ်ပျက်ဉာဏ်ခွဲဝက်တရားတော် | ၁၂၄ |
| ၂၁ | အဖော်ကောင်းမှ ချမ်းသာရ တရားတော် | ၁၃၂ |
| ၂၂ | ပရမ်းပတာဘေးလွတ်မြောက်ရေးတရားတော် | ၁၄၁ |
| ၂၃ | ပဋိစ္စဖြစ်ပျက်ဒုက္ခစက်တရားတော် | ၁၄၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄ | အလှူမတက်ဒုက္ခထပ်တရားတော် | ၁၆၂ |
| ၂၅ | ဝိပဿနာခွင်အလုပ်စဉ်တရားတော် | ၁၆၇ |
| ၂၆ | ဝိပဿနာရှေ့ထွက်ဒိဋ္ဌိဖျက်တရားတော် | ၁၇၆ |
| ၂၇ | ဒုက္ခသိမှ နိဗ္ဗာန်ရတရားတော် | ၁၈၂ |
| ၂၈ | အပါယ်လေးရပ်အိမ်ပိုင်မှတ်တရားတော် | ၁၉၀ |
| ၂၉ | ဗြဟ္မစရိယံ အေးနိဗ္ဗာန်တရားတော် | ၁၉၉ |
| ၃၀ | ခေါင်းဆောင်တရားသူရှေ့သွားတရားတော် | ၂၀၈ |
| ၃၁ | သက္ကာရန်ညစ်တွန်းလှန်ပစ်တရားတော် | ၂၁၉ |
| ၃၂ | ကိုယ်တိုင်ဆုံးဖြတ်မဂ်ဉာဏ်မြတ်တရားတော် | ၂၂၇ |
| ၃၃ | ဝေဒနာကုန်ပျောက်နိဗ္ဗာန်ပေါက်တရားတော် | ၂၃၂ |
| ၃၄ | မြေပုံပျောက်ကွယ်ချာချာလယ်တရားတော် | ၂၃၉ |
| ၃၅ | နှလုံးသွင်းမှား အပါယ်သွားတရားတော် | ၂၄၈ |
| ၃၆ | ဒုက္ခများမြင်နိဗ္ဗာန်ဝင်တရားတော် | ၂၅၄ |
| ၃၇ | နှလုံးသွင်းမှန်အေးနိဗ္ဗာန်တရားတော် | ၂၆၂ |
| ၃၈ | မဂ္ဂင်ပွားရန်ကိုယ့်ကာဝန်တရားတော် | ၂၆၈ |
| ၃၉ | ရုပ်နာမ်သင်္ခါရ အနိစ္စတရားတော် | ၂၇၃ |
| ၄၀ | အနတ္တလက္ခဏာဉာဏ်မြတ်ရာတရားတော် | ၂၈၀ |
| ၄၁ | သင်္ခါရကုန်ပျောက်နိဗ္ဗာန်ပေါက်တရားတော် | ၂၈၅ |
| ၄၂ | ဝိပဿနာရှုနည်း (ရှေးဦးမှတ်ဖွယ်များ) | ၂၉၁ |
| ၄၃ | သဗ္ဗေသင်္ခါရာအနိစ္စာတရားတော် | ၃၀၆ |
| ၄၄ | အရှိနဲ့အသိကိုက်အောင်လုပ်နည်း (စိတ္တာနုပဿနာတရားတော်) | ၃၁၂ |
| ၄၅ | သိသင့်သော အခြေခံများ | ၃၂၇ |

# နိဒါန်း

## "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရားကြီးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တလွှား ထင်ပေါ်ကျော်ကြားပြီး၊ ရဟန်းရှင် လူအများတို့၏ ကြည်ညိုလေးစားခြင်းကို ခံယူရပါသည်။ များလှစွာသော တဇနစာသင်သားတို့အား ညဝါစာပို့ချရာတွင် ကျော်ကြားပြီးမြန်မာပြည် အနယ်နယ် အရပ်ရပ်တွင်လည်း ဝိပဿနာ တရားတော်များကို မနားမနေ လှည့်လည် ဟောကြားနိုင်ခဲ့ပါသည်။

အရိုးကြီးပွားရေးကို မလုပ်ကြနဲ့၊ အရိုးကို ဓါတ်တော် ဖြစ်အောင်ကြိုးစားကြပါ၊ အရိုးအသွေးအသားက ဓါတ်တော် ဖြစ်တယ်ဆိုတာ တရားအားထုတ်သည့် အတွက် တရားက ပြုပြင်ပေးလို့ တရား၏ သဘောအရ ဓါတ်ဘော် ဖြစ်လာရတယ်လို့ မှတ်ကြပါ၊ ဉာဏ်ကို အဖော်လုပ်တော့ ဓါတ်တော်လုပ်ပွဲကြုံရတယ်– စသည်ဖြင့်အရိုးဓါတ်တော် တရားများ ဟောကြားဆုံးမခဲ့သည့်အတိုင်း ဆရာတော်ဘုရားကြီး ခန္ဓာဝန်ချသည့် အခါတွင်လည်း ရုပ်ကလပ်တော်မီးသဂြိုလ်ရာ၌ ဆရာတော် ဘုရားကြီး၏ ရုပ်ကလပ်တော်မှ ဓါတ်တော်များ ကျခဲ့ပါသည်။

အရွယ်စားအမျိုးမျိုး အရောင်အမျိုးမျိုး ဓါတ်တော်များ ကျရုံမျှမက၊ ဆရာတော်ဘုရားကြီး ရုပ်ကလပ်တော်မှ အရိုးတစ်ပိုင်း၊ ဓါတ်တော် ဘစ်ပိုင်း၊ ဓါတ်တော်ဖြစ်တုန်းဖြစ်ဆဲများ၊ ချိတ်ဆက် လက်ဆစ်ရိုးတော်၊ သက်တော်ရှိ စဉ်ကအတိုင်း သူငယ်အိမ်မပျက် အကြည်ဓါတ်မပျက် မီးမခဘဲ ကျန်ရှိခဲ့သော မျက်လုံးတော်တစ်စုံ၊ သက်တော်ရှိစဉ်က ချထားခဲ့သော ဆံတော်မှ ဖြစ်ပေါ်လာသည့် ဓါတ်တော်များနှင့် ရုပ်ကလပ် ဟော်ရှိစဉ်က သွေးကြောမှ ရယူထားခဲ့ကြသည့် သွေးမှဖြစ်ပေါ်လာသော

ဓါတ်တော်များစသည့် အံ့ဖွယ်ရာများကိုပင် ဖူးတွေ့ကြရပါသည်။ ဆင်ဆေး လိပ်ကုမ္ပဏီဦးသောင်း၏ အိမ်ဦးခန်းကိုးကွယ်ရန် ရယူထားသော အရိုးတော် များက ဓါတ်တော်များ ဖြစ်လျက် ရောင်ချည်တော်များ ကွန့်မြူးနေပုံများကို လည်း ဖူးတွေ့ကြရပါသည်။

ဆရာတော်ဘုရားကြီးသည် ခန္ဓာဝန်ချသည့် အချိန်ထိ ဉပမိရုပ် မပျက်၊ အသွားအလာမပျက်၊ အစားအသောက်မပျက်၊ အသံမပြောင်းဘဲ တရားဓမ္မများကို ဟောကြားနိုင်ခဲ့ပါသည်။ ခန္ဓာဝန်ချတော့မည့်အချိန် ရောက်ခါနီးမှ ကြိုတင်ခင်းခိုင်းထားသော အိပ်ရာပေါ်သို့ဝင်၍ လှဲလျောင်း ပြီးသကာလ အနီးရှိ ဒကာ ဒကာမတို့အား မမေ့မလျော့ဘဲ တရားအား ထုတ်ရစ်ကြရန်မှာကြားပြီးမှ တရားနှလုံးသွင်းတော်မူလျက် ခန္ဓာဝန်ချ သွားတော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏ ရုပ်ကလပ်တော်ကို စံကျောင်းများတွင် (၈၅)ရက်ကြာထားပြီးမှ ရုပ်ကလပ်တော်ကို စည်ကားသိုက်မြိုက်စွာ မီးသင်္ဂြိုလ်ကြပါသည်၊ မီးသင်္ဂြိုလ်ရာ၌ နံ့သာထင်းများ အရှိန်ပြင်းစွာ မီးစွဲလောင်နေ သော်လည်း ရုပ်ကလပ်တော်မှာ နာရီဝက်ကျော်ကျော်မျှ မီးမလောင်ဘဲ ပုံမပျက်ရှိနေပါသည်၊ နောက်မှအလိုအလျောက် မီးစွဲလောင် ပါသည်၊ ရုပ်ကလပ်တော်အား မီးစွဲလောင်သော်လည်း မကောင်းသော အပုတ်နံ့ မထွက်ဘဲအမွှေးရနံ့များသာ ထွက်သည်ကို ဈာပနကွင်းတစ်ခုလုံးရှိ လာရောက်ဖူးမျှော်ကြသော ရဟန်းရှင်လူပရိတ်သတ် တစ်သိန်းကျော်တို့ အသိပင်ဖြစ်ခဲ့ပါသည်။ 'နိက္ခိလေသာနံ မတာသရီရံပိ ဒုဂ္ဂန္ဓံ နဟောတိ' သုတ္တံနိပါတ်အဋ္ဌကထါအာမဂန္ဓသုတ်အရ အာသဝေါကင်းကွာသော ရဟန္တာတို့သည် သေသောအခါ ထိုပုဂ္ဂိုလ်၏ ကိုယ်မှအပုပ်နံ့ မထွက်ကြောင်း ပြဆိုပါသည်။

ဆရာတော်ဘုရားကြီးဟောကြားခဲ့သော တရားတော်များမှာ ဓမ္မသံ

ဝေဂ ဩဝါဒတရားတော်များ၊ မဂ္ဂင်ရှစ်ပါး တရားတော်များ၊ သစ္စာလေးပါး တရားတော်များ၊ ဒိဋ္ဌိပြုတ် တရားကော်များ၊ ပဋိစ္စသမုပ္ပါဒ် တရားတော်များ၊ စိတ္တာနုပဿနာရှုပွားနည်း ဝိပဿနာတရားတော်များကို ဘုရားဟော ပါဠိတော်ကြီးများ ဖြစ်သော အင်္ဂုတ္တိုရ်၊ သံယုတ်၊ ပဏ္ဏာသ၊ ဓမ္မပဒ စသော ကျမ်းများနှင့်ဟပ်၍ ဝတ္ထုထုတ်ကာ နားမလည် မရှိကြရအောင် ဟောကြား ပြသတော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် အနှစ် ၄၀ ကျော် ကာလပါတ်လုံး ခက်ခဲနက်နဲလှစွာသော ပဋ္ဌာန်း ညဥ့်ဝါနှင့် ဓမ္မသင်္ဂဏီ၊ ယမိုက် အဘိဓမ္မာ ကျမ်းကြီးများကို သင်ကြားပို့ချနေသော စာချပုဂ္ဂိုလ်ကြီးပင် ဖြစ်သော်လည်း ဆရာတော်ဘုရားကြီး ဟောကြားခဲ့သော တရားတော်များမှာမူ စာအရှိကို အဓိကမထားဘဲ၊ ခန္ဓာအရှိကို ဉာဏ်အသိနှင့် ကိုက်ညီအောင် ဟောကြားတော်မူလေ့ရှိပါသည်၊ အလုပ်ခွင်၌လည်း ရှေ့ကဖြစ်ပျက်၊ နောက်ကမဂ်၊ ဖြစ်ပျက်နှင့် မဂ်ကြားမှာ ကိလေသာကြား မခိုစေနှင့်ဟု အမြဲတန်းသတိပေး တော်မူလေ့ ရှိပါသည်၊ ဤအချက် ၂ ချက်သည်ပင်လျှင် ရှေးရိုးဟောစဉ်၊ ရှေးမူရင်းမှ ထွင်းဖောက်၍ ထွက်ပေါ်လာသော အချက်များပင် ဖြစ်ပါတော့ သည်။

အချိန် ကဖြင့် မရှိတော့ဘူး ဒကာတို့၊ ရထားကတော့ဖြင့် ထွက်တော့မယ်၊ ဒကာတို့အဘို့မှာတော့ မီးရုံလေးပဲ ရှိတော့တယ်၊ ဒီခေတ်ဒီအခါမှာ ဒီလိုတရားမျိုး နာရတယ် ဆိုတာ အင်မတန်မှ ကံကောင်း တယ်လို့ မှတ်ရမယ်၊ သေလွန်သွားကြတဲ့ မိဘဘိုးဘွား ဆွေမျိုးညာ တကာတွေ ဒီတရားမျိုး နာကြရဘို့ အခွင့်မရသွားခဲ့ကြဘူး၊ တို့ဒကာတွေက ကံကြီးလို့၊ ဟောတဲ့ ပုဂ္ဂိုလ်နဲ့လည်း ကြုံကြိုက်လို့၊ ထောင်နိုင်တဲ့ နားလည်းရှိလို့၊ အင်မတန်မှ ရခဲတဲ့ ဒီလိုတရားမျိုးကို နာရတယ်လို့ မှတ်ရမယ်ဟု ဟောကြားတော်မူခဲ့ပါသည်။

# နိဒါန်း

ဆရာတော်ဘုရားကြီး၏ ရခဲလှစွာသော တရားတော်များကို ဆရာတော်ဘုရားကြီးကပင် တိတ်ဖြင့် အသံသွင်းယူထားကြရန်မှာ ကြားခဲ့ပါသည်။ အသံသွင်းယူကားခဲ့သော တိတ်ကြိုးခွေများမှ တရားတော် အများစုကိုလည်း အမြော်အမြင်ရှိသော ပုဂ္ဂိုလ်များက စာအုပ်အဖြစ်သို့ ရေးကူး တင်ဆက် ခဲ့ကြပါသည်။ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့် ကျင့်စဉ်ကို ရေးသားပြုစုသော ကျောင်းဒကာကြီး ဦးကျော်သိန်း (အမရပူရ)၊ ဒုလ္လဘဒေသနာ(သစ္စာလေးပါး) တရားတော်(၇)တွဲကို ပြုစု တင်ဆက်ခဲ့သော ဦးမြင့်ဆွေ၊ မူလခမ္မာစရိယ(မိတ္ထိလာ)၊ ဝိပဿနာ အလုပ်ပေးတရား၊ ပဋိစ္စသမုပ္ပါဒ်တရားတော်များနှင့် သစ္စာ ၄ပါးတရားတော် များ စုစုပေါင်း (၃၃)အုပ်ကို ပြုစုတင်ဆက်ခဲ့သော ဥက္ကဋ္ဌကြီးဦးသံဒိုင် (ရန်ကုန်) မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့တို့၏ ကျေးဇူးတရားများမှာ အလွန်ကြီးလှပါပေသည်။

ဥက္ကဋ္ဌကြီး ဦးသံဒိုင်မှာ ကျွန်ုပ်ငယ်စဉ်က ကျွန်ုပ်၏ ဆရာဖြစ်ခဲ့ပါသည်။ (၁၉၇၁) ခုနှစ် ကျွန်ုပ်အသက် ၃၀ကျော်အရွယ်က ဆရာကြီး ဦးသံဒိုင်သည် ကျွန်ုပ်၏ အိမ်သို့ ကြွရောက်လာပြီး ဦးမြင့်ဆွေ၊ ဦးကျော်သိန်းနှင့် ဆရာကြီးတို့ ပြုစုခဲ့ကြသော မိုးကုတ်ဝိပဿနာ စာအုပ် တပွေ့တပိုက်ကြီးကို ကျွန်ုပ်အား ဓမ္မဒါန ပြုသွားခဲ့ပါသည်၊ ထိုအပြင် ဆရာကြီး၏ အိမ်သို့လည်း ကျွန်ုပ်အား ဘိတ်ခေါ်ပြီး ပဋိစ္စသမုပ္ပါဒ် တရားတော်ကို စက်ဝိုင်းကားချပ်ကြီးဖြင့် သင်ကြားပြသ ပေးခဲ့ပါသည်။ ကန်တော်ကြီး နတ်မောက်လမ်းရှိ မိုးကုတ် ဓမ္မရိပ်သာ သို့လည်း ကျွန်ုပ်အား ခေါ်သွားပြီး ဆရာတော်ဘုရားကြီး၏ တရားခွေများကို နာကြားစေခဲ့ပါသည်။

ကျွန်ုပ်မှာ ထိုအချိန်ကပင် တရားဓမ္မဘက်၌ စိတ်အားထက်သန်ခဲ့ပါသော်လည်း တစ်ဘက်တွင် စစ်ဘက်ဆိုင်ရာ နိုင်ငံတာဝန်များ ထမ်းဆောင် နေရဆဲ ကာလဖြစ်ခဲ့၍ တရားအလုပ်လုပ်ရန် အချိန်

မပေးနိုင်ခဲ့ပါ။ ယခု အငြိမ်းစားယူပြီးချိန် ရောက်မှ ဆရာကြီးဦးသံဒိုင် ပေးခဲ့သော မိုးကုတ် ဝိပဿနာတရားစာအုပ်များကို သေသေချာချာ ဖတ်ရှုနိုင်ပါတော့သည်၊ ဘတ်ရှုနိုင်သည့် အလျောက်လည်း ကျွန်ုပ်အတွက် ဓမ္မပီတိ၊ သုခ၊ ဓမ္မသံဝေဂများ ထိုက်သည့်အားလျော်စွာ ရရှိခံစားရပါသည်။ ထိုအပြင် ထပ်တလဲလဲ ဘတ်ရှုချင်စိတ်များလည်း တိုးပွားလာပါသည်။ ဆရာတော် ဘုရားကြီး၏ ရခဲလှသော၊ ကြုံကြိုက်ခဲလှသော တရားတော် များကို ဘတ်ရှုနာကြား ရသည့် အတွက်လည်း ဓမ္မလမ်းညွှန်ဆရာကြီး ဦးသံဒိုင် နှင့်တကွ ဦးမြင့်ဆွေ၊ ဦးကျော်သိန်းတို့အား အလွန်ကျေးဇူး တင်မိပါသည်။

ကျွန်ုပ်သည် ဓမ္မလမ်းညွှန် ဆရာမွန်၊ ဆရာမြတ်များ တို့၏ ကျေးဇူးတရားများကို ပေးဆပ်လိုပါသည်။ ကျွန်ုပ်အဘို့ စဉ်းစားခဲ့သမျှ ကျေးဇူးဆပ်ရန် အသင့်တော်ဆုံး နည်းလမ်းမှာ ဆရာကြီးများကဲ့သို့ပင် ဆရာတော်ဘုရားကြီး၏ ရခဲလှစွာသော တရားတော်များကို ပြန့်ပွားအောင် ခေတ်အလိုက် တစ်နည်း တစ်ဖုံပြုစု၍ ဓမ္မပူဇော်မှုဖြင့် ကျေးဇူးဆပ်ရန် ဆန္ဒဖြစ်ပေါ် လာပါသည်။

တစ်နည်းတစ်ဖုံအားဖြင့် ဆရာတော်ဘုရားကြီး၏ တရားတော်များ ပြန့်ပွားအောင် ပြုလုပ်ရမည့် နည်းလမ်းကို သုံးသပ်ကြည့်ရာတွင် ဆရာတော် ဘုရားကြီး ဟောကြားတော်မူခဲ့သော တရားတော်များကို အသံသွင်း တိတ်ခွေများဖြင့် သွင်းယူထားခဲ့ရာ အခွေပေါင်းမှာ (၅၀၀) ကျော်မျှမက ရှိနေပါသည်။ အများစုကို စာအုပ်အဖြစ် ပုံနှိပ်ရာ၌လည်း ယနေ့ထိ အုပ်ရေပေါင်း (၄၀) ကျော်မျှ ထွက်ရှိခဲ့ပါသည်။ ထွက်ရှိပြီးသော စာအုပ် (၄၀) ကျော်တွင် ပါရှိသော တရားအမျိုး အစုံအလင်တို့ကို သိရှိနိုင် ရန်မှာ စာဖတ်သူများအဖို့ စာမျက်နှာ ပေါင်းသောင်းကျော်မျှ ဘတ်ရှုကြရမည် ဖြစ်ပါသည်။ ထိုသို့ဖတ်ရှုနိုင်ဘို့ အရေးမှာ စာဘတ်သူ ဓမ္မမိတ်ဆွေများအဘို့ အခက်အခဲများ ရှိနိုင်ကြမည် ဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်သည် စာဖတ်သူ ဓမ္မ မိတ်ဆွေများအတွက် အခက်အခဲ မရှိစေဘဲ အချိန်တိုအတွင်းမှာ ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော တရားအမျိုးအစုံအလင်တို့မှ **နိဗ္ဗာန်ရောက်ကြောင်း တရား အနှစ်သာရ များကိုအမြန်ဆုံး သိရှိကြပါစေရန် ရည်ရွယ်ပြီး စေတနာ ကောင်းဖြင့် ဤစာအုပ်ကို ပြုစုရခြင်း ဖြစ်ပါသည်။** ပြုစုရာတွင် ထွက်ရှိပြီးသည့် စာအုပ်ပေါင်း(၄၀)ကျော်ထဲ၌ ပါရှိသော တရားကောင်း၊ တရားမြတ်များထဲမှ နိဗ္ဗာန်ရောက်ကြောင်းအတွက် တရားတော်များကို အမျိုးအစားအစုံ အလင်ပါရှိအောင် ပထမဦးစွာ ရွေးချယ်ပါသည်။

ရွေးချယ်ထားသော တရားတော်များထဲမှာပင် တဖန်အကောင်းဆုံးသော တရားအဆီအနှစ်များကို ထပ်မံရွေးထုတ်ထားပါသည်။ ထပ်မံရွေးထုတ်ထားသော တရားအဆီအနှစ်များသည် နိဗ္ဗာန်ရောက်ကြောင်းအတွက် အဘိုးတန်ဆုံး၊ အပေါ်လွင်ဆုံး၊ အရေးကြီးဆုံး ဆရာတော်ဘုရားကြီး၏ နှုတ်တော်မှ ဟောကြားသည့် စကားလုံးများ အတိုင်းသာ ဖြစ်ပါ၍ အပိုမစွက် တရားမူမပျက် ပါရှိပါသည်။

ဤစာအုပ်ဖြင့် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော် ဘုရားကြီး၏ ဂုဏ်တော်၊ ကျေးဇူးတော် များနှင့်အတူဓမ္မ လမ်းညွှန် ဆရာမွန် ဆရာမြတ်တို့၏ ကျေးဇူးတော်များကို ပူဇော် လေးမြတ် ပေးဆပ်ပါ၏။ ဆရာတော်ဘုရားကြီး၏ တရားတော် အနှစ်ချုပ်ဖြင့် သားသမီးများကို ဓမ္မ အမွေ ပေးခဲ့လိုကြသည့် ကျွန်ုပ်၏ ဓမ္မ မိတ်ဆွေ အပေါင်းတို့၏ ဆန္ဒကိုလည်း ပြည့်ဝစေရအောင်၊ ဆရာတော် ဘုရားကြီး၏ တရားတော်များကို ပြန့်ပွားအောင် ပူဇော် ရခြင်းဖြင့် ရရှိလာမည့် အကျိုးအမြတ်များ အားလုံးကိုလည်း မိုးကုတ်ဝိပဿနာ ကျောင်းတိုက်များ၊ မိုးကုတ် ဓမ္မရိပ်သာများတွင် လှူဒါန်းနိုင်ရလေအောင်၊ မွန်မြတ်သော စေတနာ၊ သဒ္ဒါတရားတို့ဖြင့် အများအကျိုးကို ရှေ့ရှုပြီး ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာကော် ဘုရားကြီး ဟောကြားတော်မူသော နိဗ္ဗာန် ရောက်ကြောင်း တရားတော် စာအုပ် (အနှစ်ချုပ်) ကို ရွေးထုတ် ပူဇော်လိုက်ရပါတော့သည်။

ဦးကံညွန့်
(အငြိမ်းစား ဗိုလ်မှူး)
၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁)ရက်။

## "မြှုပ်မျှောရှောင်ကြဉ်ဆန်လမ်းယှဉ်တရားတော်"

### လမ်းသုံးသွယ်

(၁) **ကာမသုခလ္လိကာနုယောဂ၊** လက်ျာစွန်းအယုတ်တရား မျှောလမ်း။

(၂) **အတ္တကိလမထာနုယောဂ၊** လက်ဝဲစွန်းအယုတ်တရား မြှုပ်လမ်း

(၃) **မဇ္ဈိမပဋိပဒါ၊** အလယ်ဗဟိုအမြတ်တရား၊ ဆန်လမ်း (နိဗ္ဗာန်လမ်း)။

ဒကာဒကာမတို့ လွယ်လွယ်နဲ့ မှတ်ဘို့ပြောရမယ်ဆိုရင် ဒုက္ခနိရောဓနဲ့ ဂါမိနိပဋိပဒါဆိုတာ "သစ္စာဆိုတဲ့"အမှန်တရားဘဲ၊ ဒုက္ခနိရောဓက ဒုက္ခချုပ်ရာ၊ ဂါမိနိပဋိပဒါက ဒုက္ခချုပ်ရာရောက်ရာ အကျင့်အမှန်တရား၊ ဒီအမှန်တရားကို ကိုယ်ပိုင် ရမှသာ ဒုက္ခချုပ်မှာ၊ ကိုယ်ပိုင် မရရင် ဘယ်တော့မှ ဒုက္ခမချုပ်နိုင်ဘူး။

ကမ္ဘာလောကတေတ်ကြီးထဲမှာ ဒုက္ခကြောက်သူ၊ ဆင်းရဲကြောက်သူတို့ရဲ့ ကိုးကွယ်ရာ၊ ဆည်းကပ်ရာ၊ အာထားစရာ၊ လက်ကိုင်ပြုစရာ အိတ်ဆောင် တရားပဲလို့ မှတ်ထားကြ။

ဒီတရားဟာ လောကမှာ အမှန်ဆုံးတရား၊ ဒီထက်မှန်တဲ့တရား မရှိတော့ပါဘူး၊ တရားကိုယ်ကတော့ "မဂ္ဂင်ရှစ်ပါး"၊ ဒီမဂ္ဂင်ရှစ်ပါး ဆိုတဲ့ အကျင့်တရားဟာ ဒုက္ခချုပ်ရာ **"နိဗ္ဗာန်ရောက်ကြောင်း"** ဖြစ်တဲ့ အကျင့်တရား၊ အမှန်အကန်ဆုံး တရားပဲ၊ ဒီဒုက္ခချုပ်ရာ နိဗ္ဗာန်ဟာ မဂ္ဂင်အကျင့်နဲ့မှ ရမယ်၊ မဂ္ဂင်ရှစ်ပါးကို ကျင့်မှ အားထုတ်မှသာ ရနိုင်တယ်။

'မဂ္ဂသစ္စာ' အကျင့်ဆိုဒါ **'မဂ္ဂ'က နိဗ္ဗာန်သွားရာ လမ်းကြောင်း၊ 'သစ္စာ'ကအမှန်၊** ဒီတော့ နိဗ္ဗာန်သွားဘို့ လမ်းအမှန်ဆိုဒါ မဂ္ဂရှစ်ပါး အကျင့်တရားပါပဲလို့ မြဲမြဲမှတ်ထားကြ။

ဘုရားရှင်က သတိပဋ္ဌာနသုတ် ပါဠိတော်မှာ ဟောတော်မူခဲ့တယ် 'ဧကာယနောအယံဘိက္ခဝေမဂ္ဂေါ၊ သတ္တာနံဝိသုဒ္ဓိယာ သောကပရိဒ္ဒေဝါနံ သမတိက္ကမာယဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယဉာယဿ အဓိဂမာယ နိဗ္ဗာနဿသစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ' လို့ဟောပါတယ်၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿဆိုတဲ့ တရားဆိုးတွေက လွတ်ဘို့၊ အရိယာမဂ်ကိုရဘို့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဘို့ရာ တစ်ကြောင်းတည်းသော လမ်းဟာဒီ မဂ္ဂင် အကျင့်တရားပဲ၊ ဒီမဂ္ဂင်ရှစ်ပါး၊ သတိပဋ္ဌာန် အကျင့် တရားက လွဲရင် ဒီပြင်လမ်းမရှိဘူးလို့ ဆိုလိုရင်းဖြစ်တယ်။

ဒုက္ခချုပ်ရာရောက်ရာ မဂ္ဂင်ရှစ်ပါး၊ အကျင့်ကို ဘာကြောင့် အကျင့်မှန်လို့ ဆိုရသလဲဆိုရင် "ပဋိစ္စသမုပ္ပါဒ်" ပြတ်လို့ပဲလို့ မှတ်ကြ၊ ကိုယ်ခန္ဓာ မှာအဆက်ဆက်ဖြစ်နေတဲ့ ဒုက္ခစက်ကြီး ဒုက္ခခန္ဓာကြီး၊ ဒုက္ခသစ္စာကြီး အကြွင်းမဲ့ပြတ် သွားတဲ့ အကျင့်တရားဖြစ်လို့ အကျင့်မှန်လို့ ဆိုရတာပေါ့၊ ဒီလိုခန္ဓာ အဆက်ဆက် ဖြစ်တာပြတ်အောင် ဝိပဿနာရှုမှ ပြတ်မှာ၊ မရှုရင်မပြတ်ပါဘူး။

သတ္တဝါတွေဟာ ဘာကို ကိုးစားရမယ်၊ ဘာကို အားထားရမယ်လို့ မသိရှာကြဘူး၊ ချမ်းသာသုခ ရကြမလားဆိုပြီး ရှာလိုက်ကြ၊ ဖွေလိုက်ကြ တာဒုက္ခချည်းတွေ့နေကြရတော့တယ်။

ဒါဘာကြောင့်လည်းဆိုတော့ သုခရောက်ရာ နိဗ္ဗာန်ရောက်ရာ အကျင့်က မမှန်ကြလို့၊ ရမ်းလုပ်ကြ၊ ရမ်းလုပ်တော့ ဒုက္ခနဲ့ဘဲ စခန်းသိမ်း ကြရရှာတာပေါ့၊ အဲဒီဒုက္ခတွေဟာ ပဋိသန္ဓေ အို၊ နာ၊ သေဆိုတဲ့ ဘယ် တော့မှ အစမသတ်နိုင်တဲ့ ဒုက္ခအစု ဒုက္ခမှုတွေပဲ၊ ချမ်းသာရှာပါသော်

လည်း ဆင်းရဲနဲ့ချည်းသာ တွေ့နေကြရတယ်၊ မရှိတဲ့နေရာ သွားရှာတော့ ဘယ် မှာရနိုင်ပါမလည်း။

ဒါဘာကြောင့်လည်း၊ ဒုက္ခချုပ်ရာရောက်ရာ အကျင့်က မှားနေကြလို့၊ မဟာအလွဲတော်ကြီးနဲ့ ကြုံကြရတော့တယ်၊ ကျင့်ရမှာက အမှန်တရား သစ္စာအကျင့် ဖြစ်တဲ့ မဂ္ဂင် အကျင့်ကို ကျင့်ရမှာလို့ မှတ်လိုက်ကြ။

ဘုရားရှင် နိဗ္ဗာန်ရဒါဟာ မဂ္ဂင် အကျင့်ကို ကျင့်လို့ရတာဆိုတာ ဟောခဲ့ပါတယ်၊ မဂ္ဂင် အကျင့် မကျင့်ခင်က မရခဲ့ပါဘူး၊ ခဲခဲယဉ်းယဉ်း အပန်းတကြီး ဒုက္ခကြီးခံပြီးကျင့်ခဲ့ရတဲ့ ဒုက္ကရစရိယာအကျင့်၊ အတ္တကိလ မာထာနုယောဂ အကျင့်နဲ့ ကျင့်တာ မြုပ်လမ်း ဖြစ်လို့ ဘုရားမဖြစ်ခဲ့ဘူး၊ သက်သက်သာသာ ကာမသုခိလ္လိကာနုယောဂလမ်း ကလည်း မျှောလမ်း ဖြစ်လို့ ဘုရားမဖြစ်ခဲ့ဘူး။

ဘုရားက နိဗ္ဗာန် ရချင်ရင် မရှိုမပင်္ဂုပဒါ ခေါ်တဲ့ အလယ် အလတ်လမ်းကိုဘဲ လိုက်ကြဘို့၊ အလယ်လမ်း မရှိုမပင်္ဂုပဒါ အကျင့် ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး အကျင့်ကို ကျင့်လို့ ဟောတော်မူခဲ့ပါတယ်။

ဒါကြောင့် အစွန်းနှစ်ပါး၊ အယုတ်တရား နှစ်ခုကိုရှောင် မရှိုမ အလယ်လမ်း မဂ္ဂင် အကျင့်ကို ဆောင်ထားရမယ်၊ ဆိုလိုရင်းက မြုပ်မျှော ရှောင်၊ ဆန်လမ်းကို ဆောင်ကြရမယ်၊ အလယ်လမ်း မဂ္ဂင်လမ်းကို လက်ကိုင်ထားကြရမယ်။

မဂ္ဂင်လမ်းဆိုတာ ဘာဝေတဗ္ဗလမ်း ပွားများရမယ့်လမ်း၊ ပွားများပြီး သွားရမယ့် လမ်းဘဲ၊ ပွားများမှု အဆုံးမှာ နိဗ္ဗာန်ရောက်မှာပါပဲ ဆိုတာ မှတ်ထားကြရမယ်။

မဂ္ဂင်ဆိုတာ ပွားယူမှရမှာ၊ ပွားမယူမရဘူး၊ ဘုရားက "ဘာဝေ တဗ္ဗ" တဲ့ ရုပ်နာမ်တို့ရဲ့ ဖြစ်တာပျက်တာကို ပွားများရမယ်၊ ရုပ်နာမ်

ဖြစ်ပျက် ပွားနေရင် ကြာတော့ မုန်းလာရော၊ မုန်းတာ ဆုံးသွားတော့ နိဗ္ဗာန်ရတာပေါ့။

ဒါဖြင့် ဘယ်မှာ ပွားရမလည်း၊ ခန္ဓာမှာ ပွားယူရမှာဘဲ၊ ခန္ဓာမှာ ပွားယူမှ မပျက်စီးနိုင်တဲ့ ခိုင်မြဲတဲ့ နိဗ္ဗာန်ကို ရကြမယ်။

ခန္ဓာမှာကော ဘယ်သူကိုပွားရမှာလည်း၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါးမှာ ပွားရမှာပါ။

ခန္ဓာငါးပါးထဲက ကိုယ်ကြိုက်တာ ကိုင်ပေါ့၊ လွယ်ကူအောင်ဆိုရင် တစ်ခြားမကိုင်နဲ့ စိတ်ကိုကိုင်ပါ၊ စိတ်ကိုကိုင်ရင် ဒီပြင်ဟာ အကုန်ပါ တယ်၊ ဘာကြောင့်လည်းဆိုတော့ ဝိညာဏက္ခန္ဓာပြဓာန်းလို့ဘဲ မှတ်ကြ။

"မနောပုဗ္ဗင်္ဂမာဓမ္မာ၊ မနော၊ သေဋ္ဌာမနောမယာ"လို့ ဓမ္မပဒပါဠိ တော်မှာ ဘုရားရှင်ဟောတော်မူထားပါတယ်။

လူတွေပြောတာကို နားထောင်ကြည့်ရင် ငါ့စိတ်မစမ်းနဲ့၊ ငါ့စိတ်က မရဘူး၊ ငါ့စိတ်ကဆိုးမိရင် သူများနဲ့ မတူဘူးနဲ့ ပြောပြောနေကြဒါ စိတ်ပေါ်မှာ "ငါ" စွဲအားကြီးကြတယ်၊ ဒီတော့စိတ်ကို ကိုင်ရင် ထင်ရှား တယ်၊ လွယ်ကူတယ်။

ရှင်သာရိပုတ္တရာမထေရ်ကလည်း "ကိုယ့်စိတ်ကို အကဲခတ်ကြ၊ သူများစိတ်ကို အကဲမခတ်ကြနဲ့၊ သူများစိတ် အကဲခတ်တာထက် ကိုယ့် စိတ်ကိုယ် အကဲခတ်တာက လွယ်ကူတယ် ကိုယ်စိတ်အကဲ ကိုယ်ခတ်ကြလို့ ဟောတော်မူခဲ့တယ်။

အကဲခတ်နည်းက (၁) စိတ်ကိုနောက် (၂) စိတ်နဲ့ အကဲခတ် ရမယ်၊ ရှေ့စိတ်(၁)ကို အကဲခတ်တဲ့ နောက်စိတ်(၂)က မဂ်ဘဲ၊ ဒီလိုအကဲခတ်တဲ့ စိတ်က မဂ်ဖြစ်တော့ အဲဒီစိတ်ဟာ မဂ္ဂင်ဖြစ်တာပေါ့၊ ဒါကြောင့် ရှေ့စိတ်ကို နောက်စိတ်နဲ့ အကဲခတ်ကြဘို့ဘဲလို့ မှတ်ကြ။

အကဲခတ်နည်းက အိပ်ချင်တဲ့ စိတ်ကလေးပေါ်လာရင် အဲဒီ အိပ်ချင်စိတ်ကလေးကို အကဲခတ်လိုက်၊ ဒီလို အကဲခတ်ရမယ် ဆိုတာ ဘုရားရှင်ကလည်း ဟောတယ်၊ ရှင်သာရိပုတ္တရာကလည်းဟောတယ်၊ ဘုန်းကြီးကလဲ ဟောလိုက်ပါတယ်။ အကဲခတ်ရှုတဲ့အခါမှာ ဒီစိတ်ဟာ ဖြစ်လည်း ဖြစ်တယ်၊ ဖြစ်ပြီးလည်း ပျက်တာပဲလို့ တွေ့ရမယ်၊ အဲဒီလို ဖြစ်လာလိုက် ပျက်သွားလိုက်၊ အကဲခတ်ရှု့ပါများတော့ ဖြစ်ပြီး ပျက်တာ ချည်းပဲ တွေ့ရ၊ သိရမယ်။

ဒီလိုသိတော့"ဖြစ်ပြီး ပျက်တာအနိစ္စ" သိဒါ "မဂ္ဂ" အကဲမခတ်ပဲ မရှု့ပဲထားတော့ ကံဘက်သွားမယ်၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ဒုက္ခတွေ ဆက်သွားတော့တာဘဲ၊ ဆုံးကွက်ကို မမြင် တော့ဘူး၊ ဒုက္ခပင် ပြန်စိုက်၊ ဒုက္ခသီးတွေ သီးကြအုံးဘဲ။

အဲဒါပွားများရမှာကို မပွားမိလို့ ကာမသုခလ္လိကာနုယောဂလမ်း ရောက်သွားရတာပဲ၊ ဒီခေတ်အခါ ဒီလိုတရားမျိုးနာရတာ အင်မတန် ကံကောင်းတယ်လို့ မှတ်ရမယ်၊ သေလွန်သွားကြတဲ့ မိဘ၊ ဘိုးဘွားတွေ ဆွေမျိုး၊ ဉာတကာတွေ ဒီတရားမျိုး ကြားနာရဘို့ အခွင့်မရကြဘူး၊ မလွယ်ခဲ့ကြဘူး [illegible]တွေက ကံကြီးလို့ နာရတာ ဟောတဲ့ပုဂ္ဂိုလ်နဲ့ လည်းကြုံကြိုက်အုံးမှ၊ ထောင်နိုင်တဲ့ နားလည်းရှိအုံးမှ အင်မတန်မှ ရခဲ တယ်လို့ မှတ်ရမယ်။

ဘုရားကသတိပဋ္ဌာန်မှာ "သံခိတ္တံဝါစိတ္တံ၊ သံခိတ္တံဝါစိတ္တန္တိပဇာနာတိ" လို့ ဟောတော်မူတယ်၊ သံခိတ္တစိတ်ဆိုတာ ငိုက်တတ်တဲ့စိတ်ကိုဆိုတာ၊ ပျံလွင့်တဲ့စိတ် တောင်ပြေး မြောက်ပြေးတဲ့စိတ်က ဥဒ္ဒစ္စ၊ ဒါလာလည်း ရှုပစ်၊ အဲဒါကို "ဝိက္ခိတ္တံဝါစိတ္တံ ဝိက္ခိတ္တံဝါစိတ္တန္တိ ပဇာနာတိ" လို့ ဟောတယ်၊ အဲဒါ -- ဖြစ်ပျက် ဖြစ်ပျက်လို့ ရှုပစ်လိုက်ပါ။

မရှုမိရင် ဥဒ္ဒစ္စ၊ အဲဒါမောဟပဲ၊ မောဟဆိုတော့ အဝိဇ္ဇာ၊ အဝိဇ္ဇာက

စပြီး ဆက်တိုက် မျောကြအုံးမယ်၊ ရှုတော့ ဥဒ္ဒစ္စဖြစ်ပျက် အဝိဇ္ဇာချုပ်၊ အဝိဇ္ဇာစက်အစက ချုပ်တော့ကျန်တာ အကုန်ချုပ်၊ သံသရာစက်ပြက်က ရော၊ ခန္ဓာဒုက္ခဆုံးတဲ့ လမ်းပဲ၊ အဲဒါ မဇ္ဈိမပဋိပဒါ အလယ်လမ်းဘဲ။

စိတ်ပျက်ရင်လည်း စိတ်ပျက်တာကို ဘုရားက ရှုဘို့ ဟောတယ်၊ မဟုန်လို့ မရှုတော့ ပဋိစ္စသမုပ္ပါဒ်ဒုက္ခစက်လယ်မယ်၊ ဘယ်စိတ်ပေါ်ပေါ် ဖြစ်ပျက်ရှု၊ ရှေ့ကဖြစ်ပျက် နောက်ကမဂ်လာပါစေ။

ပေါ်လာသမျှ စိတ်တွေကို မလစ်ရအောင် အစဉ်အတိုင်း ရှုပေး၊ ကိလေသာ ကြားမခိုဘို့ အရေးကြီးတယ်၊ ကိလေသာကြားမခိုရင်(၇)ရက်နဲ့ နိဗ္ဗာန်ရနိုင်တယ်။

ဒါကြောင့် သတိပဋ္ဌာန်ပါဠိတော်မှာ ဘုရားရှင်က "ယောဟိကောစိဘိက္ခဝေဣမေစတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ၊ တဿဒွိ န္နံဖလာနံ အညာတရံဖလံ ပဋိကင်္ခံဒိဋ္ဌေဝဓမ္မေအညာ သတိဝါ သဥပါဒိသေ သေအနာဂါမိတာ"လို့ ဟောတော်မူထားတယ် သံသယ မဖြစ်ကြနဲ့၊ ကြိုးစားအားထုတ်ရင် ကြာလှ(၇)ရက်ပါဘဲ။

ကိလေသာမခြားဘို့က ဖြစ်ပျက်မဂ် ဖြစ်ပျက် မဂ်လို့ ဖြစ်ပျက်နဲ့ မဂ်ဆက်သွားရင် ကိလေသာကြားမခိုနိုင်တော့ဘူး ကိလေသာကြားခိုခွင့် မရရင် နိဗ္ဗာန်ရောက်ဘို့ သေချာပြီလို့ မှတ်ကြ။

အဲဒါ အလုပ်လုပ်ရမယ့် ကိစ္စ၊ ဆုတောင်းနေရမယ့် ကိစ္စ မဟုတ်ဘူး အပြောကိစ္စလည်း မဟုတ်ဘူး၊ လုပ်ရမယ့် အလုပ်၊ လုပ်ယူမှသာ ရကြမှာ ဆုတောင်းတွေ ရှော့ကြတော့။

ကိုယ့်သန္တာန်မှာ ပေါ်သမျှ စိတ်ရုပစ် အနိစ္စနဲ့ မဂ္ဂပဲ ရှိနေရမယ်၊ ရုပါများလာတော့ အပျက်တွေချည်းမြင်ရမယ်၊ အပျက်ချည်း မြင်ပါများ

တောမုန်းလာရော၊ အမုန်းအားကြီးတာနဲ့ ဆုံးတာနဲ့ တချက်တည်းပဲ နိဗ္ဗာန်မြင်တော့တာပဲ။

တကယ်လုပ်ရမှာက ရုပ်ဖြစ်ပျက် နာမ်ဖြစ်ပျက် မြင်အောင်ပွားရမှာ၊ ဖြစ်ပျက် မြင်အောင်ပွားကြ၊ နောက်– ဖြစ်ပျက် အစဉ်အတန်းကြီး မြင်လာတော့ မုန်းလာအောင်ပွား၊ မုန်းလာတော့ ဆုံးအောင်ပွား၊ မုန်းပြီးတဲ့ နောက်ဆုံးတဲ့အခါ နိဗ္ဗာန်မြင်တော့တာပဲ၊ ကဲကြိုးစားကြ။

❖ ❖ ❖ ❖ ❖ ❖

## "ပဋိစ္စ သမုပ္ပါဒ်စက်ရဟတ် တရားတော်"

**သစ္စာနှစ်ပါး**

**ဒုက္ခသစ္စာ** ။ ။ဆင်းရဲအမှန်သဘော၊ အကျိုးတရား၊ ဥပါဒါန်၏ အာရုံတရားစု။

**သမုဒယသစ္စာ** ။ ။ဆင်းရဲကြောင်းတရား၊ အကြောင်းတရားတဏှာသုံးပါး။

**ဆောင်ပုဒ်**

ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် မပြတ်လှည့်လည်ဟန်။
ကြောင်းကျိုးဆက်ဆက်၊ ဖြစ်ကာပျက်၊ ဉာဏ်သက်ရှုမြင်ရန်။
ဖြစ်ပျက်သိက၊ နောက်မဂ္ဂ၊ စင်ထကိလေသံ။
ကိလေကင်းစင်၊ မကြာလျှင်၊ မြတ်ယာဉ်မဂ္ဂဉာဏ်။

ဒကာဒကာမတို့ ကိုယ့်ခန္ဓာမှာ "ပဋိစ္စသမုပ္ပါဒ်" စက်ရဟတ်ကြီးအစဉ်မပြတ် လယ်နေတာကို သိကြရမယ်။ ပဋိစ္စဆိုတာ အစွဲပြုပြီး အကြောင်း ပြုပြီးလို့ ဆိုလိုတယ်။ သမုပ္ပါဒ်ဆိုတာ အဖန်ဖန် အထပ်ထပ် ဖြစ်နေတာကို ဆိုလိုတယ်။

ဒီတော့ **"ပဋိစ္စသမုပ္ပါဒ်"**ဆိုတာ အကြောင်းတရားကို အစွဲပြုပြီးအကျိုးတရား ဖြစ်ပေါ်တာကို ခေါ်တာ၊ အကြောင်းကြောင့် အကျိုးဖြစ်တယ်လို့ လွယ်လွယ်မှတ်ပေါ့၊ အဲဒီလိုနဲ့ အကြောင်းနဲ့ အကျိုးအမျိုးမျိုး အထွေထွေ အစဉ်မပြတ်ဖြစ်ပေါ်ပြီးနေတာကို ပဋိစ္စသမုပ္ပါဒ်လို့ မှတ်ထားကြ။

အချုပ်မှာတော့ အကြောင်းနဲ့အကျိုး တစ်မျိုးပြီးတစ်မျိုး အစဉ်မပြတ် ဖြစ်ပေါ်နေတာဟာ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် သံသရာလို့ ခေါ်ရတာပါဘဲ။

လွယ်တကူ ပဌမဦးဆုံးသိဘို့က ပါဠိလို **"အဝိဇ္ဇာ"**တဲ့

အဲဒါမြဲမြဲမှတ် မြန်မာလိုတော့**"အဝိဇ္ဇာ"ဆိုတာ သိရမှာကို မသိ၊ မသိရမှာကို သိတတ်တယ်၊** စင်စစ်တော့ အမှန်အတိုင်း မသိတာ၊ ဟုတ်တိုင်းမှန်စွာ မသိတာ"အဝိဇ္ဇာ"လို့မှတ်ထားကြပါ။

**"သိရမှာကိုမသိဘူး"**ဆိုတဲ့နေရာမှာ သိသင့် သိအပ်တဲ့ သိရမယ့် အစစ်အမှန် ရှိနေတဲ့ ပရမတ္ထရုပ်တရား နမ်တရား ပဋိစ္စသမုပ္ပါဒ်သံသရာ စက်ရဟတ် တရား၊ သင်္ခါရ ရုပ်၊ နာမ်တို့ရဲ့ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အလိုမပါခြင်း၊ အနှစ်ကင်းမဲ့ခြင်း ဆိုတဲ့ လက္ခဏာတရားရယ် သစ္စာဆိုတဲ့ အမှန်တရားရယ် အဲဒီတရားတွေသိရမှာကို မသိဘူး၊ အမြင်ဘူးလို့ဆိုတာ။

**"မသိရမှာကိုသိတယ်"**ဆိုတာက ပရမတ္ထနယ်မှာ အမှန်တကယ် မရှိတဲ့ သူပဲ၊ ငါပဲ၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါပဲလို့ အမှန်မရှိ ဒါကို သိနေတာ ထင်မှတ်နေတာ ဆိုလိုတယ်။

ဒီအဝိဇ္ဇာက ငါးမျိုးရှိတယ်လို့မှတ်

**"သင်္ခါရ"**ဆိုတာ ပြုပြင်မှု၊ အားထုတ်မှု၊ စေ့ဆော်မှုဘဲ၊ ဘဝ အဆက်ဆက်က ပါလာတဲ့ မသိမှု အဝိဇ္ဇာ၊ ယခုဘဝမှာ မသိမှုအဝိဇ္ဇာ၊ ဒီလိုမသိမှုကြောင့် ပြုမိပြုရာ ပြုလုပ်ကြတယ်၊ အဲဒီလို ပြုမှုဟာ "သင်္ခါရ"၊ မသိမှုကြောင့် ကောင်းကောင်း၊ ဆိုးဆိုး အမျိုးမျိုး ပြုမိပြုရာပြုတော့ ဘာဖြစ်လာသလဲ။

**အသိစိတ်ဆိုတဲ့ "ဝိညာဏ်" ၆မျိုးတစ်မျိုးမျိုး ဖြစ်ပေါ်လာတယ်၊ အဲဒါ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တာပဲ။**

"ဝိညာဏ်"ဖြစ်တာနဲ့ တပြိုင်နက် နာမ်တရား ရုပ်တရားတွေ ပါလာတယ်၊ ဝိညာဏ်ဖြစ်လို့**"နာမ်ရုပ်"** ဖြစ်တာ၊ ဒါကြောင့် ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်လို့ဆိုလိုတယ်။

နာမ်ရုပ်ဖြစ်တော့ သံသရာချဲ့တတ်တဲ့ **"အာယတန"** ၆ပါး

သင့်သလို ဖြစ်ပေါ်လာရတယ်၊ အာယတနဖြစ်တော့ အာယတနကြောင့် အာရုံ အာရမ္မဏီက တိုက်ခိုက်မှု တွေ့ထိမှုဆိုတဲ့ **"ဖဿ"** ၆မျိုး ထိုက်သလို ဖြစ်ပေါ်လာတယ်။

အဲဒီတွေ့ထိမှု ဖဿကြောင့် ခံစားမှု သဘော **"ဝေဒနာ"** များဟာ ထိုက်သလို ဖြစ်လာရပြန်တယ်၊ ဝေဒနာကလည်း သုံးမျိုး၊ ကောင်းတာနဲ့ တွေ့တော့ **သုခဝေဒနာ** မကောင်းတာနဲ့ တွေ့တော့ **ဒုက္ခဝေဒနာ** အသင့်အတင့်နဲ့ တွေ့ပြန်တော့ **ဥပက္ခာဝေဒနာ** အဲဒီသုံးပါဘဲ။

ဒီဝေဒနာကြောင့် **"တဏှာ"**ဆိုတဲ့ တပ်မက်ခြင်း၊ နှစ်သက်ခြင်း ဖြစ်ရတယ်၊ ကောင်းတဲ့အာရုံကျတော့ သုခဝေဒနာကြောင့် တဏှာ ဖြစ်တယ်၊ မကောင်းပြန်တော့ ဒုက္ခဝေဒနာကြောင့်၊ ဒေါမနဿဖြစ် နောက်ပြီး ကောင်းတာ၊ တောင့်တတဲ့ တဏှာဖြစ်တာဘဲ၊ ဥပေက္ခာဝေဒနာ ကြောင့်လည်း တဏှာဖြစ်တာဘဲ၊ အဲဒီလိုဝေဒနာကြောင့် တဏှာဟာ ဖြစ်လာရတယ်။

တပ်မက်မှု တဏှာကြောင့် **"ဥပါဒါန်"** ၄ ပါးထိုက် သလို ဖြစ်တယ်၊ ဥပါဒါန်ဆိုတာ လွန်လွန်မင်းမင်း စွဲလန်းမှုကို ဆိုတာ တဏှာအကြီးစားပါပဲ၊ ဥပါဒါန်၄ပါးက ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်။

ဥပါဒါန်ဖြစ်တာနဲ့ **"ဘဝ"**ဆိုတဲ့ **"ကံ"** ဖြစ်တယ်၊ ကံဖြစ်ရင် ဇာတိရဘို့ သေချာပြီ၊ ဒီဘဝမှာပြုသမျှ၊ ကောင်းမှု၊ မကောင်းမှုအမျိုးမျိုး တွေကို ဥပါဒါန်ဖြစ်လဲပြီးရော နောင်အခါ အကျိုးပေးဘို့ရာ ဘဝ**"ကမ္မဘဝ"** ဆိုတဲ့ နာမည်နဲ့ သိမ်းဆည်းပြီးထားလိုက်တယ်။

ကမ္မဘဝကပေးလို့ ကမ္မဘဝကြောင့် **"ဇာတိ"** ဖြစ်ဘယ်၊ ဇာတိဆိုတဲ့ ပဋိသန္ဓေမှုရတော့ **"ဇရာ"** အို–ဒုက္ခ၊ **"မရဏ"** အသေဒုက္ခ၊ **"သောက"** စိုးရိမ်ပူဆွေးရတဲ့ ဒုက္ခ၊ **"ပရိဒေဝ"** ငိုကြွေးမြည်တမ်းရတဲ့

ဒုက္ခ၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ "ဒေါမနဿ"၊ ရှိုက်ကြီးတစ်ငင် ပြင်းစွာ ပူလောင်ခြင်း၊ "ဉပါယာသ" ဆိုတဲ့ ဒုက္ခတုံး၊ ဒုက္ခခဲ ဆင်းရဲ အစုတွေ ဆက်တိုက်ဖြစ်ပေါ် လာတော့တာပဲ။

တို့ဒကာတွေ ဘယ်ဘဝဖြစ်ရပါလို၏၊ ဘယ်နတ်ဘယ်ဗြဟ္မာ ဘယ်သတ္တဝါဖြစ်ရပါလို၏၊ ဒို့ဒကာတွေ အဖြစ်ကိုချည်း တောင့်တနေကြ တယ်၊ ဘာအဖြစ် ညာအဖြစ်ဆိုတာ"ဇာတိ"ခေါ်တာ၊ အဖြစ်ဆိုတဲ့ ဇာတိလည်းရရော ဟော- ဇာတိရမှတော့ "ဇရာ" "မရဏ" စတဲ့၊ အိုနာသေဒုက္ခတွေရတာပဲ၊ တို့ဒကာတွေ ယူချင်တာ တောင်းတာက အကောင်းထင်လို့ တောင်းတာ။ ရမဲ့ရတော့ အလောင်းချည်းဘဲ၊ အလောင်း ချည်းဘဲ တောင်းယူ နေကြသလား။

နတ်ဖြစ်တဲ့အခါ နတ်အလောင်း၊ ဗြဟ္မာဖြစ်တော့ ဗြဟ္မာ အလောင်း လူဖြစ်တော့ လူအလောင်း၊ အလောင်းထမ်းဘဝကို မလွတ်နိုင် ကြသေးဘူး၊ ဒကာတို့က လိုချင်ကြတာကိုး၊ လိုချင်လို့ရကြတာပါ၊ မလို ချင်ရင်မရပါဘူး။

ဒီတော့ အလောင်းထမ်းဘဝက လွတ်အောင် ဘယ်လိုလုပ်ကြ မလဲဆိုရင် ဝေဒနာသုံးမျိုးဖြစ်ပေါ်ခံစားရတဲ့ အချိန်မှာ "တဏှာ"အလာ မခံနဲ့၊ တဏှာအဖြစ် မခံနဲ့၊ တဏှာဆိုတာ လိုချင်တာ၊ လိုချင်ရင် ရနေ ကြအုံးမှာဘဲ တကယ်လို့ တဏှာဖြစ်တော့လည်း။

"သံရာဂံ ဝါစိတ္တံ သရာဂံဝါစိတ္တန္တိ ပဇာနာတိ" ဆိုတဲ့အတိုင်း တဏှာဖြစ်ရင် တဏှာဖြစ်တယ်လို့ သိလိုက်ရမယ်၊ ဉာဏ်နဲ့သိလိုက်၊ ဉာဏ်နဲ့ ကြည့်လိုက်ကြ၊ ဉာဏ်နဲ့ကြည့်တော့ တဏှာဆိုတဲ့ ရာဂစိတ်ဟာ **"ဉဒယဝယ"** အချက်ဖြစ်ပြီး ပျက်တာဘဲရှိတယ်၊ ဖြစ်ပြီးတာနဲ့ တပြိုင်နက် ပျက်သွားတာကို တွေ့ရမယ်။

ဉာဏ်နဲ့ ကြပ်ကြပ် ကြည့်လေ**"ဉပ္ပါဒ"**နဲ့**"ဝယ"**ဆိုတဲ့ ဖြစ်ပျက်

ကိုသာ တွေ့ရလေပဲ ရုပ်ရှင်ကြည့်တဲ့အခါ ဖလင်ကော်ပြား အသေ၊ တွေကို သာတွေ့ရသလို ရုပ်အသေတွေ နာမ်အသေ တွေကို ဉာဏ်ထဲမှာ တွေ့ကြရမယ်။

အမှန်ရှိနေတဲ့ "ဝေဒနာ" ဖြစ်ပျက် တဏှာဖြစ်ပျက် စတဲ့ ဥပ္ပါဒနဲ့ဝယ ဖြစ်ပြီးပျက်လိုက် ဖြစ်ပြီးပျက်လိုက်နဲ့ ဖြစ်ပျက်စက်ကြီး လည်နေတာကို တွေ့ကြရမယ်။

အခုပစ္စုပ္ပန် မျက်မှောက်ဘဝမှာဘ "ဝိဉာဏ်" အစ "ကံ"အဆုံး ဖြစ်တဲ့တရားရှစ်မျိုးဟာ အဆက်မပြတ်ဒလစပ် စက်ရဟတ် လယ်သလို အပြဲဟမ်းဖြစ်ပြီး ပျက်နေတာပဲ၊ ကိုယ်သန္တာန်မှာ ဒီတရားတွေ အမှန်ရှိနေ တာ၊ တကယ်ရှိလို့ တကယ်သိရတာက "သမ္မာဒိဋ္ဌိ" ဆိုတဲ့ အမြင်မှန် အသိမှန်ဘဲ။

အဲဒီအမြင်မှန် အသိမှန် ထက်သန်လာတော့ အော်--ခန္ဓာ မှာ ရုပ်ဆိုတာလည်း ဖြစ်ပြီးပျက်တာပဲ၊ နာမ်ဆိုတာလည်း ဖြစ်ပြီး ပျက်တာပဲ၊ အော်--ခန္ဓာမှာ အမှန်ရှိနေတာက ဖြစ်တာနဲ့ ပျက်တာဘဲ ရှိနေတာ၊ ဖြစ်ပြီးရင်း ပျက်ရင်း ဖြစ်ပြီးရင်း ပျက်ရင်းနဲ့ ဖြစ်ပျက်ကလွဲလို့ ဘာမှ့ မရှိပါလား၊ အဖြစ်နဲ့ အပျက်သာရှိပါလားလို့၊ ဉာဏ်ဝမှာအမှန် ကိုသိမြင်လာရတယ်။

အဲဒီ အမှန်သိတဲ့ အတွက်–သမ္မာဒိဋ္ဌိ ဉာဏ်အမြင် ဖြစ်တဲ့ ဖြစ်ပျက် တွေစ၊ ဖြစ်ပျက်မြင်စ ကကြီး [illegible] ဝိပဿနာခေါ်တယ်၊ ဖြစ်ပျက်ကို မုန်းလာရင် ငြီးငွေ့လာရင် အရင့်စားဝိပဿနာ၊ မုန်းပြီးတဲ့နောက်ဖြစ်ပျက် တွေ ရှာမတွေ့တော့ဘဲ ဖြစ်ပျက်တွေ ဆုံးသွားရင် "မဂ်ဉာဏ်ဘဲ" ဉာဏ်နဲ့ ဖြစ်ပျက်တွေ့မှ **"တီရဏပရိညာ"**ဖြစ်တယ် **"တီရဏပရိညာ"** ဆိုတာ ရုပ်နာမ်တို့ရဲ့ **အနိစ္စအချက်ဖြစ်ပျက်အမှန်ကို ကေန်ပိုင်းခြားပြီး သိတဲ့ဉာဏ်ကို ခေါ်တာ။**

မိမိခန္ဓာမှာ တကယ်ရှိနေတာက ဖြစ်ပျက်ပဲ၊ ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခ၊ ဒီဒုက္ခအစုကို မြင်တာ၊ အဲဒီလို မြင်မှ ဒုက္ခသစ္စာ တွေ့တာပဲ၊ ဒုက္ခသစ္စာသည်"ပရိညာကိစ္စ" ဒုက္ခသစ္စာကို ပိုင်းခြားပြီး သိရမယ်ဆိုတာပါဘဲ။

ပါဠိနာမည်တွေ တပ်တာဟာ ဆိုင်းဘုတ်ဆွဲတာပါပဲ၊ ဆိုင်းဘုတ်ဆွဲရင် ဉာဏ်တုံးသွားမယ် ဉာဏ်တုံးရင် အောက်ဉာဏ်ပြန်ရောက်သွားမယ်၊ ဒီတော့ အကျယ်မချဲ့ချင်ကြနဲ့၊ ဉာဏ်မချဲ့ချင်ကြနဲ့၊ ဖြစ်ပျက်ကို ရှုကြ၊ ကိုယ့်ဉာဏ်ထဲမှာ ဖြစ်ပျက်ကိုသာ တွေ့ပါစေ၊ ဒါမှ အတက်မြန်မယ်၊ ရှင်းကြပြီလား။

အမှန်ကတော့ ဒုက္ခအဆက်ဆက် လာနေဒါ၊ တဒုက္ခပြီး တဒုက္ခ၊ ဝိညာဏ်ဒုက္ခပြီး နာမ်ရုပ်ဒုက္ခ၊ နာမ်ရုပ်ဒုက္ခပြီး၊ အာယတနဒုက္ခ၊ နောက်ပြီး ဖဿဒုက္ခ၊ ဝေဒနာဒုက္ခ၊ တဏှာဒုက္ခပြီးတော့ ဥပါဒါန်ဒုက္ခ၊ ကံဒုက္ခ၊ အဲဒီကံဒုက္ခ ပြီးပြော့လည်း ဝိညာဏ်ဒုက္ခ ပြန်ပြီးလည်အုံး၊ အဲဒီလို ဒုက္ခအစုကြီး လယ်နေတာ၊ ဒီဒုက္ခအစုကြီး လယ်နေတာကို မသိကြဘူး၊ ဒုက္ခအစုကြီး ဆင်းရဲတုံးကြီး ဆင်းရဲခဲကြီးလို့ မသိကြ မထင်မြင်ကြဘူး။

**ဘုရားက ပဋိစ္စသမုပါဒ်မသိလို့ဆိုပြီ မဟောဘူး။ သတ္တဝါတွေဟာ ဒုက္ခသစ္စာ မသိကြလို့ သံသရာ ရှည်နေကြရတာ၊ သံသရာလယ်နေကြရဒါလို့ဟောတယ်၊ အဓိပ္ပါယ်ကတော့ အတူတူပါပဲ။**

ဝိပဿနာယောဂီရဲ့ ဉာဏ်အမြင်မှာ "အော်––ဒုက္ခစက်ကြီး လယ်နေတာပါလား၊ ဒုက္ခစက်ကြီးလယ်နေတာကိုး" လို့ထင်ရမြင်ရမယ်၊ အခုပျက်သွားတာလဲ ဒုက္ခ ပေါ်လာတဲ့ဟာလဲ ဒုက္ခ၊ နောက်ပေါ်လာမှာလဲဒုက္ခ အဲဒီလို ဒုက္ခစက်ကြီးလယ်နေတာလို့ မြင်ရမယ်။

**ဉာဏ်ထဲမှာ ဝိညာဏ်ကို မတွေ့ရဘူး၊ နာမ်ရုပ်လဲမတွေ့ရဘူး၊**

အာယတန၊ ဖဿဝေဒနာ၊ တဏှာ၊ ဘာမှမတွေ့ရဘူး၊ တွေ့ရမှာကဖြစ်ပျက်ဘဲ၊ ဖြစ်ပျက်ကိုသာ တွေ့နေရမယ်။

ဒီပြင် တခြားအာရုံတွေ နိမိတ်တွေ မြင်လာရင် ထင်လာရင် အကုန်ပယ်ချပြစ်၊ ဒါတွေဟာ "ကိလေသာတွေပဲ၊ ဘုရားက "ဒုက္ခက္ခန္ဓသ လို့ ဟောခဲ့တယ်၊ ဒုက္ခအစုတွေပဲတဲ့ ဒီတော့ ဟောတဲ့အတိုင်း ရှုကြ၊' အမှန်ကို တွေ့မြင်ရမယ်။

"ပဥ္စုပါဒါနက္ခန္ဓာပိဒုက္ခာ"တဲ့ ဖြစ်ပေါ်လာသမျှ ဒုက္ခချည်းပဲတဲ့၊ တခြားပြင်ပအာရုံဆိုရင် ဘာကိုမှ လက်သင့်မခံနဲ့၊ လက်သင့်ခံရင် ဥပါဒါန်အာရုံဖြစ်တဲ့ ဒုက္ခအစုဆင်းရဲမှုတွေဟာ အမျှင်ပြတ်နိုင်ဘို့ ခဲယဉ်းတယ်။

ဒီဒုက္ခအစု ဆင်းရဲမှုတွေရဲ့ ချုပ်ရာ ဆုံးရာဟာ နိဗ္ဗာန်ဘဲ ဒါကြောင့် သံယုတ်ပါဠိတော်မှာ "တေသံဝူပသမောသုခေါ" လို့ ဟောတော်မူခဲ့တာ၊ တေသံ၊ ထိုရုပ်နာမ် ဖြစ်ပျက်မှု ဒုက္ခအစုတို့၏ ဝူပသမောချုပ်ဆုံးငြိမ်းအေးရာ နိဗ္ဗာန်မြတ်သည် သုခေါ စစ်စစ်ကေန်ပုထုဇဉ်တို့နှင့် မဆက်ဆံသော ချမ်းသာစစ်ကြီး မှန်လှပါပေ၏လို့ ဟောတယ်။

ဖြစ်တာပျက်တာဟာ ဒုက္ခဘဲ၊ ဖြစ်ပျက်ဒုက္ခသာရှိနေတာ၊ ဒုက္ခရှိလို့ ဒုက္ခသိတာဟာ အမှန်သိတာဘဲ၊ အမှန်သိလာရင် နိဗ္ဗာန်ရဘို့ နီးနေပြီ "ပဓာနိယင်္ဂအင်္ဂါ" ငါးချက်နဲ့ ပြည့်စုံရင် ညကအားထုတ်၊ မနက်မှာရ ရမယ်၊ မနက်ကအားထုတ်ရင် ညမှာ ကေန်ရရမယ်၊ ယုံမှားသံသယမရှိကြနဲ့၊ ဘုရားက ဒီအတိုင်းဟောတယ်၊ ဘုန်းကြီးကလည်း ဒီအတိုင်းဟောတယ်၊ အလုပ်လုပ်ကြည့်မှ ကိုယ်တိုင်သိရမယ်။

ဖြစ်ပျက်မြင်ရင် အင်မတန်တော်တဲ့ လူလို့ အောက်မေ့၊ ဖြစ်ပျက်မြင်ရင် မဖြစ်မပျက်ရာ(ဝါ) ဖြစ်ပျက်မရှိရာ နိဗ္ဗာန်ကို မကြာခင် မြင်ရာတော့မယ်ဆိုဒါ စိတ်ချတော့ "ဖြစ်ပျက်မြင်ပြီးမှသာ နိဗ္ဗာန်မြင်မှာ၊

**ဖြစ်ပျက်ကိုမှ မမြင်ရင်တော့ မဖြစ်ရာမပျက်ရာ နိဗ္ဗာန်မြင်နိုင်ဘို့ ဝေးသေးတယ်ဆိုတာ မှတ်။**

ဒီနေရာမှာ နိဗ္ဗာန်အကြောင်း နည်းနည်းပြောရအုံးမယ်၊ မိလိန္ဒမင်းကရှင်နာဂသိန်ကို မေးတယ်၊ နိဗ္ဗာန်ဟာ တည်ရာရှိပါသလား၊ နိဗ္ဗာန်ဟာ ဘယ်နေရာမှာ တည်နေပါသလည်းတဲ့။

မင်းကြီး နိဗ္ဗာန်ရှိတာမှန်တယ်၊ ဒါမေမဲ့ နိဗ္ဗာန်ကို ကံထိုက်လို့ ဖြင့်ဘယ်နည်းနဲ့မှ မရနိုင်ဘူး၊ ဉာဏ်ထိုက်မှသာ ရနိုင်တယ်၊ ဒါန၊ သီလ၊ သမထ မှုနဲ့ဖြင့် ရနိုင် ရောက်နိုင်ဘို့ အခွင့်မရှိဘူး၊ ဝိပဿနာ၊ **ဘာဝနာကို အခါခါ ပွားယူမှ ရနိုင်ရောက်နိုင်တယ်၊ ဝိပဿနာဉာဏ်ထက်သန်လို့ တစ်ဆင့်တက်ပြီး မဂ်ဉာဏ်ကျမှ နိဗ္ဗာန်ကို ရနိုင်တာဖြစ်တယ်။**

ဥပမာဆိုရင်---ရုပ်စု၊ နာမ်စုတစ်ခုခုမှာ ရှုးစိုက်ပြီး ဝိပရိဏာမ အချက် ပြစ်ပျက် ဒုက္ခသစ္စာကို ရှုမှတ်ပွားများရမယ်၊ ပွားများမှုကြာ **တော့ ဒုက္ခစက်ကြီး လယ်နေတာကို ဉာဏ်နဲ့မြင်ရမယ်၊ အဲဒီလိုဒုက္ခစက်ကြီး အဆက်မပြတ် လယ်နေတာကို မြင်ပါ များလာတော့ ရှုဉာဏ်ဟာတခြားကို ထွက်မသွားတော့ဘူး တခြားအာရုံဆိ မရောက်တော့ဘူး ဝိပဿနာရှု ဉာဏ်ဟာ ဒုက္ခစက်မှာသာ တည်တံ့နေမယ် ဖြစ်ပျက်မှာ ကေဂ္ဂ တာကျ နေမယ်။**

ဒီနောက် မကြာခင်ပဲ၊ အဲဒီဖြစ်ပျက်ဒုက္ခစက်ကို လွန်မြောက်သွားတယ်၊ အဲဒါ နိဗ္ဗာန်မျက်မှောက်ပြုတာဘဲလို့ ဖြေကြားတော်မူတယ်၊ ဒါက မိလိန္ဒပဉှာမှာ လာတဲ့ အဓိပ္ပါယ်ပါဘဲ။

ဒီတော့ နိဗ္ဗာန်ဟာ ဉာဏ်လမ်းပဲ၊ ကံလမ်းမဟုတ်ဘူး၊ ကံထိုက်လို့ မရနိုင်ဘူး။ ဉာဏ်ထိုက်မှ ရကြမယ်ဆိုတာ သေချာပလား။

## "မိမိခန္ဓာတရားရှာတရားတော်"

**ခန္ဓာငါးပါး**

(၁) **ရူပက္ခန္ဓာ**၊ ရုပ်အစု ဖောက်ပြန်မှုသဘောတရား
(၂) **ဝေဒနာက္ခန္ဓာ**၊ ဝေဒနာအစု ခံစားမှုသဘောတရား
(၃) **သညာက္ခန္ဓာ**၊ သညာအစု မှတ်သားမှုသဘောတရား
(၄) **သင်္ခါရက္ခန္ဓာ**၊ သင်္ခါရအစု ပြုပြင်မှုသဘောတရား
(၅) **ဝိညာဏက္ခန္ဓာ**၊ ဝိဉာဏ်အစု သိမှုသဘောတရား။

**ဉာဏ်သုံးဆင့်**

(၁) **ယထာဘူတဉာဏ်** – အဟုတ်အမှန်သိတတ်သည့်ဉာဏ်
(၂) **နိဗ္ဗိန္ဒဉာဏ်** – ပျင်းမုန်းငြီးငွေ့တတ်သောဉာဏ်
(၃) **မဂ်ဉာဏ်** – ကိလေသာကို သတ်၍နိဗ္ဗာန်သို့ ကူးသွားတတ်သောဉာဏ်

**ဆောင်ပုဒ်**

တရားရှာလျှင်၊ ကိုယ်မှာပင်၊ တို့ရှင်မိန့်တော်မြွက်။
အဇ္ဈတ္တမှာ၊ ဉာဏ်ဖြင့်ရှာ၊ သစ္စာတွေ့ဆတ်ဆတ်။
ခန္ဓာငါးခု၊ ဖြစ်ပျက်မှု၊ ဉာဏ်ရှုသတိကပ်။
ဖြစ်ပျက်မြင်က၊ မြတ်ရှင်ဗုဒ္ဓ၊ တဘဝပါယ်ဘေးလပ်။
မုန်းအောင်ရှုလျှင်၊ မလိုချင်ဆုံးလျှင်သောတာပတ်။

ဒကာ ဒကာမတို့ကို ခန္ဓာငါးခုမှာ ဉာဏ်သုံးဆင့်နဲ့ တက်နည်းကို ပြောပြမယ်၊ တက်နည်းက မိမိခန္ဓာမှာ ပညာနဲ့ စောင့်ကြည့်၊ ပညာနဲ့ စိုက်ပြီး ကြည့်၊ ကြည့်တော့ ခန္ဓာဖြစ်ပြီး ပျက်နေတာကို တွေ့ရမယ် **"ခန္ဓာဆိုတာ" ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိဉာဏ်ဆိုတဲ့ ခန္ဓာငါးပါးထဲက တပါးကို စိုက်ကြည့် ဉာဏ် နဲ့စိုက်ကြည့်ရင် အမှန်ဖြစ်ပြီး**

**ပျက်နေတာ တွေ့ရမယ် ဖြစ်ပျက်နဲ့ အနိစ္စ သဘော အမှန်ကိုသာ ဉာဏ်နဲ့မြင်ရမယ်။**

အဲဒါခန္ဓာက ပြောနေတာ ခန္ဓာက ဘယ်လိုပြောသလည်း ဆိုရင် "ကျုပ်ဟာ ဒုက္ခသစ္စာ ဆင်းရဲတာ အမှန်ပါ၊ ဖြစ်ပြီး ပျက်နေတာပါ၊ ဖြစ်ပြီးပျက်တာက လွဲလို့ ဘာမှမရှိပါဘူး၊ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပဲ ရှိပါတယ်လို့ ခန္ဓာကပြော နေတယ်၊ "ခန္ဓာ စိုက်ကြည့် ဖြစ်ပျက် ဒုက္ခသစ္စာ မြင် ရင်အနိစ္စဉာဏ် ကို ရတာပဲ၊ အဲဒါခန္ဓာက ပြောလို့ရတာ"။

ဒီ–အနိစ္စဉာဏ် ရရင် မအို၊ မနာ၊ မသေရာဆိုတဲ့ နိဗ္ဗာန်သွားဘို့ရာ လေ့ခါးသုံးဆင့်ရှိတဲ့ အနက်ကတဆင့်တက်မိပြီလို့မှတ်ပါ။ တထစ်တက်မိတယ်ဆိုတာ ယထာဘူတဉာဏ်ရတာကို ပြောတာ၊ ဖြစ်ပျက်တလုံးသိ ဖြစ်ပျက်တလုံးတွေ့ရင် ဒုက္ခသစ္စာ သိတာပဲ၊ ဒုက္ခ သိရင်အသေဆိုး မသေ နိုင်ဘူး၊ ဒါကြောင့် **ဘုရားက ဓမ္မပဒ ပါဠိတော်မှာ–"ကောဟံဇိဝိတံ သေယျော၊ ပဿတောဥဒသဗ္ဗယံ ရုပ်နာမ် ဖြစ်ပျက် အနိစ္စ အချက် မြင်ရင် တရက်ထဲပင် အသက်ရှည်ရပေမဲ့ မွန်မြတ်ပါတယ်"လို့ ဟောတော်မူထားတယ်။**

အားကိုးဘို့များ မကောင်းကြဘူးလား – **ဖြစ်ပျက် ဒုက္ခ သိပြီးရင် ဖြစ်ပျက်မုန်းတဲ့ ဉာဏ်ပေါ်လာမယ်၊ အဲဒီမုန်းတဲ့ ဉာဏ်ရရင် ဒုတိယ အထစ် ရောက်ပြီလို့ ဆုံးဖြတ်တော့။**

**မုန်းတယ်ဆိုတာ အသုဘမုန်း–မုန်းတာမျိုး မဟုတ်ဘူးနော်၊ မိမိ ခန္ဓာမှာ သတိပညာနဲ့ စောင့်ကြည့်ပါ များလာတော့ မလိုချင်တော့ဘူး၊ ဒုက္ခသစ္စာ အမှန်ဆင်းရဲတာ သိလာတော့ ဘယ်မှာ လိုချင်တော့မလဲ၊ မလိုချင်တဲ့ ဉာဏ် စွန့်ချင်တဲ့ ဉာဏ် ရလာတော့တယ်၊ ဒီအဓိပ္ပါယ် စကားကို–**

"ဧဝံ ပဿံဘိက္ခဝေ သုတဝါအရိယဘာဝကောရုမသ္မိ ပိနိဗ္ဗိန္ဒတိ၊

ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိနိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိနိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိ မိနိဗ္ဗိန္ဒတိ” လို့ဟောတော်မူတယ်။

**ဖြစ်ပျက် ဒုက္ခကို မလိုချင်၊ စွန့်ချင်တဲ့ ဉာဏ်ရောက်ရင် ဒုက္ခခန္ဓာ ပျောက်တော့မှာပဲ၊ ဒုက္ခခန္ဓာ ပျောက်တာနဲ့ တပြိုက်နက်၊ သုခ နိဗ္ဗာန် ပေါ်ပေါက် လာတော့တာပဲ အဲဒါ မဂ်ဉာဏ် ဆိုက်တာလို့မှတ် ဒါကြောင့်–**

“နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ဝိရာဂါ ဝိမုစ္စတိ
ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံဟောတိ”

**မုန်းရင်မလိုချင်၊ မလိုချင်တော့ ကိလေသာလွတ်ကင်း၊ လွတ်ကင်း တော့ အော် “လွတ်ပြီကိုး”လို့ သိတဲ့ဉာဏ် (မဂ်ဉာဏ်) ပေါ်လာတယ်လို့ ဟောတော်မူတယ်၊** ဒီဟာ အနတ္တလက္ခဏသုတ် ပါဠိတော်စကားပဲ။

ခန္ဓာမှာ ဉာဏ်နဲ့စိုက်ကြည့်၊ ဘာမှာ မမြင်ရင် မမြင်တဲ့ စိတ်ကလေးကို ရှုပစ်လိုက်၊ အဲဒီမမြင်တဲ့ စိတ်ဟာ “အဝိဇ္ဇာ” ပဲ၊ ရှုတော့ မမြင်တဲ့ စိတ် ကလေးဟာ မြဲသလား၊ ခိုင်သလား၊ ဉာဏ်နဲ့ကြည့်တော့ မမြဲဘူးဆိုတာ မြင်ရမယ်၊ မမြဲလို့အနိစ္စ။

ဝိပဿနာ အရှုခံ ရတဲ့ စိတ်လည်းမမြဲဘူး၊ ရှု တတ်တဲ့ စိတ်ကလည်း မမြဲပါဘူး၊ ဖြစ်ပြီး ပျက်သွားတာပဲ **“ဉာဏ်နဲ့ ကြည့်တော့ အရှုခံစိတ်လည်း ဖြစ်ပြီး ပျက်သွားတာပဲ၊ ရှုစိတ် ကလည်းဖြစ်ပြီး ပျက်သွားတာ၊ ဒါကို မြင်ရမယ်၊ ဒီစိတ်ကလေး မရှိတော့တာကို တွေ့ရမယ်၊ မရှိတာက အနိစ္စ လက္ခဏာပဲ၊ အဲဒါ ဒုက္ခသစ္စာပဲ” ရှင်းကြပြီလား။**

ကိုင်း – ဝိပဿနာရှုကြဆိုတော့ ဘယ်လိုရှုရမှာတုံး၊ မရှုတတ်ပါ ဘူးတဲ့၊ အဲ––မရှုတတ်ရင် အဲဒီ မရှုတတ်တဲ့ စိတ်ကလေးကို ရှု၊ တယ်ဆန်း တဲ့တရားပါလား မအောက်မေ့နဲ့၊ မဆန်းပါဘူး၊ ဒီတရားဟာ

ရိုးရာ တရားကြီးပါ၊ ဒါကိုဘုရားရှင်က "သမ္မောဟံဝါ စိတ္တံ သမ္မောဟံဝါ စိတ္တန္တိပဇာ နာတိ"လို့ ဟောတယ်။

အဲဒါ စိတ္တာနုပဿနာ ဓမ္မာနုပဿနာဖြစ်ပါတယ် "စိတ်ပျက်ပါတယ်" လို့ဆိုတာ စိတ္တာနုပဿနာ "စိတ်ဒုက္ခရောက်ပါတယ်"ဆိုတော့ ဓမ္မနုပဿနာရှုတာပေါ့၊ ဒို့ဒကာတွေက အပြင်မှာချည်း ကြည့်နေကြတယ်၊ ခန္ဓာမှာ သုံးသပ်ပါဆို အပြင်မှာ သုံးသပ်နေကြတယ် အပြင်ကိုသုံးသပ် သမ္မ သဘာဝမဆိုက်သေးဘူး၊ ဒီကနေ့ကစပြီး အတွင်းသုံးသပ်ကြ။

တခါတလေတော့ ရှုတဲ့အခါ တွေ့သယောင်ယောင် ရှိတယ်တဲ့၊ တွေ့သယောင်ယောင် ရှိရင် တွေ့သယောင်ယောင်စိတ်ကိုရှု၊ အဲဒါ "ဝိစိကိစ္ဆာ"ဘဲ၊ ရှုလိုက်တော့ ဝိစိကိစ္ဆာက အနိစ္စ၊ ရှုတာက မဂ္ဂ၊ ရှုစရာကအနိစ္စ၊ ရှုတာကမဂ္ဂ၊ အထင်စိတ်ဟာ ဝိစိကိစ္ဆာပဲ။

**"ဓမ္မောဟဝေရက္ခတိဓမ္မစာရိ"လို့ ဆိုတဲ့အတိုင်း မိမိကတရားကို ဆောင်မှ တရားက ပြန်ပြီးဆောင်မှာ စောင့်ရှောက်မှာလို့ မှတ်ထားကြ။**

ကိုယ်တိုင်က တရားမဆောင်ကြဘဲ ယောင်တောင် ပေါင်တောင်နဲ့ တောင်ပြော မြောက်ပြော ပြောတတ်ကြတယ်၊ ကိုယ်ဖျင်းတာ ကိုယ်သိကြ၊ ကိုယ်ဖျင်းတာတော့ ကိုယ်မသိကြဘူး၊ ဆရာအပြစ် တင်လိုတင်၊ ရိပ်သာတွေ အပြစ် ပြောသလို ပြောနဲ့၊ ကိလေသာ တောထပြီး အခြောက်တိုက် ပြစ်မှားနေတတ်ကြတယ်၊ နောက်ကို မပြစ်မှားမိကြစေနဲ့၊ ကိုယ်ဖျင်းတာ ကိုယ်မလိမ္မာတာ ကိုယ်သိကြ၊ တရားရှာ ခန္ဓာမှာရှိ၊ တရားရှာ ကိုယ်မှာ တွေ့တဲ့၊ ကိုယ်ကတွေ့အောင် မရှာတတ်သေးလို့ ကိလေသာမှာ ဉာဏ်ထုံ နေကြလို့သာ ဖြစ်မှာ ကြိုးစားပြီး ရှုတတ်အောင် ရှုကြ။

**ထိုင်တဲ့အခါ နည်းနည်းညောင်းလာလို့ ပြောင်းချင်တယ်၊ ပြောင်းချင်ရင်အဲဒီစိတ် ဖြစ်ပျက်ရှု၊ ရွှေ့ချင်ရင် ရွှေ့ချင်စိတ်ရှု၊ ပြင်ချင်ရင် ပြင်ချင်**

တဲ့စိတ်ရှု၊ အရိယာပုတ် ပြောင်းတိုင်း ပြောင်းတိုင်း တစ်မျိုးဖြစ်တိုင်း ဖြစ်တိုင်း မလွတ်အောင်ရှုကြ။

ဒီနည်းအတိုင်း အရှုအပွားများလာတော့ ကြားနိတဲ့ ကိလေသာတွေဟာ တဖြေးဖြေးပါးသွားတယ်၊ ကိလေသာပါးလေ ရှုအား၊ ဉာဏ်အားကောင်းလာလေ၊ ဖြစ်ဖျက်တွေ များများမြင်လာလေပဲ။

များများမြင်တာ ကြပ်ကြပ်ရှုတော့၊ အနိစ္စအချက်က ဒုက္ခအချက်ကို ကွက်ကွက်ကွင်းကွင်း ပြနေသလို ဖြစ်လာတယ်။ ဒုက္ခအချက် အနတ္တအမြင်များလေ ကြောက်လာလေ၊ နောက်ရွံမုန်းပြီး လွတ်လိုတဲ့စိတ် လွတ်လိုတဲ့ဉာဏ် ပေါ်လာမယ်။

ဒီလို လွတ်လိုတဲ့ မုန်းဉာဏ်လည်း လာရော တယ် မကြာတော့ဘူး၊ ဖျတ်ကနဲဆို ဖြစ်ပျက်တွေဟာ ချုပ်ဆုံးကုန်ပျောက်သွားတော့တာပဲ၊ အဲဒါ မဂ်ဉာဏ်ကဆိုင်ရာ ကိလေသာကို ဖြတ်ပြီး နိရောဓ ဓါတ်အလင်း နိဗ္ဗာန်ကို မျက်မှောက် ပြုလိုက်တာပဲလို့ မှတ်။

ဒီအလင်းနိဗ္ဗာန်ကို ကိုယ်တိုင်သိရအောင် ကိုယ်တိုင်ကျင့်ကြ။

❖ ❖ ❖ ❖ ❖ ❖

# "နိဗ္ဗာန်ရရာ နည်းလမ်းရှာ တရားတော်"

**ဖြစ်–မဖြစ်တရားလေးပါး**

(၁) **ကံကြောင့်ဖြစ်တဲ့တရား၊** ရုပ်၊ နာမ်၊ ခန္ဓာ သတ္တဝါများ။

(၂) **အကြောင်းကြောင့်ဖြစ်တဲ့တရား၊** မျိုးစေ့ကြောင့်ဖြစ်တဲ့ သစ်ပင် စသည်။

(၃) **ဥတုကြောင့်ဖြစ်တဲ့တရား၊** မြေ၊ ရေ၊ လေ တောင် စသည်။

(၄) **ကံကြောင့်၊ အကြောင်း ကြောင့်၊ ဥတု ကြောင့် မဖြစ်တဲ့တရား။** ကောင်းကင်နှင့် နိဗ္ဗာန်တရား။

ဒကာ ဒကာမတို့ နိဗ္ဗာန်ဟာ ဘာကြောင့်မှ ဖြစ်တဲ့တရားမျိုး မဟုတ်ဘူး၊ အကြောင်းကင်းတဲ့ တရား၊ နိဗ္ဗာန်ဟာ ဖြစ်ဆဲလည်းမဟုတ်၊ ဖြစ်ပြီးလည်း မဟုတ်၊ ဖြစ်လတ္တံ့တရားလည်း မဟုတ်၊ သူတပါးက ဖြစ်စေတဲ့ တရားလည်း မဟုတ်၊ အဆုံးစွန်သောဘဝမှာ နိဗ္ဗာန်ရ ရပါ လို၏လို့ အနာဂါတ်ကို လှမ်းတောင်းလို့ မရဘူး၊ နိဗ္ဗာန်ဟာ ဖြစ်စေတဲ့ တရားလည်း မဟုတ်ဘူး။

ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဆိုတဲ့ ကာလသုံးပါးက လွတ်တယ်၊ ဒါဖြင့် နိဗ္ဗာန် ကို ဘယ်လိုနဲ့ တွေ့နိုင်မလည်း၊ ဘယ်လို တွေ့အောင် ရှာရမလည်း ဆိုရင် နိဗ္ဗာန်ဟာ ကာလသုံးပါးက အလွတ်ဖြစ်ပေမဲ့ **"နိဗ္ဗာန်ကို မနောနဲ့ တွေ့နိုင်တယ်၊ နိဗ္ဗာန်တွေ့ချင်ရင် မနောနဲ့ရှာရမယ်၊ မနောနဲ့ ရှာရင် မနောမှာ နိဗ္ဗာန်ကို တွေ့နိုင်တယ်လို့ မှတ်ကြ။ ဒါဖြင့်ဘယ်မနောနဲ့ ရှာမလည်း "စင်ကြယ်တဲ့ မနောနဲ့ရှာရမယ်"** ဒါကြောင့် မိလိန္ဒပဉှာပါဠိ တော်မှာ –

"ယံခေါသမ္မာပဋိပန္နော အရိယသာဝကော
ဝိသုဒ္ဓေနဉာဏေနပဿတိ" လို့ဟောတော်မူတယ်

[library stamp: ... အမှတ် ...]

ဝိသုဒ္ဓိနဉာဏနဲ၊ စင်ကြယ်တဲ့ ဉာဏ်၊ စင်ကြယ်တဲ့ မနောနဲ့မှ မြင်နိုင်တယ်လို့ဆိုဒါ **"စင်ကြယ်တဲ့မနောဆိုတာ ကိလေသာမရောတဲ့ မနောကိုပြောဒါ၊ အဲဒီမနောနဲ့မှတွေ့မှာ၊ မတွေ့သေးရင် မစင်ကြယ်သေး လို့မှတ်"**

"နိဗ္ဗာန်" မြင်ချင်ကြရင် စင်ကြယ်တဲ့ မနော၊ စင်ကြယ်တဲ့ဉာဏ် ကိုယ်ပိုင်ရအောင် လုပ်ကြရမယ်၊ ဘယ်လိုလုပ်ရမလည်း "သမ္မာပဋိပဒါ" ကောင်းစွာ ကျင့်ရမယ်လို့ ဆိုတယ်၊ ကောင်းစွာကျင့်ရင် စင်ကြယ်တဲ့ မနောကို ရမယ်၊ စင်ကြယ်တဲ့ မနောကိုယ်ပိုင်ရရင် နိဗ္ဗာန်မြင်ကြရမယ်၊ မြင်ချင်ရင် ကြိုးစားကြ။

မနောက နှစ်မျိုးရှိတယ်၊ ကိလေသာကို အာရုံပြုနိုင်တဲ့ မနောနဲ့၊ ကိလေသာကို အာရုံမပြုနိုင်တဲ့ မနောလို့နှစ်မျိုး၊ အဲ– နိဗ္ဗာန်ကို မြင်နိုင်တွေ့နိုင် တဲ့ မနောဆိုတာက အာသဝကို အာရုံမပြုနိုင်တဲ့ အာသဝနဲ့ မရောတဲ့ မနောကို ပြောဒါ" အဲဒီအာသဝနဲ့မရောတဲ့ မနောနဲ့မှ တွေ့နိုင်ဒါ၊ ဝိပဿနာရှုတဲ့ စိတ်ဟာ အာသဝနယ်ထဲက မလွတ်သေးဘူး ဝိပဿနာရှုဒါဟာ အာသဝ နယ်ထဲက စိတ်နဲ့ ရှုတာလို့ မှတ်ကြ၊ ဒီတော့–ဝိပဿနာဉာဏ် မနောနဲ့ လည်း နိဗ္ဗာန် ကို အာရုံ မပြုနိုင်သေးဘူး၊ နိဗ္ဗာန် ကို မမြင်နိုင်သေးဘူး၊ ကိလေသာနဲ့ မရောဘူးဆိုတာ အာရုံအာရမ္မဏိက အနေနဲ့ မရောဒါကို ပြောတာလို့မှတ်။

**ကိလေသာနဲ့ မရောတဲ့ အာရုံရပြီး ကိလေသာကို အဆက်ဖြတ်တဲ့ မနောဉာဏ် (ဝါ) မဂ်ဉာဏ်နဲ့မှ နိဗ္ဗာန် အာရုံပြုနိုင်တယ်လို့မှတ် "သမ္မာပဋိပဒါ" ဖြစ်အောင် ကြိုးစားကြ ဒါမှ မြင်နိုင်မှာ။**

ဝိသာခါဟာ ကိလေသာ လေးပိုင်းမှာ သုံးပိုင်းဘဲ ကျန်တယ်၊ သူ့မှာစိတ်ချရလို့ ပျော်နိုင်ပါးနိုင်တဲ့ အခြေရောက်သွားပြီ၊ ဒကာတို့မှာ လေးပိုင်းလုံး ကျန်နေသေးတယ်၊ မပျော်နိုင် မပါးနိုင်ကြသေးဘူး၊အနည်းဆုံး

ဝိသာခါလို ကိုယ့်ကိုယ်ကို စိတ်ချပြီး ပျော်နိုင်တဲ့အခြေရအောင် ကြိုးစားကြ၊ အားထုတ်ကြ။

**နိဗ္ဗာန်မြင်ဘို့အဆင့်သုံးဆင့်ရှိတယ် အဲဒါက –**

(၁) **ခန္ဓာသဘော** – ဖြစ်ပျက်သိရင်၊ မြင်ရင် ယထာဘူတဉာဏ်၊
အနုသယကိလေသာ ရှိသေးတယ်။

(၂) **ဖြစ်ပျက်မုန်းလာရင်** – နိဗ္ဗိန္ဒဉာဏ်–ကိလေသာဝေးကွာသွားပြီ။

(၃) **ဖြစ်ပျက်ဆုံးရင်** – ကိလေသာစင်ကြယ်ပြီ၊ ကတဉာဏ် မဂ်ဉာဏ်။

တဘက်မှာ – နိဗ္ဗာန်ကိုမြင်တယ်၊ အာရုံပြုလိုက်တယ်။
ဒါကြောင့်

"နိဗ္ဗာနံ မဂ္ဂဿ နိဗ္ဗာနံ ဖလဿအာရမ္မဏ
ပစ္စယေန ပစ္စယာ"လို့ ဟောတော်မူတယ် ရှင်းကြပြီလား။

နိဗ္ဗာန်ချမ်းသာဟာ ချမ်းသာတကာတို့ထက် အမြတ်ဆုံး ဖြစ်တယ်၊ ဘေးအပေါင်းက လွန်မြောက်တယ်၊ နိဗ္ဗာန်ရရင် ဘယ်ဘေးမှ မသင့်နိုင်တော့ဘူး၊ ဘေးအပေါင်းမှ လွတ်ချင်ရင် နိဗ္ဗာန်ရအောင် ကြိုးစားကြ၊ ဒီနေရာမှာမိလိန္ဒမင်းက ရှင်နာဂသိန်ကို မေးလျှောက်တယ် "အရှင်ဘုရား နိဗ္ဗာန် ချမ်းသာဟာ ဘယ်ချမ်းသာနဲ့ တူပါသလဲ" ဒီတော့ အရှင်နာဂသိန်က "မင်းကြီး၊ ဥပမာအားဖြင့် ပြောရရင် ပဋိသန္ဓေကထဲက မျက်စိ မမြင်လာတဲ့လူက အဖြူဆိုတာ၊ ဘယ်လိုဟာတုံး၊ အနီဆိုတာ ဘယ့်နှယ့်ဟာတုံး၊ နေ ဆိုတာ ဘာနဲ့တူသတုံး"လို့ မေးဒါနဲ့တူတယ်၊ သူကမွေးကထဲက မျက်စိ မပါတဲ့လူဆိုတော့ လောကမှာရှိတဲ့ အရာဝတ္ထုတွေကို ဘယ်နည်းနဲ့ ခွဲခြမ်းပြီး သိနိုင်ပါ့မလဲ။

ဒီဥပမာလိုပါဘဲ၊ လောကထဲမှာ ရှိနေတဲ့ လောကသားတွေ အဘို့ ရာမှာလောကနဲ့တန်တဲ့ မျက်စိသာပါကြ ဒါဘဲ၊ လောကထက်လွန်တဲ့ လောကမှာရှိတဲ့ ချမ်းသာမျိုးတွေနဲ့ နှိုင်းယှဉ်မရတဲ့ လောကုတ္တရာ နိဗ္ဗာန် ချမ်းသာဟာ၊ လောကချမ်းသာထဲမှာ ဘယ်ချမ်းသာနဲ့မှ တူတယ်လို့ မဆိုနိုင်ပေးဘူး၊ နိဗ္ဗာန်နဲ့တူတဲ့ ချမ်းသာဟာ လောကမှာ မရှိဘူးလို့ မှတ်ပေါ့လို့ ဖြေကြားတော် မူလိုက်တယ်။

ဥပမာဆိုရင် လောကထဲမှာရှိတဲ့ ချမ်းသာဟာ သရက်သီးပုပ်နဲ့တူ တယ်၊ သရက်သီးပုပ်ဆိုရင်နဲနဲပုပ်ပုပ် တခြမ်းပဲပုပ်ပုပ် သရက်ပုပ်လို့ ခေါ်ရတာပဲ အပြစ်အနာအဆာကင်းရင် သရက်ကောင်း အနာအဆာမကင်း ရင်သရက်သီးပုပ်လို့ ခေါ်ရသလို၊ လောက ချမ်းသာဆိုတာလည်း အပြစ် အနာ မကင်းတော့ ချမ်းသာစစ် ချမ်းသာကောင်းလို့ မခေါ်ဆိုနိုင်ဘူး။

ဖြစ်ပြီး ပျက်နေတဲ့ လောကထဲမှာ ချမ်းသာစစ်ဆိုတာ ဘယ်မှာ ရနိုင်ပါ့မလည်း ဖြစ်ပျက်လောကထဲမှာ ချမ်းသာစစ်မရနိုင်ဘူး။

နောက်တဖန် ရှင်နာဂသိန်က နိဗ္ဗာန်ကို မီးဝိုင်းခံရသူ ဥပမာနဲ့ နှိုင်းယှဉ်ပြပြန်တယ်၊ ဒကာတော်မင်းကြီး ဥပမာအားဖြင့် ပတ်ဝန်းကျင် အရပ်လေးမျက်နှာက လှည့်ပတ်ဝိုင်းရံပြီး လောင်မြိုက်လာတဲ့ မီးပုံကြီး ဆိုပါတော့၊ အဲဒီမီးပုံကြီးအလယ်မှာ လူတစ်ယောက်ဟာ မီးပတ်ချာ ဝိုင်းမိရက်သား ဖြစ်နေတယ် မကြာခင်အတွင်း မီးခိုးတွေ မီးအရှိန်အဝါ တွေဟာ ကိုယ်ကို အပူဟပ်လာပြီး ပူလွန်လွန်းလို့ အခံရအတော်ကြပ်နေ လေပြီ၊ ဒီအခါမှာ အဲဒီလူဟာ ဘယ်နည်းနှင့်များ လွတ်ကင်းနိုင်ပါ့မလည်း ဆိုပြီး အပူတပြင်း ထွက်ပေါက်ရှာကြံမယ်။ လွတ်မြောက်နိုင်ရေးအတွက် တစ်အား အားထုတ်တော့မယ်။

အဲဒီလို ဘေးဆိုးကြီးတွေနဲ့ ရင်ဆိုင်ရတော့ ယောကျ်ားတို့ စွမ်းပကားနဲ့ ကြောက်အားကြီးပြီး တစ်အားကြီးကြိုးစားလိုက်တော့ ကံအားလျော်စွာ

မီးပုံကြီးအတွင်းက လွတ်မြောက်သွားရတယ်၊ အဲဒီ မီးလောင်ခံရတော့မဲ့ ဆဲဆဲဘေးက လွတ်မြောက်သွားတဲ့ ယောကျ်ားဟာ ဘယ်လောက်များ ဝမ်းမြောက်မလည်း ဘယ်လောက်များ စိတ်ချမ်းသာသွားမှာယ်ဆိုဒါ စဉ်းစားကြည့်ကြ၊ အတိုင်းအဆကို မမြင်နိုင်ဘူး။

မင်းကြီး ဒီဥပမာကဲ့သို့ပဲ၊ နိဗ္ဗာန်ချမ်းသာဆိုဒါ နှိုင်းယှဉ်စရာ မရှိပေဘူး၊ မီးဘေးက လွတ်မြောက်ရတဲ့ စိတ်ချမ်းသာမှု မျိုးထက် အဆအရာ–ထောင်မက ငြိမ်းအေးချမ်းသာတဲ့ သဘောရှိပေတယ်လို့ မိန့်ဆို ဖြေကြား တော်မူတယ်။

ဒီနေရာမှာ ဒကာတို့သိဘို့က“ခန္ဓာငါးပါး”ဆိုတာ မီးလောင်စာနဲ့ မီးတွေဘဲလို့ သိထားကြရမယ်၊ ခန္ဓာဟာ လောင်စာနဲ့မီး၊ မီးနဲ့လောင်စာ တွဲရက်ကြီးအမြဲနေဒါဘဲ၊ ခန္ဓာမှာ ဉာဏ်နဲ့ရှာရင် မီးနဲ့လောင်စာမှတစ်ပါး၊ တစ်ခြားဘာမှမတွေ့ရပါဘူး။

ဒါကြောင့်မို့ ဒကာတို့ကို စိတ္တာနုပဿနာရှုကြလို့ တိုက်တွန်းရတယ်၊ ရှုရင် ခန္ဓာဖြစ်ပျက်မြင်ရမယ်၊ ဖြစ်ပျက်မြင်ရင် မီးဝိုင်းမှန်းသိပြီ၊ မီးမှန်းသိလို့ မီးကိုမုန်းရင် “နိဗ္ဗိန္ဒဉာဏ်ရဒါဘဲ၊ မီးမုန်းတော့ ထွက်လမ်းရှာ၊ ရှာတော့ ထွက်လမ်းဟာမဂ်ပဲ၊ မဂ်လမ်းစဉ်နဲ့ ထွက်တော့ မီးဘေးက လွတ်မြောက်တဲ့ ဥပမာဟာ“နိဗ္ဗာန်”ပါပဲ။

ဒို့ဒကာတွေဟာ ပထမဦးဆုံးအနေနဲ့ မီးမှန်းသိဘို့ လိုတယ်၊ မီးဝိုင်းတာကို ဝိုင်းမှန်းသိမှ အရှုးပျောက်မယ် ဝိုင်းမှန်းမသိရင် အရှုးပဲ၊ ဘာကြောင့်လည်းဆိုတော့ မီးကိုမီးမှန်းမသိ၊ ရွှေတောင်များထင်လို့ ဝင်ပြီးတိုးမိ၊ ဝင်တိုးမိတော့ လောင်လိုက်တာပေါ့၊ ဒါကြောင့်“ပိုးဖလံမျိုး”လို့ ဘဲလို့ဆိုရဒါ၊ တိုးပြန်ရင် ကိုယ်ကျိုးနဲပြန်ရောပဲ။

ခန္ဓာမှာ လောင်စာနဲ့ မီးဘဲရှိတယ်၊ ဒါကိုသိမှ က[illegible]ာပုထုဇဉ် ခေါ်နိုင်တယ်၊ ဒါမသိသေးရင် “ဥမ္မတ္တက” အရူးဘဲရှိသေးတယ်မှတ်–

ဒီတော့ အရှုးမဖြစ်ချင်ရင် အားထုတ်ကြ၊ အားထုတ်ရင် ခန္ဓာရုပ်နာမ် ဖြစ်ပျက်ကို မြင်ရမယ်၊ ဖြစ်ပျက်မြင်ရင် မီးဝိုင်းမှန်းသိပြီ၊ မီးဝိုင်းမှန်း သိလာတော့ လွတ်ရာ လွတ်ကြောင်း လမ်းကောင်းရှာမယ်၊ လွတ်လမ်းရှာလို့ တွေ့တာငြိမ်းတာပေါ့၊ အဲဒါ နိဗ္ဗာန်တွေ့တာပဲ၊ ကဲကြိုးစားအားထုတ်ကြ။

❖ ❖ ❖ ❖ ❖ ❖

# "ပင့်ကူပမာတရားရှာတရားတော်"

## ဉာဏ်သုံးဆင့်အမြင်

(၁) **ရုပ်နာမ်ဖြစ်ပျက်မြင်လျှင်ယထာဘူတဉာဏ်။** (ဟုတ်တိုင်းမှန်စွာသိတတ်သည်။)

(၂) **ရုပ်နာဖြစ်ပျက်မုန်းလျှင်နိဗ္ဗိန္ဒိဉာဏ်။** (ခန္ဓာငြီးငွေ့မုန်းသည်)

(၃) **ရုပ်နာမ်ဖြစ်ပျက်ဆုံးလျှင် မဂ်ဉာဏ်။** (မလိုချင်ကိလေသာပြတ်သည်)

## ကွာခြားပုံ

ယထာဘူတဉာဏ်၊ နိဗ္ဗိန္ဒဉာဏ် နှစ်ပါးက ဖြစ်ပျက်မြင်သည်။ မဂ်ဉာဏ်က မဖြစ်မပျက်မြင်သည်။

## ဆောင်ပုဒ်

ပင့်ကူပမာ၊ ကျင့်သုံးရာ၊ ပဋ္ဌာမိလိန္ဒ။
အလယ်ချက်တိုင်၊ လှုပ်ကြိုးကိုင်၊ လျှင်နိုင်ဖမ်းအုပ်ရ၊
ကြိုးမလှုပ်လျှင်၊ လယ်ချက်တွင်၊ မြဲပင်ပြန်ထိုင်ချ။

ဒကာဒကာမတို့ ဝိပဿနာအလုပ်လုပ်မှ အေးကွက်ရကြမှာပဲ၊ ဒီအလုပ် လုပ်ပြီးရင် အအေးအမြတ်ဆုံးဖြစ်တဲ့ ဒုက္ခချုပ်ရာ"နိဗ္ဗာန်"ကို ရမယ်ဆိုတာ မှတ်ကြ၊ ငါသေရင် ဘယ်သွားရအုံးမလည်း ဆိုတာ စဉ်းစားစရာ မလိုတော့ ဘူး၊ ဘယ်ရောက်မှာ ပါလိမ့်မတုံးလို့ မတွေးနဲ့တော့၊ ဒီအခုပြောတဲ့ စကားဟာ ဒကာတို့ ကိုယ်တိုင်ရတော့ ကိုယ်တိုင်ဆုံးဖြတ်နိုင်ကြပါလိမ့်မယ်၊ ဘယ်သူကမှ ပြောစရာမလိုဘူး။

၁။ ယထာဘူတဉာဏ်

၂။ နိဗ္ဗိန္ဒာဉာဏ်၊ ဒီနှစ်ဉာဏ်ကဝိပဿနာဉာဏ်၊

၃။ သုံးနံပါတ်က မဂ်ဉာဏ်ဘဲ၊ အေးကွက်ရဘို့ ကိုယ်ပိုင် ဆုံးဖြတ်နိုင်ဘို့ ဒီဉာဏ်သုံးဆင့်နဲ့တက်ရမှာ ခန္ဓာငါးပါးထဲက တပါးပါးမှာ ဖြစ်ပျက်နေတဲ့ သဘောကို ကျကျနနမြင်အောင် ပထမကြည့် ဒုတိယ ခန္ဓာဖြစ်ပျက်ကိုဘဲ မုန်းလာအောင် ကြည့်၊ မုန်းလာ တော့ တချက်ချက်မှာ ဆုံးသွားပါရော၊ အဲဒီ ဆုံးသွားဒါဟာ မဂ်ဉာဏ် ဝင်လာဒါဘဲ။

ကြည့်တဲ့အခါမှာ အစဉ်အတိုင်းကြည့်ရမှာ၊ ယထာဘူတဉာဏ် မရသေးဘဲ မရင့်သေးဘဲ နိဗ္ဗိန္ဒဉာဏ် ကူးလို့မရဘူး၊ နိဗ္ဗိန္ဒဉာဏ် မရသေး ဘဲနဲ့လည်း မဂ်ဉာဏ် မကူးနိုင်ဘူးဆိုဒါ တထစ်ချမှတ်ထားကြ၊ ဒီလို သဘောမှန်၊ လမ်းမှန်အတိုင်း လုပ်သွားရင် ခုနစ်ရက်နဲ့တောင် ရနိုင်ပါတယ်၊ ရမှရပါ့မလားဆိုတဲ့ ဝိစိကိစ္ဆာ ဘယ်တော့မှမလာစေနဲ့၊ ကိုယ့်အညွှန့် ကိုယ်သံသယရှိပြီး မချိုးလိုက်ကြနဲ့။

သတိပဋ္ဌာန်ပါဠိတော်မှာ ဘုရားရှင်ဟောထားတာ ထင်ရှားရှိပါ တယ်။

ယောတိ ကောစိ ဘိက္ခဝေ ဣမေစတ္တာရော သတိပဋ္ဌာန
ဧဝံ ဘာဝေယျ သတ္တာဟံ တ သဿဒ္ဒိန္နံ ဖလာနံ အညတရံ
ဖလံပါဋိကင်္ခ ဒိဋ္ဌေဝ ဓမ္မော အညာ

လူဖြစ်ဖြစ် ရဟန်းဖြစ်ဖြစ် ဘယ်သူဘဲဖြစ်ဖြစ် "ဒီသတိပဋ္ဌာန် လေးပါးကို ကျကျနနပွားရင် အခုမျက်မှောက်တွင်ဘဲ ခုနစ်ရက်နဲ့ အရဟတ္တဖိုလ်ကို ရနိုင်တယ်"လို့ ဆိုလိုရင်း ဖြစ်တယ်။

ဘုန်းကြီးကတော့ စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ပိုပြီးအားရတယ်၊ ဒါကြောင့်လည်း စိတ္တာနုပဿနာကို အဓိကထားပြီး ဟောပြနေတာပဲ၊ ဘာဖြစ်လို့လည်းဆိုတော့ သက္ကာယဒိဋ္ဌိ သဘောဟာ စိတ်မှာသာဖြစ်လေ့ ရှိတယ်၊ ဒီတော့ ပထမဆုံး သက္ကာယဒိဋ္ဌိကို ပယ်သတ်နိုင်ဘို့ရာ စိတ်ကိုရှုရ

**မှာပဲ၊ ဒို့ဒကာတွေ သောတာပန် အမြန်တည်ချင်ရင် စိတ္တာနုပဿနာကို ရှုကြရမယ်၊ သောတာပန် အမြန်တည်နိုင်တဲ့ နည်းဟာ စိတ္တာနုပဿနာဘဲလို့ မှတ်ကြ။**

**ဒီစကားဟာလည်း ကိုယ့်သဘောချည်း ပြောနေဒါ မဟုတ်ဘူး၊ ပေဋကောပဒေသ ပါဠိတော်နှင့် သမ္မော အဋ္ဌကထာ မှာ ဒီအတိုင်း ဟောထား တာရှိတယ်လို့မှတ်ကြ၊ ဒီတော့ "သောတာပန် အမြန်တည်တဲ့ နည်းဟာ စိတ္တာနုပဿနာပဲ" လို့ အရှင်ကစ္စာယနကလည်း ဟောတယ်၊ ဘုန်းကြီး ကလဲဟောတယ်လို့ မှတ်။**

စိတ်ကိုရှုတဲ့နည်းက၊ ပထမ တရားထိုင်တော့မယ်လို့ စိတ်ကူး လိုက်ရင်ဘဲ ရှေးဦးစွာ ထိုင်ချင်စိတ်ကလေး ပေါ်လာမယ်၊ အဲဒီလိုပေါ်လာတဲ့ ထိုင်ချင်စိတ်ကလေးကို အကဲခတ်လိုက်ပါ၊ "ထိုင်ချင်တယ်" ဆိုတာနဲ့ ကိုယ်သန္တာန်မှာ ထိုင်ချင်တဲ့ စိတ်ကလေးပေါ်လာပြီး တည်တံ့မနေဘူး၊ ဖြစ်လာပြီး ဖြုတ်ဆို ပျက်သွားဒါပါဘဲ၊ အကဲခတ်ရင် ဒါကို တွေ့ရမယ်။

**ကိုယ့်သန္တာန်မှာ ပေါ်လာတဲ့ ထိုင်ချင်တဲ့ စိတ်ကလေးဟာ ထိုင်လည်း ပြီးရော မရှိတော့ဘူး ဒါကို ဉာဏ်နဲ့ မြင်အောင်ကြည့်၊ ကြည့်တော့ဒီထိုင် ချင်စိတ်ကလေး မရှိတော့ဘူးလို့ သိတယ်၊ ဒီလိုသိတာ "ယထာဘူတ" ဉာဏ်ဘဲ၊ ဒီဉာဏ်က စိတ်ကလေးဖြစ်ပြီး ပျက်သွားတာကို သိတယ်၊** မရှိတာက အနိစ္စ၊ သိတာက မဂ္ဂ၊ ဒါကြောင့် "ဝိပဿနာအစ ထိုင်ချင် တဲ့ စိတ်က" လို့မှတ်ထားလိုက်ကြ။

ဖြစ်ပြီးပျက်သွားတာ မိအောင်ရှုဘို့ အရေးကြီးတယ်၊ ထိုင်ချင်တဲ့ စိတ်ကောင်းမကောင်း မတွေးတော့နဲ့၊ ကောင်းမကောင်းတွေးရင် လောဘ၊ ဒေါသတခုခု ဖြစ်မယ်၊ ထိုင်ချင်တဲ့စိတ် ဖြစ်ပျက်တွေ့ရင် ဝိပဿနာဖြစ်မယ်။ ဖြစ်ပျက်အရှိကို တွေးတော့ ဖြစ်ပျက်ကို သိတယ်၊ ဒီလိုဖြစ်ပျက်ကိုသိမှ ယထာဘူတဉာဏ်ရ ဒါဘဲ။

ဘာမှမပေါ်ရင် ရှုစိတ်၊ ရှိုက်စိတ်ကိုရှု၊ လေကို ရှုထုတ်တော့ "ရှုစိတ်" ရှိုက်သွင်းတော့ "ရှိုက်စိတ်"သူက အဖြစ်အပျက်ကို တလှည့်စီ ပြနေတာ၊ ရှုစိတ်ဖြစ်ပျက် ရှိုက်စိတ်ဖြစ်ပျက်၊ ထွက်သိစိတ်ဖြစ်ပျက်၊ ဝင်သိစိတ်ဖြစ်ပျက်၊ ကိုယ်ဉာဏ်မှာ သဘောပါသလို ဉာဏ်ထက်သလို တစ်ခုခုကိုရှု၊ ဖြစ်ပြီး ပျက်သွားတာကို မိအောင်ရှုဘို့ အရေးကြီးတယ်၊ များများမိရင် မြန်မြန်တက်မယ် အမိနည်းရင် အတက်နှေးမယ်၊ ရှုစိတ်ကြားမှာ ကိလေသာခြားရင် ကြာနေမှာပဲ၊ ကိလေသာမခြားအောင် ကြိုးစားကြ၊ အချိန်က သိပ်မရတော့ဘူး။

**ရှုစရာမရှိဘူး အားတယ်ဆိုရင် အတော်ဆိုး၀ါးသွားမယ်၊ အဝိဇ္ဇာဝင်လာမယ်၊ အဝိဇ္ဇာက အဆင်သင့် အမြဲစောင့်နေဒါ မအားကြစေနဲ့၊ အဝိဇ္ဇာဝင်တာနဲ့ ပဋိစ္စသမုပ္ပါဒ် အစကနေပြီး အညွှံခံလိုက်ရတော့မယ် ရှင်းကြပြီလား။**

ထိုင်နေတဲ့အခါ ရှုစိတ်၊ ရှိုက်စိတ်ကလေးဟာ တစ်ခါတရံ အလွန်နူးညံ့သွားတတ်တယ်၊ နူးညံ့တော့ ရှုလို့မကောင်းတတ်ဘူး၊ မကောင်းပေမဲ့ အသိကလေးကတော့ ရှိနေမှာပဲ၊ ရှိနေရင် အဲဒီအသိစိတ်ကလေးကိုပဲရှု၊ "အို-ရှုလို့ အာရုံမရပါဘူး" ဆိုရင် ဘေးကပေါ်တာ ထင်ရှားတာကို ဖမ်းရှု၊ ဘေးက အသံတစ်ခုခု ကြားလာမယ်၊ ကြားရင်ကြားစိတ်ပေါ်မယ်၊ ဒီကြားစိတ်ကလေး ဖြစ်ပျက်ကိုရှု၊ နံ့စိတ်ပေါ်ရင် ဖြစ်ပျက်ရှု၊ ဘာစိတ်ပေါ်ပေါ်လိုက်ရှု၊ ဘေးအာရုံမပေါ်လာပြန်တော့ ထွက်သိစိတ်၊ ဝင်သိစိတ် ဖြစ်ပျက် ပြန်ထိုင်၊ ရှုစိတ်၊ ရှိုက်စိတ် ဖြစ်ပျက်ပြန်ထိုင်။

ဘာစိတ်ပေါ်ပေါ် ပေါ်ချင်တာ ပေါ်သူကအနတ္တပဲ၊ ပေါ်ချင်တာ ပေါ်မှာဘဲ၊ ပေါ်တဲ့အခါမှာသာ ဉာဏ်နဲ့မိအောင်ရှုဘို့ လိုတယ်၊ ပေါ်သမျှစိတ် ဖြစ်ပျက်ရှုကြ၊ မိမိဉာဏ်မှာ ထင်ရှားရာ ပေါ်လွင်ရာကို ကြည့်လိုက်ရမယ်။

တစ်နေ့သောအခါမှာ မိလိန္ဒမင်းကြီးက အရှင်နာဂသိန်မထေရ်ကို မေးမြန်းလျှောက်ထားတယ်တဲ့။

"အရှင်ဘုရား၊ အဘယ်မျှလောက်သော အင်္ဂါရပ်နဲ့ပြည့်စုံမှ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပါသလဲ" ဒီတော့ အရှင်နာဂသိန်က "မင်းကြီး၊ ပင့်ကူရဲ့ အင်္ဂါရပ်တပါးနဲ့ ပြည့်စုံရင်လည်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပါတယ်"လို့ ဖြေကြားတော်မူတယ်။

အဓိပ္ပါယ်က---ဝိပဿနာယောဂီပုဂ္ဂိုလ်ဟာ ပင့်ကူများလို ကျင့်သုံးရမယ်လို့ ဆိုလိုတယ်၊ ပင့်ကူများဟာ ချက်ကျတဲ့နေရာမှာ ဒွါရက အမြှင်ကလေးတွေ ထုတ်ပြီး ကွန်ရက်အဝိုင်းကြီး လုပ်ထားကြတယ်၊ နောက် ကွန်ရက်ဝိုင်း အလယ်ချက်ကနေ စောင့်တယ်၊ တောင်ဘက်ကြိုးကလှုပ်တော့ တောင်ဘက်လိုက်သွားလိုက်၊ မိတဲ့ပိုးမွှား အကောင်ဖမ်းစားပြီး အလယ်ချက်ကနေ စောင့်တယ်၊ မြောက်ဘက်ကြိုးက လှုပ်တော့ မြောက်ဘက်လိုက်သွားလိုက်၊ မိတဲ့ ခြင်ကောင်၊ ယင်ကောင် ပိုးမွှားများ စားသောက်ပြီး အလယ်ချက်ပြန်ထိုင်လိုက်၊ ဒီအတိုင်းလှုပ်သမျှ ကြိုးဘက်လိုက်လိုက်ပြီး အလယ်ချက်ပြန်ထိုင်လိုက်နဲ့ နေထိုင် ကျင့်သုံးတတ်တဲ့ အလေ့ရှိတယ်။

ဒီဥပမာလိုပဲ"တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဒွါရခြောက်ခုမှာ သတိပဋ္ဌာန်ဆိုတဲ့ ကွန်ရက်ကြိုး ခြောက်ကြိုးထားရမယ်၊" အဲဒီ ဒွါရ ခြောက်ကြိုးမှာ ငြိကပ်လာတဲ့ "ခြောက်အာရုံ ကိလေသာ ခြင်ကောင်၊ ယင်ကောင် တွေကို မိအောင်ပညာနဲ့ လိုက်သတ်ရမယ်၊ ဒီလိုမလွတ်အောင် သတ်နိုင်ခဲ့ရင် မကြာခင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပါတယ်"လို့ ဆိုလိုရင်းဖြစ်တယ်။

ဒါကြောင့် ဘေးက ပေါ်လာသမျှ အာရုံစိတ်တွေကို မလွတ်စေရအောင် ဖြစ်ပျက် ရှုပေးရမယ်၊ မနောဒွါရမှာ အမြဲတိုင်း ပေါ်လာတဲ့

ပဋ္ဌာနရမှာ လိုက်ရှု၊ ပဋ္ဌာဒါရချုပ်နေတဲ့အခါ အလယ်ချက်မနော‌ဒွါရမှာ ပြန်ထိုင် အဿာသ ပဿာသ ရှုစိတ်၊ ရှိုက်စိတ် ဖြစ်ပျက်ရှု၊ ဒီနည်း အတိုင်း ခန္ဓာမှာ မပြတ်အောင် မလပ်အောင် ရှုပေးကြရမယ်။

ဒီလို အရှုအမှတ် များလာတော့ကြာရင် **"ခန္ဓာမှာ ဖြစ်သမျှစိတ် တွေဟာ ခိုင်တာ မြဲတာရယ်လို့ ရှာမရဘူး၊ ဖြစ်ပြီးပျက်တာပဲ ရှိပါကလား၊ ငါ့စိတ်လို့ထင်နေဒါဟာ ဘာမျှမဟုတ်ပါလား အလကားပါပဲလား၊ ငါ့စိတ်ဆိုဒါ မရှိပဲပါလား"** လို့ အဟုတ်အမှန်ကို ကိုယ်ပိုင်ဉာဏ်နဲ့ မြင်လာတယ်၊ ဒီတခါမှာ ကိုယ်တိုင် ဆုံးဖြတ်ချက် ချနိုင်မယ်၊ ဘယ်သူကမှ ပြောပြနေစရာ မလိုတော့ဘူး၊ ယထာဘူတဆိုတဲ့ ဟုတ်တိုင်းမှန်စွာ မြင်သိလာတဲ့ ဉာဏ်ရပါပြီ၊ ရှင်းကြပြီလား။

ဒီနည်းလမ်းနဲ့ ဥပမာကို အရှင်နာဂသိန်မထေရ်ကလည်း ဟောတယ် အရှင်အနုရုဒ္ဓါမထေရ်ကလည်း ဒီအတိုင်းဟောတော်မူခဲ့တယ်လို့ မှတ်ထား ကြ။

အဲဒီစကားက

စတ္တံနိယမေ ဆသုဒ္ဒါရေသု၊ သတိပဋ္ဌာန ဝရတ္တမေ၊
ကိလေသာတတ္ထလဂ္ဂါဝေ၊ ဟန္တဗ္ဗာတေ ဝိပဿနာ။

ယောဂီသူမြတ်သည် အာရုံလပ်လျှားခြောက်တံခါးတို့၌ စိတ်အမှတ် ရှိမှုဖြင့်စောင့်ရှောက်ခြင်းပြုရာ၏ ထိုဒွါရခြောက်ပါးခြောက်တံခါးတို့မှာ ကိလေသာတရား ငြိကပ်လာငြား ဝိပဿနာ ယောဂီသည် မြတ်သော သတိပဋ္ဌာန်လေးပါး တံခါးကွန်ရက်ကို ပြုကာ ထိုငြိလာသည့် ကိလေသာ တို့ကို သတ်ဖြတ်အပ်သတည်း။

ဒါကြောင့် **ထွက်လေ ဝင်လေစိတ်မှာ အမြဲထိုင်ထား မျက်စိက လှုပ် မျက်စိလိုက် လိုက်ပြီး အလယ်ပြန်ထိုင်၊ နားကကြားရင် ကြားရာကို ဉာဏ်နဲ့ ဖြစ်ပျက်လိုက်၊ ဒီနည်းအတိုင်း ဒွါရခြောက်ပါးမှာ ပေါ်လာသမျှ**

**စိတ်ကို ဖြစ်ပျက်လိုက်ရှု၊ ပြီးရင် အလယ်ချက် ထွက်သိ ဝင်သိ ဖြစ်ပျက် ပြန်ထိုင်၊ အဲဒါစိတ္တာနုပဿနာပဲ။**

ခန္ဓာအတွင်း စူးစိုက်ရှုတဲ့အခါ ဖြစ်ပျက်ကို တွေ့စေရမယ်၊ အာရုံ ခြောက်ပါးပေါ်ရာ သိစိတ်ဖြစ်ပျက်လိုက်ရှု ဖြစ်ပျက်သာ တွေ့စေရမယ်၊ မြင်လို့ကောင်းတယ်၊ ကြားလို့ ကောင်းတယ် ဆိုတာ မလိုက်တော့ တဏှာ မဖြစ်တော့ဘူး၊ တဏှာအလိုလိုသေတယ်၊ မြင်စိတ် ကြားစိတ် ဖြစ်ပျက်ရှုတော့ ဝိပဿနာဖြစ်တာပေါ့။

ဒီယထာဘူတဉာဏ်ရလို့ ရင့်သန်လာရင် နိဗ္ဗိန္ဒာဉာဏ်ကို ရလာမယ်၊ နိဗ္ဗိန္ဒာဉာဏ်ကို ဘုန်းကြီးက တက်ပေးမည်ဆိုလို့လည်း မရ၊ ဒကာတို့ တက်ပါမယ် ဆိုလို့လည်းမရပါဘူး၊ သူ့ဉာဏ်ရဲ့ သဘာဝအတိုင်း အလုပ်လုပ်သလောက် တက်နိုင်မယ်၊ ဒကာတို့ သဒ္ဓါဝိရိယပညာ အားလျော်စွာ အနှေးအမြန်တက် မယ်ဆိုတာမှတ်၊ ရှုမှတ်တဲ့ လုံ့လအား ဉာဏ်အား အလျောက် ဖြစ်ပေါ်လာမယ်။

ယထာဘူထဉာဏ် အမြင်များရင် နိဗ္ဗိန္ဒာဉာဏ် တက်နိုင်တယ်၊ ဖြစ်ပျက်ကို အတော်စိပ်စိပ်တွေ့လာရင် နိဗ္ဗိန္ဒာဉာဏ်ဖြစ်တော့ဒါပဲ၊ ဥပမာ ကိုယ့်အိမ်ရှေ့က ဖြတ်ဖြတ်ပြီးမသာတွေ အလောင်းတွေ တစ်လောင်း ပြီးတစ်လောင်း သင်္ဂြိုလ်၊ သင်္ဂြိုလ်သွားတာ မြင်နေရတယ် ဆိုပါတော့၊ တစ်လောင်းပြီး တစ်လောင်း ဆက်တိုက်ကြီး မြင်နေရဖန်များတော့ စိတ်ထဲမှာ ရွံမုန်း စက်ဆုပ်လာပြီး မကြည့်ချင် မမြင်ချင်တော့ဘူး။

ပထမ မြင်ခါစတော့ ဘယ်လိုပါလိမ့်ဆိုပြီး ပြူတင်းပေါက်က ထွက်ရပ်ပြီး ကြည့်နေမိတယ်၊ မြင်ရဖန်များလာတော့ မကြည့်ချင် လောက်အောင် မုန်းတီး စက်ဆုပ်လာတော့တယ်၊ ဒီသဘော ဒီဥပမာ လိုပါပဲ၊ ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်တွေချည့် အမြင်များလာတော့ ရွံမုန်းငြီးငွေ့လာရတော့တယ်၊ ငြီးငွေ့ ရွံမုန်းဆိုပေမဲ့၊ ဒေါသမျိုးတော့

မဟုတ်ဘူးလို့ မှတ်ရမယ်၊ ဖြစ်ပျက်အမြင်စိပ် လာမှ တက်လာမှ ဒီဉာဏ်ပေါ်ပြီးလို့မှတ်။

**ဖြစ်ပျက်ကျဲကျဲမြင်ရင် ယထာဘူတ၊ စိပ်စိပ်မြင်ရင် နိဗ္ဗိန္ဒာဘဲ၊ ယထာဘူတဉာဏ်ကကျေးဇူးပြုလို့ ဖြစ်ပျက်စိပ်၊ ဖြစ်ပျက်စိပ်ဘာနဲ့ အာရုံက နိဗ္ဗိန္ဒာဉာဏ် ပေါ်လာရော၊ ရှင်းကြပြီလား။**

မသာချဒါကြည့်မှ ရွံ့မုန်းမှာ၊ မကြည့်ရင်မမုန်းဘူး၊ ဒီတော့ကိုယ်မသာ ကိုယ်ကြည့်ကြ၊ "ကိုယ်ခန္ဓာမှာ အမြဲမပြတ် ဖြစ်ပြီးပျက်၊ ဖွားပြီးသေ နေတဲ့ ရုပ်မသာ၊ နာမ်မသာတွေကို ဂရုစိုက်ကြည့်ကြ"၊ ကြည့်ဖန်များလာ တော့ မသာတွေဟာ ကြည့်လို့ မဆုံးနိုင်အောင် မြင်ရလိမ့်မယ်၊ အဲဒီအခါ မှာ အော်-- ဒုက္ခ ပါပဲ မသာတွေဟာ ကြည့်လို့ မဆုံးနိုင်ပါလား ဆိုပြီး များများ မြင်ရလေလေ ရွံ့မုန်းလေလေ ဖြစ်လေရော၊ အဲဒီလိုမြင်လာရင် ဒီနေရာမှာ မနေချင်တော့ဘူး၊ ဒီအဖြစ်မျိုးလည်း မကြုံမတွေ့ချင်တော့ပါဘူး။

**ဖြစ်ပျက်ကြည့်ပါများလေ အမြင်ကစိပ်လာလေ ရွံ့မုန်းလေ၊ ဖြစ်ပျက်ကို ထပ်တလဲလဲကြည့်လေ စိပ်သထက်စိပ်၊ မုန်းသထက်မုန်း၊ ကြာတော့ ဒီအဖြစ် မဖြစ်ချင် ဒီခန္ဓာမလိုချင် ဒီခန္ဓာက လွတ်ချင်လာပြီ၊ လွတ်ရာကို ရှာပြီ၊ ဒီလို ဖြစ်ပျက် ကြာကြာရှုတော့ မလိုချင် လွတ်ချင် ရာက မဖြစ်ရာ မပျက်ရာဘက်ကို ပြေးဝင်သွားတော့တယ်၊ မဖြစ်ရာ မပျက်ရာကို မြင်ဒါဟာ "နိဗ္ဗာန်ကို မဂ်ကမြင်ဒါပါပဲ"။**

ဝိပဿနာက၊ သင်္ခါရတရားသင်္ခတကိုအာရုံပြုတယ်
မဂ်ဉာဏ်က၊ အသင်္ခတကို အာရုံပြုတယ်။

ယထာဘူတဉာဏ် နိဗ္ဗိန္ဒာဉာဏ် နှစ်ပါးက ဝိပဿနာသမ္မာဒိဋ္ဌိ အမြင်၊ ပုထုဇဉ်အမြင်၊ သင်္ခတအမြင်ပဲ
မဂ်ဉာဏ်က၊ မဂ်သမ္မာဒိဋ္ဌိအမြင်၊ အရိယာအမြင် အသင်္ခတအမြင်

(၁) ဖြစ်ပျက်ပွားလို့ ဖြစ်ပျက် မြင်ရင် ယထာဘူတဉာဏ်။

(၂) ဖြစ်ပျက်ပွားလို့ ဖြစ်ပျက် မုန်းချင် နိဗ္ဗိန္ဒဉာဏ်။
(၃) ဖြစ်ပျက်ပွားလို့ ဖြစ်ပျက် ဆုံးရင် မဂ်ဉာဏ်။
(၁) ယထာဘူတဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်နှစ်ပါးအမြင်က -- ဖြစ်ပျက်
(၂) မဂ်ဉာဏ် အမြင်က မဖြစ်မပျက်လို့ မှတ်။

မဂ်ဉာဏ်က အေးငြိမ်းတာကို မြင်တယ်၊ နိဗ္ဗာန်မြင်ရင် ဝမ်းထဲ ကသက်သက် အေးဒါပဲ၊ ရေအလုံးပေါင်း(၁၀၀၀)တထောင်နဲ့ အလောင်း ခံရ သလောက်မကအောင်ပဲ အေးချမ်းပါတယ်။

တရားက "ဧဟိပဿိကောတဲ့" ကယ်တင်ဘို့ အဆင်သင့်ရှိပြီး အဆင့်သင့် စောင့်ပြီး နေဒါ၊ ဒကာတို့က ပူချင်ရာကြွတော့ တရားနားကို မကပ်ချင်ကြဘူး၊ ဒါလဲ အဟုတ်မသိကြသေးလို့သာပါ။ သိအောင်ညွှန်ပြတဲ့ ပုဂ္ဂိုလ်နဲ့ ကြုံကြိုက်တုန်း ကြိုးစားယူကြ၊ စိတ္တာနုပဿနာဟာ အကောင်း ဆုံးပဲ၊ သောတပန် မြန်မြန်တည်ချင်ရင် စိတ္တာနုပဿနာရှုကြ၊ ဒီစကားကို သတိပဋ္ဌာန် မှာဟောထားတယ်။

**မိမိခန္ဓာမှာဖြစ်ပေါ်တဲ့စိတ်ကို စောင့်ကြည့်၊ ကြည့်တော့ ဖြစ်ပြီး ပျက်၊ ဖြစ်ပြီးပျက်နဲ့ ဖြစ်ပြီးပျက်သွား ဒါတွေချည့်တွေ့ရမယ်၊ ဒီလိုနဲ့ကြာကြာ ကြည့်တော့ စိတ်မတွေ့ပဲ ဖြစ်တာရယ် ပျက်တာရယ်ဆိုတဲ့ ဖြစ်ပျက် ဒုက္ခကိုသာ တွေ့ရတော့တယ်။**

ကိုယ့်သန္တာန်မှာအိမ်ကို တွေးတဲ့ အတွေးစိတ်ကလေးတစ်ခု ပေါ်လာ တယ်ဆိုတော့ အိမ်တည်းဟူသော အကြောင်းကြောင့် တွေးစိတ်ပေါ်ရဒါ၊ အိမ်ဆိုတဲ့အကြောင်းက ကျေးဇူးပြုလို့ ပေါ်လာတဲ့ အိမ်တွေးစိတ် ဝိညာဏ က္ခန္ဓာကလေးပဲ၊ အဲဒီတော့ ဒီနေရာမှာ ဒီအတွေးစိတ်ကလေးဟာ ငါလား၊ ဝိညာဏက္ခန္ဓာလား၊ လို့ဉာဏ်နဲ့ ကြည့်လိုက်တော့ "ဝိညာဏက္ခန္ဓာ"သာ ဖြစ်တယ်၊ ငါမဟုတ်ပါလားလို့ သိမြင်လာမယ်၊ တွေးစိတ်ဟာ ခန္ဓာလေးပဲလို့ သိမြင်မယ်။

**စိတ်ကလေးတစ်ခု ပေါ်တိုင်း "ဝိညာဏက္ခန္ဓာ" ကလေးပဲ ဆိုဒါ အမြင်မှန် အမြင်သန်လာမယ်၊ ဒီလိုအမြင်မှန်လာရင် ဒိဋ္ဌိပြုတ်ပြီ။**

**မိမိသန္တာန်မှာ ဝိဉာဏ်ပေါ်တိုင်း ပေါ်တိုင်း မြင်အောင်ကြည့်ပေးကြ၊ ပေါ်လာတဲ့တရားလေးဟာ ပဋိစ္စသမုပ္ပါဒ်ဘဲ၊** ဒါကြောင့်ပဋိစ္စသမုပ္ပါဒ်အစလည်း မြင်အောင်ကြည့်ရမယ်၊ ပဋိစ္စသမုပ္ပါဒ်အဆုံးကို လည်းမြင်အောင် ကြည့်ရမည်ဆိုတာ မှတ်ထားကြ၊ အဓိပ္ပါယ်ကတော့ ပေါ်လာတဲ့ တရားလေး ကို ပေါ်လာတဲ့အစကိုလည်း သိအောင်လုပ်ရမယ်၊ ပေါ်လာပြီး ပျောက်ပျက် သွားတဲ့ အဆုံးကိုလည်း သိအောင်လုပ်ရမယ်၊ ရှင်းကြရဲ့လား။

လိုရင်းအချုပ်ကိုမှတ်ထားဖို့က တရားကလေးတွေ မိမိသန္တာန်မှာ ဖြစ်လာတာလည်း သိရမယ်၊ ပျက်သွားတာလည်း သိရမယ်၊ ရှင်းရှင်း ပြောရရင် ခမ္မလေးတွေရဲ့ ဖြစ်ပျက်ကို သိရမယ်၊ သိအောင်ဉာဏ်နဲ့ ကြည့်ပေးရမယ်ဆို တာမှတ်လိုက်ကြ၊ ဒကာ ဒကာမတို့ ဖြစ်ပျက်တစ်လုံး နိုင်ရင်အကုန်နိုင်တယ် ဆိုတာမှတ်လိုက်ကြ။

❖ ❖ ❖ ❖ ❖ ❖

## "အာသဝကုန်ရန်နည်းလမ်းမှန်တရားတော်"

**ဆောင်ပုဒ်**

ခန္ဓာငါးရပ်၊ ရှုဉာဏ်ကပ်၊ မပြတ်ရှုကြည့်ရာ။
အကြောင်းတိုက်က၊ ဖြစ်ပေါ်ရ၊ ခဏချုပ်ဆုံးရာ။
ဖြစ်ပျက်သိမြင်၊ ဉာဏ်ရလျှင်၊ မှန်မြင်ဇာနသာ။
အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သုံးဝပြီးပိုင်လာ။
ဖြစ်ပျက်မြင်ပိုင်၊ ဒုက္ခိပိုင်၊ ဖြတ်နိုင်ပဋိစ္စာ။
ဖြစ်ပျက်ဒုက္ခံ။ သိမြင်ဉာဏ်၊ မဂ္ဂမြတ်သစ္စာ။
အာသဝချုပ်၊ ဉာဏ်ဝိမုတ်၊ ကောင်းပဲ့တော်နိဗ္ဗုရာ။

ဒကာဒကာမတို့ အာသဝေါတရားကုန်ဘို့ရာ၊ အာသဝကုန်ရာ ဖြစ်တဲ့နိဗ္ဗာန်ကို ရောက်ဘို့ရာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက "ခန္ဓဝဂ္ဂ သံယုတ် ဝါဋိဇဋ္ဌသုတ်"မှာ–

"ဇာနာ တောဟံ ဘိက္ခဝေ ပဿတော အာသဝါနံခယံဝဒါမိ။
နော အဇာနာတော နော အပဿတော"။

"ဘိက္ခဝေ၊ သံသရာရေး၊ လာမည့်ဘေးကို၊ မြော်တွေး ကြောက်ကြား၊ အို– ချစ်သားတို့ ဇာနတော၊ ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်ကို သိသော သူအားသာလျှင်၊ ပဿတော၊ ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်ကိုမြင်သော သူသာလျှင် အာသဝါနံ၊ အာသဝေါတရားတို့၏ ခယံ၊ ကုန်ခြင်းကို (ဝါ) ကုန်ရာ နိဗ္ဗာန်ကို၊ လဒ္ဓေါတိ၊ ရအပ်၏ ဟူ၍ဘုရားရှင်သည် ဝဒါမိ၊ ဇကန်မြွက်ဘော် ဟောကြားတော်မူ၏။ ။ အဇာနတော၊ ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်ကို မသိသောသူအား၊ အာသဝါနံ၊ အာသဝေါတရားတို့၏ ခယံ ကုန်ခြင်းကို၊ လဒ္ဓေါတိ ရအပ်၏ဟူ၍ ဘုရားရှင်သည် နောဝဒါမိ ဟောတော်မမူ"

အဲဒီလိုဟောကြား မှာထားတော် မူခဲ့ပါတယ်၊ အဲဒီတော့ သိတဲ့သူ မြင်တဲ့သူဆိုရင် အာသဝကုန်မယ်၊ မသိမမြင်တဲ့သူဆိုရင် အာသဝမကုန်ဘူး ဆိုတဲ့အချက် မှတ်ကြရမယ်၊ သိမှမြင်မှ ကုန်မယ်ဆိုတော့ ဘယ်လိုသိမှ ဘယ်လိုမြင်မှ အာသဝကုန်မှာလည်းလို့ မေးစရာရှိတော့ **ခန္ဓာငါးပါး ရုပ်တရား၊ နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သိမှ၊ ဖြစ်ခြင်း ပျက်ခြင်း ကိုမြင်မှသာ အာသဝကုန်မယ်ဆိုတဲ့ အဓိပ္ပါယ်ကို မှတ်လိုက်ကြ။**

အာသဝေက

(၁) ကာမာသဝ၊
(၂) ဘဝါသဝ၊
(၃) ဒိဋ္ဌာသဝ၊
(၄) အဝိဇ္ဇာသဝ၊

အဲဒီလေးပါးပဲ၊ လေးပါးဆိုပေမဲ့ တရားကိုယ်အရင်း ကောက်လိုက်တော့ ကာမာသဝက လောဘ၊ ဘဝါသဝ ကလည်း လောဘပဲ၊ ဒိဋ္ဌာသဝက ဒိဋ္ဌိ အဝိဇ္ဇာသဝက မောဟ၊ ဒီသုံးခုပဲရပါတယ်၊ အချုပ်ကတော့ "လောဘ, ဒိဋ္ဌိ, မောဟ"ပဲ စာလိုသုံးရင် ခက်တယ်၊ ဒကာဒကာမတို့ **အာသဝဆိုတာ မောဟ လောဘ၊ ဒိဋ္ဌိသုံးခုပဲ မှတ်ထားကြ။**

ဒီသုံးခုထဲက မောဟကို မပယ်နိုင်ရင် ပဋိစ္စသမုပ္ပါဒ်အစက စပြီး အဆုံးထိအောင် လယ်သွားမယ်၊ ဒုက္ခအကုန်ပုံပြီး ဖြစ်တော့မယ်ဆိုတာ မှတ်လိုက်ကြ၊ မောဟဆိုဒါ၊ အဝိဇ္ဇာပဲ၊ အဝိဇ္ဇာဆိုတော့ သူဖြစ်လာလို့ ရှိရင် အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံဆိုပြီး သောကပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသကျအောင် ဒုက္ခအကုန်လုံး လိုက်လာမယ်၊ ရိပ်မိကြပြီလား။

လောဘဆိုရင် ပဋိစ္စသမုပ္ပါဒ်အလယ်က ဖောက်ပြီး အဆုံးထိ အောင်သွား၊ နောက်အစက ပြန်လယ်ပြန်တာပဲ၊ ကာမသဝ၊ ဘဝါသဝ

နှစ်ခုလုံးက လောဘ၊ တဏှာချည်းဘဲ၊ တဏှာဆိုတော့ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါန် ပစ္စယာကမ္မဘဝေါဆိုပြီး အဆုံးရောက်အောင်သွား၊ နောက်ဒေါသ၊ သောကဆိုတော့ အဝိဇ္ဇာက တစ်ခါပြန်ပြီး လှည့်ပြန်တာပဲ။

ဒိဋ္ဌာသဝက–ဒိဋ္ဌိ–ဒိဋ္ဌုပါဒါန်ဆိုတော့ သူကလည်း အလယ်က စပြီးအဆုံးကျအောင်သွား၊ နောက်အစကပဲပြန်ပြီး ပတ်အုံးဆိုတော့ ဝဲလှည့်သလို ရစ်ပတ်ပြီးလှည့်နေရတယ်၊ ဝဲလှည့်သလိုပဲ ဒုက္ခစက်ကြီး လှည့်နေရတယ်၊ ဒီတော့ ဒကာဒကာမတို့ ခန္ဓာအစဉ်မှာ ဒုက္ခစက်ဝဲကြီး အမြဲတမ်းလှည့်နေတယ်လို့ ဆိုရင် မမှားတော့ဘူး၊ ဒုက္ခစက်ဝဲကြီးလို့သာ မှတ်လိုက်ကြ။

ဒကာ ဒကာမတို့ သန္တာန်အစဉ် ခန္ဓာအစဉ်မှာ ဒီ အာသဝတရားတွေပဲ၊ အကြောင်းအကျိုးဆက်ပြီး ဝဲလှည့်သလို လှည့်နေတယ်၊ စက်ကြီးများ လယ်သလို လယ်နေရတယ်ဆိုတာ ဆုံးဖြတ်ချက်ချလိုက်ကြ၊ ဒီဟာဒုက္ခစက်ကြီးပဲ၊ ဒီအာသဝစက်ကြီး ဒုက္ခစက်ကြီးကို ရပ်သွားအောင်၊ ပြတ်သွားအောင် လုပ်ကြရလိမ့်မယ်၊ အာသဝစက် မပြတ်ရင် ဒုက္ခစက်လည်း ဘယ်တော့မှ ရပ်ခွင့်မရှိတော့ဘူး။

ဒါကြောင့် ဒကာ ဒကာမတွေ မိမိသန္တာန်မှာ ပဋိစ္စသမုပ္ပါဒ်တစ်ခု ပေါ်လာရင် ဖြစ်ပျက်ရှုရမယ်ဆိုတာ ကြိုတင်ပြီး မှတ်ထားလိုက်ကြပါ၊ ဖြစ်ပျက်တစ်လုံးကို ပိုင်ပိုင်နိုင်နိုင်ရှုနိုင်ရင် အာသဝလေးပါးလုံး အကုန်ချုပ်မယ်၊ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ အားလုံးပြုတ်မယ်၊ ဖြစ်ပျက်တစ်လုံးထဲကို ပိုင်ရင် ဒီလေးပါးလုံးအကုန် ချေမှုန်းနိုင်တယ် ဆိုတာမှတ်လိုက်ကြ။

ဖြစ်ပျက်တစ်လုံး ပိုင်အောင်လုပ်ဘို့အရေးဟာ ဒကာဒကာမတို့ အရေးပဲဆိုတာ ရိပ်မိကြပြီလား၊ ဖြစ်ပျက်တစ်လုံးကို သိဘို့ဆိုတော့ မခဲယဉ်းပါဘူး၊ ခန္ဓာထဲမှာ ဉာဏ်နဲ့ စိုက်ကြည့်ဖို့ပဲ၊ အဲဒီလို ဉာဏ်နဲ့

ကြည့်ရင်ဝေဒနာ တစ်ခုခုရင်လည်း တွေ့ချင်တွေ့မယ်၊ စိတ်တစ်မျိုးမျိုးကို တွေ့ချင်လည်းတွေ့မယ် ဘာတွေတွေ့တွေ့ တွေ့တဲ့တစ်ခုခုကို အကဲခတ်ပြီး ကြည့်လိုက်ရမယ်၊ အဲဒီလို ကြည့်လိုက်တဲ့အခါ ဒီဓမ္မကလေးဟာ ဖြစ်ပြီး ပျက်စီးသွားတာပဲရှိတယ်။

အဲဒီလိုပေါ်လာတဲ့ ဓမ္မကလေးတွေဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်နဲ့ အစဉ်အတိုင်း ဖြစ်ပျက်နေတာချည်း တွေ့မြင်ရမယ်၊ မိမိခန္ဓာမှာ ပေါ်လာတဲ့ ဓမ္မလေးတွေရဲ့ အဖြစ်နဲ့ အပျက်အစုကို တွေ့ရင်၊ ဒီအတိုင်းသာ ရှုးအောင် ဆက်လိုက်ရမယ်၊ ဖြစ်ပျက်ကိုပိုင်ပို့ အရေးကြီးတယ်ဆိုတာ မှတ်လိုက်ကြ။

အာသဝကုန်ရာ နိဗ္ဗာန်ရချင်ရင် မိမိခန္ဓာမှာ ဉာဏ်နဲ့သာ ကြည့်ပေးကြ၊ အဲဒီတော့ အာသဝပြတ်ဘို့ရာ ရုပ်နာမ်ဖြစ်ပျက်ကိုမြင်မှသာ ပြတ်မယ်၊ (ဥပမာ) – ကျောထဲက ယားတယ်လို့ဆိုတော့ ဒုက္ခဝေဒနာပဲ၊ ဒီယားတဲ့ ဝေဒနာလေးဘက်ကို ဉာဏ်နဲ့လှည့်ကြည့်လိုက်၊ ကြည့်လိုက်တော့၊ ယားတာဟာ ငါမဟုတ် သူမဟုတ်၊ ဝေဒနာကလေးပဲလို့ သိရတယ်၊ ဒီယားတဲ့ ဝေဒနာဟာလည်း ဉာဏ်နဲ့ သေသေချာချာကြည့်မဲဘာ့ ဝေဒနာကပေါ်တာနဲ့ ပျက်တာပြမယ်၊ အဲဒီလို ဝေဒနာပြတဲ့အတိုင်း ဉာဏ်ကမြင်ရင် ဖြစ်ပျက်ကိုမြင်တာပဲ။

အဲဒီလိုဉာဏ်နဲ့ ဖြစ်ပျက်ကို မြင်တော့ ဝေဒနာက္ခန္ဓာကလေး တစ်ခုရဲ့အနိစ္စ၊ အခြင်းအရာ ဒုက္ခသစ္စာလို့ မြင်ရတာပဲ၊ အဲဒီလိုမြင်ရင် "ဒုက္ခေဉာဏံ" ဘဲဆိုတာ မှတ်ကြတော့၊ ဒီဉာဏ်က ဒုက္ခသစ္စာကို မြင်တဲ့ဉာဏ်၊ ဖြစ်ပျက်ကို မြင်တဲ့ဉာဏ်ပဲ၊ ဒီဉာဏ်က အဝိဇ္ဇာကလေး ဖြစ်တာမို့ ပဋိစ္စသမုပ္ပါဒ်ကို အစကနေပြီး ဖြတ်ချလိုက်တာပဲ၊ ဝိဇ္ဇာလာလို့ အဝိဇ္ဇာချုပ်တော့ အစက ပြတ်သွားပါတယ်။

ဝေဒနာကလေးရဲ့ ဖြစ်ပျက်မှုက ဒုက္ခသစ္စာ၊ ဒီဖြစ်ပျက် ဒုက္ခသစ္စာ

ကိုဉာဏ်က မြင်တော့ "ဒုက္ခေ၊ ဝေဒနာဖြစ်ပျက်ဒုက္ခသစ္စာ၌ ဉာဏံ" သိမြင်သောဉာဏ်သည် ဟောတိဖြစ်၏။ ဒီဒုက္ခသစ္စာကို သိမြင်တဲ့ ဉာဏ်ဟာ ဝိဇ္ဇာကလေးပဲ၊ ဒါကဝိဇ္ဇာပဲဆိုတော့ ဒါလာတော့ အဝိဇ္ဇာ ချုပ်တယ်၊ ပဋိစ္စသမုပ္ပါဒ် အစကချုပ်တာပဲ။

ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ရဟတ်ကြီး ဘာကြောင့်ပြတ်သွားရသလဲ၊ ရှို့မေးရင် ဒုက္ခသိတဲ့ ဉာဏ်လာလို့ ဒုက္ခဖြစ်ကြောင်း အစပြတ်သွားတာပဲလို့ မှတ်ကြ၊ ဒကာ ဒကာမတွေ ဖြစ်ပျက် မြင်အောင် ကြည့်ပေးကြ၊ **ဖြစ်ပျက် မြင်ရင် သာမညလူ မဟုတ်တော့ဘူး၊ ထူးတဲ့ မြတ်တဲ့လူ ဖြစ်သွားပြီ၊ ဖြစ်ပျက်မြင်ရင် "လေးသချေ်္ခနဲ့ကမ္ဘာတစ်သိန်း ဖြည့်ဆည်းယူမှ ရတဲ့ ဉာဏ်ဟာ ဒို့သန္တာန် ရောက်ပြီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးက "ဓမ္မပဒပါဠိတော်"မှာ အသေအချာ ဟောတော်မူခဲ့တယ်။**

"ရုပ်နာမ်ဖြစ်ပျက် မမြင်တဲ့သူ အဘို့ရာမှာ အသက်တစ်ရာ နေရ ပေမဲ့လည်း အလကားပဲ၊ မမြင့်မြတ်ဘူးတဲ့၊ ရုပ်နာမ် ဖြစ်ပျက်မြင်တဲ့ သူရဲ့ တစ်ရက်ထဲ အသက်ရှေရခြင်းက ပိုပြီးမြင့်မြတ်တယ် တန်ဘိုးရှိပါ တယ်"တဲ့။

ကိုယ့်မှာဝေဒနာလေးပေါ်လာတယ်၊ အဲဒီအခါမှာ ဉာဏ်နဲ့ ဖြစ်ပျက် ရှုလိုက်တော့ ဝေဒနာလေးဟာ ဖြစ်ပျက်အနိစ္စဖြစ်သွားတယ်၊ ဝေဒနာလေး ချုပ်သွားတယ်၊ ချုပ်သွားတော့ "ဝေဒနာနိရောဓါတဏှာနိရောဓေါ"တဲ့။

အဲဒီတော့ "ဒုက္ခသမုဒယေဉာနံ" ဒုက္ခဖြစ်ကြောင်းဖြစ်တဲ့ သမုဒယ ချုပ်တာကိုလည်း ဉာဏ်နဲ့ သိလိုက်ရတယ်၊ ဝေဒနာချုပ်တော့ တဏှာ မလာဘူးလို့ သိရတယ်၊ အဲဒီလိုသိတာဟာ "ဒုက္ခသမုဒယေဉာဏံ" ပဲ၊ အခုပြောတဲ့ အဓိပ္ပါယ်ကို စာထဲသွားကြည့်လို့ မရဘူး၊ စာမှာက အပေါင်းချုပ်တာကို ပြထားတာပဲရှိတယ် ဒါကြောင့်စာထဲမှာ မတွေ့နိုင် ဘူးဆိုတာ မှတ်ကြ။ ဖြစ်ပျက် တစ်လုံးမြင်တဲ့ ကျေးဇူးဟာ ဘယ်လောက် များသလဲဆိုတာ ရိပ်မိကြတော့။

ဒါကြောင့် ဖြစ်ပျက်တစ်လုံးကိုဖြင့် ပိုင်အောင် ကြိုးစားကြရမယ်၊ ပေးထားတဲ့ ဖြစ်ပျက်ကို ပိုင်ရင် **အာသဝေါကုန်ရပါလိမ့်၏လို့ ဆုမတောင်း** ကြနဲ့တော့၊ ဖြစ်ပျက်ကိုပိုင်ရင် **အာသဝေါကုန်ပါတယ်၊ ဝေဒနာလေးပေါ်လာ** တာကိုဉာဏ်နဲ့ကြည့်တော့ ဒီဝေဒနာလေးဖြစ်ပြီး ပျက်သွားတာကို သိမြင် ရတယ်၊ ဘာဝေတဗ္ဗကိစ္စမို့ ရှုမှသာမြင်မယ်ဆိုတာ မှတ်ထားကြ။

ဒီဝေဒနာလေးရဲ့ ဖြစ်ပျက်ကိုမြင်တာဟာ သမ္မာဒိဋ္ဌိတဲ့၊ သမ္မာဒိဋ္ဌိ ဆိုတော့ ဒီနေရာမှာ မိစ္ဆာဒိဋ္ဌိချုပ်နေပြီးသား ဖြစ်နေပြီ။

ဝေဒနာလေးတစ်ခုကို ငါသူမဟုတ်၊ ဖြစ်ပြီး ပျက်တဲ့ သဘောလေး ဘဲလို့ သမ္မာဒိဋ္ဌိနဲ့ရှုတော့ အဲဒီလိုရှုတာဟာ "ဒုက္ခနိရောဓဂါမိနိပဋိပဒါယ ဉာဏ်ရတာပဲ"

ဖြစ်ပျက်တစ်လုံးထဲကို ရှုတာနဲ့ ဉာဏ်လေးဉာဏ်ကို ရတယ် ဒါကြောင့် "ဇာနတောဖြစ်ပျက်ကိုသိသောသူ့အား ၊ ပဿတော၊ ဖြစ်ပျက်ကို မြင်သော သူ့အား၊ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ ကုန်ရာ နိဗ္ဗာန်ကို၊ လဒ္ဓေါတိ၊ ရအပ်၏ ဟူ၍၊ အဟံ ဘုရားရှင်သည် ဝဒါမိ ဟောတော်မူ၏။

ဖြစ်ပျက်တစ်လုံးဟာ အာသဝတွေကို ချုပ်စေနိုင်တယ်၊ ပဋိစ္စသမုပ္ပါဒ် ကိုလည်း ပြတ်စေနိုင်တယ် ဉာဏ်လေးဉာဏ်ကိုလည်း ရစေနိုင်တယ်။

**ဒကာ ဒကာမတွေ ဖြစ်ပျက်တစ်လုံး မြင်ဘို့အရေးဟာ ဘယ်လောက် ကြီးတယ်၊ ဒီတလုံးမှာ ဘယ်လောက် စရိုးရောက်တယ်ဆိုတဲ့ အချက်ရိပ် မိကြပြီလား၊** ဖြစ်ပျက်တစ်လုံးကိုမြင်ရင် ပဋိစ္စသမုပ္ပါဒ်အစကလည်း ပြတ်တယ်၊ အလယ်ကလည်း ပြတ်တယ်၊ အာသဝတရား လေးပါး လုံးလည်း ကုန်တယ်၊ ဉာဏ်လေးဉာဏ်ကိုလည်း ရမယ်ဆိုတာ တထစ်ချ မှတ်လိုက်ကြ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက

**"အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။**

**ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိ ၊တေသံဝူပသမောသုခေါ"**လို့သံယုတ် ပါဠိတော်မှာ အသေအချာ ဟောတော်မူခဲ့ဒါပဲလို့ မှတ်ကြ။

အကြောင်းပြုပြင်၊ ဖန်စီရင်မှ၊ ဖြစ်ပေါ်ကြသည့်၊ ငါးဝခန္ဓာ၊ ရုပ်နာမ်မှာကား မှန်စွာပကတိ မြဲမရှိတည်း၊ ဖြစ်ဘိပျက်ပြန်၊ ဝေကန်မို့၊ အမှန်ဓမ္မ၊ သဘာဝရှင်၊ ဉာဏချင့်လောင်း၊ ရှုမြင်တောင်းသော်၊ အကြောင်းတိုက်ကာ၊ ဖြစ်ပြန်ပါ၍၊ မြန်စွာတခဏ၊ ချုပ်ပြန်ရတည့်၊ နှစ်ဝဖြစ်ချုပ်၊ ငါမဟုတ်သည့် ဤရုပ်နာမ်သာ၊ ဖြစ်ပျက်ပါကြ၊ ထို ဒုက္ခတို့ လုံးဝငြိမ်းရာ၊ ကုန်ဆုံးရာဟု၊ ဓမ္မာအမတ၊ နိဗ္ဗာနကား သုခမှန်စွာ လွန်ချမ်းသာသည် မြန်စွာရောက်မှ အေးမည်သော်။

**ရုပ်နာမ်ဖြစ်ပျက်နှစ်ခုက** --- ဒုက္ခသစ္စာ

ရုပ်နာမ်ဖြစ်ပျက်နှစ်ခုဆုံးတဲ့နေရာပေါ်တာက --- နိရောဓသစ္စာ

**သိတဲ့ဉာဏ်က** --- မဂ္ဂသစ္စာ

**ဒီနေရာမှာ ချုပ်**တဲ့ကိလေသာတွေက --- သမုဒယသစ္စာ

❖ ❖ ❖ ❖ ❖ ❖

## "သာဝကပါရမီ၊ နှစ်ချက်ညီတရားတော်"

ပကတိသာဝကများမှာ- (၁) သစ္စာတရားကိုနာကြားမှု
(၂) မိမိခန္ဓာ၊ နှလုံးသွင်းမှန်ကန်မှု

ဤအင်္ဂါနှစ်ခုကို ညီညွတ်ကဒိဋ္ဌဓမ္မနိဗ္ဗာန်ကို မျက်မှောက်ပြုရမည်။

ဒကာဒကာမတို့ သံသရာရှည်လေ ဒုက္ခရှည်လေပဲ ဆိုတာ မှတ်ကြရမယ်၊ သံသရာဆိုတာ ဒကာဒကာမတို့ သန္တာန်မှာ အခုစိက်တွေ **"တစ်စိတ်ပြီးတစ်စိတ်၊ ဖြစ်လိုက် ချုပ်လိုက်နဲ့ ဖြစ်ချုပ်အစဉ်တွေ တန်းနေတာဟာ သံသရာပဲလို့ မှတ်လိုက်ကြ၊ ဒကာတို့ သန္တာန်မှာ ရုပ်တွေ နာမ်တွေ အစဉ်အတန်းပြီး ပျက်နေတာဟာ သံသရာပဲလို့ မှတ်လိုက်ကြ။**

မိမိမွေးပြီး သေသေနေတာကို ဉာဏ်နဲ့သိကြရင် အမှန်ကြောက်လာကြမယ်၊ မသိလို့သာ မကြောက်ကြသေးတာပါ၊ ဒီကရှေ့သံသရာမရှည်ချင်ကြပါနဲ့တော့လို့ သတိပေးလိုက်ပါတယ်၊ သံသရာ ရှည်ချင်တဲ့စိတ်ကို ဖျောက်ကြတော့ **"ခန္ဓာအာယတန ဓာတ်တို့ရဲ့ မပြတ်လယ်နေတာဟာ သံသရာပဲ"**

ကိုယ်တွေ့ဉာဏ်မြင်သိချင်ရင် ခန္ဓာမှာပြန်ကြည့်၊ အမှန်သိ အမှန်မြင်ကြရမယ်၊ ဘဝကူးမှ မဟုတ်ဘူး၊ ယခုဘဝထဲကွင်အသေချင်း ဆက်နေတာကိုပြောတာ၊ မယုံရင်ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်ပေးကြ၊ မြင်စိတ်ကလေးပေါ်လာ၊ ဖြစ်ပြီး ပျက်သွား၊ ကြားစိတ်ပေါ်လည်း ဖြစ်ပြီးပျက်၊ စားစိတ်၊ သောက်စိတ်၊ ကြံစိတ်၊ တွေးစိတ် ဘာလာလာဖြစ်ပြီး ပျက်တာချည့်ပဲလို့ မှတ်ကြ။

ခန္ဓာဖြစ်စဉ်က အသေချင်းဆက်နေတယ်၊ တသေပြီးတသေ၊ ဒီအသေ

ပြီးနောက်အသေနဲ့ အသေတွေဟာ ဆက်နေတယ် အနေတစ်ခုမှ မပါဘူး၊ ထိုင်ဆဲ ရုပ်နာမ်ဟာ ထရာမှာမပါလာဘူး၊ ရုပ်ဆဲရုပ်နာမ်ကလည်း သွားရာကို မပါလာဘူး၊ သွားဆဲရုပ်နာမ်ဟာလည်း ရပ်တဲ့ဆီကို မပါလာဘူး၊ ရပ်ဆဲနာမ်ကလည်း ထိုင်လိုက်တော့ အကုန်ချုပ်ပျောက်ကုန်တာပဲ၊ ရုပ်နာမ် အစဉ်တွေဟာ အသေချင်းသာ ဆက်နေတယ်ဆိုတာ မှတ်လိုက်ကြ။

"ဧကစိတ္တသမာယုကာ"ဆိုတဲ့အတိုင်း တစ်စိတ်ဟာ တစ်သက်ပဲ၊ စိတ်အစဉ်ကလေးတွေ ဝမ်းထဲမှာ ဖြစ်ပျက်ဖြစ်ပျက်နဲ့ တစ်စိတ်တစ်ခါ သေနေတာပဲ။

ဒီအသေဇာတ်ကို သိမ်းဘို့ဆိုတော့ သိမ်းချင်တဲ့ စိတ်ရှိရင် လွယ်ပါတယ်၊ ဘုရားဟောတဲ့အတိုင်း ဆရာဘုန်းကြီးက ညွှန်ပြတဲ့အတိုင်း လိုက်နာပြီး အားထုတ်ဘို့ပဲရှိမယ်၊ ဒီအသေဇာတ်ကို သိမ်းချင်ရင် နှစ်လုံးထဲနဲ့ သိမ်းနိုင်ပါတယ်တဲ့၊ စကားနှစ်လုံးဘဲ၊ လိုက်နာပြီး သိမ်းရင်ရပါတယ်လို့ "ပေဋကောပဒေသာ"ပါဠိတော်မှာ ဟောထားခဲ့တယ်။

"ဒုဝေဟေတူဒုဝေပစ္စယာ သာဝကဿသမ္ဗာ ဒိဋ္ဌိယာဥပ္ပါဒါယ"

"သာဝကပါရမီဉာဏ်ကိုရဘို့ရာ နှစ်ကြောင်းထဲပဲရှိပါတယ်"လို့ ဆိုလိုတယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို အခုရရင် အခုယူမယ်ဆိုတဲ့ သူ့အတွက် အကြောင်း နှစ်ကြောင်းထဲပဲလို ပါတယ်၊ ဘုရားဆုတို့၊ လက်ျာရံ လက်ဝဲရံဆုတို့၊ မဟာသာဝကဆုတို့ဆိုတဲ့ ဆုတွေမျိုးကို မပန်တော့ပဲ နိဗ္ဗာန်ရရင် ပြီးရောလို့ ဆိုတဲ့သူ၊ သံသရာ မရှည်ချင်တဲ့သူများ အတွက် ဒီအကြောင်း နှစ်ခုပဲ ကြိုးစားတော့ ကြိုးစားရင်ရမယ်တဲ့။

ဒကာ ဒကာမတို့ ဒီအကြောင်းနှစ်ခုထဲကိုဖြင့် အခုလုပ်ပါတော့မယ်လို့ ဆုံးဖြတ်လိုက်ကြ၊ ဒီနှစ်ကြောင်းကို လုပ်ရင် ပူစရာ၊ ပင်စရာ၊ ဆွေးစရာတွေ အကုန်ဇာတ်သိမ်းမယ် အဲဒီအကြောင်း နှစ်ခုဆိုတာက

"ပရတောစ ဃောသောသစ္စာနုသန္ဓိ"

သစ္စာတရားကို နာကြားရမယ်ဆိုတဲ့ အကြောင်းတစ်ခု၊ "အဇ္ဈတ္တဥ္စယောနိသော မနသိကာရော၊"

"မိမိအဇ္ဈတ္တခန္ဓာထဲမှာ နှလုံးသွင်းမှန်ရမယ်" ဆိုတဲ့ အကြောင်းက တစ်ခုပဲ၊ ဒီအင်္ဂါ အကြောင်းနှစ်ပါးနဲ့ ပြည့်စုံရင် ဘယ်အခါမဆို နိဗ္ဗာန်ကိုရတယ်၊ နိဗ္ဗာန်ကို ဒီအကြောင်းနှစ်ခုနဲ့မှ ရောက်နိုင်တယ်၊ ဒီနှစ်ခုနဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဖြစ်နိုင်တယ်။

ဒကာ ဒကာမတွေ နားကြီးကြီးနဲ့ ထောင်ကြ၊ ဒကာ ဒကာမတွေ သစ္စာတရားကို နာဘို့ ပထမအရေးကြီးတယ်၊ သစ္စာတရားကို မနာဘဲနဲ့လည်း နှလုံးသွင်းမှန်ဘို့ မဖြစ်နိုင်ဘူး ရှင်းကြရဲ့လား။

ဒကာ ဒကာမတို့ အခုလက်ရှိ ရထားကြတဲ့ ခန္ဓာကြီးက ဒုက္ခခန္ဓာကြီး "ခန္ဓာကဒုက္ခသစ္စာ" ကို အမြဲတမ်းပြပြီးနေတာပဲ၊ ဒီခန္ဓာကဟိုဘက်စောင်းပေးရ၊ ဒီဘက်ပြောင်းပေးရ၊ ခြံရ၊ ရုံရ၊ ကျွေးရ၊ မွေးရအားလုံး ဒုက္ခ သစ္စာချည်းဘဲ၊ မကျွေးတော့လည်း ဆာလောင် မွတ်သိပ်လို့၊ ကျွေးပြန်တော့လည်း ရင်တောင့်လို့ ဗိုက်အောင့်လို့ အစာမကြေပြန်လို့ အစားမှားလို့နဲ့ အမျိုးမျိုး ဒုက္ခရောက်ရတယ်။

အဲဒီလိုခန္ဓာရဲ့ ဒုက္ခသစ္စာ အချက်တွေကို ဟောပြရမယ် **"ဒီလိုဟောလို့ ဒီလိုတရားမျိုးကို နာရရင် "ဉာတပရိညာ" ခေါ်တဲ့ သိလုံးကလေးလာတယ်၊ အဲဒီလို ဉာတပရိညာ အသိလုံးလေးရတဲ့ အချိန်မှာ ကိလေသာမရှိဘူး"** ကိလေသာ စင်ကြယ်နေတယ်၊ သစ္စာတရား ပြောပြလို့ သစ္စာတရားနာရင်းနဲ့ ဒကာဒကာမတို့ဉာဏ်က ခန္ဓာဘက်လှည့်ပြီး "အခုပျက်သွားတာ ဒုက္ခသစ္စာ တွေအခုပေါ်လာတာဟာ ဒုက္ခသစ္စာတွေဘဲ" လို့ သိနေရမယ်။

အဲဒီလိုသိနေရင် ကိလေသာ ကြားမဝင်ဘူး၊ ဒီလိုသိလိုက်နေတဲ့အချိန်မှာကိလေသာ စင်ကြယ်တယ်၊ ဥပမာအားဖြင့်ဆိုရင် သစ်တုံးတစ်တုံးဟာ

အဆီအစေးတွေ မရှိတော့ပဲ ခြောက်သွေ့နေမယ်ဆိုရင် မီးစွဲလွယ်တယ်၊ အဆီအစေးရှိနေမယ်၊ ကျန်နေမယ်ဆိုရင် မီးမစွဲလွယ်ဘူး၊ ဒီဥပမာလိုပါပဲ နှလုံးသွင်းမှန်နေဆဲအချိန်မှာ ကိလေသာ အစေးအညှော်တွေက ခန်းခြောက် နေတယ်၊ အဲဒီလိုခန်းခြောက်နေလို့ တရားရလွယ်တာပဲ၊ ခန်းခြောက်နေရင် တရားရလွယ်တယ် သစ္စာသိနိုင်တယ်ဆိုတာ မှတ်ကြ။

သစ္စာတရား နာနေဆဲမှာ နှလုံးသွင်းကလည်း မှန်နေတော့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာတွေ တစ်ခုမှ မလာဘူး၊ စင်ကြယ်သန့်ရှင်း နေတယ်၊ ဒီအခါမှာခန္ဓာမှာ မဂ်ဉာဏ်နဲ့ ကြည့်တော့ ဖြစ်ပျက်တွေမြင်၊ ဒီလို ဖြစ်ပျက် ဒုက္ခအမြင်နဲ့ ဆက်ကြည့်တော့ ဖြစ်ပျက်တွေမုန်း၊ ဖြစ်ပျက်တွေ မုန်းရက်နဲ့ဆက်ပြီး ကြည့်ပြန်တော့ တစ်ချက်ချက်မှာ ဖျတ်ဆို ဖြစ်ပျက်တွေ ဆုံးသွားတော့တယ်၊ အဲဒီဖြစ်ပျက် အဆုံးမှာ နိဗ္ဗာန်ပေါ်လာတယ်ဆိုတာ မှတ်ကြရမယ်။

နိဗ္ဗာန်ပေါ်တော့ ဖြစ်ပျက်ဒုက္ခတွေဟာ ငြိမ်းသွားတယ်၊ ဒုက္ခတွေ ငြိမ်းသွားတယ်ဆိုတော့ ဒီတရားဟာ သေပျော်တဲ့ တရားပဲလို့ ဆုံးဖြတ်ချက်ချကြ။

❖ ❖ ❖ ❖ ❖ ❖

## "သာသနာတွင်းမှာ ကြုံခဲ့စွာ တရားတော်"

တို့ဒကာတွေ အင်မတန် ကံကောင်းကြလို့ ဗုဒ္ဓါပ္ပါဒနာဝမခဏ ဆိုတဲ့ သာသနာတွင်းကာလနဲ့ ကြုံတွေ့ကြရတယ်၊ ဒီလို ကြုံတွေ့လာရတဲ့ အခွင့်အခါ ကောင်းကြီးကို အချည်းအနှီး ဖြုန်းတီးမပြစ်ကြပါနဲ့လို့ လေးလေးနက်နက်ကြီး သတိပေးလိုက်ပါတယ်၊ သာသနာတွင်းမှာ သာသနာပကိစ္စတွေနဲ့ အချိန်ကုန်သွားရင် ကိုယ်ကျိုးတွင်မက သံသရာ ကျိုးပါ နည်းကြတော့မယ်။

သာသနာပကိစ္စမျိုးနဲ့ တင်းတိမ်နေကြရင် သာသနာတွင်းဖြစ်ပေမဲ့ သူတို့အတွက် သာသနာပလို့ဘဲ မှတ်ရမယ်၊ အဲဒါ နစ်နာခြင်း တစ်မျိုးပဲ၊ အဲဒါဟာ ဇာတိ၊ ဇရာ၊ မရဏက လာခဲ့ပြီး ဇာတိဇရာ၊ မရဏကိုပဲ သွားရတဲ့ အဖြစ်ဆိုးပဲဆိုတာ မှတ်လိုက်ကြ။

ရုပ်နာမ်သိရုံနဲ့လည်း တင်းတိမ်နေကြလို့ မဖြစ်သေးဘူး ဆိုတာ မှတ်ကြ၊ နောက်ပြီး ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးသိရုံနဲ့လည်း သာသနာတွင်း မရောက်သေးဘူးလို့ မှတ်ရမယ်။

သာသနာနဲ့ ကြုံကြိုက်နေပေမဲ့ "သစ္စာ" မသိသေးရင် သာသနာ ပပါပဲ၊ သစ္စာမသိဘဲနဲ့ သေသွားရင် သာသနာပနဲ့ သေတယ်လို့ ဆိုရမယ်၊ သစ္စာသိမှသာ သာသနာတွင်း ကြုံကြိုက်တယ်လို့ ခေါ်ဆိုနိုင်တယ်၊ သစ္စာသိမှ သာသနာ အရသာကိုသိမယ်။

သစ္စာတရားဆိုတာ ဘုရားပွင့်မှသာ ပေါ်နိုင်တယ်၊ ဘုရားမပွင့်တဲ့ အခါ သစ္စာ ပေါ်နိုင်ဘို့ အခွင့်မရှိဘူး၊ အရာမဟုတ်ဘူး၊ ဘုရားမှ တစ်ပါး ဘယ်လိုပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မှလည်း မဟောပြနိုင်ဘူး၊ သာသနာပ အခါ ပွင့်ကြတဲ့ ပစ္စေကဗုဒ္ဓါများဟာ သစ္စာတရားကို

ကိုယ်တိုင်သိကြပေမဲ့ သူတစ်ပါးကို ဟောမပြနိုင်ကြဘူး၊ ဟောပြ နိုင်စွမ်း မရှိရှာကြဘူး၊ "ဒီတော့ သစ္စာတရားပေါ်ဘို့ သစ္စာကို ကြားနာကြဘို့ ဘယ်လောက်ခဲယဉ်းတယ် ဆိုတာ ရိပ်စားမိလောက်ပါတယ်"။

ဒါကြောင့် တို့ဒကာတွေ အခွင့်ကောင်း၊ အခါကောင်းနဲ့ ကြုံကြိုက်တုန်း မှာ ကြိုးစားယူလိုက်ကြ၊ ဒီလိုအင်မတန် မွန်မြတ်တဲ့ အခွင့်ကောင်းနဲ့မှ လွဲကြမယ်ဆိုရင် အချိန်မစီးနိုင်တော့ဘူး၊ မွေးသက် ကြီးပေမဲ့ အချည်း အနှီးပါပဲ၊ သစ္စာသိအောင် လုပ်ယူရမယ်၊ သစ္စာသိ ၍ သာသနာတွင်း ရောက်တာ အစစ်မှန်တယ်။

ဒီနေရာမှာ သစ္စာသိတယ် ဆိုပေမဲ့လည်း သာမန်သိ ပုတုဇဉ် သိမျိုးကို အသိလို့ မဆိုလိုဘူး "အရိယာပုဂ္ဂိုလ်များ" သိတဲ့ အသိမျိုး ကိုသာ အသိလို့ ဆိုရတယ်၊ အရိယာတို့သိတဲ့ အသိမျိုးမှ အသိစစ် အသိမှန်လို့ မှတ်ကြ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာမှာ ဒီအဓိပ္ပါယ်ကို ဖွင့်ပြခဲ့ဒါ ရှိတယ်၊ သမ္မောဟအဋ္ဌကထာက ဖွင့်ပြထားတာမှာ -

(၁) ပုတုဇဉ်တို့ သိတဲ့ သစ္စာက နှစ်ပါးတဲ့၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ။

(၂) အရိယာတို့ သိတဲ့သစ္စာက လေးပါးတဲ့၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။

ဒီနှစ်မျိုးထဲမှာမှ ပုထုဇဉ်တို့ သိတဲ့ အသိက နိရောဓသစ္စာကို နိရောဓ ဆိုတဲ့ နိဗ္ဗာန်တရား ရှိတယ်လို့ သိတယ်တဲ့၊ မဂ္ဂသစ္စာကို မဂ္ဂင် ငါးပါးနဲ့ သိတဲ့အသိမျိုးတဲ့၊ မဂ္ဂင် ငါးပါးရှိတဲ့ မဂ္ဂသစ္စာ ကိုသာ သိတယ်တဲ့၊ ဒီလိုသိဒါလည်းဘဲ ဆရာက ဟောပြလို့ သိတဲ့အသိ၊ တွေးသိ ဆသိမျိုး၊ တဆင့်ကြား အနုဿဝဉာဏ်နဲ့ သိတဲ့အသိမျိုး၊ စဉ်းစားဉာဏ်နဲ့ သိရတဲ့ အသိမျိုးပဲ။

ပုထုဇဉ်တို့ သစ္စာသိနည်းက မှန်းဆပြီးသိတာ၊ တဆင့်ကြား "အနုဿဝ"နဲ့ သိတာ၊ ထိုးထွင်းသိမဟုတ်ဘူး၊ "စက္ခုံဥဒပါဒိ ဉာဏံ

ဥဒပါဒိ” စသည့်မဖြစ်ဘူး၊ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင် ထိုးထိုးထွင်းထွင်း သိတဲ့ တကယ်အသိမျိုး မဟုတ်ဘူးလို့ မှတ်ကြ၊ သောတပန်က ကိုယ်တိုင် ဒိဋ္ဌဉာဏ်နဲ့ မြင်ပြီးသိရတာ။

အရိယာတို့ သိတဲ့ အသိက သစ္စာလေးပါးကို ကိုယ်တိုင်ကိုယ်ကျ ထိုးထွင်းပြီး သိကြတယ်၊ “ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော၊ ပရိယောဂါဠ္ဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော” ဆိုတဲ့ အဖြစ်မျိုးနဲ့ ကိုယ်တိုင်သိတာလို့ မှတ်ကြ။

အရိယာတို့ သစ္စာသိတဲ့အခါမှာ ဥပမာအားဖြင့် ဆီမီးခွက်ညှိထွန်း လိုက်သလိုပါပဲ၊ မီးခွက်မီး ထွန်းလိုက်တဲ့အခါမှာ မီးစာကျွမ်းခြင်း၊ ဆီကုန်ခန်းခြင်း၊ အမှောင်ပျောက်ခြင်း အလင်းပေါ်ခြင်း ဆိုတဲ့ လေးကိစ္စ တစ်ခါထဲပြီးစီးသလို သစ္စာသိတဲ့ နေရာမှာလည်း –

(၁) ဒုက္ခသစ္စာ ပိုင်းခြားသိမှု။
(၂) သမုဒယသစ္စာပယ်မှု။
(၃) နိရောဓသစ္စာ မျက်မှောက်ပြုမှု။
(၄) မဂ္ဂသစ္စာ ပွားများမှု။

ဆိုတဲ့ ကိစ္စလေးချက်ကို တ ဖြိုင်နက် တစ်ချက်ထဲပြီးစီးစေတယ်၊ ဆီမီးထွန်းတဲ့ ဥပမာအတိုင်း တစ်ပါးစီ တစ်ပါးစီ သီးခြားလုပ်နေစရာ မလိုဘူး၊ ဒုက္ခသစ္စာ တစ်ပါးသိတာနဲ့ လေးပါးလုံး ပြီးစီးနိုင်တယ်လို့ မှတ်ကြ။

သစ္စာမသိသေးရင် အပါယ်လေးပါး ရှိသမျှပစ္စည်းကိုယ့်ပစ္စည်း၊ အပါယ်လေးပါး ရှိသမျှဟာ ကိုယ်ပိုင်ပဲလို့ မှတ်ထားကြ။

သတ္တဝါမှန်သမျှဟာ အကုသိုလ် ကင်းတဲ့သူရယ်လို့ မပါကြပါဘူး၊ အကုသိုလ်မှုတွေဟာ ဘဝအဆက်ဆက်က ပါလာကြတာ၊ ဒီအကုသိုလ်မှု၊ မကောင်းမှု ကြွေးတွေကို ဘာနဲ့များဆပ်ကြမလဲ၊ ဘယ်လိုလုပ်ပြီး

ကျေကုန် အောင်ဆပ်ကြမလဲ၊ ဒီသစ္စာလေးပါးမသိရင် ခန္ဓာနဲ့ ဆပ်ရမယ်၊ ခန္ဓာနဲ့ ဆပ်တော့ ဘယ်လောက် ကြာမတုန်းဆိုတာ အဆုံးမမြင်တော့ဘူး။

ဒီသစ္စာကို သိလိုက်ရင် ကြွေးအားလုံး အခုကျေမယ်၊ နောက်ခန္ဓာနဲ့ဆပ်စရာ မလိုတော့ဘူး၊ မဂ်နဲ့ပြတ်ရင် ဆပ်စရာ မကျန်တော့ဘူး၊ အင်္ဂုလိမာလကို ကြည့်ကြ၊ ဘဝအဆက်ဆက်က ပါလာတဲ့ ကြွေးတွေ အပြင် အဲဒီဘဝမှာတင် အကုသိုလ်ကြွေးတွေ အများကြီး တင်လိုက်သေးတယ်၊ ဒါပေမဲ့ သစ္စာကို သိတာနဲ့ တပြိုင်နက် အဲဒီကြွေးတွေ အကုန် ကျေတော့တယ်၊ ဆပ်ဘို့ မလိုတော့ဘူး "မဇ္ဈိမပဏ္ဏာသ" ပါဠိတော်မှာ ပေါ်ခိရာဇကုမာရကို ဟောတော်မူခဲ့တာ အထင်အရှားရှိတယ်။

ဒကာတို့တတွေ သံသရာအကြွေးတွေ အနန္တနဲ့ ပေါ့ပေါ့တန်တန် နေကြမယ်ဆိုရင် ခန္ဓာနဲ့ ကုန်းရုန်းပြီး မကျေ ကျေအောင် ဆပ်ရအုံးတော့မယ်၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်များ မနေလိုက်ကြပါနဲ့လို့ သတိပေးလိုက်ပါတယ်။

"ပမတ္တာသနာမ စတ္တာရောအပါယာသက ဂေဟာသဒိသာ"

မေ့လျော့ ပေါ့တန်သူအဘို့ရာ အပါယ်လေးဘုံသာ ကိုယ်အိမ်ကိုယ့်ရာနဲ့ တူပါတယ်"လို့ ဓမ္မပဒမှာ ဟောတော်မူခဲ့တယ်၊ (ဥပမာ) ဆိုရင် ဒကာတို့တတွေ ဈေးထွက်ရောင်းကြ၊ ညနေ အချိန်တန်တော့ အိမ်ပြန်လာကြရတယ်၊ ဘယ်အိမ်ကိုပဲ သွားကြ သွားကြ ခဏလောက်ပဲ အချိန်တန်တော့ ကိုယ့်အိမ်ကိုယ် ပြန်တဲ့ လူချည့်ပဲ။

ဒကာတို့လဲ မေ့မေ့လျော့လျော့ နေကြရင် ကိုယ်အိမ်ကိုယ် ပြန်ကြအုံးပေါ့ --

ဒကာတို့ တစ်တွေမှာနောက် – နောက်ဘဝက သံသရာအဆက်ဆက်ကပါလာကြတဲ့ အကုသိုလ် "အပရာပရိယဝေဒနိယ" ကံတွေ "ဥပပဇ္ဇဝေဒနိယ" ကံတွေက မနဲဘူး၊ ဒီ–အကုသိုလ်ကံတွေကို ဉာဏ်နဲ့

ဆပ်မှသာ ကျေမယ်၊ ဉာဏ်နဲ့ မှမဆပ်နိုင်ရင် ခန္ဓာနဲ့ ဆပ်ကြရလိမ့်မယ် ခန္ဓာနဲ့သာ ဆပ်ကြရင် ဘယ်တော့မှ မပြီးပြတ်နိုင်ဘူး၊ လွတ်ရက်၊ ကျွတ်ရက် မမြင်နိုင်တော့ဘူးလို့ မှတ်ကြ။

သစ္စာမသိတဲ့အဖြစ်ဟာ ဘယ်လောက်ဆိုးတယ်၊ ဆိုးလိမ့်မယ်ဆိုတာ စဉ်စားကြ။

လောကမှာ ဘယ်သူမှ အားကိုးစရာ မမြင်ဘူး၊ ဘယ်သူမှလည်း ကယ်နိုင် မယူနိုင်ပါဘူး၊ ကယ့်မဲ့သူ ယူမဲ့သူဟာ မဂ်ဘဲရှိပါတယ်၊ မဂ်မှ တစ်ပါး၊ သစ္စာမှတစ်ပါး အားထားစရာ ကိုးကွယ်စရာ မရှိဘူးလို့ မှတ်လိုက်ကြ။

"ဓမ္မောမေသရဏံ အညံနိတ္ထိ"တဲ့ ဒကာတို့ တစ်တွေ ငယ်ငယ် ကထဲက ဆိုလာကြတယ် ဘာကိုဆိုဒါရလို့တော့ကော သိကြရဲ့လား "တရားတော်ဟာ ငါ၏ ကိုးကွယ် အားထားစရာပဲ၊ တရားတော်မှ တစ်ပါး အားထားစရာ ကိုးကွယ်စရာ ဘာမျှ မရှိပါတကား"လို့ ဆိုတဲ့ အဓိပ္ပါယ်ဘဲ **"တရားတော်ဆိုတာ သစ္စာတရားကို ဆိုတာလို့ မှတ်ကြ"။**

သံသရာ ကျင်လည်တဲ့အခါ ဒုဂ္ဂတိမှာသာ အနေရများတယ် "သကဂေဟာသဒိသာ" ဆိုတဲ့အတိုင်း ဉဂ္ဂတိဟာ အိုးပိုင်အိမ်ပိုင် အဖြစ်နဲ့ ရှိနေ ကြတယ်။ တစ်ခါတစ်ရံ သုဂတိဘုံဘဝဆိုတာဟာ -- ကောင်းကင် မြှောက် လိုက်တဲ့ ခဲဥပမာလိုပါဘဲ၊ ကောင်းကင်မြှောက်တဲ့ခဲ အရှိန်ဟက် နေသလောက်ဟာ သုဂတိနေရတာပဲ၊ အောက်ကျပြီး မြေကြီးမှာ နေရတဲ့ သဘော နေရတဲ့ အချိန်ဟာ ဒုဂ္ဂတိနယ်မှာ နေရတာနဲ့ အတူတူပါပဲ။

ဒီတော့ သစ္စာမသိရင် မဖြစ်ကြဘူးဆိုတာ ဆုံးဖြတ်ပြီး မရအရ ကြိုးစားယူလိုက်ကြလို့ တိုက်တွန်းလိုက်တယ်။

❖ ❖ ❖ ❖ ❖ ❖

# "ဒိဋ္ဌိကွာမှ ချမ်းသာရ တရားတော်"

**ဆောင်ပုဒ်**

ရုပ်နာမ်လောက၊ ခိုင်မြဲစွာ၊ သူကသဿတာ။
ရုပ်နာမ်မမြဲ၊ ပြတ်ယူစွဲ၊ ခေါ်မြဲဥစ္ဆေဒ၊။
အဆုံးရှိ၏ ဥစ္ဆေသိ၊ မရှိ သဿတာ။
အသက်ကိုမူ၊ တခြားယူ၊ အတူယူလည်း ဥစ္ဆေဒ၊။
သတ္တဝါသေမူဖြစ်သေးယူ၊ တလှည့်ယူလည်း ဧကစ္စာ။
သတ္တဝါသေက၊ မဖြစ်ကြ၊ ပြတ်က ဥစ္ဆေဒ၊။
မဖြစ်မဟုတ်၊ ဖြစ်မဟုက် စွဲထုတ်အမရာ။

ဒကာ ဒကာမတို့ အင်မတန် ကြောက်စရာ ကောင်းတဲ့ မိစ္ဆာဒိဋ္ဌိ အယူဝါဒအကြောင်း ပြောမယ် "အဂ္ဂိဝစ္ဆ"ဆိုတဲ့ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏား တစ်ယောက်က ဘုရားရှင်ထံ မေးမြန်းတဲ့ အချက်၊ ဘုရားရှင်က ပြန်ကြားဖြေဆိုတဲ့ အချက်ကို ထုတ်ပြမယ်။ ဒီအခိပ္ပါယ်ဟာ "မဇ္ဈိမ ပဏ္ဏာသပါဠိတော်မှာ လာတယ်လို့ မှတ်ကြ။

ဘုရားရှင် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူဆဲ တစ်နေ့သောအခါမှာ အဂ္ဂိဝစ္ဆာပုဏ္ဏားဟာ ဘုရားထံ သူသိလိုတဲ့ ပြဿနာ များကို မေးတယ်၊ ဒီအခါ ဘုရားရှင်က ကျေးဇူးများဘွယ် အချက်များကို ပြန်ကြား ဖြေဆိုတော်မူတယ်၊ ဒီအချက်များက –

"အို --- အရှင်ဂေါတမ၊ လောကကြီး (ဝါ) ရုပ်နာမ်ဟာ မြဲပါသလား"
"အို --- အဂ္ဂိဝစ္ဆ ဒီအယူကမှားတဲ့ အယူ မိစ္ဆာဒိဋ္ဌိ အယူဝါဒပဲ"
"ဒါဖြင့် – လောကကြီး (ဝါ) ရုပ်နာမ်ဟာ မမြဲဘူးလား"
"အဂ္ဂိဝစ္ဆာ ဒီအယူလဲ မိစ္ဆာအယူပဲ"

"လောကဆိုတဲ့ ရုပ်နာမ်ဟာ အဆုံးရှိပါသလား"

"ဒါလဲဘဲ မိစ္ဆာအယူပဲ"

"ဒါဖြင့် လောကဆိုတဲ့ ရုပ်၊ နာမ်ဟာ အဆုံးမရှိဘူးလား"

"ဒါလဲဘဲ မိစ္ဆာဒိဋ္ဌိဝါဒပဲ"

"အသက်နဲ့ကိုယ်ဟာ အတူတူလား"

"ဒါလဲ ဒိဋ္ဌိ အယူဝါဒပဲ"

"ဒါဖြင့် --- အသက်နဲ့ ကိုယ်ဟာ တစ်ခြားစီလား"

"ဒါလဲ မိစ္ဆာဒိဋ္ဌိအယူပဲ"

"သတ္တဝါသေရင် ဖြစ်သေးသလား"

"ဒါလဲပဲ မိစ္ဆာဒိဋ္ဌိအယူပဲ"

"ဒါဖြင့် –သတ္တဝါသေရင် မဖြစ်တော့ဘူးလား"

"ဒါလဲဒိဋ္ဌိအယူဝါဒပဲ"

"သတ္တဝါသေရင် ဖြစ်တလှည့် မဖြစ်တလှည့်လား"

"ဒါလဲပဲ မိစ္ဆာဒိဋ္ဌိအယူပဲ"

"ဒါဖြင့် သတ္တာဝါ သေရင်ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်လား"

"အို – အဂ္ဂိဝစ္ဆ ဒီအယူလဲ မိစ္ဆာဒိဋ္ဌိ အယူဝါဒပေပဲ" လို့ ဖြေတယ်။

ရုပ်နာမ်ဟာ မြဲတယ်လို့ ယူရင် သဿတဒိဋ္ဌိ အယူပဲ၊ ရုပ်နာမ် လောက မမြဲဘူးလို့ အပြတ်ယူရင် ဥစ္ဆေဒဒိဋ္ဌိ အယူပဲ၊ အဆုံးရှိတယ်လို့ အပြတ်ယူရင် ဥစ္ဆေဒ၊ အဆုံးမရှိဘူးလို့ အဆက်ယူရင် သဿတအယူ၊ အသက်နဲ့ ကိုယ် တခြားစီယူယူ၊ အတူ တူပဲယူယူ ဥစ္ဆေဒ ဒိဋ္ဌိ အယူ၊ သတ္တဝါတွေ သေရင် ဖြစ်တဲ့အခါ ဖြစ်သေးတယ်ယူယူ၊ ဖြစ်တစ်လှည့်

မဖြစ်တစ်လှည့်လို့ ယူယူ ကေစ္စသသဿတဒိဋ္ဌိလို့ မှတ်၊ မဖြစ်တော့ဘူးလို့ ယူရင် ဥစ္ဆေဒအယူ၊ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်လို့ယူရင် အမရာဝိက္ခေ ပဒိဋ္ဌိလို့ မှတ်ကြ၊ သဘောပါကြရဲ့လား။

"ဒီလိုဖြင့် အရှင်ဂေါတမက ဘယ်ဒိဋ္ဌိအယူရှိပါသလဲ" လို့ပုဏ္ဏားကမေးတဲ့ အခါကြတော့ ဘုရားရှင်က –

"အို –– အဂ္ဂိဝစ္ဆ ဘုရားရှင်မှာ ဒိဋ္ဌိအယူဟူသမျှကို ပယ်သတ်ပြီးပြီ။

"ဒါဖြင့် အရှင်ဂေါတမ သိမြင်တဲ့ တရားသဘော ပြောပြပါအုံး" လို့ဆိုတော့ အဂ္ဂိဝစ္ဆ၊ သိမြင်အပ် သိမြင်ပြီးသည့် သဘောကား –

ရုပ်တရားဖြစ်တယ်၊ ရုပ်တရား ပျက်တယ်၊ ဝေဒနာ ဖြစ်တယ်၊ ဝေဒနာ ပျက်တယ်၊ သညာ ဖြစ်တယ်၊ သညာ ပျက်တယ်၊ ဝိဉာဏ် ဖြစ်တယ်၊ ဝိဉာဏ် ပျက်တယ်၊ အားလုံး ရုပ်နာမ် သင်္ခါရ တရားစုဟာ ဖြစ်ပြီး၊ ပျက်ကြတဲ့ သဘောရှိတယ်၊ ဒါ– ဘုရားရှင်ရဲ့ အယူဝါဒပဲလို့ ဖြေတော်မူတယ်။

"ဒီလိုဆိုရင် အရှင်ဂေါတမဟာ ဘယ်လိုအကျိုးလို မြော်ကိုးလို့ ဒီအယူဝါဒကို ယူထားပါသလဲ"

"အို – ပုဏ္ဏား ဒီအယူယူတဲ့အတွက် တဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုတဲ့ ပပဥ္စ အယူသေတယ်၊ ပပဥ္စမရှိတော့ဘူး၊ **ဒီတဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ တရားသုံးခုဟာ သံသရာချဲ့တတ်တဲ့ တရားဆိုးသုံးခုပဲ၊ ဒီအယူ မရှိတော့ သံသရာမချဲ့ နိုင်တော့ဘူး၊** ဒီလို ရုပ်နာမ် ခန္ဓာမမြဲဘူးလို့ ယူတဲ့အယူက ပဋိစ္စသမုပါဒ် စက်ရဟတ် ပြတ်တဲ့ အယူဒုက္ခစက်ကြီး ပြတ်တဲ့ အယူဝါဒဘဲလို့ ဘုရားက ဖြေဆိုတော်မူတယ်။

ဗုဒ္ဓဘာသာ အယူဟာ ဒီနေရာက စတယ်လို့မှတ် ရုပ် နာမ်

ဖြစ်ပျက် မမြင်သေးရင် လူမဖြစ်သေးဘူး၊ လူကြီး မဟုတ်သေးဘူး ကလေးဘဝမှာပဲ ရှိသေးတယ်လို့ စွဲထားကြ၊ ဖြစ်ပျက် မမြင်ရင် ဒိဋ္ဌိ မပြုတ်ဘူး၊ ဒိဋ္ဌိမပြုတ်ရင် ဒီခန္ဓာငါထင်စွဲမယ်၊ ငါ့ကိုယ်လို့ စွဲမယ်၊ ငါရှိတော့ ငါ့ဥစ္စာရှိလာတယ်၊ ငါ့ကိုယ် ငါဟာဆိုတဲ့ ဒိဋ္ဌိတဏှာရှိတော့ အဲဒီ အပေါ်မှာ မာနက ငါကွ ဆိုပြီး အုပ်ချလိုက်တော့တာပေါ့။

ဒါကြောင့် ဒိဋ္ဌိရှိနေရင် တဏှာမာနတွေ ဝင်ပြီး သံသရာနယ်ချဲ့ သွားတော့မယ်၊ သံသရာနယ်ချဲ့တတ်လို့ ဒိဋ္ဌိမပြုတ်သမျှ သံသရာ သစ်ငုတ်ပဲလို့ တထစ်ချ မှတ်ပေတော့။

အဲဒီလို ခန္ဓာအရှိမှာ ဉာဏ်နဲ့ကြည့်ရင် ရုပ်ဖြစ်ပျက်၊ ဝေဒနာ ဖြစ်ပျက်၊ သညာ ဖြစ်ပျက်၊ သင်္ခါရ ဖြစ်ပျက်၊ ဝိဉာဏ် ဖြစ်ပျက်၊ ဆိုတဲ့ ခန္ဓာဖြစ်ပျက် တချက်ချက်ကို တွေ့မြင်ရမယ်၊ အဲဒီ ရုပ်နာမ် အဖြစ်အပျက် အရှိကို အမှန်သိမြင်ရင် သိမြင်တာနဲ့တပြိုင်နက်၊ ဒိဋ္ဌိချုပ်ရတယ်၊ ဒိဋ္ဌိချုပ်တော့ ဥပါဒါန်လဲ ချုပ်တော့တာပဲ၊ ဒိဋ္ဌိဆိုတာ တဏှာဘဲ၊ မာနကလဲ တဏှာထဲ၊ဝင်တယ်၊ ဥပါဒါန် က ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဆိုတဲ့ လေးပါးချုပ်တာကို ပြောတာ၊ ဥပါဒါန်ချုပ်တော့ ဘဝဇာတိစတဲ့ ဒုက္ခတွေ အကုန်ချုပ် တော့တာပဲ။

နောက်ပုဏ္ဏားက ဆက်လက် မေးပြန်တယ်၊ အရှင်ဂေါတမ ဥပါဒါန် ချုပ်ရင် ဘယ်သွားဖြစ်ပါသလဲ၊ အို အဂ္ဂိဝစ္ဆာ၊ ဥပါဒါန်ချုပ်ရင် ဒုက္ခအားလုံး ချုပ်သွားပြီ။

အို – အဂ္ဂိဝစ္ဆာပုဏ္ဏား ရုပ်နာမ်ခန္ဓာတွေ ရှိလို့သာ သတ္တဝါရှိတယ် လို့ဆိုတာ အမှန်စင်စစ်မှာ ရုပ်ရှိ၊ ဝေဒနာရှိ၊ သညာရှိ၊ သင်္ခါရရှိ၊ ဝိဉာဏ်ရှိ၊ ရုပ်တရား၊ နာမ်တရား၊ ခန္ဓာငါးပါးမျှသာ ရှိတယ်။ ဒီ–ရုပ်– နာမ်–ခန္ဓာကလွဲရင် ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ ယောကျ်ား မိန်းမမရှိ၊

ဒါကြောင့် ဥပဒါန်ချုပ်လို့ ခန္ဓာငြိမ်းရင် ဒုက္ခဇာတ်လည်း သိမ်းတော့တာပဲ၊ သံသရာလည်း ဆုံး တော့တာပဲ၊ နောက်ထပ် သံသရာမှာ ကျင်လည်ဘို့ မရှိတော့ဘူး၊ သံသရာ ခရီးသည်တွေ ဥပါဒါန်ချုပ်တဲ့ နောက်သံသရာ ခရီးဆုံးပြီလို့ မှတ်ရမယ်” လို့ ဟောကြား မိန့်မြွက်တော်မူလိုက်တယ်။

ဒါကြောင့် တို့ဒကာတွေ ဥပါဒါန် ချုပ်အောင် ကြိုးစားကြ၊ ဥပါဒါန်ချုပ်ရင် နောက်ခန္ဓာ မလာတော့ဘူး၊ သတ္တဝါ အဖြစ်မလာတော့ဘူး၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်လို့ ခေါ်ဝေါ်မှု လွတ်ကင်းတဲ့ နိဗ္ဗာန်ရ ကြမယ်။

မိမိဟာ ခန္ဓာနဲ့ ဘာတော်သတုန်း– လို့ မေးရင် ငါ့ ကိုယ်တဲ့၊ အဲဒါ ဒိဋ္ဌိပဲ၊ ဒိဋ္ဌိဟာ ဘယ်လောက် ကြောက်စရာ ကောင်းသလဲ၊ ငါမဟုတ်တဲ့ ခန္ဓာ ငါးပါးကို ငါထင်ပြီး ငါလုပ်နေတယ်၊ အမှန်အသိကို ဉာဏ်နဲ့ ကြည့်ရင် ခန္ဓာငါးပါးမှာ –

(၁) ရုပ်အစုဖောက်ပြန်မှု သဘောသက်သက်။
(၂) ဝေဒနာအစုခံစားမှု သဘောသက်သက်။
(၃) သညာအစုခံစားမှု သဘောသက်သက်။
(၄) သင်္ခါရအစုခံစားမှု၊ သဘောသက်သက်။
(၅) ဝိညာဏ်အစု သိမှု သဘောသက်သက်။

မိမိသန္တာန်မှာ အမှန်အရှိက ရုပ်ဖြစ်ပျက်၊ နာမ်ဖြစ်ပျက်ပဲ ရှိတယ်။ ဒီဖြစ်ပျက်ကို ဉာဏ်ဖြင့် မြင်အောင်ရှုကြ၊ ဖြစ်ပျက်မြင်ရင်၊ မျက်စိမြင်ပြီး နားပါပြီ၊ ကိလေသာပါးပြီလို့ မှတ်ကြ၊ မရှုမိပဲနေရင် တဏှာဝင်မယ်၊ ဒိဋ္ဌိဝင်မယ်၊ ရှုနေတော့ တဏှာ – ဒိဋ္ဌိသေမယ်။

ကြိုးစားကြ၊ မဂ်အမြန် ရချင်ရင် သောတပန် အမြန်တည်ချင်ရင် စိတ္တာ နုပဿနာရှု၊ စိတ်ကို ရှုကြ၊ ဘာစိတ်ပေါ်ပေါ်၊ ဖြစ်ပျက်ရှု၊ ကောင်းတဲ့စိတ်၊ မကောင်းတဲ့စိတ် ပေါ်ချင်တာပေါ် ဖြစ်ပျက်သာရှုပါ၊

မလွတ်စေနဲ့ လွတ်ရင် ကိလေသာ ကြားဝင်လာမယ်၊ ကိလေသာ ကြားဝင် လာရင်ကြာမယ်လို့ မှတ်ကြ၊ စားချင်တဲ့ စိတ်၊ အိပ်ချင်တဲ့ စိတ်၊ ပေါ်သမျှ ရှု၊ ကြပ်ကြပ် ရှုရင် ဖြစ်ပြီး ပျက်သွားတာချည်းပဲ မြင်လာမယ်။

ဖြစ်ပျက်ဟာ များများမြင်လေ အဆင့်အတန်းတက်လေ၊ ဉာဏ်ရင့် လာလေပဲ၊ အဲဒီကမှ ဖြစ်ပျက်ကုန်အောင် လိုက်ရမယ်။ ဖြစ်ပျက် မကုန်ရင် ဒီဘဝမပြီးသေးဘူး၊ ဒါကြောင့် ဖြစ်ပျက်ကုန်အောင် လုပ်ကြ၊ ဖြစ်ပျက် ကုန်ဘို့က အမြင်များလို့ ကြိုးစားရှုရင် မကြာခင်မုန်းလာမယ်၊ မုန်းလာရင် မကြာခင်ဆုံးသွားတယ်၊ အဲဒီ အဆုံးမျိုး လေးကြိမ်ပြီးရင် ဖြစ်ပျက်ကုန် တော့တာပဲ။

ဒါဟာ အင်္ဂါဝင်္ဂာပုဏ္ဏားကို ဟောတဲ့ အစိပ္ပါယ်လို့ မှတ်၊ ဖြစ်ပျက်ကုန် ရင် ဥပါဒါန်ကုန်တယ်၊ ဥပါဒါန်ကုန်ရင် နောက်ခန္ဓာ မလာတော့ဘူး၊ သတ္တဝါမဖြစ်တော့ဘူး၊ ရုပ်ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခေါ်ဝေါ် ခြင်းကလွတ်ပြီ၊ လွတ်တာဟာ နိဗ္ဗာန်လို့ ဟောတော်မူတယ်။

ဒို့ဒကာတွေ အတွက်က စိတ်ကို မြင်အောင်ရှု၊ နောက်မုန်း အောင်ရှု၊ နောက်ဆုံးအောင် ရှုကြ၊ ခန္ဓာငါးပါးဆုံးရင် ဆုံးတဲ့အချိန်မှာ နိဗ္ဗာန်တွေ့ ကြမယ်။

❖ ❖ ❖ ❖ ❖ ❖

# "ခန္ဓာဉာဏ်စိုက် သုညဆိုက် တရားတော်"

(၁) **ဓမ္မ၊** ခန္ဓာမှာ ဖြစ်ပေါ်လာဆဲဟာရား။

(၂) **အနုဓမ္မပဋိပတ္တိ၊ ထိုတရားနှင့် လျော်စွာ ကျင့်တဲ့ အကျင့်။**

**ဆောင်ပုဒ်**

တရားဓမ္မာ၊ ခန္ဓာမှာ: မှန်စွာအမြဲရှိ။
ပေါ်လာကြုံခိုက်၊ ဉာဏ်စူးစိုက်၊ အလိုက်နုပတ္တိ။
ပေါ်ဆဲစိတ်စဉ်၊ ရှုစိတ်ဝင်၊ မှန်မြင်ဖြစ်ပျက်သိ။
ရှေ့စိတ်သုည၊ နောက်ဉာဏ်ရ၊ နတ္တဉာဏ် ကဝိ။
ခန္ဓာငါးခွင်၊ သုညမြင်၊ လွတ်စင်သေမင်းမိ။

တို့ ဒကာတွေ ခန္ဓာမှာပေါ်သမျှ ရှုမှတ်ကြလို့ ပြောတော့ ဘယ်အချိန် မှတ်ရမလည်း မေးရင် ပေါ်တဲ့ အချိန်မှတ်လို့ ပြောလိုက်ပါတယ်၊ ခန္ဓာမှာ တရားပေါ်တဲ့အချိန် မှတ်ကြ၊ ဘယ်လိုပေါ်တဲ့ အချိန်လဲ၊ ဓမ္မာနုဓမ္မပဋိပတ္တိတဲ့၊ ဓမ္မကပေါ်လာတဲ့ တရား၊ အနုဓမ္မပဋိပတ္တိက ဒီတရားနဲ့ လျော်တဲ့အကျင့်ပဲ။

ဒီဓမ္မက ပြတဲ့အတိုင်း ရှုမှတ်ရမယ်တဲ့၊ ဓမ္မက တရား၊ အနုက လျော်တဲ့၊ ပဋိပတ္တိက အကျင့်၊ ပေါင်းတော့ ခန္ဓာမှာ ပေါ်တဲ့တရားနဲ့ လျော်အောင် ကျင့်တဲ့ အကျင့်လို့ မှတ်၊ တရားကျင့်တဲ့အခါ ဒါ အရေးအကြီးဆုံး အချက်ပဲလို့ မှတ်ထားကြ၊ တရားက ခန္ဓာမှာ တစ်မျိုးတစ်မျိုး အမြဲ ပေါ်နေတာ၊ ပေါ်တဲ့အခါ ဉာဏ်နဲ့ စိုက်ကြည့်၊ ကြည့်တော့ ဖြစ်၊ ဖြစ်ပြီးပျက်၊ ပျက်သွားတာကို မြင်ရမယ်၊ ဒီတခါ အော် --- ဖြစ်ပြီးပျက်တဲ့ ဖြစ်ပျက် ကိုးလို့ သိလိုက်ရမယ်။

ဒီလိုကျင့်တော့ ဖြစ်ပျက်မြင်ရော၊ ဒီတော့ တရားနဲ့ မလျော်ဘူးလား၊

အမှန်တကယ်အရှိ ရုပ်နာမ်ဖြစ်ပျက်တာကို တကယ်သိတော့ တရားနဲ့ လျော်တာပေါ့၊ ခန္ဓာမှာ ဓမ္မက အချိန်မရွေး ရှိပါတယ်။

ဒါကို ခင်ဗျားတို့က သိဘို့ အရေးကြီးတယ်၊ သိအောင် ဉာဏ်စိုက် ထားကြ၊ ဉာဏ်မစိုက်ရင် အဝိဇ္ဇာ ဝင်မယ်၊ အဝိဇ္ဇာဝင်တာနဲ့ သံသရာစက် အစကနေပြီး မှောင်ကြီး အတိကျတော့မယ်ဆိုတာ မှတ်လိုက်ကြ။

မဇ္ဈိမပဏ္ဏာသပါဠိတော် အဂ္ဂိဝစ္ဆာ ပုဏ္ဏားကို ဟောတဲ့ အချက်မှာ လာရှိတယ်လို့မှတ်၊ ဓမ္မက ဖြစ်ပျက်တရား အနုပဋ္ဌိပတ္တိက လျော်တဲ့ အကျင့်၊ သတ္တဝါတွေ သံသရာရှည်သလောက် ကိလေသာ မကုန်နိုင် တာဟာ ဒီဓမ္မနဲ့ ဒီအနုပဋ္ဌိပတ္တိ မဟပ်မိကြလို့ သံသရာ ရှည်ကြရတာ၊ တစ်ခုနဲ့ တစ်ခု မဟပ်မိလို့ ကိလေသာကြားထိုး၊ ကြားထိုးတော့ နိဗ္ဗာန် မရနိုင်ကြဘူးလို့ ဟောတော်မူတယ်။

ဘုရားဟောတာက ဝိပဿနာအလုပ်၊ ဉာဏ်အလုပ်၊ မဂ္ဂင်အလုပ်၊ တို့ဒကာတွေ လုပ်နေတာက သမထအလုပ်၊ သံသရာရှည်တဲ့ အလုပ်တွေပဲ၊ အဲဒီတော့ ဒီဓမ္မနဲ့ အနုပဋ္ဌိပတ္တိ မဟပ်မိတော့ဘူး၊ ဓမ္မာနုဓမ္မ ပဋ္ဌိပတ္တိ မဟုတ်တော့ဘူး၊ စေတနာက ဟုတ်ပေမဲ့ ဉာဏ်မအုပ်နိုင်တော့ အလုပ် ကမမှန်တော့ဘူး၊ အလုပ်မမှန် အကျင့်မမှန်တော့ သံသရာလမ်း ရှည်ရောက် နေရတာပေါ့၊ ရိပ်မိကြပြီလား။

ဓမ္မာနုဓမ္မပဋ္ဌိပတ္တိ ဖြစ်ဘို့လိုတယ်၊ ဘယ်ဓမ္မလို့ မဆိုဘူး၊ ခန္ဓာမှာ ပေါ်လာတဲ့ စိတ်ဓမ္မ ဖြစ်ဖြစ်၊ ရုပ်–ဓမ္မ ဖြစ်ဖြစ်၊ ပေါ်တာ မလွတ်အောင်ရှု၊ ပေါ်လာ ရင် နောက်က အနုပဋ္ဌိပတ္တိ လိုက်ရမယ်၊ ရှေ့က ဓမ္မ၊ နောက်က အနုပဋ္ဌိပတ္တိ ဖြစ်ရမယ်၊ ဒီလို ညီညွတ်ရင် ဒါဟာ လျော်တဲ့ အကျင့်ပဲ၊ မင်္ဂဖိုလ်ရဘို့ သိပ်မခက်ပါဘူး၊ လျော်အောင် ကျင့်နိုင်ရင် မင်္ဂဖိုလ် မကြာခင် ရမယ်လို့ ဆုံးဖြတ်ချက်ချ။

ဒီလို ရှေ့က ဓမ္မ၊ နောက်က အနုပဋ္ဌိပတ္တိ ဖြစ်အောင် ကျင့်တော့ ကိလေသာ ကြားမတိုးနိုင်ဘူး၊ ကိလေသာ ကြားမတိုးရင် ညအားထုတ်၊ မနက်ရမယ်၊ မနက်က အားထုတ် ညရမယ်လို့ ဟောတော်မူတယ်။

နည်းကောင်းလမ်းမှန်ရရင် ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်၊ သံသရာ ရှိနေဘို့ မလိုဘူး၊ **ခန္ဓာမှာ ပေါ်တဲ့ ဓမ္မက ဖြစ်ပျက်ရှိနေတာ၊ ဒီ– အမှန်ရှိတဲ့ ဖြစ်ပျက်ကို နောက်ဉာဏ်က အမှန်သိပြီး လိုက်နေရမယ်၊ အဲဒီလို လိုက်နေမှ လျော်တဲ့အကျင့်ပဲ၊ ရှေ့က ဖြစ်ပျက်၊ နောက်ကမဂ်၊ ဒီအတိုင်း ကိလေသာ မခြားအောင် လိုက်နိုင်ရင် မကြာခင် မဂ်ရတော့မယ်လို့ မှတ်ကြ။**

**ပေါ်လာတဲ့ ဓမ္မကို ကောင်းတယ်၊ မကောင်းဘူးထင်ရင် ဝိပ္ပလ္လာသ ဝင်မယ်၊ အဲဒါ မလျော်တဲ့ အကျင့် ဖြစ်သွားတာပဲ၊ မလျော်တဲ့ အကျင့်ဖြစ်ရင် ပဋိစ္စသမုပ္ပါဒ် ဆက်သွားပါရော၊ အနုပဋ္ဌိပတ္တိမဝင်မိလို့ ပဋိစ္စသမုပ္ပါဒ် ဆက်ရင် မြုပ်မျောဘို့သာ ပြင်ကြတော့။**

ရှေ့ကတစ်ရှိရင် တစ်ကို သိရမယ်၊ နှစ်ရှိရင် နှစ်ကိုသိ၊ သုံးရှိရင် သုံးကိုသိ၊ သုညရှိရင် သုညသိကြပါ၊ မသိရင် ဖြစ်ပျက် နောက်က ကိလေသာ တောယနေမယ်ဆိုတာ မှတ်ကြ၊ **"သုည"ဆိုတာ ဖြစ်ပျက်ကို ဆိုတာ၊ ရှေ့စိတ်ကိုရှု ဉာဏ်လိုက်တော့ ဖြစ်ပြီး ပျက်သွားတာ တွေ့ရမယ်၊ ဖြစ်ပြီး ပျက်သွားတော့၊ အဲဒီ နေရာမှာ ဘာမှ မကျန်ဘူး "သုညပဲ"ကျန်မယ်၊ အဲဒါကို ဉာဏ်နဲ့ မြင်အောင် ကြည့်ရမယ်လို့ ပြောတာ ရှင်းကြပြီလား။**

ရှေ့က သုည နောက်က လျော်တဲ့ အသိ၊ အဲဒီလို ကိုက်နေရမယ်၊ သုညသိရင် အဲဒီလိုကိုက်ရင် ရှေ့က သုည နောက်ကမဂ်ပဲ၊ တစ်ကို နှစ်ကို မတွေ့စေနဲ့၊ မကြည့်နဲ့၊ ဖြစ်ပျက်သာ တွေ့နေပါစေ၊ ဖြစ်ပျက်သာ ကြည့်ပေးလို့ ဆိုလိုတယ်။

စိတ် စိတ်ချင်း ရှုရင် နောက်ရှုစိတ်ပေါ်ရင် ရှေ့စိတ်သုည ဖြစ်တာပဲ၊ နောက်စိတ်က ဘာလည်းလို့ ကြည့်တော့ "ပျက်ပြီ ပျက်ပြီ ဟော -- ပျက်ပြီလို့ သိမြင်တယ်၊ အဲဒါ သုညပဲ ရှင်းပြီလား။

ဒီအဓိပ္ပါယ်စကားကို ဘုရားက မောဃရာဇမထေရ်ကို ဟော တော်မူတယ်၊ သုတ္တံနိပါတ် ပါဠိတော်မှာ လာတဲ့စကားလို့ မှတ်ကြ၊ ဘုရားက "မောဃရာဇမထေရ်ကို ခန္ဓာသုညဖြစ်အောင် ရှုကြ၊ သုည ဖြစ်အောင် ရှုတော့ အတ္တာနုဒိဋ္ဌိပြုတ်မယ်" လို့ ဟောတယ်။

သုညတော လောကံအဝေက္ခဿု၊ မောဃရာဇသဒါသတော၊ အတ္တာနုဒိဋ္ဌိ၊ ဥဟစ္စ၊ ဧဝံမစ္စုတရောသိယာ ဧဝံလောကံ အဝေက္ခ ္တံ၊ မစ္စုရာဇာနပဿတိ။

အို--မောဃရာဇ--သက္ကာယဒိဋ္ဌိ အယူမှားကြီးကို ပယ်စွန့် နုတ်ပစ်၍၊ ပယ်စွန့် နုတ်ပစ်နိုင်အောင် ဒုက္ခသစ္စာ ခန္ဓာလောကကြီးကို အနှစ်မပါ ဗလာအတိ ဘာမျှမရှိမှန်း သိရအောင် (ဝါ) သုညဖြစ်အောင် အမြဲတန်း သိတိချပ်ကာ ကြည့်ရှုပါလော့၊ ဤသို့ကြည့်၍ အမှန်သိခဲ့သော် သေခြင်းမှ လွတ်မြောက်ပေရာ၏။

ဒါကြောင့် ဘာစိတ်ပေါ်ပေါ် ပေါ်လာသမျှရှု၊ ရှုတော့ တစ် ဖြစ်၊ နှစ် ပျက် တကယ်ရှုတော့ တစ် နှစ် မတွေ့ရတော့ဘူး၊ သုညပဲတွေ့ရမယ် အဲဒီလို တွေ့ရတဲ့ ဉာဏ်ဟာ အနတ္တဉာဏ်ပဲ၊ သုညတွေ့မှ အနတ္တ ဉာဏ်ရမယ်လို့ မှတ်ကြ။

ခန္ဓာငါးပါးကို သုညဖြစ်အောင် လုပ်ကြ၊ ခန္ဓာငါးပါး သုည ဖြစ်အောင် လုပ်နိုင်ရင် နောက်က သေမင်းကို ကျေးဇူးပြုမယ့် တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ စတဲ့ တရားတွေ မလာတော့ဘူး၊ ဝိသုဒ္ဓိမဂ်မှာ "ဟုတွာအဘာဝ တ္တေနအနိစ္စံ"လို့ ဆိုတယ်၊ ဖြစ်ပြီးမရှိတော့ဘူးတဲ့၊

အဲဒါ အနိစ္စပဲတဲ့၊ ဖြစ်ပြီးဘာမှ မရှိတော့ဒါ သုညပဲ၊ ဘာမှမရှိရင် သုညပဲရှိဒါပေါ့။

ခန္ဓာမှာ ဉာဏ်နဲ့ ရှာကြည့်ရင် ဘာမှမရှိပါဘူး၊ ငါမရှိ၊ ငါဥစ္စာမရှိ၊ တကယ်အရှိက ဖြစ်ပျက်၊ အပျက်ပဲရှိတာ၊ သုညပဲ ရှိတာပါပဲ၊ အဲဒီသုည မြင်အောင် ကြည့်ကြ၊ ကြိုးစား အားထုတ်ကြပါလို့ အလေးအနက် တိုက်တွန်း လိုက်ပါတယ်။

❖ ❖ ❖ ❖ ❖ ❖

## "ဒိဋ္ဌိ သစ်ငုတ် အမြစ်ဖြုတ် တရားတော်"

**သတိချပ်**

ဘဝသံသရာ၊ ကျင်လည်ခါ၊ များစွာ မှောက်မှားရှိ။
ဒိဋ္ဌိအယူ၊ စွဲဝင်သူ၊ ဘယ်မူမလွတ်ဘိ။
သံသရာ သစ်ငုတ်၊ ဝဲဇလုတ်၊ နစ်မြုပ်လား ဝိစိ။
ကြုံကြိုက်တုန်းမှာ၊ ဒိဋ္ဌိခွါ၊ ပါယ်ရွာလွတ်လမ်းရှိ။
ဒိဋ္ဌိကွာစင်၊ တရားဝင်၊ မြန်လျှင် မဂ်ရ၏။
ဒိဋ္ဌိတန်းလန်း၊ တရားလမ်း အလှမ်းကွာလှ၏။

ဒီကနေ့ ဒိဋ္ဌိသတ် တရား ဟောရမယ်၊ ပေါ့ပေါ့တန်တန် မမှတ်ကြနဲ့လို့ ကြိုတင် သတိပေးလိုက်ပါတယ်၊ ဒီနေ့ ပထမ ဒိဋ္ဌိ ပြုတ်အောင် ဟောရမယ်၊ နောက် ဒိဋ္ဌိ ပြုတ်ပြီး၊ သောတပန် ဖြစ်အောင် ဟောမယ်။

ဘုရားရှင် ပွင့်တော်မမူခင် အခါက ဒိဋ္ဌိချည်းပဲ များတယ်၊ ဘုရားပွင့်တော့ ဒိဋ္ဌိတော ရှင်းနေရတာက အကြာကြီးပဲ၊ ဒိဋ္ဌိတော ရှင်းလင်းနေရတာနဲ့ အချိန်တွေ အများကြီး ကုန်သွားတယ်လို့ ဆိုနိုင်တယ်၊ အခု တို့ဒကာတွေ အတွက်လည်း ပထမ ဒိဋ္ဌိတောကို ရှင်းပစ်ရလိမ့်မယ်၊ ဒုတိယ တဏှာတောကို ရှင်းရမယ်လို့ မှတ်ကြ။

အခုနေမှာ ခင်ဗျားတို့ တတွေက ရှင်းချင်ရာ ရှင်းနေကြတော့ လိုရင်း မရောက်ကြဘူး၊ **ပထမရှင်းရမဲ့ ဒိဋ္ဌိကို ဒုတိယ၊ ဒုတိယ ရှင်းရမယ့် တဏှာကို ပထမ လုပ်နေတော့ အရင်ဟာက နောက်၊ နောက်ဟာက အရင် ဖြစ်နေကြတယ် ဒီလိုပြောင်းပြန် ဖြစ်နေတော့ တရားမရကြဘူး၊ တရားမရနိုင်ကြတော့ ပါရမီလှည့် ချကြတယ်။**

သာဝကဉာဏ်အရာမှာ ပါရမီမဆိုနဲ့ ပါရမီမလိုဘူး၊ ပါရမီက ရှိကြပြီးသား လူအဖြစ်ကိုလည်း ရနေကြပြီ၊ သာသနာနဲ့လည်း ကြုံနေပြီ၊ ထောင်နိုင်တဲ့ နားလည်း ပါကြတယ်၊ **ဒါတွေပြည့်စုံရက်နဲ့ တရားမရတာဟာ ကျင့်စဉ်မမှန်လို့ မရကြတာပဲလို့ ဆုံးဖြတ်ချက်ချ၊** ကျင့်စဉ်မမှန်ရင် ဘယ်အခါမှ နိဗ္ဗာန်မရနိုင်ကြဘူး၊ ကျင့်စဉ်မှန်မှ နိဗ္ဗာန်ရကြမယ်။

သုံးဆဲ့နှစ် ကောဋ္ဌာသ ဆိုတဲ့ အကျင့်တချို့ ကျင့်ကြတယ်၊ သုံးဆဲ့နှစ် ကောဋ္ဌာသ အကျင့်က တဏှာသတ်တရား၊ တဏှာသတ်ဘို့ အချိန်မဟုတ်ပဲ၊ တဏှာ သတ်နေတော့ အကျင့်လွဲနေတာပေါ့ ဒါနဲ့ပဲ သူများ ပါးစပ်ဖျား လမ်းဆုံးနေကြရတယ်။

**ပထမ သောတာပန် ဖြစ်ဘို့ ဒိဋ္ဌိသတ်ရမယ်၊ ဒိဋ္ဌိသေပြီးတဲ့နောက်မှ တဏှာ သတ်ရမယ် အဲဒီ–ဓမ္မသဘာဝ အစဉ်ကို ဖောက်ထိုးမိုးမျှော် ထင်ရာ လုပ်နေတော့ ခရီးမရောက်တော့ဘူး။**

ဘုရားလက်ထက်က ယမကဆိုတဲ့ ရဟန်းတစ်ပါး ရှိတယ်၊ အဲဒီ ယမက ရဟန်းက ရဟန္တာသေရင် ပြတ်တယ်လို့ ယူတဲ့ ဥစ္ဆေဒ အယူ ရှိနေတယ်တဲ့၊ ခန္ဓသံယုတ် ပါဠိတော် ယမကသုတ်မှာ ပါတယ်။

"တထာဟံ ဘဂဝတာ ဒေသိတံ ဓမ္မံ အာဇာနာမိ"

"ဘုရား ဟောတဲ့ အတိုင်း ငါသိပါတယ်တဲ့"

"ယထာခီဏာသဝေါဘိက္ခု၊ ကာယဿ ဘေဒါဥစ္ဆိဇ္ဇတိန ဟောတိပရံမရဏာ"

"ရဟန္တာ သေရင် ပြတ်တယ်၊ ပျောက်သွား ဒါပဲ သေပြီးတဲ့နောက် မဖြစ်တော့ဘူးတဲ့" အဲဒီလို မိစ္ဆာဒိဋ္ဌိ အယူရှိပြီး နေတယ်။

သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ အရှင်သာရိပုတ္တရာ မထေရ် သီတင်းသုံးနေတဲ့အခါ ဖြစ်တယ်၊ အဲဒီအခါမှာ ယမက

ရဟန်းက သူ့ အယူရှိတဲ့အတိုင်း၊ သီတင်းသုံးဘက်ဖြစ်တဲ့ ရဟန်းတော်များကို လှည့်ပြီး ပြောဆိုနေတယ်တဲ့၊ ဘုရား ဟောဒါ ငါသိပါတယ်၊ ရဟန္တာ သေရင် ပြတ်တယ်၊ နောက်မဖြစ်တော့ဘူး၊ တခါထဲ ပျောက်သွားဒါပဲတဲ့၊ ဘုရားက ဒီလို ဟောတယ်ဆိုပြီး ဝါဒလယ်ဖြန့်နေတယ်တဲ့။

ဒါနဲ့ သီတင်းသုံးဘော် ရဟန်းတော်တွေက အဲဒီယမက ရဟန်းကို ဝိုင်းဝန်း တားမြစ်ဆုံးမ ကြတယ် "ငါ့ရှင်ယမက ဒီလို မပြော မဟောပါနဲ့တဲ့၊ ဘုရားက ဒီလို မဟောဘူး"ဆိုပြီး အကြိမ်ကြိမ် ဆုံးမတားမြစ်ကြပေမယ့် နားမထောင်ဘူးတဲ့၊ အဲဒီလို ပြောဆိုဆုံးမလို့ မရနိုင်ကြတာနဲ့၊ အရှင်သာရိပုတ္တရာ မထေရ်ထံ သွားရောက် လျှောက်ထားကြတယ်၊ ဒီတော့ အရှင်သာရိ ပုတ္တရာ မထေရ်က "ငါ့ရှင်ယာမက အသင်ဟာ ဒီလို မိစ္ဆာအယူ ရှိပြီး ဒီအတိုင်း လယ်ပြောနေတယ်လို့ ရဟန်းများ ပြောပြလို့ သိရတယ် ဒီကြားတဲ့အတိုင်း မှန်သလား။

"မှန်လှပါ ရဟန်းများ လျှောက်ထားသည့် အတိုင်းပင် အမှန်ဖြစ်ပါသည် ဘုရား"

"ဒါဖြင့် ငါ့ရှင်ကို မေးမယ်၊ သေသေချာချာ စဉ်းစားပြီး သင့်ဉာဏ် မြင်တဲ့အတိုင်း ဖြေဆိုစမ်းလော့"

"မှန်လှပါ ဉာဏ်မှီသမျှ ဖြေဆိုပါ့မည် ဘုရား"

"ငါ့ရှင် ယမက ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါး ရုပ်တရား၊ နာမ်တရားတွေဟာ မြဲသလား၊ မမြဲဘူးလား။

"မမြဲတဲ့ အနိစ္စ စင်စစ် အမှန်ပင် ဖြစ်ပါသည်ဘုရား"

"ဒီအမြဲတဲ့ အနိစ္စ ငါးပါးကို သုခလို့ ဆိုရမလား၊ ဒုက္ခလို့ ဆိုရမလား"

"မှန်လှပါ မမြဲတဲ့ သဘောဟာ ဒုက္ခ စင်စစ်ပင် ဖြစ်ပါသည် ဘုရား"
"ဒီမမြဲလို့ ဒုက္ခ အမှန်ဖြစ်တဲ့ ခန္ဓာငါးပါးကို ငါ့အတ္တပဲ ငါ့ကိုယ်ပဲလို့ စွဲယူသင့်သလား"
"မမြဲလို့ ဆင်းရဲတဲ့ သဘောဖြစ်တဲ့ အတွက် ငါ့အတ္တ၊ ငါ့ကိုယ်ပဲလို့ စွဲယူစရာမရှိပါဘုရား"

"ဒီဒုက္ခ စင်စစ်ဖြစ်တဲ့အတွက် ငါ့အတ္တပဲလို့ စွဲယူဘို့ရာ မသင့်ဇဲ့ ခန္ဓာငါးပါးကို ပုဂ္ဂိုလ် ဆိုထိုက်သလား၊" "သတ္တဝါဆို ထိုက်မလား"

"ဒီခန္ဓာငါးပါးကို ပုဂ္ဂိုလ် သတ္တဝါ ဘာတစ်ခုမျှ ဆိုစရာမရှိ မဆိုထိုက် ပါဘုရား"

ဒါဖြင့် – ငါ့ရှင် ယမက ခန္ဓာငါးပါးဟာ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါက တစ်ခြား၊ ခန္ဓာငါးပါးက တစ်ခြားလို့ကော ဆိုမလား"

"အဲဒီလိုလဲ မဆိုရပါဘုရား"

"ဒါဖြင့် ခန္ဓာငါးပါးမှာ ပုဂ္ဂိုလ်သတ္တဝါ တည်ရှိနေတယ်လို့ ကော ယူဆထိုက်သလား"

"အဲဒီလို မယူဆထိုက်ပါဘုရား"

"ငါ့ရှင် ယမက ခန္ဓာငါးပါးဟာ ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ခန္ဓာငါး ပါးက အလွတ်မှာ ပုဂ္ဂိုလ်သတ္တဝါလို့လည်း မရှိ၊ ဒီလို ပုဂ္ဂိုလ်သတ္တဝါ ဆိုစရာမရှိ၊ စင်စစ် မရှိရိုး မှန်ပါလျှင် ရဟန္တာပုဂ္ဂိုလ် သေရင် ပြတ်တယ်လို့ အသင်ယူတဲ့ အယူဝါဒဟာ သင့်မြတ်မှန်ကန်ပါသလား။

"မှန်လှပါဘုရား၊ တပည့်တော် ရှေးက မလိမ္မာလို့–ယူမိပါသည်၊ သည်းခံတော်မူပါ ဘုရား၊ ယခု အရှင်ဘုရားရဲ့ ကျေးဇူးတော်ကြောင့် အရှင်ဘုရား၏ တရားစကားကို ကြားနာရသဖြင့် မိစ္ဆာအယူလည်း ပျောက်ကင်းပါပြီ၊ တရားအထူးကိုလည်း သိမြင်ရပါပြီဘုရား"

ကောင်းပါပြီ ဒါဖြင့်ရဟန္တာ ပုဂ္ဂိုလ် သေရင် ဘယ်လို ဖြစ်သလဲလို့ ငါ့ရှင်ကို သူများတွေက မေးခဲ့ကြရင် ဘယ်လိုပြောမလဲ”

ခန္ဓာငါးပါး သာပဲရှိလို့ ခန္ဓာငါးပါးမှာလည်း ရုပ်ခန္ဓာတစ်ပါး၊ နာမ်ခန္ဓာ (၄)ပါးပဲရှိတဲ့ ရုပ် နာမ်တရားဟာ မမြဲတဲ့ အနိစ္စ မျိုးသာ အမှန် ဖြစ်တယ်၊ အနိစ္စမျိုး ဟူသမျှ ဒုက္ခမျိုးသာ အမှန်ဖြစ်တယ်၊ ပုဂ္ဂိုလ်သတ္တဝါ ရဟန္တာလို့ဆိုစရာမရှိ၊ တကယ်ဆိုစရာ ရဟန္တာရယ်လို့ မရှိတော့ ရဟန္တာ သေတယ်လို့လည်း ဆိုစရာမရှိ၊ သေပြီးတဲ့နောက် ပြတ်တယ်၊ မပြတ်ဘူး လို့လည်း ဆိုစရာမရှိ၊ ဒုက္ခမျိုးအမှန်ဖြစ်တဲ့ ခန္ဓာငါးပါးသာ ချုပ်ဆုံး သွားတာပဲ၊ ခန္ဓာငါးပါးသာ ကွယ်ပျောက်သွားတဲ့ သဘောပဲ”လို့ ပြောကြား ပါမည် ဘုရား”

“သာဓုသာဓု ငါ့ရှင် ယမက၊ ကောင်းလေစွ ကောင်းလေစွ” ဒီလို အရှင်သာရိပုတ္တရာ မထေရ်က ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပြီး ဓေတဝန်ကျောင်း ပြန်ကြွတော်မူတယ်။

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးခု ရုပ်နာမ် အစုဟာ အမြဲတန်း ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်နဲ့ အမှန်အရှိက ဖြစ်ပျက်ပဲ ရှိနေတာ၊ ဒီဖြစ်ပျက် အနိစ္စအချက်ကို ပိုင်နိုင်ရင် ဒုက္ခအချက်ပိုင်မယ် ဒုက္ခ အချက်ပိုင်ရင် အနတ္တ အချက်ပိုင်မယ်၊ အနတ္တအချက် ပိုင်ရင် အတ္တဒိဋ္ဌိ၊ ပုဂ္ဂလဒိဋ္ဌိကွာရော၊ အတ္တဒိဋ္ဌိကွာတော့ ရဟန္တာရယ်လို့ တကယ်မရှိတဲ့ အဖြစ်ကို မြင်သိလာမယ်၊ ဒီလို သိမြင်လာတော့ သေပြီးတဲ့နောက် ပြတ်တယ်ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ လည်း ပြုတ်တော့တာပဲ၊ နဂိုကမှ ပုဂ္ဂိုလ်၊ ရဟန္တာလို့ အဟုတ် မရှိတာမို့ သေရင် ပြတ်တယ်၊ မပြတ်ဘူးလို့ ဆိုစရာ မရှိတော့ဘူးပေါ့။

ဒီအခုပြောတဲ့ ဆက်မှား၊ ပြတ်မှား ဆိုတဲ့ မိစ္ဆာအယူတွေ မိမိ သန္တာန်မှာ ရှိနေသလား၊ မရှိဘူးလား၊ ကိုယ်တိုင် ဆန်းစစ်ပြီး ကြည့်ကြ၊ တကယ်လို့များ ရှိနေသေးရင်၊ မကွာ ကွာအောင် ခွာထုတ်ပြစ်ကြ၊

ဒီသဿတ ဥစ္ဆေဒစတဲ့ အယူမျိုးတွေ ရှိနေရင် မဂ်လမ်း ဖိုလ်လမ်းနဲ့ ဖီလာ သွားမယ်။

ဒိဋ္ဌိကွာအောင် ဘယ်လိုလုပ်ရမလဲ၊ အကြောင်း ကြောင့် အကျိုး ဖြစ်တယ်၊ အကြောင်းတရားက ပြုပြင်လို့ အကျိုးတရား ပေါ်လာတယ်၊ နောက်ဘဝက မသိလို့ အမျိုးမျိုးတွေ လုပ်ခဲ့ကြတယ်၊ အဲဒီအမျိုးမျိုး လုပ်ခဲ့တဲ့ အကြောင်းကြောင့် ဒီဘဝမှာဝိညာဏ် ပေါ်လာတယ်၊ ဒီဝိညာဏ် ကြောင့်၊ နာမ်ရုပ်ပေါ်၊ အဲဒီလို သန္တတိ အဆက်ဆက်ဖြစ်ပြီး ချုပ်နေ တာပဲရှိတယ် ဒီလိုသိရင် ဥစ္ဆေဒဒိဋ္ဌိပြုတ်မယ်။

ယမက ရဟန်းရဲ့ ဒီနေရာမှာ သန္တတိရဖြစ်ပြီး ချုပ်တာပဲရှိတယ်၊ ရဟန္တာ သေတာရယ်လို့ မရှိဘူး၊ **ရှေ့သန္တတိ ဖြစ်ပြီး ချုပ်၊ နောက်သန္တတိ ဖြစ်ပြီး ချုပ်၊ ဒီလို ရုပ်နာမ် သန္တတိ အဆက်ဆက် ဖြစ်ချုပ်တွေပဲ ရှိတယ်၊ သန္တတိချုပ်ဆိုတာ ဒုက္ခအစုချုပ်တာ ရဟန္တာ သေတာမဟုတ်၊** ဒုက္ခအစုတွေ ချုပ်တာပဲ တကယ် ရှိတယ်လို့ သိရင် ဒိဋ္ဌိစင်ပြီဆိုတာ မှတ်ကြ။

**"သန္တတိ ဒုက္ခအစုချုပ်တော့ အသစ်တ သုခရတယ်၊ သန္တတိ ဒုက္ခ အစုတွေက လွန်မြောက်ပြီ အသစ်တသုခဆိုတဲ့ ဒီဘက် ကူးသွား တယ်လို့ မှတ်ထားကြ"**

တို့ဒကာတွေ ပြောတတ်ရာတယ် သိရင်ပြီးရော၊ သိရင်ပြီးတာပဲ၊ ဘာမှ မလိုတော့ဘူးတဲ့။ အသိပြုတ်ရုံနဲ့ အပါယ် စိတ်မချရဘူးလို့ မြဲမြဲ မှတ်၊ အသိကလေးနဲ့ မရ၊ အကျင့်နဲ့ ဖြတ်နိုင်မှသာ သေချာမယ်၊ ဝါးလုံးခေါင်းထဲ လ သာပြီး ကိုယ်အသိကလေးနဲ့ ကိုယ်တော်သေးရဲ့ အောက်မေ့ပြီး ကျေနပ်မနေကြနဲ့ **"လောကထဲမှာ သန္တတိ ဒုက္ခနဲ့ နေကြရလို့၊ သတ္တဝါ မှန်သမျှ အားလုံး လူဆင်းရဲချည်းပဲဆိုတာ သိထားကြပါ" သဘောပါကြပလား၊ ကဲကြိုးစားကြ။**

## "ညှော်သည် အိမ်သည် ဉာဏ်ဝန်းချယ်တရားတော်"

**ဆောင်ပုဒ်**

ညှော်သယ်၊ အိမ်သယ်၊ ဂိတ်နှစ်သွယ်၊ ကိုယ်ဗယ်အမြဲလှည့်။
အကြောင်း တိုက်ခါ၊ ပေါ်ထွက်လာ၊ စိတ်မှာ ညှော်သယ်ချည့်။
ရှုရုံက်စိတ်မှာ၊ အိမ်သယ်သာ၊ မှန်စွာ မြဲတည်ဘိ။
ညှော်သယ်ခြောက်ယောက်၊ စိတ်ကြံပေါက်၊ လာရောက်ခိုဝင်၏။
ညှော်သည်ထွက်ဝင်၊ သတိယှဉ်၊ ဉာဏ်မြင်ရှုမှတ်ကြည့်။
အရှုများခါ၊ ပျက်မြင်လာ ပြုတ်ကွာမျိုးဒိဋ္ဌိ။

ဒီကနေ့ ဒိဋ္ဌိကွာဘို့ လုပ်ငန်းစဉ်ကို ပြောရမယ်၊ ပထမဆုံး အနေနဲ့ ဒိဋ္ဌိ ကိုခွာပစ်ရမယ်၊ ဒိဋ္ဌိကွာအောင် ဘာလုပ်ရမလဲ**"ဒိဋ္ဌိကွာအောင် စိတ္တာနုပဿနာရှုကြလို့ ပြောလိုက်ပါတယ်၊ "သမ္မောအဠကထာ" က စိတ္တာနုပဿနာဟာ ဒိဋ္ဌိ ကွာစေတယ်လို့ ဖွင့်ဆို ထားတယ်၊ အရှင်အာနန္ဒာ ကလည်း "ပေဋကောပဒေသ"မှာ ဒီအတိုင်း ဟောခဲ့တယ်လို့ မှတ်ကြ။**

အရှင် သာရိပုတ္တရာမထေရ်ကလည်း

"ကာမမိမံ သမ္မသလ၊ ပရိဇာနာထပုနပ္ပုနံ။
ကာယေသဘာဝံ ဝိဒိတွာန၊ ဒုက္ခဿန္တံကရိဿထ" လို့ ဟောတော် မူတယ်။

မိလိန္ဒပဉ္စပါဠိတော်မှာလည်း ဒီအတိုင်းဟောခဲ့တာပဲ

**ဒိဋ္ဌိကွာချင်ရင် မိမိခန္ဓာမှာ စိတ်စိုက်ထား၊ ဘေးက ဘာစိတ် လာလာ ဖြစ်ပျက်ရှု၊ အရှုပွားများရင် ဉာဏ်ထက်သလောက် အမြင်စင်ကြယ်မယ်၊ စင်ကြယ်ရင် ခန္ဓာကိုယ်ရဲ့ သဘောအမှန် (ဝါ)**

**အဖြစ်နဲ့ အပျက်ပဲရှိတယ် ဆိုတဲ့ သဘောမှန်ကို ဉာဏ်နဲ့ ကေန် သိမြင်လာမယ်၊ ဒီလို အမှန်သိရင် ဒုက္ခဆုံးရင် နိဗ္ဗာန်ရတော့မယ်ဆိုတာ သေချာပြီလို့ မှတ်လိုက်ကြ၊** သဘောပါကြရဲ့လား။ ဒိဋ္ဌိသေတာကို ပြောတာပဲ။

တို့ဒကာတွေ ခန္ဓာငါးပါး ရှိတယ်ဆိုတာ သိကြပြီ၊ အဲဒီငါးပါး ထဲက ဝိညာဏက္ခန္ဓာဆိုတဲ့ စိတ်ကို ကြည့်ရမယ်၊ အဲဒီစိတ်ဟာလည်း ဧည့်သည်စိတ် နဲ့ အိမ်သယ်စိတ်လို့ ကိုယ့်သန္တာန်မှာ နှစ်မျိုးရှိတယ်လို့ မှတ်ထားကြ။

အကြောင်းတခုခု တိုက်ဆိုင်မှ ပေါ်လာတဲ့စိတ်ကို ဧည့်သည်စိတ်၊ ပင်ကိုယ် သဘာဝရှိနေတဲ့ စိတ်ကို အိမ်သည် စိတ်လို့မှတ်၊ ဧည့်သည် စိတ်ချုပ် သွားတော့၊ အိမ်သည်စိတ်နဲ့ အသက်ရှင် နေရတယ်၊ ရှုထုတ်တဲ့ စိတ်၊ ရှိုက်သွင်းတဲ့စိတ် ဆိုတဲ့ ရှု၊ ရှိုက်စိတ်ဟာ အိမ်သည်စိတ်ပဲ၊ သူက အမြဲထာဝရ ဖြစ်ချုပ်၊ ဖြစ်ချုပ်နဲ့ နေတဲ့စိတ်ပါပဲ၊ ရှုဟဲ့ ရှုဟဲ့ ဆိုတော့ ရှုလိုက်ကြ ရမ်းရှုမနေကြနဲ့၊ ရှုတဲ့အခါ ဧည့်သည် ဧည့်သည် စိတ်ချင်း ရှုရမယ်လို့ မှတ်ထားကြ။

ကိုယ့် သန္တာန်မှာ အလယ်လာတဲ့စိတ်ကို ဆရာက ပေးတဲ့စိတ်နဲ့ ရှုကြ၊ ဧည့်သည်တွေ အမျိုးမျိုးလာမယ်၊ ဘာလာလာ လာသမျှ မလွတ်တန်းရှု၊ ဧည့်သည်လာရင် အလွန်ဆုံး ခြောက်ယောက်ပါပဲ၊ ဒီအထဲက ဘယ်သူ လာမယ် မသိဘူး၊ တစ်ယောက် ယောက်ကတော့ အမြဲလာမှာပဲ၊ လာတဲ့ အခါသာ ကျောလှည့်မနေနဲ့၊ ကျောပေး မနေဘဲ၊ အသိအမှတ်ပြုလိုက်ပါ၊ အဲဒါဟာ ပဇာနာတိ လုပ်လိုက်ပါလို့ ပြောတာပဲ' စားချင်စိတ်ကလေး ပေါ်လာရင်၊ "သရာဂံစိတ္တံသရာဂစိတ္တန္တိပဇာနာတိ" စားချင်စိတ် ဖြစ်ပျက်လို့ သိလိုက်ပါလို့ ပြောတာပဲ။

**ကျောပေးနေမိရင် မိစ္ဆာမဂ္ဂင်ငါးပါးနဲ့ ကျောပေးတာပဲ "ဧည့်သည်**

**စိတ်ဝင်လာသိရင် သမ္မာမဂ္ဂင်ငါးပါး ဖြစ်ပြီလို့ မှတ်ကြ၊ မိစ္ဆာမဂ်ဆိုတာ မိစ္ဆာဒိဋ္ဌိပဲ၊ ဩဲ့သည်စိတ် ဝင်လာတာ မသိလိုက်တော့၊ မသိလို့ အဝိဇ္ဇာလာ၊ လာတော့ သံသရာလယ်ရော၊ ဒီတော့ သံသရာ မလယ်ရအောင် ဩဲ့သည်လာသမျှ အသိအမှတ်ပြုကြဘို့ မမေ့နဲ့၊ မသိလိုက်ဘူး ဆိုရင် အလွန် ဆိုးဝါးသွားမယ်။**

**ကိုယ့်စိတ် ကိုယ်မသိတဲ့သူဟာ ဘယ်လိုလူတုန်း၊ ကိုယ့်စိတ်မှ ကိုယ်မသိဘူးဆိုတာ အရူးမို့ပဲ၊ ဒီထက် နာနာပြောရရင် အပါယ်သွားမယ့် လူပဲလို့ မှတ်လိုက်ကြ၊ ကျောပေးနေဒါဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ကျောပေးတာပဲ၊ ဒီတော့ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်မရနိုင် တော့ဘူးပေါ့၊ သဘောပါပြီလား။**

**ပေါ်လာတဲ့ ဩဲ့သည် ကျောပေးတာ မသိလို့ ကျောပေးတာ၊ ကျောပေးတာ အဝိဇ္ဇာပဲ၊ အဝိဇ္ဇာ ဖြစ်တော့ သင်္ခါရ ဖြစ်ရော၊ သင်္ခါရ ဖြစ်တော့ ပဋိသန္ဓေဝိဉာဏ်လာမယ်၊ အဲဒီ ပဋိသန္ဓေဝိဉာဏ်ဟာ အပါယ် ပဋိသန္ဓေ ဝိဉာဏ်ပဲ ဆိုတာ မှတ်လိုက်ကြ၊** ဒါကြောင့် ဩဲ့သည်လာရင် လာတာ သိရမယ်၊ သိတော့ ဘုရားပေးတဲ့ စိတ်နဲ့ သိရမယ်၊ သိလိုက်ရင် နောက်ကံ မဆက်တော့ဘူး၊ နောက် ကံမဆက်ရင် သံသရာစက်ပြတ်က ရော ရှင်းကြပြီလား။ ဒါကြောင့် လာသမျှ မသိလိုက်မရှိစေနဲ့ သိအောင် ဂရုစိုက်ကြ၊ ဒါမှ သံသရာ ဒုက္ခစက်ပြတ်မှာ။

မိမိခန္ဓာမှာ သတိကပ်ပြီး ဉာဏ်နဲ့ စိုက်ကြည့်၊ ကြည့်တော့ ဝိညာဏက္ခန္ဓာ ဆိုတဲ့ စိတ်ကိုကြည့်၊ ကြည့်ရင် ဖြစ်လာတာလည်း မြင်ရမယ်၊ ပျက်သွားတာလည်း မြင်ရမယ်၊ ဘာစိတ်ပေါ်ပေါ် ပေါ်ချင်တာပေါ် ပေါ်သမျှ မလွတ်အောင် ကြည့်ပေး၊ မလွတ်ဘို့က ကိုယ့်တာဝန်၊ အကြည့်များလာရင် အဖြစ်နဲ့ အပျက်ပဲမြင်ရမယ်၊ အမှန်အရှိက အဖြစ်နဲ့ အပျက်ပဲရှိတယ် **"ဒီဖြစ်ပျက်မြင်ရင် အမြင်မှန် ကျလာပြီး၊ သမ္မာဒိဋ္ဌိ အမြင်ရပြီ"**

**ပျက်သွားတာ မြင်တိုင်း ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်လို့ ရှုပေးကြ၊ ဒါက ဒိဋ္ဌိသတ်ဘို့ ရှုရတာ၊ ပျက်တိုင်း ပျက်တိုင်းအရှိနဲ့ အသိကိုက် အောင်ကြည့် "ကြည့်တဲ့အခါ အရှိနဲ့ အသိကိုက်ရင် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ ဆိုတဲ့ မဂ္ဂင်ငါးပါးရမယ်၊ အကြည့်များလာရင် ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်တဲ့ အဖြစ် အမြင်များလာမယ်၊ အမြင်များလာပြီး နောက်မုန်းလာမယ်၊ မုန်းလာပြီး မကြာခင် ခန္ဓာဆုံးတော့ တာပဲ၊ ခန္ဓာဆုံးရင် နိဗ္ဗာန်တွေ့ပြီလို့ မှတ်ကြ၊ အဲဒါမဂ္ဂင်ရှစ်ပါး ပြည့်ပြီ၊ သောတာပန် တည်ပြီလို့မှတ်"** သောတာပန် ဟည်တာနဲ့ အပါယ်နဲ့ အိုးစားကွဲပြီ အပ္ပါယ်ပဋိသန္ဓေ မလာတော့ဘူး ရှင်းကြပြီလား။

သက္ကာယဒိဋ္ဌိဂါမ် အနာဂါမ်တည်ချင်ရင် ဒီနည်းနဲ့ မရှုရဘူး၊ သောတာပန် တည်ချင်ရင် ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်လို့ ပျက်တာပဲလို့ ဉာဏ်ရောက် အောင်ရှု၊ ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်လို့ ပျက်တာပဲလို့ ရှုပါများတော့၊ မုန်းစရာပဲလို့ မြင်လာမယ်၊ မုန်းရာကနေဆုံးရင် ကောင်းမှာပဲလို့ ဉာဏ် ရောက်လာမယ်၊ နောက်မကြာခင် ဆုံးရာ မြင်ပြီး နိဗ္ဗာန်မျက်မှောက် ပြုရတော့တာပဲ။

**အထက်ဉာဏ်ကျတော့ ခန္ဓာငါးပါးဟာ ရန်သူတွေပဲ၊ သူသတ် ယောက်ျားတွေပဲ ဆိုတာ မြင်အောင် ကြည့်ရမယ်။ အဲဒါတဏှာ သတ်နည်း ပဲလို့ မှတ်ကြ၊** တဏှာဆိုတဲ့ သဘောဟာ ခင်တတ်တဲ့သူထံ မှသာ ဝင်နိုင်တယ်၊ မခင်တတ်သူဆီမှာ တဏှာမလာနိုင်ဘူး၊ ခင်မင်တတ်တဲ့ သူဆိုရင် ရန်သူဝင်နိုင်တယ်၊ သူဌေးသား ဥပမာ သဘောကို ကြည့်ကြ။

ခန္ဓာငါးပါးက လှည့်ပြီးသတ်နေကြတယ်၊ ဟောလူတစ်ယောက် ဝမ်းရောလို့ သေပြန်ပြီးတဲ့၊ အဲဒါ ရူပက္ခန္ဓာက သတ်လိုက်တာ၊ အနာပေါက် လို့ သေတယ်ဆိုတာ ဝေဒနာ က္ခန္ဓာက သတ်လိုက်တာ၊ အစားမှားလို့တဲ့ တစ်လောင်း သေပြန်ပေါ့ဆိုတာ သညာက္ခန္ဓာရဲ့ လက်ချက်ပဲ၊ သင်္ခါရ

ကန္ဒာက သတ်တော့ အသွားမှားလို့ သေရပြနတယ် ဝိညာဏကန္ဒာက သတ်ပြန်တော့ စိတ်ညစ်လို့ သေရှာရတယ်၊ ဘယ် နည်းနဲ့ သေသေ ဒီသူသတ် ငါးယောက် လက်ချက်ချည်းပဲလို့ မှတ် လိုက်ကြ။

ဘုရားရဟန္တာများဟာ ဒီခန္ဓာရဲ့ အပြစ်မြင်နေတော့ ဝင်္ဋမခံချင်ကြဘူး၊ ခန္ဓာဝင်္ဋက ကျွတ်လွတ်ချင်နေကြတာပဲ၊ ဒီခန္ဓာနဲ့ ပတ်သက်ပြီး ဝေယျာဝစ မလုပ်ချင်တော့ဘူး၊ ဒါ ဘာကြောင့်လဲ၊ တကယ်ချမ်းသာရာ အစစ် ဖြစ်နေလို့ပဲလို့ မှတ်ကြ။

ဒီတော့ ဆင်းရဲကလွတ်ပြီး တကယ်ချမ်းသာရေး တွေ့ချင်ရင်၊ ရချင်ရင် အချိန်ရွှေ့မနေကြနဲ့၊ အားထုတ်ကြဘို့ တိုက်တွန်းလိုက်ပါတယ်။

❖ ❖ ❖ ❖ ❖ ❖

## “ဒိဋ္ဌိအရှုံးနာပျောက်ကြောင်းရာတရားတော်”

**ဆောင်ပုဒ်**

အနိစ္စ၊ ဒုက္ခ အနတ္တ၊ အသုဘမှန်စင်စစ်။
နိစ္စ၊ သုခ၊ ကိုယ့်အတ္တ သုဘထင်သည့်ဖြစ်။
ဖောက်ပြန်အမြင်၊ အလွဲထင်၊ မှားချင်ဒိဋ္ဌိဖြစ်။
ဒိဋ္ဌိရောဂါ၊ စွဲကပ်လာ၊ မြန်စွာဆေးကုပစ်။
သောတာပန်ဆေး၊ ပျောက်နိုင်ရေး၊ တော်ဆေး ဧကရာဇ်။
မကုနေက၊ အပါယ်ဝ၊ မုချ ကိုယ့်အိမ်ဖြစ်။

ဒကာ ဒကာမတို့ အမှားကို အမှန်၊ အမှန်ကို အမှား ထင်နေရင် ရောဂါ ရှိတဲ့သူပဲလို့ ဆုံးဖြတ်ချက် ချကြ၊ ဘာရောဂါလဲဆိုတော့ ဒိဋ္ဌိရောဂါပဲတဲ့၊ အဲဒီ ဒိဋ္ဌိ ရောဂါ ရှိပြီးလားဆိုရင် အမှန်ကန် မမြင်နိုင်တော့ဘူး။ ဒိဋ္ဌိရောဂါရှိတော့ –

အနိစ္စ–မမြဲတာကို၊ နိစ္စ–မြဲတယ်လို့ ထင်မြင်ယူဆတယ်။
ဒုက္ခဆင်းရဲတာကို၊ သုခ–ချမ်းသာလို့ ထင်မြင်ယူဆတယ်။
အနတ္တ–အစိုးမရတာကို၊ အတ္တ–ငါ့ကိုယ်လို့ ထင်မြင်ယူဆတယ်။
အသုဘ မတင့်တာကို၊ သုဘ–တင့်တယ်ဖွယ်ရာ ထင်တယ်လို့ ထင်မြင်ယူဆတယ်။

ဒီလိုထင်မြင်တာ ဒိဋ္ဌိရောဂါရှိနေလို့ပဲ၊ ဒီအထင်မြင်ဟာ ပင်ကိုယ်အရှိမှ ဖောက်ပြန်ပြီး ထင်မြင်တဲ့ အမှားထင်၊ အမှားမြင်ဖြစ်နေတယ်၊ အမှန်ရှိတာက တစ်မျိုး၊ ရောဂါစွဲလို့ ယူတာထင်တာက တစ်မျိုးပဲလို့ မှတ်ကြ၊ ဒိဋ္ဌိရောဂါစွဲတော့ တစ်လုံးမှ မမှန်ဘူး၊ ဒီရောဂါအတွက် ဆေးမစားရင် ဘယ်တော့မှ အမှန်ဖြစ်တော့မှာ မဟုတ်ဘူး၊ သူထင်သမျှ၊ မြင်သမျှ ပြောဆို လုပ်ကိုင် ဆောင်ရွက်သမျှမှာ အမှန်တစ်ချက်မှ

မပါနိုင်တော့ အားလုံး အမှားချည်းပါပဲ၊ ဒီတော့ ဒီရောဂါကို ဘာနဲ့ ကုရမလဲ။

ဒီရောဂါကို မဂ်နဲ့ကုရမယ်၊ ဒီ–ဒိဋ္ဌိရောဂါ သောတာပတ္တိမဂ်ဆေးရမှသာ ပျောက်မယ်လို့ မှတ်ကြ၊ သောတာပတ္တိမဂ် မရသေးသရွေ့ ဒိဋ္ဌိရောဂါ မပျောက်သေးဘူး၊ ဒီရောဂါ မပျောက်သေးသမျှ ဒီအမှားလေးချက် မမြင်နိုင်သေးဘူးဆိုတာ ဆုံးဖြတ်ချက်ချကြ၊ ကိုယ့်ရောဂါ ကိုယ်ပျောက်အောင် ကုကြဘို့ပဲ ရှိတယ်၊ ပေါ့ပေါ့တန်တန် နေမိလို့ ဒိဋ္ဌိရောဂါ အရှုးနာ မပျောက်သေးရင် ဆက်ပြီး ရှူးသွားဘို့နဲ့ သွက်သွက်ခါအောင် ရှူးသွားဘို့ပဲ ရှိတော့တယ်။

ဒီတော့ ဆေးမကုချင်တဲ့ လူဆိုရင် ဘုန်းကြီးကမေးလိုက်ပါတယ်၊ ခင်ဗျားတို့တတွေ ဥမ္မတ္တက ပုတုဇဉ်အရှူးဘဝကို နှစ်ခြိုက်နေကြလို့လား၊ ဒါမှမဟုတ် ဒီထက်များ သွက်သွက်ခါအောင် ရှူးတဲ့ အရှူးဘဝကိုပဲ လိုချင်ကြသေးလို့လားလို့ မေးလိုက်ပါတယ်၊ ဒကာတို့ကို ပုထုဇဉ်အရှူးလို့ ဆိုတာမနာကြနဲ့၊ အရှူးတွေမို့ အရှူးပြောတာ နာဘို့မရှိပါဘူး၊ တကယ်သာ နာရိုးမှန်ရင် အခုထပြီးဆေးကုကြ၊ အခုလို ဆရာကောင်းများက အနာနဲ့ ဆေးနဲ့ကိုက်ညီအောင် ကုပေးနေတဲ့အခါမှာ ယူစားကြ၊ ဒါမှ မစားချင်ဘူးဆိုရင် အရှူးဆိုတာ နာဖို့မရှိပါဘူး။

လူ့ဘောင်မှာ တို့ဒကာတွေ ပြောတတ်ကြတယ် "အင်း–သူတို့မတော့ တော်လိုက်တာ၊ သိပ်ကုသိုလ်ထူးတာပဲ၊ စည်းစိမ်ချမ်းသာတွေ ပြည့်ပြည့်စုံစုံနဲ့ တင့်တင့်တယ်တယ် ရှိပါပေတယ်၊ သူတို့ စည်းစိမ်တွေ ဘာမှ အပျက်အစီးမရှိဘူး၊ နေရာကျလိုက်တာတဲ့၊ အဲဒါအမြင်မှားလို့ ပြောတဲ့စကားပဲ "အင်း သူကလေးဟာဖြင့် ဘယ်သူ့သား၊ ဘယ်သူ့သမီးဟာဖြင့် လုံးကြီးပေါက်လှနဲ့ တယ်ချောတယ်လှ ချစ်စရာ သိပ်ကောင်းတာပဲ"တဲ့ အဲဒီလို ပြောတာလည်း အမြင်အထင်မှားလို့ပဲ၊ "သူတို့တတွေမှာ အိမ်ယာတိုက်တာ ပြည့်ပြည့်စုံစုံ အချွေအရံတွေကလည်း မနည်းပါဘူး၊

အလွန်ကို စိတ်ချမ်းသာစရာ ကောင်းပါဘိတယ်နဲ့”အဲဒါလည်းပဲ အမြင်များလို့ ပြောတာပါပဲ။

တချို့တွေများ အရောင်းအဝယ်လုပ်လို့ လက်မလယ်အောင် ရောင်းကြရတယ်၊ စာရင်းရေးတဲ့လူနဲ့၊ ပြောရ ဆိုရတဲ့လူနဲ့၊ ချိန်ရ တွယ်ရ သူနဲ့ ရှုပ်ရှက်ခတ်ပြီး ချွေးတွေသံတွေနဲ့ ဖတ်ဖတ်ကို မောလို့ ထမင်း တောင်ဖြောင့်ဖြောင့် မစားနိုင်ဘူး၊ ထမင်းတစ်လုပ် စားလိုက် အဝယ်လာ ထရောင်းလိုက်နဲ့၊ စားတဲ့ ထမင်း ဘယ်ရောက်မှန်းတောင် မသိတော့ဘူး၊ အဲဒါ ဘေးက မြင်တဲ့လူတွေ အားကျပြီး ပြောလိုက်သေးတယ် “အင်းသူတို့ တော့ စီးပွားရေး ကောင်းနေလိုက်တာ၊ ကံကလိုက်ပေ သကိုးနဲ့ ပြောနေကြ ပေမယ့် ဟိုမှာ လျှာထွက်နေတာတော့ မသိကြဘူး။

အရှုးက၊ လေး ရှုးတောင်ပဲ ပြောကြမှာပေါ့၊ ဒီလေးရှုးဟာ သောတာပတ္တိမဂ်ဆိုတဲ့ ဆေးချက်မှ တစ်ပါး တခြား ဆေးချက်မရှိတော့ ဘူးလို့မှတ်လိုက်ကြ၊ တရားနာတုန်းမှာတော့ တော်သလိုလို အရှိသား၊ အိမ်ကျတော့ အရှုးရောဂါ ပြန်ထပြန်တာပဲ။

ငါ့ဟာငါ လုပ်ချင်သလို လုပ်မယ်၊ ဘယ်သူမှ ပြောစရာမလိုဘူး၊ ကိုယ့်ကိုယ်ကိုယ်ပိုင် တယ်တဲ့၊ အဲဒါအတ္တဒိဋ္ဌိအရှူးထတာပဲ၊ သားသမီးများ ပြောလို့ ဆိုလို့ကိုမရကြဘူး၊ ပြောမကောင်း ဆိုမကောင်းနဲ့ ဆိုပြီးတော့ ကိုယ့်ဟာကိုယ်ကြတော့ ထသွားလိုက်၊ လာလိုက်ဖြစ်တယ်၊ ကိုယ့်စိတ် ကိုယ်တော့ ပိုင်တယ်တဲ့၊ အဲဒါဟာ အတ္တဒိဋ္ဌိ၊ ရှုးချက်က ဘယ်လောက် သန်သလဲ ဆိုတာ စဉ်းစားကြ၊ ဥမ္မတ္တက အဖြစ်နဲ့ သံသရာကျင်လည်ရတာ ကောင်းကွက်များ ပါမယ်ထင်သလား၊ ကောင်းဖို့ အတွက်နဲ့ အလွန်ဝေး တယ်၊ အရှုးအဖြစ်နဲ့သေ၊ သေခြင်းဆိုးနဲ့ချည်း ကြုံကြရတာပဲ။

ကိုးဆယ့်ခြောက်ပါးလမ်းဆိုး လမ်းကြမ်းများလည်း သွားကြ ရပြန် သွားတော့လဲ အကောင်းသွား မဟုတ်ဘဲ အရှုးသွား သွားခဲ့ရ

တာမို့ပဲ၊ ရိပ်မိကြပြီလား၊ လမ်းကလည်း ကြမ်းလိုက်တာက ပြောမဖြစ်ဘူး ကိုးဆယ့်ခြောက်ပါး၊ သုံးဆယ့်နှစ်ပါး၊ နှစ်ဆယ့်ငါးပါးနဲ့ တစ်ဆယ့် ခြောက်ပါး၊ ဒဏ်ဆယ်ပါး၊ စတဲ့ လမ်းဆိုး လမ်းကြမ်းတွေထဲမှာ အရှူး သွားသွားပြီး သေတာတောင် နေရာမရွေးဘူး၊ အရူးဆိုတာ နေရာမရွေးဘူး သေချင်ရာမှာ သေလိုက်တာပဲ၊ အရူးသွားသွား၊ အရူးနေ အရူးသေနဲ့ ကြုံရဒါ ဘယ်လောက်ကြာပြီလဲ။

ဒါကြောင့် တို့ဒကာတွေဟာ အတ္တဒိဋ္ဌိ မကွာကြသေးရင် အခု မပြုံးကြနဲ့အုံးလို့ ပြောလိုက်ပါတယ်၊ အတ္တဒိဋ္ဌိ မခွာရသေးခင် ပြုံးနေ ကြရင် အခု ပြုံးသလောက် နောင်အခါ မဲ့ရမယ်ဆိုတာ မှတ်လိုက်ကြ။

ဒီ ဒိဋ္ဌိမပယ်သေးရင် ရှေ့ဒီအတိုင်းနေပြီး ဒီအသွားပဲသွား ဒီအသေပဲ သေရအုံးမှာပဲ၊ သွားရမဲ့လမ်း ခရီးကကြမ်းလိုက်တာမှ ထော်လို့၊ ရှူးလိုက် တာကလဲ ချာလို့၊ မျက်စိနှလုံးစုံမှိတ်သွား၊ စုံလုံး မမြင်ပဲနဲ့ ရမ်းသွား၊ အရမ်းမြင် အရမ်းထင်ဆိုတော့ အနိစ္စကို နိစ္စထင်ပြီး ဗွတ်တိုး၊ ဗွတ် တိုးတော့ ဖြစ်ချင်တိုင်းဖြစ်၊ နစ်ချင်တိုင်း နစ်ကုန်ကြရတာပေါ့၊ ဒီလို အရမ်းသွား အရမ်းမြင်နဲ့ ဆိုတော့ ဒုက္ခနဲ့ရင်ဆိုင် ကြရတာပဲ၊ အဲ – ခန္ဓာ ဖြစ်စဉ်က သူ့သဘာဝအတိုင်း ဒုက္ခပြတော့ နဂိုကဒီလို မထင်မိဘူး ဆိုပြီး ငိုလိုက်ကြ ရပါရော သဘောပါကြပြီလား။

ကိုးဆယ့်ခြောက်ပါး လမ်းကြမ်းထဲမှာ အရူးသွားသွားရမယ်၊ သေတာလည်း နေရာမရွေးဘူး၊ သွားချင်သလိုသွား၊ နေချင်သလိုနေပြီး သေချင်သလို သေလိုက်မှာပဲ၊ ရှေးက ကိုးဆယ့်ခြောက်ပါး ဆိုပေမဲ့လဲ အခုခေတ်အနေမှာ ကိုးဆယ့်ခြောက်ပါး မကတော့ပါဘူး၊ ကိုးရာ ခြောက်ဆယ်၊ ကိုးထောင်ခြောက်ရာ ဆိုသလို ဖြစ်နေပြီဆိုရင် မမှားဘူး၊ သတ္တဝါတွေရဲ့ စိတ်ဓာတ်တွေ ဆန်းကြယ်သလောက် သေစရာ ရောဂါ လက်နက်တွေက အလွန်များပြား ဆန်းကြယ်လာပြီ ဆိုတာ ခင်ဗျားတို့

ကိုယ်တွေ့ မျက်မြင် နားကြားတွေပါပဲ၊ အထူးပြောဘို့ မရှိပါဘူး၊ ဒီတော့ ပေါ့တန်လို့ မဖြစ်တော့ဘူး၊ အခုသိရင် အခုထလုပ်မှ ဖြစ်တော့မယ်ဆိုတာ ဆုံးဖြတ်ချက် ချကြ။

ဖြေးဖြေးတော့ လုပ်ပါ့မယ်၊ တစ်စတစ်စတော့ လုပ်ရမှာပဲ ဆိုရင် သွားပြီ၊ အဲဒီလို ဆိုတာ အရှူးတာရှည်ချင်လို့ပဲလို့ မှတ်လိုက်ကြ၊ ဖြေးဖြေးသမား ဆိုရင် ဘယ်လို အစားထဲက ဆိုတာ ကိုယ့်ကိုယ်ကို ရိပ်မိကြ၊ ရှင်းကြမလား၊ မဂ်အလုပ် မလုပ်ချင်တဲ့သူကို ဝက်ရူးပြန်တဲ့လူနဲ့ တူတယ် ဆိုရင် မမှားဘူး၊ ဝက်ရူးပြန်တဲ့သူဟာ ရေနဲ့မတဲ့သလို မဂ်ရေနဲ့ ပုထုဇဉ်အရူးနဲ့ မတဲ့လို့ပဲ ဆိုတာ ဆုံးဖြတ်ချက်ချ၊ ရိပ်မိကြပြီလား။

ဆရာသမားတွေက ရောဂါအခြေသိလို့ သနားလို့ ပျောက်တဲ့ ဆေးကို တိုက်နေတာ၊ ဒါကို ဒကာတို့က ကိုယ်သောက်ချင်မှ သောက်မယ် ဆိုရင် ဖြစ်ပါ့မလား၊ မဖြစ်ပါဘူး၊ ဘယ်ဖြစ်နိုင်ပါ့မလဲ ပင်ကိုယ် စိတ်ပျောက်အောင် ရူးနေတဲ့ အရူးဘယ်သောက် ချင်ပါ့မလဲ။

လူစိတ်မှမရှိတဲ့ အရူးမှာ ဆေးသောက်ရမှန်း ဘယ်သိမလဲ၊ ဒီတော့ ကြိုက်ကြိုက် မကြိုက်ကြိုက် သနားလို့ ဆရာက တိုက်နေတာ ဇွတ်သာ သောက်ချပေတော့လို့ ပြောလိုက်ပါတယ် ရိပ်မိကြပြီလား။

တရားနာနေရင်းတော့ အင်း--မလုပ်လို့ မဖြစ်ဘူး လုပ်မှ ဖြစ်တော့မှာ ဆိုပြီး စိတ်ကောင်းကလေး ပေါက်ပေမဲ့ အိမ်ရောက်တော့ မလုပ်ဖြစ်ဘူး ဘယ်လုပ်ဖြစ်ပါ့မလဲ။ အိမ်လည်း ရောက်ရော အရူးထဒါနဲ့ပဲ အချိန်ကုန် သွားရတော့တယ်၊ မမြဲဒါမြဲတယ်ထင်၊ ဆင်းရဲဒါ ချမ်းသာထင်၊ အနတ္တကို အတ္တထင်လိုထင်၊ အသုဘကို သုဘလို့ထင်ပြီး အရူးရောဂါ ထကြွ သောင်းကျန်းလာလိုက်တော့ တရားနဲ့ဝေးပြီး သွက်သွက်ခါ ကုန်တော့တာပဲ။

ကိုယ့်သားသမီးလေးများ သေတော့ အနားကပ် သေသေချာချာ ကြည့်ပြီး အမယ်လေးကြည့်စမ်းပါအုံး ကျုပ်သမီးကလေးဟာ အိပ်နေသလိုပါပဲ၊ လှလိုက်တာဗျာနဲ့ ပြောတတ်ကြတယ်၊ အဲဒါ အသုဘကို သုဘထင်ပြီး အရှူးထလိုက်တာလို့ မှတ်ကြ။

အရှူးပျောက်အောင် ဆေးစားဘို့က **ကိုယ့်ခန္ဓာမှာ ဉာဏ်နဲ့ စိုက်ကြည့်ရမယ်၊ ဉာဏ်နဲ့ စိုက်ကြည့်ရင် ပေါ်လာသမျှ စိတ်အစဉ်ကလေး တွေဟာ ဖြစ်ပြီးပျက်သွားတဲ့ သဘောပဲ တွေ့ရမယ်၊ အဲဒီ ရုပ်နာမ် ဖြစ်ပျက် အနိစ္စမြင်အောင် ပထမကြည့်ရမယ်၊ နောက်မုန်းလာအောင် ကြည့်ရမယ်၊ နောက် မုန်းပြီး ဆုံးအောင် ကြည့်ရမယ်** "အဲဒီလို ကြည့်လို့ အနိစ္စ အချက် ဖြစ်ပျက် ဒုက္ခအဆုံး မြင်ရင် သုခ နိဗ္ဗာန် ပဲလို့ ဆုံးဖြတ်ချက်ချ၊ သဘောပါ ကြပြီလား။

ပြင်ပခန္ဓာမကြည့်ကြနဲ့လို့ သတ်ပေးလိုက်ပါတယ်၊ ပြင်ပမှာ ရှိတဲ့ သူများ ခန္ဓာကြည့်နေသမျှ ဘယ်တော့မှ လမ်းစဆုံးဘို့ မမြင်ဘူး၊ ဒါကြောင့် မိမိခန္ဓာမှာသာ ကြည့်ကြရမယ်၊ ကိုယ့်ခန္ဓာကြည့်မှငြိမ်းရာ အေးရာ နိဗ္ဗာန်ကို ရကြမယ်ဆိုတာမှတ်ကြ၊ ဒီအဓိပ္ပါယ်ဟာ ပဋာစာရီဝတ္ထုသွားကို ကြည့်ရင် ထင်ရှားပါတယ်၊ ပဋာစာရီဟာ အရင် ကတော့ သားခန္ဓာ၊ လင်ခန္ဓာစတဲ့ ပြင်ပခန္ဓာတွေမှာ ကြည့်မိလို့ အကြီး အကျယ် ဒုက္ခရောက်ရတယ် နောက် ဒီတွင်မကတော့ပဲ ပင်ကိုယ် စိတ်ပျောက်ပြီး အဝတ်အစားတောင် မကပ်တော့ဘဲ သွက်သွက်လယ်အောင် ရူးသွားတဲ့ အတိဒုက္ခနဲ့ ရင်ဆိုင်တွေ့ကြုံ ခံစားရရှာတယ်။

အဲဒီလို အကြီးအကျယ် ဒုက္ခရောက်ရတဲ့အချက်ဟာ မိမိခန္ဓာမကြည့်ပဲ အပြင်ခန္ဓာ၊ သူများခန္ဓာ ကြည့်မိလို့ ဆိုဒါ သဘောပါ ကြပြီလား၊ နောက် ဘုရားရှင်နဲ့ ဖူးတွေ့ရတော့မှ ဘုရားရှင်က လမ်းတည့်ပေးလိုက်လို့ အမြင်မှန်ရပြီး ပဋာစာရီဟာ ချမ်းသာစစ်ကို ရရှိသွားတော့တယ်။

ငါလင်ပဲ၊ ငါသားလေးပဲ၊ ငါ့သားကြီးဆိုပြီး အထင်အမြင်တွေ လွဲလိုက်တော့ စိုးရိမ်ပူဆွေးငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲခြင်း ဆိုတဲ့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ တင် မကတော့ဘူး၊ ရင်တွင်း နှလုံးတွင်းမှာ ပြင်းပြင်းပျပျ ပူလောင်မှုဆိုတဲ့ ဥပါယာသ အပိုင်းရောက်၊ အဲဒီကနေပြီး နှလုံးသွေးဟာ ချာချာလယ်ပြီ သွက်သွက်ခါ ရူးသွပ်သွားတဲ့ ဘဝ ရောက်သွားရှာတယ်၊ အဲဒါ–ဘုရားရှင် ကိုယ်တော် မြတ်ကြီးနဲ့ တွေ့ရတော့မှ ဘုရားရှင်က–

"ချစ်သမီးပဋာစာရီအသင့်မှာ ပူလိုက်ထာ အလွန်မဲ၊ ပူသာပူတယ် ကိုယ့်အတွက်မပါ ပါကလား၊ သူများအတွက် ပူနေတာပဲ၊ ကိုယ့်ကိုယ် ကိုယ်ကြည့်ပြီး ကိုယ့်အတွက် ကြောင့်ကြလော့၊ သညာရဲ့အလိမ် ဒဏ်ငှ်ခံနင့်တော့၊ သညာ၏ လှည့်စားချက်ကို ဉာဏ်နဲ့ ပယ်ဖျက်လော့၊ နိစ္စသညာ၊ သုခသညာ၊ သုဘသညာ၊ အတ္တသညာ ပယ်ခွာဘို့ရာ မိမိခန္ဓာမှာ သင်္ချိုချုပ်လေလော မိမိခန္ဓာ အပူဓာတ်ကို ဉာဏ်နဲ့ သတ် လေလော့ ချစ်သ " စသည်အားဖြင့် ဉာဏ်အမြင် ပြောင်းပေးလိုက်တော့ ပဋာစာရီဟာ ေသာတာပန် တည်သွားတယ် အဲဒီအခါကျမှ သီလအဝတ်မြဲမယ်လို့ မှတ်ကြ။

တို့ဒကာဒကာမလည်း မဂ်ရမှ သီလအဝတ်မြဲမယ်လို့ မှတ်ပါ၊ မဂ်မရရင် မမြဲသေးပါဘူး၊ မြဲတယ်ဆိုရင် တဒင်္ဂမျှသာပဲ၊ မဂ်မရသေးတဲ့ သူဟာ အရှုးဝတ်၊ အနှမ်းဝတ်၊ တွေကရာ ကောက်ဝတ်နေကြတာပဲလို့ မှတ်။

မျက်စိ အကြည်နဲ့ အဆင်းနဲ့ တဲ့တဲ့ အခါ မြင်စိတ် ပေါ်မယ်၊ ပေါ်တာနဲ့ ကောင်းတယ်ဆိုရင် လိုချင် လိုချင်တော့ စွဲလမ်း စွဲလမ်းတော့ အားထုတ် အားထုတ်တုန်းမှာပဲ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝစတဲ့ ဒုက္ခအစုလိုက် လာတယ်၊ အားထုတ်လို့ရတဲ့ဟာက မမြဲတဲ့ဟာ၊

အဲဒီမမြဲတဲ့ဟာ မမြဲလို့ ပျောက်ပျက် သွားတော့လည်း သောက၊ ပရိဒေဝ စတဲ့ ငါးမျိုးပဲလာမှာပဲ။

ဒါကြောင့် ဒို့ဒကာတွေ ဒီဇာတ်သိမ်းချင်ရင် မြင်တဲ့အခါ ရှေ့ဆက်မသွားစေနဲ့၊ မပွားစီးစေနဲ့၊ မဂ်ဖြစ်အောင် ကြိုးစားကြ။

ဒုက္ခဇာတ်သိမ်းချင်ရင် မြင်တဲ့အခါ မြင်တဲ့အဆင်း ဖြစ်ပျက်ရှု၊ မြင်စိတ်ပေါ် ဖြစ်ပျက်ရှု၊ တစ်ခုခုမိအောင်ရှုရမယ်၊ ဒီလိုရှုရင် နောက်တဏှာ ဥပါဒါန်၊ ကံမဆက်တော့ဘူး၊ တဏှာဥပါဒါန်ကံချုပ်မယ်၊ ဒီလိုချုပ်တော့ နောက်ရမယ့် ဇာတိဒုက္ခ ဇရာဒုက္ခ စတဲ့ ဒုက္ခအစုကြီး၊ ဒုက္ခစက်ကြီး ပြတ်ကရော၊ ဒုက္ခအစု မလာနိုင်တော့ဘူး၊ ရှင်းကြပြီလား၊ မိတဲ့ နေရာမှာ ဖြစ်ပျက်ရှု၊ ရှေ့ကဖြစ်ပျက် နောက်က မဂ်လာမယ် ဒုက္ခစက်ကို မဂ်က ဖြတ်ချလိုက်တာပဲ၊ အဲဒီလို အဆက်မပြတ် မဂ်ဖြစ်နိုင်အောင် ကြိုးစားကြ။

မဂ်အလုပ်မလုပ်ပဲနေရင် အရှုံးသေ သေရဘို့ပဲရှိတယ် ဆိုတာ ဆုံးဖြတ်ချက်ချ၊ အလုပ် မလုပ်မိဘဲ သေသွားရင် ဘိတ်စာကမ်းတဲ့ အခါ အရှုံးမသာ၊ ကြွတော်မူကြပါလို့ပဲ ဘိတ်ကြပါလို့ မှာလိုက် ပါတယ်၊ ရိပ်မိကြပြီလား၊ ခင်ဗျားတို့ တစ်တွေက အသုဘဘိတ်စာ ကိုတောင် အမွန်းတင် လိုက်ကြသေးတယ်။ ဘိတ်စာထဲမှာ ဘွဲ့ထူးတွေ၊ ဂုဏ်ထူးတွေ ဘီအေတွေ အမ်အေတွေနဲ့ ဝေဝေဆာဆာ ရေးထားလိုက် ကြတာ၊ ဘယ်ဝန်ထောက်ရဲ့ညီ၊ ဘယ်အရေးပိုင်ရဲ့ သား၊ ဘယ်ဝန်ကြီးရဲ့ တူနဲ့ စုံရာက နေထပ်သွားတော့တာပဲ။

ဘယ်လောက်ပဲ ဂုဏ်တွေ ဘွဲ့တွေနဲ့ ဝေဝေဆာဆာ လုပ်ကြ ပေမယ့်လည်း အရှုံးမသာဟာ အရှုံးမသာပါပဲ၊ အသုဘကောင်၊ အပုပ်ကောင်၊ အရှုံးမသာလောင်းကို ဘွဲ့တွေ ဂုဏ်တွေ တပ်နေကြတာဟာ၊

ဘယ်လောက်များ ရှုးချက်သန်သလဲဆိုတဲ့ အချက် ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်စားကြ။ ဒီတော့ နောက်တစ်ခါ အရှုးမသာမချရအောင် အခုနှယ်က ဆေးဦးအောင် စားထားဘို့ သင့်တော်လောက်ပြီဆိုတဲ့ အဓိပ္ပါယ် ပေါ်ကြပြီလား၊ ကိုင်းသံဝေဂရရင် ကြိုးစားအားထုတ်ကြ။

❖ ❖ ❖ ❖ ❖ ❖

## "ခန္ဓာလှေနှင့်နိဗ္ဗာန်ဝင်တရားတော်"

### သတိချပ်ရန်

နိဗ္ဗာန်ရောက်ကြောင်း၊ တရားကောင်း၊
ကိန်းအောင်း ခန္ဓာခွင်။
နိဗ္ဗာန်ရောက်လို၊ လူထိုထို၊ ကိုယ့်ကိုယ် ကြည့်ဘို့ပင်။
ကိုယ့်ခန္ဓာပြ၊ ကိုယ်ကြည့်မှ၊ ရကြ နိဗ္ဗာန်ပင်။
ရုပ်နာမ် သဘော၊ သူ့အပြော၊ စောကြောဉာဏ်ရှုမြင်။
ဒိဋ္ဌဓမ္မ၊ ဝိဒိတ၊ လုံးဝယုံမှားစင်
သူပြောမယုံ၊ ကိုယ်တွေ့ကြုံ၊ စွမ်းဟုန်ရဲရင့်အင်။
ပြင်ပခန္ဓာ၊ ကြည့်သူမှာ၊ ဝေးစွာတက်တက်စင်။

ဒီကနေ့ ခန္ဓာနှင့် နိဗ္ဗာန်ရောက်နိုင်ပုံကို ပြောပြမယ်၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဆိုတာ ဒီခန္ဓာက ပို့နိုင်တယ်လို့ မတ်ကြ။ "ဥပမာဆိုရင် ခန္ဓာက လှေနဲ့ တူတယ်၊ ဉာဏ်က လှေထိုးသမားနဲ့ တူတယ်လို့ မှတ်ထားကြ။" "ခန္ဓာကိုယ်ဟာ နိဗ္ဗာန်ရောက်ကြောင်း တစ်မျိုးပဲလို့ ဆိုနိုင်တယ်၊ ခန္ဓာမှာ ရုပ်နဲ့နာမ်ပဲရှိတယ်၊ ဒီအပြင်ဘာမှ မရှိဘူး၊ ဒီနှစ်ပါးပဲရှိတယ်၊ သွားချင်တာက နာမ်၊ လာချင်တာကလည်း နာမ်၊ စားချင်တာ၊ သောက်ချင် ဒါကလည်း နာမ်ပဲ၊ ပြောချင် ဆိုချင်တာက လည်းနာမ်၊ ခိုင်းလို့ လုပ်တာကရုပ်၊ နာမ်က အခိုင်းသမား၊ ရုပ်က အလုပ်သမား မှတ်တော့ ဒီလို လွယ်လွယ်ပဲ မှတ်ထားကြ။

သွားချင်တဲ့စိတ်၊ စားချင်တဲ့စိတ် အဲဒီစိတ်သဘောက ခိုင်းတော့ စားတယ်၊ သွားတယ်ဆိုတဲ့ ရုပ်သဘောတွေ ပေါ်လာရတယ်၊ ရုပ်ဟာ သူ့ချည်းနေလို့ ဘာမှ အကျိုးမများဘူး၊ နာမ်နဲ့ တွဲမှ အဓိပ္ပါယ်ရှိတယ်၊ ရုပ်ချည်းနေလို့ ဘာမှမလုပ်တတ်ဘူး၊ နာမ်ကခိုင်းမှ လုပ်တတ်တယ်၊

ဒီလောက်ပြောရင် ရုပ်နာမ်သဘော ရိပ်မိရောပေါ့၊ အဲဒီရုပ်နာမ်နှစ်ပါးထဲမှာ ပညာရှိ တစ်ယောက် သွင်းပေးလိုက်၊ ပညာရှိဆိုတာ ပညာစေတသိက် ကိုပြောတာ။

ရုပ်နာမ်ခန္ဓာ လှေကြီးဟာ သူ့အတိုင်းထားရင် ဖြစ်ပါ့မလား သူ့အတိုင်း ထားရင် မျှောချင်တဲ့ဘက် မျှောလို့ ရောက်ချင်တာရောက်၊ ကပ်ချင်တဲ့ကမ်းကပ်၊ မရပ်မနား မျော ချင်သလို မျော သွားရဘို့ပဲ ရှိတယ်၊ ဒီကြားထဲမှာ လေနီကြမ်း လှိုင်းတံပိုးတို့နဲ့ တွေ့ရင် စုံးစုံးမြုပ်ပြီ ဆိုတာ ယုံမှားဘို့ မရှိတော့ပါဘူး။ ဒါကြောင့် အလိုရှိတဲ့ ကမ်း ကပ်နိုင် အောင်၊ လိုရာ ရောက်နိုင်အောင် ပဲ့ကိုင် လှေထိုးသမား တစ်ယောက် ထည့်ပေးရမယ်၊ အဲဒီ လှေထိုးသမားပါမှ လိုရာခရီး ရောက်တော့မပေါ့၊ သဘောပါကြ ပြီလား၊ ဒီလို လှေထိုးသမားကိုလည်း ဘုရားပွင့်မှ ထည့်ပေးနိုင်တာ လွယ်လွယ်များ မမှတ်လိုက်ကြနဲ့။

လှေကိုလည်း လှေထိုးသမားက ပို့ပေးမှ လိုတဲ့ကမ်း၊ လိုတဲ့နေရာ ရောက်တယ်၊ ဒီရုပ်နာမ်ကိုလည်း ဉာဏ်နဲ့ ပို့ပေးမှ လိုတဲ့ နိဗ္ဗာန်ရနိုင် ရောက်နိုင်မယ်၊ ဥပမာ – ဥပမေယျ မြဲမြဲမှတ်ထားကြ။

နိဗ္ဗာန် လိုချင်တဲ့ ဒကာ ဒကာမတွေ အဝေးကို မကြည့်နဲ့ အနီးဆုံး ဖြစ်တဲ့ မိမိခန္ဓာကို ကြည့်ကြဘို့ သတိပေးလိုက်ပါတယ်၊ ကြည့်တဲ့အခါ ရုပ် ကိုပဲ ကြည့်ကြည့် နာမ်ကိုဘဲ ကြည့်ကြည့် ကြည့်ချင်တာ တစ်လုံးထဲ ကြည့်ရင် ပြီးပါတယ်၊ ရုပ်ကြည့်တဲ့အခါ ပထဝီရုပ်၊ တေဇောရုပ်၊ အာပေါရုပ်၊ ဝါယောရုပ် စတဲ့ ရုပ်သဘောတွေ ဖြစ်ပြီး ပျက်တာပဲ တွေ့နေမယ်၊ နာမ် ကြည့်ပြန်တော့လည်း ဝေဒနာ သဘောတွေ ဖြစ်ပျက် အသိစိတ်ကလေး ဖြစ်ပျက် နေတာကို တွေ့ရမယ်၊ ဘာကြည့်ကြည့် ရုပ်အများ နာမ်အများမလိုဘူး၊ တစ်လုံး ထဲ မိအောင် ကြည့်ဖို့ အရေးအကြီးဆုံးပဲဆိုတာ မှတ်ထားကြ။

ဆရာသမားကောင်းဘို့လည်း အရေးတစ်ခုပဲ၊ နောက်ဆိတ်ငြိမ်ရာမှာ ချဉ်းကပ်၊ ဆရာညွှန်ပြတဲ့အတိုင်း ရုပ်နာမ်နှစ်ခု တစ်ခုခုကို ဉာဏ်နဲ့ မြင်အောင် ကြည့်ကြ ဒီအချက်ကို တစ်သက်လုံး မမေ့ကြနဲ့လို့ ပြောလိုက်ပါတယ်။

ခန္ဓာမှာ ကြည့်ကြဆိုတော့ ဘာမှမတွေ့လို့ ငြိမ်နေရင်လည်း အဲဒီ ငြိမ်နေတာကို စိုက်ကြည့်နေရင် မကြာခင် အငြိမ်ပျောက်ပြီး အလှုပ်ရောက်လာမယ်၊ ငြိမ်နေတာလည်းဝါယော၊ လှုပ်လာတလည်း ဝါယောရုပ်ပဲ၊ အနုန့်နဲ့ အထက်သာကွာမယ်၊ ဉာဏ်မချဲ့နဲ့ မြင်ရင် မြင်တာသာကြည့်၊ တစ်ချက်ချက်မှာ မိလာလိမ့်မယ်၊ အငြိမ်ပျောက်ရင် အလှုပ်ရောက်မယ်၊ အလှုပ်ပျောက်လည်း အငြိမ်ရောက်တာပဲ။

ရုပ်ရှုရင်ငြိမ်ရုပ်၊ မငြိမ်ရုပ်ပဲ၊ စိတ်ရှုတော့ ငြိမ်စိတ် မငြိမ်စိတ်လို့ မှတ်ကြ၊ အဲဒီရုပ်သဘော နာမ်သဘော တစ်ခုခု ရှုစိုက်ပြီး ဉာဏ်နဲ့ ကြည့်နေရင် သူတို့က ပြောလာလိမ့်မယ်၊ ဒီငြိမ်ရုပ်မငြိမ် ရုပ်သဘော ကလေးတွေကို တစ်ခုပြီး တစ်ခု ပြောင်းလဲပြောင်းလဲပြီး ပျက်စီးသွားကြတဲ့ အချက်ကို မြင်တွေ့လာလိမ့်မယ်။

ဒီတော့ ဉာဏ်နဲ့ မမြဲတဲ့ သဘောကို အမှန်အတိုင်းမြင်၊ ကိုယ်ပိုင် မဟုတ်တာသိ၊ ဘယ်လောက်များ အဘိုးတန်သလဲ၊ ဒါသူများ ပြောလို့လား၊ မဟုတ်ဘူး၊ ရုပ်နာမ်က ပြောလို့ ရုပ်နာမ်က ခဏခဏဖြစ်ပျက်ပြနေလို့ ကိုယ်တွေ့သိရတာပေါ့၊ ဒီတော့မှ ဉာဏ်က ဟုတ်ပေသဗျာ ဟုတ်ပေ သဗျာလို့ ခေါင်းငြိမ့်လိုက် နေရတော့တာပေါ့၊ အမှန်ရှိက ပြောလို့ အမှန်အကန် သိရတာပဲဆိုတာ ရိပ်မိကြသလား။

သူများအပြောလည်း မဟုတ်ပါဘူး၊ ရုပ်နာမ်က ပြောလို့ ကိုယ်တိုင် သိရတာမို့ မယုံစရာမရှိတော့ဘူး၊ တို့ဒကာတွေ ကျေနပ်ပြီလား။

ဒီအခါကျတော့ ဉာဏ်က ဒီနာမ်၊ ဒီရုပ်တွေဟာ ကိုယ်ပိုင်လည်း

မဟုတ်၊ ကိုယ့်ဟာလည်း မဟုတ်၊ ကိုယ့်ဥစ္စာလည်း မဟုတ်ပါကလား ဆိုပြီး ဆုံးဖြတ်ချက် ချနိုင်တော့တယ်၊ ဒီရုပ်နာမ် သဘောတွေဟာ သူ့သဘာဝ အတိုင်းဖြစ်ပြီး ပျက်နေတဲ့ သဘောသာ ရှိပါကလား လို့ အမှန်သိမြင်လာ တော့တယ်၊ အဲဒီအခါမှာ ကိုယ့်အကြောင်း ကိုယ်ကောင်း ကောင်းကြီး သိလာပြီမှတ်ရမယ် **"ကိုယ့်အကြောင်း ကောင်းကောင်း သိတဲ့ ဉာဏ်ဟာ ယထာဘူတ ဉာဏ်ပဲလို့ မှတ်လိုက်ကြ"** ရှင်းကြပြီလား။

ဒီနေရာကစပြီး အရှုံးအကန်း ပျောက်စပြုလာပြီဆိုတာ ဆုံးဖြတ်ကြ၊ တို့ဒကာတွေက ရှိတာက တစ်ခြား၊ ကြည့်တာက တစ်ခြား၊ တစ်ခြားစီ ဖြစ်နေကြလို့ပဲဆိုတာ ပေါ်ကြပလား အေး–ပေါ်ရင်ပြင်ကြ၊ ဒီအချိန်က စပြီး မပြင်ရင် မဖြစ်တော့ဘူး၊ ဆိုတာရိပ်မိကြ၊ နောက်ကို အမှားလမ်း မလိုက်မိကြစေနဲ့လို့ သတိပေးလိုက်ပါတယ်၊ ဒါကြောင့် တို့ဒကာတွေ ဒုက္ခချုပ်ရာ နိဗ္ဗာန်ရချင်၊ ရောက်ချင်ရင် ကိုယ်အကြောင်း ကိုယ်သိရမယ် ဆိုတဲ့အချက် ရှင်းကြပြီလား။

တစ်ချို့တွေက ပြောကြသေးတယ်၊ ကျုပ်တို့က စာမတတ် ပေမတတ်နဲ့ ဝိပဿနာ အလုပ် မလုပ်တတ်ပါဘူးလို့ ပြောတတ်ကြတယ်၊ စာတွေ ပေတွေ သင်မှ မဟုတ်ပါဘူးလို့ သတိပေးလိုက်ပါတယ် **"စာပေမတတ်ပေမဲ့ ကိုယ်ခန္ဓာမှာ ကြည့်တတ် ဘို့သာ အရေးကြီးတယ်လို့ မှတ်ကြ၊ ဘေးကို ကြည့်ရင် သမထတွေဖြစ်နေမယ်၊ တို့ဒကာတွေ သံသရာအဆက်ဆက်က မရှိတာကို ကြည့်မိလို့ ဒုက္ခရောက်နေကြတာ၊ ရိပ်မိပြီလား။**

ဒါကြောင့် ကိုယ့်ခန္ဓာ ကြည့်ဘို့ အရေးဟာ သာမည အရေး မဟုတ်ဘူး ဆိုတာ ပေါ်ကြပြီလား၊ ခန္ဓာအရှိကို ကြည့်တော့ ရုပ်က ပြောလို့သိရ၊ နာမ်က ပြောလို့လည်း သိကြရ ကိုယ်တိုင် သိကြရတယ်၊ သူများပြောလို့ မဟုတ်ပါဘူး၊ ဒါကြောင့် –

ဒိဋ္ဌဓမ္မော၊ မြင်အပ်ပြီးသော တရားရှိသည်။
ပတ္တဓမ္မော၊ ရောက်အပ်ပြီးသော တရားရှိသည်။
ဝိဒိတဓမ္မော၊ သိအပ်ပြီးသော တရားရှိသည်။

ဆိုတဲ့ အချက်တွေကို ဟောခဲ့တယ်၊ ဒီအတိုင်း ဖြစ်ရမယ်တဲ့၊ ပြောတာ မယုံနဲ့အုံး၊ ကိုယ်တိုင်ဉာဏ်နဲ့ကြည့်ကြ၊ ကိုယ်တိုင်သိလို့ ကိုယ်တွေ့သိမှ ယုံကြ၊ ဒါမှ ဒိဋ္ဌ၊ ပတ္တ၊ ဝိဒိတ ဆိုတာ ဖြစ်ကြမယ်လို့ ဟောတော်မူခဲ့တယ်၊ သဘောပါကြပြီလား။

အရှင် သာရိပုတ္တရာကလဲ-
ကာယမိမံသမ္မာသထ၊ ပရိဇာနထပုနပ္ပုနံ၊
ကာယေ သဘာဝံ ဝိဒိတွာန၊ ဒုက္ခဿန္တံကရိဿထ
လို့ ဟောတော်မူခဲ့တယ်

ဤခန္ဓာ ကာယကို သုံးသပ်ဆင်ခြင်ကြလော၊ အဖန်ဖန် ဉာဏ်စက္ခုဖြင့် ရှုကြည့် သိမြင်ကြလေလော့၊ ဤကာယတွင် သဘောအမှန်ဖြစ်ပျက် ဟန်ကို ကေန် သိမြင်ရလျှင် ဒုက္ခဆုံးရာ နိဗ္ဗာန်ကို ရကြပေလတ့်၊ ဒီလို ဆိုလိုရင်း အဓိပ္ပါယ်ရှိတယ်လို့မှတ်ကြ။

ဒီတော့ ဆုတောင်းဖို့ လိုသေးသလား၊ ဆုတောင်းဖို့ မလိုဘူးဆိုတာ ရိပ်မိကြပြီလား၊ **"ခန္ဓာအရှိ သဘောကို ဉာဏ်နဲ့ ကြည့်ဘို့ လိုတယ်ဆိုတာ ဆုံးဖြတ်ချက်ချ"။**

နိဗ္ဗာန်ပို့တယ်ဆိုတာ ဘုရားက မပို့နိုင်ဘူး၊ ဉာဏ်ကသာ ပို့နိုင်တာပါ၊ ဉာဏ်ရှိရင် ဘုရားရှိတယ်လို့ပဲ အောက်မေ့ကြ၊ ဘုရားလက်ထက်တော်က ဉာဏ်မပါလို့ ကျန်နေခဲ့ကြတဲ့ လူတွေ ဘယ်လောက်များတယ်ဆိုတာ တို့ဒကာတွေ ရိပ်မိပါလိမ့်မယ်။

ဒါကြောင့် ဉာဏ်အရေးကြီးတယ်လို့ ပြောလိုက်ပါတယ်၊ ခန္ဓာအရှိကို ဉာဏ်နဲ့ ကြည့်ရင် နာမ်ဖြစ်ပျက်၊ ရုပ်ဖြစ်ပျက်တွေပဲ မြင်ကြမယ်၊

ကြပ်ကြပ် ကြည့်လို့ အကြည့် များလာတော့ ရုပ်နာမ် ဖြစ်ပျက် သက်သက် ဘာမှ အပိုမစွက်ဘူး ဆိုတဲ့ အချက်ကို သိလာကြမယ်၊ ဒီလို အမှန် သိလာတော့ ရုပ်နာမ်ကို မင်းတို့ဟာ အလကားတွေပဲ၊ မင်းတို့နဲ့ ပေါင်းလို့တော့ မဖြစ်နိုင်တော့ဘူး ဆိုပြီး စွန့်ချင်လာမယ်၊ မလိုချင် တော့ဘူး မုန်းလာကြရော၊ မင်းနဲ့ အိုးစားကွဲမှ ဆိုပြီး ဉာဏ်က စွန့်လိုက်တော့ တဏှာသေတယ်။

ခန္ဓာ မှာက အနတ္တကရှိပြီးနေတာ၊ ဒို့ဒကာတွေမှာ ဘုရားပေးတဲ့ ဉာဏ်မရကြလို့ အနတ္တဉာဏ်မရကြတာ၊ ရုပ်နာမ်ကပြောပြနေတယ်၊ ကျုပ်တို့ဟာ ဖြစ်ပြီး ပျက်နေတဲ့ အနိစ္စတွေပါ ဖြစ်ပျက်ဒုက္ခတွေပါ၊ ဖြစ်ပျက် အနတ္တတွေပါလို့ အမြဲတစေ ပြောနေကြတယ်။

ခန္ဓာက ကျုပ်ဟာ အနိစ္စပါ၊ ဒုက္ခပါ၊ အနတ္တပါ၊ အသုဘပါလို့ အမြဲ ပြောနေတာပဲ၊ သဘောပါကြပြီလား။

ခန္ဓာက ရုပ်ပရမတ်၊ နာမ်ပရမတ်၊ ပရမတ်ဆိုတာ ဘယ်တော့မှ လိမ်လည်ကောက်ကျစ်ပြီး မပြောဘူး၊ မပြဘူး ဆိုတာ မှတ်ရမယ်၊ ပရမတ်ဆိုတာ အမှန်ကိုသာ ပြတယ်၊ မချွတ်မယွင်း မဖောက်ပြန်တတ်တဲ့ တရား၊ ဒါကြောင့် ခန္ဓာ ပြောတာ ပြတာကို ယုံကြလို့ ပြောလိုက်တယ်။

ခန္ဓာက အနိစ္စပါ၊ ဒုက္ခပါ၊ အနတ္တပါ၊ အသုဘပါလို့ အမြဲပြောနေတာ၊ ဉာဏ်နဲ့ ကြည့်တော့ ဒါတွေချည်းမြင်နေရတယ်၊ ဒါတွေချည်း ပြောပြ နေတော့ နားခါးလှပြီလို့ ဆိုပြီး မုန်းလာရော ဒီလိုနဲ့ မုန်းလာတာကနေ ဆက်ကြည့်၊ ဒါတွေ အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေ အသုဘတွေချည်းပဲ ဖြစ်နေတာ တွေ့တော့ မလိုချင်တော့ဘူး၊ မလိုချင်တော့ တစ်ချက်ချက်မှာ ဆုံးသွားရော၊ ဆုံးသွားတယ်ဆိုတာ ခန္ဓာဖြစ်ပျက် ဒုက္ခသစ္စာကြီး ဖျပ်ကနဲဆို ပျောက်သွားတာကို ပြောတာ၊ အဲဒီဒုက္ခသစ္စာ ပျောက်တာနဲ့ တစ်ပြိုင်နက် နိစ္စ၊ သုခ၊ နိဗ္ဗာန်ရောက်တော့တာပဲ၊ ရှင်းကြပြီလား။

ဒီနိဗ္ဗာန်က မခွာချင်၊ အမြဲနေချင်တော့တာပဲ၊ ရုပ်နာမ်မရှိတာက နိဗ္ဗာန်မခွဲချင်တာက ဉာဏ်ပဲ၊ သဘောပါကြပြီလား။

ဒီသဘောတွေ ဒီလမ်းစဉ်တွေ ဘုရားတည်းဟူသော မှန်ကပြလို့ သိကြရတယ် ဒကာ ဒကာမတွေရဲ့ အဖြစ်မှန်ကိုလည်း သိကြရတယ်၊ ကျင့်ကြံအား ထုတ်ကြည့်တော့လည်း ကိုယ်တွေ့ ကေန်သိကြရမယ်။ ဒါကြောင့် ဘုရားက ---

"ဒိဋ္ဌဓမ္မော၊ ကိုယ်တိုင် မြင်အပ်ပြီးသော တရားရှိသည်။

"ပတ္တဓမ္မော၊ ကိုယ်တိုင် ရောက်အပ်ပြီးသော တရားရှိသည်။

"ဝိဒိတဓမ္မော၊ ကိုယ်တိုင် သိအပ်ပြီးသော တရားရှိသည်။

"ပရိယောဂါဠ္ဟဓမ္မော၊ ကိုယ်တိုင်ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော တရားရှိသည်။

"တိဏ္ဏဝိစိကိစ္ဆော၊ ယုံမှားခြင်ကို လွန်မြောက်ပြီးသည်။

"ဝိဂတကထံကထော၊ သို့လော သို့လော တွေးတော ယုံမှားခြင်းမှ လွတ်ကင်းသည်။

"ဝေသာရဇ္ဇပ္ပတ္တော၊ ကြောက်ရွံခြင်း ကင်းလျှက် ရဲရင့်ခြင်းသို့ ရောက်သည်။

"အပရပ္ပစ္စယော၊ ဘုရားသာသနာတော်မှ တစ်ပါး အားထားယုံကြည် စရာ မရှိသည်။

လို့ ဆိုတဲ့ အဓိပ္ပါယ်ကိုယ်တိုင် ကြုံရမယ်၊ ကိုယ်တိုင်ဖြစ်ရမယ်လို့ ဟောတော်မူတယ်၊ တို့ဒကာတွေ လက်တွေ့သိရအောင် အခုထွက်ပြီး အားထုတ်ကြည့်ဘို့ မသင့်ဘူးလား။

တို့ဒကာတွေကို လေးလေးနက်နက်ကြီး သတိပေး လိုက်ပါတယ်၊ ဘုရားက ဒကာတွေ အဖြစ်မှန် ဧကန်သိလို့ အလွန် သနားလွန်းလို့၊ ရွှေဉာဏ်တော်နဲ့ အမှန်မြင်ပြီးမှ ဟောပြခဲ့တာ၊ ဘုရားကိုယ်စားလှယ်

ဘုန်းကြီးတို့ကလည်း အင်မတန် စေတနာထားပြီးမှ ဟောပြခဲ့တာ၊ ကိုယ့်ခန္ဓာ ကိုယ်ကြည့်ပြီး ရဲရဲတင်းတင်း လုပ်ကြ၊ လုပ်ပြီး ရဲရဲကြီး ပြောကြ၊ အရင်က သူများ အပြောမှာ လမ်းဆုံးနေကြလို့ လမ်းမှန်ကို မရောက်ခဲ့ကြဘူး၊ သဘောပါကြပြီလား။

တိုတိုနဲ့ လိုရင်းရောက်အောင် မိမိရုပ်နာမ်နှစ်ခုကိုသာ ဉာဏ်နဲ့ ကြည့်ကြလို့ ပြောလိုက်ပါတယ်။ ကဲအမြင်မှန်ရပြီလား။ ရရင် ကြိုးစား အားထုတ်ရစ်ကြ။

❖ ❖ ❖ ❖ ❖ ❖

## "နိဗ္ဗာန်ရရာ ကျင့်သုံးဖြာ တရားတော်"

**နိဗ္ဗာန်ရရာ ကျင့်သုံးဖြာ**

(၁) သပ္ပုရိသသေဝန --- သူတော်မြတ်၌ ဆည်းကပ်မှီဝဲခြင်း။
(၂) သဒ္ဓမ္မ သောဿန --- သစ္စာတရားကို နာကြားခြင်း။
(၃) ဓမ္မာနုဓမ္မပဋိပတ္တိ --- တရားအားလျော်စွာ ကျင့်ခြင်း။

**သတိချပ်**

ဒွိဟိတ် တိဟိတ်၊ ဝိစီကိတ်၊ တုံးပိတ်ကျိုးမရှိ
အားထုတ်ဘို့သာ၊ ကိုယ့်ဝန်တာ၊ သေချာစွဲသတိ။
ကျင့်ထုတ်ခါတွင်၊ ဉာဏ်အမြင်၊ မှန်ပင်ခွဲဝေသိ။
ဖြစ်ပျက်မြင်က၊ တိဟိတ်ပ၊ မုချမှတ်လေဘိ။
တောင်းကာ ရမ်းကာ၊ နိဗ္ဗာနာ၊ ရရာလမ်းမရှိ။
အတောင်းလျှော့လျှော်၊ ယခုထွက်၊ ဆက်ဆက်ထုတ်ပါဘိ။

ဒီကနေ့ မဇ္ဈိမပဏ္ဏာသပါဠိတော် မာဂဏ္ဍိယသုတ်မှာ လာတဲ့ ဘုရားရှင်က မာဂဏ္ဍိယပရိဗိုဇ်ကို ဟောတယ်၊ " မာဂဏ္ဍိ မဂ်ဖိုလ်ကို ရချင်ရင် အချက်သုံးချက်နဲ့ ညီစေရမယ်" အဲဒီအချက် အင်္ဂါသုံးချက် နဲ့ ညီရင် မဂ်ဖိုလ်ကို ကေန်ရနိုင်တယ်။
အင်္ဂါသုံးချက်က–

(၁) သူတော်ကောင်းကို ဆည်းကပ်ရမယ်။
(၂) တရားလည်း နာယူရမယ်။
(၃) လျော်စွာလည်း ကျင့်ရမယ်။

သောတာပန်တည်ချင်ရင် တရားနာရမယ်၊ တရားမနာရင် သောတာပန် မတည်နိုင်ဘူး၊ ဘုရားနဲ့ ပစ္စေကဗုဒ္ဓတို့က လွဲရင်

ဘယ်သူမှတရား မနာလို့ မဖြစ်ဘူးလို့ မှတ်ကြ၊ ဒါကြောင့် သာဝက တွေမှာ တရား မနာရင် မဖြစ်ဘူး သစ္စာကို ကြိုးစားနာရမယ်ဆိုတဲ့ အဓိပ္ပါယ် ထင်ရှားသွားပြီ။

တချို့ကပြောတတ်ကြတယ် "တရားနာနေဖို့ မလိုဘူး အားထုတ်ဖို့ပဲ လိုတယ်၊ တရားနာနေရင် အားထုတ်ချိန်ရှော့တယ်၊ ဒါကြောင့်နာဖို့ထက် အားထုတ်ဖို့က လိုရင်းပါလို့ ပြောဆိုတတ်ကြတယ်၊ ဟုတ်သယောင်မို့ လမ်းမှား သွားတတ်ကြတယ်၊ တရားနာမှ ဒိဋ္ဌိကွာမယ်၊ ဒိဋ္ဌိကွာမှ အားထုတ်ရ လွယ်ကူတယ်၊ တရားမနာရင် ဉာဏ်မပွင့်ဘူး၊ ဉာဏ် မပွင့်ရင် ခရီးဖင့်ဖို့ပဲ ဆိုတာ မှတ်ထားကြ၊ တရားနာရင် အဝိဇ္ဇာ အဆင့်ဆင့်ကွာမယ်၊ အဝိဇ္ဇာအဆင့်ဆင့် ခွာပြီးမှ အားထုတ်ရင် မကြာခင် မဂ်ဖိုလ်ရနိုင်မယ်၊ တရားမနာဘဲ၊ အဝိဇ္ဇာမခွာပဲရမ်းပြီး အားထုတ် နေကြရင် လုပ်ရသလောက် ခရီးမရောက်ဘူး၊ ဆိုတာ မှတ်ထားကြ။

တရားကဖြစ်ပျက်ဆိုရင် ဉာဏ်က ဖြစ်ပျက်ကို သိတာဟာ ဓမ္မာနုဓမ္မပဋိပတ္တိပါဘဲ။

လုပ်ယူမှ ရမှာလုပ်ယူကြ၊ "ဘာဝေတဗ္ဗကိစ္စ"လို့ ဟောတယ်၊ ပွားရမယ့်ကိစ္စ ပွားယူမှရနိုင်တယ်ဆိုတာ မှတ်ထားကြ၊ အလုပ်လုပ်ဖို့ ကိုယ့်တာဝန်၊ ဖြစ်ပျက်မြင်ရင် တိဟိတ်ပဲဆိုတာ သံသယမရှိကြနဲ့။

ပါရမီ စကားလည်း မပြောကြနဲ့၊ သာဝက ဉာဏ်အရာမှာ ပါရမီမလိုဘူးလို့ တထစ်ချမှတ်လိုက်ကြ၊ ဒီအချက်ဟာ "ပေဋကောပဒေသ" ပါဠိတော်မှာ အတိအလင်းဟောထားတာ ရှိတယ်၊ သံသယဖြစ်ဖို့ မလိုဘူး။

"ဒူဝေဟေတူဒုဝေပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာဥပ္ပါဒယ"
သာဝကဉာဏ်အရာမှာ အကြောင်း အထောက်အပံ့ နှစ်ချက်ပဲ
လိုတယ်တဲ့

"ပရတောစ ဃောသော သဗ္ဗာနုသန္ဓိ အဇ္ဈတ္တဉ္စ ယောနိသော မနသိကာရော"

သစ္စာတရားနာကြားမှုနှင့် နှလုံးသွင်းမှန်ကန်မှု၊ ဒီနှစ်ခုပဲလိုတယ်လို့ ဆိုလိုရင်း ဖြစ်တယ်။

မိမိခန္ဓာမှာ ဖြစ်ပျက်ရှိနေတာ ဖြစ်ပျက်မြင်ရင် လျှော်စွာကျင့် ဆိုတာနဲ့ ညီညွတ်ပြီလို့ မှတ်၊ ဖြစ်ပျက် မြင်ကထဲက မဂ္ဂင်ငါးပါးနဲ့ မြင်တာ၊ မဂ္ဂင်ဆိုကထဲက မဂ်ရောက်နေပြီး မဂ္ဂင်ရနေပြီ၊ ဒီတော့ ဆုတောင်းဘို့ လိုသေးသလား။

**"အထူးသတိပြုဘို့က ခန္ဓာမှာ နှလုံးသွင်း ရှုမှတ်ပွားများတဲ့ အခါမှာ ဖြစ်ပျက်နဲ့ မဂ်ကို အစဉ်မပြတ်အောင် လုံးလစိုက်ဘို့ လိုတယ်၊ မဂ်နဲ့ ဖြစ်ပျက်၊ ဖြစ်ပျက်နဲ့ မဂ်ချည်းပဲ ရှိနေရမယ်၊ ဖြစ်ပျက်နဲ့ မဂ်ရဲ့ကြားမှာ ဒီပြင်ဘာစိတ်မှ အဝင်မခံကြနဲ့"** အဲဒီနှစ်ခုကြားမှာ တခြားစိတ်တွေ ဝင်နေရင် ကြာနေလိမ့်မယ်၊ တခြားစိတ်တွေ ဝင်နေရင် ကိလေသာကြား ဝင်တာပဲ၊ ဒီလို ကိလေသာ ကြားဝင်များရင် အလုပ်လုပ်တဲ့ အခါ ခရီး မရောက်နိုင်ဘူး ကြာနေလိမ့်မယ်ဆိုတာ မှတ်ထားကြ၊ ရှင်းပြီးလား။

ဝိပဿနာ ရှုနေတာ ကြာနေပြီ အခုထိ မဂ်မရသေးပါဘူးဆိုရင် ဘာကြောင့်လဲ၊ သိကြရဲ့လား၊ အဲဒါ ကိလေသာ ကြားခိုနေလို့၊ ကိလေသာတွေ ကြားဝင်နေလို့ပဲဆိုတာ ရိပ်မိကြ၊ မရသေးတာ မရတဲ့ သူရဲ့အပြစ်ပဲ၊ ဆရာ့ အပြစ်လဲ မဟုတ်၊ ကိုယ့်အပြစ်ပဲ ဆိုတာ ဆုံးဖြတ်ချက်ချ၊ ကိုယ်က ကိလေသာ ကြားဝင်ခံလို့ပဲ၊ ကြားဝင်တော့ ပဋိစ္စသမုပ္ပါဒ်တွေ တန်းလာလိုက်၊ မဂ်ကဖြတ်လိုက်နဲ့ ဆိုတော့ အားချင်းက မမျှကြဘူး၊ မဂ်က အားသေးပြီး ကိလေသာက အားကောင်းနေတော့တယ်၊ ကိလေသာ

က အားကောင်း နေတော့ ဒီ၊ ကိလေသာကသာ နိုင်နေတာ ရိပ်မိကြပြီလား။

ရှုတဲ့အခါ ရှေ့ကဖြစ်ပျက် နောက်ကမဂ် လာစေရမယ်၊ ကြားမှာဘာစိတ်မှ မဝင်စေရဘူး၊ ဖြစ်ပျက်မဂ် ဖြစ်ပျက် မဂ်လို့ ဖြစ်ပျက်နဲ့မဂ် တည့်နေရမယ်၊ ဖြစ်ပျက်နဲ့ မဂ်မတည့်သေးရင် မလျော်သေးလို့ပဲလို့ မှတ်ကြ၊ ဒီတရားအချက်ဟာ အလွန်အရေးကြီးတယ်။

ဖြစ်ပျက်နဲ့ မဂ်တည့်နေရင် အဝိဇ္ဇာ မလာတော့ဘူး၊ အဝိဇ္ဇာ မလာတော့ ပဋိစ္စသမုပ္ပါဒ်အစက စချုပ်တာမို့ ဒုက္ခစက်ဝန်း ဒုက္ခခန္ဓာကြီး တစ်ခုလုံး ချုပ်သွားရော၊ ဒါကလောကီမဂ် ငါးပါးနဲ့ ဝိပဿနာ ရှုရင်းဖြတ်တာ၊ တဒင်္ဂပဲ ရှိသေးတယ်၊ ဒါကို ဆက်ရှုရအုံးမယ်၊ နောက်မဂ်စစ် လာလိုက်တော့မှ ခန္ဓာသစ်ဖြစ်မယ့် အကြောင်းတရား ချုပ်ကရော။

**"ဖြစ်ပျက်မြင်တာက မဂ်၊ မဂ်ဆိုတော့ ယောဂီက ငါအမှန် မြင်ရဒါလို့ ဝမ်းသာလာရင် နှစ်သက်လာရင် မကြာတော့ဘူး၊ မဂ်ရဘို့ နီးပြီလို့ မှတ်ကြ၊ နှစ်သက် ဝမ်းသာတာ များရင် ပီတိ သောမနဿ အားကောင်းလာလို့ပဲ၊ "ဒီကနေပြီး မနားပဲ ဆက်ရှု၊ ရှုရင် မကြာခင် ဖြစ်ပျက်ကို မုန်းလာမယ်၊ မုန်းအားကြီးတော့ ဆုံးရော၊ ဆုံးရင် နိဗ္ဗာန်ပဲ ဆိုတာ မှတ်လိုက်ကြ ရှင်းကြပြီးလား၊** ဒီအဓိပ္ပါယ်ဟာ ဓမ္မပဒမှာ ဟောထားယ်လို့ မှတ်ကြ။

ယတော ယတောသမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတေ ပီတိ ပါမောဇ္ဇံ၊ အမတန္တံဝိဇာနတံ။

အကြင် အကြင် ရုပ်နာမ် အခြင်းအရာအားဖြင့် ခန္ဓာ ငါးပါးတို့၏ အဖြစ်အပျက် သဘောကို ဟုတ်မှန်တိုင်းပင် သုံးသပ်ဆင်ခြင်၍ နေ၏။ ထိုထို ရုပ်နာမ်အခြင်းအရာအား လျော်စွာ ဟုတ်မှန်တိုင်းပင် ရှုဆင်ခြင်

သောအားဖြင့် အမြိုက်နိဗ္ဗာန်ကို သိကုန်ပြီးသော အရိယာမြတ်တို့၏ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် တူသော နှစ်သက်ဝမ်းမြောက်ခြင်းကို ရလေ၏။ ထိုသို့ နှစ်သက်ဝမ်းမြောက်ခြင်းကို ရခြင်းသည် ပညာရှိတို့အား နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ပါပေ၏။

(အဓိပ္ပါယ်ကို အဓိကထား ပြန်ဆိုလိုက်ပါသည်)

အားထုတ်တဲ့အခါ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းဆိုတဲ့ သဘောတွေ၊ တွေ့လာရင် မည့်တော့ဘူး၊ အဲဒီ နားတင် သဘောကျပြီး တစ်ခံနေလို့လည်း မဖြစ်သေးဘူး၊ အဲဒါအမှတ်မထားဘဲဆက်ပြီး အားထုတ်သွားရမယ်၊ ဆက်အားထုတ်ရင် မကြာမီပဲ ဖြစ်ပျက်မုန်းပြီး ဆုံးသွားတော့တာပဲ၊ ဖြစ်ပျက်ဆုံးသွားတဲ့ ပုဂ္ဂိုလ်မှာ သူတို့ မလာတော့ဘူး။

မမြင်စဘူး အမြင်ထူးတာတွေ တွေ့ရကြုံရတော့ အတိုင်းထက်အလွန် နှစ်သက်မှု ဝမ်းမြောက်မှုတွေ ဖြစ်တော့တာပေါ့၊ အဲဒီဝမ်းသာတာ ချုပ်ရင် မုန်းဉာဏ်ပေါ်လာဒါပဲ၊ မုန်းဉာဏ်လာပြီး ဆုံးတော့တာပဲလို့ မှတ်ကြ၊ ဆုံးတာနဲ့ မဂ္ဂင်ရှစ်ပါးလုံး ပြည့်စုံပြီ၊ ရှစ်ပါးလုံးရတာပဲ၊ အဲဒီအခါမှ အပါယ်တံခါးလည်း ပိတ်ကရော သဘောပါကြပလား။

ကြိုးစားကြ၊ မရရအောင် အားထုတ်ကြလို့ တိုက်တွန်းလိုက်တယ်၊ **အားထုတ်လို့ ဖြစ်ပျက်တွေ မြင်လာပြီး ကြက်သီးတွေ ထမယ်၊ ခန္ဓာရောင် အလင်းတွေ့ရမယ်၊ ဝမ်းသာခြင်း၊ နှစ်သက်ခြင်းတွေ ဖြစ်လာမယ်ဆိုရင် ရဘို့ သေချာပြီ မဝေးတော့ဘူးလို့ မှတ်ကြ။ ပီတိ၊ ပါမောဇ္ဇရဒါ ပထမနိဗ္ဗာန် ရတာပဲ၊** တို့ဒကာတွေ မကြိုးစားသင့်ကြဘူးလား။ ကြိုးစားကြ ရုပ်ကြိုက်ရင် ရုပ်ဖြစ်ပျက်ရှု၊ နာမ်ကြိုက်ရင်လည်း နာမ်ရှုကြ။

**“ဖြစ်ပျက်မြင်ကာ ဝမ်းသာနှစ်သက်၊ အရောင်ထွက်၍၊ ကြက်သီး စစ္စာ၊ ကြုံတွေ့လာ၊ မဂ္ဂါမဝေးမှတ်”** ဒီဆောင်ပုဒ်ကလေးလည်း **မှတ်ထားကြ။** ကဲကြိုးစားကြ။

❖ ❖ ❖ ❖ ❖ ❖

# "မဂ္ဂဉာဏ်မြတ် ကြွေးကုန်ဆပ်တရားတော်"

**ဆောင်ပုဒ်**

ခန္ဓာရစွက်၊ သေဘို့ရက်၊ ချိန်းချက်မရှိကြ။
သေခါနီးမှ၊ နိမိတ်လာ၊ ရောက်ရာဘုံ ဘဝ။
ငရဲ စရှိ၊ ဒုဂ္ဂတိ၊ မြင်ဘိ ထိုကာလ။
ရင်တွင်းလှိုက်ပူ၊ ပွက်ပွက်ဆူ၊ ကယ်သူဝေးမည်ပ။
ဘယ်သား၊ ဘယ်သမီး၊ ဘယ်ပစ္စည်း ချည်းနှီးထိုကာလ။
မသာနှလုံး၊ သေလွန်ဆုံး၊ အရှုံးနာကြည်းစွ။
ချိန်မနှောင်းခင်၊ ယခုပင်၊ မြန်လျှင်အားထုတ်ကြ။
မဂ္ဂင်မှသာ၊ အားကိုးရာ၊ ခေမာဖြောင့်တန်းလှ။
အကုသလာ၊ ကြွေးတွေဟာ၊ များစွာ အနန္တ။
မဂ်ဉာဏ်ဆိုက်ရောက်၊ ကြွေးကုန်ပျောက်၊ ကဲမောက်လွန်ချမ်းမြ။

တို့ဒကာ ဒကာမတွေကို ထူးထူးခြားခြားကြီး သတိပေးလိုက်တယ် "တရားအားထုတ်ကြ၊ ဝိပဿနာရှုကြ၊ မမေ့ကြနဲ့"လို့ ထူးထူးခြားခြား သတိပေးတဲ့ စကားမို့ လေးလေးစားစား လိုက်နာကြ၊ ဝိပဿနာ မလုပ်ခင် အသေကဦးသွားရင်ဖြင့်၊ ချောက်ကျဘို့သာ ပြင်ထားကြ တော့လို့ပဲပြော လိုက်ပါတယ်၊ ချောက်မကျချင်ရင် အခုထဲက၊ ဝိပဿနာ အလုပ် လုပ်ထားကြဘို့ သင့်တယ်ဆိုတာ မှတ်လိုက်ကြ။

ဝိပဿနာမလုပ်မိရင် သေခါနီးမှ နောင်တရကြမယ်၊ အော်-- အချိန် အခါရတုန်းက တရားအားမထုတ်မိတာ မှားပါပေါ့လား၊ အလုပ် မပါလို့ သေခြင်းဆိုးနဲ့ အခုကြုံရတော့မယ်၊ ဘယ်သား၊ ဘယ်သမီး၊ ဘယ်ပစ္စည်းမှ မကယ်နိုင်ကြတော့ပါလား ဆိုပြီး ဝမ်းနည်းပက်လက် မျက်ရည်ကျရမယ်၊ အဲဒီအခါ သတိရလို့တော့ အပိုပါပဲ၊ ဒေါမနဿဖြစ်ပြီး

ပိုလို့သာ နစ်မွန်းဘို့ ရှိတော့တယ်ဆိုတာ ရိပ်မိကြ။

**"သေခါနီးကျရင် သွားရ ရောက်ရမဲ့ ဘုံဘဝကို မြင်ရတယ်၊ အဲဒီသွားရမဲ့ ဘဝ ကို မြင်ပြီး မှသာ သေတယ်၊ သွားရာမမြင်ဘဲ မသေဘူးဆိုတာ မှတ်ထားကြ၊ အလုပ် မလုပ်သေးရင် သက္ကာယဒိဋ္ဌိ တန်းလန်းနဲ့ သေရမှာ ချည်းပဲ၊ သက္ကာရ အစွဲနဲ့ သေရသူမှန်သမျှ ဒုဂ္ဂတိဘဝဆိုဒါ မြေကြီး လက်ခတ်ပါပဲ၊ ဒကာဒကာမတွေရဲ့ ကြုံရ တွေ့ရမယ့် အဖြစ်ဆိုးတွေ မြင်လို့ သိလို့ သနားလွန်းလို့ ဘုရား ကလည်း အကြိမ်ကြိမ် ဟောခဲ့တယ်၊"** ဘုန်ကြီးတို့ကလည်း ထပ်ခါ တလဲလဲနဲ့ ဟောပြနေတယ်၊ တိုက်တွန်း နေတယ်ဆိုတာ ရိပ်မိကြ။

မိမိမှာ ကိုယ်ခံမပါရင် ကောင်းရာ သုဂတိ ဆိုတာ ဝေလာဝေးပြီ ဆိုရင် မမှားဘူး၊ ဘာကြောင့်လဲဆိုတော့ သေခါနီးတဲ့ အခါ နိမိတ်ထင်ပြီး သွားရာ ဘဝက ဒုဂ္ဂတိဆိုရင် အကြီးအကျယ် စိတ်မချမ်းမသာဖြစ်ပြီး သေရမယ်၊ သုဂတိပဲဆိုပါအုံး **"သေမှာသိတာနဲ့ တပြိုင်နက် လက်ရှိ ခန္ဓာနဲ့ သားသမီး ပစ္စည်းတွေနဲ့ ခွဲရတော့မယ်ဆိုတဲ့ ဒေါသလာတယ်၊ ခန္ဓာရုပ် နာမ်အမှန် မသိတော့ တဏှာ၊ ဥပါဒါန်နဲ့ စွဲထားဒါကိုး၊ ဒီအမှန် မသိတဲ့ သဘောက မောဟ အဝိဇ္ဇာပဲ၊ အလုပ်မလုပ်ပဲ သေရင် ဒါတွေနဲ့ သေရမှာ ဒိဋ္ဌိမကျွာသေးပဲကိုး၊ ဒီတော့ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဉစ္စာ စွဲတွေနဲ့ သေရရင် ဒုဂ္ဂတိက ကိုယ်အိမ်ပိုင်လို့ ဆုံးဖြစ်ချက် ချကြ၊ သဘောပါကြပြီလား။**

ဒါကြောင့် ဒကာ ဒကာမတွေ အခုနှယ် အချိန်ကောင်းရတုန်း အကြောင်း ညီညွတ်တုန်းမှာ ဝိပဿနာ လုပ်ကြ၊ ဝိပဿနာမလုပ်မိရင် စိတ်မချရဘူး။

စုတိပြီး ပဋိသန္ဓေလာတာပဲ၊ စုတိနဲ့ ပဋိသန္ဓေအခြားမရှိဘူး၊ ဒါကြောင့် – "အနန္တရပစ္စယောတဲ့" အခြားမရှိ ကျေးဇူးပြုတယ်လို့

မှတ်ရမယ်၊ လက်ဖြစ်တကွက်၊ လက်ဖြစ်တစ်ခါတီးမှာ အကုသိုလ်ဇောတွေ ဒီလောက်များနေရင် အခြားကုသိုလ်က ကယ်နိုင်ဘို့ မမြင်တော့ဘူး၊ ဝိပဿနာ ကုသိုလ်၊ မဂ်ကုသိုလ်မှသာ ကယ်နိုင်ပေမယ်ဆိုတဲ့ အချက်ကို လေးလေးနက်နက် မှတ်လိုက်ကြ။

ဝိပဿနာ အလုပ်လုပ်ရင် ပထမ ပဋ္ဌဂီကမဂ် ကိုရမယ်၊ နောက် မဂ္ဂင် ရှစ်ပါးလုံး ရမယ်၊ အဲဒီအခါမှာ အကုသိုလ်ကြွေး အားလုံးကျေပြီး၊ အဟောသိကံတွေ ဖြစ်ကုန်ကြရမယ်၊ ဘုရားက ရာဟုလာသားကဲ့သို့ ချစ်သနားတော်မူလို့ အမွေထားခဲ့တဲ့ တရားတော်လို့ မှတ်ကြ။ အားကိုးဖို့များ မကောင်းကြဘူးလား၊ ဘယ်လောက်များတဲ့ ကြီးတဲ့ အကုသိုလ်ပဲဖြစ်ဖြစ် မဂ်ရရင် အားလုံး ကျေနိုင်တယ်ဆိုတာ မှတ်လိုက်ကြ၊ သဘောပါကြပြီလား။

"မိလက" ဝတ္ထုကို ထုတ်ပြောမယ်၊ တချိန်က မိလကဆိုတဲ့ သားသတ် မုဆိုး တစ်ယောက်ရှိတယ်၊ အဲဒီမုဆိုးဟာ စွမ်းနိုင်လောက်တဲ့ အချိန် အရွယ်ကစပြီး သားသတ်မုဆိုး အလုပ်နဲ့ပဲ လုပ်ကိုင် စားသောက် လာတယ်တဲ့၊ တောထဲသွား ကျော့ကွင်း ၁၀၀၊ ၉၀ ယူပြီးသားကောင်တွေ ထောင်ဖမ်း၊ ဒီရတဲ့ သားတိရစ္ဆာန်တွေ ရောင်းချ၊ အဲဒီလိုပဲ လုပ်ကိုင် စားသောက်နေတယ်။

အဲဒီလိုနဲ့ လုပ်ကိုင် စားသောက်လာတာ အသက်အရွယ်ကလဲ ထောက်ပြီး နှစ်ပေါင်း အတော်ကြာလာတော့ အကုသိုလ် ဇောတွေက အလွန်မတန် များလာတာပေါ့ **"ဇောကတစ်ခါစောရင်–ရကြိမ်၊ ပထမ ဇောက မျက်မှောက်ဘဝမှာတင် အကျိုးပေးတယ်၊ သတ္တမဇောက ဒုတိယဘဝမှာ အကျိုးပေးတယ်၊ အလယ်ဇော ငါးခုက တတိယဘဝက စပြီး နိဗ္ဗာန် တိုင်အောင် နိဗ္ဗာန်မရမချင်း အကျိုးပေးမယ်လို့ မှတ်ထားကြ"**။

ဒီတော့ ဒီမုဆိုးမှာ အရွယ်ကြီးလို့ မုဆိုးသက်ကကြာလာတော့ ဒီဘဝမှာတင် အကျိုးပေးမယ့် ပထမဇောတွေက အများကြီး စုမိနေတာပေါ့၊

ဒီလိုနဲ့ သားကောင်တွေ သတ်ဖြတ်ပြီး ရောင်းဝယ်လုပ်ကိုင်စား နေရာက တစ်နေ့ ကျတော့ တောထဲမှာ သားကင်တွေ ဘာတွေ စားပြီး ရေငတ် လာတယ်၊ သားကင်စားပြီးလို့ ရေငတ်တော့ ရေသောက်စရာ ရှာရတာ ပေါ့လေ။

ဒီလိုနဲ့ ရေရှာရင်း ရဟန္တာ တစ်ပါး သီတင်းသုံး နေတဲ့ တောရ ကျောင်း တစ်ကျောင်းထဲ ရောက်သွားတယ်၊ ဒါနဲ့ အဆင်သင့်ပြီဆိုပြီး ကျောင်းဝင်း ထဲဝင်၊ ရေအိုးတွေ တွေ့တော့ သောက်ချင်လှတဲ့ ဇောနဲ့ ရေခပ်လိုက်တာပေါ့၊ ရေခပ်လိုက်တော့ ဂျောက်ဂျောက်နဲ့ ရေမတွေ့ ရရှာဘူးတဲ့၊ ရေအိုးနဲ့ ရေမှုတ်ခိုက်မိတဲ့ ဂျောက်ဂျောက်သံပဲ ကြားရ တော့တယ်တဲ့။

ဒီတော့ မုဆိုးက "အင်း ရဟန်းတွေဟာ လူအများလှူတဲ့ ဆွမ်းကွမ်းကို အသာကလေး စားနေရရက်နဲ့တောင် အပျင်းထူလိုက်ကြတာ၊ သောက်ရေ ကလေးတောင် ခပ်ထားဘော် မရကြဘူး"လို့ ရေရွတ်ပြီး အပြစ်တင်လိုက် သေးတယ်တဲ့။

တို့ဒကာတွေ သိဘို့က ရေမတွေ့ဘဲ ဂျောင်းဂျောင်း မြည်နေဒါ ပထမဇောစေတနာက (၇)ရက်၊ (၇)လ၊ (၇)နှစ်အတွင်း အကျိုးလာပေး တာပဲလို့ မှတ်လိုက်ကြ၊ ရိပ်မိကြပြီလား။

မုဆိုးက ရေမတွေ့ဘဲ ရေအိုးဂျောင်းဂျောင်း မြည်တော့ အော် ရေမရှိပါကလား၊ ရဟန်းတွေဟာ သူများဟာ စားပြီး၊ ရေကလေးတောင် ဖြည့်အောင် ခပ်ထားဘော်မရဘူးလို့ ဆိုတဲ့၊ ဒီအသံကို တစ်နေရာမှာ သဏ္ဍာန်းချုပ်နေတဲ့ ရဟန္တာကိုယ်တော်က ကြားရတယ်၊ ကြားတော ရဟန္တာက စဉ်းစားပြီး သွားကြည့်လိုက်တယ်တဲ့။

မနက်က ရေအိုးတွေကို အပြည့်ခတ်ထားတာပါ၊ ယိုများ ကျကုန် သလား၊ ဘယ်လိုပါလိမ့်မလဲလို့ စဉ်းစားပြီး သွားကြည့်လိုက်တော့၊

ရေအိုးဟာကာမှာ ရေတွေ အပြည့်ချည်းရှိတာ တွေ့ရတယ်တဲ့ ဒါနဲ့ ရဟန္တာက "ဒကာကြီးလာအုံး – ဘာလိုချင်လို့လဲ" ရေသောက်ချင်လို့ လားလို့မေးပြီး ရော့သောက်၊ သောက်လို့ဆိုပြီး သူ့ရှေ့တင်ပဲ ရေခပ်ပေး လိုက်တော့ မုဆိုးဟာ ရေကို ဝအောင် သောက်ရတော့တယ်တဲ့။

စကားစပ်လို့ ပြောရအုံးမယ်၊ အခုနှယ်တစ်ချို့တွေက ညည်း ကြတယ်၊ ငွေတွင်းက နက်လှပြီ ငွေရှာရတို့ မလွယ်တော့ဘူးတဲ့၊ ငွေတွင်းနက်တယ်ဆိုတာ ပထမဇောက အကျိုးပေးလာတာလို့ မှတ်ကြ၊ အခုဖြစ်တန်သလောက် ဖြစ်နေကြပြီ၊ ရှေးက အနေနဲ့ အခုနေရတဲ့ အနေနဲ့ နောက်နေရမယ့် အရေးကို ဉာဏ်နဲ့သာ တွေးကြည့်ကြတော့လို့ ပြောလိုက်ပါတယ်။

ဣသာ၊ မစ္ဆာရိယဆိုတဲ့ မနာလို ဝန်တိုတဲ့ ဇောတွေ၊ ဒီဇော တွေက အားကြီးလာတော့ မိုးက ခေါင်၊ ရာသီဥတုက မမှန် အသီး အနှံတွေ သိမ်ဖျင်းလာတော့ အခုအခါမှာဆိုရင်၊ မြေအောက် (၆) တောင်လောက် ဩဇာ ငုပ်သွားပြီ ဒါတွေ စဉ်းစားကြ လုပ်ဘို့ သင့်တယ်ဆိုတာ ဆုံးဖြတ်လိုက်ကြ၊ မုဆိုး ရေပျောက်တာဟာ ဒီအဖြစ်နဲ့ ခပ်ဆင်ဆင်ပဲလို့ စဉ်းစားကြ။

အဲဒါနဲ့ မိလက မုဆိုးက စဉ်းစားတယ်၊ အင်း ငါ့အဖြစ်ဟာဖြင့် အတော်ဆိုးဝါးနေပါကလား၊ လူစင်စစ်က လူပြိတ္တာဖြစ်နေရပြီ၊ ရှိတဲ့ ရေတောင် ပျောက်လောက်အောင်ဖြစ်တဲ့ အဖြစ်ဟာ ဖြင့်လူကြားလို့မှ မတော်တော့ဘူး၊ ငါ့အခြေနဲ့ဖြင့် ဒီအတိုင်းနေလို့တော့ မဖြစ်တော့ဘူး၊ ဒီအလုပ်ကို အခုစွန့်မှပဲလို့ သံဝေဂရပြီး သူ့မှာပါတဲ့ လေးမြှား ဓါးလှံစတဲ့ မုဆိုး ကိရိယာ အသုံးအဆောင်တွေ စွန့်ပြစ်လိုက်တယ်တဲ့။

ဒီနောက် ရဟန္တာမထေရ်ထံမှာ "တပည့်တော် သင်္ကန်း ဝတ်ပါ ရစေ၊ ဒီအခြေနဲ့ ဖြင့်နေလို့မဖြစ်တော့ပါဘူး၊ တပည့်တော်ကို သင်္ကန်း

ဝတ်ပေးတော်မူပဲ့ ဘုရားလို့ သာသနာဘောင် ဝင်ခွင့် တောင်းတော့တယ်၊ ဒါနဲ့ ရဟန်းတော်ကလည်း သူ့မှာရှိတဲ့ သင်္ကန်းနဲ့ပဲ ဝတ်ပေးလိုက်တယ်၊ အဲဒီလို ဝတ်ပေးပြီးတော့ ရဟန္တာက မိလကကို တရားအားထုတ်ရမယ်လို့ အမိန့်ရှိပြီး အားထုတ်ဘို့ရာ နည်းလမ်းအစဉ်ကို ညွှန်ပြပေးတော် မူလိုက်တယ်။

ဒါနဲ့ အဲဒီမှဆိုး မိလက ကိုယ်တော်ဟာ တရားအားထုတ်ပါရော၊ တရားအားထုတ်တော့ သူ့အာရုံမှာ လေးတွေ မြားတွေ ဓါးလှံလက်နက်တွေ သားသမင် ခေါင်းပြတ်တွေ၊ အသားတွေ အရေတွေ စတဲ့ အာရုံတွေပဲ ပေါ်ပြီးနေတော့တယ်တဲ့၊ အားထုတ်တိုင်း အားထုတ်တိုင်း ဒီလေး မြား ကျော့ကွင်း စတဲ့ အာရုံတွေချည်း ပေါ်လာနေတော့ အတော်စိတ်ပျက်နေတာပေ့ါ၊ တရားကို အာရုံပြုလို့ မဖြစ်နိုင်လောက်အောင်ပဲ စိတ်ရှုပ်လာတော့တယ်။

ဒါတွေ ပေါ်နေတာ ဘာကြောင့်လည်းဆိုတော့ သိကြရဲ့လား၊ သူ့သံသယ ကုက္ကုစ္စဝင်နှိပ်စက်လို့ ဆိုတာ မှတ်ကြ၊ သူက ငါတစ်သက်လုံး မှဆိုးအလုပ်လာခဲ့ပြီး တရားအားထုတ်လို့မှ ရပါ့မလား၊ ဖြစ်မှ ဖြစ်ပါမလားနဲ့ သံသယတွေ ဝင်နှောက်ယှက်လို့ ဒီအဖြစ် ကြုံရတယ်ဆိုတာ မှတ်ကြ၊ သံသယကုက္ကုစ္စဟာ ဘယ်လောက် ကြောက်စရာ ကောင်းတယ်ဆိုတဲ့ အချက် ပေါ်ကြပြီလား။

ဒါနဲ့ အဲဒီ မိလက ရဟန်းဟာ "ငါ့အဖြစ်နဲ့ ငါဖြစ်လိုရာ ဖြစ်စေတော့ မထူးတော့ပါဘူး"လို့ စိတ်ဓါတ်ကျပြီး ရဟန်းတော်ထံ သွားလျှောက်တယ်တဲ့၊ "တပည့်တော်ကံနဲ့ တပည့်တော်ပဲရှိပါစေတော့ ဘုရား၊ တပည့်တော်ကို လူထွက်ခွင့်ပဲ ပေးပါတော့၊ ထွက်ပါရစေ"လို့ လျှောက်တော့ ရဟန်းတော်က အဖြစ်သနစ်ကို မေးလို့ အကုန်ပြန်ပြီး လျှောက်ထား ပြောပြလိုက်တယ်တဲ့။

ဒါနဲ့ ရဟန္တာကြီးက အဘိညာဏ် တန်ခိုးနဲ့ မြေကြီးကို ဟက်ပြီး ငရဲကြီး ရှစ်ထပ်ကို ပြတော်မူလိုက်တယ်၊ ငရဲကြီးထဲမှာ မိလကရဲ့ ဆွေမျိုးတွေ ငရဲခံနေကြတာကို မိလက တွေ့မြင်ရတော့တာပဲ။

ဒါနဲ့ ရဟန္တာကြီးက "မိလကကြီး သေရင် ရောက်ရမဲ့နေရာ သိပြီးလား၊ ဝိပဿနာ အလုပ်မလုပ်ရင် ဘယ်လောက် အဖြစ်ဆိုးကြုံမယ် ဆိုတာ မြင်ပြီလား၊ ဝိပဿနာ အလုပ်မလုပ်ရင် ငရဲသွားဘို့ပဲရှိတော့ တယ်လို့ တရားချလိုက်တော့၊ မိလက က "မှန်ပါ့ အရှိုးကြေကြေ အရေခန်းခန်း တရားအားထုတ်ပါတော့မယ်၊ ခန္ဓာငဲ့လို့ မဖြစ်တော့ပါဘူး"လို့ ဆိုပြီး တရားဆက်လက် အားထုတ်တယ်တဲ့။

အားထုတ်တဲ့အခါမှာ အိပ်နေဖို့ အချိန်မရတော့ဘူး၊ အိပ်နေရင် ဒုက္ခများဘို့ နီးကပ်တယ်၊ ဒါကြောင့် တရားမရမချင်း မအိပ်တော့ဘူးလို့ ဆုံးဖြတ်ပြီး၊ မအိပ်ဖြစ်အောင် ခေါင်းပေါ်မှာကရွတ်ခွေတင် ရေအိုးကိုရွက်၊ အိုးအောက်က အပေါက်ကလေးတစ်ခု ဖေါက်ပြီး ရေတစ်စက်စက် ကျအောင် လုပ်ထားတယ်၊ နောက်ပြီး အဝတ်စုတ်ကို ရေဆွတ်ပြီးခြေထောက် မှာစည်း၊ အဲဒီလိုလုပ်ပြီမှ အားထုတ်ကြိုးစား ကျင့်လိုက်တယ်တဲ့။

အဲဒီ မိလက အားထုတ်နေတဲ့ အနားမှာ ရဟန်းတော် တစ်ပါးက ထိုင်စောင့်နေပြီး "သတိထား၊ ဝိရိယစိုက်၊ ပညာနဲ့ရှု"လို့ ရွတ်ဆို သင်ပေးနေတယ်၊ ဒီလိုနဲ့ ကြိုးစားအားထုတ်လိုက်တာ မကြာခင် ဝေဒနာ ပေါ်လာတယ်၊ အဲဒီ ပေါ်လာတဲ့ ဝေဒနာကို ပေါ်သမျှ ဖြစ်ပျက် ဖြစ်ပျက်လို့ အနိစ္စအချက်ဖြစ်ပြီး ပျက်တဲ့ သဘောကို ရှုမှတ်နေတယ်။

အဲဒီလို ပေါ်လာသမျှ ဝေဒနာမှာ ဖြစ်ပျက်ရှုပေးတော့ အနိစ္စအချက်၊ ဒုက္ခအချက် အနတ္တအချက်မှာ ကွက်ကွက်ကွင်းကွင်း ဉာဏ်ပေါက်ပြီး မနက်လင်းတဲ့ အခါမှာ အနာဂါမ်တိုင် ရောက်သွားတော့တယ်၊ ဒီတော့မှ တသက်လုံး လုပ်လာခဲ့တဲ့ အကုသိုလ်ကြွေး အတွက် မိလက ရဟန်းဟာ

မင် တချက်ထဲနဲ့ တိကနဲ ဖြတ်လိုက်တာ အကုန်လုံး ကျေသွားပါရော၊ ဒါကြောင့် ဝိပဿနာ တရားသည်သာ ကယ်နိုင်ယူနိုင်တဲ့ တရားအစစ်ပဲလို့ မှတ်ယူကြ။

ဒါကိုမှ မလုပ်ရသေးရင် သေခါနီးမှာ ဒုက္ခကြီး လှလှတွေ့ရမယ်။

ဒီတော့ "မသေခင်က ဝိပဿနာရှုကြ၊ သေခါနီးမှ နှလုံးမသာ မယာ မရှိကြစေနဲ့၊ ဒါတွေဟာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အဆုံးအမပဲ" လို့ ဟောတော်မူခဲ့တယ်ဆိုတာ မှတ်ကြ။

❖ ❖ ❖ ❖ ❖ ❖

# "ဖြစ်ပျက်မြင်ကနိဗ္ဗာန်ရ တရားတော်"

**ဆောင်ပုဒ်**

ဝိပဿနာ၊ ကြံခဲစွာ၊ ခုလာ ဆုံတွေ့ငြား။
တနေ့တနေ့၊ ရသရွေ့၊ မမေ့ရှုမှတ်ပွား။
ရှေ့သွား ဖြစ်ပျက်၊ နောက်လိုက် မဂ်၊ ပွားတတ်ဉာဏ်စွမ်းအား၊
ဖြစ်ပျက်မြင်လျှင်၊ နိဗ္ဗာန်ပင်၊ မှန်လျှင်ရှုမှတ်သား။
မမြင်ဖြစ်ပျက်၊ နိဗ္ဗုနဂ်၊ တက်တက်ဝေးကွာခြား။
တစ်နေ့တလဲ၊ ဉာဏ်အားသန်၊ ပုဂ်နိဗ္ဗုနား
နိဗ္ဗာန်နန်းရွှေ၊ နီးလေလေ၊ ဝေးလေ ပါယ်လေးပါး။
မရှုနေလျှင်၊ မေ့သေငင်၊ ပါယ်ခွင်ကိုယ့်အိုးစား။

## ရှိခိုးကန်တော့ရန်

ဩကာသ ဩကာသ ဩကာသ ကာယ ဝစီ မနော ချီလျှက် သုံးလီစေတနာ သုံးဖြာ ဒွါရ ပဏာမဖြင့် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကိုငှင်း၊ ရတနာမြတ်သုံးပါးတို့၏ ဂုဏ်ကိုလည်းကောင်း၊ ဆရာသမားတို့ကို လည်းကောင်း၊ ဆရာသမားတို့၏ ဂုဏ်ကိုလည်းကောင်း ယုံကြည် မြတ်နိုး လက်အုပ်မိုး၍ ရှိခိုး ပူဇော်ဖူးမြှော် မာန်လျော့ ကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြှော်မာန်လျော့ ကန်တော့ရသော ကုသိုလ်ကောင်းမှု ကံစေတနာတို့ကြောင့် ဝဋ္ဋဘဝတိုတို့နှင့် မဂ်ဖိုလ် နိဗ္ဗာန်ကို လျှင်မြန်သောစွာ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

## ကန်တော့အကျိုးပေးခြင်း

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ဆရာသမားတို့အား ရှိသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ကြ ရသော ပူဇဝတ္တုပဏာမစေတနာ၊ သဒ္ဓါပညာ ဝီရိယတို့ကြောင့် မိမိတို့ အလိုရှိအပ်၊ တောင့်တအပ်သော မအိုမသေ အမြဲနေသော နိဗ္ဗာန်သို့ လည်းကောင်း၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ လည်း ကောင်း၊ တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့လည်းကောင်း – "မိမိတို့အား ထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်" သည် လျှင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြသည် ဖြစ်စေ

အဟံ ဘန္တေ စသည်ဆို၍ မိမိတို့ ဆန္ဒရှိရာ သီလကို ခံယူဆောက်တည်ကြရန် ဖြစ်သည်။

**တရားသား**

ဒကာ ဒကာတို့ မိမိတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျှင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြသည် ဖြစ်စေ --" လို့ ပေးတာဟာ သာမညမျှား မမှတ်လိုက်ကြနဲ့၊ တို့ဒကာ ဒကာမတွေ ဝိပဿနာတရားကို အမြဲတစ်စေ အားထုတ်ဆဲ ရှိကြစေလို့ ပြောလိုတဲ့ အဓိပ္ပါယ်ပဲလို့ မှတ်လိုက်ကြ။

ဒါကြောင့် တို့ဒကာ ဒကာမတွေကို အားထုတ်ဆဲ ဝိပဿနာဉာဏ်နဲ့ နေကြပါလို့ အလေးအနက် တိုက်တွန်းလိုက်တယ်။

ဒီလိုနေမှာသာ ဉာဏ်တက်နေမယ်၊ ဉာဏ်သွားထက်လာမယ် ဒီလို ဝိပဿနာ ဉာဏ်နဲ့ အမြဲနေတော့ မဂ်ဉာဏ်ဟာ တရားနာရင်းက ပေါ်လာမယ်၊ ပေါ်လာနိုင်တယ်၊ မဂ်ဉာဏ်ပေါ်လာတော့ အပါယ်ကျဖို့ အလုပ်သိမ်းရော၊ သဘောပါကြပြီလား။

ရှေ့သွားက ဖြစ်ပျက်မြင်တဲ့ဉာဏ် ဝိပဿနာ ဉာဏ်၊ နောက်လိုက်က မဂ်ဉာဏ်၊ ဒါကို မြဲမြဲမှတ်ကြ၊ ရှေ့သွားမရှိရင် နောက်လိုက်မလာနိုင်ဘူး-- ရှေ့သွားရှိမှသာ နောက်လိုက်လာနိုင်မှာ၊ ဒါကြောင့် ရှေ့သွားဖြစ်တဲ့ ဝိပဿနာဉာဏ်ကို ကြိုကြိုတင်တင် အခုလို သိလို့ သတိရတဲ့ အချိန်ကမရ ရအောင် လုပ်ထားကြ၊ ရိပ်မိကြပြီလား။

ဝိပဿနာနဲ့ နေရင် နိဗ္ဗာန်မြင်တဲ့ ဉာဏ်အဆင့်ဆင့် ရလာမယ်၊ နောက်ရဟန္တာဖြစ်သွားမယ်၊ "ဘာလို့ ရဟန္တာဖြစ်သလဲ"မေးရင် နိဗ္ဗာန်မြင်လို့ ရဟန္တာဖြစ်တာပဲလို့ မှတ်လိုက်ကြ။

**"နိဗ္ဗာန်အစ ရုပ်နာမ်ဖြစ်ပျက် အမြင်ကစ"လို့ သေသေချာချာ မှတ်ထားကြဖို့ ပြောလိုက်တယ်"**

ဖြစ်ပြီး ပျက်တယ်ဆိုတာ ရှေ့အမူအရာနဲ့ နောက်အမူအရာ မတူတာကို ဆိုတာပဲ၊ ကိုယ့်ခန္ဓာမှာ အကဲခတ်တော့ ကိုယ်တိုင်ငြိမ်တာ ကိုယ်တိုင်လှုပ်တာ ကိုယ်တိုင်သိရမယ်၊ ဒါကိုသိအောင် လုပ်ကြ၊ ဒါမှ သိအောင် မလုပ်တတ်ရင် ငါထက်ဖျင်းတာ မရှိတော့ဘူးလို့ ကိုယ့်ကိုယ်ကိုယ် ပြန်ပြောဖို့ပဲရှိတယ်၊ ခန္ဓာက ငါ့ကိုယ်ကြည့် ငါ့ကိုယ်ကြည့်နဲ့ အမြဲပြောနေတာပါ ခန္ဓာအကဲခတ်တာနဲ့ အမှန်သိပါတယ်။

**"တို့ဒကာတွေ ဒီခန္ဓာနဲ့ အတူနေကြတာ ကြာပါပြီ၊ အကဲမခတ်တော့ မသိကြဘူး၊ အကဲခတ်တော့ ဖြစ်ပြီး ပျက်တာ သိမယ်"** တို့ဒကာတွေ မွေးရာပါ အကျင့်က သူများကိုတော့ ကြည့်တတ်ကြတယ်၊ ကိုယ့်ကိုယ့်ကိုယ်ကြတော့ မကြည့်တတ်ကြဘူး တလွဲမှာ ဆံပင်ကောင်းဆိုသလို ဖြစ်နေကြတယ်၊ ဒီက ရှေ့ ကိုယ့်အဖြစ်မှန်ကိုယ် သိအောင် ကိုယ့်ကိုယ် ကြည့်ကြ။

ကိုယ့်ခန္ဓာမှာ အကဲခတ်ကြည့်ရင် ငြိမ်တာ၊ လှုပ်တာ သိကြရမယ်၊

အငြိမ်ဟာ အလှုပ်ဆီပါမလာဘူး၊ အလှုပ်ဟာလည်း အငြိမ်ဆီကို မပါဘူးဆိုတဲ့ အချက် ကိုယ်တိုင်သိရမယ်၊ လေထုတ်တဲ့ စိတ်ဟာ ပြန်ပြီး မရှိုက်နိုင်ပါဘူး၊ ရှိုက်စိတ်ဟာလည်း ပြန်ပြီး မထုတ်နိုင်ဘူး၊ ရှုတာဟာ တစ်စိတ်၊ ရှိုတ်တာဟာ တစ်စိတ်၊ တစ်စိတ်စီ တစ်ခြားစီပဲ ရှုတဲ့စိတ်ဟာ၊ ရှုပြီးချုပ်သွားတာပဲ၊ ရှိုက်တဲ့စိတ်ဟာ ရှိုက်ပြီး ချုပ်တာပဲ၊ အဲတာ စိတ်ဖြစ်ပျက် စိတ္တာနုပဿနာလို့ မှတ်ကြ၊ လုပ်ရင် လွယ်ပါတယ် ဝန်မလေးပါဘူး။

**နိဗ္ဗာန်ဟာ ဖြစ်ပျက် မြင်မှသာ ရောက်မှာ၊ ဖြစ်ပျက် မမြင်သမျှ ဘယနည်းနဲ့မှ နိဗ္ဗာန် မရောက်နိုင်ဘူး၊ ဖြစ်ပျက်ကို ရှာရင် ခန္ဓာမှာ ရှာမှရမှာ၊ ခန္ဓာတစ်ခုလုံးမှာ ဖြစ်တာနဲ့ ပျက်တာက လွဲလို့ တစ်ခြားဘာမျှမရှိဘူး၊ ဒါကြောင့်မို့ –**

အနိစ္စာဝတ၊ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈ န္တိ၊ တေသံဝူပသမောသုခေါတဲ့။

သင်္ခါရာ၊ ပြုပြင်စီမံရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့သည် အနိစ္စာဝတ၊ စင်စစ် ကေန်မုချ ခိုင်မြဲခြင်း မရှိကြပေကုန်၊ သင်္ခါရာ ရုပ်နာမ် ဓမ္မ သင်္ခါရတို့သည်၊ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်း ပျက်ခြင်း သဘောမျှသာ ရှိကြပေကုန်၏။ သင်္ခါရာ၊ ရုပ်နာမ် ဓမ္မသင်္ခါရတို့သည်၊ ဥပ္ပဇ္ဇိတွာ၊ အကြောင်းတိုက်ဆိုင်ကာ ဖြစ်ပေါ်လာပြီး၍ နိရုဇ္ဈ န္တိ၊ တစ်ခဏခြင်းမှာ ချုပ်ပျက်ကြရှာကုန်၏။ တေသံ မမြဲသက်သက် ဖြစ်ပျက်ချည်းသာ ဆင်းရဲလှစွာ ထိုဒုက္ခအစုတို့၏ (ဝါ) ဖြစ်ပျက်နှစ်ခု ဒုက္ခအစုတို့၏ ဝူပသမော ချုပ်ရာ ဆုံးရာ နိဗ္ဗာန်ချမ်းသာ မြတ်ကြီးအား သုခေါ ချမ်းသာ တကာတို့၏ ခေါင်ဖျား ချမ်းသာမြတ်ကြီး မှန်လှပါပေသည် တကား။

ဒါကြောင့် ဖြစ်ပျက်မြင်မှ အလုပ်မှန် ဖြစ်တယ်ဆိုတာကို မမေ့ကြနဲ့ **"ဖြစ်ပျက်ကို ရှာတတ်ပြီလား၊ ဉာဏ်နဲ့ ခန္ဓာမှာ ရှာကြည့်၊ (ဥပမာ)–**

**ဆေးလိပ် သောက်ချင်တယ် ဆိုကြပါစို့၊ ဆေးလိပ်သောက်ချင်တဲ့ စိတ်ပေါ် လာလို့ ဆေးလိပ် လှမ်းဆွဲလိုက်တဲ့အခါ ဆေးလိပ် သောက်ချင် တာက တစ်စိတ်၊ လှမ်းဆွဲတာက တစ်စိတ်၊ ဆေးလိပ် သောက်ချင်တဲ့ စိတ်ဟာ ဆေးလိပ်လှမ်းဆွဲတာနဲ့ မရှိတော့ဘူး၊ ဖြစ်ပြီး ပျက်သွားပြီ "ကိုယ့်သန္တာန်မှာ ပေါ်သမျှဟာ အာရုံက လုပ်လို့ပေါ်တာ၊ ဒါကြောင့် သင်္ခါရလို့ ခေါ်တာ အာရုံက လုပ်ပေးလို့ သန္တာန်မှာ ပေါ်လာသမျှစိတ်၊ စေတသိက်တွေဟာ နာမ်သင်္ခါရတွေပဲ" ကံကြောင့် စိတ်ကြောင့်၊ ဥတုကြောင့်၊ အဟာရ ကြောင့်ဖြစ်တဲ့ တရားကရုပ်၊ အဲဒါလည်းဖြစ်စရာ ကြောင့်ပေါ်တာ၊ ဖြစ်စရာ ကြောင့်ပြုပြင်လို့ ပေါ်တာ ဖြစ်လို့ သူလဲ သင်္ခါရပဲ၊ ဒါအားလုံးဟာ အနိစ္စတဲ့၊ ဖြစ်ပြီးပျက်တာပဲလို့ ဟောတော်မူ တယ်။**

တို့ဒကာတွေ သင်္ခါရတရားကို သိအောင်လုပ်ရမယ်၊ သင်္ခါရ တရားကို ပထမသိဖို့လို တယ်မှတ်ကြ၊ **သင်္ခါရ ဆိုဒါ ပြုပြင်တဲ့ အကြောင်းတရားကြောင့် ပြုပြင်တဲ့အကြောင်းတရားရှိလို့ ပေါ်လာတဲ့ တရားကို သင်္ခါရလို့မှတ်ကြ၊ သင်္ခါရဆိုတာ ပါဠိစကား ဗမာလိုတော့ ပြုပြင်လို့ ပေါ်လာတဲ့တရားကို ဆိုတာ မှတ်ကြ။**

ဥပမာ–ညှော်စော်နံရင် အညှော်နံ့က ပြုပြင်တဲ့ တရား ဒီအညှော် နံ့ကြောင့် ပေါ်လာတာက ပေါ်လာတဲ့စိတ်က သင်္ခါရတရားလို့ မှတ်ကြ၊ အညှော်ကြောင့် အညှော်နံ့တဲ့စိတ် ဖြစ်ပေါ်လာတယ်၊ ပြုပြင်လို့ ပေါ်လာတာက ဖြစ်သဘော၊ ဒီ–ဖြစ်သဘောကလေးဟာ ပျက်ခြင်းသာ အဆုံးရှိတယ်လို့ မှတ်လိုက်ကြ ရှင်းကြပြီလား။

ပေါ်လာတဲ့ သင်္ခါရ တရားကလေးများဟာ ပေါ်ပြီး ပျက်သွား တာပဲလို့ ဉာဏ်မှာ ရှေ့ရှုထင်ဖို့လိုတယ်၊ ဒါကဉာဏ်နဲ့ လုပ်ရမဲ့ အလုပ်။

ဉာဏ်နဲ့ လုပ်ဖို့ဆိုတာက အညှော်လုပ်လို့ ပေါ်တဲ့အညှော် ရုပ်ကလေး ပေါ်လာတဲ့အခါမှာ ညှော်တယ်လို့ သိတဲ့စိတ်ကလေး ပေါ်လာတယ်၊

နောက်–ပေါ်လာပြီး ချက်ချင်း ပျောက်ပျက်သွားတာ ဉာဏ်နဲ့ တွေ့ရမယ်၊ ဒီတော့–ဒီစိတ်ကလေးကို "အနိစ္စာဝတသင်္ခါရာ" လို့ ရှုလိုက်ပါ၊ ရှုဉာဏ် ဝင်လိုက်ပါလို့ ဆိုလိုတယ်၊ ရှုတဲ့အခါမှာတော့ ချော်တယ်လို့ သိတဲ့စိတ်၊ ဖြစ်ပျက် ဖြစ်ပျက်လို့ အမှန်အရှိမှာ အမှန်အသိနဲ့ ကပ်ပြီး မပြတ်အောင် ရှုပေးရမယ်။

ထိုင်နေတဲ့အခါ ယားတယ်ဆိုပါတော့၊ အဲဒီယားတယ် ဆိုတာဟာ ယားစရာ ဝတ္ထုကြောင့် ယားစိတ်ကလေး ပေါ်လာတာပဲ၊ ဒီယားစိတ် ကလေးဟာလည်း သင်္ခါရပဲလို့ မှတ်ပြီး ရှုပါ၊ သဘောပါကြပြီလား၊ ခန္ဓာကိုယ်ကြီးဟာလဲ ကံကြောင့် ကံပြုပြင်လို့ ပေါ်ပေါက်လာရတာပဲ၊ ကံစိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းလေးခုကြောင့် ခန္ဓာကိုယ် ဖြစ်ပေါ်လာတာ၊ ဒါကိုလည်း သင်္ခါရလို့ မှတ်ကြ။

အခုရထားတဲ့ ခန္ဓာကိုလည်း သင်္ခါရလို့ မှတ်ကြပေါ့၊ ဒါကြောင့် "သင်္ခါရာ ပြုပြင်သဖြင့် ပေါ်လာသော သင်္ခါရတရားတို့သည် "ဝတ" စင်စစ် ကေန်၊ အမှန် မုချ အနိစ္စ ပျက်သော သဘောသာလျှင် ရှိကြပေကုန်၏။

ဒီမှန်ရှိတဲ့ သင်္ခါရ ရုပ်နာမ်ကို ပဌမသိဘို့ ကြိုးစားရမယ်၊ နောက်သင်္ခါရ ဖြစ်ပျက် သိဖို့က လိုရင်း အချက်ဘဲလို့ ဆုံးဖြတ်ချက်ချ ရှင်းကြပြီလား။

**"သင်္ခါရ အစကို တွေ့နိုင်မှသာ သင်္ခါရ အဆုံးကို တွေ့နိုင် ကြမယ်၊ သင်္ခါရအဆုံး တွေ့ရမယ်ဆိုတာဟာ အသင်္ခတနိဗ္ဗာန်ကို တွေ့ရမယ်လို့ ဆိုတာပဲ၊ သင်္ခါရအစမှ မတွေ့သေးယင် အဆုံးကို တွေ့လိမ့်မယ်ဆိုတာ အရာမဟုတ်ဘူးလို့ မှတ်ထားကြ၊ ဒါကြောင့် တို့ဒကာတွေ သင်္ခါရ အစ ပထမတွေ့အောင် အားထုတ်ရမယ်ဆိုတာ ပေါ်ပြီလား၊ သင်္ခါရအစ မြင်အောင် သတိနဲ့ စောင့်ကြည့်ကြရမယ်၊**

**သတိနဲ့-စောင့်ကြည့်ရင် သင်္ခါရအစကို အမှန်သိ အမှန်မြင် ကြရမယ်။**

စောင့်ကြည့်ဆိုတော့ ဘယ်လို စောင့်ကြည့်ကြရမလဲလို့ မေးစရာ ရှိတယ်၊ **စောင့်ကြည့်ဆိုတာ တရားအားထုတ်ရမှာကို ပြောတာလို့ မှတ်ကြ၊ ("အားထုတ်တဲ့အခါမှာ ပထမ သင်္ခါရကို တွေ့ရမယ်၊ သင်္ခါရလမ်းစကို တွေ့တာနဲ့ တစ်ချက်ထဲဖြစ်ပျက်လိုက် ပေးရမယ်")** ။

**"သင်္ခါရလေးတစ်ခု ပေါ်လာလိုက် ပေါ်လာပြီး ပျက်သွားလိုက်နဲ့ နေတာကို ဉာဏ်နဲ့ မြင်ရမယ် ဉာဏ်နဲ့ မြင်ယင် သင်္ခါရ ဂရုမစိုက်ပဲ ဖြစ်ပျက်ကို ဖိပြီး လိုက်ရမယ်၊ ဖြစ်ပျက်ကို ဖိပြီး လိုက်တော့ မကြာခင် ဖြစ်ပျက် အမြင်များလာမယ်၊ ပွားလာမယ်။** သဘောပါကြပြီလား။

သန္တာန်မှာ ပေါ်သမျှ **အားလုံးဟာ ဖြစ်ပျက်မှာ လမ်းဆုံး**ကြရတာ ချည်းပဲ၊ သင်္ခါရ ရုပ်နာမ်**အားလုံးဟာ ဖြစ်ပျက်မှာ** လမ်းဆုံးကြရမှာ ချည်းပဲဆိုတဲ့အချက်ကို စွဲစွဲမြဲမြဲ မှတ်လိုက်ကြ၊ **ဒါကို** မြတ်စွာဘုရားရှင်က "ဥပ္ပါဒဝယဓမ္မိနော"တဲ့ ဥပ္ပါဒနဲ့ ဝယ ဆိုတဲ့ အဖြစ်နဲ့ အပျက်သာ ရှိတာပါပဲလို့ ဟောတော်မူတယ်၊ ဓမ္မိနောက တရားသဘော ပြောရရင် အဖြစ်အပျက် သဘောမျှသာ ရှိတယ်တဲ့၊ ဖြစ်ပျက်တာက လွဲရင် ဒီပြင်ဘာမှ-အပိုမစွက်ပါဘူးတဲ့၊ ဥပ္ပဇ္ဇိတွာနိရုဇ္ဈတိ ဆိုတာ ဒကာတို့ သန္တာန်မှာ သင်္ခါရတွေဖြစ်ပြီး ဒကာတို့ သန္တာန်မှာပဲ ချုပ်သွားကြတယ်လို့ ဟောတော်မူတာ ဖြစ်တယ်၊ တေသံဝူပသမောသုခေါတဲ့၊ ဖြစ်ပျက် အဆုံးဟာ နိဗ္ဗာန်ပဲတဲ့။

**မကောင်းတဲ့ အစုဖြစ်တဲ့ ဖြစ်ပျက် ဒုက္ခကြီးချုပ်ရာ ဆုံးရာ ကုန်သွားတဲ့ နေရာမှာ နိဗ္ဗာန်ပေါ်တာပဲလို့ မှတ်ကြ၊ ဒုက္ခသစ္စာ ဒုက္ခ အစုကြီး ကုန်တဲ့နောက် သုခ နိဗ္ဗာန် ချမ်းသာသည် အမှန်ကြီး ပေါ်လာရတော့တာပဲ။**

နိဗ္ဗာန် လိုချင်ရင် ဘာကို အရင်မြင်ဘို့ အရေးကြီးသလဲ၊ သင်္ခါရ ဖြစ်ပျက် မြင်ဖို့-အရေးကြီးတယ်ဆိုတာ ဆုံးဖြတ်ချက်ချ၊ ဖြစ်ပျက် မြင်မှ နိဗ္ဗာန်ရကြမှာ။ သင်္ခါရဖြစ်ပျက်က ဒုက္ခသစ္စာ၊ သင်္ခါရဖြစ်ပျက် မြင်တဲ့ ဉာဏ်က မဂ္ဂသစ္စာ(မဂ္ဂင်ငါးပါး) သင်္ခါရဖြစ်ပျက် ဆုံးရာက နိရောဓ သစ္စာ၊ သင်္ခါရဖြစ်ပျက် ဆုံးရာ မြင်တဲ့ ဉာဏ်က မဂ္ဂသစ္စာ (မဂ္ဂင်ရှစ်ပါး) ပဲ၊ ဒီဖြစ်ပျက်ဆုံးရာ မြင်မှ မဂ္ဂင်ရှစ်ပါးပြည့်မှာ မဂ်ဉာဏ်ကို ကိုယ်ပိုင်ရမှာ၊

ဒါကြောင့် တို့ဒကာတွေ နိဗ္ဗာန်ရချင်ရောက်ချင်ရင်၊ ဖြစ်ပျက် မြင်အောင် ကြည့်ကြ၊ ကိုယ့်သန္တာန်မှာ အမြဲရှိနေတဲ့၊ ရုပ်နာမ် ဖြစ်ပျက် မြင်အောင် အမှန်အကန်သိအောင် ဉာဏ်နဲ့ ကြည့်ပေးကြလို့ အလေးအနက် တိုက်တွန်းလိုက်ပါတယ်။

**ဖြစ်ပျက်တွေ့တဲ့ ဉာဏ်က ဝိပဿနာဉာဏ်၊ မဖြစ် မပျက် တွေ့တဲ့ ဉာဏ်က မဂ်ဉာဏ်ပဲ ဖြစ်ပျက်တွေဆုံးသွားတာ၊ ခန္ဓာဒုက္ခ သစ္စာကြီး ဆုံးသွားတာပဲလို့ မှတ်ကြအဲဒီဆုံးတဲ့ နေရာမှာ သုခနိဗ္ဗာန် ပေါ်တယ်လို့မှတ်၊** ရုပ်နာမ်ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရုပ်နာမ် ဖြစ်ပျက် ဆုံးတာက နိရောဓသစ္စာ၊ ရုပ်နာမ် ဖြစ်ပျက် အဆုံးမြင်တဲ့ ဉာဏ်က မဂ္ဂသစ္စာလို့ မှတ်ကြ၊ ဒါကြောင့် ဖြစ်ပျက်မြင်အောင် ကြိုးစားပြီး ကြည့်ကြ၊ ဖြစ်ပျက်မြင်ရင် မညံ့တော့ဘူး၊ နိဗ္ဗာန်နဲ့နီးပြီမို့ အားတက် ဝမ်းမြောက်ကြ၊ ဖြစ်ပျက်မြင်ရင် မုန်းအောင်ဆက်ကြည့် မုန်းရင် ဆုံးအောင် ဆက်ရှု၊ ဆုံးရင် နိရောဓသစ္စာပဲ၊ ကိုင်းအားထုတ်ကြ။

❖ ❖ ❖ ❖ ❖ ❖

## • "ခန္ဓာငါးချက် ဉာဏ်ဖောက်ဖျက် တရားတော်"

(၁) **ရုပက္ခန္ဓာ** – ဖောက်ပြန်တတ်သော သဘောအစုဖြစ်ပျက်မှု

(၂) **ဝေဒနာက္ခန္ဓာ** – ခံစားတတ်သော သဘောအစုဖြစ်ပျက်မှု။

(၃) **သညာက္ခန္ဓာ** – မှတ်သားတတ်သော သဘောအစုဖြစ်ပျက်မှု။

(၄) **သင်္ခါရက္ခန္ဓာ** – တိုက်တွန်းစီရင်တတ်သော သဘောအစု ဖြစ်ပျက်မှု။

(၅) **ဝိညာဏက္ခန္ဓ** – သိကြံတတ်သော သဘောအစုဖြစ်ပျက်မှု။

### ရုပက္ခန္ဓာ

ရုပ်ဆိုတာ ခဏခဏ ဖောက်ပြန်တဲ့ သဘောမျှသာရှိတယ်၊ တစ်မျိုးပြီး တစ်မျိုး ပြောင်းလဲပြီး ဖောက်ပြန် ပျက်စီးနေတဲ့ သဘောပဲရှိတယ်၊ ပူတဲ့ရုပ်က အေး၊ အေးရုပ်က ပူ၊ လှုပ်ရှားရုပ်က ငြိမ်၊ ငြိမ်ရုပ်က လှုပ် စသည့်အားဖြင့် ခဏမစဲတသဲသဲ ဖောက်ပြန်တယ်ဆိုတာ ပင်ကိုယ် သဘာဝကို စွန့်သွားတာ၊ ပင်ကိုယ်သဘာဝကို စွန့်သွားတာ၊ ပင်ကိုယ် သဘောစွန့် သွားတာဟာ ဖောက်ပြန်တာပဲလို့ မှတ်ထားကြ။

### ဝေဒနာက္ခန္ဓာ

ဝေဒနာဆိုတာ ခံစားတတ်တဲ့ သဘောကို ဆိုတာပဲ၊ သူက ကောင်းတာလည်း ခံစားတယ်၊ မကောင်းတာလည်း ခံစားတယ်၊ အလယ်အလတ် အသင့်မှာလည်း ခံစားတတ်တယ်၊ ဒီလို ခံစားတတ်တဲ့ သဘောကို ခေါ်တာ၊ ခံစားတာ ဟူသမျှ ဝေဒနာချည်းဘဲလို့ မှတ်ကြ၊ ဝေဒနာက ကောင်းမကောင်း၊ အသင့်ဆိုတဲ့ သုံးမျိုးမှာ လှည့်ခံစားတယ်၊ ဒီသုံးခုတစ်မျိုးပြီး တစ်မျိုးလှည့်ပြီး ဖြစ်ပျက်နေတာပဲ ရှိတယ်၊ ဖြစ်လာပြီး ပျက်သွားလိုက်၊ သူ့သဘောအတိုင်းဖြစ်၊ သူ့သဘောအတိုင်း ပျက်တာပဲ၊

ပေါ်ပါလို့ တောင်းယူလို့ မရဘူး၊ မပျောက်ပါနဲ့လို့ တားလို့လည်း မရဘူး။

## သညာက္ခန္ဓာ

သညာဆိုတာ မှတ်သားတတ်တဲ့ သဘောပဲ ရှိတယ်လို့ မှတ်ကြ၊ သညာဆိုတာ အမှတ်သဘောပဲ၊ ဟိုလူ မောင်ဖြူ၊ ဒီလူက မောင်ညို ဆိုပြီး မှတ်သားတတ်တယ် ယောကျ်ားပဲ၊ မိန်းမပဲ၊ ငါပဲ သူပဲ ဆိုပြီး အစဉ်အလာအတိုင်း မှတ်သားတတ်တယ်၊ ဒီလူက ဘယ်သူလဲ၊ ဘယ်သူ တော့ မရောက်သေးဘူးနဲ့ ပြောကြ ဆိုကြတာဟာ အမှတ်အသား ထားပြီး ပြောဆို နေကြတာပဲ၊ သညာနယ်ပယ်ဟာ အလွန်ကျယ်ဝန်း ပါတယ်၊ ဒီသညာ ဖြစ်ချင်တော့ ဖြစ်စရာ အာရုံနဲ့ တွေ့တွေ့ခြင်း ဖြစ် လာတာပါပဲ၊ သူလည်း ဖြစ်ပြီး ပျက်တော့တာပဲ၊ ဒကာ ဒကာမတွေ သဘောပါကြပြီလား၊ ဒီ အမှတ်သဘောကလေးဟာ ပေါ်စရာ အာရုံနဲ့ တိုက်ဆိုင်တဲ့ အခါ ပေါ်လာပြီး ချက်ခြင်း ပျောက်သွားတာပဲ၊ ခေါ်လို့ လာတာလည်း မဟုတ်၊ နှင်လို့ သွားတာလဲ မဟုတ်ပါဘူး၊ သူ့သဘာဝ အတိုင်း အနိစ္စမျိုးမို့ ပျက်စီးသွားရတာပါ၊ ရှင်းကြပလား၊ သူ့သဘောအတိုင်း ပေါ်လာလိုက် ပျောက်သွားလိုက်နဲ့ နေတာပဲ၊ ဒါကို ဒကာ ဒကာမတွေက ဉာဏ်နဲ့ စောင့်ကြည့် နေရင် အမှန်ဖြစ်ပျက်နေတဲ့သဘော မပိုင်မဆိုင်တဲ့ သဘောကို တွေ့ရမြင်ရမယ်။

## သင်္ခါရက္ခန္ဓာ

သင်္ခါရဆိုတာ တိုက်တွန်းသဘော စီရင်တတ်တဲ့ သဘောရှိတယ်လို့ မှတ်ကြ၊ ဥပမာထိုင်ချင်တယ်၊ စောင်းချင်တယ်၊ ရွေ့ချင်တယ်၊ ပြောင်းချင်တယ် ဆိုတဲ့ သဘောတွေပဲ၊ ဒီသဘောတွေဟာလဲ သူ့သဘာဝ အတိုင်း ဖြစ်ပေါ်လာလိုက် ပျက်သွားလိုက်နဲ့ မရပ်မနား ပျက်ပြားနေကြတဲ့ သဘောတွေပဲလို့ မှတ်ကြ၊ သူ့လဲ ဇရပ်ကိုလာပြီး တည်းခိုတဲ့ ဧည့်သည်

သဘော၊ ဧည့်သည်ဥပမာလိုပါပဲ၊ သဘောပါကြပြီလား။

ဒီတိုက်တွန်းသဘော ပြုပြင်စီရင်တက်တဲ့ သဘောဟာလည်း ကိုယ့်အလိုတစ်ချက်မှ မလိုက်ပါဘူး၊ ကိုယ့်အကြိုက်လည်း တစ်ခုမှ မဆောင်ပါဘူး၊ ဒါကြောင့် သူ့ကိုလည်း ကိုယ်ပိုင် ကိုယ်ဆိုင်မဟုတ်တဲ့ သဘော သဘာဝပဲ၊ မပိုင် မဆိုင်တဲ့ အနတ္တပဲလို့ ဉာဏ်နဲ့မြင်အောင် ကြည့်ပေးရမယ်၊ ရိပ်မိကြပြီလား။

## ဝိညာဏက္ခန္ဓာ

ဝိဉာဏ်ဆိုတာ သိတတ်တဲ့ သဘောပါပဲ၊ အသိသဘော အသိလုံးကလေးကို ဝိဉာဏ်လို့ ခေါ်တယ်လို့ မှတ်ကြ၊ ဘယ်သူကိုသိတယ်၊ ဘယ်ဝါကို သိတယ်လို့ ပြောကြတာဟာ ဝိဉာဏ်ခေါ်တဲ့ သိလုံးကလေးပဲ၊ သူလဲမမြဲပါဘူး၊ သိပြီး ပျက်သွား၊ သိပြီး ပျက်သွား၊ သိပြီး ပျက်သွားနဲ့ ဒါလဲ မပိုင်မဆိုင်တဲ့ သဘောရှိတယ်လို့ မှတ်ကြ၊ ဒါကို ဉာဏ်နဲ့ ကြည့်မှသာ မြင်ရမယ်။ ကြည့်ပေးဖို့က ဒကာတို့ တာဝန်၊ အမှန်အကန် သဘာဝကို ပြမှာက ဓမ္မတာဝန်၊ ကြည့်ပေးရင် မပိုင်ဆိုင်တဲ့ သဘာဝအမှန် ကိုမြင်ကြရမယ်၊ သဘောပါကြပြီလား။

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိဉာဏ်ငါးခုထဲက ကြည့်ချင်တာ ကြည့်၊ တစ်ခုကြည့်ရင် ပြီးပါတယ်၊ ဉာဏ်နဲ့ ကြည့်ရင် အမှန်မြင်ရမယ်၊ ဖြစ်ပြီး ပျောက်သွားတဲ့ သဘောရှိတာမို့ ဖြစ်ပြီး ပျောက်သွားတာပဲမြင်ရမယ်၊ ရှင်းကြပြီလား။

## ဆောင်ပုဒ်

"ဖောက်ပြန်ခံစား၊ မှတ်သားပြုပြင်၊ သိဝိညာဉ်၊ ငါးအင်ခန္ဓာမှတ်"

ဒီခန္ဓာ ငါးပါးသဘော ဆောင်ပုဒ်ကလေးလဲရအောင် ကျက်ထားကြ၊ ခန္ဓာငါးပါးရဲ့ သဘောက သူ့ဟာသူဖောက်ပြန်၊ သူ့ဟာ သူခံစား၊

သူ့ဟာသူမှတ်သား၊ သူ့ဟာသူ စေ့ဆော်တိုက်တွန်း၊ သူ့ဟာ သူသိပြီး၊ ဖောက်ပြန် ပျက်စီးသွားကြတာပဲ ရှိတယ် ဥပမာအားဖြင့် ဇရပ်မှာ ဝင်တည်းတဲ့ ဧည့်သည် ငါးယောက်နဲ့ တူတယ်လို့ မှတ်ကြ၊ လမ်းဘေးက ဇရပ်တစ်ဆောင်မှာ ကိုယ့်ကိစ္စနဲ့ကိုယ့် အရေးကြုံလို့ ခရီးသွားရင်း ဝင်ပြီး နားနေ တည်းခိုကြတယ်၊ အဲဒီ ဧည့်သည် ငါးယောက်ဟာ ဝင်လာ တည်းခိုတုန်းကလည်း၊ ဘယ်သူကိုမှ ဘာစကားကိုမှ မပြောမဆိုဘဲ ဝင်လာတည်းခိုကြတယ်၊ အချိန်တန်လို့ ထွက်ခွာသွားကြတော့လဲ မပြောမဆိုနဲ့ ကိုယ့်သဘောနဲ့ ကိုယ်ပဲ ထွက်ခွာသွားကြတာပါပဲ။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဧည့်သည် သဘောမြင်အောင် ကြည့်ဖို့ အထူးတိုက်တွန်းလိုက်ပါတယ်၊ ဒီခန္ဓာငါးပါးဟာ ဖြစ်လာလိုက် ပျက်သွားလိုက်နဲ့ ဉာဏ်နဲ့ စောင့်ကြည့်ရင် ဧည့်သည်သဘော နေပြီး ဧည့်သည်သေ သေသွားကြတာပဲလို့ မြင်လာမယ်၊ မြင်လာရင် ကိုယ့်ခန္ဓာ လို့ မဆိုနဲ့တော့၊ ဧည့်သည် ခန္ဓာလို့ ဆိုကြ၊ ဒါကြောင့် ဒကာ ဒကာမတွေ "ခန္ဓာပေါ်မှာ ဧည့်သည် အမြင်မျိုးမြင်အောင် ဧည့်သည် အကြည့်အမြင်မျိုးနဲ့ ကြည့်ပေးကြ၊ အိမ်သည်အနေနဲ့ မကြည့်ကြနဲ့ သဘောပါကြရဲ့လား။ ခန္ဓာငါးပါးဟာ အမှန်သဘောက ဧည့်သည် တရားတွေပါ ရှင်းပြီလား။

ခန္ဓာငါးပါးကို ဧည့်သည် သဘောသိသွားရင် မလှုပ်တော့ဘူး၊ မလှုပ်ရင် ငြိမ်တာပဲဆိုတာ ရိပ်မိကြ၊ ရိပ်မိကြရင် ဒီက ရှေ့ခန္ဓာငါးပါးကို အတွင်းလူ အတွင်းသားအဖြစ် မထားကြနဲ့ မကြည့်ကြနဲ့ ဧည့်သည်မို့ ဧည့်သည် သဘောပဲထားကြ ဉာဏ်နဲ့ မြင်အောင်ကြည့်ကြရှင်းကြ ပြီလား။

**"ဒီခန္ဓာငါးပါးကို ဧည့်သည်အဖြစ် ဧည့်သည် အမြင်နဲ့ မြင်ရင် တဏှာ၊ မာနဒိဋ္ဌိ သေတယ်" တဏှာ၊ မန၊ ဒိဋ္ဌိ သေတော့ နောက်က ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊**

**ဒေါမနဿ၊ ဥပါယာသ ဆိုတဲ့ ဒုက္ခ အစုတွေပါ သေကုန်တယ်၊ ဒီ** တရားဆိုးတွေ ဖြစ်ခွင့်မရပဲ ချုပ်ပျောက်ကုန်ကြတယ်၊ ဒီတရားဆိုးတွေ သေတော့ သံသရာစက် ပြတ်တယ်လို့ မှတ်ကြ ရှင်းကြပြီလား၊ ဒီတော့ ဒီတရားဟာ သံသရာ စက်ပြတ်တဲ့ တရားပဲလို့ ဆုံးဖြတ်ချက်ချ၊ ကျေနပ်ကြပြီလား။

ဒကာ ဒကာမတွေ "ဂတိငါးပါး"နားလည်ကြတယ်၊ ၊ဂတိငါးပါးက "ဒေဝ၊ မနုဿ၊ နိရိယ၊ ပေတ၊ တိရစ္ဆာ၊ လားရာဂတိ၊ ငါးပါးရှိမှတ် သိလူ ဗိုလ်ပ" ဆိုတဲ့ အတိုင်း နတ်ရွာ၊လူ့ရွာ၊ ငရဲရွာ၊ ပြိတ္တာ၊ တိရစ္ဆာန် ဆိုတဲ့ ငါးမျိုးပဲဆိုတာ သိကြတယ်၊ ဒီတော့ ဒကာ ဒကာမတွေကို မေးတယ် ဆိုပါတော့ ခန္ဓာငါးပါးရဲ့ လားရာ ရောက်ရာ ဂတိကဘာ ပါလဲလို့ မေးတဲ့ အခါ၊ ဒကာတို့ တစ်တွေက ခန္ဓာငါးပါးကို ပုဂ္ဂိုလ် သတ္တဝါ အဖြစ်နဲ့ ပြောမယ်၊ ငါသူတစ်ပါး၊ ယောကျ်ား၊ မိန်းမအမှတ်နဲ့ ပြောပြမယ် ဆိုရင် ဘယ်ဂတိနဲ့ ပြောတယ်ဆိုတာ ရိပ်မိကြပြီလား၊ ဒီလို ပြောရင် အမှန်မကျနိုင်ဘူး၊ ဘုရားအလိုတော်နဲ့ ဆန့်ကျင်ဘက်ပဲ၊ အမှန်က ဒီခန္ဓာငါးပါးရဲ့ ဂတိဟာ ဖြစ်ပြီး ပျက်သွားတာပဲရှိတယ်၊ ဖြစ်ပေါ်ပြီး ပျောက်သွားတာဟာ သူ့ဂတိပါပဲလို့ ဆိုလိုတယ်၊ သဘောပါ ပြီလား၊ ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့ရဲ့ ဂတိဟာ ဝိဘဝေါကတိပဲတဲ့၊ ဝိဘဝေါ ကတိဆိုတာ ဖြစ်ပြီး ပျက်သွားတာကို ဆိုတာ၊ ဒီနေရာမှာ မရှိတာဖြစ်ပြီး မရှိတာဟာ သူ့ကတိပဲ မှတ်လိုက်ကြ။

ဒီတော့ ဒကာ ဒကာမတွေ အထူးမှတ်ထားဖို့က ဒီကတိကို ပိုင်ရင် အနတ္တကို ပိုင်ပြီ၊ ဒီကတိမပိုင်ရင် အနတ္တမပိုင်သေးဘူး၊ အနတ္တ ဉာဏ် မရသေးဘူးလို့ ဆိုတဲ့ အချက်ပဲ၊ သဘောပါကြပြီလား၊ သူ့လားရာ ကတိပိုင်ရင် အနတ္တပိုင်တယ်၊ ပိုင်ဘို့ဆိုတာက ဒီနေရာမှာ ပေါ်ပြီး ဒီနေရာမှာ ပျောက်သွားတာကို ဝိဘဝေါကတိဖြစ်တဲ့ နေရာမှာ လားရာကတိရှိတယ်လို့ သိကြဖို့ပဲ၊ သူ့လားရာ ကတိကို သိတော့

ကြောင့်ကြမှု၊ တောင့်တမှု မရှိတော့ဘူး၊ ဒီသဘောဟာ ခန္ဓာထုံးစံပဲလို့ သိသွားပြီ၊ ထုံးစံသိတဲ့ ဉာဏ်ဟာ အနတ္တဉာဏ်ပဲ၊ ထုံးစံပျက်တာက အတ္တပဲလို့ မှတ်ကြ။

ခန္ဓာထုံးစံ အမှန်သိတော့ ခန္ဓာက ဖောက်ပြန်တဲ့အခါ သြော်--သူ့သဘော သူဆောင်ရွက်နေတာပဲ၊ သူ့ထုံးစံ သူလုပ်နေတာကိုး၊ ဒါဟာ သူ့ထုံးစံပေပဲလို့ ဆုံးဖြတ်နိုင်တော့တယ်၊ သူ့သဘောသိရင် အနတ္တပိုင်တယ်၊ သူ့သဘောမသိရင် အတ္တပဲလို့မှတ်ကြ၊ သူ့သဘော မသိရတော့ ကိုယ်ပိုင်၊ ကိုယ်ဆိုင်မှတ်ပြီး အတ္တလုပ်နေကြတယ်၊ အမှန်တော့ သူ့တို့ မွေးရာ ဇာတိ၊ လားရာကတိလို့ မသိကြလို့ - ငါပဲ၊ ကိုယ်ပဲ မှတ်ထင်နေကြတာပါ။ သဘောပါကြပြီလား။

ဒကာ ဒကာမတွေ ဉာဏ်နဲ့ သေသေအချာကြည့်ကြ၊ အဆင်းနဲ့ တွေ့တဲ့အခါ မျက်လုံးစိတ်ကလေးပေါ်မယ်၊ ပေါ်ပြီး မျက်လုံးစိတ်ဟာ မျက်လုံးထဲမှာ ပဲလားရာ ကတိရှိတာပဲ၊ ဆိုတာ သိကြမယ်၊ နားစိတ်ပဲ နားထဲမှာပဲ လားရာကတိရှိတာပဲ၊ ကိုယ်ထဲမှာ ဖြစ်ပေါ်လာတဲ့ စိတ်ကလေး ဟာလဲ ဒီအတိုင်းပါပဲ၊ သူဖြစ်ပေါ်တဲ့ နေရာဟာ လားရာကတိပဲ၊ သဘောပါ ကြပြီလား၊ ဒီသဘောကိုသိပြီး တို့ဒကာ ဒကာမတွေ သူ့ သဘောအတိုင်း ငြိမ်သည် နေနေပြီး၊ ငြိမ်သည်သေ သေသွားတာကို ရင်မ မနေကြနဲ့ ရိုပ်မိကြပြီလား၊ ဒီလို ဖြစ်တာ သူ့သဘော၊ သူ့ထုံးစံပဲလို့ ဉာဏ်နဲ့ ကြည့်လိုက်ကြ။

ထုံးစံအတိုင်းနေရင် အနတ္တ၊ ထုံးစံပျက်ရင်ဖြင့် အတ္တရမယ်၊ ခန္ဓာက ဖောက်ပြန်တိုင်း ဖောက်ပြန်တိုင်း သြော်--သူတို့ရဲ့ ထုံးစံပဲလို့ အောင်းမေ့ကြ၊ ထုံးစံသိရင် အနတ္တမြင်တယ်၊ အနတ္တမြင်ရင် ပပဉ္စသေတယ်၊ ဒီသဘောကို ဉာဏ်နဲ့ မကြည့်မိရင် ကောင်းတာနဲ့ တွေ့တော့ သူထုံးစံ ဖျက်ပြီး ကျုပ်ကောင်းဒါပဲ ဆိုပြီး ဝေဒနာကို ငါလုပ်လိုက်တော့တယ်၊ ကျုပ်ကောင်းတာဘဲ ဆိုရင် သုခဝေဒနာငါလုပ်တာပဲလို့ မှတ်ကြ။

ငါအိုက်တယ်၊ ငါချမ်းတယ်ဆိုရင် ရူပက္ခန္ဓာ ငါလုပ်တာ၊ ငါခေါင်းကိုက်တယ် ငါခါးနာတယ်ဆိုရင် ဒုက္ခ ဝေဒနာ ငါလုပ်လိုက်တာပဲ၊ ဝေဒနာက္ခန္ဓာ ငါလုပ်တာပဲ၊ ငါမှတ်မိသားပဲတဲ့၊ အဲဒါသညာက္ခန္ဓာကို ငါလုပ်တာ၊ ငါစားချင်တယ်၊ ငါလုပ်ချင်တယ် ဆိုတာက သင်္ခါရက္ခန္ဓာ ငါလုပ်တာဘဲလို့ မှတ်ကြ၊ ငါသိတယ်ဆိုတာက ဝိညာဏက္ခန္ဓာ ငါလုပ်တာပါ၊ ဉာဏ်နဲ့ ကြည့်ရင် ခန္ဓာ ငါးပါးချည်းပါပဲ၊ ဒီထဲမှာ ငါမပါဘူး သူလဲမပါ ပုဂ္ဂိုလ်ဆိုစရာ သတ္တဝါ ဆိုစရာ တစ်ခုမှ မပါပါဘူး၊ ရိပ်မိကြပြီလား။

ဒကာ ဒကာမတွေက ဒီခန္ဓာ ရုပ်နာမ်ကို ငါလုပ်ပြီး ခင်ကြ၊ မင်ကြ ကြောင့်ကျစိုက်ကြ၊ ပူပန်ကြ၊ သောက၊ ဒုက္ခရောက်ကြ၊ ဒုက္ခလက်စ မသတ်နိုင်ကြအောင် ဖြစ်နေကြတယ်၊ ခန္ဓာမှာ ဉာဏ်နဲ့ကြည့်ရင် ခန္ဓာရုပ်နာမ် ကလွဲလို့ ဘာမှအပိုမပါဘူး၊ သဘောပါကြပြီလား၊ ဒါတွေဟာ အကြောင်းတိုက်ဆိုင်တဲ့အခါ ပေါ်လာပြီး ပေါ်တဲ့နေရာမှာပဲ ပျောက်ပျက်သွားကြတာပဲ၊ အမှန်အယိုက ပရမတ္ထသဘော သဘာဝမျှသာ ရှိတယ်လို့ မှတ်ကြ။

ဒကာ ဒကာမတို့ ခန္ဓာဟာ ကိုယ့်အလိုမလိုက်ဘဲ၊ ကိုယ့်အကြိုက်မပါဘဲ အနတ္တမှန်း ဧည့်သည်မှန်း တစိမ်းပြင်ပမှန်း အမှန်အကန်သိကြပါ၊ ဧည့်သည်ကို ဧည့်သည်မှန်းသိရင် ပပဉ္စသေပြီးသား၊ သတ်ပြီးသားပဲ၊ ပပဉ္စသေပြီးလို့ မှတ်ကြ၊ ပပဉ္စသေရင် "တဏှာနိရောဓေါ နိဗ္ဗာန်နံ မာနနိရောဓော နိဗ္ဗာနံ ဒိဋ္ဌိနိရောဓော နိဗ္ဗာနံ"၊ ဘာသေသေ၊ သေရင် နိဗ္ဗာန်ပဲ၊ တစ်ခုခု သေအောင်ကြည့် တတ်ရင် နိဗ္ဗာန်ရမယ်ဆိုတာ ဆုံးဖြတ်ချက်ချကြ။

## "အနတ္တဉာဏ်မြင်နိဗ္ဗာန်ဝင် တရားတော်"

**ဆောင်ပုဒ်**

တဏှာ မာန ဒိဋ္ဌိက၊ သုံးဝပပဉ္စာ၊
ပပဉ္စာပင်၊ ရှိလေလျှင်၊ ချဲ့တွင်သံသရာ။
လူနတ်၊ တိရစ္ဆာန်၊ သံသာရ်၊ ဖန်ဖန်လှည့်လည်ကာ။
အိုနာ သေမွဲ၊ ရှင်သေကွဲ၊ ဆင်းရဲထပ်ကြပ်ပါ။
မသိမိုက်တူး၊ ပျော်ယစ်မူး၊ အရူးသွက်သွက်ခါ။
ရုပ်နာမ်ပေါ်တွင်၊ ဖြစ်ပျက်မြင်၊ ဉာဏ်ဝင်အနတ္တာ။
အနတ္တာနောက်မှ မဂ်ဝင်က၊ သေကြ ပပဉ္စာ။
ပပဉ္စာတိသေအောင်သတ်၊ အမြတ်နိဗ္ဗူတာ။

ဒကာ ဒကာမတွေကို အနတ္တသဘောကို ပြောပြမယ်၊ အနတ္တဆိုတဲ့ သဘောဟာ ပင်ကိုယ်သဘာဝ စွန့်တဲ့ အစိုးမရ ပါယ်ပဲ၊ အခုပြောမဲ့ အနတ္တက သံယုတ်ပါဠိတော် အနတ္တလက္ခဏာသုတ်မှာ လာတဲ့ အနတ္တလို့မှတ်ကြ။

မိမိခန္ဓာမှာ ဉာဏ်နဲ့ရှုကြည့်ရင် အနတ္တသဘာဝ အမှန်သဘောကို တွေ့ကြ မြင်ကြမယ်လို့ မှတ်လိုက်ကြ၊ ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်တော့ ရုပ်သဘော၊ နာမ်သဘောတွေဟာ ပူချည်၊ အေးချည်၊ ကောင်းချည် ဆိုးချည် စသည်ဖြင့် သူ့သဘောနဲ့ သူဖြစ်လာပြီး၊ ပျက်သွား၊ ဖြစ်လာပြီး ပျက်သွားနဲ့ နေကြတာပဲ တွေ့ရမယ်၊ ဒီထဲမှာ ငါရှိသလား၊ သူရှိသလား၊ ပုဂ္ဂိုလ်သတ္တဝါဆိုပြီး သေသေချာချာ ဉာဏ်နဲ့ ရှုကြည့်တော့ ပင်ကိုယ် သဘော စွန့်တဲ့ အစိုးမရတဲ့ အနတ္တသဘောပဲ မြင်ရတယ်၊ ရုပ်ကြည့်တော့ အခုအေးပြီး ချက်ချင်းပူတယ်၊ ဝေဒနာကြည့်တော့လည်း အခု သုခ၊ တော်တော်ကြာ ဒုက္ခဖြစ်၊ နောက်တော်တော်ကြာပြန်တော့ ဥပေက္ခာရောက်၊ မပိုင်မဆိုင်တဲ့ သဘောတွေပဲ။

သညာ ကြည့်တော့လဲ ဒီသဘောပဲ၊ သူမှတ်လိုက် ငါလို့မှတ်လိုက်၊ သားမှတ်လိုက် သမီးမှတ်လိုက်နဲ့ သူ့သဘောအတိုင်း သူဖြစ်နေတာပါ၊ အပို တစ်ခုမှ မပါဘူး၊ ဝေဒနာလည်း ထိုအတူပါပဲ၊ ဝိညာဏ်လည်း ဒီအတိုင်းပဲ၊ ရုပ်နာမ် ခန္ဓာ ဘာကိုပဲ ကြည့်ကြည့်၊ အစိုးမရတဲ့ သဘော ပင်ကိုယ် သဘော စွန့်တဲ့သဘောချည်းပါပဲ၊ ရှင်းကြပြီလား၊ ဒါကြောင့် ဘုရားက "သဗ္ဗေဓမ္မော အနတ္တာ"တဲ့ တရားမှန်သမျှဟာ အနတ္တချည်းပဲလို့ ဟောတာပဲ တို့ဒကာတွေ သဘောပါပြီလား။

ခန္ဓာမှာ ဉာဏ်နဲ့ကြည့်ရင် တစ်ခုခုတော့ ဧကန်တွေ့ရမယ်၊ တစ်ခုမရှိရင် တစ်ခုတော့ ရှိနေတာပဲ၊ ကိုယ့်ဉာဏ်မှာ ပေါ်လာတာ မလွတ်အောင် မိအောင် ရှုဖို့ လိုရင်းပဲ၊ သုခပေါ်ပေါ် ဒုက္ခပေါ်ပေါ် ပေါ်ချင်တာ ပေါ်ပါစေ အနတ္တပဲလို့သာ ရှုကြ၊ ဒါကြောင့် ဘုရားက အနတ္တလက္ခဏာသုတ်မှာ–

"ဝေဒနာ ဘိက္ခဝေ အနတ္တာ ဝေဒနာစ ဟိဒံ ဘိက္ခဝေအတ္တာ အဘဝိဿ၊ နယိဒံဝေဒနာ အာဗာဓာယ သံဝတ္တေယျ လဗ္ဘေထစ ဝေဒနာယ ဧဝံမေဝေဒနာ ဟောတု ဧဝံမေ ဝေဒနာမာအဟောသီတိ"လို့ ဟောတော်မူခဲ့တယ်။

ဝေဒနာဟာ ကိုယ့်အလို **မပါတဲ့** အနတ္တပဲ၊ ဝေဒနာဟာ အတ္တဟုတ်ခဲ့ရင် အနာမဖြစ်၊ ဝေဒနာဟာ ငါ့အဖို့ရာ ဒီလိုဖြစ်စေ၊ ဒီလိုမဖြစ်စေနဲ့လို့ တောင့်တလို့ ရနိုင်ရမယ်တဲ့။

ကိုယ်ဖြစ်ချင်သလို မဖြစ်ဘူး၊ တောင့်တလို့ မရဘူး၊ သူ့လမ်းစဉ်နဲ့သူ၊ သူ့သဘာဝအတိုင်းသာ ဖြစ်နေတာပဲ၊ ဒါကြောင့် ဒီဝေဒနာကို သူစိမ်းသဘော မပိုင်တဲ့ သဘောမို့ အနတ္တပဲလို့ ဆုံးဖြတ်ချက်ချ၊ ဝေဒနာ ဖြစ်ပေါ်တဲ့အခါ ဒုက္ခမလာပါနဲ့ သုခလာပါလို့ တောင့်တလို့လည်း

မရဘူး၊ သူခမို့ မပျက်ပါစေနဲ့လို့တောင်းတလို့လည်းမရဘူး၊ ဒီတော့ သူခလာလာ၊ ဒုက္ခပဲလာလာ ကိုယ့်အလိုမပါတာမို့ အနတ္တချည်းပဲလို့ မှတ်လိုက်ကြ၊ ကိုယ့်-အကြိုက်ကို နည်းနည်းမှ မလိုက်မဂါပါဘူး၊ ဒါကြောင့် အနတ္တချည်းပဲ မှတ်လိုက်ကြ။

ဘုရားပွင့်တိုင်း ပွင့်တိုင်း အနတ္တလက္ခဏာသုတ်ကို ဟောတယ်၊ သတ္တဝါတွေ သနားလို့ကယ် ချွတ်ဖို့ နိဗ္ဗာန်ချမ်းသာရစေဖို့ ဟောရတာ၊ ဒကာတို့က အတ္တလက္ခဏာသုတ်နဲ့ ငိုကြ၊ ယိုကြ အပါယ်သွားကြဆိုရင် တော်ပါ့မလား၊ ဘုရားအလိုတော်ကျပါမလား၊ စဉ်းစားကြ။

ကိုယ့်အလုပ် မဟုတ်မှန်းသိပြီး ပြင်ကြဆင်ကြတော့၊ အချိန်သိပ်မရ တော့ဘူး၊ ခန္ဓာမှာ ဉာဏ်နဲ့ကြည့်ကြတော့ ခန္ဓာက အမှန်ပြတော့ အမှန် မြင်ကြ၊ အမှန်သိကြမယ် သဘောပါပြီလား၊ ရုပ်ဖြစ်ဖြစ်၊ နာမ်ဖြစ်ဖြစ် ကြည့်ချင်တာ တစ်ခုကို ကြည့်၊ ရုပ် ဝေဒနာ သညာ သင်္ခါ ဝိညာဏ်ငါးခုထဲက တစ်ခုကြည့်ရင်ပြီးပါတယ်၊ ကြည့်ရင် ဖြစ်ပေါ်ပြီး ပျက်စီးနေတဲ့ ဒုက္ခသစ္စာကို မြင်ရမယ်၊ တားမရဆီးမရ တောင့်တလို့မရ မပိုင်မဆိုင်တဲ့ သဘော ဖြစ်လို့ အနတ္တချည်းပဲလို့ ရှုပေးရမယ်၊ ဖြစ်ပျက်အနတ္တနောက်က - ရှုဉာဏ်လိုက်ပေးရင် ပပဉ္စမလာနိုင်ဘူး။

**ခန္ဓာက အနတ္တ၊ မြင်တဲ့ ဉာဏ်က မဂ္ဂ၊ ငြိမ်းဒါက ပပဉ္စ၊ သိမ်းတာက သောက၊ ပရိဒေဝစတဲ့ ဒုက္ခအစု" ပဲလို့ မှတ်ကြ** "ဝိပရိဏာ မလက္ခဏံ ဒုက္ခသစ္စံ" လို့ ဆိုတဲ့ အတိုင်း ဖောက်ပြန် ပျက်စီးနေတဲ့ သဘော လက္ခဏာဟာ ဒုက္ခသစ္စာပဲ၊ ကိုယ့်အလိုလဲမလိုက်၊ အကြိုက် သဘောလည်း မပါလို့၊ ဒီခန္ဓာက အနတ္တ ဒုက္ခသစ္စာပဲလို့ မှတ်လိုက်ကြ၊ ခန္ဓာက အနတ္တ၊ ဒုက္ခသစ္စာ၊ သောကပရိဒေဝ သိမ်းတော့ "အသောကံ ဝိရဇံခေမံ"လာတော့တာပဲ၊ အသောကံ၊ စိုးရိမ်သောက ဗျာပါရလည်းမရှိ၊ ဝိရဇံ၊ ကိလေသာ ဟူသော ရမက်တဏှာ မြူလည်း မရှိ ၊ခေမံ၊ ဘေးမျိုးကင်း၍ ငြိမ်းအေးခြင်းလည်းရှိ၏။

၁။ အလိုမလိုက် အကြိုက်မပါတဲ့ သဘောက အနတ္တဒုက္ခသစ္စာ၊

၂။ ဒီသဘောကို သိတာက–မဂ္ဂသစ္စာ။

၃။ ဒီတော့ မစွဲလမ်း မသိမ်းပိုက်တာက သမုဒယသေတာ၊ သမုဒယသစ္စာ။

၄။ ငြိမ်းတာက နိရောဓ၊ နိရောဓသစ္စာ။

"လောကမှာ သူ့ဟာသူဖြစ်တဲ့ တရားမရှိဘူး၊ အကြောင်းကင်းကဲ့ တရားမရှိဘူးလို့၊ ဥပရိပဏ္ဏာသ ပါဠိတော်မှာ ဟောတော်မူထားတယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အနတ္တအကုန်ပိုင်ရင် တစ်မျိုး တစ်ဆွေလုံး နိဗ္ဗာန်ရောက်ကြမယ်၊ ဒါကို ပိုင်ဖို့ အရေးအလွန်ပဲ ကြီးပါတယ်၊ ပိုင်အောင် ကြိုးစားကြ။

❖ ❖ ❖ ❖ ❖ ❖

## "ပဋိစ္စဖြစ်ပျက် ဉာဏ်ခွဲဝက် တရားတော်"

**ဆောင်ပုဒ်**

အမြင်ခံရ သင်္ခါရ၊ မြဲပြဖြစ်ပျက်တွေ
သူပြတိုင်းပင်၊ ဉာဏ်ကမြင်၊ မဂ္ဂင်လောကီနေ။
ဖြစ်ပျက်မြင်ဉာဏ်၊ အမြင်မှန်၊ သမ္မာဒိဋ္ဌိပေ။
မြင်ခံဓမ္မ၊ ပဋိစ္စ၊ ဦးစဖြစ်ရန်ခြေ။
ရှုဉာဏ်မဂ်ဝင်၊ ဒီမှာတွင်၊ ပြတ်စင်ရမှာတဲ့ဗွေ။
မရှုနေခါ၊ အဝိဇ္ဇာ။ ပတ်ချာစက်ဒိုးမွှေ။
ခန္ဓာအစျွတ်၊ သတိချုပ်၊ ဉာဏ်မြတ်လုလ္လစေ။
ရင်ဝလုံ့စူး၊ ထိပ်ဦးမီးလောင်၊ ပမာဆောင်။
ရအောင်မဂ်ဉာဏ်ဖွေ။

ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ် ဖြတ်နိုင်တဲ့ ဉာဏ်၊ အမြင်မှန်ကို ပြောပြမယ် အမြင်မှန်ဆိုတာ ဘယ်လိုမြင်မှ အမြင်မှန် ဖြစ်သလဲလို့ မေးခဲ့ရင် ဥပမာ–ခန္ဓာမှာ တရားလေးတစ်ခု ပေါ်လာတယ်၊ အမြင်ခံ တရားလေးပဲ ဆိုပါစို့၊ အဲဒီ အမြင်ခံရတဲ့ တရားက အဖြစ်ကလေးကို ပြတယ်၊ နောက် အချုပ်ကလေးလည်း သူကပြတယ်၊ ရှုတဲ့ဉာဏ်က သူပြတဲ့အတိုင်း မြင်ရင် အဲတာ လောကီမဂ်အမြင်ပဲလို့ မှတ်။

အဖြစ်ကလေး မြင်တာဟာ မဂ် သမ္မာဒိဋ္ဌိနဲ့ မြင်တာပဲ၊ မဂ် သမ္မာဒိဋ္ဌိနဲ့ မြင်တဲ့ အမြင်ပဲလို့ မှတ်ကြ၊ အပျက်ကလေး မြင်တာ ဟာလည်း ဒီ မဂ် သမ္မာဒိဋ္ဌိနဲ့ မြင်တဲ့ အမြင်ပါပဲ၊ အဖြစ်ပဲမြင်မြင် အပျက်ကိုပဲမြင်မြင် မဂ်သမ္မာဒိဋ္ဌိနဲ့ မြင်တာပဲလို့ ဆုံးဖြတ်ချက်ချ၊ ဒီလို အဖြစ်နဲ့ အပျက်ကို မြင်တဲ့ အမြင်ဟာ ဘယ်သူမှ မမေးနဲ့တော့ – အမှန်မြင်ပဲ၊ မိမိခန္ဓာထဲမှာ ရှိတဲ့ ပဋိစ္စသမုပ္ပါဒ် အဖြစ်ကလေးနဲ့

အချုပ်ကလေးကို မြင်တာပဲ။

မိမိရှေ့မှာ မြင်စရာ အဆင်းနဲ့တဲ့လို့ မြင်စိတ်ကလေး ပေါ်လာတယ်ဆိုပါတော့၊ အဲဒီပေါ်လာတဲ့ မြင်စိတ်ကလေးကို ဉာဏ်နဲ့ မသတ်မိရင် ဒုက္ခရောက်ဖို့သာ ပြင်ကြတော့ပဲ၊ မြင်စိတ်ကလေး ပေါ်လာတာဟာ ဒုက္ခပေးမလို ပဋိစ္စသမုပ္ပါဒ် ဆက်မလို့လာတာဘဲ၊ ဒီမြင်စိတ်ကလေးကို ဘုန်းကြီးက ညွှန်ပြပေးလို့ ဘုရားပေးတဲ့ အမြင်နဲ့ ကြည့်လိုက်တော့ ပြတ်သွားတယ်၊ ဒီအမြင် စိတ်နောက်က ပဋိစ္စသမုပ္ပါဒ် မဖြစ်နိုင်တော့ဘူး။

ဒါကြောင့် ခန္ဓာမှာ အမြင်မှန်ပေါ်လာတဲ့ တရားကလေးတွေကို လက်လွှတ်မခံကြနဲ့၊ ဘုရားပေးတဲ့ ဉာဏ်နဲ့ ရှုဖြစ်အောင် ရှုပေးကြ၊ ရှုတော့ အမြင်ခံတရားကလေးကအဖြစ်ကိုလည်း ပြမယ်၊ အပျက်ကိုလည်း ပြမယ်၊ သူပြရင် ပြတဲ့ အတိုင်း ဉာဏ်က သိလိုက်နေဖို့ အရေးကြီးတယ်၊ ခန္ဓာမှာ စိတ်ကလေးပေါ်လာလို့ ဖြစ်ပျက်မြင်ရင် ဖြစ်ပျက်နောက်က မဂ်လာတာပဲ၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်နဲ့၊ ဖြစ်ပျက်နဲ့ မဂ်ကပ်လျက် နေအောင် လိုက်ပေး၊ ခြားထိုးတဲ့ စိတ်တွေ အဝင်မခံရစေနဲ့ ရှင်းပြီလား။

အမြင်ခံရတဲ့ တရားက ပဋိစ္စသမုပ္ပါဒ် အစကလေးပဲ၊ ဒါကို မသိလို့ မရှုမိရင် ဆက်တိုက်လာတော့မယ်၊ ဒုက္ခစက်ရဟတ်ကြီး လည်တော့မယ်၊ ဒါကြောင့်–ပေါ်လာရင် ရှုပြစ်၊ ရှုမိရင် မဂ်ဝင်လာမယ်၊ မဂ်ဝင်လာရင် ပဋိစ္စသမုပ္ပါဒ် ပြတ်ကရော မဂ်မလာရင် ပဋိစ္စသမုပ္ပါဒ် ဆက်သွားမှာပဲ။

မျက်လုံးဖွင့်တိုင်း၊ နားဖွင့်တိုင်း၊ ဒွါရခြောက်ပါး တစ်ပါးပါးဖွင့်တိုင်း ဖွင့်တိုင်း ဉာဏ်ပါဖို့ အရေးကြီးတယ်၊ ဘုရားပေးဉာဏ်နဲ့၊ ဖြစ်ပျက်မြင်အောင် အမြင်မှန် ကျအောင် ရှုပေးကြ၊ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပျက်မြင်ရင် မဂ်ဝင်လာမှာပဲ၊ မမြင်ရင် မဂ်မလာဘူး။

ရှုဉာဏ်ပါရင် ဖြစ်ပျက်မြင်တယ်၊ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပျက်မြင်ရင်

မဂ်ဝင်လာမယ်၊ မဂ်ဝင်ရင် ခန္ဓာဒုက္ခသစ္စာကြီး ပြတ်သွားမယ်၊ ဒါကြောင့် ဘာလာလာ ဖြစ်ပျက်ရှုကြ၊ ကုသိုလ်ပေါ်ပေါ်၊ အကုသိုလ်ပေါ်ပေါ် ရှုဖို့သာ လိုရင်းပဲ။

အဲဒီမဂ်ကတဏှာကို ဖြစ်ပျက် ရှုလိုက်တာနဲ့ နောက်က ကာမုပါဒါန်တွေ ပြတ်သွားတယ်၊ ဒီတော့ ကျန်တဲ့ ဥပါဒါန်တွေလဲမလာတော့ဘူး၊ မလာတော့ ကံတွေပါ အကုန်ချုပ်သွားတယ်၊ ပေါ်ကြပြီလား၊ ဒါကြောင့် ဘုရားက ဒကာ–ဒကာမတွေကို ချမ်းသာစေချင်လွန်းလို့ ဆင်းရဲက လွတ်စေချင်လွန်းလို့ "သရာဂစိတ္တံ သရာဂစိတ္တန္တိပဇာနာတိ"လို့ ရှုလိုက်ပါလို့ အသေအချာ ဟောတော်မူခဲ့တာပဲ။

မိမိခန္ဓာမှာ ကုသိုလ်စိတ်ဖြစ်မှန်း ပျက်မှန်း မသိကြဘူးဆိုရင်၊ မသိခဲ့ရင် အဝိဇ္ဇာလာမှာကတော့ သေချာတယ်၊ မသိမှုဟာ အဝိဇ္ဇာပဲ မဟုတ်လား၊ ဒကာ ဒကာမတွေ မိမိကိုယ်တိုင် ကုသိုလ် ဖြစ်တာလည်း မသိ၊ ချုပ်တာလည်း မသိ၊ အဲဒီလို သူဟာသူမသိရင်၊ မသိတဲ့သူဆိုရင် ဘယ်လိုဆိုရမလဲ၊ သူဘာမှ သိတဲ့သူမဟုတ်ဘူးလို့ ဆိုရမယ်၊ ဒါကြောင့် ကုသိုလ်စိတ်တွေလာလည်း ဝမ်းသာမနေနဲ့၊ ဝမ်းသာရင် တဏှာ၊ ဥပါဒါန်ရောက်မယ်၊ ကုသိုလ်လာလည်း ဖြစ်ပျက် ရှုပြစ်၊ အဲဒါမှ ဝိဇ္ဇာဖြစ်မယ်၊ ဝိဇ္ဇာဖြစ်မှ ဝိပဿနာဖြစ်မှာပဲလို့ မှတ်ကြ။

အထူးသိဖို့က ကုသိုလ်ဆိုပြီး ဝမ်းမြောက်ပြီး ကုသိုလ်ပွားနေရင် သမထဖြစ်သွားမယ်၊ ပွားတာ သမထ ဝိပဿနာ မဖြစ်ဘူး၊ ဝိပဿနာ ဖြစ်အောင် ဖြစ်ပျက်ရှုပေး၊ ဖြစ်ပျက်ရှုမှ ဝိပဿနာ ဖြစ်မယ်၊ ကုသိုလ်ချည်း ပွားနေ ရင် သမထ၊ ဖြစ်ပျက်ရှုမှ ဝိပဿနာ၊ မှတ်မိကြပြီလား။

**ဒကာ–ဒကာမတို့ အသက်က (၁နဲ့ ၂) ပဲရှိကြတာပါ၊ တစ်ဆို ဖြစ်ပြီး၊ နှစ်ဆို မရှိတော့ဘူး၊ ဒါကြောင့် "ဧကစိတ္တသမာယုကာ"တဲ့၊ သတ္တဝါရဲ့ အသက်ဟာ တစ်ခုသော စိတ်ပဲ တစ်ခုသော စိတ်ဟာ**

လူ့အသက် ပါပဲတဲ့။

ဘုရားရှင်ဟာ သေကောင်ပေါင်းလည်း အားထုတ်ပြီးမှ ဒီအသိဉာဏ် ရတော်မူခဲ့တာ၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် အသိဉာဏ်ရဖို့ အလွန်ခဲယဉ်းတယ်လို့ မှတ်လိုက်ကြ၊ ဘုရားရှင်ဟာ ပဋိစ္စသမုပါဒ် အကြောင်း အကျိုးအဆက်ဆက် ဖြစ်ဟန် ပျက်ဟန်ချုပ်ဆုံးဟန်ကို အဖန်ဖန်ဉာဏ်နဲ့ မြင်တော်မူ ဆင်ခြင်သုံးသပ်တော်မူပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူလို့ ဥဒါန်းစကားကျူးရင့် မြွက်ဆိုတော်မူလိုက်တယ်လို့ မှတ်လိုက်ကြ။

"ယဒါ ဟဝေ ပါတုဘဝန္တိဓမ္မာ၊ အာတာပီနောဈာယ တောဗြဟ္မဏဿ၊ အထဿကင်္ခါ ဝပယန္တိသဗ္ဗာ၊ ယတော ပဇာနာတိ သဟေတုဓမ္မံ။
--------- လ --------- ယတောခယံ ပစ္စယာနံအဝေဒိ။"
စတဲ့ဂါထာကို ရွတ်ဆိုကျူးရင့်တော်မူတယ်၊ အဓိပ္ပါယ်ကတော့ ---

"သမ္မပဓါန် ဝိရိယစွမ်းအားနဲ့ ခန္ဓာကာယမှာ ရှုးစိုက်ပြီး အားထုတ်နေတဲ့ အခါရုပ်နာမ်သင်္ခါရ တရားတွေဟာ အကြောင်းအားလျော်စွာ ထင်ထင် ရှားရှား ဖြစ်ပေါ်လာတယ်" အဲဒီအခါမှာ အကြောင်းတရားနှင့် အတူ ဖြစ်ပေါ်လာတဲ့ အကျိုး၊ ရုပ်နာမ်တရားများကို ပိုင်းခြားပြီး သိတော်မူတယ်။

ဒါကြောင့် အဲဒီအခါမှာ ယုံမှားခြင်းဟူသမျှ လုံးဝကင်းပျောက်သွားတော့တယ်၊ အဲဒီအကြောင်းကြောင့်ပဲ၊ အကြောင်းတရားတို့ရဲ့ ကုန်ဆုံးရာ ဖြစ်တဲ့ နိဗ္ဗာန်ကို သိတော်မူတယ် စသည်အားဖြင့် ဝမ်းမြောက်ဝမ်းသာ ဥဒါန်း ကျူးရင့်တော်မူတယ်၊ ဒီအဓိပ္ပါယ်ဟာ ဥဒါန်းပါဠိတော်"မှာလာတယ်လို့ မှတ်ကြ။

ဒါနှစ်ခုသိလို့ ဘုရားဖြစ်တော်မူတာပဲ၊ ဒါနှစ်ခုသိလို့ ဘုရားဖြစ်တာပဲဆိုပြီး ဝမ်းသာတော်မူတယ်၊ ပဋိစ္စသမုပ္ပါဒ်ဖြစ်တာနဲ့ ပျက်တာ

မြင်လို့–သိလို့ ဝမ်းမြောက်တော်မူတာပဲ၊ ရှင်းကြပြီလား၊ ဒီတော့–– ဒီနှစ်ခုသိရင် သာမည မဟုတ်တော့ဘူးလို့ ဆုံးဖြတ်ချက် ချကြ၊ ဆုံးဖြတ်ပြီး ဒီအမြင်ရအောင် ကြိုးစားကြ။

ပါရမီနဲ့ ရိုးမယ်မဖွဲ့နဲ့တော့လို့ ပြောလိုက်ပါဘယ်၊ ဟုတ်မှ ဟုတ်ပါ့မလားလို့ မတွေးနဲ့၊ ဗိစိကိစ္ဆာတစ်လုံးခံရင် သွားမဲ့လမ်း ပိတ်တယ်၊ ယုံမှား သံသယဝင်ရင် ကိုယ်ကျွတ်မဲ့လမ်း လွတ်မဲလမ်းကို တားလိုက်တာ ပဲလို့ မှတ်ကြ။

ဝိစိကိစ္ဆာဟာ နှယ်နှယ်ရရမဟုတ်ဘူး၊ အလွန်ကြောက်စရာ ကောင်းတဲ့တရား၊ သူတစ်လုံးထဲက အပါယ်တွန်းချနိုင်တယ်၊ ဘုရားက စိတ်ဖြစ်ဖြစ်၊ ဝေဒနာဖြစ်ဖြစ်၊ ရုပ်ဖြစ်ဖြစ် ရုပ်နာမ်တစ်ခုခုကို မုန်းအောင် မလိုချင်အောင် ဆုံးအောင် ရှုကြ၊ ရှုရင် ဒိဋ္ဌဓမ္မနိဗ္ဗာန် ရမယ်လို့ အသေအချာ ဟောတယ်။

ဒကာ–ဒကာမတွေ ကိုယ့်ကိုယ်တိုင် လုပ်မှသာ ရကြမယ်ဆိုတာ မြဲမြဲမှတ်လိုက်ကြ။ ကိုယ်တိုင် အလုပ်မပါရင် ဘုရားတောင် မတတ် နိုင်ပါဘူး၊ ဒါကြောင့် ကိုယ်တိုင်လုပ်ကြ၊ အားထုတ်ကြ၊ ဒီတရားက ကိုယ်တိုင် အားထုတ်ယူမှ ရကြမယ်ဆိုတာ ပေါ်ပြီလား၊ အားထုတ် နည်းကို ပြမယ် **အားထုတ်နည်းလမ်းက "သင်္ခါရပစ္စယာ ဝိညာဏံ" သင်္ခါရကြောင့် ပေါ်လာတဲ့ ဝိဉာဏ်စိတ် ကလေးဟာ ပေါ်လာပြီး ချုပ်သွားတယ်၊ ဒါကိုသိရမယ်၊ သိအောင် ဉာဏ်နဲ့ကြည့်ပြီး ဖြစ်ပျက်ရှု၊ နောက်–နာမ် ရုပ်ပေါ်လာလည်း ဖြစ်ပျက် ဒုက္ခသစ္စာပဲ လာမှာပါ၊ ဒီတော့–နာမ်ရုပ်လည်း ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပဲလို့ ရှုကြ၊ ရှင်းပြီလား။**

ဝိညာဏ် (အသိစိတ်) ကလေးတစ်ခု ပေါ်လာရင် ဖြစ်ပျက်ရှု၊ ချုပ်သွားပြီး နာမ်ရုပ်လာရှုချ၊ ချုပ်သွားပြီး နောက်လာသမျှ ဖြစ်ပျက် ရှုပေး၊ ရှုတော့ အဖြစ်နဲ့ အပျက်ပဲတွေ့မယ်၊ အဲတာ သူတို့က ကျုပ်တို့

ဟာ ဒုက္ခပဲလို့ ပြောသွားတာပဲ၊ လာသမျှ ဖြစ်ပြီး ပျက်တာပဲရှိတယ်၊ သူတို့ အဆက်အဲ့သွယ်မှန်သမျှ ဘာမှ မကောင်းကြဘူး၊ အားလုံး ဒုက္ခချည်းပါပဲလို့ ပြောပြတယ်၊ အားလုံး ဒုက္ခသစ္စာချည်းပါပဲလို့ ပြောပြတယ် အားလုံး ဒုက္ခသစ္စာချည်းလာမှာပဲ၊ ဒါကြောင့် ဒုက္ခမြင်အောင် ရှုပေးကြ။

ရှုတော့ ရှေ့ကသေတာဟူသမျှ ဒုက္ခချည်းပဲ၊ နောက်ကလာသမျှလည်း ဒုက္ခသစ္စာချည်းပဲ၊ ဘာလာလာ လာသမျှ ဖြစ်ပျက်ပဲရှု၊ လာသမျှ ဒုက္ခသစ္စာချည်း လာမှာပဲ၊ သုခမတွေ့မချင်း လာသမျှ ဒုက္ခဆုံးအောင် လိုက်ရှု၊ မဆုံးမချင်းရှု သုခမတွေ့သေးခင်မှာ ဒုက္ခပိုင်းခြားနေရမယ်၊ ဒုက္ခမတွေ့ချင် ပြစ်ပျက် ဒုက္ခအလွန်မုန်းပြီး မရချင်တော့ဘူး လွတ်ချင်ပါပြီဆိုရင် လွတ်မယ်၊ လားရာ ဒုက္ခသစ္စာသိလို့ ပြန်မစချင်တော့ဘူးဆိုရင် သမုဒယ သေတာပဲ၊ သမုဒယကအမှောင်၊ ဒီအမှောင်ပျောက်တော့ အလင်းရောက်တာပဲလို့ မှတ်ကြ၊ အဲတာ နိရောဓသစ္စာပဲလို့ မှတ်၊ ရှင်းပြီလား။

နိဗ္ဗာန်ရချင်ရင် "ရှေ့ပိုင်းက ဝိပဿနာ မဂ်၊ နောက်ပိုင်းက လောကုတ္တရာမဂ်၊ ဒါကို အားထုတ်ရမယ်လို့ မှတ်ကြ။

သမထသမာဓိဆိုရင် ကြာမယ်၊ ဒါက သာသနာပကာရား၊ သာသနာတွင်း တရားမဟုတ်ဘူး၊ ဒါကြောင့် ဒီသမထ သမာဓိမလုပ်နဲ့တော့ အသေစောရင် အမျှောကြီး မျှောရလိမ့်မယ်၊ သမာဓိက ဝိပဿနာ သမာဓိနဲ့သွားရမယ်၊ ဒကာ ဒကာမတွေကို အလုပ်ပြမယ် အလုပ်က ရှေ့က ဝိပဿနာ မဂ်၊ နောက်က လောကုတ္တရာ မဂ်လို့ မှတ်ကြ၊ တိုတိုနဲ့ အမိဖမ်းဖို့ လုပ်ကြ။

မိမိသန္တာန်မှာ ခန္ဓာငါးပါးရှိတယ်လို့ မှတ်ကြ၊ ခန္ဓာကငါးပါး ရှိပေမဲ့ ခန္ဓာငါးပါးနဲ့ ဟောလို့ မဖြစ်ဘူး၊ အခုပေါ်တဲ့ ဖြစ်စဉ်ကို ကြည့်ရမယ်၊ အခုမှ ပေါ်လာတဲ့ ဖြစ်စဉ် အခုပေါ်တဲ့ ခန္ဓာတစ်ခုယ်ကို

ကြည့်ရမယ် လို့မှတ်ကြ၊ ဒီခန္ဓာငါးပါးလုံး အကုန်ကြည့်ဖို့ မလိုဘူး၊ အခုမှ ဖြစ်ပေါ်လာတဲ့ အခု ဖြစ်စဉ်ကိုသာ မြင်အောင်ကြည့်ကြ၊ ဥပမာ ဒီက အစိမ်းရောင် ရူပါရုံ မြင်ပြီ၊ အဲတာ လှည့်လို့ မြင်တာပဲ၊ မြင်တာနဲ့ မြင်ပြီးသိတယ်၊ ဒီသိလုံးကလေးဟာ ဒီနေရာမှာ ပေါ်တဲ့စိတ်–သဘောပါပြီလား၊ ဒီသိစိတ် ကလေးဟာ ဒီမှာ ပေါ်တဲ့ မျက်လုံးစိတ် မနောစိတ်ကလေးပဲ။

ဒီတော့ မိမိသန္တာန်မှာ မြင်တယ်၊ သိတယ်နှစ်ချက်ဖြစ်တယ်၊ ဒီနှစ်ခုဟာ ခုမှ ပေါ်လာတာပဲ၊ ဒါကိုရှုရမှာပဲ၊ အခု မိမိသန္တာန်မှာ ပေါ်ဆဲကိုသာ ရှုရမယ်၊ အဲ **"ရှုတဲ့အခါ မြင်တာမိရင်မိ၊ မမိရင် သိတာကို မိအောင် ဖမ်းရမယ်၊ ဒုတိယစိတ်နဲ့ အကဲခတ်ရမယ်၊ မြင်တာက မျက်လုံးက၊ သိတာက ဟဒယဝတ္ထုက"** သဘောပါပြီလား၊ မြင်တယ် အစိမ်းကလေးကို သိတယ်၊ သိပြီးပျောက်တာပဲ၊ ဒီတော့ ဉာဏ်က သိလုံး ပျက်သွားတာကို သိရမယ်လို့ မှတ်ကြ။

သိလုံးကလေး ပျက်သွားတာကို နောက်ဉာဏ်က ပြောတယ်၊ သိလုံးကဖြစ်ပျက်၊ ဒုတိယ ပျက်တာ သိတာက မဂ်၊ ရှင်းပြီလား၊ ဒီနည်းအတိုင်း အပျက်နဲ့ မဂ်ကြားမှာ ကိလေသာ မခြားအောင်ကြည့်ရမယ်၊ အပျက်နောက်က မဂ်လာရင် ကိလေသာသေမှာပဲ၊ အပျက်မတွေ့ရင် ကိလေသာခြားပြီလို့သာမှတ်၊ ရှုတဲ့အခါ အပျက်နဲ့ မဂ်ကြားမှာ ကိလေသာ မခြားစေနဲ့လို့ အထူးသတိပေးလိုက်တယ်။

မရှုဖြစ်ရင်လည်း ကိလေသာကြားခိုမှာပဲ၊ မမြင်ဘူးဆိုရင်လည်း ခိုတာပဲ၊ ဒါကြောင့် ရှုဖြစ်အောင်ရှုကြရမယ်၊ လူများပြောလား၊ ကိုယ်တိုင်တွေ့လား၊ မေးစရာမလိုဘူး၊ ဒကာတို့ ဉာဏ်နဲ့ ကိုယ်တိုင် တွေ့ရမှာ အပျက်ကတော့ ရှိနေတာဘဲ၊ သတိမထားမိလို့သာ မသိတာ၊ သတိထားရင် တွေ့ရမယ်၊ မတွေ့ဘူးဆိုရင် မတွေ့တာ အဝိဇ္ဇာဓော စောပြီလို့သာ မှတ်လိုက်ကြ နားလည်ကြပြီလား။

ကိလေသာက နယ်အလွန်ကျယ်တယ် မအောင်းမေ့နဲ့၊ ကိလေသာ ဂရုစိုက်ရမယ်၊ ဘုရားက ကိလေသာ ကြားခိုရင် ဒီဘဝမှာ ဘယ်တော့မှ မဂ်မရနိုင်ဘူးလို့ ဟောတော်မူတယ်၊ အပျက်နဲ့ မဂ်မကိုက်ဘူးဆိုရင် ကြားထဲ ကိလေသာ ခိုလို့ပဲဆိုတာ မှတ်ကြ၊ ကိလေသာ ကြားခိုရင် ဒီဘဝ ကုသိုလ်ရရုံပဲရှိတယ်၊ မဂ်တော့ မရနိုင်တော့ဘူး ရှင်းပြီးလား။

ကြားမခိုရင် တစ်ဆင့်ထက် တစ်ဆင့် ဝိပဿနာ ဉာဏ်ရင့်လာမယ်၊ ရင့်လာပြီးရင် ကြားမခိုရင် မဂ္ဂင်ရှစ်ပါး ပြည့်သွားမယ်လို့ မှတ်ကြ။

ရုပ်နာမ် အနိစ္စ၊ ရုပ်နာမ် ဖြစ်ပျက်ဟာ သာမညလို့များ မမှတ်လိုက်ကြပါနဲ့ ဖြစ်ပျက်တစ်ချက်မိရင် စကြာဝတေးမင်း စည်းစိမ်နဲ့ မလဲနိုင်ဘူးလို့ မှတ်လိုက်ကြ၊ ဖြစ်ပျက် တစ်ချက်က စကြာဝတေး စည်းစိမ်ထက် အများကြီး သာပါတယ်၊ စကြာဝတေးက ကိလေသာ တောထနေတာပါ၊ ဖြစ်ပျက်မြင်တာက ငရဲမီး တွေ ငြိမ်းအောင် ကုန်အောင် တတ်နိုင်တယ်၊ ငြိမ်းကုန်အောင် လုပ်တဲ့ အလုပ်ပဲလို့ မှတ်ကြ။

**"တရားအားထုတ်ကြပါလို့ ပြောတာဟာ အနုဒုက္ခက လွတ်စေချင်လို့ ပဲဆိုတာ မှတ်ကြ"** ခုအားထုတ်လို့ ခုမဂ်လေးကြိမ်ရရင် ဇာတိဒုက္ခကုန်မယ်၊ ဇာတိကုန်ရင်– ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝစတဲ့ ဒုက္ခတွေ အကုန် ကုန်ကြမယ်၊ ဒီဟာ စင်စစ်တော့ ဒုက္ခတွေ အကုန် ကုန်သွားတာပဲ၊ ဒီတော့ ဒုက္ခသိမှ ဒုက္ခကုန်မယ် ဒုက္ခသိမှုရှိမှ ဒုက္ခကုန်ချင်ကြမယ်၊ ဒုက္ခမှမသိရင် ဒုက္ခကုန်ချင်တယ်ဆိုတာ မလာနိုင်ဘူး၊ ကဲကြိုးစားကြ။

❖ ❖ ❖ ❖ ❖ ❖

## "အဖော်ကောင်းမှ ချမ်းသာရ တရားတော်"

**ဆောင်ပုဒ်**

သစ္စာသိက၊ သံသရာ ဒုက္ခတိုမည်သာ။
သစ္စာမသိ၊ ဒုက္ခဖိ၊ ရှည်ဘိသံသရာ။
သစ္စာဟောရန်၊ ပွင့်ကြမှန် ဗုဒ္ဓဝါဋ္ဌကာ။
သစ္စာသိချင်၊ ဝိပဿနာပင်၊ မြဲမြင်ရှုကြည့်ရာ။
ခန္ဓာငါးတွင်၊ ဖြစ်–ပျက်မြင်၊ ဉာဏ်လျှင် ဝိပဿနာ။
ဖြစ်–ပျက်မြင်ဘိ၊ သစ္စာသိ၊ သတိမလွတ်ရာ။
ပညာရှေ့သွား၊ မုန်းအောင်ပွား၊ ဆုံးပြီးမဂ်စစ်လာ။

ဒကာ–ဒကာမတို့ သတ္တဝါတွေဟာ ဘာကြောင့် သံသရာဝဋ် ဒုက္ခက မလွတ်နိုင်ကြသလဲ။ ဘာကြောင့် သံသရာရှည်ရသလဲ၊ အမှန်တရား လေးခု၊ သစ္စာလေးပါးကို မသိကြလို့ သံသရာ ရှည်တယ်လို့မှတ်ကြ။

ဘုရားဖြစ်တော်မူလာတာဟာ သတ္တဝါတွေကို သစ္စာတရား ဟောပြဖို့ ပွင့်လာရတာပဲလို့ ဟောတော်မူတယ်။

ဘုရားက သစ္စာမသိခင်က သံသရာတလျှောက်မှာ ပုံစံအမျိုးမျိုး၊ အဖြစ်အမျိုးမျိုးနဲ့ ကျင်လည်ခဲ့ရပြီ၊ သင်တို့တစ်တွေလည်း ဒီအတိုင်းပဲ အဖြစ်အမျိုးမျိုး၊ ပုံစံကလဲအမျိုးမျိုးအထွေထွေနဲ့ ကျင်လည်ခဲ့ကြရတာပဲ၊ အခုအခါမှာ ဘုရားရှင်ဟာ အမှန်တရား သစ္စာလေးပါး သိမြင်ပြီး ဘုရားဖြစ်တော်မူခဲ့တယ်၊ ဒီအချိန်မှာ သံသရာ ဒုက္ခအမျိုးမျိုးတွေက ကျွတ်လွတ်ခွင့်ရပြီ၊ သံသရာ ဇာတ်သိမ်းခဲ့ပြီ၊ ဒါကြောင့် သင်တို့သတ္တဝါ တွေရဲ့ သံသရာ ဒုက္ခမြင်လို့ သိလို့ ဒီဒုက္ခက လွတ်မြောက်နိုင်အောင် သစ္စာတရား ဟောပြဖို့ ဘုရားပွင့်လာတာပဲလို့ ဟောတော်မူတယ်။

ဒီတော့ သံသရာ ဒုက္ခက လွတ်ချင်ရင် သံသရာတိုချင်ရင် သစ္စာသိဖို့ လိုတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ်ကြပြီ၊ သစ္စာသိအောင် ဘာလုပ်ရမလဲ၊ မေးစရာရှိတယ်၊ ဝိပဿနာ အလုပ်လုပ်ရမယ်လို့ မှတ်လိုက်ကြ၊ ဒါကြောင့် ဒကာ ဒကာမတွေ သစ္စာသိချင်ရင် ဝိပဿနာ ရှုရမယ်၊ ဝိပဿနာမရှုရင် မသိနိုင်ဘူး၊ ဝိပဿနာရှုမှသာ သစ္စာသိနိုင်မှာ၊ မရှုရင် ပြောသံကြားသစ္စာပဲ သိရမယ်ဆိုတာ မှတ်ကြ။

**ဝိပဿနာ ရှုမှသာ သစ္စာကို အဟုတ်သိဖြစ်မယ်၊ အဲဒီလို သိမှသာ သမုဒယ သေမှာ သမုဒယ သေအောင် သိတဲ့ အသိမှ သစ္စာအစစ်ဘဲလို့ ဆုံးဖြတ်ချက်ချကြ၊** တစ်ဆင့်ကြား အနုဿဝအသိမျိုး၊ စာသိမျိုးမဟုတ်ဘူး၊ မဂ်ဉာဏ်နဲ့ ထိုးထွင်းပြီး သိတဲ့ အသိမျိုးသာ လိုတယ်လို့ မှတ်လိုက်ကြ။

သစ္စာသိရမယ်ဆိုတော့ သစ္စာကို တစ်ခြားမှာ သွားသိဖို့ မဟုတ်ဘူး၊ သစ္စာက မိမိခန္ဓာထဲမှာ သိအောင်ရှိတယ်၊ ခန္ဓာထဲမှာ ရှိတဲ့ ရုပ်ကလေး နာမ်ကလေးတွေကို မြင်အောင် သိအောင် ကြည့်ရမှာပဲ၊ **"ခန္ဓာမှာ ရုပ်နာမ်ကလေး တစ်ခုခု ပေါ်လာရင် ဘယ်လိုဖြစ်သလဲလို့ ဉာဏ်နဲ့ အကဲခတ်ကြည့်ရင် ပေါ်လာတဲ့ ရုပ်နာမ်ကလေးဟာ ဖြစ်ပြီး၊ ပျက်သွားတာကို တွေ့ရမြင်ရမယ်၊ အဲဒီလို ဉာဏ်နဲ့ ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်ရတွေ့ရမှ သစ္စာသိတာပဲလို့ မှတ်လိုက်ကြ"။**

သစ္စာသိဖို့ အချက်မှာ ဉာဏ်လိုတယ်၊ ပြောသံကြားသိ၊ စာသိမလိုဘူး ရှင်းပြီလား။ ခန္ဓာအရှိကို ဉာဏ်နဲ့ သိဖို့လိုတယ်လို့ မှတ်လိုက်ကြ။

ဒါကြောင့်–

နိတ္ထိဈာန မပညဿ၊ ပညာနိတ္ထိအဈာယိနော။

ယမှိဈာနဥ္စ ပညာစ၊ သဝေနိဗ္ဗာန သန္တိကေ လို့ "ဓမ္မပဒပါဠိတော်ဘိက္ခုဝဂ်"မှာ ဘုရားရှင် ဟောတော်မူခဲ့တယ်လို့ မှတ်ကြ။

အဓိပ္ပါယ်က–

အပညဿ၊ သစ္စာရှုပွားတတ်သည် ပညာမရှိသောသူအား၊ ဈာန်အနိစ္စစသော အခြင်းအရာအားဖြင့် ရှုပွားခြင်းသည်၊ နတ္ထိ မရှိ၊ အဈာယိနော အနိစ္စ စသည်ဖြင့် မရှုမပွားသော သူအား၊ ပညာသစ္စာကို သိတတ်သော ပညာသည် နိတ္ထိ၊ မရှိ။

ယမှိ ပုဂ္ဂလေ၊ အကြင်ပုဂ္ဂိုလ်၌၊ ဈာနဥ္စ၊ ဝိပဿနာရှုပွားခြင်းသည် လည်းကောင်း၊ ပညာစ၊ သစ္စာကို ရှုပွားတတ်သော ပညာသည် လည်းကောင်း၊ အတ္ထိရှိ၏။ သဘောထို ပုဂ္ဂိုလ်သည် စင်စစ် ကေန် မုချအားဖြင့် သန္တိကေ၊ နိဗ္ဗာန်နှင့် နီးလှပါပေ၏။

ပညာမရှိရင် မရှုတတ်ဘူး၊ ပညာရှိတဲ့ သူမှ ရှုတတ်တယ်၊ မရှုတတ်ရင် ပညာ မရှိလို့ပဲ၊ ရှုတတ်ရင် ပညာရှိလို့ ဆိုတာ မှတ်ကြ၊ ရှုတတ်ရင် နိဗ္ဗာန်ရောက်တော့မှာ သေချာပြီလို့သာ မှတ်လိုက်၊ ရှင်းကြ ပြီလား၊ မရှုတတ်ရင် ဘာဖြစ်မလဲ၊ မရှုတတ်လို့ မရှုတော့ သစ္စာမသိ၊ ဖြစ် ဒုက္ခ၊ ပျက်ဒုက္ခမမြင်ဘူး၊ ကိုယ့်ခန္ဓာကိုယ်မသိဘူး၊ မသိတော့ နိဗ္ဗာန်မရောက်နိုင်တော့ဘူး၊ ပေါ်ကြပြီလား၊ ဒါကြောင့် ရှုတတ်အောင် ရှုရမယ်။

ကိုယ့်ခန္ဓာရဲ့ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ၊ မရှုတတ်၊ မရှုတတ်လို့ မရှုတဲ့သူဟာ ကိုယ့်ခန္ဓာအကြောင်း အမြတ်ကြီး ထင်၊ ကိုယ်ခန္ဓာနဲ့ မခွဲချင်တော့ဘူး၊ ပညာကို မပါတော့ဘူး၊ ပညာမပါတော့ အမှန်မသိ၊ မသိတော့ မခွဲချင်တော့ဘူးပေါ့၊ ဒါကြောင့် ပညာမပါရင် မရဘူးဆိုတာ မှတ်ကြ၊ မရှုတတ် ရှုတတ် မရှုရင်လည်း မဖြစ်တော့ဘူးလို့သာ ဆုံးဖြတ်ချက်ချ၊ မရှုရင် အမှန်အကန်မသိတော့ဘူး၊ မသိတော့ ခန္ဓာကို တဏှာနဲ့ ခင် တဏှာနဲ့ အဖော်လုပ်နေမယ်။

တဏှာအဖော်လုပ်နေကြသမျှ ဘယ်အခါမှ ဒုက္ခနဲ့ အိုးစားမကွဲ

တော့ ဘူးလို့ သာမှတ်ကြ၊ တဏှာက သမုဒယ သစ္စာအကြောင်းတရား၊ သူက ဒုက္ခစက်ကို လယ်အောင် သံသရာရှည်အောင် လုပ်မဲ့တရားပဲ၊ ခန္ဓာခင်တဲ့ တဏှာရှိတော့ တဏှာပစ္စယာ(စွဲလမ်းတဲ့)ဥပါဒါန၊ ဥပါနပစ္စယာကမ္မဘဝေါ (ကာယကံ၊ ဝစီကံ၊ မနောကံတွေလာ)နောက်ပဋိသန္ဓေ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ကြီး ဆက်ပြီးလာတော့တယ်။

**"တဏှာကို အဖော်မလုပ်ကြနဲ့တော့၊ အဖော် ပြောင်းကြတော့ ဆိုတော့ ဘယ်အဖေါ်ပြောင်းရမလဲ" မေးစရာရှိတယ်၊ ဒီတော့ ရှုတတ်တဲ့ ဉာဏ်အဖော် ပြောင်းကြ၊ ရှုတတ်တဲ့ ဉာဏ်နဲ့ ပေါင်းကြပါတော့လို့ ပြောလိုက်ပါတယ်"**

တဏှာကို အဖော်လုပ်မိကြတော့ သူများဝမ်းထဲမှာ အရက်တကွဲ အကျိုးနည်းနဲ့ ပဋိသန္ဓေနေခဲ့ရ၊ အရက်တကွဲ အကျိုးနဲနဲ့ အိုပွဲကြီး တွေ့ရ၊ နာပွဲကြီးလည်း တွေ့ရ၊ အခါပေါင်း အကြိမ်ပေါင်း မသိနိုင်ကြတော့ပါဘူး။

ဘုန်းကြီးတို့ ဒကာဒကာမတွေက တာကိုပဲ အကောင်းကြီးမှတ်နေကြတယ်၊ တစ်ချို့တွေက မမာတဲ့အခါများ ပြောတတ်တဲ့ စကားရှိတယ်။ "မမာရပေမဲ့ ဇာဟ်စာများများစားလို့ ဆရာကောင်း သမားကောင်းတွေနဲ့ ကုသရလို့ ဧည့်သည်လာတော့လည်း ကောင်းကောင်းမွန်မွန် ဧည့်ပါခံလို့ တယ်နေရာကျပါလား၊ ဒီလိုဆိုတော့လည်း မမာရပေမဲ့ အတော်သားပဲ"လို့ ဆိုပြီး အားကျနေကြတာရှိသေးတယ်၊ မကျန်းမာတာကိုပဲအားကျနေတာ သာမညများ မမှတ်လိုက်နဲ့၊ မိုက်လွန်းလို့သာပဲဆိုတာ ဆုံးဖြတ်ချက်ချ၊ ရှင်းကြပြီလား။

ပြည့်ပြည့်စုံစုံနဲ့ ဒီလိုတော့လည်း မမာစမ်းချင်တယ်တဲ့၊ ရူးချက် မိုက်ချက် သန်လွန်းလို့ ထွက်လာဟဲ့ စကားပဲ၊ နဂိုက အပေါင်းအသင်းလွဲခဲ့လို့

ဒီ ဒုက္ခကြီး ဗျာမိဆိုတဲ့ (နာ) ဒုက္ခကြီးနဲ့ ကြုံရ၊ ခွဲမရ၊ ခွဲမရ ကိုယ်ပိုင် ရနေကြရတာ၊ ဒီဒုက္ခခန္ဓာကို အကောင်းအမြတ် ထင်နေတာဟာ တော်တော် တန်တန်ရူးတာ မဟုတ်ဘူးလို့သာ ဆုံးဖြတ်ချက်ချကြ။

ဒကာ–ဒကာမတွေ အလေးအနက် စဉ်းစားကြ၊ ခန္ဓာရှိတော့ ဗျာမိ(နာ)မှုလာတာပဲ၊ အဲဒါတဏှာ အဖော်လုပ်မိလို့ ခန္ဓာလက်ရှိ ရလာခဲ့တာ၊ ခန္ဓာရှိလို့ နာမှုရှိတော့ မမာတဲ့ အခါ သူတကာတွေ လာပြီး မေးကြ၊ မြန်းကြ၊ လုပ်တာ အကောင်းများမမှတ်ကြနဲ့၊ လူ့ဝတ္တရား သူ့ဝတ္တရားဆိုပြီး မတော်လို့မေး၊ မကောင်းလို့ မေးကြတာပါ၊ တဏှာအဖော်လုပ်မိတာနဲ့ မကောင်းလို့ အမေးခံရတာပဲလို့ မှတ်လိုက်ကြ၊ ရိပ်မိပြီလား၊ နောက်သေတော့လည်း မကောင်းတတ်လို့မသာလိုက်ပို့ကြ၊ ပြီးတော့ အခေါင်းဖွင့်ကြည့်ပြီး တံတွေးတွေးပြီး ပြန်ခဲ့ကြ၊ အလောင်းဖွင့်တော့ အပုတ်နံ့က နံလွန်းလို့ ပေါ်ကြပြီလား။

သူသုံးနေကျ အဝတ်အထည်ကလေးတွေ တောင်မှ "ဒါအကောင်း တွေနော် မထည့်နဲ့တဲ့၊ ကောင်းတာ နှုတ်ယူကြတဲ့၊ ထည့်ရင် အလကားပံတဲ့၊ အဲတာ အရှက်ကွဲခံရတာပဲ။

နောက်ကျန်တဲ့လူတွေက တွင်းတူးမြှုပ်၊ မြေဖို့၊ ခြေနဲ့ တက်နင်း လိုက်ကြ၊ ခြေနဲ့မနင်းရင် ခွေးစားမှာက သေချာတယ်၊ ခွေးစားမှာ ကြောက်လို့ ခြေနဲ့ နင်း၊ နင်းပြီး ပြန်သွားကြ၊ တဏှာအဖော်လုပ်မိတဲ့ အပြစ်တွေပဲ။

မကြိုက်တာမှန်ရင် လွတ်အောင်လုပ်ကြ၊ တဏှာ အဖော်လုပ်မိတဲ့ အသေဆိုတာ ခြေနင်းဖတ်ရယ်၊ ခွေးစားခံရယ်၊ မလွှဲသာလို့ လိုက်ပို့လာတဲ့ လူတွေလဲ မျက်နှာမသာမယာနဲ့ အရှက်တကွဲအကျိုးနည်းနဲ့ ကြုံရတယ်၊ ဒါဘာ့ကြောင့်လဲ၊ တဏှာအဖော်လုပ်မိလို့ အသုဘဖြစ်ရတာ ရိပ်မိကြပြီလား၊ သဘောပါကြပြီလား။

**သူ့အတွက်**နဲ့ ရက်လည်**ဆွမ်းလေး** ကျွေးတော့ အချို့က "အသုဘအိမ်ကမို့" မသာအိမ်က ထမင်းဟင်း မစားချင်ဘူးတဲ့၊ ဒီအိမ်ကဟာဆိုဘာမှ မစားချင်ဘူးတဲ့၊ အရက်ကွဲလိုက်တဲ့ ဖြစ်ခြင်း၊ ပြောစရာမရှိတော့ဘူး၊ အဲတာ တဏှာအဖော်လုပ်မိလို့ပဲ၊ ကျေနပ်ပြီလား။

အရက်ကွဲလိုက်တာ ကမ်းကုန်ပါရော၊ နောက်ကျပြန်တော့၊ သူမကောင်းတဲ့ လမ်းများသွားလေသလား၊ ရောက်ရာဘဝက အငတ်ပြဿနာ ဖြေရှင်းနိုင်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆွမ်းများ သွတ်ကြအုံးတဲ့၊ သပိတ်သွတ်အမျှဝေနဲ့၊ အဲတာ အရက်ကွဲတာပဲ၊

ဒီလို လူတကာတွေ ဖိတ်ပြီး အရက်ကွဲခံရပေမဲ့လည်း သူ့အတွက်ကမသေချာပါဘူး၊ အမျှပေးလို့ ရနိုင်တဲ့ အဖြစ်က အလွန်နည်းပါတယ်၊ အရက်ကွဲ အဖတ်တင်ရုံရှိမှာက များပါတယ်၊ ဒါဘာကြောင့်လဲ၊ တဏှာပေါင်းမိလို့ အဖော်လွဲလို့ အမိုက်ကို ပေါင်းမိလို့ပဲဆိုတာ မှတ်လိုက်ကြ၊ ဒါကြောင့် အမှန်သိရင် ပြင်ကြ၊ အပေါင်းအသင်း ပြောင်းပြစ်ကြ၊ အမိုက်ကိုခွာ၊ အလိမ္မာကို ပေါင်းကြပါလို့၊ နက်နက်နဲနဲ တိုက်တွန်းလိုက်ပါတယ်။

တဏှာ အဖော်မလုပ်ပဲ၊ ဉာဏ်နဲ့ အဖော်လုပ်ကြ၊ ဉာဏ်ကိုအဖော် လုပ်တော့ "ဓါတ်တော်လုပွဲ" ကြုံရတယ်၊ ပူဇော်ထိုက်တယ်ဆိုပြီ သူမရ၊ ငါမရ၊ လုယက်ပြီး ကိုးကွယ်ဖို့ ယူကြတယ်၊ ရှင်းပြီလား၊ **"တဏှာသေမှ ပူဇော်ထိုက်တာ ဖြစ်မယ်၊ ဓာတ်တော် ပူဇော်ပွဲခံရမယ်၊ ခွေးစာ၊ ခြေနင်းဖတ် အဖြစ်က လွတ်တယ်၊ ပေါ်ကြပြီလား၊ ဒါဟာ အပေါင်းအသင်း ကွာတယ်လို့ ဆိုတာ၊ သက်သေခံတာပဲ၊ ဒကာ–ဒကာမတွေ ဘယ်ဟာ ကြိုက်သတုံး၊ အေး --- "ပူဇော်ခံကြိုက်ရင် ပူဇော်ပွဲဖြစ်အောင် ရှုတတ်တဲ့ ဉာဏ်ကို အဖော်လုပ်ကြတော့"**

ဒါကြောင့် ဒီလို အမှန်အကန်သိရတဲ့ အချိန်ကစပြီး၊ ပညာနဲ့ပေါင်းကြ၊ ပညာကို အဖော်လုပ်ကြ၊ တဏှာနဲ့ အိုးစားခွဲကြတော့

နှေးနှေး ကွေးကွေးနဲ့ အေးအေး ဆေးဆေး မနေကြနဲ့၊ အချိန်က သိပ်မရတော့ဘူး၊ မြန်မြန်ဆန်ဆန် လုပ်ကြပါလို့ သတိပေးလိုက်တယ်၊ အသက်ကြီးတော့ အသက်ကြီးလို့ အချိန်က နည်းနေပြီ အခုလား၊ တော်တော်နေတော့လား၊ မသိနိုင်ဘူး၊ အသက်ငယ်တော့လည်း ငယ်လို့ လုပ်ရမှာပဲ၊ "အဇ္ဈေဝကိစ္စမာတပ္ပံ"နက်ဖြန်သဘက်ချိန်းချက် မရှိဘူး၊ စိတ်မချရဘူး ရိပ်မိကြရဲ့လား။

ဒကာ– ဒကာမတွေ တဏှာဟာ လက်သယ် တရားခံပဲ ဆိုတာ ပေါ်ကြပြီ၊ ဒီလို သိပြီး ဒီကနေ ဆက်တွေးအုံး "ဒီတဏှာ" ဘယ်က လာသလဲလို့ ဆက်ပြီး ဉာဏ်နဲ့ တွေးကြ၊ **"ခင်မင်မှု တဏှာဟာ ဘယ်အပေါ်မှာ မှီပြီး ဖြစ်လာဒါလဲ၊ ဒီလို ဆက်တွေးတော့၊ အာယတန ခြောက်ပါးကို တွေ့ရမယ်၊ ဒီတဏှာဟာ အာယတန ခြောက်ပါးက ဖြစ်တာ၊ အာယတန ခြောက်ပါးကြောင့် လာတာပဲဆိုတာ ပေါ်ကြမယ်။ အာယတန ခြောက်ခုမရှိရင် မလာဘူး၊ သူတို့ရှိလို့ လာတာပဲ"**

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန ဆိုတဲ့ အာယတန ခြောက်ပါးကြောင့် တဏှာဖြစ်လာရတယ်၊ တဏှာဖြစ်တော့ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ သံသရာဆက်ပြီးနောက် ဇာတိ၊ ဒုက္ခ၊ ဇရာ ဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခစတဲ့ "ဒုက္ခအစုကြီး"လိုက်လာတော့တာပဲ၊ ရိပ်မိပြီလား၊ ဒီတော့ တဏှာ၊ ဥပါဒါန်ကံတွေက ဒုက္ခသစ္စာ၊ အာယတန ခြောက်ပါးက သမုဒယသစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ ဒုက္ခသမုဒယ နှစ်ခုလုံး ချုပ်တာက နိရောဓသစ္စာပဲ၊ ရှင်းကြပြီလား၊ ဒီလိုသိကြရမယ်၊ ဒါကို သိ သိသွားကြရမယ်။

ဥပမာ အားဖြင့် သစ်ပင်က အမြစ်ကို ဖြတ်ရင် ပင်လုံး ခြောက်သွေ့ သွားရတယ်၊ တပင်လုံး ခြောက်တဲ့ နောက်တော့ အကိုင်း၊ အခက်အရွက် ကလေးတွေ လုံးဝ မထွက်နိုင်တော့ဘူး ဒီဥပမာ အတိုင်းပဲ၊ ရေသောက်မြစ်နဲ့ တူတဲ့ ဒီအာယတန ခြောက်ပါးကို ဖြတ်ရမယ်။

**အာယတန ခြောက်ပါး အရင်းခံကို ဖြတ်လိုက်ရင် ကိစ္စပြီးတယ် ဆိုတာ မှတ်ကြ၊ ဒီ အာယတနကို ဘာနဲ့ ဖြတ်ရမလဲ၊ ဉာဏ်နဲ့ ဖြတ်ရမယ်၊ မလိုချင်တဲ့ ဉာဏ်နဲ့ ဖြတ်ရင် ပြတ်တယ်လို့ မှတ်လိုက်ကြ၊** သဘောပါကြပြီလား။

ဒကာ–ဒကာမတို့ အာယတန ခြောက်ခုကို မလိုချင်တဲ့ ဉာဏ်နဲ့ ဖြတ်လိုက်ရင် တဏှာသေ၊ ခန္ဓာလည်းချုပ် အိုသေလည်း ငြိမ်းတော့တာပဲ၊ ရှင်းပြီလား။

"စက္ခု သောတ ဃာန ဇိဝှါ ကာယ မန" ဆိုတဲ့ ခြောက်ပါး၊ ခြောက်ပါးဆိုပေမဲ့ ချုံးလိုက်ရင် ရုပ်နဲ့ နာမ်ပဲ၊ ရှုတဲ့အခါမှာ နှစ်ခုမလိုဘူး၊ ရုပ်ကြိုက်ရင် ရုပ်၊ နာမ်ကြိုက်ရင် နာမ်တစ်ခုထဲကို ရှုပါ၊ ရှုရမှာကို နားလည်ကြပြီလား။

ရှုတတ်ကြပြီလား၊ **"ဓမ္မော"ဆိုတဲ့ အတိုင်း တစ်လုံးထဲကို ပိုင်အောင် ရှုရမယ်၊ ရှုတော့ စိတ်ရှုရကြပေါ့၊ အာယတနကို မှီဖြစ်တဲ့ စိတ်ခြောက်မျိုး၊ မျက်လုံးစိတ်၊ နားစိတ်၊ နှာခေါင်းစိတ်၊ လျှာစိတ်၊ ကိုယ်စိတ်၊ မနောစိတ်၊ ဒီခြောက်မျိုးကို ရှု၊ ခြောက်မျိုး တစ်ခုခု ပေါ်လာမိအောင် ပိုင်အောင်ရှု၊ သဘော ပါပြီလား၊ မရှုမိရင် မရှုမိတာနဲ့ တဏှာလာတာပဲ၊ တဏှာလာလို့ တဏှာ အဖော် လုပ်မိရင် ဟိုဘဝ၊ ဒီဘဝ ပြေးရမယ် ဒုက္ခကြောမှာ မျောလေအုံး၊ မြုပ်လေအုံးတော့ပဲ ဆိုတာ မှတ်ကြ၊ ရှင်းပြီလား။**

ခန္ဓာမှာ ဘာစိတ်ပေါ်ပေါ်ရှု၊ သားလေး တွေးတဲ့စိတ်၊ သမီးလေး တွေးတဲ့ စိတ်ပေါ်သမျှ၊ ဖြစ်ပျက်ရှုချ၊ မရှုမိရင် ဆွေးစိတ် လာမယ်၊ တွေးစိတ် မမိရင် ဆွေးစိတ်ကို မလွတ်စေနဲ့၊ ရှုပစ် ရိပ်မိပြီလား၊ ဆွေးစိတ် လာရင် ဒေါသလာမယ်၊ ဒါလည်း ဖြစ်ပျက်ရှုရင် မဂ် လာမယ်၊ အရှုခံစိတ်က ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်ပဲ" ဒါကိုမှ

မရှုလိုက်ရင် ဒီဘဝ မကောင်းလို့ နောက်ဘဝ အတွက် ကောင်းချင်တဲ့ တဏှာ ဝင်လာမယ် ကောင်းတာ ရချင်တဲ့ တဏှာ လာတော့ ဘာဖြစ်သလဲ။

တဏှာ ပစ္စယာ ဉပါဒါနံ၊ ဉပါဒါန ပစ္စယာ၊ ကမ္မဘဝေါ ကမ္မဘဝပစ္စယာ ဇာတိ၊ ဇာတိက အပါယ် လေးပါး ဇာတိ၊ အပါယ်ပဋိသန္ဓေ၊ အဲဒါတွေ ဆက်တိုက် လာရမယ်၊ အဲတာ မရှုမိရင် ဘာဇာတိ လာလာ အို နာ သေတွေ ဆက်မယ်၊ အို၊ နာ၊ သေက မလွတ်တော့ဘူး၊ သဘောပါပြီလား၊ ဒါကြောင့် ဘာစိတ် လာလာ ဖြစ်ပျက် ရှုပစ် "ရှုတော့လာတဲ့ စိတ်ကလေးက ဖြစ်ပျက် ရှုတာက မဂ်ဖြစ်လာမယ်၊ တွေးစိတ် ကလေး မရှုမိရင် ဒီဘက် ပဋိစ္စသမုပ္ပါဒ် တန်းသွားမယ်၊ တန်းရင် အသေ ဆိုးမယ်လို့သာ မှတ်လိုက်ကြ။

ဒီနည်းအတိုင်း စိတ်ခြောက်မျိုးထဲက လာသမျှကို မလွတ်အောင် ဖြစ်ပျက်ရှု၊ ရှုရင် အရှုအပွား များသလောက် ဉာဏ်တက် လာမယ်၊ ဖြစ်ပျက်တွေ များများ မြင်လာမယ်၊ နောက် မုန်းလာမယ်၊ နောက် တစ်ချက်ချက်မှာ ဖြစ်ပျက်တွေ ဆုံးသွားမယ်၊ ရှင်းပြီလား၊ ဖြစ်ပျက်တွေ ဆုံးသွားတာက ဒုက္ခသစ္စာ၊ ဒုက္ခတွေ ချုပ်ဆုံးတော့ နောက်က သေတာက သမုဒယသစ္စာ၊ ဒုက္ခချုပ်တဲ့ နေရာပေါ်တာက နိရောဓသစ္စာ၊ ဒုက္ခဆုံးရာ မြင်တဲ့ ဉာဏ်က မဂ္ဂသစ္စာ၊ ကျေနပ်ပြီလား။

❖ ❖ ❖ ❖ ❖ ❖

## "ပရမ်းပတာသော လွတ်မြောက်ရေး တရားတော်"

သေခါနီးတွင် ပျော်ရွှင်နိုင်သူမှာ -- အရိယာ။
သေခါနီးတွင် ကြောက်လန့်ရသူမှာ -- ပုထုဇဉ်။

ဒကာ ဒကာမတွေ တစ်စက္ကန့် ထက်တစ်စက္ကန့် တစ်မိနစ်ထက် တစ်မိနစ်၊ တစ်နေ့ထက် တစ်နေ့ ဆိုသလို အချိန်တွေ နေ့ရက်တွေ တရွေ့ရွေ့ ကုန်ကုန် လာကြတယ်၊ ဒီလို အချိန်တွေ ကုန်တာဟာ နေ့ရက်က ကုန်တာ မဟုတ်ပါဘူး၊ အသက်တမ်း တစ်ရက်ထက် တစ်ရက် လျော့လျော့ သွားတာမို့ အသက်တမ်းကသာ ကုန်ကုန် သွားရတာပဲ၊ ရိပ်မိကြရဲ့လား၊ နေ့တွေ ရက်တွေက ဘယ်တော့ မှ မကုန်နိုင်ပါဘူး၊ အမှန် ကုန်ဆုံးသွားခဲ့တာ အမှန်တကယ် ပျောက်ပျက် သွားတာ ကတော့၊ ဒကာ ဒကာမတို့ အသက်တမ်းပဲ၊ ရှင်းကြရဲ့လား။

ဒကာ ဒကာမတွေ အသက်တမ်း လျော့လျော့ သွားလေ လေသေဖို့ အချိန်နဲ့ နီးလေလေပဲ၊ သေရဖို့ အချိန် နီးလာလေ၊ နေဖို့ အချိန်က နည်းသွား လေပဲ။

နေရဖို့ အချိန်က နည်းလာ သလောက်၊ မေ့မေ့ လျော့လျော့ ပေါ့ပေါ့ တန်တန်နဲ့ အမှတ်တမဲ့ သေသွားရရင် လုလုကြီး ဒုက္ခရောက် ရမယ်၊ ဒါကြောင့် အချိန်ကုန်တာ စိတ်မချစရာ ကြံဖို့ပဲ၊ ဒီတော့ အချိန်တွေ ကုန်သလောက် အမှုမဲ့ အမှတ်မဲ့ စိတ်ချနေလို့ မဖြစ်သေးပါ ကလားလို့ ရိပ်မိကြရမယ်။

အချိန်ကုန်သမျှ နေ့ရက် ကုန်သမျှ ကိုယ့်အသက်တမ်း ကုန်တာ၊ ဒီလို ကုန်တာဟာ သေဖို့ နီးတာပဲ၊ သေလို့ အချိန်နီးလာလေ စိုးရိမ်ရလေပဲ၊ အော်---သေရအုံးမယ်၊ သေရရင်ဖြင့် ဘယ်ဘုံ ဘယ်ဘဝ

ရောက်ရပါ့မလဲလို့ တွေးလုံး လာတယ်၊ အဲဒီ တွေးလုံး လာတာဟာ ဘာကြောင့်လဲ၊ စိတ်မချလို့ ပေါ်တာပဲ။

အားကိုးစရာ လက်ကိုင် မရှိတော့ စိတ်မချရဘူးပေါ့၊ ဒါကြောင့် ဒကာ ဒကာမတွေကို အားကိုးစရာ အားထားစရာ၊ လက်ကိုင် ကိုယ်ပိုင် ရှိကြပါစေ ဆိုတဲ့ စေတနာနဲ့ ဂရုဏာ ရှေ့ထားပြီး ဆရာဘုန်းကြီးက ပေးနေတာပဲ။

ဒကာတို့ တစ်တွေ ဖြစ်ပျက် အဆုံး မမြင်ရသေးသမျှ၊ ဒီဉာဏ် မရသေးသမျှ၊ စိတ်ချနေလို့ မဖြစ်သေးဘူး၊ ဒီဉာဏ်ရမှသာ စိတ်ချရပြီ၊ ဒါကြောင့် ဒီဉာဏ်ရအောင် ကြိုးစားယူကြ၊ အဲ--- ဖြစ်ပျက်အဆုံး ဒုက္ခအဆုံး မြင်တဲ့ သူကတော့ နေ့ညကုန် လေလေ၊ ဝမ်းသာ လေလေ ပဲလို့ မှတ်ကြ၊ သူကနေ့ရက် အချိန်ကုန် လေလေ ဒုက္ခ လွတ်ရက် နီးလေလေ ဆိုတော့ ဝမ်းသာနေတာပေါ့ (ဥပမာ) ထောင်ကျတဲ့ သူလို့ပဲလို့ မှတ်လိုက်ကြ၊ ထောင်ကျနေတဲ့ သူဟာ အချိန် နေ့ရက် ကုန်လေလေ လွတ်ရက် နီးလာလေလေ ဆိုတော့ ဝမ်းသာ နေသလိုပဲတဲ့။

သေခါနီးမှာ ပျော်တဲ့သူက တစ်မျိုး၊ သေခါနီးမှာ ကြောက်တဲ့သူက တစ်မျိုးလို့ ပုဂ္ဂိုလ် နှစ်မျိုး နှစ်စားရှိတယ်၊ နိဗ္ဗာန် မြင်တဲ့ သူက ပျော်တယ်၊ နိဗ္ဗာန် မမြင်သေးတဲ့ သူက ကြောက်တယ်လို့ မှတ်ကြ၊ ဒီစကား အဓိပ္ပါယ်ဟာ အင်္ဂုတ္တုိုရ် ပါဠိတော်မှာ လာတယ်၊ နိဗ္ဗာန် မမြင်သေးတဲ့သူက ပုထုဇဉ် အဖြစ်နဲ့ ဆိုတော့၊ ဘယ်စခန်းနဲ့ ဘယ်လမ်း သွားရမယ် ဆိုတာ မသိဘူး၊ မှန်းခြေပေါက် မရှိဘူး၊ မသိတော့ ကြောက်တယ်၊ ရှင်းပြီလား အနည်းဆုံး သောတာပန် ဆိုရင် တောင် ဝဋ် ကောင်နဲ့ လွတ်ရတော့မယ် ဆိုပြီး ခန္ဓာဝန်လေးလို့ သဘောကျနေတယ်၊ ငါသေရင် သုဂတိပဲ ဆိုတာ သိတော့ မြန် မြန် သေချင်တယ် ၊ သေရမှာ မကြောက်ဘူး ပျော်တယ်၊ သေခါနီးလေ ပျော်လေပဲဆိုတာ မှတ်ကြ။

ဒကာ ဒကာမတွေ အလေးအနက် စဉ်စားကြ၊ ပေါ့ပေါ့ ကလေးများ

မအောက်မေ့ကြနဲ့ ဒုက္ခအဆုံး ဖြစ်ပျက် အဆုံးမြင်တဲ့ ဉာဏ်ရမှ စိတ်ချရမယ်၊ ဒီဉာဏ် မရသေးရင် အေးနေလို့ မဖြစ်သေးဘူး၊ ဒီဉာဏ် မရသေးရင် သေခါနီးမှာ ဒုက္ခကြီး လှလှ ရောက်တော့မယ်။

ဉပမာ ဆိုရင် ယော်ရွက်ကြွေ သလိုပဲဆိုတာ မှတ်ကြ၊ ရင့်ယော် နေတဲ့ သစ်ရွက်ဟာ ကြွေချိန်တန်လို့ ကြွေတော့ ဘယ်မှာ ကျမယ်လို့ အတတ် မသိနိုင်ဘူး၊ သူကျချင့်တဲ့ နေရာ သူကျချင်သလိုသာ ကျသွား မှာပဲ၊ အကျမမှန်ဘူး၊ ဆူးတောထဲ ကျချင် ကျမယ်၊ ရွံ့ဗွက်ထဲ ကျချင် ကျမယ်၊ ဘယ်နေရာ ကျမယ်လို့ မပြောနိုင်ဘူး၊ ကျချင် သလို ကျရမယ်၊ ဒီဉပမာ အတိုင်းပဲ ဒုက္ခအဆုံး မမြင်ရသေးပဲနဲ့ သေပွဲဝင်ရရင် ကြောက်ဖောခင်ပြီး ရောက်ချင်ရာ ရောက်၊ ကျချင်ရာ ကျတော့မယ် ပရမ်းပတာ ဘား၊ ဝိနိပါတ ဘေးကြီး သင့်တော့မယ်။

သောတပန် မတည်သေးရင်၊ ဒီဘေးဆိုးကြီးက မလွတ်နိုင် တော့ ပရမ်းပတာ ကျချင်ရာ ကျမဲ့ ဘေးဆိုးကြီး မုချ သင့်ရတော့မယ် ဆိုတာ စိတ်သာချကြတော့။

ဒီတော့ ဒီဘေးက လွတ်အောင် လုပ်မှ ဖြစ်မယ်၊ လွတ်အောင် ဒုက္ခ အဆုံးမြင်တဲ့ ဉာဏ်ရအောင် လုပ်ရမယ်၊ ကိုယ့်အရေး တစ်နံပါတ် ထား၊ ဒီပြင်သားရေး၊ သမီးရေး စီးပွားရေး တွေကို နှစ်နံပါတ် ထား၊ ကိုယ့်အရေး မပြီးခင် သူများ အရေး အသာထား။

ဒကာ တို့တတွေမှာ ကိုယ့်အရေး မပါကြသေးဘူး၊ သူတို့ အရေးတွေ ဆောင်ရွက် နေရတာနဲ့ ဘေးသင့် နေကြတယ်၊ ရိပ်မိ ကြရဲ့လား၊ ဒီဘေး လက်ရှိ ဖြစ်ရက်နဲ့၊ နောက်ထပ်ပြီး သင့်လိမ့်အုံးမယ်၊ အဲဒါ ဒီဉာဏ် မရသမျှ ကြုံရမှာက များပါတယ်၊ နောက်ထပ် ဆိုတာက သားသမီး၊ ပစ္စည်း စွဲလမ်းပြီး သေ၊ သေတော့ အိမ်ကပ်ပြီး ပြိတ္တာဖြစ်ရ၊ အဲဒီ အခါမှာ ကျန်တဲ့ သားသမီး၊ သားမယားတွေက ဘုန်းကြီးတွေ

ပင့်ပြီး ကမ္မဝါနဲ့ နှင့်ထုတ်ကြတော့မယ် တစ်ခါနဲ့ မရ နှစ်ခါ၊ သုံးခါ ဆိုသလို မထွက်ထွက် အောင် နှင်ထုတ်ကြတော့တာပဲ၊ အဲတာ ဘေးနှစ်ခါ သင့်တာပဲလို့ မှတ်ကြ၊ ပေါ်ကြရဲ့လား။

အဲဒီလို အခါမျိုးကျမှ "ငါအရင်က အားကိုး မိတယ်၊ အခုတော့ အားကိုး မှားပါပေါ့လား၊ ဗုဒ္ဓ သရဏံ၊ ဓမ္မံ သရဏံဆိုတာ မလုပ်ဘဲ၊ သားသရဏံ၊ မယားသရဏံ ပစ္စည်းသရဏံတွေ လုပ်မိတဲ့ အတွက် မှားခြင်း ကြီးမှားပြီး၊ ဒုက္ခအကြီး အကျယ် ရောက်ရပြီဆိုပြီး နောင်တ ရကြမယ်၊ နောင်မှ တတဲ့ နောင်တမှ မတတ်နိုင်ကြတော့ဘူး၊ ဒါကြောင့် အခုနှယ်က သတိတရား၊ အသိတရား ရတုန်း အခွင့်အခါ သင့်နေတုန်းမှ ဒီဉာဏ်ကို မရရအောင် အားထုတ် ယူကြပါလို့ လေးလေး နက်နက် တိုက်တွန်း လိုက်တယ်။

ဒကာတို့ရဲ့ သဒ္ဓါ ပညာ ဝီရိယ အားကောင်းရင် အားကောင်း သလောက် အရ မြန်မယ်၊ ဒီ အားက သေးရင်လည်း သေးသလောက် အရ နှေးမယ်ဆိုတာ မှတ်လိုက်ကြ၊ ရှုရမှာက စိတ်တစ်ခု ပေါ်ရာဌာန ခြောက်နေရာ၊ ပေါ်တော့ တစ်ခုထဲ တစ်နေရာမှာ သာပေါ်မှာ၊ အဲဒီ ပေါ်တဲ့ နေရာ မိအောင် လိုက်ရှု နားလည်ကြပြီလား။

ခြောက်ဌာန ခြောက်နေရာ ပေါ်လာတဲ့ စိတ်ကလေးကို မလွတ်အောင် ဖြစ်ပျက် ရှုပေး၊ ပေါ်လာတဲ့ စိတ်ကလေးဟာ ပေါ်လာပြီး ပျက်သွားတာ တွေ့ရမယ်၊ ဥပမာ မျက်လုံးထဲ မြင်စိတ်က ပေါ်လာ၊ ဉာဏ်နဲ့ ကြည့်လိုက်တော့ ဖြစ်ပြီး ပျက်သွားတာ တွေ့ရမယ်၊ ဒီလို တွေ့တော့ မျက်လုံးထဲ ပေါ်တဲ့ စိတ်ကလေးက ဖြစ်ပျက်၊ ရှုတဲ့ ဉာဏ်က မဂ် ဖြစ်သွားတယ်၊ သဘော ပါပြီလား၊ ဒီ နည်းအတိုင်း မလွတ်တမ်း ဖြစ်ပျက်နဲ့ မဂ်ကိုက်နေအောင် ရှုပေးကြ။

ဒီတော့ အရှုခံ တရားက ဖြစ်ပျက်၊ ရှုဉာဏ်က မဂ်၊ သတ်တာက

တဏှာ ဥပါဒါန်ကံတွေ၊ ဒါတွေ သေတော့ အိုနာ သေ ဒုက္ခ ခန္ဓာ မလာတော့ဘူး၊ ဒီတော့ ခန္ဓာ နိရောဓေါ နိဗ္ဗာန်နောက်က နိဗ္ဗာန် ပေါ်လာတယ်။

ဖြစ်ပျက် မြင်ရင် မုန်းရင် မဂ္ဂင်ငါးပါး ရတယ်၊ ဖြစ်ပျက် ဆုံးမှ အဆုံးမြင်တဲ့ ဉာဏ်ရမှ မဂ္ဂင်ရှစ်ပါး ပြည့်မယ်၊ ငါးပါးဆို သိပ်ပြီး မသေချာ သေးဘူး၊ ရှစ်ပါး ပြည့်စုံမှ သေချာမယ် ရှစ်ပါးပြည့်မှ စိတ်ချ ရမယ်။

မိမိ သန္တာန်မှာ စိတ်ခြောက်ပါး ထဲက တစ်ပါးပါးဟာ ပေါ်နေမှာပဲ၊ တစ်ပါး မပေါ် တစ်ပါး အမြဲပေါ်နေမယ်၊ ဒလို ပေါ်နေတဲ့ အခါ ပေါ်တိုင်း ပေါ်တိုင်း မလွတ်အောင် ဖြစ်ပျက် ဉာဏ်ဝင်ပေး၊ ရှုပေးရမယ် မရှုမိရင် မရှုမိတာနဲ့ တပြိုင်နက် ဖဿ ဝေဒနာ၊ တဏှာဆိုပြီး တန်းလာ တော့ဒါပဲ၊ အဲဒီ စိတ်ခြောက်ပါး တဏှာနဲ့ သာယာ လိုက်တာနဲ့ တဏှာဆိပ်မျိုဒါပဲဆိုတာ မှတ်ကြ၊ သဘောပါကြရဲ့လား၊ စိတ် ခြောက်ပါး ကို သာယာကြရင် ငါးပါး မှောက်မယ်၊ ငါးပါး မှောက်ရင် ချောက်ချဖို့သာ မြင်ကြပေတော့ပဲ ရှင်းပြီလား။

အမှန်အကန် သိဖို့ သိအောင်ဟာ စိတ်ခြောက်ပါး ပေါ်သမျှ မင်္ဂဝင် ရမယ်၊ မင်္ဂနဲ့ ဖြစ်ပျက် ရှုပေးရမယ်၊ အဲဒီ ဉာဏ် ကိုယ်ပိုင် ရအောင် လုပ်ရမယ်၊ ရှင်းပြီလား၊ အရှု အမှတ် များရင် များသလောက် ဉာဏ်တက် လာမယ်၊ နောက် အမှန်အကန် ကိုယ်ပိုင် ဒိဋ္ဌ သိလာရမယ်၊ သဘောပါ ကြပြီလား။

ဝိပဿနာ ရှုတယ်ဆိုတာ ရုပ်နာမ် ဖြစ်ပျက်ကို တွေ့မှသာ ဝိပဿနာ ဖြစ်တယ်၊ ရုပ်နာမ် ဖြစ်ပျက် မမြင်ဘဲ ဝိပဿနာ ရှုတယ် ဆိုတာ အဓိပ္ပါယ် မရှိဘူးလို့ မှတ်ကြ ဒါကြောင့် ပဋ္ဌမဖြစ်ပျက် မြင်အောင် ရှုကြဖို့ အရေးကြီးတယ်ဆိုတာ မှတ်ကြ၊ ရှင်းပြီလား။

"ဖြစ်ပျက်ကို တွေ့မှ ဩဘာသ ပီတိ ပဿဒ္ဓိစတဲ့ အခြင်းအရာတွေ တွေ့မယ်" ဖြစ်ပျက်မှ မတွေ့သေးရင်၊ ဒါတွေ မလာနိုင်ဘူး၊ ဖြစ်ပျက် မမြင်တဲ့ သူဟာ ဒီဘဝမဂ်ဖိုလ် မရနိုင်ဘူးဆိုတာ မှတ်တော့၊ နောက်နောက် ဘဝအတွက် အဆက်ဖြစ်မယ့် ပါရမီဖြစ်မယ်။

အို နာ သေ ပဋိသန္ဓေတွေဟာ ဘေးတွေပဲလို့ အမှန်အကန် သိတဲ့အခါ သိတဲ့ ဉာဏ်က --- မဂ္ဂသစ္စာ။

သိတော့ သိတဲ့ နေရာမှာ ဘေးတွေချုပ်၊ ဘေးတွေ သေသွားတယ်၊ အဲဒီ နေရာမှာ ပေါ်လာတာက -- နိရောဓသစ္စာ။

အဲဒီ ဘေးအမျိုးမျိုးတွေက -- ဒုက္ခသစ္စာ။

သိတဲ့ ဉာဏ်ပေါ်တော့ နောက်က ချုပ်တဲ့ အကြောင်းတွေက သမုဒယ သစ္စာ၊ ကဲကြိုးစားအားထုတ်ကြ။

❖ ❖ ❖ ❖ ❖ ❖

# "ပဋိစ္စဖြစ်ပျက် ဒုက္ခစက် တရားတော်"
# (ပဋိစ္စသမုပ္ပါဒ်တရားတော်)

## ဆောင်ပုဒ်

အဝိဇ္ဇာနှင့် တဏှာ ရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်။
အပင်မှမျိုး၊ မျိုးမှ အပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်
နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်၊ ဖြစ်ပြန်နည်းအလျော်။
ဗြဟ္မာသိကြား၊ စသည်များက၊ ထင်ရှားပြုပြင်၊ စီရင် ဖန်ဆင်း၊
အကြောင်းရင်းကြောင့်၊ ခပင်း လောကဓါတ်၊ လူနတ်များစွာ၊
သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့် ရှု၍ မျှော်။

## လင်္ကာ

မူလနှစ်ဖြာ၊ သစ္စာ နှစ်ခု၊ လေးခု အလွှာ၊ အင်္ဂါ ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့် ကာလသုံးဖြာ ခြင်းရာ နှစ်ဆယ် ဤရှစ်သွယ်ကို၊ အလွတ် ကျက်မှတ်၊ သိစေ အပ်သည်၊ သံသရာဝဋ်မှ လွတ်ကြောင်းတည်း။

## အထူးမှတ်

အထက် စက်ဝိုင်းပါ "ဝေဒနာနိရောဓါ တဏှာနိရောဓေါ" ဟူသော ဖြတ်လမ်း၏ အလုပ်လုပ်စဉ်မှာ ဝေဒနာကို အနိစ္စဖြစ်လျှင် ဝိပဿနာ မဂ်ဝင်လာသောကြောင့် ပဋိစ္စသမုပ္ပါဒ်စက် ပြတ်လေ၏။

ထိုအတူ-- ဝေဒနာနှင့် သဟဇာတ တကွ ဖြစ်ဘက် ဖြစ်ကြသည့် သညာ၊ သင်္ခါရ၊ ဝိဉာဏ်၊ ရုပ်၊ ဝိတက်၊ ဝိစာရတို့ကို သော်လည်း ရှုနိုင်ကြပါ၏။ ဤရှုမှတ်နည်းမှာ- "နိဒါနဝဂ္ဂသံယုတ် ပါဠိတော် သမ္မသနသုတ်"တွင် လာသော ရှုမှတ်နည်း ဖြစ်ပါ၏။

## "ဇက်ဝိုင်းဒေသနာ အတွက် ရှင်းလင်း သိမှတ်ရန်" အချက်အလက်များ။

### အင်္ဂါအစိတ်အပိုင်း ဆယ့်နှစ်ပါး

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ ဇရာမရဏ။ — ၁၂ ပါး

### မူလအကြောင်းရင်းနှစ်ပါး

၁။ အတိတ်အကြောင်း၏ အစ မသိမှု အဝိဇ္ဇာသည် မူလတစ်ပါး။
၂။ ပစ္စုပ္ပန် အကြောင်း၏ အစ ဘပ်မက်မှု တဏှာသည် မူလတစ်ပါး။ — ၂ ပါး

### ကြောင်းကျိုးနှစ်ဖြာ၊ ခြင်းရာ နှစ်ဆယ်၊ အလွှာဝယ်လေးထပ် အစပ်သုံးဖြာ၊ သစ္စာနှစ်ပါးသိဘွယ်များ

၁။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန် ဘဝအတိတ် အကြောင်း အခြင်းအရာ ငါးပါး၊ အလွှာအားဖြင့် တစ်ခု၊ သမုဒယ သစ္စာစု။
၂။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါး၊ အလွှာအားဖြင့် တစ်ခု၊ ဒုက္ခသစ္စာစု။
၃။ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရပစ္စုပ္ပန် အကြောင်း အခြင်းအရာ ငါးပါး၊ အလွှာအားဖြင့် တစ်ခု၊ သမုဒယ သစ္စာစု။
၄။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ အနာဂတ် အကျိုး အခြင်း အရာ ငါးပါး၊ အလွှာအားဖြင့် တစ်ခု၊ ဒုက္ခသစ္စာစု။

**အစပ်အားဖြင့် လေးလွှာဖြစ်၍ သုံးစပ်ရသည်ဟူ၍ မှတ်**
**အစပ်သုံးပါးတနည်းကား**

၁။ သင်္ခါရနှင့် ဝိညာဏ်နှစ်ရပ်က တစပ် စပ်။
၂။ ဝေဒနာနှင့် တဏှာ နှစ်ရပ်က တစပ် စပ်။
၃။ ဘဝ(ကမ္မဘဝ)နှင့် ဇာတိ နှစ်ရပ်က တစပ် စပ်။ } ၃ပါး

**ကာလသုံးပါး**

၁။ အဝိဇ္ဇာ၊ သင်္ခါက အတိတ်ကာလ
၂။ ဝိညာဏ်အစ ကမ္မဘဝ အဆုံး အလည်ရှစ်ပါးက ပစ္စုပ္ပန်ကာလ
၃။ ဇာတိ ဇရာ၊ မရဏာက အနာဂတ် ကာလ } ၃ပါး

**ဝဋ်သုံးပါး**

၁။ အဝိဇ္ဇာ တဏှာ ဥပါဒါန် သုံးခုက ကိလေသဝဋ်။
၂။ သင်္ခါရနှင့် ကမ္မဘဝ၊ နှစ်ခုက ကမ္မဝဋ်။
၃။ အကြွင်းတရား ရှစ်ခုက ဝိပါကဝဋ်။ } ၃ပါး

**အစပ်သုံးရပ် ဉာဏ်ဖြတ်ရန်**

၁။ ဝေဒနာနှင့် တဏှာ အစပ်ကို ဝိပဿနာ ဉာဏ်ဖြင့်ဖြတ်။
၂။ **သင်္ခါရနှင့်** ဝိညာဏ် အစပ်ကို ဂေါတြဘူဉာဏ်ဖြင့်ဖြတ်။
၃။ **ကမ္မဘဝနှင့်** ဇာတိအစပ်ကို မဂ်ဉာဏ်ဖြင့်ဖြတ်။

**ဒကာ** ဒကာမတို့ ဒီကနေ့ **ပဋိစ္စသမုပ္ပါဒ်** တရားတော်ကို ရှင်းလင်း **ပြောပြ**ရမယ်၊ စူးစူးစိုက်စိုက် သတိထားပြီး ကြိုးစား နာယူကြ။

ဒကာ ဒကာမငဲ့ ဘုရားဖြစ်တော် မူတာဟာ၊ ပဋိစ္စသမုပ္ပါဒ် ပြတ်သွားလို့ ဖြစ်တာပဲ၊ ပဋိစ္စသမုပ္ပါဒ် ပြတ်ပြီး အလုံးစုံသော ဝဋ်က ကျွတ်လွတ် သွားလို့ ဘုရားဖြစ်တာပဲ၊ ဘုရားဟာ ပဋိစ္စသမုပ္ပါဒ် ဝဋ် အဆင့်ဆင့် ဖြတ်ပြီး သောတာပန်ကစ ဖြစ်တော်မူရတာပဲ၊ ဘုရားလည်း သောတာပန်က စပြီး ဆိုင်ရာ ပဋိစ္စ သမုပ္ပါဒ် ဖြတ်တော် မူရပါတယ်။

ဒကာ ဒကာမတွေလည်း သောတာပန် ဖြစ်ချင်ရင် ဆိုင်ရာ ပဋိစ္စသမုပ္ပါဒ် ဖြတ်ကြရမယ်၊ ဖြတ်တော့ ဘယ်ပဋိစ္စ သမုပ္ပါဒ်ကို ဖြတ်ရမလဲ၊ ဒကာတို့ လက်ရှိ ခန္ဓာပဋိစ္စ သမုပ္ပါဒ် ဖြတ်ရမှာပဲလို့ မှတ်ကြ၊ ဒီခန္ဓာက ပဋိစ္စသမုပ္ပါဒ် ခန္ဓာကြီး ဘဝ အဆက်ဆက် မပြတ်လယ်နေတဲ့ ခန္ဓာကြီးပဲ။

ဒီဘဝက စုတိတဲ့ ဟိုဘဝ ပဋိသန္ဓေဆက်နေတယ်၊ အဲတာဟာ ပဋိစ္စသမုပ္ပါဒ်ပဲ၊ **ကံအကြောင်းနဲ့ အကျိုးပေးဆက်တာလည်း ပဋိစ္စသမုပ္ပါဒ်ပဲ၊ အကြောင်းနဲ့ အကျိုး ပြတ်ရင် ပဋိစ္စသမုပ္ပါဒ် ပြတ်တာပဲ၊** ခန္ဓာပဋိစ္စ သမုပ္ပါဒ် ပြတ်ရင် နိဗ္ဗာန်ပဲ ဆိုတာ မှတ်ကြ၊ နိဗ္ဗာန် လိုချင်ရင် ခန္ဓာ ပဋိစ္စ သမုပ္ပါဒ် ပြတ်အောင် လုပ်ရမှာ၊ ခန္ဓာပဋိစ္စသမုပ္ပါဒ် ပြတ်မှ အနုပါဒိ သေသနိဗ္ဗာန်ရကြမယ်။

ဒီတော့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ပြတ်ဖို့ အရေးဟာ နိဗ္ဗာန်ရဖို့ အရေးပဲ ဆိုတာ မှတ်ကြ။

ဒကာ ဒကာမတွေ ခန္ဓာပဋိစ္စသမုပါဒ် ပြတ်တဲ့ နည်းကို မသိ ကြဘူး၊ ခန္ဓာပဋိစ္စသမုပါဒ် ပြတ်နည်း မသိတာက ဘာကြောင့်လဲ "အဝိဇ္ဇာ" ကြောင့်ပဲလို့ မှတ်လိုက်ကြ၊ ဒီ "အဝိဇ္ဇာ" လက်ချက် ဆိုးဝါးပုံကို အမိပွါယ်ကို ဆက်ပြီး ပြောပြမယ်၊ ဒကာ ဒကာမတွေ ဘာကြောင့် လူဖြစ်လာရတာလဲ။

အမိ အဘသည် သားသမီး ဖြစ်ကြောင်းလို့ ယူရင် အလုံးစုံ

မမှန်နိုင်ဘူး၊ တစိတ်တဒေသသာ မှန်တယ်၊ အကုန်မမှန်ဘူးလို့ မှတ်ကြ။

အမိ အဘကြောင့် ယူတဲ့ အယူက မနဲ့စပ်ဘူး၊ ဟိန္ဒူဗြဟ္မဏ၊ မဟာမေဒင်၊ ခရစ္စယန် အယူတွေက မလုံလောက်ဘူး၊ သံသယ ရှိစရာ တွေ့ရတယ်၊ ရှေးက ဒီသံသယနဲ့ဘဲ သေသွားခဲ့ကြရတယ်၊ ဒီသံသယ နဲ့ပဲ သံသရာ ရှည်ခဲ့ကြရတယ်။

ဘုရားကလည်း မပွင့်သေးတော့၊ ဒီ သံသယ ဖျောက်ပေးနိုင်သူ မတွေ့ခဲ့ရဘူး၊ "ငါသည် ဘယ်လိုဟာလဲ" "ငါဟာ ဘယ်လို ငါပါလိမ့်" စတဲ့ ဒိဋ္ဌိဝင်လာတယ်၊ ဒိဋ္ဌိဝင်တော့ ဝိစိကိစ္ဆာလည်း ဝင်လာတော့တာပဲ၊ ဘုရား မပွင့်တဲ့ အခါ ဘယ်သူကမှ ဒိဋ္ဌိ ဖျောက်မပေးနိုင်ဘူး ဆိုတာ မှတ်လိုက်ကြ။

ဒီနာမ်တွေ ရုပ်တွေဟာ ငါပဲလား၊ ဆိုပြီး ဒိဋ္ဌိဝိစိကိစ္ဆာ ဝင်တာဟာ ပဋိစ္စသမုပ္ပါဒ် နားမလယ်လို့ပဲ၊ နားမလယ်လို့ ဝင်လာရင် အားလုံး အပါယ် သွားကြပဲ၊ ပဋိစ္စသမုပ္ပါဒ် နားမလယ်ဘဲ ဒိဋ္ဌိဝိစိကိစ္ဆာနဲ့ သေရင် အားလုံး အပါယ် သွားကြရမယ် ဆိုတာ မှတ်လိုက်ကြ၊ သတ္တဝါ တွေ အပါယ်သွားများတာဟာ ဒီခန္ဓာ ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ ဒိဋ္ဌိဝိစိကိစ္ဆာနဲ့ သေရတာကိုး၊ ဒါကြောင့် အပါယ်သွားလမ်း ပိတ်မှု အတွက် ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် ဟောရ ပြောရတာ ဆိုတာ ဆုံးဖြတ်ချက် ချကြ။

ဒကာတို့ အခုလက်ရှိ ခန္ဓာကို ဘယ်သူက တည်ထောင်တာတုံး၊ ပုဂ္ဂိုလ်၊ သတ္တဝါက တည်ထောင်တာ မဟုတ်ဘူး၊ ဓမ္မက တည်ထောင် တာပဲ၊ ဘယ်တုံးကလဲ၊ အတိတ်တုံးကပဲ၊ ဘယ်ဓမ္မတွေကလဲ"**အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ**"ဆိုတဲ့ ဒီဓမ္မတွေက တည်ထောင်လိုက် တာပဲ။

ဒီအတိတ် အကြောင်းအခြင်းအရာ ငါးပါးဟာ လူ့ခန္ဓာ ဖြစ်စေတဲ့

အကြောင်း တရားငါးပါးပဲ၊ ဒီ ငါးပါးက ဘယ်ဟာလဲ၊ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန် ဘဝ ဒီငါးပါးပဲ၊ မှတ်မိအောင် မှတ်ကြ၊ ဒကာတို့ တတွေ **အတိတ်က** ဘာတွေ လုပ်ခဲ့သလဲ၊ အတိတ် အကြောင်း အခြင်းအရာ ဒီငါးမျိုး တည်ထောင်ခဲ့လို့ ခန္ဓာ ရလာကြတယ်။

"အဝိဇ္ဇာ"ဆိုတာ ဘာလဲ၊ အဝိဇ္ဇာဆိုတာ မသိတာ၊ သစ္စာ လေးပါး မသိတဲ့တရားဟာ အဝိဇ္ဇာပဲလို့မှတ်ထားကြ၊ သူက ခေါင်းဆောင် နေတယ်၊ နောက်ဘဝက သစ္စာ မသိတဲ့ အလွန်မိုက်မဲတဲ့ အဝိဇ္ဇာက ဝမ်းထဲမှာ ကိန်းနေတယ်၊ သူက ရှိနေတာနဲ့၊ သင်္ခါရက ပြုပြင်တယ်၊ လူ့ပြည် ရချင်လို့ သင်္ခါရက ပြုပြင်လို့ ရလာခဲ့တယ်။

ဒီသင်္ခါရဆိုတာ စေတနာပဲ၊ ဒကာတို့ တတွေ သင်္ကန်း၊ ဆွမ်း၊ ကွမ်း စတဲ့ ဒါနဝတ္ထုတွေ လှူဒါန်းပြီး နောက် လူ့ဘဝချမ်းသာ ဖြစ်ရပါလို၏ ရရပါလို၏ နဲ့ဆိုပြီး ဆုတောင်းခဲ့ကြတယ်၊ လှူတန်း တာက စေတနာ၊ ကုသိုလ် သင်္ခါရပြုပြီး၊ တဏှာနဲ့ ဆုတောင်း ယူခဲ့ကြတယ်။

အဝိဇ္ဇာက မသိတာ၊ သင်္ခါရက ပြုလုပ်တာ၊ ကုသိုလ်ပြုတာ၊ တဏှာနဲ့ ဆုတောင်း မရမနေနိုင်ဘူး ဆိုတော့ ဥပါဒါန်ကလည်း တပါတည်း စွဲလမ်းလိုက်တော့တာပဲ၊ နောက်ပြီး ကာယကံနဲ့ ရှိခိုး ဝစီကံနဲ့ ဆိုတောင်းကြ ဆိုတော့ ကံနဲ့ ပြုပြင်လိုက်တာကိုး၊ အဲဒီတော့ ဘဝဆိုတဲ့ ကမ္မဘဝရတာပဲလို့ မှတ်ကြ၊ ကုသိုလ်တရားဟာ နိဗ္ဗာန် ကိုလည်း ပေးနိုင်တယ်၊ လူနတ်ချမ်းသာ ကိုလည်း ပေးနိုင်တယ်။

အဝိဇ္ဇာက လူ၊ နတ်ခန္ဓာဟာ ဒုက္ခသစ္စာပဲလို့ မသိဘူး၊ ဒီသစ္စာ မသိတဲ့ အဝိဇ္ဇာရဲ့ အအုပ်အချုပ် ခံနေရလို့ပဲ မှတ်လိုက်ကြ၊ ဒီတော့ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" ဖြစ်လာတော့ တာပဲ၊ အဝိဇ္ဇာက မသိတာ၊ သင်္ခါရက အုပ်ချုပ်ခံရတာ၊ တဏှာက မပြည့် ပြည့်အောင် တောင်း

**ယူတာ၊ ဥပါဒါန်က** စွဲလမ်းတာ၊ ကာယကံ၊ ဝစီကံမှုတွေ ပြုလုပ်ပြော **ဆိုပြီး ဆုတောင်း၊ အဲဒါ အတိတ်** အကြောင်းအခြင်း အရာ ငါးပါးပဲ။

ဒကာ ဒကာမတွေ **စက်ဝိုင်း ပြန်ကြည့်၊ စက်ဝိုင်းရဲ့** လက်ျာဘက် ထိပ် (၁) နံပါတ်အကွက်က အတိတ် **အကြောင်းအခြင်းအရာ ငါးပါး၊** ဒီငါးပါးက လွန်ခဲ့တဲ့ အတိတ်ဘဝက ဖြစ်ခဲ့တဲ့ အဝိဇ္ဇာ၊ **သင်္ခါရ၊** တဏှာ၊ ဥပါဒါန်၊ ဘဝဖြစ်တယ်၊ အဲဒီ (၁)နံပါတ် အကွက် အောက်ဆုံးမှာ ကြည့်ကြ၊ ဘာတဲ့လဲ၊ သမုဒယ သစ္စာတဲ့၊ ဒီအကွက်ထဲက **"အတိတ် အကြောင်းအခြင်း အရာ ငါးခုက သမုဒယ သစ္စာပဲလို့ မှတ်လိုက်ကြ"။**

**"သမုဒယ ဆိုတာက အကြောင်း၊ သစ္စာက မှန်တာ၊ ပေါင်း လိုက်တော့ အကြောင်း မှန်ကို လုပ်ထားခဲ့လို့တဲ့"** ဘယ်တုံး ကလဲ ဆိုတော့ လွန်လေပြီးသော အတိတ်ကာလကပဲ၊ အတိတ်က အကြောင်း မှန်လုပ်ထားခဲ့လို့ပဲတဲ့။

ဒါကြောင့် ဒီ(၁)နံပါတ် အကွက်ထဲက ဒီငါးခုကို အတိတ်ကြောင်း တလွှာလို့ မှတ်လိုက်ကြ၊ ဒါက ပထမအလွှာ၊ အတိတ်အကြောင်း တလွှာ သမုဒယ သစ္စာလို့ ခေါ်တယ်၊ နိဗ္ဗာန်ရောက်ဖို့ ရဖို့ရာ မသိလို့၊ မသိတာနဲ့ သမုဒယ သစ္စာ သွားဖြစ်ရတာပဲ၊ နောက်က သစ္စာလေးပါး မသိတဲ့ အဝိဇ္ဇာ ကြောင့် ကုသိုလ် သင်္ခါရ ပြုလုပ်ကြပြီး၊ တဏှာနဲ့ ဆုတောင်း၊ ဥပါဒါန်မှဲ့ စွဲလမ်း၊ ကာယကံ ဝစီကံနဲ့ ပြုလုပ် ဆုတောင်း အားထုတ် လိုက်တော့ ယခုလက်ရှိ ခန္ဓာ ဒုက္ခသစ္စာကြီး ရထားကြပြီ။

သမုဒယတွေ လုပ်နေရင် နောင်အခါ အကျိုးပေးက ဒုက္ခပဲရကြမယ် **"သမုဒယ သစ္စာက အကြောင်း၊ ဒုက္ခသစ္စာက အကျိုး"၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဒီလေးခုကို အဝိဇ္ဇာက အုပ်ချုပ်ထားတာမို့ ဒါတွေဟာ ကံကောင်း မဟုတ်ဘူး၊ ကံဆိုးတွေပဲ။**

အဝိဇ္ဇာဆိုတော့ နောက်ဆက်ပြီး သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊

ဘဝဆိုတဲ့ ဒီငါးခုက သမုဒယ သစ္စာတွေပဲ၊ ထပ်တလဲလဲ ကြိုးစားနေကြတယ်၊ မြင်ကြရဲ့လား၊ (၁) ငါးခု လုပ်ရင်၊ (၂) ငါးခုကို ရမယ်၊ သဘောက (၁) ငါးခု လုပ်ရင်၊ (၂) ငါးခုနဲ့ သွားဆက်ရမယ်၊ (၁) ငါးခုနဲ့ စပ်နေတာက ဘာတွေလဲ၊ ပြန်ကြည့်၊ ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ဒုက္ခသစ္စာ ခန္ဓာငါးပါးပဲ။

ဒီငါးခုက ဘယ်ကလာတာလဲ၊ ဘာကြောင့် ရသလဲ၊ အတိတ်အကြောင်း ငါးခုလုပ်မိတဲ့ အတွက်ရတာပဲ၊ ဒကာတို့ တတွေ အခုဘယ်မှာ ရောက်နေသလဲ ဆိုရင် (၂) နံပါတ် အကွက်ထဲမှာပဲ၊ (၂) အကွက်ကဘဲ ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အဲဒီထဲမှာ ရောက်နေကြတယ်။

(၁)နံပါတ်ထဲက ငါးခုက သမုဒယသစ္စာ၊ အတိတ်က ဖြစ်ခဲ့တား အခု ဒကာတို့ရနေတဲ့ (၂) နံပါတ်ထဲက ငါးခုက ဒုက္ခသစ္စာ အခု ပစ္စုပ္ပန်မှာ၊ အဲတာ အလွှာတစ်ခုပဲ၊ စက်ဝိုင်း အတွင်းဘက်မှာ ပြန်ကြည့် ရှင်းကြရဲ့လား၊ အခု ဒကာ ဒကာမတွေ ဒုက္ခ သစ္စာကိုယ်ပိုင် ရထားကြပြီ၊ ဘာကြောင့်လဲ၊ အတွင်းက မြှားကြီးလေး ပြတာ လိုက်ကြည့်၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ်သုံးခုနဲ့ သင်္ခါရ ကမ္မဘဝဆိုတဲ့ ကမ္မဝဋ်က နှစ်ခု၊ ဒီဝဋ်နှစ်ခု လုပ်ထားမိလို့ပဲ။

အတိတ်က သမုဒယ သစ္စာဆိုတဲ့၊ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဆိုတဲ့ အကြောင်း ငါးခုလုပ်မိတဲ့ အတွက် အခု ပစ္စုပ္ပန်မှာ ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဒီငါးခု ရလာတာ၊ ဒီငါးခု ခန္ဓာဖွဲ့ရင် ခန္ဓာငါးပါးပဲရတယ်၊ သစ္စာဖွဲ့တော့ ဒုက္ခသစ္စာပဲ၊ အခု ရထားတဲ့ လူ့ခန္ဓာကြီးဟာ အတိတ်က သမုဒယ လုပ်ခဲ့တဲ့ အကြောင်းမှားမှုကြောင့် အကျိုးမှား ဒုက္ခသစ္စာ ရတာပဲလို့ မှတ်လိုက်ကြ၊ ဒကာဒကာမတို့ အသက်ကြီးလေ ဒုက္ခများလေ၊ ပူစရာ ဆွေးစရာတွေများလေပဲ၊ လူ့ဘဝ လူ့ခန္ဓာ ဒုက္ခသစ္စာဆိုတာ သဘောပါကြပြီလား၊

**"လက်ရှိ ခန္ဓာကို ဘယ်သူမှ ဖန်ဆင်းတာ မဟုတ်ဘူး၊ အတိတ်က အကြောင်းကြောင့်ယခုပစ္စုပ္ပန်အကျိုးတရားပေါ်လာတာပဲလို့ မှတ်လိုက်ကြ"**

ဒီ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကို သဘောပေါက်မှ ကိုယ့်ခန္ဓာ အရှိ သိနိုင်ကြမယ်၊ ဒကာ ဒကာမတွေဟာ သံသရာက ဒီအတိုင်း မသိမှုနဲ့ လယ်နေခဲ့ကြတာ၊ ဒုက္ခကြောင့် သမုဒယ ဖြစ်လိုက်၊ ဒီသမုဒယ ကြောင့် ဒုက္ခပြန်ဖြစ်လိုက်၊ ဒါ -- နှစ်ခုပဲ လှည့်နေကြတာ "မဂ္ဂ"မပါ နိုင်ခဲ့ပါဘူး။

ကိုယ့်အကြောင်း ကိုယ်သိမှ၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်မသိတော့ သမုဒယ သစ္စာတွေ ထပ်ပွား၊ ပွားမိတော့ စတုတ္ထ (၄) နံပါတ် ဒုက္ခသစ္စာ ရအုံးမယ်။

**"အတိတ်အဝိဇ္ဇာကြောင့် ယခုလက်ရှိ ပစ္စုပ္ပန် ခန္ဓာ ဖြစ်တယ်၊ ယခု ပစ္စုပ္ပန် တဏှာကြောင့်လည်း နောက်ဘဝ အနာဂါတ် ခန္ဓာဖြစ်အုံးမယ်၊ အတိတ် အဝိဇ္ဇာကြောင့် ပစ္စုပ္ပန် ခန္ဓာဖြစ်၊ ပစ္စုပ္ပန် တဏှာကြောင့် အနာဂတ် ခန္ဓာဖြစ်၊ ဒီတော့ "ပစ္စုပ္ပန် ခန္ဓာဖြစ်ခြင်း အကြောင်းမှာ အဝိဇ္ဇာ ဦးစီးတယ်၊ အနာဂတ် ခန္ဓာဖြစ်ခြင်း အကြောင်းမှာ တဏှာ ဦးစီးတယ်၊"** ရှင်းကြရဲ့လား၊ ဒါကြောင့် – **"ဒီနှစ်ခု အဝိဇ္ဇာ နဲ့ တဏှာကို မူလ နှစ်ခုလို့ပြရတာပဲ။** စက်ဝိုင်း အလယ်မှာ ကြည့်ကြ။

စက်ဝိုင်းပြန်ကြည့် (၃) နံပါတ် အကွက်ကြည့်၊ ကြည့်တော့ တဏှာကြောင့် (၄) နံပါတ် ခန္ဓာ ဒုက္ခသစ္စာ ပေါ်တယ်၊ မြင်ကြရဲ့လား၊ ဒါကြောင့် အဝိဇ္ဇာ၊ တဏှာ အလယ်မှာ ပြထားတယ်၊ သူတို့ နှစ်ခုက ရေသောက်မြစ်ပဲလို့ မှတ်ကြ။

ဒီတော့ အဝိဇ္ဇာ တဏှာ မချုပ်သရွေ့ ပစ္စုပန် ဒုက္ခခန္ဓာ၊ အနာဂတ် ဒုက္ခသစ္စာ ပေါ်အုံးမှာပဲဆိုတာ ဆုံးဖြတ်ချက်ချ၊ ဒါငြိမ်း ချင်ရင် ဒုက္ခချုပ်ချင်ရင် အကြောင်းကို သတ်ရမယ်၊ အကျိုးကို မသတ်ရဘူး၊

အကျိုးသတ်လို့ မရဘူးဆိုတာ မှတ်ကြ၊ **"အခု ဘဝဒုက္ခ ခန္ဓာ လွတ်ချင်ရင် တဏှာချုပ်အောင် ဒီနှစ်ခု ရေသောက်မြစ် ပြတ်အောင် ဝိပဿနာ လုပ်မှသာ ရမယ်လို့ မှတ်လိုက်ကြ"**

သံခိတ္တေနပဥ္စုပါဒါနက္ခန္ဓာပိဒုက္ခာလို့ ဘုရား ဟောတော်မူတယ်၊ ခန္ဓာ ငါးပါးဟာ ဒုက္ခသစ္စာပဲ၊ မသိတဲ့ အဝိဇ္ဇာက အုပ်ချုပ်၊ သင်္ခါရက ပြုလုပ်၊ တဏှာက တောင်းယူ ဒုက္ခသစ္စာ ခန္ဓာငါးပါး ပေါ်လာတာပဲ၊ လက်ရှိ ရထားတာ မှန်သမျှ အားလုံး ဒုက္ခသစ္စာ ချည်းပဲ။

အဝိဇ္ဇာ၊ အတိတ် ခေါင်းဆောင်ကြီး မိပြီ၊ မြင်ကြပြီနော်၊ ဒီအဝိဇ္ဇာ မချုပ်သမျှ ခန္ဓာမချုပ်ဘူး၊ ခန္ဓာမချုပ်သမျှ ဒုက္ခနဲ့ တွဲလျက် အမြဲပဲ၊ အဝိဇ္ဇာ သမုဒယ သစ္စာ ကြောင့် **ဝိဉာဏ်စတဲ့ ငါးပါး ဒုက္ခ** သစ္စာတွေ ပေါ်လာတယ်။

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဆိုတဲ့ နေရာမှာ သင်္ခါရက နှစ်မျိုး ရှိတယ်၊ ကုသိုလ် သင်္ခါရက တစ်မျိုး၊ အကုသိုလ်သင်္ခါရက တမျိုးလို့ နှစ်မျိုးပဲမှတ်ထား၊ သင်္ခါရ သုံးမျိုးဆိုပေမဲ့ နားလယ် လွယ်အောင် ဒကာတို့အတွက် ၂ မျိုးကို အရင် မှတ်ထားကြအုံး၊ **"ကုသိုလ် သင်္ခါရက လူ၊ နတ်၊ ဗြဟ္မာခန္ဓာရမယ်၊ အကုသိုလ် သင်္ခါရက အပါယ်ခန္ဓာရမယ်"** နှစ်ခုလုံးဒုက္ခသစ္စာ ချည်းပဲ၊ ဘုံဘဝကို လိုချင်လို့ လုပ်တာ၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါယာပဲ၊ ဒါက နှစ်မျိုးရတယ်၊ အပါယ်သွားအောင် တမျိုး၊ လူနက်ရအောင် တမျိုး ဒီနှစ်မျိုးလုံး ဘာရရ၊ ဒုက္ခသစ္စာပဲ။

ယခုအခါမှာ ဒကာတို့မှာ ဇာတိ ဒုက္ခကရခဲ့ပြီးပြီ၊ ဇရာ ဒုက္ခက ရဆဲရတုန်းပဲ၊ နောက်မရဏ ဒုက္ခက ကျန်သေးတယ်။

ဒကာတို့မှာ လက်ရှိ ဒုက္ခအပြင် နောက်လာမဲ့ ဒုက္ခတွေ ဗျာဓိဒုက္ခ၊ မရဏ ဒုက္ခ **သောက**၊ ပရိဒေဝ ဒုက္ခ၊ ဒေါမနဿ၊ ဥပယာသ ဆိုတဲ့ ဒုက္ခတွေ အများ**ကြီး** ကျန်နေသေးတယ်၊ ဒီဒုက္ခမျိုးစုံ တွေ့ကြုံကြ

ရမှာကလည်း အဝိဇ္ဇာကြောင့် ကြုံကြရမှာလို့ မှတ်ကြ၊ ဒီ အဝိဇ္ဇာ မရှိရင်၊ ကံတို သင်္ခါရတို့ ဆိုတာတွေ မရှိတော့ဘူး။

သစ္စာမသိတော့ သင်္ခါရတွေ ပြန်အားထုတ၊ အဲဒီတော့ သေသည်၏ အခြားမဲ့ မှာ ဒီဘက်(၄)နံပါတ်အကွက်က အနာဂတ် ဒုက္ခသစ္စာကြီး ပြန်ရတော့မယ်၊ ရမှာ သေချာတယ်၊ အခုဟောနေတာဟာ (၂) ထဲမှာ ဟောနေတာ၊ ဒီထဲမှာ (၃) တရားမပါကြစေနဲ့၊ (၃)နံပါတ် အကြောင်းတရား သမုဒယ သစ္စာတွေ မပွားမိကြစေနဲ့၊ (၂) က–(၃)–မ ပေါက်ပွား ကြစေနဲ့။

(၂) နဲ့ (၃) ကြားမှာ မြှားကလေးကို ကြည့်ကြ၊ စပ်မှာက (၃)ထဲက အနာဂတ် အကျိုးအခြင်းအရာ ငါးပါးနဲ့ စပ်မှာကို ဆိုလိုတာ၊ အနာဂတ် အကျိုးတွေနဲ့ စပ်သွားရင် ဒုက္ခသစ္စာ ပြန်ရကြမယ်။

အတိတ် အကြောင်းကြောင့် ပစ္စုပ္ပန် အကျိုးရ၊ ပစ္စုပ္ပန် အကြောင်း ကြောင့် အနာဂတ် အကျိုးရ၊ ဒီတော့ တပတ်ပြန်ရ ပြန်တာပဲ၊ ၁၊ ၂၊ ၃၊ ၄၊ ၁၊ ၂၊ ၃၊ ၄၊ ချည်းလယ်နေကြတယ်၊ သစ္စာဖွဲ့ရင် သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ နှစ်ပါးထဲမှာဘဲ လယ်နေကြရတယ်၊ သမုဒယကြောင့် ဒုက္ခဖြစ်၊ ဒုက္ခထဲမှာ သမုဒယ ပြန်ဖြစ်၊ ဒီကနေ ဒုက္ခပြန်ဖြစ်ရ လယ်နေကြ ရတာ ဒီစက်ဝိုင်းမှာ ပါတဲ့ အတိုင်းပဲ၊ ဖြတ်လမ်း ပါသေးရဲ့လား၊ ဖြတ်လမ်းကို မပါတော့ဘူး။

ဘယ်လိုများ ကြံကြမတုံး၊ ဖြတ်လမ်း ရှာကြရမယ်၊ ကိုယ့်အဖြစ် မှန် သိရရင် လွတ်လမ်း ထွက်လမ်း ရှာရမယ်၊ ဖြတ်ဖို့ နည်းက ဖြတ်လမ်း ပြန်ကြည့်လိုက်၊ ပစ္စုပ္ပန် အကျိုးတလွှာဆိုတဲ့ (၂) နံပါတ်နဲ့ ပစ္စုပ္ပန် အကြောင်း တလွှာဆိုတဲ့ (၃) အကွက်ဟာ တခုနဲ့တခု စပ်နေ တယ်၊ မြှားလေး ပြထားတာ ကြည့်လိုက် ဒီအစပ်ကနေပြီး နောက်က

"တဏှာ၊ ဉပါဒါန်၊ ကမ္မဘဝ"ဆိုတဲ့ ဒီ (၃) မလာအောင် ဖြတ်ရမယ်။

တတိယ (၃) နံပါတ်အကွက်ကို အလုပ်နဲ့ ပြရမယ်၊ အဲဒီမှာ ဘုရားပွင့်မယ် ဆိုတာ မှတ်ကြ၊ (၂) နဲ့ (၃) အကူး ကြားထဲမှာ ဘုရားပွင့်မယ်၊ (၂) နဲ့ (၃) အကူးမှာ သောတာပန် တည်ချင်ရင် အရေး တကြီး မှတ်ယူကြ၊ (၂) ကနေပြီး ဒုက္ခချုပ်ရာ ကူးချင်ရင် ရတယ်။

(၂) ထဲက (၃) မပေါက် ပွားအောင် ဖြတ်ကြရမယ်၊ (၂) ထဲက (၃) မပေါက်ပွားရင် ထွက်လမ်းပဲ ဆိုတာ မှတ်ကြတော့၊ ထွက်လမ်း ရအောင် ဒီ (၂) ထဲကနေပြီး "ဉာဏ်"နဲ့ ဖြတ်ရမယ်၊ ဖြတ်လို့ ပြတ်ရင် (၃)ထဲက အကြောင်း သမုဒယ တွေချုပ်သွားမယ်၊ (၃) အကြောင်း သမုဒ္ဒချုပ်ရင် (၄) ထဲက အကျိုးဒုက္ခတွေ အကုန်သိမ်းတာပဲ၊ သိမ်းတာနဲ့ နိရောဓ ပေါ်တာနဲ့ တချက်ထဲပဲ ရှင်းကြပြီလား။

ဒါကြောင့် (၃) အကွက်က တဏှာ၊ ဉပါဒါန်၊ ကမ္မဘဝ မလာအောင် "ဉာဏ်" နဲ့ ဖြတ်ရာမှာ ဝေဒနာကနေ တဏှာ မကူးအောင် လုပ်ရမယ်၊ ဝေဒနာ နိရောဓာ တဏှာနိရောဓော ဆိုရင် ပြတ်ပြီ မဆက်ဘူး၊ ဒါကြောင့် ဝေဒနာ နိရောဓော တဏှာ နိရောဓ ဖြစ်အောင် လုပ်ကြရမယ်။

ဒါကြောင့် ဝေဒနာကို ဖြစ်ပျက် ရှုရမယ်၊ ဝေဒနာ ဖြစ်ပျက် မြင်ရင် တဏှာ မလာဘူး၊ ထဏှာချုပ်တယ်၊ ဝေဒနာကို ရှုတော့ ဝေဒနာ ဖြစ်ပျက်၊ နောက်က မဂ်ဝင်လာတယ်၊ တဏှာချုပ်ကရော၊ တဏှာချုပ်အောင် ရှုတော့ ဉပါဒါန်ချုပ်၊ ဘဝချုပ်၊ ဒါတွေ ချုပ်တော့ သမုဒယ ချုပ်သွားတော့ တာပဲ။

ဒါကြောင့် ယခု ပစ္စုပ္ပန် မှာ ဝေဒနာကို ဝိပဿနာရှုကြရမယ်၊ ရှုတော့ ခန္ဓာမှာ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ရှုပေးကြ၊ သုခ ဝေဒနာ ပေါ်လဲဖြစ်ပျက်ရှု၊ ဒုက္ခဝေဒနာပေါ်လည်း ရှုချ၊ ဉပေက္ခာ

ဝေဒနာလာလည်း ရှုပြစ်၊ သောမနဿ ဝေဒနာ၊ ဒေါမနဿ ဝေဒနာ ဘာပေါ်ပေါ်၊ ပေါ်တိုင်း ပေါ်တိုင်း ဒကာတို့က ဖြစ်ပျက်ရှုပေးကြ၊ ရှုတော့ ဝေဒနာ ဖြစ်ပျက်လို့ ဉာဏ်နဲ့ မြင်အောင် ရှုပေး။

ဒီလို ဝေဒနာ ပေါ်တိုင်း ဖြစ်ပျက်ရှုတော့ ဒီအဆက်ကလေး ပြတ်သွားတယ်၊ ဒီအဆက်ကလေး ရှိတဲ့ မြွားလေးပေါ်ကို မဂ်က သွားကျတယ်၊ မဂ်က ဒီအဆက်ကလေးပေါ် ကျလိုက်တော့ "ဝေဒနာ နိရောဓာတိမဂ္ဂေါ"ဆိုတာ ဖြစ်လို့ ဒီနေရာမှာ မဂ်ဝင်လာတယ်၊ ဝေဒနာနောက်က မဂ်ဝင်လာတော့ တဏှာ မဆက်နိုင်တော့ဘူး၊ မဂ်က ဖြတ်ချလိုက်တယ်၊ တဏှာ မဆက်တော့ နဂို အစပ်က အပြတ် ဖြစ်သွား တာပေါ့၊ အပြတ် ဖြစ်သွားတယ် ဆိုတာ အနာဂတ် သံသရာတွေ အကုန် ပြတ်သွားတာကို ဆိုတာ။

ဝိပဿနာရှုဒါဟာ (၂) နဲ့ (၃) အလွှာ မဆက်မိအောင် ကိုယ် ဖြစ်မယ့် ဒုက္ခ မဖြစ်ရအောင်လို့ပဲ ဆိုတာ မှတ်လိုက်ကြ။

ရှုတတ်ရင် ဒီနေရာက ရှုတော့ ဒုက္ခနဲ့ သမုဒယ ဖြတ်ချလိုက် တာပဲ၊ ဉာဏ်က ဒီလို ဖြတ်နိုင်တော့ (၂) နဲ့ (၃) မဆက်တော့ဘူး၊ စက်ဝိုင်းပြန်ကြည့်ကြ အဲဒီမှာ (၂) နဲ့ (၃) မဆက်တော့ပဲ ဒုက္ခချုပ် သွားတော့ "ဒုက္ခ နိရောဓော နိဗ္ဗာန်နံ" ဆိုပြီး နိဗ္ဗာန်ပေါ် လာတယ်၊ နိဗ္ဗာန် ပေါ်လာတော့ ဒီ (၄) နံပါတ် အကျိုးပေးတွေလည်း မဆက် နိုင်တော့ဘူး၊ တခါထဲ ချုပ်သွားတော့တယ်၊ သဘောပါ ကြပြီလား။


**"စာလို ပြောတော့ ပဋိစ္စသမုပ္ပါဒ်လို့ မှတ်ကြ၊ မြန်မာလို ပြောတော့ ခန္ဓာလမ်းစဉ်" ခန္ဓာက ဒီလမ်းစဉ်အတိုင်း ဒီအတိုင်း သွားနေတယ်ဆိုတာ မှတ်လိုက်ကြ။**

လက်ရှိ ခန္ဓာက (၂) ထဲမှာ ရောက်နေ ကြတယ်၊ အဝိဇ္ဇာက စပြီး ရောက်လာကြတာ၊ ပဋိသန္ဓေက စတယ်လို့ မှတ်ကြ၊ ဝိဉာဏ်ဆိုတာ

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး ထင်ရှားပေါ်လွင်-ဓာတ်အစဉ်

**အမရပူရမြို့၊ မဂ်လာတိုက်ဖောင်။ မိုးကုတ်ဆရာတော် ဦးဝိမလ-၏**

**ပဋိစ္စသမုပ္ပါဒ် ဖြတ်ထပ်းကြည့်ရှုစရာ စက်ဝိုင်းဓေသနာ။**



တဝိဇ္ဇာနှင့်၊ တဏှာရင်းစံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်၊ တပင်မှမျိုး၊ မျိုးမှတပင်၊ တမျှင်မပြတ် ဆက်စပ်သည့်ဟန်၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ၊ တဘန်ဘန်၊ ဖြစ်ဖြန်နည်း၊ တလျှော်၊ ဖြဟွာ-သိကြား၊ ဓသည်များက၊ ထင်ရှား၊ ပြုပြင်၊ ဓိရင်တန်ဆင်၊၊ တကြောင်း၊ ရင်းကြောင့်၊ လူနတ်များ၊ ငွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဥာဏ်ဖြင့် ရှု၍ မြော်။

(လက်ာဆောင်ပုဒ်) မူလနှစ်ဖြာ၊ သစ္စာ့နှစ်ရပ်၊ လေးရပ်တလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါး တဝဋ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ တလွယ်ကျက်မှတ်၊ သိစေ တပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

ရင်း စက်ဝိုင်းတွင်ပါသော ဝေဝနာ နံဓရာ၊ တဏှာနိရောဓေ ဟူသော ဖြတ်လမ်း၏ တလုပ်လုစ်ဓင့်မှာ ဝေဝနာကို တနိုးမြင်လျှင် ဝိပဿနာမဂ် ဝင်လာသောကြောင့် ပဋိစ္စသမုပ္ပါဒ် ဖြတ်ပါ၏။

ဝေဝနာနှင့် သဟဇာတဖြစ်သော သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝိတက်၊ ဝိစာရတို့ကိုလည်း ရှုနိုင်ကြပါ၏။ အားလုံး ဖြတ်လမ်းဖြစ်နိုင်ပါ၏။ ရုပ် ရှုမှတ်နည်းမှာ နိဗ္ဗါနဝဂ္ဂသံယုတ်ပါဠိတော် သမ္မသနသုတ်မှာ လာပါ၏။

ပဋိသန္ဓေကို ဆိုတာပဲ၊ ဒီ ဝိညာဏ်က စခဲ့တယ်၊ ဒါပြီးတော့ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဒါတွေ အခုလက်ရှိရနေ ရောက်နေကြတယ်၊ ဇာတိက "ဒုက္ခသစ္စာပဲ" ဝိညာဏ်က ဇာတိပိဒုက္ခသစ္စာ။

ခန္ဓာမှန်သမျှ ဒုက္ခသစ္စာချည်းပဲ၊ ဒီတော့ သူ့ကို ဉာဏ်နဲ့ ကြည့်၊ ဒုက္ခအပြင် ပြစရာ မရှိဘူး၊ သူပြော၊ လူပြော မယုံနဲ့၊ ကိုယ်ပိုင်ဉာဏ်နဲ့မှသာ ယုံကြဖို့ ဆိုတာ မြဲမြဲမှတ်ထားကြ။

ဒကာ ဒကာမတွေ မသိမှု သိမှုဟာ အဓိက ကျတဲ့ တရားပဲဆိုတာ မှတ်ကြ၊ မသိမှုက သမုဒယ သစ္စာ၊ ရတာက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂ သစ္စာ၊ ရတာက နိရောဓသစ္စာ၊ သဘောပါကြရဲ့လား၊ ဒါန၊ သီလ က သံသရာ ရှည်တာ မဟုတ်ဘူး၊ သိမှု၊ မသိမှုကြောင့်သာ ကွာခြားတာ၊ မသိမှုကြောင့်သာ သံသရာ ရှည်နေတာလို့ ဆုံးဖြတ်ချက် ချကြ၊ ရိပ်မိကြပြီလား၊ ဒါန သီလက သံသရာ မရှည်၊ မသိမှုသာ သံသရာ ရှည်တယ်။

အဝိဇ္ဇာ သင်္ခါရ စတဲ့ အကြောင်းတရားကြောင့် ပေါ်လာတဲ့ ခန္ဓာငါးပါးပဲ၊ ဘယ်သူမှ ဖန်ဆင်းလို့ ပေါ်တာ မဟုတ်ဘူးလို့ သိတဲ့ အတွက် ဒိဋ္ဌိပြုတ်တယ်၊ တို့ဟာ အဝိဇ္ဇာ သင်္ခါရက လာတာပဲသိရတော့ ဘယ်က လာပါလိမ့်မတုံး၊ ဆိုတဲ့ ဝိစိကိစ္ဆာ ပြုတ်တယ်၊ သင်္ခါရက ပြုပြင်တော့ ပုဂ္ဂိုလ်၊ သတ္တဝါ မပေါ်ဘူး၊ ဝိညာဏ် နာမ် ရုပ် စသည် ပေါ်တာပဲ၊ ပြုလုပ်တာလဲ ပုဂ္ဂိုလ်သတ္တဝါ မဟုတ် ပေါ်လာတာလဲ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်၊ ဓမ္မတွေပဲလို့ သိရတယ်၊ အကြောင်း အကျိုးဆက်နေတဲ့ ဓမ္မတွေပဲလို့ သိတော့ ဒိဋ္ဌိပြုတ်တယ်၊ ရှင်းကြပြီလား။

ပြုလုပ်သူမရှိ၊ ပြုလို့ ပေါ်သူမရှိ၊ အကြောင်း အကျိုးမျှသာ ရှိတယ်လို့ သိတဲ့ အတွက် ဝိစိကိစ္ဆာ သေတယ်၊ ပုဂ္ဂိုလ်သတ္တဝါ မပါလို့လဲ ဒိဋ္ဌိသေတယ်၊ ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုန်းသွားတဲ့ အတွက်

ဒိဋ္ဌိပြုတ်တာပဲ၊ ရှင်းကြပြီလား၊ ဒိဋ္ဌိ ပြုတ်တော့ စူဠသောတာပန် ဖြစ်သွားတာပါပဲ၊ ဒကာ ဒကာမတွေ သဘောပါရဲ့လား၊ စူဠသောတာပန် ဆိုတာ သစ္စာသိသူပဲ၊ သစ္စာသိတဲ့သူကို စူဠသောတာပန်လို့ မှတ်ကြ၊ ဒီအသိက မဂ္ဂင်ငါးပါးပဲ ရှိသေးတယ်၊ ရှင်းပြီလား။

❖ ❖ ❖ ❖ ❖ ❖

## "အလှူမတတ် ဒုက္ခထပ် တရားတော်"

**ဆောင်ပုဒ်**

အလှူဒါန၊ ပြုကုန်ကြ၊ ဉာဏစဉ်ကွပ်ကဲ
ဉာဏ်မကွပ်လျှင်၊ တဏှာဝင်၊ ရလျှင် ဒုက္ခဘဲ။
ပဋိသန္ဓေ၊ အို နာသေ ထွေထွေ လွန်ဆင်းရဲ။
အလှူမတတ်၊ မမြင့်မြတ်၊ ရှုံးဖတ်တင်မည့်ပွဲ။
လှူဆဲချိန်ခါ ကိုယ့်ခန္ဓာ၊ ဉာဏ်ဝါ စူးစိုက်စွဲ။
ကိုယ်ခဲ ယားယံ ကျင်နာပြန်၊ ဒုက္ခံပြစမြဲ။
ခန္ဓာပြစက်၊ ဒုက္ခစက်၊ ပြစ်ပျက်၊ ရှုဉာဏ်တွဲ။
ဒုက္ခဉာဏ်မြင်၊ လွတ်ကင်းချင်၊ စိတ်စဉ် ပြောင်းကာတွဲ။
ဒုက္ခလွတ်ကြောင်း၊ ဉာဏ်ချင့်လောင်း၊ လွန်ကောင်းမြတ်လှူပွဲ။

အလှူ့ဒကာ ဒကာမတို့ ယနေ့ ယခုအဖို့မှာ အလှူပွဲကြီး ဆင်နွှဲပြုလုပ် ကြတယ်၊ ဒီအလှူပွဲကြီး ဖြစ်မြောက်ဖို့ အရင့်အရင် ရက်တွေထဲက ကြိုးစားခဲ့ကြရတယ်၊ အခု အလှူပွဲကြီး ကျင်းပဆဲအချိန်ဟာ အလှူပွဲရဲ့ အလယ်ပိုင်း အချိန်ပဲလို့ မှတ်ရမယ်၊ ဒီအချိန်ဟာ မုဥ္စစေတနာ အချိန်ပဲလို့ မှတ်ကြရမယ်။

ဒီတော့ -- ဒီလို လှူဆဲဖြစ်တဲ့ မုဥ္စစေတနာ အချိန်ဟာ အရေးကြီးတဲ့ အချိန်ဘဲလို့ မှတ်ကြရမယ်၊ ဘာကြောင့်လဲဆိုတော့ ဥပမာ လှေနှစ်စင်း ပြိုင်တဲ့ အခါ မှာ ပန်းဆွတ်တာ လိုရင်းအချက်ပဲ၊ ပန်းဆွတ်နိုင်မှသာ အနိုင်ရသလို အောင်ပွဲ ရသလို ဒီအလှူပွဲမှာလည်းဘဲ မုဥ္စစေတနာ အချိန်မှာ ပန်းဆွတ်နိုင်မှာသာ အောင်ပွဲရမယ်ဆိုတာ မှတ်လိုက်ကြ။

မလှူခင် စောစောပိုင်းက ပြုလုပ်ဆောင်ရွက်ခဲ့တဲ့ "ပုဗ္ဗစေတနာ"

က ဘယ်လိုပင် ကောင်းနေမဲ့လည်း ဒီ "မုဥ္စစေတနာ" ပျက်သွားရင် မကောင်းဘူး၊ ဒါကြောင့် ဒီအချိန်ဟာ ပိုပြီး အရေးကြီး တယ်ဆိုတာ မှတ်လိုက်ကြ၊ ယခု ဒီအလှူပွဲကြီး ရောက်လာကြတဲ့ ဒကာ ဒကာမတွေ အားလုံးဟာလည်း အလှူရှင်တွေပဲ မိမိတို့ စွမ်းအား အလျောက် ထည့်ဝင် လှူဒါန်းကြပြီး၊ သီလလည်း ဆောက်တည်လို့ တစ်ချို့ တွေက ဝေယျာဝစ္စကုသိုလ် ဆောင်ရွက်ကြနဲ့ အားလုံး အလှူရှင်တွေ ပဲလို့ မှတ်ရမယ်။

ဒကာ ဒကာမတွေဟာ ဒါနအမျိုးမျိုး လှူကြ၊ ဒါန်းကြ၊ ပုည တြိယာ ဝတ္တုတွေ ပြုလုပ်ကြ၊ ဒီလိုပြုလုပ် လှူဒါန်းတဲ့ စေတနာနဲ့ လှူတဲ့ အခါမှာလူ့ဘုံ၊ နတ်ဘုံ၊ အစုန်အဆန် ခံစားချင်လို့ လှူရင် ပုညာဘိသင်္ခါရပဲ၊ ဒီလို လူနတ်ဘုံ ဘဝတောင့်တပြီး ပြုလုပ်တဲ့ သင်္ခါရက အဝိဇ္ဇာ အုပ်ချုပ်နေတယ်၊ "အဝိဇ္ဇာ ပစ္စယာ ပုညာဘိ သင်္ခါရာ"

ဘာကြောင့်လည်း ဆိုတော့ ဒီ စေတနာက အသိဉာဏ် မပါဘူး၊ သူက လူချမ်းသာ၊ နတ်ချမ်းသာ လိုချင်လို့ လှူတဲ့ အလှူပွဲ၊ လူချမ်းသာ လိုချင်လို့ လှူတော့ လူ့ဘဝရတယ်၊ လူ့ဘဝ၊ လူ့ဇာတိက စရတယ်၊ ဇာတိဟာ ဘာသစ္စာလဲ၊ ဇာတိပိဒုက္ခသစ္စာပဲ၊ ဇာတိပြီးတော့ ဇရာ လာ၊ ဇရာပိဒုက္ခသစ္စာပဲ၊ နောက် ဗျာဓိလာ၊ ဗျာဓိပိ ဒုက္ခသစ္စာပဲ၊ နောက် မရဏ လာမယ်၊ မရဏမ္ပိဒုက္ခသစ္စာပဲ၊ ဒုက္ခသစ္စာချည့် ရမှာမို့ ကောင်းတာများ ပါသေးသလား၊ သစ္စာမသိဘဲ လှူရင် သင်္ခါရ ဖြစ်မယ်။

ဒါကြောင့် ယခုလှူတဲ့ အလှူမှာ "အဝိဇ္ဇာ ပစ္စယာ ပုညာဘိ သင်္ခါရ" မဖြစ်စေဘဲ "အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော" ဖြစ်စေဖို့ အရေးကြီးတယ်" ဆိုတာ မှတ်လိုက်ကြ၊ အခု လှူတဲ့ အချိန်မှာ တဒင်္ဂ ဖြစ်စေဖို့ ကြိုးစားကြရမယ်၊ ဘာကြောင့်လဲ ဆိုတော့ "သမထဝိပဿနာ ခြံရံပြီး လှူတဲ့ အလှူဟာ အမြတ်ဆုံး အလှူဖြစ်တယ်၊ အမြတ်ဆုံး အလှူဖြစ်အောင် အခု လှူဆဲမှာ သမထ ဝိပဿနာ ခြံရံရမယ်၊ ဘဲဒီလို

ခြံရုံပြီး လှူတဲ့ အလှူမျိုးမှ အမြတ်ဆုံးဘဲလို့ ဟောတော်မူထားလို့ ပဲဆိုတာ မှတ်ကြ။

ဒကာ ဒကာမတွေ အဲဒီတော့ ယခုလှူဆဲ အချိန်ကလေးမှာ သမထဝိပဿနာ ခြံရံ ကြရမယ်၊ သမထဝိပဿနာ ခြံရံတယ် ဆိုတာ ခန္ဓာဉာဏ် ရောက်ဖို့ပါပဲ၊ အခု ဒကာ ဒကာမတို့ တရားနာဆဲ ဖြစ်တဲ့ ခန္ဓာကို ဉာဏ်နဲ့ ကြည့်ရမယ်၊ ယခုထိုင်နေတဲ့ ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်ပေးကြ၊ ကြည့်တော့ ညောင်းလာလို့ ပြောင်းချင်တယ်၊ ရွှေ့ချင်တယ်၊ ကိုက်ခဲ နာကျင်လာတယ်၊ ယားယံ လာတယ်၊ ထွက်လေ ဝင်လေ ရှုလိုက် ရှိုက်လိုက်နဲ့ ခန္ဓာက "ကျုပ်ဟာ ဒုက္ခသစ္စာပါ ဒုက္ခသစ္စာပါလို့" ဟောလေ့ ပြောလေ့ ရှိတယ် မြင်ကြရဲ့လား။

ဒီလို ခန္ဓာက ဒုက္ခပြတဲ့အခါ ဉာဏ်က မြင်အောင် ကြည့်ပေး ရှုပေးရမယ်၊ ရှုတော့ ဝေဒနာကြိုက် ဝေဒနာရှု၊ စိတ်ကြိုက်ရင် စိတ်ရှု၊ ရုပ်ကြိုက်ရင် ရုပ်ရှုကြ၊ ဘာကိုပဲရှုရှု စိတ်ကလေးတွေ ဝေဒနာလေးတွေ ရုပ်သဘောလေးတွေ အမူအရာ ပြောင်းလဲ၊ ပြောင်းလဲသွားတာ တွေ့ရတယ်၊ အဲဒီလို တသဘောနဲ့ တသဘော အမူအရာ တစ်ခုနဲ့ တစ်ခုမတူပဲ ပြောင်းလဲ ပြောင်းလဲသွားတာ ဖြစ်ပြီး ပျက်စီးသွားကြတာပဲ၊ ဒီတော့ ခန္ဓာမှာ တရားကလေးတစ်ခု ပေါ်တိုင်း ဉာဏ်နဲ့ ကြည့်ရင် ဖြစ်ပြီး ပျက်သွားတဲ့ သဘောကလေးကို မြင်အောင် ကြည့်ပေးကြ။

**"ဒီမုဥ္စစေတနာ အချိန်မှာ ခန္ဓာဉာဏ်စိုက်ပြီး ဝေဒနာ ရှုသူက ဝေဒနာရှု စိတ် ရှုတဲ့ သူကလည်း စိတ်ကို ရှု၊ ရုပ်ရှုတဲ့ သူကလည်း ရုပ်ကို ဖြစ်ပျက် ရှုပြီး လှူကြရမယ်"** ခန္ဓာဉာဏ်နဲ့ ကြည့်လိုက်တဲ့ အချိန် အခိုက်အတန့်မှာ ထင်ရှားတဲ့ ပေါ်လွင်တဲ့ တရား တစ်ခုခု ကို ရှုရမယ်၊ ဒီလို ရှုလိုက်တော့ ဖြစ်ပျက် ဒုက္ခသစ္စာတွေ ခန္ဓာက ပြလို့ ဉာဏ်နဲ့ မြင်ရသိရမယ်၊ အဲဒီအခါမှာ ဉာဏ်က အော်–ဒုက္ခသစ္စာ ခန္ဓာကြီးပါ လားလို့ ဆုံးဖြတ်ချက်ချနိုင်တယ်။

ဒါကြောင့် အမြတ်ဆုံး ဒါနဖြစ်အောင် သမထ၊ ဝိပဿနာ ခြံရံကြစို့၊ အိမ်ပြန်ရောက်ခါမှ ခြံရံနေရင် ပရစေတနာ အချိန်မှာ ခြံရံတာ ဖြစ်နေမယ်၊ ယခု လှူဆဲအချိန်မှာ ခြံရံမှ မုဥ္စစေတနာ ခြံရံတာ ဖြစ်နိုင်မယ်၊ ဘုရားက "စိတ္တာလင်္ကာရ စိတ္တပရိက္ခာရ"လို့ ဟောတဲ့ နေရာမှာ အဋ္ဌကထာက မဂ်ဉာဏ် ခြံရံတာကို ဆိုတာဘဲလို့ ဖွင့်ပြထားတယ်၊ ဒါကြောင့် ခန္ဓာ ဒုက္ခသစ္စာ မြင်တဲ့ မဂ်အမြင်ဉာဏ် ဖြစ်လာအောင် လုပ်ကြရမယ်။

ကိုင်း--အခု တရားနာဆဲ ခန္ဓာပေါ်မှာ ဉာဏ်စိုက်ပြီး ငါးမိနစ်ခန့် နှလုံးသွင်းကြ၊ ဘုန်းကြီး နည်းပေး ညွှန်ပြထားတဲ့ အတိုင်း ခန္ဓာမှာ ပေါ်လာတဲ့ ဝေဒနာ ကလေးတွေ၊ စိတ်ကလေးတွေ ရုပ်ကလေးတွေ ထင်ရှားရာ တစ်ခုခုပေါ်မှာ ဉာဏ်နဲ့ ဖြစ်ပျက် မြင်အောင် ကြည့်ပေးကြ၊ ဉာဏ်နဲ့ ကြည့်တော့ ခန္ဓာက ဒုက္ခအခြင်းအရာတွေ ပြလိမ့်မယ်၊ ပြရာကို ကိုယ်တွေ့ ဉာဏ်မြင် ဖြစ်အောင် လိုက်ပေးကြ။

မြင်တဲ့ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ မြင်တဲ့ ဉာဏ်က လောကီမဂ္ဂသစ္စာ၊ ဒီမြင်မှု မဂ္ဂသစ္စာထဲမှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ မဂ္ဂင်ငါးပါး ပါဝင်တယ်၊ ဒီမဂ္ဂင် မပါရင် မမြင်ဘူး **"ဖြစ်ပျက်မြင်တော့ သတိ၊ သမာဓိ နှစ်ပါး ပါတယ် ဒီနှစ်ပါးမပါရင် မမြင်ဘူး"** ဒီတော့ သမာဓိ ပြည့်စုံသွားပြီး၊ ဉာဏ်နဲ့ မြင်တာမို့ ဝိပဿနာလည်း ဖြစ်ပြီးသား၊ ဒါကြောင့် ဒီအလှူပွဲမှာ သမထဝိပဿနာ ခြံရံသွားပြီ။

သံဃာအား မအို၊ မသေ အမြဲနေသော နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းပါ၏ ဆိုတဲ့ စိတ်ထားကို ညွှတ်ပါ၊ ပုဂ္ဂိုလ်ကို မရည်မှန်းနဲ့၊ သံဃာကို ရည်မှန်းရမယ်၊ အရင်ကတော့ ဘယ်ကျောင်းတိုက်က ဘုန်းကြီးကို လှူဒါန်းမယ်ဆိုတဲ့ စိတ်မျိုးနဲ့ လာခဲ့ကြတယ်၊ အဲဒီလို ဆိုရင် ပုဂ္ဂလိက ဖြစ်နေမယ်၊ သံဃိက မြောက်မှ ကထိန် အထမြောက်မယ်

ဆိုတာ မှတ်ကြ။

ဆရာ ဘုန်းကြီး တရားဟောနေတဲ့ အခိုက်အခါမှာ နားက တရားကို အာရုံပြု၊ ဉာဏ်က ခန္ဓာဘက်လှည့်ထား၊ ဒါမှာ ဟောတဲ့ တရားနဲ့ ဉာဏ်နဲ့ ထပ်မိတယ်၊ ဒီလို ဝိပဿနာ ဉာဏ်က ခန္ဓာဘက် လှည့်ပြီး နားက တရားနာယူကြမှသာ အင်္ဂါညီညွတ်မယ်၊ ဒီနှစ်ချက် ညီရင် တရားနာဆဲ တထိုင်ထဲနဲ့ သောတပန် သကဒါဂါမ် တည် နိုင်တယ် ဆိုတာ မှတ်ကြ၊ ဉာဏ်နဲ့ ခန္ဓာလှည့်ပြီး ဖြစ်ပျက်ရတော့ အနိစ္စလို့ မြင်မယ်၊ ဒုက္ခလို မြင်မယ်၊ အနတ္တလိုလည်း မြင်မယ်၊ ဒါကြောင့် နားကဟောတဲ့ ပြောတဲ့ တရားကိုထောင်၊ ဉာဏ်က ခန္ဓာလှည့်နာကြ၊ သဘောပါပြီလား။

## "ဝိပဿနာခွင် အလုပ်စဉ်တရားတော်"

### လုပ်ငန်းစဉ်

ရှေးဦးစွာခန္ဓာပဋိစ္စသမုပ္ပါဒ် နားလည်ရမည်။
ခန္ဓာ ပဋိစ္စသမုပ္ပါဒ်နားလည်မှ ဒိဋ္ဌိကွာစင်မည်။
ဒိဋ္ဌိကွာစင်မှ ဝိပဿနာ ရှုလျှင် နိဗ္ဗာန် မြင်နိုင်မည်။

### ဒိဋ္ဌိကွာပုံ

ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးစဉ်ဆက် အဖြစ်ကို သိမြင်လျှင် ဥစ္ဆေဒဒိဋ္ဌိစင်သည်။
ရုပ်နာမ်စဉ်ဆက် အပျက်သိမြင်လျှင် သဿတဒိဋ္ဌိစင်သည်။
ရုပ်နာမ် ဖြစ်ပျက် သိမြင်၍ ငါမစွဲလျှင် သက္ကာယ အတ္တဒိဋ္ဌိစင်သည်။

ဒကာ ဒကာမတို့ ခန္ဓာငါးပါး ရုပ်တရား၊ နာမ်တရားတွေ သိပြီးတော့ အနိစ္စ၊ ဒုက္ခ အနတ္တ ရှုပေမဲ့၊ ခန္ဓာပဋိစ္စသမုပ္ပါဒ် နားမလယ်ရင် မဂ်ဖိုလ်မရဘူး၊ ခန္ဓာပဋိစ္စသမုပ္ပါဒ် နားမလယ်ရင် သဿတနဲ့ ဥစ္ဆေဒဒိဋ္ဌိ နှစ်ခု တစ်ခုခု ရှိနေတယ်။ သူတို့ နှစ်ခု ရှိနေရင် ဝိပဿနာ ရှုပေမဲ့ အားနည်းတဲ့ ဝိပဿနာပဲဖြစ်နိုင်တယ်။ ဗလဝ အားကြီးတဲ့ ဝိပဿနာ မဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီ ဒိဋ္ဌိနှစ်ခုက ခံနေ တားဆီးနေလို့ပဲ" မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူး ဆိုတာ မှတ်ကြ။

ကိုယ့်သန္တာန်ထဲမှာ ပဋိစ္စသမုပ္ပါဒ် စက်ကြီး မသိဘဲအားထုတ်နေရင် အားနည်းတဲ့ ဝိပဿနာနဲ့ အားထုတ် နေတာဘဲလို့ သိကြရမယ်၊ ဒီလို အားထုတ်တာဟာ ကုသိုလ်တော့ ရပါရဲ့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုတော့မရနိုင်ဘူးဆိုတာ သိထားကြရမယ်။

ဒကာ ဒကာမတွေ အားလုံး သိကြပြီးသား ဖြစ်ပါလိမ့်မယ်၊

ဘုရားနဲ့ ဖွားဘက်တော် ဖြစ်တဲ့ ဆန္နအမတ်ဟာ နန်းတော်ထဲမှာ ဖွားတော့လည်း သိဒ္ဓတ္ထမင်းသားနဲ့ တစ်နေ့ထဲ တစ်နာရီထဲမှာ ဖွားလာတာပဲ၊ သိဒ္ဓတ္ထမင်းသား တောထွက် သွားတော့လည်း မြင်းမြီး ဆွဲပြီး လိုက်ပို့ရတဲ့သူဘဲ၊ နောက် သူဟာ ဘုရား သွားပင့်ရင်းနဲ့ ရဟန်း ဝတ်သွားတယ်၊ အဲဒီ ဆန္နအမတ်က ရဟန်းဝတ်လို့ ဆန္နမထေရ် ရယ်လို့ ဖြစ်လာရတဲ့ ရဟန်းဝတ္ထုက သက်သေခံလုံလောက်အောင် ပြထားလို့ ဘာမှ သံသယ ဖြစ်ဖို့ မလိုဘူးဆိုတာ မှတ်ကြ။

အဲဒီ ဆန္နမထေရ်ဟာ အနိစ္စတွေ ဒုက္ခတွေ အနတ္တတွေ ရှုပြီး နေပေမဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မရရှာဘူး၊ ဒီလို ရှုပြီး မရတဲ့ အကြောင်းကိုလည်း သူကိုယ်တိုင်က ထုတ်ဖော် ပြောခဲ့တာပဲ၊ ဘာကြောင့် လည်းဆိုတော့ သူ့မှာ ဒီ ဒိဋ္ဌိနှစ်ခုက ခုခံနေလို့ပဲ၊ အဲဒါ "ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ဆန္နသုတ်" မှာ ကိုယ်တော်တိုင် ဟောထား ခဲ့တယ်၊ ရှင်းကြပြီလား။

အနိစ္စ ဒုက္ခ နတ္တ ရှုနေမြင်နေပေမဲ့ ရှင်ဆန္နဟာ မဂ်ဖိုလ်မရဘူး၊ သူမှာ သဿတဒိဋ္ဌိ ရှိနေသေးတယ်၊ ဘုရားဖြစ်စ အချိန်လောက် ကထဲက အားထုတ်လာတာ ဘုရားပရိနိဗ္ဗာန် စံဝင်တဲ့ အထိမရသေးဘူး၊ တိုတိုပြောရရင် နှစ်ပေါင်း ၄၀–၄၅ခန့်လောက် ကြာလိမ့်မယ်၊ အဲဒီလို ကြာနေရတာ ဒိဋ္ဌိရှိရက်နဲ့ ဝိပဿနာ ရှုနေလို့ဘဲ၊ ရှင်ဆန္နဟာ ရုပ်နာမ် ဖြစ်ပျက်တွေ့တော့ မြင်နေတာပဲ၊ ဒါပေမဲ့ ဒိဋ္ဌိခံနေလေတော့ လိုချင်တဲ့ ခရီး အပြီးတိုင် မရောက်ရှာပါဘူး။

ဝိပဿနာ ရှုရင် ဒိဋ္ဌိကို အရင်ခွာပြီးမှသာ ဝိပဿနာ ရှုကြပါလို့ မေတ္တာရှေ့ထားပြီး တိုက်တွန်းရင်း ပြောပြနေတာပဲလို့ အထူးတလည် မှတ်လိုက်ကြ။

ဒိဋ္ဌိခွာဖို့ပဌမအရေးကြီးတယ်၊ ဒိဋ္ဌိခွာချင်ရင် ဘာလုပ်ရမလဲ၊

ခန္ဓာပဋိစ္စသမုပ္ပါဒ် နားလည်ရမယ်လို့ မှတ်ကြ၊ ခန္ဓာဆိုတော့ သူတပါး မလိုဘူး၊ မိမိခန္ဓာပဲလိုတယ်၊ မိမိခန္ဓာပဋိစ္စသမုပ္ပါဒ် နားလည်အောင် လုပ်ရမယ်၊ ဒီနေရာမှာ ဒကာ ဒကာမတွေ အတွက် အရင်ရှင်းပြရမယ်၊ ကြိုးကြိုးစားစား နာယူကြ။

ဒီအချက်ဟာ အလွန်ပဲ အရေးကြီးပါတယ်၊ အရေးကြီးဒါမို့လဲ "သံဂါယနာတင်" ကျမ်းမှာ ပါတာပဲ ဆိုတာ မှတ်ရမယ်။

ဘုရားက သေသေချာချာ ဟောတော်မူခဲ့တာ၊ ဒကာ ဒကာမတွေ လမ်းလွဲမှာ လမ်းမှားမှာ စိုးရိမ်တော်မူရှာလွန်းလို့ပဲ၊ ပထမသိမှုက ဉာတပရိညာ၊ ဒုတိယပွားမှုက တိရဏပရိညာ၊ တတိယ ပယ်မှုက ပဟာနပရိညာပဲ၊ သိမှုဆိုတဲ့ ဉာတပရိညာရှိမှ ပွားမှုဆိုတဲ့ တိရဏ ပရိညာကို လုပ်ရမယ်၊ ပွားမှု တိရဏပရိညာ ရှိမှလည်း ပါယ်မှု ပဟာနပရိညာ ဖြစ်နိုင်တယ်၊ ဒါကြောင့် အလုပ်စဉ်မှ ဉာတ၊ တိရဏ၊ ပဟာန၊ သုံးဝ ပရိညာ ဆိုပြီး ဟောထားခဲ့တယ် ဆိုတာ မှတ်ကြ။

ပေါ့ပေါ့ကလေးများ မမှတ်လိုက်ပါနဲ့၊ အလွန်ကြီးတဲ့ အရေးမို့ လေးလေးစားစား မှတ်ရမယ်၊ ပထမသိမှု၊ ဒုတိယ ပွားမှု၊ တတိယ ပယ်မှု၊ ဒါဘုရား ဟောတော်မူတဲ့ အစဉ်ပဲ၊ နိဗ္ဗာန်ရောက်ချင်ရင် ဒီအစဉ်ကို ကျော်လို့ မဖြစ်ဘူး၊ ဒီအဓိပ္ပါယ်ကို သိရတော့ ကိုယ့်ဟာကိုယ် အိမ်မှာတင် ဘုရားရှိခိုးပြီး ကျဘမ်းလုပ်လို့ မဖြစ်ဘူး ဆိုတာ မှတ်ကြ ရမယ်။

ပထမသိမှု မရှိရင် ကျင့်မှုလွဲမယ်၊ ကျင့်မှုလွဲရင် ပယ်မှုဆိုတာ မဖြစ်နိုင်တော့ဘူး၊ ဒိဋ္ဌိဝိစိကိစ္ဆာ မပယ်နိုင်ရင် ဘယ်သူမှ သောတာပန် မတည်နိုင်တော့ဘူး။

ကိုင်း သိမှု ဉာတပရိညာ ပြောကြစို့၊ ဒိဋ္ဌိခွာချကြစို့၊ ခွာတော့ သဿတ၊ ဥစ္ဆေဒခွာရမယ်၊ ဒကာ ဒကာမတို့ "သဿတဒိဋ္ဌိရှိတဲ့သူဟာ

ကံ ကံ၏ အကျိုးကိုလည်း ယုံကြည်တယ်၊ ဟိုဘဝ၊ ဒီဘဝဆိုတာကိုလည်း ယုံကြည်တယ်၊ ကုသိုလ်ကိုလည်း ယုံကြည်ပြီး ပြုလုပ်တယ် အကုသိုလ်ကိုလည်း ယုံကြည်ပြီး ရှောင်ကြဉ်တယ်၊ ဒီလို ယုံပေမဲ့လည်း အခုနိဗ္ဗာန် ရောက်ရမယ် ဆိုရင် သူက မကြိုက်နိုင်ဘူးတဲ့။

ဒီအခိပ္ပါယ်ကို "မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ" ကဖွင့်ဆိုထားတယ်၊ တို့ဒကာ ဒကာမတွေကော ဘယ်နှယ်တုံး "အခု ချက်ချင်း နိဗ္ဗာန်အရောက် ပို့မယ်ဆိုရင် ကြိုက်နိုင်ပါ့မလား၊ မှန်မှန်ပြောကြပါ၊ မကြိုက်နိုင်ကာက မှားပါလိမ့်မယ် ဟုတ်ကြရဲ့လား၊ အဲဒါဟာ "အခုချက်ချင်း နိဗ္ဗာန် ရောက်သွားခဲ့ရင် ငါလုပ်ထားတဲ့ ကုသိုလ် အကျိုးတွေ အလကားဖြစ်တော့မှာပဲ၊ နတ်ပြည်၊ ဗြဟ္မာပြည် မသွားရသေးဘူး၊ ဒီအကျိုးတွေ ခံစား စံစားပြီးမှ သွားချင်တယ်" ဆိုတဲ့ စိတ်ထားပဲ။

သဿတဒိဋ္ဌိရှိတဲ့ သူက ဘုံစဉ် စံလေး ဘာလေး ဖြစ်ချင်သေးတယ်၊ သူက ဘုံထဲ ပုန်းအောင်းနေတယ်တဲ့၊ ဘုံဘဝထဲ ပုန်းအောင်းချင်သေးတဲ့ သဘောရှိတယ်၊ နိဗ္ဗာန်ကို ရုတ်တရက် မသွားချင်သေးဘူး၊ အဲတာ သဿတဒိဋ္ဌိ ရှိနေသေးလို့ဘဲ ဆိုတာ မှတ်လိုက်ကြ။

သဿတဒိဋ္ဌိ ဆိုတာဟာ တဏှာပဲလို့ မှတ်ကြ၊ ဒီတော့ ဒကာတို့တတွေမှာ ဘာဒိဋ္ဌိ ရှိနေတယ် ဆိုတာ ရိပ်မိကြပြီလား။

မွေးကစ်နေ့ သေတစ်နေ့ပဲတဲ့၊ ဒါလောက်တောင် ဒုက္ခရောက်လှတာ သေတာက ကောင်းမယ်၊ သေရင် အေးတာဘဲတဲ့၊ အဲဒီ အသံဟာ ဥစ္ဆေဒဒိဋ္ဌိက ထွက်လာတဲ့ အသံဘဲလို့ မှတ်ကြ၊ ဒီအယူ ရှိသူဟတော့ ကုသိုလ် မပြုလိုဘူး၊ အကုသိုလ်ကျတော့ ရဲရဲကြီး ပြုလုပ် တတ်တယ်။

ဒီ ဒိဋ္ဌိကလဲဘုံဘဝယုံ၊ ကံယုံ မဟုတ်ပေမဲ့ အခြေအမြစ်မရှိလို့ ဘုရားနဲ့ တွေ့ရင် မြန်မြန် ကျွတ်လွတ် တတ်တယ်တဲ့၊ ဒကာ ဒကာမ

တွေမှာ ဒီ ဒိဋ္ဌိနှစ်ခု ရှင်းလင်းမပေးခဲ့ရင် နိဗ္ဗာန်ရောက်ဖို့ သူ့တို့ ခံနေမယ်၊ ဒါကြောင့် အရင်ရှင်းရမယ် ဆိုတာ ပေါ်ကြပြီလား။

ဒီ ဒိဋ္ဌိအယူနှစ်ခု တစ်ခုခုရှိနေရင် ဘယ်တော့မှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန် မရနိုင်ဘူး၊ ဒိဋ္ဌိဆိုဒါ မဂ်တား၊ ဖိုလ်တားပဲဆိုတာ မှတ်ထားကြ၊ သူတို့ကို ရှင်းချင်တော့ ဒီနှစ်ခုက ဘယ်က ကပ်နေဟာလဲ၊ မသိရင် မရှင်းတတ်ဘူး၊ ရှိတဲ့ နေရာမှ မသိရင် မခွာတတ်ပါဘူး၊ ရှိတဲ့နေရာ သိပြီးမှ မခွာဇာဂ်ပြွန်ရင်လည်း ကိုယ်ကျိုးနဲပေါ့ လို့သာ မှတ်ကြပေတော့။

ဘုရားက သဿတလည်း မလိုက်နဲ့၊ ဥစ္ဆေဒ လည်း မလိုက်နဲ့၊ အလယ်လမ်း လိုက်ကြလို့ ဟောတော်မူတယ်။

သဿတလမ်းက အရိုးကြီးပွားရေးလမ်း၊ ဥစ္ဆေဒလမ်းက အပါယ်ကြီးပွားရေးလမ်း၊ အလယ်လမ်းက နိဗ္ဗာန်လမ်း၊ ဘုရားဖြစ်ခဲ့တာ မဇ္ဈိမ ဆိုတဲ့ အလယ်လမ်းက ဘုရားဖြစ်တာ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာတွေ ဖြစ်တာလည်း ဒီအလယ်လမ်းကပဲ၊ အလယ်လမ်းပဲ အားကိုး ရတယ်၊ ရှင်းကြပြီလား၊ သဿတနဲ့ ဥစ္ဆေဒစင်ရင် အလယ်လမ်း အလိုလို ပေါ်လာတယ် ဆိုတာ မှတ်ကြ။

ပဋိစ္စသမုပ္ပါဒ် အဖြစ်ကိုလည်းသိ၊ အပျက်ကိုလည်း သိတဲ့ ဉာဏ်ရရင် အလယ်လမ်းလေး ပေါ်လာတယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ခလုတ်ကလေး မတော်တဆ တိုက်မိလိုက်ပြီလား ဆိုရင် "အနိစ္စ အနိစ္စ" လုပ်တတ် ကြတယ်၊ ဒီလို တော်စွာလျော်စွာ နည်းမျိုးနဲ့ မရနိုင်ဘူး၊ ဗလဝအားကြီးတဲ့ ဝိပဿနာ မဖြစ်သမျှ မရနိုင်ဘူးလို့သာ မှတ်ကြ။

အလယ်လမ်းပေါ် ရောက်ရင် သိမှု ကိစ္စကုန်ပြီ၊ ပွားမှုကိစ္စနဲ့ ပယ်မှုကိစ္စပဲ၊ ဆက်လုပ်ရမယ်၊ ဒီတော့ အခု ဒကာတို့ တတွေကို သိမှုကစပြောရမယ်။

"အဝိဇ္ဇာ ပစ္စယာသင်္ခါရာ"တဲ့ အဝိဇ္ဇာရှိသူမှာ သင်္ခါရလာမှာပဲ၊ အဝိဇ္ဇာက မသိတာ၊ သင်္ခါရက ပြုလုပ်တာ၊ အဝိဇ္ဇာက ဘာမသိဒါလဲ၊ အဝိဇ္ဇာက "ဒုက္ခေအညာဏံ၊ ဒုက္ခသမုဒယအညာဏံ" ဒုက္ခသစ္စာလည်း မသိ၊ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာလည်း မသိ၊ သစ္စာလေးပါးလုံး မသိဘူး။

"သင်္ခါရပစ္စယာဝိညာဏံ" လူခန္ဓာ၊ နတ်ခန္ဓာတွေ ရလာတော့ တာပေါ့ နိဗ္ဗာန်တော့ မပါဘူး၊ ဒါဟာ ဒီဒုက္ခသစ္စာ၊ လူနတ် ခန္ဓာ ရတာဟာ သင်္ခါရကြောင့် ရတာပဲ၊ ဒီသင်္ခါရကလည်း မသိမှု အဝိဇ္ဇာ ရှိလို့ပဲ ရှင်းပြီလား။

**"သစ္စာမသိတဲ့ အဝိဇ္ဇာကြောင့် ကုသိုလ် သင်္ခါရပြု၊ တဏှာနဲ့ ဘုံဘဝ ဒုက္ခသစ္စာ တောင်းယူ၊ တောင်းယူတော့ ဒီဘဝ ပဋိသန္ဓေ ဝိညာဏ် ပေါ်လာရတယ်၊ အဲတာ – "သင်္ခါရပစ္စယာ ဝိညာဏံ"** ဒီတော့ ဒီခန္ဓာ ပစ္စုပ္ပန် ဝိညာဏ်ပေါ်လာတယ်၊ ဒီက ဆက်ပြီး ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ထုံးစံအတိုင်း ပေါ်လာကြရပြန်တယ်၊ နောက်–ဒီဘက်ဆက်ပြီး တဏှာ၊ ဥပါဒါန်၊ ကံတွေလည်း လာတာပဲ။

သဿတခွာချင်ရင် ဒီဝိညာဏ်ကို ကြည့်ကြ၊ ဒီဝိညာဏ်ဟာ ပုဂ္ဂိုလ်လား၊ သတ္တဝါလား၊ ပုဂ္ဂိုလ်မဟုတ် သတ္တဝါ မဟုတ်၊ ဝိညာဏ်ဟာ ဝိညာဏ်ပဲ၊ ပုဂ္ဂိုလ်သတ္တဝါ မပါဘူး၊ **"ဒီဝိညာဏ်ဟာ သင်္ခါရက လုပ်လို့ ဖြစ်တာ၊ ဘယ်သူမှ ဖန်ဆင်းတာ မဟုတ်ဘူး၊ သင်္ခါရ ပစ္စယာကြောင့် ဒီဝိညာဏ်ပေါ်လာတာပဲ" ဒကာ ဒကာမတွေ ဒီဝိညာဏ်ဟာ သင်္ခါကြောင့် ပေါ်လာတာပဲဆိုတာ ရှင်းကြပြီနော်။**

"ဒီဝိညာဏ်ကလည်း ပေါ်လာပြီး ချုပ်ပျက်သွားတယ်၊ ဝိညာဏ် ပျက်သွားတော့ "နာမ်ရုပ်"ပေါ်လာတယ်၊ နာမ်ရုပ်ပေါ်ဖို့ ကျေးဇူးပြုလို့ ချုပ်ရတာပဲ၊ ရှင်းကြပြီလား၊ ဒီတော့ ဒီဝိညာဏ်ဟာ ဖြစ်တဲ့ တရားလည်း

**ဟုတ်တယ်၊ ချုပ်ပျက်တဲ့ တရားလည်း ဟုတ်တယ်၊ ဒါကို သိကြရမယ်"** အဖြစ်ကို သိရင် ဥစ္ဆေဒ စင်တယ်၊ ဖြစ်ပြီး ပျက်သွားဒါ သိရင် သဿတ ဒိဋ္ဌိစင်တယ်၊ သဘောပါကြပြီလား၊ ဒကာ ဒကာမတွေ မြဲမြဲ မှတ်ထားကြ၊ **"အဖြစ်ကိုမြင်ရင် ဥစ္ဆေစင်တယ်၊ အပျက်ကို မြင်ရင် သဿတစင်တယ်။"** ရှင်းကြရဲ့လား။

ဒီဓမ္မလမ်းစဉ်အတိုင်းပဲ၊ နာမ်ရုပ်ကြောင့် – သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် –ဝေဒနာ၊ ဖဿပစ္စယာ ဝေဒနာပေါ်လာရတယ်။

ဒီဝေဒနာကို ကျေးဇူးပြုတဲ့ ဖဿချုပ်တော့၊ ကျေးဇူးပြုခံရတဲ့ ဝေဒနာ လည်းချုပ်တယ်၊ ဖဿနိရောဓါ ဝေဒနာ နိရောဓေါတဲ့၊ ဖဿဖြစ်လို့ ဝေဒနာဖြစ်တယ်၊ ဖဿချုပ်တော့ ဝေဒနာလည်း ချုပ်တာပဲ၊ ဖဿဖြစ်လို့ ဝေဒနာဖြစ်တာ သိရင် ဥစ္ဆေဒဒိဋ္ဌိစင်ပြီ၊ ဖဿချုပ်လို့ ဝေဒနာ ချုပ်တာ သိရင် သဿတဒိဋ္ဌိစင်ပြီ ဆိုတာ မှတ်ကြ၊ ဒီလို ခန္ဓာမှာ အကြောင်း အကျိုးဆက်ပြီး ဖြစ်ပျက်နေတဲ့ သဘာဝတွေကို သိဖို့ အရေးကြီးတယ်၊ ဒါတွေမသိရင် ဝိပဿနာ ရှုနေပေမဲ့ အလကားပဲဆိုတာ မှတ်ကြ။

ဒုဗ္ဗလအားနဲတဲ့ ဝိပဿနာ ဖြစ်လို့ ဗလဝဆိုတဲ့ အားကြီးတဲ့ ဝိပဿနာ မဖြစ်လို့ မဂ်ဖိုလ် နိဗ္ဗာန် မရနိုင်ဘူးလို့ အဋ္ဌကထာ ဆရာက ဖွင့်ပြထားတယ်၊ ကုသိုလ် သာမညတော့ ရပါရဲ့တဲ့ မဂ်ဖိုလ်တော့ မရနိုင်ဘူးတဲ့၊ ဖဿဝေဒနာ သဘောပြောရမယ်၊ ဥပမာ – လက်ကလေးကို မီးနားမှာ သွားကပ်လိုက်၊ မီးနားကပ်တာနဲ့ ပူသဘော ဖဿဖြစ်၊ ဝေဒနာ ဖြစ်လာတယ်၊ လက်ကလေးကို နောက်ပြန် ဆုတ်လိုက်တော့ မပူတော့ဘူး၊ အပူသဘော ချုပ်သွားတယ်၊ အဲဒါ ဖဿချုပ်လို့ ဝေဒနာ ချုပ်တာပဲ၊ ပေါ်ကြပြီလား။

ဝေဒနာ ပစ္စယာတဏှာ၊ ဝေဒနာ ဖြစ်လို့တဏှာ ဖြစ်လာတယ်၊

ဥပမာ အစားလေးတစ်ခု စားကြည့်တော့ ကောင်းတယ်၊ ဝယ်အုံးမှပဲ၊ စားလို့ ကောင်းလို့ ဝယ်ချင်တယ်၊ စားလို့ ကောင်းတာက ဝေဒနာ၊ ဝယ်ချင်တာက တဏှာ သဘောပါပြီလား၊ စားလို့ကောင်းလို့ ဝယ်ချင်တယ် ဆိုတော့ ဝေဒနာ ပစ္စယာတဏှာ လာတာပဲ။

စားကြည့်တော့ ဖဿဖြစ်၊ ဖဿဖြစ်တော့ မကောင်းဘူးဆိုတဲ့ ဒုက္ခဝေဒနာလာ၊ မကောင်းလို့ မဝယ်နဲ့ ဆိုတော့ ဒေါမနဿဝေဒနာ လာပြန်တယ်၊ အဲဒီနောက်က ကောင်းတာ တောင့်တတဲ့ တဏှာကလည်း ကပ်ပြီး ပေါ်လာတာပဲ၊ ဒါကြောင့် ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာက ဒုက္ခဝေဒနာ၊ ဒေါမနဿဝေဒနာ၊ အဲဒီ ဝေဒနာ ပစ္စယာ တဏှာ၊ ဒကာ ဒကာမတို့ သဘော ပေါက်ကြရဲ့လား။

ဖဿပစ္စယာ ဝေဒနာအကြောင်း ဖြစ်လို့ အကျိုး ဖြစ်တာပဲလို့ သိရင် ဥစ္ဆေဒစင်တယ်၊ ဖဿနိရောဓါ ဝေဒနာနိရောဓေါ၊ ဖဿချုပ်ရင် ဝေဒနာ ချုပ်တာပဲလို့ သိရင် သဿတစင်တယ်၊ ဒကာ ဒကာမတွေကို "ဝိပဿနာရှုကြ၊ ဖြစ်ပျက် မြင်အောင် ရှုကြ ဆိုပြီး ရှုခိုင်း ဒါဟာ ဒီဒိဋ္ဌိတွေ အခွာခိုင်းတာပဲ၊ အဖြစ်နဲ့ အပျက်ဟာ သဿတနဲ့ ဥစ္ဆေဒ ခွါနိုင်တယ်၊ ဒီဖြစ်ပျက်မှ တပါး ဒိဋ္ဌိခွာနည်း ကွာနိုင်တဲ့ နည်းမရှိဘူး ဆိုတာ မှတ်လိုက်ကြ။

ဒကာ ဒကာမတို့ ခန္ဓာထဲမှာ ကြည့်ရင် အဖြစ်နဲ့ အပျက်သာ ရှိတယ်၊ ဒီပြစ်ပျက် ဓမ္မတွေပဲရှိတယ်၊ ဖြစ်ပျက် ဓမ္မကလွဲရင် ဒီပြင်ဘာမှ အပိုမတွက်ဘူးလို့သာ မှတ်ထားကြ။

အကြောင်းဖြစ်လို့ အကျိုးဖြစ်တာပဲလို့ သိရမယ်၊ ဒီလို သိရင် ဥစ္ဆေဒ စင်ပြီ အကြောင်းချုပ်လို့ အကျိုးချုပ်တာပဲလို့ဘဲ သိရမယ်၊ ဒီလိုသိရင် သဿတစင်ဘီ၊ ရှင်းကြပြီလား၊ အဖြစ်ပျက် မြင်လာရင် ရဲရဲတင်းတင်း ရှုပါ၊ ဒီလို ရှုလို့ အသိစင်ကြယ်တာနဲ့ ဒိဋ္ဌိနှစ်ခုပြုတ်တာပဲ၊

အဲဒီကျမှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကျေးဇူးပြုမယ့် ဗလဝ ဝိပဿနာလာမယ်၊ ဒါကြောင့် ဒကာ ဒကာမတို့ကို ပဋိစ္စသမုပ္ပါဒ်ကြောင့် အကျိုးဖြစ်ပုံ ချုပ်ပုံ ရှင်းပြရတာ၊ ဒါကိုသိမှ အသိရှင်းမှ အသိမရှင်းရင် ဒိဋ္ဌိနှစ်ခု မစင်ဘူး၊ သဘောပါကြရဲ့လား။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် မရှင်းပဲ၊ ဒိဋ္ဌိမခွာပဲရှုရင် အားနည်းတဲ့ ဝိပဿနာ ဖြစ်လို့မရဘူး၊ ဒိဋ္ဌိခွာပြီးမှ ရှုရင် အားကြီးတဲ့ ဝိပဿနာ ဖြစ်လို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အမြန်ရမယ်ဆိုတာ မှတ်ထားကြ။

❖ ❖ ❖ ❖ ❖ ❖

## "ဝိပဿနာ ရှေ့ထွက် ဒိဋ္ဌိဖျက် တရားတော်"

ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ တဏှာ ချုပ်သိမ်း ခန္ဓာဇာတ်သိမ်းပြီး ဒုက္ခတွေ အကုန်ငြိမ်းတဲ့ နိဗ္ဗာန်ကို ရတော်မူတာဟာ "ဧကာယနော အယံဘိက္ခဝေမဂ္ဂေါ"ဆိုတဲ့ မဂ္ဂင်လမ်း အလယ်လမ်းကနေပြီး သွားလို့ ရတော်မူတာပဲ၊ ဘုရားရှင်သာ မဟုတ်ပါဘူး၊ တပည့်သာဝကတွေ လေးသချေနဲ့ ကုဋေရှစ်ဆယ်၊ ဗိုလ်ခြေ တစ်သိန်း ဆိုတာလည်း ဒီ မဂ္ဂင်လမ်း ဖြစ်တဲ့ အလယ်လမ်းက သွားလို့ နိဗ္ဗာန် ရောက်ကြတာပဲ၊ နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်အားလုံးဟာ ဒီလမ်းက လိုက်သွားကြတာချည်းပဲ။

ဘဝ တဏှာရှိသူဟာ ဘုံဘဝ ခင်တွယ်တဲ့ အတွက် နိဗ္ဗာန်ကျတော့ အရောက် နှေးတယ်တဲ့ ဘုရားနဲ့ တွေ့ပေမယ့်လည်း ဘုံဘဝထဲမှာ ပုန်းအောင်းပြီး နေရစ်ခဲ့တာပဲတဲ့၊ သဿတဂါ အပြစ်သေးပေမဲ့ ကျွတ်ခဲလွတ်ခဲ တယ်တဲ့၊ ဥစ္ဆေဒက အပြစ်ကြီးပေမယ့် ဘုရားနဲ့ တွေ့ရင် ကျွတ်လွယ် တယ်တဲ့။

ဒါကြောင့် ဒိဋ္ဌိရှိနေရင် ဘယ်ဒိဋ္ဌိမှ မကောင်းဘူး၊ ဒိဋ္ဌိတွေ ရှင်းလင်းမှသာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နိဗ္ဗာန် ရနိုင်ကြမှာ။

ဥပမာ ဆိုပါတော့ ကိုယ့်အိမ်ရှေ့တဲ့တဲ့မှာ ကားကလေး တစ်စင်း ရပ်ထားတယ်၊ ဆလွန်းကား လှလှကလေးပဲ ထားကြပါစို့၊ ကိုယ်က အိမ်ထဲမှာ ရှိနေတုန်းကတော့ ဒီကားရှိတာ မသိဘူးပေါ့၊ အဲဒီ အချိန်မှာ ကိုယ်က အိမ်ရှေ့ထွက်ပြီး အမှတ်မထင် ရပ်လိုက်တယ်၊ အဲဒီအခါ ကိုယ့်မျက်စေ့နဲ့ ကားကလေး တည့်သွားတော့ ဘွားကနဲ့ "မြင်စိတ်" ကလေး ပေါ်လာတယ်။

ဒီကား မြင်တဲ့ စိတ်ကလေးဟာ နဂိုလ်က ရှိနေတာလား၊ မဟုတ်ဘူး၊ မျက်လုံး အကြည့်နဲ့တဲ့သွားလို့သာ ပေါ်လာတာ၊ အဲတာကြောင့် "စက္ခုဉ္စပဋိစ္စရူပေစဥပ္ပဇ္ဇတိစက္ခုဝိညာဏံ" စက္ခုံစ မျလ်လုံး အကြည်ကိုလည်းကောင်း၊ ရူပေစ၊ ကားကလေးဆိုတဲ့ ရူပါရုံ အဆင်းတို့ကိုလည်းကောင်း၊ ပဋိစ္စ အစွဲပြု၍၊ စက္ခုဝိညာဏံ ကားမြင်သိစိတ်ကလေးသည်၊ ဥပ္ပဇ္ဇတိ ဖြစ်ပေါ်၍ လာရချေ၏၊ ဘုရား ရွှေဉာဏ်တော်နဲ့ အသေအချာ ဟောခဲ့တာ။

အဲဒီ ကားကလေး ကြည့်ဆဲမှာဘဲ ကားက ရုတ်တရက် မောင်းထွက်သွားလို့ မမြင်ရတော့ဘူး၊ အဲဒီအချိန်မှာ ကားမြင်စိတ်ကလေး ရှိပါအုံးမလား၊ မရှိတော့ဘူး၊ ပျက်သွားပြီ၊ ချုပ်ပျောက်သွားပြီ၊ ကိုင်း ဒီနေရာမှာ ရှင်းပြမယ်၊ ဒကာ ဒကာမတို့ ဒီကား မြင်စိတ် ကလေးဟာ ပင်ကိုယ်က ဖြစ်နှင့်တာလား၊ မဟုတ်ဘူး၊ မျက်လုံး အကြည့်နဲ့ ကားနဲ့ တည့်လိုက်လို့ ပေါ်လာတာ၊ သူတို့ နှစ်ခုမရှိရင်၊ ပေါ်နိုင်ပါမလား၊ မပေါ်နိုင်ဘူး၊ ဒီတော့ ဒီမြင်စိတ်ဟာ သူတို့နှစ်ခု အကြောင်းက ကျေးဇူးပြုပေးလို့ ပေါ်လာရတာပဲ။

အဲဒီမှာ မျက်လုံး အကြည်နဲ့ ကားကလေးက အကြောင်းတရား မြင်စိတ်ကလေးက အကျိုးတရား၊ ကားကလေး ထွက်သွားတော့ ကား မြင်စိတ်ကလေးဟာလည်း ချုပ်သွားတော့တာပဲ၊ အဲတာ ကားတည်းဟူသော "အဆင်း" ချုပ်လို့ အကြောင်းမရှိတော့လို့ အကျိုးမြင်စိတ်ကလေးလဲ ချုပ်ရတာပဲ၊ ပေါ်ကြပြီလား၊ အဲဒီတော့ အကြောင်းတရား နှစ်ခုက ပြုပြင်ပေးလို့ အကျိုးမြင်စိတ် ပေါ်တယ်၊ အကြောင်း တစ်ခုခု ချုပ်တော့လည်း အကျိုးစိတ်ကလေးပါ ချုပ်ရတာပဲဆိုတာ ရှင်းကြပြီ။

ဒီအသိဉာဏ် ရှင်းရင် ဒိဋ္ဌိနှစ်ခု သုံ:ခု ကွာနိုင်ပြီ၊ အကြောင်းဖြစ်လို့ အကျိုးဖြစ်တာပဲ၊ အကြောင်း မဖြစ်ရင် အကျိုးလည်း မဖြစ်နိုင်ဘူးလို့ သိရင် ဥစ္ဆေဒကွာတယ်၊ အကြောင်း ချုပ်တော့ အကျိုးလည်း ချုပ်တယ်၊

ကြောင်းကျိုး အဆက်ဆက် ဖြစ်ပြီး ပျက်နေတာပဲလို့ သိရင် သဿတ ကွာတယ်၊ ဒီအထဲမှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး ယောကျာ်း မိန်းမ မပါ၊ ဓမ္မသဘာဝ အစဉ်အတန်းတွေပဲလို့ သိရင် အတ္တဒိဋ္ဌိသက္ကာ ယဒိဋ္ဌိပါကွာတယ်၊ ဒီအသိလေး ရလိုက်တာ ဘယ်လောက်များ နေရာ ကျသွားသလဲ၊ တန်းဘိုး မဖြတ်နိုင်ဘူး။

ကားဘက် လှည့်လိုက်တော့ ကားမြင်စိတ် ပေါ်တယ်၊ အဲဒီ အချိန်မှာ ဖဿပါ တပြိုင်နက် ပါတယ်၊ အဲဒီ ဖဿအတွေ့ကြောင့် "ဟာ-- ကားလေးက တယ်လှပါကလား၊ ဆိုပြီး ဝေဒနာ ပေါ်တယ်၊ ဒီနောက် "ဒီကားမျိုး လိုချင်တယ် ဝယ်အုံးမှပဲ၊ ဆိုတော့ တဏှာ ဖြစ်တယ်၊ နောက် "မရရင်တော့ မဖြစ်တော့ဘူး ရှာကြံနည်းနဲ့ ဝယ်ရမှာပဲ၊ ဆိုပြီး ဥပါဒါန် ဖြစ်လာတယ်၊ ရိပ်မိကြရဲ့လား။

ဒါကြောင့် ဘုရားရှင်က –

"စက္ခုံစပဋိစ္စ ရူပေစဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊

တိဏ္ဏံသင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊

ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ" လို့ ဟောတော်မူခဲ့တာပဲ၊ ဆိုတာ ပေါ်ကြပြီလား၊ ဒီဓမ္မသဘာဝ ဖြစ်စဉ်တွေဟာ– ဒကာ ဒကာမတို့ သန္တာန်မှာပဲ နေ့စဉ် ဖြစ်နေတာပါ၊ ဒါကိုပဲ အတော် ဖော်ပြနေရတယ်။

ဒိဋ္ဌိဖြုတ်တဲ့ နည်းက ပဋိစ္စသမုပ္ပါဒ် ရှင်းမှရမယ်၊ များများ မလိုပါဘူး၊ "ဝိညာဏ်နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ" ဒီရှစ်မျိုးကိုပဲ သိရမယ်။

ဒီရှစ်မျိုးက ဒီဘဝ လက်ရှိ ဖြစ်စဉ်ပဲဆိုတာ မှတ်ကြ **"ဝိညာဏ်ကို ပဝတ္တိဝိညာဏ် ကစရမယ်၊ ပဋိသန္ဓေဝိညာဏ်ကို မယူရဘူး၊ ပဝတ္တိဝိညာဏ် ကစပြီး ကမ္မဘဝ အထိ ရှစ်မျိုးကိုယူ ဒီရှစ်မျိုးက ယခုပစ္စုပ္ပန် ဘဝမှာ ဖြစ်ပေါ်နေတဲ့ ရှစ်မျိုးပဲဆိုတာ မှတ်ကြ။**

ဝိညာဏ်ကစပြီး၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်တယ်၊ သဠာယတနကြောင့် ဖဿ ဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာ ဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်ကြောင့် ကမ္မဘဝဆိုတဲ့ ကံဖြစ်တယ်၊ ဒီဖြစ်စဉ်ကို အကြမ်းဖျင်း မှတ်မိအောင် မှတ်ထားကြ။

ဒီတရားတွေဟာ အဖြစ်ရှိရင် အချုပ်ရှိတယ် ဆိုတာကို သိရမယ်၊ ဝိညာဏ်ချုပ်ရင် နာမ်ရုပ်ချုပ်တယ်၊ ဓမ္မတစ်ခု ချုပ်ရင် နောက်ဓမ္မလည်း ချုပ်တယ်၊ ဓမ္မတစ်ခု ဖြစ်ရင် နောက်ဓမ္မတစ်ခုလည်း ဖြစ်တယ်။

ဒီနေ့တရားမှာ ဒကာ ဒကာမတို့အတွက် ဝေဒနာနဲ့ တဏှာ နှစ်ခုထဲကို ပြောမယ်၊ ဘုန်းကြီးက မေးတယ်၊ ဒကာ ဒကာမတို့ သန္တာန်မှာ ခန္ဓာ ဘယ်နှစ်ခု ရှိသလဲ၊ ရုပ်ခန္ဓာ၊ ဝေဒနာ ခန္ဓာ၊ သညာ ခန္ဓာ၊ သင်္ခါရ ခန္ဓာ၊ ဝိညာဏ် ခန္ဓာလို့ ငါးခု ရှိတယ်ဆိုတာ သိပြီးသားပဲ၊ ဒီအထဲက ကျန်လေးပါးကို ချန်ပြီး ဝေဒနာ ခန္ဓာတစ်ခုထဲကို ကြည့်ပါ၊ ဝေဒနာခန္ဓာ ဆိုတာ ဝေဒနာအစုပဲ။

ဝေဒနာ ဘယ်နှစ်မျိုး စုနေသလဲ၊ ဝေဒနာ သုံးမျိုးပဲမှတ်ထား၊ ကောင်းတာ ခံစားတဲ့ သုခဝေဒနာ တစ်မျိုး၊ မကောင်းတာ ခံစားတဲ့ ဒုက္ခဝေဒနာတစ်မျိုး၊ အသင့်အတင့် အမှတ်မထင် ခံစားတဲ့ ဥပေက္ခာဝေဒနာ တစ်မျိုးလို့ သုံးမျိုးပဲမှတ်ကြ၊ ဒီဝေဒနာ သုံးပါးဟာ ဒကာ ဒကာမတို့ သန္တာန်မှာ လှည့်ပြီး ဖြစ်ပျက် နေကြတယ်၊ တစ်ခု မရှိ တစ်ခုရှိ၊ တစ်ခုခုကတော့ ရှိနေမှာပဲ။

ဥပမာ–အစားကလေး တစ်ခု စားလိုက်တယ်၊ စားလိုက်တော့ ဖဿဖြစ်တယ်၊ ဖဿဖြစ်တော့ ဖဿပစ္စယာ “ကောင်းတယ်” ဆိုတဲ့ ဝေဒနာကလေး ပေါ်လာတယ်၊ စားလိုက်တဲ့ အခိုက်ကလေးမှာ ဖဿဖြစ်တယ်၊ စားလို့ ကောင်းတယ်ဆိုတော့ ဖဿချုပ်ပြီး ဝေဒနာ ပေါ်တာပဲ၊ စားခိုက်မှာ ဖဿနဲ့ အသက်ရှင်ရတယ်၊ ဖဿချုပ်သွားတော့

ဝေဒနာလေးနဲ့ အသက်ရှင်ရတယ်။

ဒကာ ဒကာမတို့ သဘောပါရဲ့လား၊ စားလို့ ကောင်းတယ်ဆိုတဲ့ အခိုက်မှာ ဘာနဲ့ အသက်ရှင်နေသလဲ၊ သုခ ဝေဒနာနဲ့ ရှင်နေတယ်၊ နောက်ဆက်ပြီး ဒီဟာမျိုး ဝယ်အုံးမှပဲ ဝယ်ချင်တယ်ဆိုတော့ သုခ ဝေဒနာ လေးချုပ်သွားပြီး တဏှာ ပေါ်လာတယ်၊ အဲတာ သုခ ဝေဒနာ ပစ္စယာ တဏှာပဲ၊ ရိပ်မိကြရဲ့လား၊ ဝေဒနာ ချုပ်တော့ တဏှာ ပေါ်တယ်၊ အရင်က ဝေဒနာ နဲ့ အသက်ရှင်တယ်၊ အခု တဏှာ နဲ့ အသက်ရှင်နေရတယ်။

ဒကာ ဒကာမတို့ သန္တာန်မှာ ဝေဒနာ အမြဲရှိနေတယ်၊ ဘယ်အချိန် မှာမဆို ဝေဒနက္ခန္ဓာနဲ့ အသက်ရှင်နေတယ်ဆိုတာ မှတ်ကြ၊ နေလို့ ကောင်းတယ် ဆိုတော့ သုခဝေဒနာနဲ့ အသက်ရှင်ရတယ်၊ နေလို့ မကောင်းဘူး ဆိုတော့ ဒုက္ခဝေဒနာနဲ့ အသက်ရှင်ရတယ်၊ နေလို့ အသင့် အတင့် ရှိပါရဲ့လား ဆိုတော့ ဥပေက္ခာဝေဒနာနဲ့ ရှင်ရတာဘဲ။

ဒကာတို့ကို မေးတယ်ဆိုပါတော့ "ဘယ်နှယ်တုံး" နေလို့ ထိုင်လို့ ကောင်းကြရဲ့လားလို့ မေးလိုက်တဲ့ အခါ "အင်း နေကောင်းပါ တယ်တဲ့၊ တစ်ခါတစ်လေတော့လဲ အသင့်အတင့် ရှိပါရဲ့ဗျာ" တဲ့၊ တစ်ခါ တစ်လေကျ ပြန်တော့ "နေလို့ မကောင်းဘူး၊ ခုတစ်မျိုး ခုတစ်မျိုး ဖြစ်နေပြန်တယ်" နဲ့ အသံကြားရတယ်၊ အဲတာ ဝေဒနာက ထွက်တဲ့ အသံချည်းပဲဆိုတာ မှတ်ကြ၊ မေးလိုက်တိုင်း ဟော ဒီအသံ သုံးမျိုး တစ်မျိုးမျိုးတော့ လာမှာ ဧကန်ပဲ၊ ရိပ်မိကြပြီလား။

ဒကာ ဒကာမတွေ ဖဿချုပ်တော့ ဝေဒနာနဲ့ အသက်ရှင် နေရတယ် ဆိုတာ ဉာဏ်နဲ့သိရင် သဿတနဲ့ ဥစ္ဆေဒ စင်တယ်၊ ဝေဒနာနဲ့ အသက်ရှင်တာ သိတော့ ဥစ္ဆေဒ စင်တယ်၊ ဖဿချုပ်တာ သိသဖြင့်လည်း သဿတစင်တယ်၊ သဘောပါပြီလား၊ **အချုပ်သဘော**

မှတ်ထားဖို့က အဖြစ်မြင်ရင် ဥစ္ဆေစင်တယ်၊ အချုပ်မြင်ရင် သဿတ စင်တယ်၊ ရှင်းကြပြီလား၊ ဒီဖြစ်တာနဲ့ ချုပ်တာ မြင်သဖြင့်လည်း ငါစွဲစရာ မရှိလို့ သက္ကာယ စင်သွားတယ် ဆိုတာ မှတ်ကြ။

# "ဒုက္ခသိမှ နိဗ္ဗာန်ရ တရားတော်"

**အထူးမှတ်ရန်**

ဦးစွာ ပထမ ခန္ဓာ့ပဋိစ္စ သမုပ္ပါဒ် ရှင်းလင်းမှ၊ ဒုတိယမှာဒိဋ္ဌိခွာ။ တတိယမှာ ဝိပဿနာ ဖြစ်ပျက်ရှု၊ ဤသုံးခု အစဉ် မှန်က နိဗ္ဗာန်ကို ဧကန် ရရှိသည်။

**သတိချပ်**

ပဋိစ္စဖြစ်စဉ်၊ ခန္ဓာခွင်၊ ဉာဏ်မြင်ရှင်းပါမှ။
ဉာဏ်မြင်ရှင်းလာ၊ ဒိဋ္ဌိကွာ၊ ရှုရာ ဝိပဿနာ။
ရုပ်နာမ်ဖြစ်ပျက်၊ ကြောင်းကျိုးစက်၊ ပွားတတ်ကြီးဒုက္ခ။
ရှုမှတ်ဉာဏ်ဝင်၊ ဒုက္ခမြင်၊ ကွာစဉ်ပပဉ္စ။
ဒုက္ခဇာတ်သိမ်း၊ အပူငြိမ်း၊ အောင်ကိန်းနိဗ္ဗုတ၊
ဤတိုင်းရှုလျှင်၊ နိဗ္ဗာန်မြင်၊ အေးခွင်ရောက်မည်ပ။
ပဋိစ္စမသိ၊ ကြီးဒိဋ္ဌိ၊ မသိနိဗ္ဗာန။
အစဉ်လွဲကွာ၊ ချိန်နှောင်းကြာ၊ လိုရာဘိတ်မရ။

နိဗ္ဗာန်အခုပို့မယ်၊ အခု လိုက်မလားလို့ မေးခဲ့ရင် တရာမှာ တစ်ယောက် မထွက်နိုင်ဘူးဆိုတာ ကိုယ်တိုင် ဆန်းစစ်ကြည့်ရင် သိကြရမယ်၊ ဒါဘာကြောင့်လဲ၊ နိဗ္ဗာန် အကြောင်း မသိလို့ မရိပ်မိ သေးလို့ပဲ ဆိုတာ မှတ်ကြ။

ဒီတော့ နိဗ္ဗာန်ဆိုတာ အလွန်ကောင်းပါတယ်ဆိုတဲ့ ပြောသံ ကြားနဲ့ လမ်းမဆုံးပဲနဲ့ ကိုယ်တိုင် သိရှိ ရိပ်မိအောင် ကြိုးစားဖို့ လိုတယ်၊ ကိုယ်ဘိုင် အမှန်သိရမှ ကိုယ်တိုင် ကြိုက်ဖြစ်မယ်၊ ကိုယ်တိုင် ကြိုက်ဖြစ် မှလည်း နှစ်နှစ်ကာကာ လိုလိုချင်ချင်နဲ့ အားထုတ် ချင်စိတ် ပေါက်မယ်၊

ဒီလို မဟုတ်ရင် သာမန်ကာ လျှံကာ မိရိုးဖလာ ကြိုက်လုံးနဲ့ အချိန် ဖြုန်းကြရမှာပဲဆိုတာ သတိပေးလိုက်ပါတယ်။

နိဗ္ဗာန် နားလည်ချင်ရင် ဒိဋ္ဌိကို အရင်ဖြုတ်ရမယ်၊ ဒိဋ္ဌိဖြုတ်မှပဲ နိဗ္ဗာန် နားလည်မယ်ဆိုတဲ့ အချက်ကို မြဲမြဲကြီး မှတ်လိုက်ကြ။

ပဋိစ္စသမုပ္ပါဒ် သဘောမပေါက်ရင် ဒိဋ္ဌိ မကွာဘူး၊ ဒိဋ္ဌိမကွာရင် နိဗ္ဗာန် ဘယ်တော့မှ မရနိုင်ပါဘူး၊ ပဋိစ္စသမုပ္ပါဒ် နားလည်မှ ဒိဋ္ဌိ ပြုတ်မယ်၊ ဒိဋ္ဌိ ပြုတ်မှလည်း ဝိပဿနာရှုနိုင်မယ်၊ ဒိဋ္ဌိ ပြုတ်ပြီး ဝိပဿနာ ရှုမှသာ နိဗ္ဗာန် သဘောကျပြီး ရနိုင်တယ် ဆိုတာ အသေအချာ မှတ်ထားကြ။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခန္ဓာဖြစ်စဉ်ကို ဆိုတာပဲ၊ ခန္ဓာဖြစ်စဉ် သဘောကျဖို့ အခု ရှင်းပြရမယ်၊ ဥပမာ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"လို့ တစ်ဦးဦးက ရွတ်ဆိုလိုက်တဲ့ အခါမိမိမှာ ကြားစိတ်ကလေး ပေါ် လာတယ်၊ ဒီကြားလိုက်ရတော့ "သဘောကျတယ်၊ ဝမ်းမြောက်တယ်" ဆိုတဲ့ အလုံးလေး ပေါ်လာတယ်။

ဒီအထဲမှာ ကြားစိတ်က တခြား၊ သဘောကျစိတ်နဲ့ ဝမ်းမြောက် တဲ့စိတ်က တခြား၊ သူတို့ နှစ်ခု တခြားစီပဲ၊ ရှင်းကြရဲ့လား၊ အသံ ကြားတော့ "ကြားစိတ် ပေါ်လာတယ်၊ ကြားစိတ်ကလေး ချုပ်ပြီးတော့ "သဘောကျစိတ်" ကလေး ပေါ်လာတယ်၊ အဲဒီ ကြားစိတ်သေလို့ သဘောကျစိတ်ကို မွေးဖွားလာတာဆိုရင် မမှားဘူး ကြားတာဟာ ငါကြားတာ ဟုတ်ရဲ့လား၊ မဟုတ်ပါဘူး။

ကြားစိတ်ကသာ ကြားတာပါ၊ ငါကြားတာ ထင်ရင် ကြားစိတ် ချုပ်တော့ "ငါသေပေါ့"လို့သာ အောက်မေ့ကြ။

ငါသေတာ ဟုတ်ရဲ့လား၊ ငါသေတာ မဟုတ် ကြားစိတ်သေပဲ၊ ဒကာတို့ဟာက ကြားတုန်းကတော့ ငါကြားတယ်၊ သေတော့ ငါမပါဘူး

ဆိုရင် တော်ပါ့မလား၊ နောက်ကို ကြားတဲ့အခါ ငါကြားတယ် ထင်ရင် ကြားစိတ် ချုပ်တော့ ငါသေပေါ့လို့သာ ယူကြတော့၊ ကြားဆဲမှာ ကြားစိတ်နဲ့ အသက်ရှင်နေတယ်၊ ကြားစိတ်ချုပ်တော့ ကြားသူသေတာ ဆိုရင် မမှားဘူး၊ ကြားပြီး တစ်၊ နှစ်ဆိုပျက်သွား၊ ကြားစိတ်သေပြီး အစားထိုးဒါ လာတာဘဲ၊

ဘုရားရှိခိုးသံ ကြားလိုက်ရတယ် ဆိုပါတော့၊ ကြားတော့ ကြားစိတ်ပေါ် ဒီအသံ ကြည်ညိုဘွယ် ဖြစ်တယ်ဆိုတော့၊ ကြားစိတ် ချုပ်၊ ကြည်ညိုစိတ် အစားထိုးတာပဲ၊ ဒီတော့ ဒီကြားစိတ်ကလေးဟာ ဖြစ်လည်း ဖြစ်တယ်၊ ပျက်လည်း ပျက်တယ် ဆိုတာ ထင်ရှားတယ်။ ဖြစ်လည်းဖြစ်၊ ပျက်လည်း ပျက်တယ်ဆိုတော့ ဒုက္ခ ရောက်သွားတာပဲ၊ ဒုက္ခရောက်သွားဒါမို့ ဒုက္ခသစ္စာပဲလို့သာ ဆုံးဖြတ်ချက်ချကြ။

ဒီသဘောအတိုင်းပဲ၊ မြင်စိတ်လာ ချုပ်သွား၊ နောက်တစ်စိတ် အစားထိုး၊ ကြားစိတ် ပေါ်လာချုပ်သွား၊ နောက် စိတ်တစ်ခုက အစားထိုး၊ စိတ်တစ်ခု ပေါ်လာ ဖျပ်ဆို သေပြီး အစားထိုးတာပဲ၊ ရိပ်မိကြပြီလား၊ စိတ်တစ်ခု ပေါ်လာပြီး ဖျပ်ဆို အစားမထိုးရင် သုဿန် ရောက်မယ် ဆိုတာ မှတ်ကြ၊ အစားထိုးတာ သဘောပေါက်ရင် နောက်စိတ် အစား ထိုးလာလို့ မသေသေးတာပဲဆိုတာ ရိပ်မိကြမယ်၊ ဒကာ ဒကာမတွေ ဒီ အစားထိုးစိတ်နဲ့သာ အသက်ရှင်နေ ကြရဒါဘဲ၊ အစားထိုးရပ်တာနဲ့ သေမှာနဲ့ တစ်ချက်ထဲဘဲဆိုတာ မှတ်လိုက်ကြ။

ကြားစိတ်ပေါ် ဖြစ်ပြီးပျက်၊ ဘုရားရှိခိုးနေတဲ့ လူတစ်ယောက် ဖျပ်ဆို ပျောက်သွား ဒါပါဘဲ၊ အသံချုပ် ကြားစိတ် ချုပ် ကြည်ညိုစိတ် ချုပ် ချုပ်ပြီး ပျောက်သွားပဲ။

**"ဒီရုပ်ဓမ္မ နာမ်ဓမ္မကလေးတွေ ပေါ်တာ ပျက်မလို့ ပေါ်လာတာ၊ ဖြစ်ဖြစ်ပြီး ပျောက်ပျက် သွားတာဟာ ဒုက္ခရောက်တာပဲ၊ ဒီလို ဓမ္မမျိုးတွေ**

**ပေါ်သမျှဟာ ဒုက္ခ ရောက်ဖို့ ချည်းပဲဆိုတာသာ မှတ်လိုက်ကြ"** ပဋိစ္စ သမုပ္ပါဒ်တန်း လေသမျှဟာ ဒုက္ခသစ္စာချည်းပဲ၊ ဒုက္ခရောက်ဖို့ချည်းပဲ၊ ရိပ်မိကြရဲ့လား၊ ဒီဟာတွေ အဆက်မပြတ်လို့ တဏှာ၊ ဉပါဒါန် ကံ၊ ကမ္မဘဝ ပစ္စယာ၊ ဇာတိလာလည်း ဒုက္ခသစ္စာပဲ။

သံသရာကြောမှာ ဒီနည်းနဲ့ မျောခဲ့ မြုပ်ခဲ့ ရတာအစကို မထင် နိုင်ဘူး ဒီဒုက္ခတန်းကြီးကို ပြတ်ချင်ပေမဲ့လဲ ဖြတ်တတ်ဖို့ အရေးက လိုသေးတယ်။

ဒါကြောင့် နောက်က ဒုက္ခရောက်မယ့် တရားမလာအောင် ပေါ်တဲ့ တရားကို ဖြစ်ပျက်ရှုချ၊ ကြားစိတ်၊ သဘောကျစိတ်၊ စွဲလမ်းစိတ် ဘာလာလာ မိအောင်ရှု၊ တစ်ခု မမိ တစ်ခုမိအောင် ရှုရမယ်၊ တစ်ခုခုမှ မမိ လိုက်ရင် ဒီကမ္မဘဝရောက်မယ်၊ ရောက်လာလည်း ဒီကံကို ဖြစ် ပျက်ရှု၊ ရှုတော့ ကံက ဖြစ်ပျက်၊ ရှုတာက မဂ်ပဲ၊ ရှုတော့ နောက်က မဂ်လာတယ်၊ မဂ်လာတော့ နောက် ဒုက္ခမဆက်တော့ဘူး၊ နောက် ဒုက္ခမဆက်တာ နိဗ္ဗာန်ပဲ။

ဒီလို ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ရှုပေးရမယ်၊ ဒီလို ရှုတာမှ မဂ္ဂင် အလုပ်၊ ဘာဝေဟဗ္ဗအလုပ်ပဲ၊ မရှုရင် မရဘူး၊ ရှုတော့ အရှုခံတရားက ဖြစ်ပျက်၊ ရှုတဲ့ ဉာဏ်က မဂ်ပဲ၊ နောက်လာမယ့် ဒုက္ခသစ္စာကို မဂ်ကဖြတ်ချလိုက်တယ်၊ ဒုက္ခတွေ အကုန်ပြတ်ပြီး နိဗ္ဗာန်ပေါ်လာတယ်၊ နိဗ္ဗာန်ဟာ ဒုက္ခပြတ်လို့ ချမ်းသာတဲ့ တရားဘဲ။

ဒီလောက်ဆို နိဗ္ဗာန်ကို အတော်အတန် ရိပ်မိကြပြီ၊ အခုဟာ အပြောနဲ့ အသိနဲ့ပဲ သဘောပေါက် ကြသေးတာ၊ အလုပ်နဲ့ရှင်းမှ ကိုယ်တိုင် ပိုင်ပိုင်နိုင်နိုင် သိကြရမယ်၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် သဘောကျလို့ ဒိဋ္ဌိကွာပြီးရင် ဝိပဿနာ ရှုကြရမယ်၊ အဲဒီလို ရှုတော့ မဂ်ပေါက်လာမယ် အရှုခံတရားက ဖြစ်ပျက်၊ ရှုဉာဏ်က မဂ်ပဲ၊

ဒါကြောင့် မဂ်နဲ့ ရှုကြ၊ ရှုရင် နိဗ္ဗာန် ပေါ်လာမှာပဲ၊ ဒုက္ခသစ္စာတွေ မလာတာ ဒုက္ခ အဆက် ပြတ်တာဟာ နိဗ္ဗာန်ပဲ။

ဒါကြောင့်မို့ နိဗ္ဗာန်ဟောမယ်ကြံရင် ပဋိစ္စသမုပ္ပါဒ် သဘော ပေါက်အောင် အရင်ပြောရတယ်၊ ပဋိစ္စသမုပ္ပါဒ် သဘောကျမှသာ နိဗ္ဗာန်ကို သဘောကျနိုင်မယ်ဆိုတာ ပြောရတာပဲ၊ မိမိသန္တာန်မှာ ပဋိစ္စသမုပ္ပါဒ် အတန်းကြီး မပြတ် လှည့်နေတာကို သိရမယ်၊ ဒီ ပဋိစ္စသမုပ္ပါဒ် စက်ကြီးဟာ ဘုရားက “ဒုက္ခက္ခန္ဓသ” လို့ ဟောတယ်။

ဝိပဿနာ ရှုနေတာဟာ ဒီဒုက္ခအစုတွေ ချုပ်ငြိမ်းအောင် လုပ်ပေး နေတာပဲ၊ ရှုမှတ်ဉာဏ် စိပ်လာလေ ဒုက္ခ ကျဲသွားလေပဲ၊ ဒီမဂ်က အားကောင်းရင် ကောင်းသလောက် ဒုက္ခအစုကို ဖြတ်တောက် ပစ်တယ်၊ ဒီမဂ်က နောက်က ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခဒေါမနဿ၊ ဥပါယာသဆိုတဲ့ ဒုက္ခတွေ ဖြတ်တောက်ပေးတာပဲ ဆိုတာ မှတ်ကြ၊ ရိပ်မိကြရဲ့လား။

ဒကာ ဒကာမတို့ ဒုက္ခချုပ်ချင်ရင် မဂ်လာအောင် လုပ်ရမယ်၊ မဂ်ကို အဆက်မပြတ်လာအောင် လုပ်နိုင်ရင် ဒုက္ခလာခွင့် မရဘူး။ ဒါကြောင့် ဝိပဿနာ မဂ်အလုပ်ကို အဖန်ဖန်ပွားရမယ်၊ အဖန်ဖန် ပွားတဲ့ မဂ်ပေါ်မှ ဒုက္ခ အဆက်ပြတ်မယ်၊ ရှင်းကြပြီလား၊ ပွားမှု အရေးကြီးတယ်၊ ပွားမှ နိဗ္ဗာန်ရမယ်၊ မပွားရင် မရဘူး ဆုတောင်းရုံနဲ့ မရနိုင်ဘူး၊ ဒါကြောင့် ဆုတောင်းသမားတွေ ဖြုတ်ကြ၊ ပွားများတဲ့ မဂ်အလုပ်လုပ်ကြ၊ ဒါမှ နိဗ္ဗာန် ရနိုင်တယ်၊ ရှင်းပြီးလား။

ဝိပဿနာ ရှုရင် ဖြစ်ပျက်မြင်ဖို့ အရေးကြီးတယ်၊ ဖြစ်ပျက်ဟာ အနိစ္စမို့ ဒုက္ခသစ္စာပဲ၊ ရှေ့ပိုင်းက ဒီဖြစ်ပျက် ဒုက္ခ သစ္စာ မြင်မှု အရေးကြီးတယ် ဆိုတာမှတ်၊ ဒုက္ခသစ္စာ မြင်မှသာ မဂ်ပေါက်မှာ၊ ရှေ့ပိုင်းက ဒီဖြစ်ပျက် ဒုက္ခ သစ္စာမြင်လို့ မဂ်ပေါ်တာပဲ ဆိုတာ မှတ်ရမယ်၊ သဘောပါပြီလား၊ ပထမ ဒုက္ခသစ္စာ မြင်ဖို့ သိဖို့ လိုတယ်၊

ပဋိစ္စသမုပ္ပါဒ် တစ်လုံးဟာလည်း ဒုက္ခသစ္စာချည်းပဲ၊ ဒါကို သိရမယ်၊ မသိရင် မရဘူး၊ ဒုက္ခကို မြင်မှ သိမှသာ ရမယ်ဆိုတာ မှတ်ကြ။

ဒကာဒကာမတို့ နိဗ္ဗာန်ရချင်ရင် ဒီဒုက္ခအစု ပဋိစ္စသမုပ္ပါဒ် ပြတ်အောင် လုပ်ရမယ်၊ ပြတ်အောင် လုပ်ဖို့ ဆိုပြန်တော့လည်း မိမိ ခန္ဓာ အစဉ်မှာ ဒုက္ခတန်းကြီး ပါလား၊ ဒုက္ခအစုကြီးပါကလား၊ ဆိုတဲ့ ဒုက္ခအမှန်သိတဲ့ ဉာဏ်ရဖို့လိုတယ်၊ အဲဒီလို ဒုက္ခအစုပဲလို့ ဉာတပရိညာ စခန်းက နေပြီး အစဉ်အတိုင်း တက်ရမယ်၊ တက်ဆို ဝိပဿနာ ရှုပြီး မဂ္ဂင်လုပ်ငန်းနဲ့ တက်ရမှာပဲ၊ ဒါကြောင့် နိဗ္ဗာန်ရချင်ရင် ပထမ ဒုက္ခသိရမယ်ဆိုတာ မှတ်လိုက်ကြ ရိပ်မိပြီလား။

ဒုက္ခမသိဘဲနဲ့ သူခနိဗ္ဗာန် ရချင်တယ်ဆိုရင် ဟုတ်ကို မဟုတ်သေးဘူး၊ ဒုက္ခဆိုတာလည်း တခြားမှာ မဟုတ်ဘူး၊ **"ဒုက္ခ သစ္စာဆိုတာ မိမိခန္ဓာမှာ ဖြစ်ပေါ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ပဲ၊ ဆိုတာ မှတ်လိုက်ကြ** ရှင်းပြီလား။

**"ပဋိစ္စသမုပ္ပါဒ် မသိတော့ ဒိဋ္ဌိ အုပ်ချုပ် ခံနေရတယ်၊ ခင်ဗျား ဒါလေးကို မြင်ဘူးသလား၊ ငါမမြင်ဘူးဘူးတဲ့၊ ဘယ်သူ့ကို သိသလား၊ ဆိုတော့ ငါမသိဘူး" တဲ့ ဘယ်နေရာ မဆို ဒိဋ္ဌိ အုပ်ချုပ်မှု မလွတ်ဘူး၊ မြင်တာ ငါမြင်တာ၊ ကြားတာလည်းငါ၊ သိတာလည်း ငါ၊ ဒီ ငါတွေ လာတာ ဒိဋ္ဌိ အုပ်ချုပ်လို့ပဲ သဘောပါကြပြီလား၊** ဒါကြောင့် ဒီ ဒိဋ္ဌိ ပြုတ်အောင် ကြိုးစားကြ၊ ပထမ ဉာတပရိညာ (သိမှု) နဲ့ ပိုင်းခြား၊ ဒုတိယ တီရဏပရိညာ(ပွားမှု)နဲ့ ပိုင်းခြား၊ တတိယ ပဟာနပရိညာ (ပယ်မှု)နဲ့ ပိုင်းခြား သိရမယ်၊ ဒီအစဉ်အတိုင်း ကြိုးစားရမယ့် အလုပ် ချည်းပဲ၊ ရိပ်မိပြီလား။

**"နိဗ္ဗာန်ရ ချင်တယ်ဆိုရင် ပဋိစ္စသမုပ္ပါဒ် ဒုက္ခသစ္စာသိပြီးမှ နိဗ္ဗာန် လိုချင်တာ အစစ်ပဲဆိုတာ သဘောပါပြီလား၊ ဘုရားရှင်က ဗောဓိပင်နဲ့ ရွှေပလ္လင် မှာ ပဋိစ္စသမုပ္ပါဒ်ကို အပြန်ပြန် သုံးသပ်တော်**

**မှုပြီး ငါနေခဲ့တာဟာ ဒုက္ခနဲ့ နေခဲ့တာ သိပြီး ဒုက္ခချုပ်လို့ ဘုရားဖြစ်တာ ပဲလို့ မိန့်တော်မူတယ်”** ဘုရားဖြစ်တာ ပဋိစ္စသမုပ္ပါဒ်ဆုံးလို့ ဖြစ်တာ၊ ဒါကြောင့် မဂ်ရချင်ရင် ပဋိစ္စသမုပ္ပါဒ် ဆုံးအောင် လုပ်ရမယ် ဆိုတာ ပေါ်ပြီလား။

ကိုင်း–ရှုနည်း ပြောကြစို့– ဒကာ ဒကာမတို့ ခန္ဓာမှာ ၊ စားချင်တဲ့ စိတ်ကလေး ပေါ်လာတယ်၊ စားချင်လို့ စားတော့ ကောင်းတယ် ဆိုတာ လာချင်လည်း လာမယ်၊ မြင်စိတ်လာလည်း မြင်တယ်၊ ကောင်းတယ်၊ ဆိုးတယ် စတဲ့ ရုပ်နာမ် အစဉ်တွေဟာ အမြဲတန်း တန်းပြီး ဖြစ်နေ တာပဲရှိတယ်၊ ဒီလို ရုပ်နာမ် အစဉ်တွေ သိမ်းတာက နိဗ္ဗာန်ခေါ်တာပဲ ရှင်းပြီလား။

အဲဒီတော့ ခန္ဓာမှာ ဘာစိတ်ပေါ်ပေါ် ပေါ်လာတာ ဖြစ်ပျက် ရှုရမယ်၊ ဥပမာ–စားချင်တဲ့ စိတ်က ပေါ်လာ၊ အစာကို လှမ်းယူ လိုက်တော့ စားချင်စိတ်ချုပ်၊ လှမ်းယူစိတ်ပေါ် စားလိုက် ပြန်တော့ စားသိစိတ် ပေါ်၊ လှမ်းယူချင်စိတ် ချုပ်၊ မျိုချတော့ စားသိစိတ် ချုပ်၊ မျိုစိတ် ပေါ်၊ အဲဒီနည်းအတိုင်း ဘာပေါ်ပေါ် တစ်ခုခု မိအောင် ရှုပေး ရမယ်၊ ရှုဉာဏ်နဲ့ ကြည့်တော့ စိတ်ကလေးတွေဟာ ဖြစ်ပြီး ပျက်တာချည်း တွေ့မြင်ရမယ် ရှင်းကြရဲ့လား။

အဲဒီလို ရှုဉာဏ်ဝင်တော့ စိတ်ကလေးက ဖြစ်ပျက်၊ ရှုတာက မဂ်ပဲ၊ ဒီဖြစ်ပျက် အစဉ်မှာ ဉာဏ်မြင်နဲ့ ပိုင်းခြားနေရမယ်၊ ရှေ့က ဖြစ်ပျက်၊ ဒုက္ခသစ္စာ၊ ဒါကို မဂ်နဲ့ ပိုင်းခြားတော့ ဒုက္ခမဆက်ဘူး၊ ဒီလို ဒုက္ခတန်း မဆက်အောင် မဂ်က လုပ်ပေးတာဘဲ၊ **“ဒုက္ခမဆက်အောင် မဂ်က လုပ်တော့ ဒီဘက်က နိရောဓပေါ်တယ်၊ အဲဒါကြောင့် ဒုက္ခနိရောဓ နိဗ္ဗာန်”** လို့ ဟောတော်မူတာလို့ မှတ်ကြ။

ဒကာ ဒကာမတို့ ဒုက္ခမှ မသိတဲ့သူဟာ ဒုက္ခလွတ်ရာ နိဗ္ဗာန်

မရနိုင်ဘူးဆိုတာ မြဲမြဲမှတ်ကြ၊ ဥပမာဆိုရင် ထောင်ကျနေတဲ့ သူဟာ သူ့ကိုယ်တိုင်က ထောင်ကျနေတာ၊ ကျမှန်းမသိရင် လွတ်ချင်တဲ့ စိတ် လာနိုင်ပါ့မလား၊ မလာနိုင်ပါဘူး၊ ဒီဥပမာ အတူပါပဲ၊ မိမိမှာ ဒုက္ခ ရှိနေတာ ဒုက္ခရောက်နေတာ ရောက်မှန်း မသိသေးရင် ဒုက္ခလွတ် လိုတဲ့စိတ် မလာနိုင်ဘူးဆိုတာ ပေါ်ပြီလား၊ ဒုက္ခမသိရင် ဒုက္ခလွတ်ရာ နိဗ္ဗာန် မရောက်နိုင်ဘူး၊ ရှင်းပြီလား။

နိဗ္ဗာန် ဆိုတာဟာ ဒုက္ခ ပြတ်သွားတဲ့ သဘော၊ ဒုက္ခတွေ ပြတ်သွားတဲ့ သဘောဟာ နိဗ္ဗာန်ပဲ၊ တစ်ချို့က နိဗ္ဗာန်ဆိုတာ ဘာမှ မရှိဘူးတဲ့၊ လေလိုဘဲတဲ့၊ ထင်မိထင်ရာ ပြောတတ်ကြတယ်၊ ဘာမှ မရှိတာ မဟုတ်ဘူး **"ဒုက္ခမရှိတာဟာ နိဗ္ဗာန်ပဲလို့ မြဲမြဲမှတ်ကြ၊ ဒုက္ခ တွေပြတ်ပြီး သုခသက်သက်သာ ရှိတယ်၊ ဒါကြောင့် နိဗ္ဗာန်ဟာ သုခ သက်သက်သာ ရှိတယ် ဆိုတာ မှတ်ထားကြ။**

ဒုက္ခကို ဘယ်လိုသိရမလဲ၊ ဆိုရင် ခန္ဓာမှာ အခုပေါ်တာကို အခု ဒုက္ခသစ္စာ လို့သိရမယ် ဆိုတာမှတ်ကြ၊ ခန္ဓာမှာ ပေါ်ဆဲကို ဒုက္ခပဲလို့ သိရမယ်၊ ဒီလို သိတော့ အခု ပေါ်တာက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ ဒါကြောင့် ပေါ်လာသမျှ ရှုပေး ဒုက္ခနောက်က မဂ်လာပါစေ၊ ဒုက္ခနဲ့ မဂ်နဲ့သာ တန်းစေရမယ် ရှင်းကြပြီလား။

## "အပါယ်လေးရပ် အိမ်ပိုင်မှတ်တရားတော်"

**ဆောင်ပုဒ်**

အတိတ် ရုပ်နာမ်၊ လွန်ပြီးမှန်၊ ရှုရန်ဘယ်မသင့်။
အနာဂတ်ရေး၊ မရောက်သေး၊ ရှုရေးမမြော်နှင့်။
ပေါ်ဆဲရုပ်နာမ်၊ ပစ္စုပ္ပန်၊ ရှုဉာဏ်တပ်တပ်ချင့်။
မရှိနောက်တွင်၊ အသိစင်၊ မြဲဖြင့်ရှုကြည့်လင့်။
အရှိအသိ၊ ကိုက်ညီဘိ၊ ရ၏ မဂ်ဖိုလ်ဆင့်။
နံနက်အားထုတ်၊ ညဥ့်မိုးချုပ်၊မြန်ဟုတ်နိဗ္ဗူခွင့်။
ခွင့်ကောင်းကြုံရ၊ မြန်ခဏ၊ မဂ်ရအားထုတ်သင့်။

ဒကာ ဒကာမတို့ အပါယ်လေးဘုံကို ဘယ်သူပို့လို့ ရောက်တာလဲ၊ အကုသိုလ်က ပို့လို့ ရောက်တာပဲ၊ ဒါက သာမာန်ပြောတဲ့ အဓိပ္ပါယ်၊ တိတိကျကျ ပြောရရင် ခန္ဓာ ငါးပါးကို ငါထင်လို့ ရောက်တာ၊ ခန္ဓာငါးပါး ငါထင်တဲ့ သက္ကာယက ပို့လို့ ရောက်တာပဲဆိုတာ မှတ်ကြ။

**"ဒီသက္ကာယ ဒိဋ္ဌိမပြုတ်ပဲနဲ့ ဝိပဿနာ အားထုတ်ပေမဲ့လည်း အားနည်းတဲ့ ဝိပဿနာမို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အနန္တရ သတ္တိနဲ့ ကျေးဇူးပြုမယ့် ဝိပဿနာ မဖြစ်နိုင်ဘူး၊ အားနည်းတဲ့ ဝိပဿနာ ဖြစ်နေရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရနိုင်ဘူး ဆိုတာ မှတ်ကြ၊ ဒါကြောင့် ဝိပဿနာ မရှုခင် ဒီသက္ကာယ ဒိဋ္ဌိကို အရင်ဖြုတ်ပစ်ရမယ်၊ ဒိဋ္ဌိပြုတ်ပြီးမှသာ ဝိပဿနာ ရှုကြရမယ်ဆိုတာ မှတ်လိုက်ကြ။**

ဝိပဿနရှုမှုနဲ့ သက္ကာယဒိဋ္ဌိ ပြုတ်မှု နှစ်ခုမှာ၊ သက္ကာယ ဖြုတ်မှုကို အရင်ထားရမယ်၊ ဝိပဿနာ ရှုမှုကို နောက်ထားရမယ်၊ သက္ကာယ ဖြုတ်မယ်ကြံရင် ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို အရင် သိအောင် လုပ်ပါလို့ ပြောရတာပဲဆိုတာ မှတ်ကြပါ။

ဥပမာ–ငါထမင်းဆာလိုက်တာ ဆိုပြီး စိတ်ကို ငါလုပ်ပြီး သက္ကာယ စွဲလိုက်တယ်၊ စိတ်ကို ငါလုပ်ပြီး သက္ကာယ စွဲမိတော့ အနာကြီး နာကြရတယ်၊ "ဝိညာဏ် အတ္တတော သမနုပဿတိ"လုပ်လိုက်တာပဲ၊ **"စိတ်ဟာ စိတ်ပဲ ငါမဟုတ်ဘူးဆိုတာ မှတ်လိုက်ကြ"** တို့က ဒီတင် မရပ်သေးဘူး စားချင်တယ် မစားရ မနေနိုင်ဘူးတဲ့၊ ထပ်ကဲလာ ပြန်တယ်၊ စားချင်တုန်းက တဏှာ၊ မစားရ မနေနိုင်ဘူး ဆိုတော့ ဥပါဒါန် လာတာပဲ၊ သဘောပါကြပြီလား။

စားချင်တာက တဏှာ၊ မနေနိုင်တာက ဥပါဒါန်၊ ဟင်းယူခဲ့ပါဟ ဆိုတော့ ကာယကံ၊ ဝစီကံ၊ မနောကံ ဒီကမ္မဘဝ သုံးခု လာတာပဲ၊ လှမ်းယူလိုက်တော့ ကာယကံနဲ့ ငါစားဖို့ ငါယူတာဆိုပြီး ဒိဋ္ဌိ ဖြစ်သွား တော့တာပဲ၊ ဒီအထဲမှာ ဓမ္မအစဉ် စိတ်အစဉ်တွေပဲ ပါတယ်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါဆိုတာ ပါသလား၊ မပါပါဘူး၊ ရှင်းကြရဲ့လား၊ ဒါကို ငါလုပ်တော့ ဒကာတို့ဟာက စားရင်းက အပါယ် သွားနေတာဘဲ ဆိုရင် မှားသလား၊ မမှားပါဘူး ဉာဏ်နဲ့ ကြည့်ကြ။

ဒကာတို့ဟာက ကိုယ့်သန္တန်မှာ ထွင်းဆာတာ အလွဲသုံးစား လုပ်နေကြလို့ ပြောရတာပဲ၊ ရိပ်မိကြရဲ့လား၊ သေသေချာချာ ဉာဏ်နဲ့ ကြည့်တော့ စားချင်စိတ်ဟာ စားချင်တာဘဲ ရှိတယ်၊ စွဲလမ်းတာ မပါဘူး၊ စားချင်တာဟာ စွဲလမ်းတာ မဖြစ်နိုင်ဘူး၊ ဒီဓမ္မ သဘာဝ တွေဟာ သူ့အလုပ်နဲ့ သူချည်းပဲ၊ ဒီထဲမှာ ငါမပါ၊ သူမပါ ဆိုတာ မှတ်လိုက်ကြ ရှင်းကြပြီလား။

စားချင်တာရယ် စွဲလမ်းတာရယ်၊ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ တောင်းတာရယ် သူ့အလုပ်နဲ့ သူသက်သက်ချည်းပဲ၊ တစ်ခု ချုပ်ပြီးမှ တစ်ခုဖြစ်ရတာ နှစ်ခုပြိုင်ပြီးလဲ မဖြစ်ဘူး၊ ဒီအထဲမှာ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ ဆိုစရာလဲ မပါဘူး၊ ရုပ်ဓမ္မ နာမ်

ဓမ္မတွေ အကြောင်းနဲ့ အကျိုး ဆက်ပြီးဖြစ်ပျက် သွားတာပဲ ရှိတယ်။

စားချင်စိတ်ကလေး ပေါ်လာပြီး ၁ ဆိုပြီး ၂ ဆို ပျက်သွားတာပဲ၊ သူ့သက်တန်းဟာ ၁နဲ့ ၂ပဲရှိတယ်၊ ဟဒယ ဝတ္ထုပေါ်မှာ ပေါ်လာပြီး နောက် စိတ်တစ်ခု အစားထိုးခဲ့တယ်၊ ၂ ဆိုပြီး ချုပ်တော့ စွဲလမ်းတာ အစားထိုးခဲ့တယ်၊ စွဲလမ်းစိတ်ဟာ စားချင်စိတ်က အစားထိုး ထားခဲ့ တာပဲ ဆိုတာ ရှင်းကြပြီလား၊ အဲဒီတော့ စွဲလမ်းစိတ်ဟာ စားချင်စိတ်က အကြောင်းပြုထားခဲ့တာ ပဲဆိုတာ မှတ်လိုက်ကြ။

စားချင်စိတ် ချုပ်တော့ သူက ချုပ်သာ သွားပေမဲ့၊ သူ့သတ္တိ ချန်ခဲ့တယ်၊ သူ့သတ္တိ အကြောင်းကြောင့် အကျိုးလေးဆက် ထားခဲ့တယ် ဆိုတာ မှတ်ကြ၊ အဲဒီလို တစ်ခုနဲ့ တစ်ခု အကြောင်းအကျိုး ဆက်တာ ကို သိသဖြင့်လဲ ဥစ္ဆေဒ ဒိဋ္ဌိစင်တယ်။

ဒကာ ဒကာမတို့ **"ဒိဋ္ဌိမစင်ဘဲနဲ့" ဖြစ်ပြန်ပြီ၊ ပျက်ပြန်ပြီလို့ ရှုနေပေမဲ့ မရပါဘူး"** ဒီ ဒိဋ္ဌိတွေ ရှင်းလင်းပြီးမှ စင်ကြယ်ပြီးမှ ရှုလို့ ရမယ်၊ မစင်ကြယ်သမျှ ဗလဝဝိပဿနာ မဖြစ်လို့ မရနိုင်ဘူး ဆိုတာ အသေအချာ မှတ်လိုက်ကြ၊ ဒီ ဒိဋ္ဌိတွေ စင်ဖို့ကလည်း ပဋိစ္စသမုပ္ပါဒ် နားလည်အုံးမှ၊ ဒါနားလယ်ပြီးမှ ဒိဋ္ဌိ ရှင်းမယ်၊ "ပဋိစ္စသမုပ္ပါဒ်ဆိုပေမဲ့ စာပဋိစ္စသမုပ္ပါဒ် မလိုဘူး၊ ဒါနဲ့ မရသေးဘူး၊ ခန္ဓာပဋိစ္စသမုပ္ပါဒ် ကိုဆိုတာ၊ ခန္ဓာမှာ အခုပေါ်တာ အခု နားလယ်ရမယ်" ကျေနပ်ပြီလား။

ဒကာ ဒကာမတို့ အဝိဇ္ဇာ သင်္ခါရတို့ဟာ အတိတ်ဘဝက ဖြစ်ခဲ့တာ ခုမရှိဘူး၊ ခု မပေါ်ဘူးလို့ မှတ်ထားကြ၊ ဒီအဝိဇ္ဇာ၊ သင်္ခါရနဲ့ မဆိုင်ဘူး၊ ရှုရမှာက အခု ပေါ်တာ အခု ရှုရမှာ၊ အခုပေါ်တာ အခု မိရမယ်၊ အခု ခန္ဓာမှာ ပေါ်ဆဲ၊ ပေါ်ဆဲမှာ ဉာဏ်နဲ့ မိအောင် ရှုပေးရမယ်၊ ရှင်းကြပြီလား၊ ဉာဏ်နဲ့သာ မလွတ်အောင်၊ ခြားစိက်

မဝင်နိုင်အောင် လုပ်နိုင်ကြရင် ညကအားထုတ်ရင်၊ မနက်မှာ ရမယ်ဆိုတာ သေသေ ချာချာ မှတ်ကြပေတော့။

ပစ္စုပ္ပန်တည့်တည့်မှာ ရှုနေရမှာ၊ ခန္ဓာက သူ့သဘော သူဆောင်နေတဲ့ အရှိနောက်က မိမိရဲ့ အသိလိုက်ရမယ်၊ ဝိပဿနာ ရှုတဲ့ နေရာမှာ အတိတ်က ရုပ်နာမ်နဲ့လဲ မဆိုင်ဘူး၊ မနေ့ကဟာတွေနဲ့ မဆိုင်ဘူး၊ အတိတ် ရုပ်နာမ်တွေက ဖြစ်ပြီး ပျောက်ကုန်ကြပြီမို့ ရှုစရာ မလိုဘူး၊ အနာဂတ် ရုပ်နာမ်တွေနဲ့လည်း မဆိုင်ဘူး၊ အနာဂတ် ရုပ်နာမ်တွေက မဖြစ်ကြသေးဘူး၊ အနာဂတ် ရုပ်နာမ်ကို မဖြစ်သေးတာ မို့လဲရှုစရာ မဟုတ်ဘူးလို့ မှတ်ကြ၊ **"ဝိပဿနာ ရှုရမှာက အခု ခန္ဓာမှာ ပေါ်ဆဲ-ပေါ်ဆဲဖြစ်တဲ့ ရုပ်နာမ်ပေါ်မှာ ပစ္စုပ္ပန်တည့်အောင် ရှုမှတ်ရမှာပဲဆိုတာ မှတ်လိုက်ကြ။**

အခု စားချင်စိတ် ပေါ်ရင် အခု ဉာဏ်နဲ့ လိုက်ပေး၊ စွဲလမ်းစိတ် ပေါ်လည်း ဉာဏ်နဲ့လိုက်၊ ဘယ်စိတ်လာလာ ဉာဏ်နဲ့သာ လိုက်ရမယ် "အရှိနောက်က အသိကိုက်ပါစေ" အရှိနောက်က အသိကိုက်ရမယ် ဆိုတာ မှတ်ထားကြပါ၊ ဒါမှ အရှိနဲ့ အသိ ပစ္စုပ္ပန် ဘိုက်ဆိုင်မယ်၊ ရှင်ဆန္ဒကို ရှင်အာနန္ဒာက ဒီနေရာမှာ အသေအချာ ဟောတယ် **"အခု ဖြစ်ဆဲပစ္စုပ္ပန် ဆတ်ဆတ်မှာ ခန္ဓာပဋိစ္စ သမုပ္ပါဒ် နားလယ်ရမယ်၊** ဒါနားမလယ်ရင် ဒိဋ္ဌိမပြုတ်ပဲ ဝိပဿနာ ရှုလို့ နိဗ္ဗာန်မရဘူး" တဲ့။

ဆာတယ် ဆိုတော့ စားချင်စိတ်ပေါ် တဏှာလာတာပဲ၊ ဒီတဏှာကိုဖြစ်ပျက် ရှုပေး၊ ရှုပေးတော့ တဏှာ ချုပ်ပြီး မဂ်ပေါ်လာတာပဲ၊ တဏှာချုပ်တော့ တဏှာနိရောဓာ နိဗ္ဗာနံ၊ နိဗ္ဗာန်ပါ ပေါ်လာတယ်၊ သဘောပါကြရဲ့လား၊ ဒါကြောင့် ပေါ်လာရင် ရှုဉာဏ်လိုက်ပေးရမယ် ဆိုတာ မှတ်လိုက်ကြ၊ **"ရှုဉာဏ်လိုက်တဲ့ မဂ္ဂင်အလုပ်က ဆန်လမ်း၊ ဆန်လမ်း လိုက်မှ ဒုက္ခကင်းမယ်၊ ဒုက္ခ ကင်းချင်ရင် ချမ်းသာ ကြိုက်တာ မှန်ရင် ဒီဆန်လမ်း ဖြစ်တဲ့ မဂ္ဂင်လမ်း ကြိုးစားရမယ်"**

**စိတ်တွေ လာသမျှ အောက်ကိုသာ စုန်လေ့ရှိတယ်၊ မေ့လျော့ပေါ့တန်ပြီး အမှတ်မဲ့ နေမိရင် စုန်ရဖို့ အပြင်မရှိဘူး၊ စုန်လမ်းက အပါယ်လေးပါး ဆိုတာ ဆုံးဖြတ်ချက်ချကြ။**

ရေစုန်နဲ့ ရေဆန် လှေလှော်ရာမှာ ကြည့်ပါ၊ ဘယ်ဟာက ပိုပြီး ခက်သလဲ၊ ရေစုန်က ထိုင်လိုက်ရုံနဲ့ ရတယ်၊ ရေဆန်ကျတော့ အားအင်ကို အင်မတန် ထုတ်ပြီး လှော်ရတယ်၊ ဒီသဘော အတိုင်းပဲ ဒကာတို့ တတွေလဲ တရားနာ သွားဖို့ ဆိုတော့ မရဘူး၊ ပွဲသွားကြစို့ဆိုတော့ ရတယ်၊ ကြပ်ကြပ် စဉ်စားကြ၊ နိဗ္ဗာန်လမ်းဆိုတာ ဆန်လမ်း၊ အတော်ခဲခဲ ရင်းရင်း အစွမ်းကုန် အားထုတ်ပြီး ကြိုးစားနိုင်မှ တော်ရုံကျမယ်။

ဥပမာ–အိမ်မှာ စိတ်မချစရာတွေး လုံးလေး တစ်ခုပေါ်ကယ် ဆိုပါတော့ အိမ်မှာ ထားခဲ့တဲ့ ပစ္စည်းတစ်ခုအတွက် ရန်သူမျိုး ငါးပါးကို စိတ်မချရတဲ့ တွေးလုံးကလေး ဆိုကြပါစို့၊ စိတ်မချနိုင်တဲ့ ပစ္စည်း လေးဟာ အခုကိုယ့်ရှေ့မှာ ရှိနေသလား၊ မရှိဘူး၊ မြင်နေရတာလား၊ မဟုတ်ပါဘူး၊ ဘာလို့ ပေါ်လာတာလဲ၊ ကြံလိုက်လို့ တွေးလိုက်လို့သာ ပေါ်လာတာပဲ၊ ရှင်းရဲ့လား။

အဲဒီတော့ "မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိမနောဝိညာဏံ" မနော အကြည် ကလေးက ကြံတွေးစရာ အာရုံကလေးဘက် လှည့်လိုက်မိတော့ မနော အသိစိတ်ကလေး ပေါ်လာတယ်၊ ဒီနောက်ဆက်ပြီး "တိဏ္ဏံ သင်္ဂတိဖဿော၊ ဖဿပစ္စယာ ဒေါမနဿဝေဒနာ၊ ဒုက္ခဝေဒနာ" သုံးခု ပေါင်းဆုံမှု ဖဿဖြစ်ပြီး နောက်က စိတ်မချနိုင်တဲ့ ဝေဒနာ လာတာပဲ၊ ရိပ်မိကြ ပြီလား။

စိတ်မချတဲ့ ဝေဒနာနောက်က "အိမ်ပြန်ဦးမှ ထင်ပါရဲ့" ဆိုပြီး အိမ်ပြန်ချင်တဲ့ စိတ်ကလေး ပေါ်လာတယ်၊ အဲဒီတော့ ဝေဒနာ ပစ္စယာ တဏှာပဲ၊ ပေါ်ကြပြီလား၊ ဒီနေရာမှာ ဒကာ ဒကာမတွေက "နောက်ပိုင်း

စိတ်မချတဲ့" သောကလေး တခုကို ကြည့်ကြ၊ သောကဆိုလဲဟုတ်၊ ဒေါသဆိုလဲဟုတ်၊ ဒေါမနဿဆိုလဲ အတူတူပဲ၊ ဒီသောကလေးဟာ ဘာကြောင့် ပေါ်လာသလဲ။

ဒီစိတ်ကလေးဟာ စိတ်မချစရာ ပစ္စည်းနဲ့ ကြုံတွေး စိတ်မနော အကြည် ဒီသုံးခု ပေါင်းဆုံပြီး ကျေးဇူး ပြုလိုက်လို့သာ ပေါ်လာရတာပဲ၊ ရှင်းကြရဲ့လား။ လိုရင်းကတော့ အနီးဆုံး အကြောင်းက "ဖဿ"ပါပဲ၊ ဖဿဆိုတော့ ဘယ်ဟာလဲဆိုပြန်တော့ မနော အကြည်၊ တွေးစရာ အာရုံ တစ်ခုခုနဲ့ ကြုံတွေးစိတ် သုံးခု ပေါင်းတဲ့ သဘောဘဲဆိုတာ မှတ်ရမယ်။

အဲဒီတော့ အခု ပေါ်လာတဲ့ "သောက" ဆိုတဲ့ "ဝေဒနာ" စိတ်ကလေးဟာ ဖဿကြောင့် ပေါ်လာတာ၊ ဖဿမရှိရင် မပေါ်နိုင်ဘူး၊ ဖဿက အကြောင်း၊ သူကအကျိုး ရှင်းပြီနော် – နောက်စိတ်မချလို့ အိမ်ပြန်ချင်တဲ့ စိတ်ပေါ်လာတော့ သူက မရှိတော့ဘူး၊ ချုပ်သွားပြီ၊ သူက ပြန်ချင်တဲ့စိတ် "တဏှာ" ကို အစားထိုးလိုက်တယ်၊ သူက အကြောင်း၊ တဏှာက အကျိုးတရား။

အခုပြောတဲ့ မနောအကြည် တွေးစရာ အာရုံတွေးစိတ်၊ ဖဿ၊ ဝေဒနာတွေ ထဲမှာ သူလည်းမပါ၊ ငါလည်းမပါ၊ ပုဂ္ဂိုလ် သတ္တဝါဆိုစရာ မရှိ၊ ဓမ္မတွေချည်းပဲလို့ သိမြင်တဲ့ အတွက် သက္ကာယ ဒိဋ္ဌိစင်တယ် ဆိုတာ မှတ်ကြ၊ ဒီ ဓမ္မတွေဟာ ငါမဟုတ်လို့ ပျက်တာပဲလို့ မြင်ရင်လည်း သက္ကာယ စင်ပြန်ပြီ။

မခိုင်မြဲလို့ ပျက်တာပဲလို့ သိရင်သဿတ ဒိဋ္ဌိစင်တယ်၊ ပထမဟာ ချုပ်လို့ နောက်တစ်ခုပေါ်၊ အရင်တရားက ကျေးဇူးပြုလို့ နောက် အကျိုးတရား ပေါ်တာပဲလို့ သိမြင်ပြန်တော့ ဥစ္ဆေဒ ဒိဋ္ဌိပါစင်သွားတယ်၊ ဒကာ ဒကာမတွေ ရှင်းကြရဲ့လား၊ ဒီလို အစိပ္ပါယ် သဘောကို

ရှင်အာနန္ဒာ ကရှင်းလင်းပြီး ဟောပြလိုက်တယ်လို့ မှတ်ကြရမယ်၊ အဲတာကို ပဋိစ္စသမုပ္ပါဒ် ကျိုးကြောင်းစဉ်ဆက် ဖြစ်ပုံ၊ ချုပ်ပုံ ရှင်းလင်း ပြလိုက်မှ ရှင်ဆန္နဉာဏ်ရှင်လင်း စင်ကြယ်သွားတယ်။

ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ် ပြတ်တာကို မြင်တော့ ဒိဋ္ဌိစင် သွားတယ်၊ ပျက်တာမြင်လို့လည်း သဿတနဲ့ သက္ကာယပါစင်သွား တယ်ဆိုတာ မှတ်ကြရမယ်၊ ရှင်ဆန္နဟာ ဖြစ်တာမြင်လို့ ဉစ္ဆေဒစင်၊ ချုပ်တာ မြင်လို့ သဿတနဲ့ သက္ကာယ စင်တာဆိုတာ ရှင်းကြပြီနော်။

ရှင်အာနန္ဒာက ရှင်ဆန္နကို ဆက်ပြီး မေးခွန်း ထုတ်ပြန်တယ်တဲ့၊ "ငါ့ရှင်ဆန္န ဒီလို ကြည့်လို့ ဒီလို မြင်ရတော့ ဘာကို စွဲသတုံးလို့ မေးတော့ အဲဒီတော့မှ ရှင်ဆန္နက "ဒီလိုမြင်ရတော့" "ငါ" ကလေး ပြုတ်သွားပါတယ်၊ စွဲစရာ မရှိပါဘူး၊ ဒုက္ခခန္ဓသဿသမုဒယောနဲ့ နိရော ဓောပဲ ရှိတယ်၊ ငါ သူတပါး၊ ပုဂ္ဂိုလ် သတ္တဝါ ဆိုစရာ မရှိပါဘူး၊ ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခ ချည်းပဲ ရှိပါတယ်။

ဒီခန္ဓာ ပဋိစ္စသမုပ္ပါဒ် အစဉ်ဟာ ရှေ့ဒုက္ခပြီးရင် နောက်ဒုက္ခပဲ ပေါ်တာဘဲ ရှိပါတယ် ဘုရားလို့ ပြန်ပြီး လျှောက်ထားတယ်။

ရှင်ဆန္နက ဆက်ပြီး လျှောက်ထားပြန်တယ် "အရှင်ဘုရား ခန္ဓာရုပ်နာမ် အစဉ်ဟာ ချုပ်ပြီးရင်း၊ အစားထိုး လာရင်း၊ ချုပ်ပြီးရင်း၊ အစားထိုးလာရင်းနဲ့ ဒုက္ခချုပ်၍ ဒုက္ခဖြစ်တာဘဲ ရှိပါတယ်၊ ဒီနှစ်ခု ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခမှ တစ်ပါး ဘာမှ မရှိပါဘူး ဘုရား၊ ဒီလို မြင်တာဟာ သူများ ပြောမဟုတ်ပါဘူး၊ ဉာဏ်နဲ့ ကိုယ်တိုင်မြင်လို့ ကိုယ်တိုင် သိရတာပါဘုရားလို့ လျှောက်ထားတယ်။

ဒကာဒကာမတို့ ကိုယ့်ခန္ဓာ ပေါ်လာတာကို နောက်ကဉာဏ်နဲ့ ကြည့်ရင်၊ ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခဘဲမြင်ရမယ်၊ ဒီလို အကြည့်များလို့ အမြင်များလာရင် အချိန်က မကြာပါဘူး၊ "သြော် -- ကိုယ့်အသက်ဘင်း

ဟာဒါပဲရှိသကိုး”လို့ သိပါမယ်၊ ရိပ်မိကြပြီလား။

ဒီလို သိလာတော့ ဝမ်းနည်း ဝမ်းသာ မရှိ၊ သူ့အတွက် တောင့်တ မှုကြောင့်ကြမှု မရှိ၊ ဒီရုပ်–နာမ် ဖြစ်ပျက် သင်္ခါရ အပေါ်မှာ လစ်လျူ သဘောထား နိုင်လာတော့တာပဲ။

ဒီသင်္ခါရလေးတွေဟာ ဖျပ်ဆိုပေါ်လာ၊ ပျက်သွား၊ ဖျပ်ဆိုပေါ် ဖျပ်ဆိုပျက်သွားနဲ့ မြင်နေရတော့ ကောင်းတာကို မမြင်မိတော့ဘူး၊ ကောင်းကယ်ဆိုတာ ဆိုစရာ မရှိပါပဲ ပါကလား၊ အားလုံး လာသမျှ ဟာ အဆိုးချည်းပါပဲကလား ဆိုပြီလား၊ ဉာဏ်အမြင် တိုးတက်လာမယ် ဆိုတာ မှတ်ကြ။

ဥပမာ–ဒကာတစ်ယောက်က ထမင်းစားချင်တယ် ဆိုတော့ စားချင်တဲ့ စိတ်ကလေး ပေါ်လာတယ်၊ စားမလို့ ထမင်းခွက် လှမ်းပြီး ယူလိုက်တော့ စားချင်စိတ်ကလေး ချုပ်သွားပြီ၊ လှမ်းစိတ်ကလေး ပေါ်လာတယ်၊ အဲဒီတော့ စားချင်စိတ် စားရပါရဲ့လား၊ မစားရဘူး၊ ဘာကြောင့်တုံး၊ ဒီစိတ်ကလေးက ဖြစ်ပြီး ပျက်သွားလို့ပဲ၊ ရှင်းရဲ့လား၊ အဲဒီတော့ စားချင်တဲ့ ဒကာတစ်ယောက်ဟာ ဒုက္ခ နှစ်ခုနဲ့ ဆုံးရှုံး ရတာပဲ၊ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခနှစ်ခုနဲ့ ဆုံးရှုံးရရှာတယ်ဆိုရင် မမှားဘူး။

စားချင်တာက တဏှာ စွဲလမ်းတာက ဥပါဒါန် စွဲလမ်းတဲ့ ဒကာဟာလည်း ဒီဒုက္ခနှစ်ခုနဲ့ ဆုံးရှုံးရမှာပဲ၊ ရိပ်မိကြပြလား၊ ကမ္ဘာဝနဲ့ အားထုတ်သူဟာထို့ အတူဆုံးရှုံးရမှာပဲ၊ ဒီတော့ လာသမျှဟာ အားလုံး ဒုက္ခချည်းပဲဆိုတာ မဂ်က သိနေရမယ်၊ **ဖြစ်တိုင်း ပျက်တိုင်း နောက်က ရှုဉာဏ်လိုက်ရင် မဂ် ပေါ်တာပဲ၊** အဲဒီ ပဉ္စင်္ဂီ က မဂ်က သိနေတော့တာပဲ၊ သဘောပါကြပြီလား။

အဲဒီ မဂ်က အရှုအမြင် ရင့်သန်လာတော့ သုခမပါဘူး ဆိုတာ ကို သိမြင်လာတယ်၊ အဲဒီလို သိမြင်တာဟာ ဒုက္ခကို ပိုင်းခြားတဲ့

ဉာဏ်ဘဲဆိုတာ မှတ်ကြ၊ ရှေ့ကဖြစ် ဒုက္ခ၊ ပျက်ဒုက္ခ နောက်ဉာဏ်က ဒုက္ခချည်းပဲလို့ ပိုင်းခြားနေတယ်၊ ဉာဏ်အမြင် ရင့်သထက် ရင့်သန်လာတော့ ခန္ဓာ တစ်ခုလုံး ပေါ်သမျှဟာ ဒုက္ခချည့်ပဲဆိုပြီး ပိုင်းခြားလိုက်တယ်၊ အဲဒီ အခါမှာ ဒုက္ခတွေ အားလုံး ဖျပ်ကနဲဆို ချုပ်ဆုံးသွားတော့တာပဲ၊ ဒကာ ဒကာမတွေ သဘောပါကြရဲ့လား။

ဒုက္ခသစ္စာ တစ်ခုထဲကို ပိုင်းခြားနေတာနဲ့၊ သစ္စာလေးချက် တစ်ပြိုင်နက် ကိစ္စပြီးတယ်ဆိုတာ မှတ်ကြ။

ချုပ်ဆုံးသွားတဲ့ ရုပ်နာမ် ဖြစ်ပျက်တွေက --- ဒုက္ခသစ္စာ
ချုပ်ဆုံးသွားတာ သိတဲ့ဉာဏ်က --- မဂ္ဂသစ္စာ
ချုပ်ဆုံးသွားတဲ့ နေရာမှာပေါ်လာ --- နိရောဓသစ္စာ
ဒါက
နောက်လာမဲ့ အကြောင်းတရားတွေ သေဒါက --- သမုဒယသစ္စာ

ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာ မြင်တဲ့ ဉာဏ်အမြင်ဟာ သူများပြောမဟုတ်ဘူး သံန္ဒိဋ္ဌိကောလို့ ဆိုတဲ့ အတိုင်း ကိုယ်တိုင် ကိုယ်ကျ မြင်တဲ့ အမြင်ပါပဲ၊ အဲဒါ ကြောင့် ဒကာ ဒကာမတို့ ကိုယ်တိုင် ဉာဏ်နဲ့ မြင်အောင် ကြိုးစားလိုက်ကြ၊ ကိုယ်တိုင်မြင်ဖြစ်အောင် အားထုတ်ကြ၊ အားထုတ်လို့ ကိုယ်တိုင်မြင်ရင် သောတာပန် အမြင်ဘဲဆိုတာ ဆုံးဖြတ်ချက်ချလိုက်တော့ သဘောပါကြပြီလား၊ ကဲကြိုးစားလိုက်ကြတော့။

## "ဗြဟ္မစရိယံအေးနိဗ္ဗာန်တရားတော်"

ဒကာ ဒကာမတို့ လူမိုက်နဲ့ လူလိမ္မာ ခွဲခြားပြီး ပြောမယ်၊ လူမိုက်က ကိလေသာ အမှောင်ထုထဲမှာ နေ၊ ဒီထဲမှာ သေသွား၊ နောက် အမှောင်ထဲ ပြန်ရောက်၊ လူလိမ္မာကတော့ ကိလေသာ အမှောင်က လွတ်မြောက်လို့ အလင်း နိဗ္ဗာန်ကြီးကို ရောက်သွားတော့တယ်။

အလင်းထဲ ရောက်ချင်ရင် အခု ပြောမဲ့ မဂ္ဂဗြဟ္မစရိယ အကျင့်ကို ကျင့်ကြရမယ်၊ ဆိုတာ မှတ်လိုက်ကြ၊ မဂ္ဂဗြဟ္မစရိယ အကျင့်ဆိုတော့ မရှင်းပဲ ဖြစ်နေရင် မဂ်အကျင့်ပဲလို့ မှတ်ကြ **"မဂ်အကျင့်ဆိုတာ သမ္မာဒိဋ္ဌိအလုပ်၊ ဝိပဿနာ အလုပ်လုပ်ဖို့ပါဘဲ"**

သမ္မာဒိဋ္ဌိ (အမှန်မြင်တဲ့) အလုပ်ဆိုတော့ သမ္မာဒိဋ္ဌိက ငါးမျိုး ရှိတယ်၊ ဒီငါးမျိုးထဲကမှ လုပ်ရမယ့် ဟာရယ်၊ ပွားများရမယ့် ဟာရယ်လို့ နှစ်မျိုးနှစ်စား ကွဲပြားသေးတယ်၊ အဲဒီတော့ သူ့နေရာမှာသူ ခွဲခြားပြီး မှတ်ဖို့လဲ လိုသေးတယ်လို့ မှတ်ရမယ်၊ သမ္မာဒိဋ္ဌိ ငါးမျိုးဆိုတာက –

(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိ။
(၂) ဈာန သမ္မာဒိဋ္ဌိ။
(၃) ဝိပဿနာ သမ္မာဒိဋ္ဌိ။
(၄) မဂ္ဂ သမ္မာဒိဋ္ဌိ။
(၅) ဖလ သမ္မာဒိဋ္ဌိ၊ လို့ ငါးမျိုးကို ခွဲခြားပြီး မှတ်ကြ။

မဂ္ဂဗြဟ္မစရိယ အကျင့်ဆိုတာ၊ သမ္မာဒိဋ္ဌိ အလုပ်ပါပဲ၊ ဘယ် သမ္မာဒိဋ္ဌိမျိုးလဲ ဆိုတဲ့ အချက်ကို ဝေဖန်ရမယ်၊ ဆန်းစစ်ရမယ်။

**(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိ** ။ ။ ဆိုတာက ကောင်းတာ လုပ်ရင် ကောင်းကျိုးပေးမယ်၊ မကောင်းတာ လုပ်ရင် မကောင်းကျိုး ပေးမယ်လို့ ကံ၊ ကံ၏ အကျိုးကို ယုံကြည်တဲ့ သမ္မာဒိဋ္ဌိပဲ၊ ဒီဟာက

သမ္မာဒိဋ္ဌိ ဖြစ်ပေမယ့်လို့ ဒုက္ခဝဋ္ဋ်က မကျွတ်စေဘူး၊ သူက ဘဝသမ္ပတ္တိ၊ ဘောဂ သမ္ပတ္တိပဲ ပြည့်စုံစေတယ်၊ ဆိုတဲ့ အကြောင်း အင်္ဂုတ္တိုရ်အဋ္ဌကထာမှာ ဖွင့်ပြထားတယ်၊ ဒါနဲ့ အားမကိုးလောက်သေးဘူး၊ ဒီ သမ္မာဒိဋ္ဌိနဲ့က "ဘဝပစ္စယာဇာတိ"ဆိုတော့ ဒုက္ခဝဋ္ဋ်က မလွတ်သေးဘူး ဆိုတာ မှတ်ကြရမယ်။

**(၂) ဈာနသမ္မာဒိဋ္ဌိ။** ။ ဆိုတာက ဈာန်အလုပ်ပဲ၊ ဒီဉာဏ်က ပထဝီ ပထဝီ၊ အာပေါ၊ အာပေါ စသည့်အားဖြင့် ပွားများပြီး ဈာန်ကို ရတဲ့ သမ္မာဒိဋ္ဌိပဲ၊ သမ္မာဒိဋ္ဌိတော့ ဖြစ်ပါရဲ့ ဒါပေမဲ့ သူနဲ့က ရူပဘုံ၊ အရူပဘုံ ဘဝကို သွားရမယ်၊ သူလဲ – "ဘဝပစ္စယာ ဇာတိ" ဆိုတော့ ဝဋ္ဋ်က မထွက်နိုင်သေးဘူး၊ ဒီသမ္မာဒိဋ္ဌိမျိုးက သာသနာပမှာလဲ ရှိတယ်၊ ရနိုင်တယ် ဆိုတာ မှတ်ကြ။

**(၃) ဝိပဿနာ သမ္မာဒိဋ္ဌိ ။** ။ ဆိုတာကတော့ ဝိပဿနာ မဂ္ဂင်လုပ်ငန်းပဲ၊ ဒီသမ္မာဒိဋ္ဌိ အမှန်အမြင်ဉာဏ်နဲ့ ဝိပဿနာကို ဆက်လုပ်သွားရင် နိဗ္ဗာန်တိုင်အောင် အကျိုးပေးမယ်၊ ဒကာ ဒကာမတို့ ဒီ (၃)နံပါတ် သမ္မာဒိဋ္ဌိကို မြဲမြဲစွဲစွဲမှတ်ထား ကြရမယ်၊ သူကမှ နိဗ္ဗာန် ရောက် အကျိုးပေးမှာ သူ့ကို ဆက်လုပ်သွား "ဒုက္ခနိရောဓော နိဗ္ဗာနံ၊ တဏှာနိရောဓော နိဗ္ဗာနံ"ဘဲဆိုတာ မှတ်ထားကြပါ။

ဒီ(၃)နံပါတ် ဝိပဿနာ သမ္မာဒိဋ္ဌိဟာ အထူး အရေးကြီးပါတယ်၊ ဒီခေတ် ဒီအခါမှာ ဒီဟာကို မလွတ်တမ်း ကြိုးစားရမယ်၊ ဒီဟာရှိမှ နောက်က (၄) နံပါတ် မဂ္ဂသမ္မာဒိဋ္ဌိလာနိုင်မယ်၊ (၄)နံပါတ်လာရင် ဒုက္ခဝဋ္ဋ်ကြီး ပြတ်မယ်၊ ဒီမဂ္ဂသမ္မာဒိဋ္ဌိက ကမ္မဝဋ္ဋ်တွေကို ဖြတ်ချ လိုက်တော့ ဝိပါက ဝဋ္ဋ်ကြီး မလာတော့ဘူး၊ မလာတော့ ဒုက္ခသစ္စာ၊ အကုန်သိမ်းတော့တာပဲ၊ ဒါကြောင့် (၃)နံပါတ် အရေးကြီးတယ် ဆိုတာ မှတ်ကြ။

(၃)မပြည့်စုံရင် (၄)နဲ့(၅) မပြည့်စုံနိုင်ဘူး၊ (၃)ရှိမှ (၄)နဲ့ (၅) လာနိုင်မှာ၊ ဝိပဿနာ သမ္မာဒိဋ္ဌိရှိမှသာ မဂ္ဂနဲ့ ဖလသမ္မာဒိဋ္ဌိတို့ လာနိုင်မှာပဲဆိုတာ ရိပ်မိကြပြီလား၊ ဒါကြောင့် (၃) အလုပ်ကို လုပ်ကြရမယ်၊ လုပ်ရမှာက (၃)အလုပ်၊ ဒါအရေးကြီးတယ် ဆိုတာ မှတ်လိုက်ကြ၊ ဒကာ ဒကာမတို့တွေဟာ နောက်၊ နောက်တုန်းက တာကို မသိခဲ့ မတွေ့ခဲ့ကြလို့ (၃) အလုပ် မလုပ်ခဲ့ကြဘူးလို့သာ အခုနေမှာ အိုတတ် နာတတ် သေတတ်တဲ့ ခန္ဓာကြီးနဲ့ အတူနေရတယ်၊ ခွဲခွာမရကြဘူး ဆိုတာ ဆုံးဖြတ်ချက်ချ။

ဒကာ ဒကာမတို့ ဝိပဿနာ သမ္မာဒိဋ္ဌိ အလုပ်ဟာ မဂ္ဂဗြဟ္မစရိယ အလုပ်ဘဲ၊ သမ္မာဆိုတာက အမှန်၊ ဒိဋ္ဌိက မြင်တာ၊ ဒီအလုပ်ဟာ အမှန်အကန် မြင်တဲ့ အလုပ်ပဲဆိုတာ မှတ်ရမယ် **“သမ္မာဒိဋ္ဌိ အမှန်အကန်က ဘယ်သူ့အပေါ်မှာ မြင်ရမှာတုံး” ဆိုတော့ ခန္ဓာမှာ စပြီးဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် အပေါ်မှာ မြင်ရမှာပဲဆိုတာ မှတ်ရမယ်”** စပြီးဖြစ်တာ မမိလိုက်ရင် အလယ်မှာ မိအောင် လုပ်ရမယ်၊ ဒါမှ မိအောင် မလုပ်နိုင်ရင် (၃)နံပါတ် ဝိပဿနာ သမ္မာဒိဋ္ဌိ မဖြစ်တော့ဘူးလို့သာ မှတ်ကြ။

**ဝိပဿနာ ရှုဆိုတာ စဖြစ်တဲ့ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် ပေါ်မှာ ရှုမှတ်ရမယ်” အစမမိရင် အလယ်မှာ မိဖို့ အရေးကြီးတယ်၊ တစ်ခုခုကို မိအောင် ရှုရမယ်၊ ရှုတာလွဲရင် သမ္မာဒိဋ္ဌိ မဖြစ်ဘူးဆိုတာ မှတ်ကြ။**

ပဋိစ္စသမုပ္ပါဒ်က ဘယ်အချိန်မှာ စတာတုံး၊ ဆိုတော့ “အဝိဇ္ဇာ ပစ္စယာသင်္ခါရ”နဲ့ မဆိုင်ဘူး၊ ဒီဟာက ပြီးခဲ့ပြီ၊ အတိတ်က ဖြစ်ပြီးတာမို့ သူ့ကို မရှုရဘူး၊ မဆိုင်ဘူးလို့ မှတ်ထားကြ။

**“ဝိပဿနာ ရှုရမှာက ဝိညာဏ်ကို ရှုရမှာ၊ ဝိညာဏ်မှာလဲ** အခုပေါ်လာမယ့် ဝိညာဏ်ကို ရှုရမယ်” ရိပ်မိကြပြီလား “ဝိညာဏ်က

**ခြောက်ပါး၊ ပေါ်လာတဲ့ တစ်ပါးပါးကို မိဖို့ အရေးကြီးတယ်"** ရှုတဲ့ အခါ များများ စားစား မလိုဘူး တစ်ပါးသာ အရေးကြီးတယ် ဆိုတာ မှတ်ကြ၊ ဝိညာဏ်ခြောက်ပါးဆိုတာက –

(၁) မြင်စိတ်က – စက္ခုဝိညာဏ်။
(၂) ကြားစိတ်က – သောတဝိညာဏ်။
(၃) နံစိတ်က – ဃာနဝိညာဏ်။
(၄) လျှာ(စား)စိတ်က – ဇိဝှါဝိညာဏ်။
(၅) ကိုယ်(အတွေ့)စိတ်က – ကာယဝိညာဏ်။
(၆) တွေးကြံစိတ်က – မနောဝိညာဏ်။

ဒီ ခြောက်မျိုးကို ခွဲခြားပြီး မှတ်ရမယ်၊ ဒါ အရေးကြီးတယ် ဆိုတာ ပြောလိုက်တယ်၊ မြင်စရာ အဆင်းနဲ့ တွေ့တော့ မြင်စိတ် ပေါ်လာတယ်၊ ကြားစရာ အသံနဲ့ တွေ့တော့ ကြားစိတ်လာတယ် (ဥပမာ) အခု နာရီထိုးသံ ကြားရတယ်၊ ကြားတော့ ကြားတဲ့ နားဝိညာဏ်က စတာပဲ၊ အဲဒီတော့ ခန္ဓာအစ ဝိညာဏ်က စတယ်လို့ ဆိုရတယ်၊ ဒီနေရာမှ ဝိပဿနာ ရှုစရာ အစဟာ သောတ (နား) ဝိညာဏ်က စရမယ်လို့ မှတ်ကြ။

နံတယ်ဆိုတော့ နှာခေါင်း ဝိညာဏ်၊ စားလို့ အရသာရှိတယ် ဆိုတော့ လျှာဝိညာဏ်၊ ယားတာဆိုတော့ ကိုယ်ဝိညာဏ်၊ တွေးတယ် ကြံစည် စိတ်ကူးတယ် ဆိုတော့ မနော ဝိညာဏ်၊ ဒီခြောက်ပါး လှည့်ပြီး ပေါ်ကြမှာပဲ၊ ဝိညာဏခါတ် ခြောက်ပါးကို ရှုရမှာဆိုတာ ရိပ်မိကြ ပြီလား **"ဒီခြောက်ပါးက ပဝတ္တိဝိညာဏ်ကို ပြောတာ၊ ကိုယ့်သန္တာန်မှာ ပဋိစ္စသမုပ္ပါဒ် အစဟာ၊ ပဝတ္တိဝိညာဏ်မှာ စတယ်ဆိုတာ မှတ်ထားကြ"**

ဝိပဿနာ ရှုစရာ အစဟာ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကစပြီး ရှုရမှာလို့ မှတ်ကြ၊ ဒကာ ဒကာမတို့ သတိပဋ္ဌာန်မှာ ရေးထားပေမဲ့ ဒီလောက်

ပေါ်အောင် နားမလယ်နိုင်ကြဘူး၊ နားလယ်အောင် ပြောနိုင်ဖို့ ခဲယဉ်းတယ်၊ ဒါကြောင့် အခု ပြောတဲ့ အဓိပ္ပါယ်ကို ကြိုးကြိုးစားစား မှတ်ယူကြ၊ မမှတ်မိလိုက်လို့ စာအုပ်ထဲကြည့်မှဘဲ ဆိုပြီး၊ ကြည့်ပေမဲ့ မလွယ်ဘူး ဆိုတာ ပြောလိုက်ပါတယ်။

ဒကာ ဒကာမတို့ ဥပမာ ကြားစိတ်ကလေး ပေါ်လာတယ်ဆိုရင် ဝေဒနာ သညာ သင်္ခါရနှင့်တကွ ခန္ဓာငါးပါးလုံးဟာ တစ်ခါတည်း ပါလာကြတယ် ဆိုတာ မှတ်ရမယ် "သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ'' ဆိုတော့ ဝိညာဏ်စိတ်နဲ့တွဲတဲ့ ခန္ဓာလေးပါးပေါင်း ဖြစ်ကြတာပဲ၊ ဒါပေမဲ့ ဒီထဲမှာ ထက်မြက်ကာ တစ်ခုကို ရှုရမှာဘဲ ဆိုတာ မှတ်ထားကြ၊ အများမလိုဘူး တစ်ခုထဲပြဌာန်းရာသာ ရှုကြဖို့ဘဲ။

ဝိညာဏ်ဆိုတာနဲ့ ဝေဒနာ ပါပါဘာယ်၊ သိရင်ပေါ်တာ ရွေးရှု၊ သိရုံတင်ဆို ဝိညာဏ်ရှု၊ ကောင်းမကောင်းဆိုရင် ဝေဒနာရှု။

(၃) နံပါတ် ဝိပဿနာ သမ္မာဒိဋ္ဌိ အလုပ်လုပ်မယ် ဆိုတော့ ဝိပဿနာမှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ ငါးပါးရှိတယ်၊ ဒီငါးပါးနဲ့ ဝိညာဏ်ပဲ မိမိ၊ ဝေဒနာပဲ မိမိ၊ မိရာကို ရှုရမှာ၊ ရှုတော့ မရှိတာ သိမယ်၊ **"ဥပမာ ကြားစိတ် ကလေး ပေါ်လာတယ်၊ ကြားသိဆို ချုပ်သွား၊ ဒီနောက်က ရှုတဲ့ မဂ်ပေါ်တော့ ကြားသိစိတ် ချုပ်လို့ မရှိတော့ဘူး ဆိုတာ သိရတယ်။** ဒကာ ဒကာမတွေ ချုပ်သွားတဲ့ မရှိတာကို သိအောင် လုပ်ကြရမယ်၊ အဲဒါဝိပဿနာဘဲ၊

"ခမ္မလေးတစ်ခု ပေါ်လာ မရှိ ဒါသိအောင်လုပ်၊ သိတော့ သင်္ခါရ ပျက်သွားတယ်" အားထုတ်ထားတာမို့ သင်္ခါရပဲဆိုတာ မှတ်ကြ၊ မြင်လို့ ကြည့်၊ ကြည့်တော့ မြင်စိတ် ပေါ်ရတယ်၊ အဲဒီလို မြင်စိတ် ပေါ်အောင် အားထုတ် ယူရတာမို့ **"ဒီမြင်စိတ်ဟာ သင်္ခါရလေးပဲ မြင်စိတ်ပေါ်မဂ်နဲ့ ကြည့် မရှိတာသိတယ်၊ အဲဒီကော့ သင်္ခါရသည်၊**

**အနိစ္စ ရောက်သွား ရှာတယ်လို့ မြင်တယ် သိတယ်၊ သဘောပါကြပြီလား။**

အဲဒီတော့ **"ဝိပဿနာ ဉာဏ်က သင်္ခါရ အနိစ္စရောက်တာကို မြင်တယ်" ပဋိစ္စသမုပ္ပါဒ်** စတဲ့ ဝေဒနာက္ခန္ဓာကြီး အနိစ္စရောက်တာကို ဝိပဿနာ ဉာဏ်က မြင်တယ် ဆိုရင် အမှားဘူး၊ ဒီလို မြင်တော့ **"သြော် -- ပြုပြင်လိုက် အနိစ္စရောက်လိုက်၊ ပြုပြင်လို့ ပေါ်လာလိုက် အနိစ္စ ရောက်သွားလိုက်နဲ့ ဆိုတော့ နောက်ဆုံးမှာ ဖြစ်ပျက်တင် နိဂုံးချုပ် တာပါပဲလားလို့ သိမြင်လာတော့တာပဲ။**

ဝိပဿနာ ဉာဏ်သည် သင်္ခါရတို့၏ ဖြစ်တာ ပျက်တာကို မြင်တယ်ဆိုတာဟာ သင်္ခါရ တို့ရဲ့ မရှိတာကို သိတာပဲလို့ မှတ်ကြ၊ ဘုရားက ဖြစ်ပြီး ပျက်သွားတာ ရှိလို့ ရှိတယ် ဟောတာပါ၊ မြင်တဲ့သူ ကတော့ မရှိတာပဲ တွေ့တယ်လို့သာ မှတ်လိုက်ကြ၊ ရှင်းကြရဲ့လား **"ရှုတဲ့ ဉာဏ်က သင်္ခါရလေး အနိစ္စ ရောက်သွားတာ မြင်လိုက် ရတော့ "သဗ္ဗေသင်္ခါရာ အနိစ္စာ"ဆိုတဲ့ ပါဠိတော် စကားနဲ့ ကိုက်ညီ မနေဘူးလား၊ "အနိစ္စာဝတသင်္ခါရာဆိုတဲ့" ပါဠိတော်နဲ့လဲ ညီညွတ် တယ်ဆိုတာ မှတ်လိုက်ကြ"။**

ဝိပဿနာ ဉာဏ်က အနိစ္စာဝတသင်္ခါရာချည်းပဲ ဆိုတာ သဘောပါကြပြီလား၊ ဒီလို မြင်တော့ အပွါယ်သွားစေတဲ့ သက္ကာယဒိဋ္ဌိ ပြုတ်သွားပြီ **"သင်္ခါရ အနိစ္စတွေချည်း မြင်နေတော့ ငါ သူ၊ ယောကျာ်း၊ မိန်းမ၊ မစွဲတော့ဘူး၊ မစွဲတော့ ဒိဋ္ဌိပြုတ်တာပဲ။**

**"ဖြစ်ပေါ်လာတာက သင်္ခါရ၊** ပျက်သွားဒါက အနိစ္စ၊ ဉာဏ်နဲ့ **ကြည့်တော့ မရှိတာကို ဉာဏ်က မြင်ရတယ်၊ ဉာဏ်က မြင်တော့ ပျက်သွားတာလေးဟာ သင်္ခါရလေးပဲလို့ ဆုံးဖြတ်ချက် ချလိုက်တယ်၊ ဒီတော့ ပျက်သွားတဲ့ သင်္ခါရလေးဟာ ါမဟုတ်ပါပဲကလားလို့ သိ လာတယ်၊ ဒီလိုသိတော့ သက္ကာယဒိဋ္ဌိ ပြုတ် တာပဲ၊ ဒါကြောင့် ပေါ်လာတာ**

**သင်္ခါရ၊ ပျက်သွားတာ အနိစ္စ၊ မရှိတာကို သိအောင် ဉာဏ်နဲ့ ကြည့်ပေးကြရမယ်"**

ဥပမာ – မြင်စိတ်ကလေးဟာ မျက်လုံး အကြည်နဲ့ အဆင်းတို့က ပြုပြင်လို့ ပေါ်လာတာမို့ သူ့ကို သင်္ခါရလေးပဲလို့ မှတ်ထား၊ ဒီမြင်စိတ် ဆိုတဲ့ သင်္ခါရလေးဟာ အကြောင်းနှစ်ခုက ပြုပြင်လို့ ပေါ်လာတာပဲ၊ ဒါကြောင့် သူတို့ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတာမို့ သင်္ခါရလို့ ဆိုရတယ်၊ သူ့ကို ဉာဏ်နဲ့ ကြည့်လိုက်တော့ ပျက်သွားတယ်၊ ဒီ သင်္ခါရလေး အနိစ္စ ရောက်သွားတယ်၊ ဘာကြောင့် ဒီသင်္ခါရလေး ပျက်သွားရသလဲ ဆိုတော့ မပိုင်လို့မဆိုင်လို့ပဲ၊ ရိပ်မိကြပြီလား။

**"အကြောင်း တိုက်ဆိုင်လို့ ပေါ်လာတာ သင်္ခါရ၊ မပိုင်မဆိုင်လို့ ပျက်သွားတာ သင်္ခါရ၊ အဲဒီလို ဉာဏ်နဲ့ သိရတယ်၊ အဲဒီလို သိတော့ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမလို့ စွဲနေတဲ့ သက္ကာယ ဒိဋ္ဌိပြုတ်သွား တာပဲ၊ ဒီအချက်ဟာ အလွန်ပဲ အရေးကြီးတယ်၊ သင်္ခါရ ပျက်တာ မမြင်ရင် ဒိဋ္ဌိမကျွတ်ဘူး"** ငါစွဲ၊ ငါ့ဥစ္စာစွဲ မပျောက်ဘူး၊ ဒီအစွဲ မပျောက်ဘူး၊ ဒီအစွဲမပျောက်ရင် ဒကာတို့ သေရင် လိုက်မပို့နဲ့တော့ အပါယ်တန်း သွားမယ်ဆိုတာ မှတ်ကြတော့။

**"ဘယ်စိတ်ပေါ်ပေါ် ကြည့်ပေးရမယ်၊ ပေါ်လာတာ သင်္ခါရ၊ ပျက်သွားတာ အနိစ္စ၊ ဒါကို ဉာဏ်နဲ့ မြင်ဖို့ အရေးကြီးတယ်၊ ဒွါရ ခြောက်ခုက ပေါ်လာသမျှ ဒီအတိုင်း မြင်အောင် ကြည့်ပေးကြ၊ ကြားစိတ်ကလေး ပေါ်လာလည်း ဖြစ်ပြီး ပျက်သွားတာ မြင်အောင် ဉာဏ်နဲ့သာ ကြည့်ပေးကြ၊ နှာခေါင်းက နံစိတ်၊ လျှာကစား သိစိတ်၊ ကိုယ်ကလည်း တွေ့သိစိတ်၊ မနောကလည်း ကြံစည်စိတ်, တွေးတော စိတ်တစ်ခုခုတော့ ပေါ်မှာပဲ၊ ပေါ်ရာကို မလွတ်အောင် ကြည့်ကြ"။**

ပေါ်လာတဲ့ တရားက သင်္ခါရ၊ ပျက်သွားတာက အနိစ္စ၊ ဉာဏ်နဲ့

ကြည့်တဲ့အခါ မရှိတာကို သိရမယ်၊ တစ်ခုမပေါ်ရင် တစ်ခုပေါ်မှာပဲ၊ ပေါ်ရာကို မလွတ်တမ်း ကြည့်ပေး၊ လွတ်သွားတာနဲ့ တပြိုင်နက် ကိလေသာ တောထတာနဲ့ တချက်ထဲဘဲ ဆိုတာ မှတ်ကြ၊ ဒီလို ဉာဏ်နဲ့ ကြည့်တော့ ဒါဟာ ငါမဟုတ်ဘူး၊ သင်္ခါရတရားပဲလို့ သိရမယ်၊ ဒီသင်္ခါရလေးရဲ့ အဖြစ်ကို သိတော့ အပျက်ကိုလည်း သိတော့တာပဲ၊ ရှုတဲ့ ဉာဏ်က နောက်ကနေ ဒီအတိုင်းသိ သိနေဖို့ပါ၊ ဒီလို နောက်ဉာဏ်က တွေးတာ သိမြင်တာဟာ ဝိပဿနာ သမ္မာဒိဋ္ဌိ အမြင်ပဲလို့ မှတ်လိုက်ကြ။

**"ဝိပဿနာ ရှုတယ်ဆိုတာ သင်္ခါရ တရား ပျက်တယ်လို့ သိအောင် လုပ်နေရတဲ့ အလုပ်ပဲဆိုတာ မှတ်ကြ"**

အဆင်းကြောင့် ပေါ်လာတဲ့ စိတ်၊ အသံကြောင့် ပေါ်တဲ့စိတ်၊ အနံ့ကြောင့်ပေါ်တဲ့ စိတ်၊ အချို အချဉ်ကြောင့် ပေါ်တဲ့စိတ်၊ အတွေ့ကြောင့် ပေါ်တဲ့စိတ်၊ တစ်ခုခုကြောင့် ပေါ်လာတဲ့ ဓမ္မလေးဟာ သင်္ခါရလေးပဲ ဆိုတာမှတ်၊ အကြောင်းကြောင့် ပေါ်လာတဲ့ဟာ သင်္ခါရချည်းပဲ၊ ဒီလို ပေါ်လာသမျှ သင်္ခါရဟာ အပျက်မှာချည်း လမ်းဆုံးတယ်၊ ပေါ်လာသမျှ ပျက်တာ ချည်းပဲလို့ မှတ်ကြတော့။

ဒါကြောင့် **"သဗ္ဗေသင်္ခါရာ၊ ဒကာတို့ သန္တာန် ပေါ်လာကြတဲ့ သင်္ခါရယူသမျှတွေသည် အနိစ္စာ၊ အပျက်ချည်းမှာသာ လမ်းဆုံး ကြရပေကုန်၏လို့ ဘုရားဟောတော်မူတာပဲဆိုတာ ဆုံးဖြတ်ချက်ချကြ၊ ဒီအခါ ဒကာတို့က "ယဒါပညာယပဿတိ" ဖြစ်အောင် လုပ်ကြရမယ်တဲ့ "ယဒါ၊ သင်္ခါရတရားက အပျက်ချည်းသာ ပြနေသည်၊ အကြင်အခါ၌ ပညာယ၊ ဝိပဿနာ ရှုဉာဏ်ဖြင့် ပဿတိရှုမြင်ရ၏" သူ့သဘာဝ အမှန်ကို မြင်အောင်ကြည့်ပေးကြရမယ်ကဲ့"**

"ဝိပဿနာ ဖြစ်ပျက်ကို ကြိုးစားရှုကြ၊ ဖြစ်တာ ပျက်တာ

**မြင်အောင်ကြည့်၊ ဖြစ်ပြီး မရှိဘူးဆိုတာ မြင်ရင် တော်ပြီ၊ ရှေ့ဆက်ပြီး ကြိုးစားသာ ရှုကြတော့"**

ဝိပဿနာ တရားမှသာ ဒိဋ္ဌိကိလေသာကို နိုင်နိုင်တယ်၊ ဝိပဿနာ မှသာ၊ သာသနာတွင်း တရားအစစ်မှန်တယ်၊ ဒါကြောင့် ဝိပဿနာ သမ္မာဒိဋ္ဌိဆိုတဲ့ (၃) နံပါတ် သမ္မာဒိဋ္ဌိသည် အပါယ်ကို ကျစေတတ်တဲ့ ဒိဋ္ဌိအမိုက်အမှားကို စင်ကြယ် စေတတ်တယ် ဆိုတာ မှတ်ရမယ်၊ ဒီတော့ ဝိပဿနာ ရှုတဲ့ နေ့ဟာ အပါယ်ကျစေတတ်တဲ့ ဒိဋ္ဌိအမိုက်အမှား စင်တဲ့ နေ့ပဲဆိုတာ မှတ်ကြ၊ သဘောပါကြရဲ့လား၊ ကိုင်းကြိုးစားကြ။

## “ခေါင်းဆောင်တရားသူရှေ့သွားတရားတော်”

ဒကာ ဒကာမတို့ နိဗ္ဗာန်သွားဖို့ရာ ခေါင်းဆောင်တရားဟာ– “သမ္မာဒိဋ္ဌိပဲ” ဆိုတာ မှတ်ကြ၊ **သမ္မာဒိဋ္ဌိဟာ နိဗ္ဗာန်သွားဖို့ရာ ခေါင်းဆောင် ရှေ့သွား လိုရင်းတရားပဲ၊** သူမပါရင် ဘုရားတောင် ဖြစ်ခွင့်မရှိဘူး၊ သူမပါပဲ ဘုရားမပွင့်နိုင်ဘူးဆိုတာ မှတ်ကြ၊ ဒီသမ္မာဒိဋ္ဌိကလဲ ငါးမျိုး ရှိတယ်လို့ မှတ်ရမယ်၊ ငါးမျိုးက (၁) ကမ္မသကတာ သမ္မာဒိဋ္ဌိ (၂) ဈာနသမ္မာဒိဋ္ဌိ (၃) ဝိပဿနာသမ္မာဒိဋ္ဌိ (၄) မဂ္ဂသမ္မာဒိဋ္ဌိ (၅) ဖလသမ္မာဒိဋ္ဌိ ဒီငါးမျိုးပဲ ရှိတယ်။

ခန္ဓာ ငါးမျိုးရှိပေမဲ့ ခန္ဓာတစ်မျိုးမျိုး ပေါ်မှာသာ ဉာဏ်လှည့် ရမှာ၊ ပေါ်တဲ့ အခါမှာ ငါးမျိုး ပြိုင်ပြီး မပေါ်ဘူး၊ တစ်မျိုးမျိုးသာ ပေါ်မှာမို့ ရှုတဲ့အခါ တစ်မျိုးထဲကို ရှုကြဖို့ အရေးကြီးတယ်၊ ဒါမေမဲ့ ဘုန်းကြီးကတော့ ဝိညာဏက္ခန္ဓာ (စိတ်) တစ်မျိုးကို လိုက်ကြလို့ ပြောလိုက်တယ်၊ ဝိညာဏက္ခန္ဓာမှာ ဝိညာဏ် ခြောက်မျိုးရှိတယ်၊ အဲဒီ ခြောက်မျိုးထဲကလဲ ပေါ်တဲ့ အခါ တစ်မျိုးပဲပေါ်မှာပဲ၊ တစ်ခုမပေါ် တစ်ခုကတော့ ပေါ်မှာဘဲ၊ ရှင်းပြီလား၊ အဲဒီပေါ်တာ တစ်မျိုးကို မိအောင် ရှုကြဖို့ အရေးကြီးတယ်၊ အဲတာ စိတ္တာနုပဿနာပဲလို့ မှတ်ကြ။

ဥပမာ – စက္ခုံစ ပဋိစ္စ ရူပေစဉပ္ပဇ္ဇတိ စက္ခုဝိညာဏံ။
သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။
ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။
ဇိဝှဉ္စ ပဋိစ္စ ရသေစဉပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ။
ကာယဉ္စ ပဋိစ္စပေါဋ္ဌ ဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။
မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။

၁။ မျက်လုံး အကြည်နဲ့ အဆင်းနဲ့တည့်တဲ့အခါ – မြင်သိစိတ်။
၂။ နားအကြည်နဲ့ အသံနဲ့ တည့်တဲ့အခါ – ကြားသိစိတ်။
၃။ နှာခေါင်းအကြည်နဲ့ အနံ့နဲ့ တည်တဲ့အခါ – နံ့သိစိတ်။
၄။ လျှာအကြည်နဲ့ အရသာနဲ့ တည်တဲ့အခါ – အရသာသိစိတ်။
၅။ ကိုယ်အကြည်နဲ့ အတွေ့နဲ့ တွေ့တဲ့အခါ – အတွေ့သိစိတ်။
၆။ မနောအကြည်နဲ့ ဓမ္မာရုံနဲ့ တည်တဲ့အခါ – မနောသိစိတ်။

အဲဒီလို ခြောက်မျိုး တစ်ခုမဟုတ် တစ်ခုခု လှည့်ပါတ်ပြီး ပေါ်နေကြဒါပဲ၊ ဒီဝိဉာဏ်ပြီး နောက်ဝိဉာဏ်စ ဒီဟာပြီးပြန်တော့လဲ နောက်တစ်ခု ဆက်လာနဲ့ အဆက်မပြတ် အမြဲ လှည့်ပတ် နေတယ် လို့သာ မှတ်ကြ၊ ဒီလို လှည့်ပါတ်နေတဲ့ ခြောက်ခုနဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့ ရှုရမှာ ရှုတဲ့အခါတော့ တစ်ခုပဲ ပေါ်တာမို့ တစ်ခုပဲ ရှုရမှာပါ၊ နှစ်ခု သုံးခု ပြိုင်မပေါ်ဘူး၊ ပေါ်ချင်တာ ပေါ် ဒီဝိပဿနာ သမ္မာဒိဋ္ဌိလိုက်ဖို့က လိုရင်းပဲ ဆိုတာ မှတ်ကြတော့။

ကြားစိတ်ဟာ ပဋိစ္စသမုပ္ပါဒ်အစပဲ၊ ဒါကြောင့် ဒီကြားစိတ်ကို (၃)နံပါတ်နဲ့ ကြည့်လို့ ဆိုလိုတယ်၊ စိတ်ကလေးပေါ်လာ (၃)နဲ့ ကြည့်တော့ မရှိတာကို သိမယ် **“ဉာဏ်က မရှိတာကိုပဲ သိရမယ်၊ မရှိတာကို သိတာဟာ ကြားစိတ်ကို သိဟာ မဟုတ်ဘူး ခန္ဓာကို သိတာလဲမဟုတ်၊ မရှိတာကိုသာ သိတာပဲလို့ မှတ်လိုက်ကြ”။**

**“ဒီလို သိတော့ ဒကာ ဒကာမတို့ သုံးသည့် ခန္ဓာကိုလည်း စွန့်တယ်၊** တဏှာကိုလည်း စွန့်တယ်၊ **“ဒီဝိပဿနာ ဉာဏ်က ခန္ဓာကို မတွေ့ဘူး၊ မရှိမှုဘဲတွေ့တယ်၊ ဒီတော့ ဝိပဿဿနာ သတ္တိဟာ မရှိတာကို သိတယ်ဆိုတာ မှတ်လိုက်ကြ၊ မရှိတာက ဘယ်သူလဲ၊ ဝိညာဏက္ခန္ဓာပဲ၊ ရှင်းပြီလား၊ ဝိပဿနာဉာဏ်နဲ့ ကြည့်လိုက်တော့ ဝိညာဏက္ခန္ဓာလေး မရှိတော့ဘူးလို့ သိတယ်၊ အဲဒါကြောင့် ခန္ဓာမရှိတာကို သိတာဟာ ဝိပဿနာပဲလို့ မှတ်လိုက်ကြ။**

**ဝိညာဏက္ခန္ဓာ မရှိတာ သိရင် သူနဲ့ တွဲတဲ့ ဝေဒနာ က္ခန္ဓာ၊ သညာ က္ခန္ဓာတွေကို လဲမရှိတာသိရတာဘဲ၊ သဘောပါကြပြီလား။**

**"ဒါကြောင့် ခန္ဓာမရှိတာ သိအောင် လုပ်တဲ့ အလုပ်ဟာ ဝိပဿနာ အလုပ်ပဲဆိုတာ မှတ်ထားကြ"** ဒကာ ဒကာမတွေ ပြောလေ့ ပြောထ ရှိကြတယ်၊ လူတစ်ယောက် သေသွားတော့ "သြော်–အနိစ္စ အနိစ္စပဲကိုး အနိစ္စ၊ အနိစ္စတဲ့၊ ဆူးငြောင့်ခလုတ် တိုက်မိတော့လည်း သြော်– ဒုက္ခ ဒုက္ခနဲ့ ယောင်ရမ်းပြီး ပြောကြ ငြီးတွာ ကြတယ်၊ အဲဒီလို ပြော တာဟာ ရိုးရာ အနိစ္စသိ၊ ရိုးရာ ဒုက္ခသိနဲ့ ပြောကြတာပဲ၊ ဒါဟာ ရိုးရာသိလေးနဲ့ ပြောတဲ့ ရိုးရာစကားပဲဆို မှတ်ကြ။

ခန္ဓာမှာ ကြည့်တော့ ခန္ဓာမ ရှိတာ သိတဲ့ သမ္မာဒိဋ္ဌိ အမြင် ရမှ အမှန်ကျမယ် ဆိုတာ မှတ်ကြ **"ခန္ဓာမရှိတာ သိတဲ့ သမ္မာဒိဋ္ဌိမှ ဝိပဿနာ သမ္မာဒိဋ္ဌိ နိဗ္ဗာန်ရောက်မယ့်"** အသိပဲဆိုဒါ ဆုံးဖြတ်ချက်ချကြ၊ ဒကာ ဒကာမတို့ အခုလက်ရှိ ခန္ဓာဟာ လိုချင်လို့ ရထားတဲ့ ခန္ဓာပဲ၊ ဒီခန္ဓာဟာ နောက်ထပ်ပြီး လိုချင်သေးရင် ထပ်ပြီး ရအုံးမှာပဲ၊ ဝိပဿနာ မရှုပဲနေရင် ခန္ဓာတွေ့နေရမှာပဲ။

အဲဒီတော့ ဒီခန္ဓာဟာ လိုချင်လို့ ရထားတာ၊ အဲဒီလို ခန္ဓာရသရွေ့ နိဗ္ဗာန်နဲ့ ဝေးသေးတယ်၊ ခန္ဓာက ဒုက္ခသစ္စာ၊ နိဗ္ဗာန်က နိရောဓသစ္စာ၊ ဒုက္ခသစ္စာနဲ့၊ နိရောဓသစ္စာဆိုတော့ ဒကာတို့ပဲ စဉ်းစားကြည့်ကြ တခြားဘဲ၊ **ဒုက္ခခန္ဓာမရှိရာ ချုပ်ဆုံးရာဟာ နိဗ္ဗာန်ပဲ၊ အဲဒီတော့ ခန္ဓာရသရွေ့ နိဗ္ဗာန်နဲ့ မနီးတော့ဘူးဆိုတာ ပေါ်ကြပြီလား။**

**"ဒါကြောင့် ခန္ဓာချုပ်တဲ့ နိဗ္ဗာန်ကိုရချင်ရင်၊ ရောက်ချင်ရင် ခန္ဓာမရှိတာကို သိအောင် လုပ်ရမယ်၊ ဒီအကျင့်ကို ကြိုးစားရမယ် ဆိုတာ ရိပ်မိကြပြီလား။**

**ဒီခန္ဓာကို ငါမဟုတ်မှန်း အမှန်အကန်သိရအောင် ဝိပဿနာ**

**ဉာဏ်နဲ့ ကြည့်ရမယ်၊ ဒီဉာဏ်နဲ့ ကြည့်ရင် သူများပြောမဟုတ်ပဲ ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်နိုင်ကြမယ် ဆိုတာ မှတ်ကြ။**

**ဒီခန္ဓာငါးပါးကို ဉာဏ်နဲ့ မကြည့်မိတော့ ခန္ဓာရဲ့ အနိစ္စသဘော၊ ဒုက္ခသဘော အနတ္တသဘော အမှန်ကို မသိကြဘူး၊ ဒီလို အမှန်အကန် မသိတော့ "ငါ" လုပ်ထားမိကြတယ်။**

ခန္ဓာကို ငါကိုယ်၊ ငါဟာ လုပ်ထားလို့ အမှန်အကန် မသိကြတာ၊ အခု ဝိပဿနာ ဉာဏ်နဲ့ကြည့်တော့ ကြားစိတ်၊ ကြားတဲ့ ခန္ဓာမရှိတာ ကိုယ်တိုင် သိရတယ် ရှင်းကြရဲ့လား၊ ဒီနည်းအတိုင်း ပေါ်လာသမျှ ဉာဏ်နဲ့ ကြည့်ပေး၊ ကြည့်ပေးရင် **"ဘယ်ခန္ဓာ လာလာ မရှိတာပဲသိရမယ်၊ အဲဒီလို မလွတ်တန်း ကြည့်ပေးတော့ မိမိရထားတဲ့ ခန္ဓာငါးပါး မရှိမှု သိရတဲ့အတွက် ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်တယ်"** ဆိုတာ မှတ်လိုက်ကြတော့။

ယခု ဒကာ ဒကာမတို့ ဒီလို သိတဲ့ အသိဟာ တန်ဖိုးမဖြတ်နိုင်ဘူး၊ ဒီအသိမျိုး မသိသေးရင် သိအောင်၊ သိရရင်လည်း တိုးတက်လာအောင် ကြိုးစားကြရမယ်၊ **"ဒီအသိမျိုး တာရှည်သိရင် နိဗ္ဗာန်နားကပ်နေပြီလို့သာ မှတ်လိုက်ကြ"**

**"ဒကာ ဒကာမတို့ နိဗ္ဗာန်ဟာ ခန္ဓာမရှိတာဘဲဆိုတာ မှတ်ကြ၊ ဒီတော့ ခန္ဓာမရှိတာ မြင်တဲ့ အမြင်စိတ်ဟာ နိဗ္ဗာန်မြင်မယ့် အမြင်၊ နိဗ္ဗာန်နဲ့ နီးဖို့ အမြင်ဘဲ ဆိုတာ မှတ်လိုက်ကြ"**

"ဝိပဿနာ ရှုတော့ ခန္ဓာမရှိတာ မြင်ရတယ်၊ ဒီလို ခန္ဓာ မရှိတာ မြင်လို့ ဝိပဿနာ ဉာဏ်ဟာ နိဗ္ဗာန်ကို ဟစ်ရိတ်တဒေသ မြင်တယ်လို့ မှတ်ရမယ်။

ပထမရှေးဦးစွာ ဝိပဿနာ ဉာဏ်က ခန္ဓာမရှိတာ မြင်တယ်၊ နောက်လာမယ့် မဂ်ဉာဏ်က နိဗ္ဗာန်ကို မြင်တယ်၊ အဲဒီတော့ ဝိပဿနာ

**ဉာဏ်က ခဏ နိဗ္ဗာန်ကို မြင်တာပဲလို့ မှတ်ကြ၊ "မဂ်ဉာဏ်က ခန္ဓာတွေ လုံးဝ ချုပ်ပျောက် သွားတာကို မြင်ရတယ်၊ ခန္ဓာ လုံးဝ မရှိတာကို မြင်တော့ ခန္ဓာမရှိတာဟာ နိဗ္ဗာန်မို့ပဲဆိုတာ မှတ်ကြ။"** ရှင်းကြရဲ့လား၊ ဒကာ ဒကာမတွေ ဒါကြောင့် **"ဝိပဿနာ ဉာဏ်ရရင်၊ နိဗ္ဗာန်ရဖို့ သေချာပြီ"** ဆိုတာ မှတ်ကြတော့။

ဒကာ ဒကာမတို့ ပထမဆုံး ဒီဝိပဿနာ ဉာဏ်ရရင်၊ ရှေ့အဖို့ရာ ဘာမှ မခဲယဉ်းတော့ဘူး၊ ပထမဒီဉာဏ်ကို ရအောင် ကြိုးစားကြ၊ ဒီဟာရပြီးရင် သိပ်မလိုတော့ဘူး၊ သမ္မပဓာန် လေးပါးနဲ့ အားစိုက်ဖို့ပဲ လိုတော့တယ် ဆိုတာသာ မှတ်ထားကြ။

ကိုင်းရှုနည်းကို ပြကြစို့ "သောတဉ္စပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတ ဝိညာဏံ" ဒကာ ဒကာမတို့ရဲ့ နားအကြည်ရုပ်နဲ့ ဒီက ဘုန်းကြီး ပြောတဲ့ အသံရုပ်နဲ့ တိုက်ဆိုင် မိတော့ **"ကြားစိတ်ကလေး ပေါ် လာတယ်၊ ဒီကြားစိတ်ကလေးကို ဝိပဿနာ ဉာဏ်နဲ့ ကြည့်လိုက်တော့၊ ဒီစိတ်ကလေး မရှိတော့ဘူး၊ ဖြစ်ပြီး ပျက်သွားပြီ မြင်ကြရဲ့လား"** ဘုန်းကြီးက ပြောတိုင်း ကြားစိတ်လေးတွေ ပေါ်ပေါ်လာကြတယ်။

တစ်ခါပြောတော့ ကြားစိတ်တစ်ခု ပေါ်လာ၊ နောက်တစ်ခါ ပြောပြန်တော့ နောက်တစိတ်ပေါ်လာ၊ အရင်စိတ်ကလေး ချုပ်သွား၊ ဒီလို အတိုင်း တခါကြား တစိတ်ပေါ် တစိတ်ချုပ်သွားနဲ့ ဝိပဿနာ ဉာဏ်နဲ့ ကြည့်တော့၊ ကြားစိတ်ကလေးတွေဟာ တစိတ်ချုပ်သွား တစိတ် ပေါ်လာ၊ တစိတ်ပျက်၊ တစိတ်ဖြစ်နဲ့ ဖြစ်ပျက် နေတာကို တွေ့ရ မြင်ရမယ်၊ မြင်ရင် နေရာကျပြီ ဆက်သာ ကြည့်ပေး၊ မလစ်စေနဲ့။

ဒီလို ကြည့်တဲ့ အခါမှာ ဝိပဿနာ ဉာဏ်က ပေါ်လာတဲ့ စိတ်ကလေး မရှိတာကိုချည်း မြင်နေရမယ်၊ ဒီလို မြင်တာဟာ နိဗ္ဗာန်ကို

တစိတ်တဒေသ မြင်တာပဲလို့ မှတ်ကြ၊ ဝိပဿနာ ဉာဏ်က ဒီလို နိဗ္ဗာန်ကို တစိတ် တဒေသမှ မမြင်ရင် မဂ်ဉာဏ် မပေါ်နိုင်ဘူး၊ ဒါကြောင့် ခန္ဓာငါးပါး ဘာပေါ်ပေါ်၊ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့သိစိတ်၊ တွေးကြံစိတ် ပေါ်ချင်တာ ပေါ်မလွတ်အောင်သာ ရှုပေးကြ၊ ရှုတဲ့အခါ ပေါ်လာပြီး မရှိတာကို သိစေရမယ် ရှင်းပြီလား။

ဒကာ ဒကာမတို့ နည်းရကြပြီ၊ နည်းရရင် ကြိုးစားသာ ရှုကြတော့၊ ရှုတဲ့အခါ ကိုယ့်ရှုနေတဲ့ ဝိပဿနာ လုပ်ငန်းဟာ ခရီးရောက် မရောက် ဘယ်လို သိရမလဲဆိုတော့ "မူလပဏ္ဏာသအဋ္ဌကထာ"မှာ ဖွင့်ဆိုထားတဲ့ စကားက **"ဝိပဿနာ သမ္မာဒိဋ္ဌိ ခရီး ရောက်မရောက် သိဖို့ရာမှာ ခန္ဓာ မရှိတာကို သိအောင် ကြည့်နိုင်ရင် ခရီးရောက်ပြီးလို့ မှတ်ရမယ်။**

**"ဒကာ ဒကာမတို့ ခန္ဓာ ငါးပါးဖြစ်တဲ့ သဘော အဓိပ္ပါယ်ကို ပြောမယ်၊ ဥပမာ–ဒီဘက်က အဆင်းရုပ်၊ ဒီက မျက်လုံးရုပ်၊ ဒီနှစ်ခု တည့်လိုက်တော့ မြင်စိတ်ပေါ်လာတယ်၊ ဒီမြင်စိတ်ဟာ စက္ခုဝိညာဏ် စိတ်ကလေးပဲ၊ ဒီဝိညာဏ်ကလေးဟာ မျက်လုံးထဲမှာ ပေါ်တဲ့ ခန္ဓာ ငါးပါးပဲဆိုတာ မှတ်ကြ၊ ဝိပဿနာ ဉာဏ်က ဒီဝိညာဏ်ကလေးကို ကြည့်လိုက်တဲ့အခါမရှိတာကို သိရမယ်၊ မရှိတာက ခန္ဓာငါးပါးပဲလို့ မှတ်ကြ။**

ခန္ဓာငါးပါးဆိုတာက စက္ခုဝိဉာဏ်စိတ်က ဝိညာဏက္ခန္ဓာ၊ မျက်လုံးရုပ်က ရူပက္ခန္ဓာ၊ စက္ခုဝိဉာဏ်နဲ့ အတူတကွ ဖြစ်တဲ့ ဥပေက္ခာဝေဒနာက ဝေဒနက္ခန္ဓာ၊ သူနဲ့ တွဲရက်ပါတဲ့ မှတ်သားမှု စေတနာလေးက သင်္ခါရက္ခန္ဓာ၊ ကျန်တဲ့ သဟဇာတ်စေတသိတ်တွေက လည်း သင်္ခါရက္ခန္ဓာပဲ၊ ရှင်းကြရဲ့လား၊ အဲဒါ ကြောင့် ဝိဉာဏ်လေး တစ်ခုဖြစ်တော့ ကျန်ခန္ဓာလေးခုလည်း ပါတယ်ဆိုတာ မှတ်လိုက်ကြ။

ဖြစ်ပေါ်လာတဲ့ ဝိဉာဏ်ကို ဝိပဿနာဉာဏ်နဲ့ ကြည့်တော့

ဝိညာဏ်နှင့်တကွ ခန္ဓာငါးပါး မရှိတာကို သိရမယ်ဆိုတာ ပေါ်ကြပြီလား၊ ဒီလို **"ဉာဏ်နဲ့ မရှုမိလေတော့ မြင်တဲ့ဟာ မကြိုက်တာနဲ့ တွေ့တော့ ဒေါသ ဖြစ်တယ်၊ ကြိုက်တာနဲ့ တွေ့တော့ လောဘဖြစ်တယ်၊ ဒေါသဖြစ်တော့ ဒီနောက်က သောက၊ ပရိဒေဝ ဒုက္ခ၊ ဒေါမနဿ စတဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ် စက်ကြီး တန်းလာမယ် လောဘ ဆိုပြန်တော့ လောဘ ဥပါဒါန်၊ ကံ၊ ဇာတိ စတဲ့ ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ကြီး အလယ်က ဖောက်လာမယ်"**

ဒီလို ပေါ်လာတဲ့ ဝိညာဏ် စိတ်ကလေးကို ဝိပဿနာ ဉာဏ် ဝင်လိုက်တော့ နောက်က လာမယ် ခန္ဓာပဋိစ္စသမုပ္ပါဒ်တွေ မလာတော့ဘူး၊ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်တန်း ပြတ်သွားတယ်၊ မြင်သိစိတ်ကလေးက ဖြစ်ပျက် ရှုဉာဏ်ကမဂ်၊ ကြားက မဂ်ဝင် ဖြတ်လိုက်တော့ ဒုက္ခစက် ပြတ်သွား၊ တာပဲ၊ ပြတ်သွားတော့ နောက် ခန္ဓာပဋိစ္စသမုပ္ပါဒ် တွေမလာဘူး၊ မလာတော့ ဝိပဿနာ ဉာဏ်က ခန္ဓာလည်းစွန့် တဏှာလည်း စွန့်လိုက် တော့တယ်။

ခန္ဓာစွန့်တော့ နိဗ္ဗာန်မြင်တယ်၊ တဏှာစွန့်တော့ နောက် သံသရာ ပြတ်တယ် "တဏှာသခ်ယသုတ်"မှာ ဘုရားရှင်ကို သိကြားက မေးတဲ့ အချက်မှာ ဒီအတိုင်း ဖြေဆိုတော်မူတာ ဆိုတာ မှတ်ကြရမယ်။

**"ကြားစိတ်ကလေး ပေါ်လာ ဖြစ်ပျက် ရှုလိုက်တော့ ဝိညာဏက္ခန္ဓာလေး မရှိတာကို သိရတယ်၊ အဲဒါ ခန္ဓာ စွန့်တာပဲ၊ ခန္ဓာစွန့်တော့ ခန္ဓာ နိရောဓနိဗ္ဗာန် နိဗ္ဗာန်ပေါ်လာတယ်"** ရှုလိုက်တော့ မဂ်ဝင်လာလို့ နောက်က တဏှာ၊ ဥပါဒါန်တွေ မလာဘူး အဲတာ တဏှာ စွန့်တာပဲ၊ တဏှာမလာလို့ တဏှာစွန့် ခန္ဓာမရှိလို့ ခန္ဓာစွန့်တာပဲဆိုတာ မှတ်ကြ။

ဒကာ ဒကာမတွေ ကြေနပ်ကြပြီလား၊ ဒါကြောင့် ဒီကုသိုလ်ဟာ

ဒီပြင် ကုသိုလ်မျိုးတွေထက် အဆပေါင်း သိန်း၊ သန်း၊ ကုဋေ၊ မကအောင်ဘဲ ထူးခြားတယ်၊ ကဲလွန်တယ်၊ မြင့်မြတ်တယ်ဆိုတာ မှတ်လိုက်ကြတော့လို့ အထူးသတိ ပေးလိုက်ပါတယ်၊ ဝိပဿနာ ရှုတော့ ခန္ဓာပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်သံသရာ ပြတ်တယ်၊ သံသရာ ပြတ်တော့ ဆင်းရဲဟူသမျှ ကိုယ်နဲ့ အိုးစားကွဲပြီ၊ ဒုက္ခနဲ့ အိုးကွဲတော့ ခဏ နိဗ္ဗာန်ကို မြင်တဲ့ အတွက်သုခ နိဗ္ဗာန်ရတာလို့သာ မှတ်ကြ။

ဒါကြောင့် ဒီလို အကျိုးတရားတွေကို ရစေချင် ဖြစ်စေချင်လွန်းလို့ ဒကာ၊ ဒကာမတွေကို ဝိပဿနာ ရှုကြ၊ ကြိုးစား အားထုတ်ကြ ဆိုပြီး အထူးတလည် တိုက်တွန်းနေတယ်။

ဝိပဿနာ သမ္မာဒိဋ္ဌိ လုပ်ငန်းစဉ်နဲ့ ခန္ဓာစွန့် တဏှာစွန့် စွန့်တာ များလာရင် ဉာဏ်စဉ် တက်လာမယ်၊ ဉာဏ်ထက် လာမယ်၊ ဉာဏ် ထက်လာပြီးနောက် မကြာခင် မဂ်ဉာဏ် လာတော့တာပဲ ဆိုတာ မှတ်ကြ **"ဝိပဿနာ ဉာဏ်နဲ့ နေတုန်းက ခန္ဓာအစဉ်ကြီးဟာ ပေါ်လာလိုက် ပျောက်သွားလိုက်နဲ့ နေတယ်၊ ဒီနောက် မဂ်ဉာဏ်လာတော့မယ် ဆိုတော့ ခန္ဓာဆိုတာ မလာတော့ဘူး၊ ခန္ဓာဒုက္ခ ဇာတ်သိမ်းပြီး ငြိမ်းတာပဲ။**

**"မဂ်ဉာဏ်က ခန္ဓာကို စွန့်၊ နိဗ္ဗာန်ကိုလည်း မြင်၊ နောက် ကိလေသာကိုလဲ ချုပ်စေတယ်၊ နောက် ကိလေသာ တွေကို စွန့်ပြစ် လိုက်တယ်၊ သုံးချက် ကိစ္စ ပြီးတယ်ဆိုတာ မှတ်ကြ၊ သုံးချက်ကိစ္စ ပြီးစေတာက မဂ္ဂင် ရှစ်ပါး ပြည့်တဲ့ မဂ်ဉာဏ်ပဲဆိုတာ မှတ်ထားကြ"** ဒကာ ဒကာမတို့ မဂ်ဉာဏ် ပေါ်လာရင် ခန္ဓာ ရှာမတွေ့တော့ဘူး၊ နိဗ္ဗာန်ကို ကိုယ်တိုင်မြင်တယ် "ထကြွသောင်းကျန်းတဲ့ ကိလေသာတွေ မလာတော့ဘူး၊ သူ့ဆိုင်ရာ ကိလေသာတွေ သေတော့တာပဲ၊ သဘော ပါပြီလား။

ဝိပဿနာ သမ္မာဒိဋ္ဌိက နှစ်ကိစ္စလုပ်နိုင်တယ်၊ မဂ္ဂသမ္မာဒိဋ္ဌိက သုံးကိစ္စလုပ်တယ်ဆိုတာ မှတ်ထားကြ။

**“ဒကာ ဒကာမတွေ နိဗ္ဗာန်တွေ့တယ်ဆိုတာ ကျကျနန မှတ်ထားကြ၊ ကိုယ့်အလုပ်စဉ်မှာ သဘောပါဖို့ သေချာဖို့ပဲဆိုတာ မှတ်ရမယ်” ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ ဖြစ်ပျက်တွေကို ရှု ရှုနေတော့ ဉာဏ်ဟာ ရင့်သထက် ရင့်ရင့်လာပြီး ဒီလို ရှုရင်း ရှုရင်းက “ဖျပ်ကနဲ” ဆို ဖြစ်ပျက်တွေ ပျောက်ထွက် သွားတယ်၊ အဲဒီအခါမှာ “သြော်– ဒုက္ခချုပ်တာဟာ တာပဲကိုး”လို့ သိမြင်လိုက်တယ်၊ အဲတာဟာ နိဗ္ဗာန်တွေ့တာပဲလို့သာ မှတ်လိုက် ကြတော့”**

(၅) နံပါတ်ဖလသမ္မာဒိဋ္ဌိက နှစ်မျိုးရှိတယ်၊ ဖိုလ်သမ္မာဒိဋ္ဌိက မဂ်ဉာဏ်နောက်က ကပ်ပြီး လိုက်လာတဲ့ ဖိုလ်ဉာဏ်က တမျိုး၊ ဝိပဿနာဉာဏ် နောက်က လိုက်တဲ့ ဖိုလ်ဉာဏ်က တစ်မျိုးလို့ နှစ်မျိုး မှတ်ရမယ်၊ အခုပြောတဲ့ (၅) နံပါတ် ဖိုလ်ဉာဏ်က “အကာလိကော” ဆိုတဲ့ အခါမလင့် အကျိုးပေးတဲ့ ဉာဏ်ပဲ၊ အကာလိကောဆိုတာ ဒီ (၅) နံပါတ်ပဲလို့ မှတ်ကြ၊ ဒါက ဓမ္မနိယာမ တရားမဂ်ရရင် ဒီဖိုလ်က ကပ်လိုက်လာတာပဲ၊ မဂ်က စေတနာကံ၊ ဖိုလ်က အကျိုးပေးတရားပဲ။

ဒကာ ဒကာမတို့ မှတ်မိကြပြီလား၊ မဂ်ဉာဏ်သည် သုံးချက်သော ကိစ္စပြီးစေတယ်၊ ခန္ဓာကို စွန့်တယ်၊ တဏှာကိုလည်း စွန့်တယ်၊ နိဗ္ဗာန်ကိုလဲ မြင်တယ်၊ ရှင်းကြရဲ့လား၊ နိဗ္ဗာန်ဟာ အမြဲတမ်းရှိတဲ့ တရား၊ အမြဲတမ်း ရှိတယ်ဆိုတော့ လူတိုင်း တွေ့ရသလား”လို့ မေးစရာ ရှိတယ်၊ နိဗ္ဗာန်ဟာ အမြဲတမ်းရှိပေမဲ့ လူတိုင်း မတွေ့နိုင်ဘူး၊ အားထုတ်သူသာ တွေ့နိုင်တယ် အားမထုတ်သူများ မတွေ့နိုင်ဘူး၊ အားထုတ်လို့ ရောက်တဲ့သူအတွက်၊ နိဗ္ဗာန်ရှိတယ်၊ အားမထုတ်သူတို့ အတွက် မရှိဘူး ဆိုတာ မှတ်ကြ။

သမ္မပဓါန် လေးပါး ဆိုတာဟာ အားထုတ်မှု အတွက် ဆိုတာပဲ လို့ မှတ်လိုက်ကြ။

ဝိပဿနာ ရှုလို့ ရင့်သန်လာတော့ မဂ်ဉာဏ်ပေါ်တာပဲ၊ မဂ်စိတ်ကလေးက တစ်၊ နှစ် ဆို ချုပ်သွားပြီ၊ သူ့နေရာမှာ ဖိုလ်ဂင်ရှစ်ပါး လာမှာပဲ၊ မဂ်ပြီးတော့ ဖိုလ်လာတာပဲ၊ ဒီဖိုလ်ကလဲ မဂ်အလုပ်ကို ပြန်လုပ်တာပဲဆိုတာ မှတ်ရမယ်၊ မဂ်က ကိလေသာကို အကြမ်းသတ်နဲ့ သတ်လိုက်တယ် ဖိုလ်ကျတော့ အနုသတ်အဖြစ်နဲ့ သတ်တာပဲဆိုတာ မှတ်လိုက်ကြ။

မဂ်ဉာဏ်က မီးတောက်မီးလျှံနဲ့ တူတဲ့ ကိလေသာကို သတ်တယ်၊ ဖိုလ်ဉာဏ်က မီးရှိန် မီးဝါနဲ့ တူတဲ့ ကိလေသာ အပူကို ငြိမ်းအေးအောင် သတ်ပေးတယ်လို့ ပဋိပဿမ္ဘနပဟာန်လို့ ခေါ်တယ် ဆိုတာ မှတ်ကြ၊ ဒီဖိုလ်ဉာဏ်ကလည်း နိဗ္ဗာန် မြင်တယ် ဖိုလ်သတ္တိဟာ မဂ် သတ္တိထက်၊ ထက်တယ်လို့ မှတ်လိုက်ကြ၊ ဖိုလ်က ဉာဏ်ထက်ရင် သုံးဖိုလ်လာတယ်၊ ဉာဏ်ညံ့ရင် နှစ်ဖိုလ် လာတယ်လို့ မှတ်ကြ၊ မဂ်ဉာဏ်ညံ့ရင် နှစ်ဖိုလ် လာတယ်လို့ မှတ်ကြ၊ မဂ်ဉာဏ် ရဘို့က အထူး အားထုတ်ရတယ်၊ ဖိုလ်ဉာဏ် ရဘို့က အထူး အားမထုတ်ရဘူး၊ မဂ်ပြီး ဖိုလ်ဘဲ။

ဒါကြောင့် မဂ်ရအောင် ဝိပဿနာ အားထုတ်ရမယ်ဆိုတာ လေးလေးစားစားနဲ့ မှတ်ယူကြ။

## “မဂ်ရအောင် ဝိပဿနာ အားထုတ်မှု အစီအစဉ်မှတ်မိအောင် ပြန်ပြောမယ်”

၁။ နံပါတ်(၁) က – ခန္ဓာမှာ ဖြစ်ပျက်နေတဲ့ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် ရှင်းလင်းရမယ်။

၂။ နံပါတ်(၂) က – သက္ကာယဒိဋ္ဌိဖြုတ်ရမယ်။

၃။ နံပါတ်(၃) က - ဝိပဿနာ အားထုတ်ရမယ်။

အဲတာမဂ်ဉာဏ်ရဖို့ လမ်းစဉ် မဂ်လမ်းစဉ်ပဲဆိုတာ မှတ်ယိုက်ကြတော့။

❖ ❖ ❖ ❖ ❖ ❖

## “သက္ကာယန်ညစ်တွန်းလှန်ပစ်တရားတော်”

ဒကာ ဒကာမတွေ ထူးထူးခြားခြား မှတ်သား ထားကြဖို့ ပြောရမယ်၊ ဘာလဲလို့ဆိုတော့ အလုံးစုံသော အကုသိုလ် ဟူသမျှဟာ သက္ကာယဒိဋ္ဌိကြောင့် ဖြစ်တာပဲ၊ ဒီသက္ကာယဒိဋ္ဌိကို မဖြုတ်ရင် ဘယ်လို အကုသိုလ်မျိုး **မဆိုအကုန်** ဖြစ်နိုင်တယ်၊ အမိသတ်မယ်၊ အဘလဲ သတ်ချင်သတ်မယ် ရဟန္တာလဲ သတ်မယ်၊ သံဃာကို သင်းခွဲမယ်၊ ဘုရားကို သွေးစိမ်းတည်အောင် လုပ်ချင်လုပ်မယ်၊ သူရှိနေရင် အကုသိုလ် ဟူသမျှ ဖြစ်ပေါ်ဖို့ မခဲယဉ်းတော့ဘူးလို့သာ မှတ်ကြ။

ဒါကြောင့် အကုသိုလ်ကို ကြောက်ရင် ဒီသက္ကာယ ဒိဋ္ဌိဖြုတ်ကြရမယ်၊ အကုသိုလ် အကုန်သိမ်းချင်ရင် သက္ကာယ ဒိဋ္ဌိ သိမ်းလိုက်ရင် ပြီးတယ်ဆိုတာ မှတ်လိုက်ကြ၊ ခန္ဓာမှာ အမှန်ရှိတာက ရုပ်နဲ့ နာမ်ပဲ ရှိတယ်၊ **ဒီအမှန်ရှိတဲ့ ရုပ်နာမ်က သက္ကာယပဲ၊ ဒါနှစ်မျိုးကို ငါ–သူထင်တော့ ဒိဋ္ဌိဖြစ်တာပဲ၊** ဒါကြောင့် ရုပ်ပေါ် နာမ်ပေါ်မှာ ငါထင် သရွေ့ သက္ကာယ ဒိဋ္ဌိပဲလို့ မှတ်လိုက်ကြ ရိပ်မိပြီလား။

ဒကာ ဒကာမတို့ ရှင်းကြရဲ့လား၊ ခန္ဓာမှာ ပေါ်တာက၊ သက္ကာယ ဒီဟာကို ငါထင်ရင် ဒိဋ္ဌိပဲ၊ **ဥပမာ–ကိုယ်–သန္တာန်မှာ မြင်စိတ် ပေါ်တယ်ဆိုတော့ အဲဒီ မြင်စိတ်ဟာ သက္ကာယပဲ၊ ဒါကို ငါမြင်တယ်လို့ ဆိုလိုက်တော့ ဒိဋ္ဌိဖြစ်သွားတယ်၊** နှစ်ခုပေါင်းတော့ သက္ကာယဒိဋ္ဌိပဲ၊ ရိပ်မိကြပြီလား၊ မြင်စိတ်ဟာ သူ့ဟာသူ နေတုန်းက သက္ကာယ သက်သက်ပဲ၊ ဒိဋ္ဌိနဲ့ မရောဘူး၊ မြင်စိတ်ကို ငါလုပ်ပြီး ငါမြင်တာပဲ ဆိုတော့ သက္ကာယဒိဋ္ဌိဖြစ်သွားတယ် သဘောပါကြပြီလား။

ဥပမာ–အစားကလေး တစ်ခုခု စားလိုက်တဲ့ အခါ ကောင်းတယ် ဆိုတော့ ဘယ်သူကောင်းတာတုံးလို့ မေးတော့ ငါကောင်းတာပဲတဲ့၊

အဲဒါ ဝေဒနာကို ငါလုပ်လိုက်လို့ သက္ကာယဒိဋ္ဌိ ဖြစ်တာပဲ၊ ရှင်းကြ ရဲ့လား၊ ဒကာ ဒကာမတွေ **"ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါးဟာ သက္ကာယတွေပဲ၊ ဒီအပေါ်မှာ ငါထင်လို့ ငါ့ပဲလို့ ယူလိုက်ရင် ဒိဋ္ဌိဖြစ်သွားတာပဲ ဆိုတာ မှတ်ကြ၊ သက္ကာယက နဂိုရှိ၊ အမှန်ရှိ၊ ဒိဋ္ဌိက နဂိုမရှိ၊ အမှန်မဟုတ် နောက်မှလာတဲ့ အထင်မှားမှု"**။

ဒကာ ဒကာမတို့ ဘုရားရှင်လဲ ခန္ဓာငါးပါးရှိတာပဲ၊ ဒါပေမဲ့ ဘုရားက ဗောဓိပင်နှင့် ရွှေပလ္လင်မှာတုန်းက ဒိဋ္ဌိအကုန်ပြုတ်တယ်၊ သက္ကာယသာ ရှိတယ်၊ ဒိဋ္ဌိမရှိတော့ဘူး၊ ဒါကြောင့် ခန္ဓာငါးပါးက သက္ကာယ၊ ဒီ ခန္ဓာ ငါးပါးကို ငါထင်တာက ဒိဋ္ဌိ၊ သဘောပါကြ ပြီလား၊ ခန္ဓာ ငါးပါးကို ငါထင်တဲ့ သက္ကာယဒိဋ္ဌိရှိရင် အကုသိုလ်ဟူ သမျှ ဖြစ်နိုင်တယ်၊ သက္ကာယဒိဋ္ဌိ ပြုတ်ရင် အပါယ်သွား အကုသိုလ်ဟူသမျှ အကုန်ပြုတ်တယ်ဆိုတာ မှတ်ကြ။

ဒီသက္ကာယ ဒိဋ္ဌိဟာ တခြားသော အကုသိုလ်တွေထက် ကြောက်စရာ ကောင်းတယ်ဆိုတာ မှတ်လိုက်ကြ၊ အကုသိုလ် ရေသောက်မြစ်ပဲ၊ ဒါကြောင့် ဒီ သက္ကာယဟာ အလွန်ကြောက်ဖို့ ကောင်းတဲ့ တရားပဲ ဆိုတာ မှတ်လိုက်ကြပေတော့။

ဒီမိစ္ဆာဒိဋ္ဌိကို ကမ္မသကတာ သမ္မာဒိဋ္ဌိနဲ့ ပြုတ်လို့လည်း မရဘူး၊ စျာန်တရားနဲ့လည်း မရဘူး၊ ဝိပဿနာနဲ့မှ ပြုတ်လို့ရမယ်ဆိုတာ မှတ်ကြ၊ ဝိပဿနာ လုပ်မှ ဒိဋ္ဌိက ပြုတ်မယ်၊ အလုပ်ဝင်တဲ့ အခါ ဒိဋ္ဌိပြုတ် မပြုတ်ဘယ်လို သိရမလဲ၊ ဆိုတော့ မေ့ပေါ်မှ သိရမယ်လို့ မှတ်ကြ။

ဥပမာ–မြင်စိတ်ပေါ်တယ် ဆိုတော့ ကံကြောင့် ဖြစ်တဲ့ မျက်လုံး အကြည်ရုပ်နဲ့ အဆင်းရုပ် (ပန်း) စတဲ့ အဆင်းနဲ့ တည်တော့ မျက်လုံး အကြည်မှာ ပေါ်တယ်၊ အဲတာကြောင့် "စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"တဲ့၊ မြင်စိတ်ဟာ မျက်လုံး အကြည်ဆိုတဲ့ အကြောင်း

တစ်ခုနဲ့ မြင်စရာ အဆင်းဆိုတဲ့ အကြောင်းတစ်ခုတို့ကြောင့် ပေါ်ရတာပဲ၊ မြင်စိတ်ဟာ ဓမ္မသက်သက်ပဲ။

ဒီဟာကို "ဘာကြည့်တုံး" "ဘာမြင်တုံး" မေးတော့ ပန်းမြင်တယ်၊ ဘယ်သူကပြောတုံး၊ ဆိုတော့ ငါကိုယ်တိုင် မြင်ခဲ့တာပဲတဲ့၊ မြင်စိတ် ကလေးက သက္ကာယ ဒါလေးကို ငါထင်တော့ ဒိဋ္ဌိဖြစ်သွားတယ်၊ ပေါ်ကြပြီလား၊ အဲဒီတော့ "ဝိညာဏံအတ္တတောသမနုပဿတိ" ဝိညာဏံ မြင်စိတ်ကို အတ္တတော၊ ငါပဲလို့သမနုပဿတိ၊ မှတ်ထင်ယူစွဲ၏ ဆိုတဲ့အတိုင်း ဖြစ်သွားတော့ တာပဲ၊ **အမှန်က ဒီမြင်စိတ်ကလေးဟာ ဝိညာဏက္ခန္ဓာလေးပဲ၊ သူက ဝိဉာဏ်မို့ သိတာ၊ နဂိုကထဲက ဒီထဲမှာ ငါမပါဘူး ရှင်းပြီးလား။**

ဥပမာ–မီးခြစ်ဆံနဲ့ မီးခြစ်အိမ်နဲ့ ထိလိုက်တော့ မီးတောက် ပေါ်ရသလို ဒီမြင်စိတ်ဟာလည်း အကြောင်းညီညွတ်လို့ ပေါ်ရတာပဲ၊ ဒီမြင်စိတ်ဟာလည်း သူချည်းပေါ်တာ မဟုတ်ဘူး၊ အဲဒီမှာ ခံစားတဲ့ ဝေဒနာ၊ မှတ်တတ်တဲ့ သညာ၊ စေ့ဆော်တဲ့ သင်္ခါရ၊ ဒီသုံးခု အပေါင်းနဲ့ နာမက္ခန္ဓာ လေးပါးလုံး ပေါ်ရတာပဲ၊ အဲဒီ နာမ်တရား တွေဟာ ငါဘား၊ သူလား၊ ငါ့ဥစ္စာလား၊ မဟုတ်ကြဘူး၊ သူတို့ အကြောင်းနဲ့ တိုက်ဆိုင်လို့ ပေါ်ရတာ မြင်ကြပြီလား။

သူ့အသက်တမ်း ကလဲ ဖြစ်တယ်၊ ပျက်တယ် ဒီနှစ်ခုပဲ အသက်တမ်း ရှိတယ်၊ ဒါကို နောက်က ဉာဏ်နဲ့ လိုက်ပေးရမယ် ဆိုတာသာ မှတ်လိုက်ကြ၊ ပေါ်လာတာကို ဝိပဿနာ ရှုပေးကြပါလို့ ဆိုလိုတယ်၊ **ဘာပေါ်ပေါ် မလွတ်စေနဲ့ ဉာဏ်နဲ့ လိုက်ပေး၊ ဉာဏ်နဲ့ လိုက်တော့ ဒါဟာ ငါမဟုတ်လို့ ပျက်တာပဲလို့ သိနိုင်တယ်၊ မလိုက်ရင် မသိနိုင်ဘူး။**

ဒကာ ဒကာမတို့ ဝိဉာဏ်လေး တစ်ခု ပေါ်လာရင် နောက် ဉာဏ်နဲ့နာမ် ဖြစ်၍ နာမ်ပျက်တာပဲ သိအောင် လုပ်ပေး၊ ဝိပဿနာ

ရှုပေးကြ၊ ဒီတော့ နာမ်ဖြစ်၍ နာမ်ပျက်တယ်လို့ သိလာတယ်၊ အဲဒီတော့မှ "စက္ခုဝိညာဏံအနိစ္စတောဇာနတောပဿတော မိစ္ဆာဒိဋ္ဌိပဟီယတိ" ဒီစက္ခုဝိညာဏ် မြင်စိတ်ကလေးကို ဖြစ်ပျက် မြင်တဲ့ အတွက် မိစ္ဆာဒိဋ္ဌိပြုတ်သွားတယ်၊ အဲတာ သံယုတ်ပါဠိတော်မှာ ဟောတဲ့ စကားတော်ပဲလို့ မှတ်ကြ၊ ရှင်းပြီးလား။

ဘုရားက ခန္ဓာကို ဉာဏ်နဲ့ ကြည့်ကြဆိုပြီး ခိုင်းတော်မူတာကို ဘုန်းကြီးက၊ ကိုယ်စားလှယ် လုပ်ပြီး တဆင့် ဟောပြ ပေးနေတာပဲ၊ ဒါဟာ ဒကာတို့ကို ငရဲမျိုးစေ့ ဖြုတ်ပေးနေတာပဲလို့ မှတ်လိုက်ကြ။

ဒါကြောင့် ယခု အချိန်ဟာ အကောင်းဆုံးပဲလို့ ဆုံးဖြတ်ပြီး လုပ်ကြရမယ်၊ ဒီတော့ ဘာလာလာ ရှုကြ၊ မြင်စိတ်ပေါ် နောက်က မဂ္ဂင်ငါးပါးနဲ့ ရှုပေး၊ အဲဒီလို ရှုပေးနိုင်ရင် ငရဲမီးစကို ငြိမ်းလိုက်တာပဲ၊ ရိပ်မိကြရဲ့လား၊ ဒီလို ရှုလိုက်သွားရင် သင်္ခါယ ချုပ်တာပဲ၊ **"ဝိပဿနာဟာ သင်္ခါယ ချုပ်ဆေးပဲ၊ သူချုပ်ရင် သူနဲ့ယှဉ်ဘက် ဒိဋ္ဌိတွေလဲ ပြုတ်တော့တာပဲ။**

**ဒါကြောင့် ပေါ်သမျှ မပြတ်မလပ်အောင် ရှုပေးကြ၊ ကိုယ်သန္တာန်မှာဖြစ်တာ ပျက်တာ ဟူသရွေ့ ဓမ္မဖြစ်၍ ဓမ္မပျက်တာပဲလို့ သိရမယ်၊ ဒီလို သိရင် ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိဘူးလို့ သံသယ ကင်းပျောက်တယ်၊** ယုံမှားခြင်းက လွန်မြောက် သွားတယ်၊ ဒါကြောင့် ဘုရားရှင်က "တိဏ္ဏဝိစိကိစ္ဆော၊ လွန်မြောက်ပြီးသော ဝိစိကိစ္ဆာရှိသည်၊ ဟောတိဖြစ်၏"လို့ ဟောတော်မူတာ နဲ့ ညီညွတ်သွားပြီလို့ မှတ်ကြ။

ဒကာ ဒကာမတို့ ဒီအတိုင်း ယုံမှားကင်းအောင် ဉာဏ်နဲ့ မြင်ရင် အပါယ်လေးပါးမှ ကင်းလွတ်ရပါလို၏လို့ တောင်းဖို့ မလိုတော့ဘူး၊ အပါယ်က လွတ်ပြီလို့သာ မှတ်လိုက်ကြတော့ ဓမ္မက ခန္ဓာမှာ ပေါ်ပြီး ပျက်သွားတာပဲ အမှန်ရှိတယ်၊ ဒါကို ဉာဏ်က ဓမ္မဖြစ်၍ ဓမ္မပျက်

တာပဲလို့ ဆုံးဖြတ်ချက်ချနိုင်ရင် ဆုတောင်းဖို့ မလိုဘူးလို့သာ မှတ်လိုက်ကြ။

ဉာဏ်က ဓမ္မဖြစ်၍ ဓမ္မပျက်တာပဲလို့ ဆုံးဖြတ်နိုင်တော့ ငါလည်းမလာ၊ ငါဟုတ်မှ ဟုတ်ရဲ့လား ဆိုတဲ့ တွေးတောမှုလည်း မလာတော့ဘူး၊ ဘာမှသံသယ မရှိတော့ဘူး၊ အဲဒီအခါမှ ဒိဋ္ဌိရော၊ ဝိစိကိစ္ဆာပါ အတွဲလိုက် ပြုတ်တော့တာပဲ၊ ဒါကြောင့်မို့ ဉာဏ်အလုပ် လုပ်ရမယ်၊ ဉာဏ်အလုပ်လုပ်ရင် ဆုတောင်းဖို့ မလိုဘူး၊ ဒီဉာဏ် အလုပ်ကို မလုပ်ပဲနဲ့ ဆုသာ တောင်းနေလို့တော့ အပိုပဲလို့သာ မှတ်ကြတော့။

ဒီဉာဏ် အလုပ်မလုပ်ရင် ဘာဖြစ်မလဲ၊ မြင်စိတ်ကလေး ပေါ်လာတယ်ဆိုတော့ "ငါမြင်တယ်" ငါမြင်တာပဲ ဆိုတော့ ဒိဋ္ဌိ လိုက်လာတယ်၊ ငါဟုတ်မှ ဟုတ်ရဲ့လားဆိုတော့ ဝိစိကိစ္ဆာလိုက်လာတယ်၊ မြင်ကြရဲ့လား၊ ဒကာ ဒကာမတို့ ဝိပဿနာ ဉာဏ်မလာရင် ဒါထဲက တစ်ခုခု လိုက်လာမယ်ဆိုတာ ရိပ်မိကြရဲ့လား၊ ဒါတွေ လိုက်တော့ ဘာအပြစ် ရှိသလဲလို့ မေးစရာ ရှိတယ်။

ဒကာ ဒကာမတို့ ဝိစိကိစ္ဆာ လိုက်တော့ မောဟပဲ၊ မောဟ ဆိုတော့ အဝိဇ္ဇာ အဲဒီတော့ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဒါတွေ လိုက်တယ်၊ ဒိဋ္ဌိလိုက်တော့ ဒိဋ္ဌိက လောဘ၊ လောဘဆိုတော့ တဏှာ၊ ဥပါဒါန်၊ ကံဒါတွေလိုက်တယ်၊ မရှုမိတဲ့အတွက် ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ကြီး ဆက်တိုက်နောက်ကလာတယ်၊ ဒီတော့ သူတို့ နှစ်ခု ဘာလာလာ အပါယ်ကျဖို့ အပါယ်ကံတွေ စုမိမှာပဲ ရိပ်မိကြရဲ့လား။

ဒါကြောင့် ဝိပဿနာ ဉာဏ်အရေးကြီးတယ် ဆိုတာ ပေါ်ကြပြီလား၊ ဝိပဿနာ ဉာဏ်လာရင်လာ၊ မလာရင် မြင်စိတ်ကလေး နောက်က တဏှာ၊ ဥပါဒါန်၊ ကံ သော်လည်းကောင်း၊ အဝိဇ္ဇာ သင်္ခါရသော် လည်းကောင်း၊ လာမယ်ဆိုတာ မှတ်ကြတော့၊ မြင်စိတ်ကလေးကို ဖြစ်ပျက် မရှုမိရင် ပဋိစ္စသမုပ္ပါဒ် အစကသော် လည်းကောင်း၊

အလယ်ကသော် လည်းကောင်း ဖောက်ဝင်လာမယ်၊ ဝင်လာရင် ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန် လိုက်လာပြီး သံသရာချောက်ထဲ ထိုးဆင်းသွားရတော့တာပဲ။

ဒါကြောင့် **သံသရာ စတာ အဝိဇ္ဇာ၊ တဏှာကစတယ်၊ တချို့နေရာမှာ ဒိဋ္ဌိကစတယ်လို့ မှတ်ကြရမယ်၊** သဘောပါပြီလား။

ဒါကြောင့် မြင်စိတ် ပေါ်ရင် သင်္ခါရ အနိစ္စပဲဆိုပြီး ရှုပေး၊ ပေါ်တိုင်း ပေါ်တိုင်း ရှုဉာဏ်၊ ဝိပဿနာ ဉာဏ်လိုက်ပေး ဒီလို လိုက်ပေးရင် မြင်စိတ်ကလေး အနိစ္စရောက်တာကို ဉာဏ်က မြင်မယ်၊ အဲဒီလို မြင်ရင် "စက္ခုဝိညာဏံ အနိစ္စတောဇာနတောပဿတော မိစ္ဆာဒိဋ္ဌိ ပဟိယတိ" ဒိဋ္ဌိကို ပယ်ချလိုက်တယ်၊ ဒီတော့ နောက် ပဋိစ္စသမုပ္ပါဒ် ပြတ်သွားတယ်၊ ရှုဉာဏ်ဝင်လိုက်တဲ့ အတွက် ပဋိစ္စသမုပ္ပါဒ် ပြတ်တာပဲ။

မြင်စိတ်နောက်က ဒိဋ္ဌိလာရင် ပဋိစ္စသမုပ္ပါဒ် ဆက်မှာပဲ၊ ဝိစိကိစ္ဆာ လာရင်လဲ ဆက်မှာပဲ၊ ဝိပဿနာ ဝင်ရင်ဝင်၊ မဝင်ရင် ဆက်မှာပဲ၊ ပဋိစ္စသမုပ္ပါဒ် တန်းပြတ်မှသာရမယ်ဆိုတာ မှတ်လိုက်ကြ၊ ပဋိစ္စသမုပ္ပါဒ် ဆက်ရင် ဘယ်သူမှ မတတ်နိုင်ဘူး။

ဒါကြောင့် ဒီတရားအတိုင်း လုပ်ကြရမယ်၊ ဒီအဓိပ္ပါယ်တွေ ဘုရားဟောပြလို့ သိရတာ ကျေးဇူးတော် အနန္တ၊ ဂုဏ်တော် အနန္တနဲ့ ပြည့်စုံတဲ့ ဘုရားက ဟောခဲ့လို့ သိရတာမို့ လိုက်နာမှပဲလို့ ဆုံးဖြတ်ချက် ချကြ။

ဒကာ ဒကာမတို့ ဓမ္မဖြစ်၍ ဓမ္မပျက်တာပဲဆိုတာ သိဖို့ အရေးကြီးတယ်၊ ဒါကိုသိရင် ဘာမှ မကြောက်နဲ့ နောက်က တဏှာ၊ ဥပါဒါန်၊ ကံတွေ မလာဘူး၊ အဝိဇ္ဇာ သင်္ခါရတွေလည်း မလာဘူး၊ ဒါကြောင့် အပါယ်လေးပါး တံခါးပိတ်သွားတာပဲ၊ ဒါတွေက အပါယ်ပို့ပေးတာမို့ သူတို့မလာတော့ အပါယ်ပိတ်သွားတာပဲ၊ သူတို့

မလာတာ ဝိပဿနာက တားလိုက်လို့ပဲ၊ ဒါကြောင့် အပါယ်ကို ဝိပဿနာက တားနိုင်တယ်ဆိုတာ ပေါ်ကြပြီလား။

အပ္ပါယ်တံခါး ပိတ်တယ် ဆိုတာ အနာဂတ် အကြောင်း ဖြတ်လိုက်တာပဲ ဆိုတာ မှတ်လိုက်ကြ။

ဒါကြောင့် ဘာပေါ်ပေါ် ဖြစ်ပျက်ရှုကြ၊ စိတ်လာလာ၊ ဝေဒနာ လာလာ၊ သညာ သင်္ခါရ လာချင်တာလာ၊ လာတိုင်း မလွတ် အောင်သာ ဖြစ်ပျက်ရှုပေး ဒကာတို့ ဉာဏ်ထဲ ပေါ်ရာ ရှုချင်တာရှု၊ ရှုရင် မိစ္ဆာ ဒိဋ္ဌိ အကုန်လုံး ပြုတ်တယ်၊ ရှင်းပြီလား– ၄ ာ–ဒကာတို့ရဲ့ နှလုံးသွေးမှာ တည်တဲ့ မနောအကြည်က အိမ်မှာ ရှိနေတဲ့ သေတ္တာထဲက ငွေ ဘက်ကို လှည့်လိုက်တော့ ဝိဉာဏ်ပေါ်တယ်၊ ဘာ ဝိဉာဏ်လဲ၊ မနော ဝိဉာဏ် မြင်ကြပြီလား။

အဲဒါကြောင့်"မနဉ္စပဋိစ္စဓမ္မေစဉပ္ပဇ္ဇတိမနောဝိညာဏံ" ဒီမနော ဝိဉာဏ်လေးကို ဉာဏ်ကဖြစ်ပျက်၊ ဖြစ်ပျက်လို့ ရှုရမယ်၊ ရှုလိုက်တော့ "မနော ဝိညာဏံ အနိစ္စတော ဇာနတော ပဿတော မိစ္ဆာဒိဋ္ဌိပဟီယတိ"

ဒါလေးကို ဖြစ်ပျက်ရှုလိုက်တဲ့ အတွက် မဂ္ဂင်ငါးပါး ပေါ်လာတယ်၊ ဒီနေရာမှာ မဂ်ဝင်လိုက်တော့ နောက်က မိစ္ဆာဒိဋ္ဌိ မလာတော့ဘူး၊ ဝိစိကိစ္ဆာလည်း မလာတော့ဘူး၊ ရှင်းကြရဲ့လား၊ ဒါကြောင့် ကြံစည်တဲ့ စိတ်ဝမ်းထဲပေါ်ရင် ဖြစ်ပျက်ရှုချ၊ ရှုလိုက်တော့ ပဋိစ္စသမုပ္ပါဒ်ကြီး ပြတ်ထွက်သွားတယ်၊ ရှုဉာဏ် ဝင်လိုက်တော့ "ဝေဒနာပစ္စယာ တဏှာ၊ ဝေဒနာပစ္စယာဒိဋ္ဌိ" ဆိုတဲ့ လာနေကျ နိယာမ တရားအစဉ်တန်းကြီး ပျက်သွားတယ်။

ဝိပဿနာ မရှုရင် ဒိဋ္ဌိချည်း မိုးမွန်နေမယ်၊ ဒကာတို့က ဒိဒိဋ္ဌိနဲ့ ကြွားလုံး ထုတ်လိုက်သေးတယ် "ဟောဒီပစ္စည်းဟာ ငါကြံလို့ ရလာတာ" ငါအကြံဉာဏ် ဘယ်လောက် ကောင်းသလဲနဲ့ ကြွားလုံး ထုတ်တာ၊

အဲဒါဟာ ဝိပဿနာ မရှုတဲ့ ဓမ္မကပြောနေတာပဲလို့ ရိပ်မိကြ၊ ငါမဟုတ်၊ ငါမပါ ဝိပဿနာ မရှုလို့ ပြောတဲ့ စကားပဲဆိုတာ မှတ်လိုက်ကြ။

ဒီလို ကြွားလုံးမျိုးကို လူကြီးတွေက ထုတ်ကြွားတာ များတယ်၊ "မင်းတို့ ငါမရှိရင် သိလိမ့်မယ်" တဲ့၊ ငါဒိဋ္ဌိ၊ ငါတဏှာ၊ ဥပါဒါန်၊ ကံ ဒါတွေနဲ့ သေသွားရင် အပါယ်ပဲ၊ သံသယ မရှိနဲ့တော့။

ဒိဋ္ဌိလာတော့ ဒိဋ္ဌိက တဏှာ၊ ဒိဋ္ဌုပါဒါန်ကမ္မဘဝ၊ အပါယ်၊ ဇာတိ၊ ကမ္မဘဝပစ္စယာ ဇာတိက အပါယ်ဇာတိပဲရှိတယ်၊ ရိပ်မိကြပြီလား၊ ဒါကို ဝိပဿနာမဂ်နဲ့ ဖြတ်မှ သာရမယ်ဆိုတာ မှတ်ကြ။

## "ကိုယ်တိုင်ဆုံးဖြတ်မဂ်ဉာဏ်မြတ်တရားတော်"

ဒကာ ဒကာမတို့ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလ သမ္မာဒိဋ္ဌိ၊ ဒီသုံးမျိုးကို ထပ်ပြီး ရှင်းလင်းပြောပြမယ်၊ ဒီသုံးခုက လိုရင်း အချက်ပဲ ဆိုတာ မှတ်လိုက်ကြ။

**"ဝိပဿနာ သမ္မာဒိဋ္ဌိ" အမြင်က ဖြစ်ပျက်ကိုသာ မြင်တယ်၊** ခန္ဓာကို မမြင်ဘူး၊ ခန္ဓာ မမြင်လို့ ဒီဉာဏ်က ခန္ဓာစွန့်တယ်ဆိုတာ မှတ်ရမယ်၊ ဝိပဿနာ ဉာဏ်က ခန္ဓာမမြင်ဘူးဆိုတာ ရိပ်မိကြပြီလား၊ ခန္ဓာ မမြင်ရင် နောက်က ပဋိစ္စသမုပ္ပါဒ် ဆက်အုံးမလား၊ မဆက်တော့ဘူး၊ မဆက်တော့ နောက်က တဏှာ ဥပါဒါန်ကံတွေကို စွန့်တာပဲ၊

ဒါကြောင့် ဒီ–ဝိပဿနာ ဉာဏ်ဟာ အလွန် ကျေးဇူးများတဲ့ တရားပဲဆိုတာ မှတ်လိုက်ကြ။

**"မဂ် သမ္မာ ဒိဋ္ဌိက သူကလည်း ခန္ဓာစွန့်ပြီးသား ဖြစ်တယ် နိဗ္ဗာန်လည်း မြင်တယ်၊ ကိလေသာတွေကိုလည်း ပယ်စွန့်တာမို့ သူက သုံးကိစ္စ ဆောင်ရွက်တယ်၊** ဝိပဿနာ ဉာဏ်က ခန္ဓာစွန့် ကိလေသာ စွန့်လို့ နှစ်ကိစ္စ ဆောင်ရွက်တယ်၊ မဂ်ဉာဏ်က သုံးကိစ္စ ဆောင်ရွက်တယ်၊ ရှင်းကြပြီလား၊ ဒကာ ဒကာမတွေ မိမိတို့ တရား အားထုတ်တာ ဘယ်သမ္မာဒိဋ္ဌိ ရောက်ပြီလဲ ဆိုတာ ကိုယ်တိုင် သိကြဖို့ ရှင်းလင်း ပြပေးနေတယ်ဆိုတာ မှတ်ကြရမယ်။

ဝိပဿနာ သမ္မာဒိဋ္ဌိရောက်နေရင် စူဠသောတာပန်ပဲ၊ စူဠ သောတာပန်ဆိုတော့ တဘဝ၊ နှစ်ဘဝလောက်ပဲ အပါယ်အတွက် စိတ်ချရတယ်၊ မသေချာလှသေးဘူး ဒါလောက်နဲ့ တင်းတိမ်နေလို့ မဖြစ်နိုင်သေးဘူး ဆိုတာ မှတ်ရမယ်၊ မဂ်သမ္မာဒိဋ္ဌိ ရောက်ရင်

မဟာသောတာပန်ပဲ၊ အဲဒီရောက်မှ လုံးဝ စိတ်ချရမယ်၊ ဒါကြောင့် မဂ်သမ္မာဒိဋ္ဌိကိုဖြင့် မရ အရ ကြိုးစားမှပဲလို့သာ ဆုံးဖြတ်ချက်ချကြ။

ဝိပဿနာ သမ္မာဒိဋ္ဌိက နိဗ္ဗာန်တည်းဟူသော ဆွဲကိုင်ရာကို ကောင်းကောင်း မရသေးဘူး၊ မရသေးတော့ ကိလေသာကို စွန့်တယ် ဆိုပေမဲ့ အမြစ်နှင့်တကွ မပြတ်သေးဘူး၊ ပြတ်အောင် မစွန့်နိုင်သေးဘူး၊ မဂ်သမ္မာဒိဋ္ဌိကတော့ နိဗ္ဗာန်ကို ဆွဲကိုင်ပြီး ကိလေသာကို ဖြတ်တဲ့ အတွက် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာတို့ကို အမြစ်ပါ ဖြတ်တယ်ဆိုတာ မှတ်ထားကြ။

"ဖလသမ္မာဒိဋ္ဌိဆိုတာက မဂ္ဂသမ္မာဒိဋ္ဌိ နောက်က ကပ်ရက်လာ တာပဲ၊ မဂ်ရပြီးရင် ဖိုလ်ကို တောင့်တဖို့ မလိုဘူး၊ မဂ်က အနန္တရ ပစ္စည်းနဲ့ ကျေးဇူးပြုတဲ့ အတွက် ဟဒယဝတ္ထုပေါ်မှာ မဂ်ပြီးတော့ ဖိုလ်ပဲ လာတယ် ဆိုတာ မှတ်ကြ၊ ဒါကြောင့် ဒီဖိုလ်သမ္မာဒိဋ္ဌိအတွက် အထူးတလည် အားထုတ်ယူဖို့ မလိုတော့ဘူး၊ မဂ်ရအောင် အားထုတ်ဖို့သာ အဓိကပဲလို့ မှတ်လိုက်ကြ။

ဝိပဿနာ လမ်းဆုံးကို တကြိမ် ရောက်သွားတယ် ဆိုရင်ပဲ ပုဂ္ဂိုလ်၊ သတ္တဝါ ရှိသလား၊ မရှိသလားဆိုတဲ့ သံသယက လွန်မြောက် သွားတယ်၊ ဒီဓမ္မတွေ အပေါ်မှာ ယုံမှားသံသယ လုံးဝမရှိတော့ဘူး၊ အဲဒီအခါမှာမှ --

**တိဏ္ဏဝိစိကိစ္ဆော** – ယုံမှားခြင်းကို လွန်မြောက်သည်၊
**ဝိဂတကထံကထော** – သို့လော သို့လော တွေးတောခြင်းကင်း သည်။
**ဝေသာရဇ္ဇပ္ပတ္တော** – တရားတော်၌ ရဲရင့်ခြင်းသို့ ရောက်သည်။
**အပရပ္ပစ္စယော** – ဘုရား သာသနာမှတပါး အားထားကိုးစား ရာ မရှိသည်။

ဒကာ ဒကာမတို့ ဘုရားရှင်ရဲ့ သာဝက အစစ်အမှန် ဖြစ်သွားတဲ့

သူဟာ၊ ဘယ်အခါမှ မဖောက်ပြန်တော့ဘူး၊ ဆိုတာ မှတ်ရမယ်၊ သူက ဉာဏ်နဲ့ ခန္ဓာမှာ ဆိုက်တဲ့ အခါမှာလည်း ပုဂ္ဂိုလ်သတ္တဝါ ဆိုစရာ မဟုတ် မရှိဘူးဆိုတဲ့ အချက်ကို အမှန်သိတယ်၊ အမှန်မြင်တယ် ဆိုတာ မှတ်လိုက်ကြ၊ သူကိုယ်တိုင် ကိုယ်ပိုင် ဒီဥဉာဏ်နဲ့ မြင်ပြီး သိပြီးသား ဖြစ်လေတော့ ဘယ်သူပြောစရာမှလည်း မလိုတော့ဘူး၊ တခြားဘာသာ အယူဝါဒကို ပြောင်းဖို့ မရှိတော့ဘူး။

ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်တော့ စိတ်ကိုပဲ ကြည့်ကြည့် ဝေဒနာပဲ ကြည့်ကြည့် ဘာကိုဘဲ ကြည့်ကြည့် ဖြစ်တာနဲ့ ပျက်တာပဲရှိတယ်၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဆိုစရာ လုံးဝမရှိပါဘာလားလို့ ဆုံးဖြတ်နိုင်တဲ့ အမြင်ဟာ "သောတပန် အမြင်ပဲလို့ ဟောတော်မူတယ်"

ဒီဉာဏ်အမြင်ရရင် တိဏ္ဏဝိစိကိစ္ဆော ယုံမှားခြင်းကို လွန်မြောက်သွားပြီး ဖြစ်တာနဲ့ ပျက်တာပဲ၊ ဒီထဲမှာ သူမပါ၊ ငါမပါဘူးလို့ သိပြီးတော့၊ ဝိဂတကထံကထော တွေးတောခြင်း ကင်းသွားပြီ ဆိုတဲ့ အချက်တွေနဲ့ ပြည့်စုံသွားတော့တယ်၊ ဒီလိုဖြစ်ရင် "နိယတ" ဖြစ်ပြီ မကောင်းတဲ့ ဌာန ဘယ်ကိုမှ မသွားတော့ဘူး၊ နိဗ္ဗာန်ပဲ အရောက် သွားတော့တယ် ဆိုတာ မှတ်ကြတော့။

**ဒကာ ဒကာမတို့ ဝိပဿနာ အလုပ်က လုပ်ရင် မခက်ဘူး၊ ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်ပေးဖို့ပဲလိုတယ်၊ စိတ်ကလေး တစ်ခု ပေါ်လာရင် ဉာဏ်နဲ့ ကြည့်၊ ဖြစ်ပြီး ပျက်သွားဒါပဲ မြင်မယ် ဘာစိတ်လာလာ ဆက်သာကြည့် အမြင်များသလောက် ဉာဏ်ထက် လာမယ်၊ ကြပ်ကြပ်ကြည့်လေ ဉာဏ်ထက်လေ နိဗ္ဗာန်နဲ့ နည်းလေပဲဆိုတာ မှတ်ကြ။**

**"ပေါ်လာတဲ့ ဓမ္မအပေါ်မှာ နှလုံးသွင်းတည့်ဖို့ဟာ အရေးအကြီး ဆုံးဘဲလို့ မှတ်လိုက်ကြ။** ဒကာ ဒကာမတို့ ပေါ်တာကို နှလုံးသွင် တည့်ဖို့ အရေးကြီးတယ်–

**"ဥပမာ– ဝေဒနာလေး ပေါ်လာတယ်၊ ပျက်မယ့်တရားမို့ ပျက်သွားတယ်၊ ဒီလို သိရင်နှလုံးသွင်းတည့်တာပဲ၊ စိတ်ကလေး တစ်ခု ပေါ်လာ ပျက်မယ့်တရားပဲ၊ ဟော ပျက်သွားပြီလို့ သိလိုက်ရမယ်။"**

အဲဒီလို သိရင် တည့်တာပဲ၊ ဘာလာလာ ဓမ္မက ပြတာနဲ့ နှလုံးသွင်းနဲ့ တည့်စေရမယ်၊ ဓမ္မက ဖြစ်ပျက်ပြရင် ဖြစ်ပျက်ကိုပဲ သိရမယ်၊ ရှင်းကြရဲ့လား **"ရှေ့က နှလုံးသွင်းတည့်ရင် နောက်က ဝိပဿနာ ဖြစ်တာပဲလို့ မှတ်ကြ"** ရှေ့က နှလုံးသွင်းတည့်ရင် နောက်က ဝိပဿနာ ဖြစ်တယ်ဆိုတာ ရှင်းပြီလား။

ဒါကြောင့် "အင်္ဂုတ္တိုရ်ပါဠိတော်" ဘုရားရှင် ကိုယ်တော်တိုင် ဟောတော်မူတဲ့ အချက်က "ယောနိသော မနသိကာ ရောဘိက္ခဝေ ဥပ္ပန္နာအကုသလာ ဓမ္မာပဟီယန္တိ"တဲ့။

ယောနိသောမနသိကာရ ဖြစ်ရင် အကုသိုလ်ဟူသမျှ ပယ်စွန့်ပြီးသား ဖြစ်တယ်လို့ ဆိုလိုရင်းဖြစ်တယ်၊ ဒါကြောင့် ယောနိသောမနသိကာရ နှလုံး သွင်းမှန်ကန်ဖို့ အချက်ဟာ အလွန် အရေးကြီးပါကလားလို့ ဆုံးဖြတ်ချက် ချကြ။

ဘုရားရှင် ရွှေလက်ထက်တော် အခါက သူဖုန်းစား သုပ္ပဗုဒ္ဓဟာ ဘုရားတရားတော်ကို တော်ရာက ချောင်းမြောင်းပြီး နာယူလို့ သောတာပန် တည်သွားတယ်၊ သူကချောင်းပြီး နာယူဒါဖြစ်ပေမယ့် ခန္ဓာအရှိနဲ့ နှလုံးသွင်းနဲ့ တည့်လို့ ကိုက်ညီလို့သာ သောတာပန် တည်တာပဲ ဆိုတာမှတ်လိုက်ကြ။

"သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေဓမ္မာအနတ္တာ" ဖြစ်ပေါ်လာသမျှ တရားအားလုံးဟာ အနိစ္စဘဲ၊ တရားအလုံးစုံဟာ အနတ္တပဲ၊ ဓမ္မပေါ်ပြီး ဓမ္မပျက်တာပဲရှိတယ်၊ ဓမ္မပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်သွားတာကို ဉာဏ်နဲ့ မြင်ရမယ် **"ဓမ္မပေါ်တယ်လို့ သိရင် ယောနိသောမနသိကာရ**

ဖြစ်တာပဲ"ဓမ္မပျက်သွားတာလို့ သိရင် ဝိပဿနာ နောက်က လိုက်တာဒါဘဲ။

"ဒကာ ဒကာမတို့ ရှေ့က ယောနိသောမနသိကာ ရရှိမှသာ နောက်က ဝိပဿနာ ဖြစ်နိုင်တယ်ဆိုတာ မှတ်ထားကြ"

သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်က မဂ္ဂင်နဲ့ ဓမ္မလေးတွေကို မြင်နေတယ်၊ ဒီလိုဓမ္မလေးတွေ မြင်ရာက ဖြစ်ပျက်ချုပ်ပြီး နိရောဓသစ္စာဘက် ကူးသွားတယ်၊ သောတာပန် ပုဂ္ဂိုလ်က ရှုနေရင်းက ဒုက္ခသစ္စာချုပ်ပြီး နိရောဓသစ္စာ ပေါ်တာပဲ၊ ဝိပဿနာ နောက်က ဖိုလ်ဇောတွေ အများကြီး လာတယ်၊ အဲဒီအခါမှာ မဂ်ဇောလုံးဝပါဘူး၊ အဲဒီကျတော့ "နိဗ္ဗာန် ဖလဿနိဗ္ဗာန် ဖလဿအရမ္မဏပစ္စယေနပစ္စယော"ချည်းဘဲနိဗ္ဗာန် အရေအတွက်မရှိအောင် တွေ့ရတယ် ဆိုတာ မှတ်ကြ။

## "ဝေဒနာကုန်ပျောက် နိဗ္ဗာန်ပေါက် တရားတော်"

ဒကာ ဒကာမတို့ အခု ဒီခန္ဓာကြီးကို ရထားကြတယ်၊ အခု ဘယ်သူနဲ့ နေကြသလဲ၊ ဆိုတော့ သူနဲ့ဘဲ နေကြရတယ်၊ ဒီခန္ဓာကြီးနဲ့ ခွဲမရခွာမရ အမြဲတွဲနေကြရတယ်၊ ဒီခန္ဓာကြီးကကော အမှန် ဘယ်သွား နေသလဲ၊ သေရာကို သွားနေရတာပဲ ရိပ်မိကြရဲ့လား၊ ဒီခန္ဓာက အချိန် ရှိသရွေ့ နာရီ၊ မိနစ်၊ မလပ်၊ သေဘက် သွားနေတယ် ဆိုတာ သဘောပါကြရဲ့လား။

ဒီတော့ ခန္ဓာရအောင် ကြိုးစားသူဟာ သေရာ သွားဖို့ အလုပ် မပျင်းလို့ဘဲဆိုတာ ထင်ရှားတယ်၊ ခန္ဓာလိုချင်သူဟာ သေရာသွား အလုပ် မပျင်းသူပဲလို့ အပြစ်တင်သင့်တယ်။

အမှန်အစစ်က သူ့အလုပ် လုပ်ချင်လို့တော့ မဟုတ်ဘူး၊ သူ့ကို ခင်မင်နေတဲ့ အတွက် လုပ်နေရတာပဲ၊ အဲဒီတော့ ဒီခန္ဓာကို ခင်မင်တာ မပြတ်သရွေ့ သေရာသွား အလုပ်က နောက်မဆုတ် လို့သာ မှတ်လိုက်ကြ။

ဒီလို ဖြစ်ရတာ ဘာကြောင့်လဲ၊ ဒကာတို့ နဂိုအနေက လွဲခဲ့လို့ အခု အရလွဲနေတာပဲ ဆိုတာ မှတ်လိုက်ကြ၊ အခု အချိန်မှာတော့ ဘယ်သူမှ မတတ်နိုင်တော့ဘူး၊ တတ်နိုင်တာက နောက်ထပ် ဒီလမ်း မသွားဖို့ မလိုက်ဖို့ပဲ တတ်နိုင်တော့တယ်၊ ဘာလို့ မတတ်နိုင်တော့ တာလဲ၊ ဒကာတို့က အရယူထားလို့ မတတ်နိုင်တော့တာဘဲ၊ ဒကာတို့က လက်မလွှတ်ချင်လို့ ဥပါဒါန်က စွဲထားလို့ ပြင်မရ တော့ဘူးဆိုတာ မှတ်ကြ။

အခု ဒကာ ဒကာမတွေကို တတ်နိုင်တဲ့နည်းကို ပေးရမယ်၊ နည်းရရင် လိုက်နာကြဖို့ အရေးဟာ ဒို့အရေးပဲလို့ မှတ်လိုက်ကြ၊ ဘုရားရှင် ရွှေလက်ထက်တော်အခါက ဖဂ္ဂုဏခေါ်တဲ့ ရဟန်းတပါးရှိတယ်၊

အဲဒီရဟန်းက မကျန်းမမာ ဖြစ်နေတာ အတော် အသဲအသန် ဖြစ်နေရရှာတယ်၊ အဲဒီအခါမှာ အရှင်အာနန္ဒာက သွားရောက်ကြည့်ရှုပြီး "ရောဂါက အင်မတန် ကြီးလှပါကလား သနားစရာဘဲ"လို့ အောက်မေ့ပြီး ဘုရားရှင်ထံ သွားပြီး လျှောက်ထားလိုက်တယ်။

ရှင်အာနန္ဒာက "ဖဂ္ဂုဏ ရဟန်းဟာ ရောဂါ ဝေဒနာ အကြီးအကျယ် ခံစားနေရတဲ့ အကြောင်း၊ မသိမလိမ္မာသေးသူဖြစ်လို့ ကြွရောက်ပြီး ကယ်မတော်မူဖို့ အကြောင်းနဲ့ ဘုရားထံမှာ လျှောက်ထားလိုက်တယ် ဆိုရင်ဘဲ၊ အဲဒီ ဖဂ္ဂုဏ ရဟန်းရှိတဲ့ ကျောင်းဆီကို ဘုရားရှင် ကိုယ်တော်တိုင် ကြွလိုက်လာတယ်။

ဒီနောက် ဘုရားရှင်က ဝေဒနာ အခြေအနေများ မေးမြန်းစိစစ်တော်မူခဲ့တဲ့အခါ၊ ဖဂ္ဂုဏရဟန်းက "ရောဂါဝေဒနာများဟာ အလွန်ပြင်းထန် နှိပ်စက်နေပါတယ် ဆိုတဲ့ အကြောင်း လျှောက်ထားလိုက်တော့ ဘုရားက "ချစ်သားဖဂ္ဂုဏ အသင့်ခန္ဓာမှာ နာကျင်ကိုက်ခဲ ဆင်းရဲအမျိုးမျိုးခံစားနေရတဲ့ သဘောက ဝေဒနာ သက်သက်ပဲ၊ ဒီဝေဒနာ ဓမ္မခံစားမှု သဘောတွေဟာ ဝေဒနာက္ခန္ဓာသာ အမှန် ဖြစ်တယ်။

**"ခန္ဓာရှိလို့သာ ဝေဒနာရှိဒါ၊ ဒီထဲမှာ ငါဆိုတာ မပါဘူး၊ ဒါကြောင့် ဝေဒနာနဲ့ ငါကို မရောမိစေနဲ့၊ ဝေဒနာရဲ့ ဖြစ်ပျက် အနိစ္စသဘောကို ဉာဏ်နဲ့ ကြည့်ပေး၊ ဝေဒနာဟာ ဓမ္မသဘော သက်သက်သာ ဖြစ်တယ်၊ ဝေဒနာထဲမှာ ငါမပါ၊ သူမဟုတ် နာမ်ဓမ္မသာ ဟုတ်တယ်၊ သူ့ရဲ့မမြဲတဲ့ အနိစ္စအချက်၊ ဆင်းရဲနှိပ်စက်တဲ့ ဒုက္ခအချက် မိမိအလိုမပါ အနှစ်သာရ ရှာမရတဲ့ အနတ္တ အချက်တွေသာ အမှန်ဖြစ်တယ်၊ ဒီအမှန်သဘောကို ဉာဏ်နဲ့ မြင်အောင် ကြည့်ပေလော့လို့ ဟောပြတော်မူတယ်။**

ဒီခန္ဓာက ဝေဒနာက္ခန္ဓာမို့ ဝေဒနာကတော့ ရှိတယ်၊ ဒီအထဲမှာ–

ဩော်ငါနှယ် ဖြစ်မှ ဖြစ်ရပလေတယ်ဆိုတဲ့ ငါမရောစေနဲ့တဲ့၊ ဘုရားရှင်က ဒီလို ဟောတော့ ဖဂ္ဂုဏရဟန်းဟာ အနာဂါမ် တည်သွားတယ်လို့ မှတ်ကြရမယ်၊ အနာဂါမ်တည်ပြီး ချက်ခြင်းဆိုသလိုပဲ စုတိ ကျသွား တော့တယ်။

ဒကာ ဒကာမတို့ မိမိသန္တာန်မှာ ဟိုနေရာက ဝေဒနာပေါ်လိုက်၊ ဒီနေရာက ဝေဒနာပေါ်လိုက်နဲ့ ပေါ်လာတဲ့ အခါ **"ငါနာတယ်" ဆိုပြီး ငါနဲ့ ဝေဒနာမရောပါနဲ့လို့ ဘုရားက ဟောတယ်"** ကျုပ်လက်မောင်း နာနေတယ်၊ ကျုပ်ရင်ခေါင်း အောင့်နေတယ်"လို့ ဆိုလိုက်တော့၊ ဝေဒနံအတ္တတောသမနုပဿတိတဲ့၊ ဝေဒနာကို ငါပဲလို လုပ်လိုက်တယ်၊ အဲဒီတော့ ဝေဒနာထဲ ငါသွားရောလိုက်တာပဲ၊ ဒကာတို့ တတွေ သတိထားကြ၊ မကျန်းမမာတဲ့ သူများဟာ ပိုပြီး ရောတတ်တယ်။

**"ဝေဒနာကတခြား၊ ငါကတခြား ဘာမှ မဆိုင်ဘူး၊ ဝေဒနာ အန်စွပ်ခန္ဓာမှာ ဉာဏ်နဲ့ ကြည့် ဝေဒနာပေါ်လာပြီး ပျက်သွားတာပဲ၊ ဟိုနားကပေါ် ဟိုနားမှာပဲပျက်တယ်၊ ဒီနားမှာ ပေါ်တဲ့ ဝေဒနာလည်း ဒီနားမှာပဲ ပျက်တာပဲ၊ အဲဒါကြောင့် ဝေဒနာပေါ်ရာမှာ ဖြစ်ပျက်လိုက် ပေးကြ၊ ဝေဒနာပေါ်ရာ ရှုဉာဏ်လိုက်တော့ ဝေဒနာက ဖြစ်ပျက် ရှုဉာဏ်က မဂ် ဖြစ်သွားတယ်။**

ဒကာ ဒကာမတို့ အထဲမှာ မသေမယ့်သူ တစ်ယောက်မှ မပါဘူး၊ သေမယ့်သူချည်းပဲ၊ သေခါနီးရင် ဝေဒနာ အမျိုးမျိုးလာမယ်၊ လာရင် မိအောင် ရှုတတ်ဖို့ အရေးကြီးတယ်၊ ဒါကြောင့် အခုနေမှာ ရအောင် ကြိုးစားနိုင်ရင် ကြိုးစား၊ မကြိုးစားနိုင်ရင် ရှုတတ်ဖို့ အကျင့် လုပ်ထား ရမယ်၊ ဒါလောက်ကလေးကိုမှ လုပ်မထားမိရင် ဒုက္ခကြီးလှလှ ရောက်တော့မယ် ဆိုတာ မှတ်ကြတော့။

**"ဝေဒနာက ဝေဒနာက္ခန္ဓာ၊ နာမ်ဓမ္မ၊ ငါဆိုတာက ဒိဋ္ဌိဓမ္မ၊**

**တခြားစီဘဲ၊ ပရမတ္ထတရားက မရောဘူး၊ ဝေဒနာလေးက ဝေဒနာ ကွန်နာ နာမ်တရား ငါက ဒိဋ္ဌိသူတို့ ချင်းက တခြားစီ ဘာမှ မဆိုင်ဘူးဆိုတာ မှတ်လိုက်ကြ။**

"ဝေဒနာလေးက ခြေဖမိုးပေါ်မှာ ပေါ်လာတယ်ဆိုတော့ "ငါ့မှာ ဖြစ်ရလေခြင်း"တဲ့ မနောထဲမှာ ဒိဋ္ဌိ ဝင်လာလိုက်တယ်၊ ဒီတော့ ဝေဒနာထဲ ဒိဋ္ဌိ ရောသွားတော့တာပဲ၊ မြင်ကြရဲ့လား မြင်အောင် ကြည့်ကြ၊ သာမည အသေးအဖွဲ့ကိစ္စမျိုး မဟုတ်ပါဘူး၊ အပါယ် ရောက်ရမယ်၊ ရောမကိစ္စကြီးဖြစ်လို့ ထူးထူးခြားခြား အရေးထားပြီး ပြောနေရတာပါ ရိပ်မိကြရဲ့လား၊ **"ကိုယ်ပေါ်မှာ ပေါ်တဲ့ ဝေဒနာကို ငါပဲလို့ ဒိဋ္ဌိ စွဲတော့ ကိုယ်ကျိုးနည်းပြီလို့သာ မှတ်လိုက်ကြ"**

"ဝေဒနာက ခြေဖမိုးမှာ ဝမ်းထဲက မနောက ငါနာတယ်လို့ ဝေဒနာနဲ့ ငါရောချလိုက်တယ်" ဘုရားက မရောစေနဲ့လို့ ဟောတော် မူတယ်၊ဒိဋ္ဌိနဲ့ မရောဖို့ အလွန်အရေးကြီးတယ်၊ မရောအောင် ဘယ်လို လုပ်ရမလဲ**"ဝေဒနာဟာ ဝေဒနာကွန်နာပဲ၊ သူလာရင် သမ္မာဒိဋ္ဌိရောပေးကြ" ဝေဒနံ့အနိစ္စတောသမနုပဿတိ" ဝေဒနာကို ဖြစ်ပျက် ရှုပေးကြ၊ ဒီတော့ ဘာဝေဒနာ လာလာ ဖြစ်ပျက်ရှုဖို့ မမေ့စေနဲ့။**

ပကာ ဒကာမတို့ ဝေဒနာ လာရင် ဖြစ်ပျက် ရှုပေးကြ၊ မရှုမိရင် ဝေဒနာထဲမှာ ငါရောမယ်၊ ရောတော့ ဝေဒနာနောက်က ဒိဋ္ဌိလိုက် လာတယ်၊ ဒိဋ္ဌိလိုက်တော့ သံသရာ ဆက်မယ်၊ ဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန်ကံ၊ အပါယ်ဇာတိပဲ၊ ဝေဒနာထဲ ငါမရောတော့ ဝေဒနာ နောက်က မဂ်ဖိုလ် လိုက်လာမယ်၊ ဝေဒနာ ဖြစ်ပျက် ရှုတော့ ဝေဒနာက ဖြစ်ပျက်၊ ရှုဉာဏ်က မဂ်၊ နောက်သံသရာ ပြတ်တယ် **"ဝေဒနာ နိရောဓော နိဗ္ဗာန်၊ ဒုက္ခနိရောဓော နိဗ္ဗာန်ပဲ"**

ဘုရားက ဖဂ္ဂုဏကို ဒီလို ဟောတော့ ဖဂ္ဂုဏက ဖြစ်ပျက်ရှုတယ်၊

ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း လိုက်ပေးနေတယ်၊ သူက **မသေမချင်း** ဝေဒနာကို ရှုဉာဏ်နဲ့လိုက်သွားတယ်၊ အဲဒီလို လိုက်နေတော့ တချိန်မှာ ဝေဒနာတွေ ပျောက်ထွက်သွားတယ်၊ အဲဒီကျတော့မှ ဖဂ္ဂုဏဟာ "ဝေဒနာနံခယောဘိက္ခု" ဖြစ်သွားတယ်ဆိုတာ မှတ်ကြ၊ ဒကာ ဒကာမ တို့လည်း ဒီအတိုင်း ဝေဒနာ ကုန်အောင် ရှုရမယ်၊ ရိပ်မိကြပြီလား။

ထိုဖဂ္ဂုဏရဟန်းသည် ဝေဒနာ၊ ဝေဒနာယဝေဒနာ၌၊ ပရိညာယ ဖြစ်ပျက်ပဲလို့ ပိုင်ပိုင်နိုင်နိုင်သိ၍ (ဝါ) သိသောကြောင့် ဒိဋ္ဌေဝဓမ္မေ၊ မသေခင်ခဏ၌၊ အနသဝါ၊ အာသဝေါ ကင်းသွား၏၊ အာသဝေါ ကင်းသွားသည် ဟောတိ၊ ဖြစ်၏။ "သောဝေဒနာ ပရိညာယ ဒိဋ္ဌေဝဓမ္မေ အနာသဝ" ဆိုတာ ဖဂ္ဂုဏရဟန်းတော် သေခါနီးလေးမှာ ကပ်ပြီး အောက် သံယောဇဉ် ငါးပါးကို ပယ်သွားနိုင်တဲ့ အကြောင်းပြောတာ နည်းယူဖို့ မကောင်းကြဘူးလား။

ဒကာ ဒကာမတို့ သေခါနီးမှာ ပိုပြီး အရေးကြီးတယ်၊ အခု နေအခါမှာ နေရကျအောင် လုပ်နိုင်ရင်လုပ်၊ မလုပ်နိုင်ရင် သေခါနီးမှာ နေရာ ကျအောင် လုပ်နိုင်တတ်ရမယ်၊ အခု အချိန်က နည်းမရရင် သေခါနီးမှာ ကြောက်လန့်တဲ့ စိတ်တွေလာမယ်၊ ကြောက်တယ် လန့်တယ်ဆိုရင် ဒိဋ္ဌာသဝအဝိဇ္ဇာသဝတွေ လာတော့တာပဲ၊ ဒါတွေ လာရင် အပါယ်ဆိုတာ သေချာပြီလို့သာ မှတ်လိုက်ကြ။

ဒကာဒကာမတို့ ဖဂ္ဂုဏဟာ ဘုရားကြွမလာခင်က ဝေဒနာနဲ့ ငါနဲ့ ရောနေတယ်၊ ဘုရားကြွလာတော့မှ သမ္မာဒိဋ္ဌိနဲ့ ရောဖို့ ဟောပြ လိုက်လို့ပဲ အဲဒီအတိုင်း ကျင့်ကြတော့မှ အနာဂါမ်တည်သွားတာပဲလို့ မှတ်လိုက်ကြ၊ ဒကာ ဒကာမတို့ သဘောပါကြပြီလား၊ အဲဒီအချိန်မှာ ဘုရားရှင်က အကြောင်းပေါ်ပြီမို့ ရှင်အာနန္ဒာကို အမိန့်တော် ရှိလိုက် တယ် "ချစ်သာ အာနန္ဒာ၊ သေနည်းကို သင်ပြမယ်၊ ရဟန်းပရိတ်သတ် လူပရိတ်သတ်တွေ စုရုံးချေလော့" လို့ ခိုင်းတော်မူတယ်။

ဒါနဲ့ အာနန္ဒာက ပရိတ်သတ်များကို စုရုံးပြီးတဲ့ အခါမှာ ဘုရားရှင်က သေနည်းတရားကို ရှင်းလင်း ဟောပြတော်မူတယ် ဆိုတာ မှတ်ရမယ်၊ အခု ဒကာ ဒကာမတို့အတွက်မှာ ဘုန်းကြီးက အထူးတလည် ရှင်းလင်း ပြောပြပေးလိမ့်မယ်လို့ မှတ်ကြ၊ ပထမ မှတ်ဖို့က သေနည်း ၆–မျိုးရှိတယ်၊ ၆မျိုးဆိုတာက ပုထုဇဉ်တို့ သေနည်းက ၃–မျိုး၊ သောတာပန် သကဒါဂါမ်၊ အနာဂါမ်တို့ သေနည်းက ၃–မျိုး၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့ သေနည်းက ၃–မျိုး ပေါင်းတော့ ၆–မျိုးရှိတယ်ဆိုတာ မှတ်ရမယ်။

အခု ပြောမှာက ပုထုဇဉ်တို့ သေနည်း သုံးမျိုးကို ပြောပြမယ်၊ အထက်သေနည်း သုံးမျိုးကို ချန်ထားမယ်၊ ဒကာ ဒကာမတို့ မှတ်ဖို့ နည်းယူဖို့ ကျေးဇူးများမယ့် သုံးမျိုးကိုသာ ပြောလိမ့်မယ်ဆိုတာ မှတ်ကြ။

ပုထုဇဉ်တို့ သေနည်း သုံးမျိုးကို ပြရမယ်၊ သေသေချာချာ မှတ်ယူလိုက်ကြ။

(၁) ဘုရားဟောတဲ့ သက္ကာယပြုတ်တရားကို ကြားနာပြီး ဝေဒနာငါနဲ့ မရောအောင် ပွား၍ သေခြင်း။

(၂) ဘုရား၏ တပည့်သားဟောတဲ့ သက္ကာယပြုတ်တရားကို ကြားနာပြီး ဝေဒနာနဲ့ ငါနဲ့ မရောအောင် ကိုယ်တိုင် ရှုမှတ်ပွားများ၍ သေခြင်း။

(၃) ဘုရားနှင့် တပည့်သားတို့ထံမှ ကြားနာရသည့် တရားအတိုင်း ဝေဒနာနဲ့ ငါနဲ့ မရောအောင် ကိုယ်တိုင် ရှုပွား၍ သေခြင်း။

ဘုရားက ဒီသေနည်းသုံးနည်း ဟောပြခဲ့တယ်၊ အဲဒီထဲက ဒကာတို့ အဖို့ (တစ်) အချက်က လွတ်သွားပြီ (နှစ်)အချက်က ဖျပ်ကနဲသေချင်ရင် သေသွားနိုင်တာ၊ ကိုယ်သေမဲ့ အချိန်ကို မသိနိုင်ဘူး၊ အချိန်မသေချာလို့ ဆရာမရှာနိုင်ဘူး၊ အဲဒီတော့ **"ဒကာတို့ အတွက် သုံးအချက်နဲ့ သေဖို့**

**ကြိုးစားကြရမယ်၊ ဒါကြောင့် ကိုယ့်ဉာဏ်နဲ့ ကိုယ်ဖြစ်ပျက်ရှုပြီး သေဖို့သာ အကောင်းဆုံး သေနည်းပဲလို့ မှတ်လိုက်ကြ။**

"ဒါကြောင့် အသေကို မစောင့်ကြနဲ့တော့၊ အဲဒီအချိန်မှာ အသားကျနေအောင် **အခုကတည်းက ကြိုးစားထားကြရမယ်"** ရှုတော့ ဝေဒနာလာရင် ဝေဒနက္ခန္ဓာနဲ့ ဉာဏ်နဲ့ တွဲလိုက်၊ ဝေဒနက္ခန္ဓာနဲ့ ဉာဏ်နဲ့ တွဲပြီး ဒီအတိုင်းရှု၊ ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပြီး ပျက်သွားတာကို မြင်အောင် ရှုပေး ဒီလိုရှုနိုင်ရင် မသေခင်မှာ ဝေဒနာ နိရောဓောတဏှာ နိရောဓောပဲ ရိပ်မိပြီလား။

ပေါ်လာတဲ့ ဝေဒနာကို ဖြစ်ပျက်ရှုလိုက်တော့ ဝေဒနာကဖြစ်ပျက်၊ ရှုဉာဏ်က မဂ်ဖြစ်သွားတယ်၊ ဒီတော့ ဝေဒနာချုပ်လို့ သူ့နောက်က တဏှာ မပေါ်နိုင်ဘူး **"ဝေဒနာကို ဖြစ်ပျက်ရှုတော့ ဝေဒနာ နိရောဓာ ဒိဋ္ဌနိရောဓောလဲ ဖြစ်တယ်၊ ရှုမှတ်တဲ့ အတွက် ဒီဝေဒနာရဲ့ ဖြစ်တာနဲ့ ပျက်တာ သိနေတယ်၊ သိနေတော့ အဝိဇ္ဇာ မလာဘူး၊ ဝိဇ္ဇာလာတယ်၊ အာသဝတွေ မလာတော့ဘူး။**

ဒီနည်းက မသေခင် အာသဝကုန်တဲ့ နည်း၊ အောက်သံသရာ မသွားတဲ့ သေနည်းပဲဆိုတာ မှတ်လိုက်ကြ၊ ဒီလို ရှုတဲ့သူမှာ အနာဂါတ် အကြောင်းတွေ ပြတ်နေတယ် နောက်ကပဋိစ္စ သမုပါဒ်တွေ ပြတ်နေတယ်၊ ဒါကြောင့် ရှုရင်းရှုရင်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အထိ ရောက်သွားနိုင်တယ်ဆိုတာ မှတ်ကြ၊ ရှင်းပြီလား၊ ကဲကြိုးစားကြ။

❖ ❖ ❖ ❖ ❖ ❖

## "မြေပုံပျောက်ကွယ် ချာချာလယ်တရားတော်"

### နိဗ္ဗာန်မြေပုံ

(၁) နိဗ္ဗာန်
(၂) သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ။
(၃) ယောနိသော မနသိကာရ
(၄) သုညတဓမ္မသဝန။

### ဆောင်ပုဒ်

ဘောက်ပြန်ခံစား၊ မှတ်သားပြုပြင်၊ သီဝိညာဏ်၊ ငါးအင်လက္ခဏာ။
သူ့သဘော မူ၊ သူဆောင်ယူ၊ ငါသူဆိတ်သုဉ်းကွာ။
မိမိကိစ္စ၊ ရွက်ဆောင်ကြ၊ ဓမ္မသဘာဝါ။
ရုပ်နာမ်ဓမ္မ၊ သုညတ၊ ဖြစ်ကြပျက်သုဉ်းရှာ။
ခန္ဓာငါးတွင်၊ ရှုဉာဏ်ဝင်၊ စိတ်စဉ်ဆယ့်တစ်ဖြာ။
တခုမရှိ၊ တခုရှိ၊ သတိထပ်ချပ်ကာ။
ဖြစ်ပေါ်ချုပ်ကြ၊ သုညတ၊ အနိစ္စဉာဏ်စိုက်ရာ။
ဉာဏ်မြင်များမြောက်၊ မုန်းဉာဏ်ပေါက်၊ ဆုံးရောက်နိဗ္ဗာနာ။

ဒကာ ဒကာမတို့ နိဗ္ဗာန်နဲ့ အနီးဆုံးဟာ ဘယ်တရားလဲ ဆိုတော့၊ သမ္မာဒိဋ္ဌိ၊ အမြင်မှန်တရားနဲ့၊ သမ္မာသင်္ကပ္ပ အမြင်မှန်ကို ပြတတ်တဲ့ တရား၊ ဒီနှစ်ဉာဏ်ဆိုတာ မှတ်ရမယ်၊ အဲဒီတော့ နိဗ္ဗာန်ကို ဒီနှစ်ခုရမှသာ ရောက်မယ်၊ ဒီနှစ်ခုမှ မရရင် မရောက်ဘူးလို့သာ ဆုံးဖြတ်ချက်ချကြ၊ သမ္မာဒိဋ္ဌိနဲ့၊ သမ္မာသင်္ကပ္ပ၊ သူတို့ နှစ်ခုက ခွဲလို့ မရဘူး၊ အမြဲတွဲနေတယ်၊ တွဲနေတဲ့တရား နှစ်ခုဆိုတာ မှတ်ကြ။

သမ္မာဒိဋ္ဌိက မျက်လုံး၊ သမ္မာသင်္ကပ္ပက မျက်မှန်နဲ့ တူတယ်၊

သူတို့ နှစ်ခုဟာ ပညာ မဂ္ဂင်ချည်းပဲ၊ "သမ္မာဒိဋ္ဌိသုတ်" မှာ လာတဲ့ စကားဆိုတာ မှတ်ရမယ်။

**သမ္မာသက်ပွဲဆိုတဲ့ ဒီအကြံနဲ့ သမ္မာဒိဋ္ဌိ ဆိုတဲ့ ဒီဉာဏ်ကိုရမှ၊ ဒီနှစ်ခုကို ရမှသာ ဒီနှစ်ခု ပြည့်စုံမှသာ နိဗ္ဗာန်ကို ရမယ်၊ ဒီနှစ်ခု ပြည့်စုံချင်ရင်၊ တရားနာပြီး နှလုံးသွင်းမှန်ရမယ်၊** တရားမနာပဲ၊ နှလုံးသွင်းမမှန်ပဲနဲ့တော့ သမ္မာဒိဋ္ဌိ မဖြစ်ဘူးဆိုတာ မှတ်ကြ၊ သမ္မာဒိဋ္ဌိ မဖြစ်ရင်လည်း ဘယ်တော့မှ နိဗ္ဗာန်ကို မရနိုင်ဘူး ဆိုတာ ဆုံးဖြတ်ချက်ချကြ။

ဒကာ ဒကာမတို့ ဒီသဘော တရားတွေဟာ တစ်ခုနဲ့ တစ်ခု အကြောင်း အကျိုးဆက်ပြီး နေတယ် အစကို ရမှ အလယ်ရမယ်၊ အလယ်ရပြီးမှလည်း အဆုံးကို ရနိုင်မယ်။

တရားနာဖို့ ဆိုတော့–တရားကလည်း သုညတ တရားကိုနာမှ၊ ခန္ဓာထဲမှာ အမှန်အရှိဖြစ်တဲ့၊ ရုပ်နဲ့ နာမ် ရုပ်ဓါတ်၊ နာမ်ဓာတ်၊ ပရမတ်တွေ၊ အဲဒါတွေကို ခြိုးလိုက်ရင် "ဒုက္ခသစ္စာတွေပဲလို့" ဟောပြတဲ့ တရား၊ အဲဒါမျိုးမှသာ ပုဂ္ဂိုလ် သတ္တဝါမဟုတ်မှန်း သိပြီး အမြင်မှန်ရောက်မယ်။

အဲဒီတရားမှ ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ ဆိတ်သုဉ်းတဲ့ သုညတ တရားပဲဆိုတာ မှတ်လိုက်ကြ။

ဒကာ ဒကာမတွေမှာ သံသရာ တရောက်လုံး ဒိဋ္ဌိအစွဲ နာလာကြတယ်။ ပုဂ္ဂိုလ်၊ သတ္တဝါထင်သမျှ ဒိဋ္ဌိမစင်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါ ထင်ရင် သုညတမမြင်ဘူး၊ သုညတမမြင်ရင် ဘယ်တော့မှ ဒိဋ္ဌိမစင်ဘူး၊ ဒိဋ္ဌိမစင်သမျှ ဘယ်တော့မှ နိဗ္ဗာန် မရကြဘူးဆိုတာ ဆုံးဖြတ်ချက်ချကြ။

တရားနာပြီး နှလုံးသွင်းကလည်း မှန်ကန်ရမယ်၊ နောက်

ဂ`ချက်က အမြင်မှန်နဲ့ အကြံကောင်း ဖြစ်အောင်လည်း လုပ်ရမယ်၊ ဒီသုံးမျိုး ပြည့်စုံမှ နိဗ္ဗာန်ရမယ်။

နိဗ္ဗာန်တွေ့ချင်ရင် သုညတ အစတွေ့အောင် ရှာရမယ်၊ သုညတ အစတွေ့ရင် နိဗ္ဗာန်လမ်းစ တွေ့တာပဲ၊ အစမှ မတွေ့ရင် နိဗ္ဗာန် မတွေ့ဘူး ဆိုတာ မှတ်လိုက်ကြ၊ ဒကာ ဒကာမတို့ တတွေ ရှေးက လည်းခန္ဓာ ငါးပါး၊ အာယတန ဆယ့်နှစ်ပါး၊ ဓာတ်တစ်ဆယ့် ရှစ်ပါးပဲ၊ အခုလည်း ဒီဓမ္မ အစဉ်တွေ ဖြစ်ပျက်နေတာပဲ ရှိတယ်၊ ရုပ်က ဘောက်ပြန်တယ်၊ ဝေဒနာက ခံစားတ ် ၊ သညာက မှတ်သားတယ်၊ သင်္ခါရက ပြုပြင် စီမံတယ်၊ ဝိညာဏ်က သိတယ် ကြံတယ်။

အဲဒီလို သူ့သဘော လက္ခဏာနဲ့ သူ  သူ့အလုပ်နဲ့ သူ၊ ဒီဓမ္မတွေထဲမှာ ပုဂ္ဂိုလ်လည်းမပါ၊ ငါ–သူဆိုတာလည်း မပါဘူး၊ သူ့ ကိစ္စနဲ့ သူမို့ ပုဂ္ဂိုလ် သတ္တဝါ ရောလို့ကို မရဘူး၊ သဘောပါကြ ရဲ့လား၊ ဒီသဘော အမှန်ကို သိရင် ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းသွားတဲ့ သုည တပဲ၊ ရှင်းကြရဲ့လား၊ သူ့အလုပ် သူလုပ်လို့ ရုပ်ဓမ္မ နာမ်ဓမ္မ တွေဟာ သုညတတွေပဲလို့ မှတ်ကြ၊ သုညတ ဓမ္မတွေ ချည်းပဲ။

သုညတ မဆိုက်ရင် ငါ– ငါ့ဥစ္စာ ဝင်တာပဲ၊ ငါ–ငါ့ဥစ္စာ ဝင်လာရင် ဒိဋ္ဌိအစွဲနာပြီ၊ ဒါကြောင့် သုညတ မဆိုက်ရ ် နိဗ္ဗာန်ကို မရနိုင်တော့ဘူး။

ဒါကြောင့် ရုပ်တွေ့ရင် ရုပ်လို့ မှတ်၊ ဝေဒနာ တွေ့ရင် ဝေဒနာ၊ သညာတွေ့ရင် သညာ၊ သင်္ခါရတွေ့ရင် သင်္ခါရပဲ၊ စိတ်တွေ့တော့ စိတ်ပဲလို့သာ ှတ်ကြ၊ မှတ်မိကြပြီလား၊ ရုပ်ဓမ္မတွေ၊ ဝေဒနာဓမ္မတွေ စတဲ့ ဓမ္မအမျိုးမျိုးတွေသာ လှည့်ပေါ်နေမှာပဲ၊ ဓမ္မတွေ အပြင်ဘာမှ အပိုမပါဘူး၊ ဒီဓမ္မတွေကို မြင်အောင် ကြည့်တတ်ရမယ်၊ ပေါ်လာတဲ့

အခါမှာ၊ ဩော် -- ဓမ္မသဘောတွေပဲ၊ ငါလည်း မဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါဆိုတာလည်း ခြားမည့်ပ်ပါကလားလို့ သိရမယ်။

အခုဝိပဿနာ ဉာဏ်သွင်းပုံကို ပြောပြရမယ်၊ သုညတ–ဆိုက် အောင် သွင်းပြမယ်၊ **သုညတ မဆိုက်ပဲ ဝိပဿနာ ရှုနေရင် ဒိဋ္ဌိခံနေလို့ မရနိုင်ဘူး။**

**ဘုရားရှင်က "ခန္ဓာငါးပါးပေါ်မှာ ဒိဋ္ဌိက စွဲနေရက်နဲ့ ဝိပဿနာ မရှုရဘူး၊ ဒိဋ္ဌိ စွဲရက်နဲ့ ဝိပဿနာ ရှုနေရင် မဂ်ဖိုလ်ကို မရနိုင်ဘူး" ဆိုတဲ့ အဓိပ္ပါယ်ကို "ခန္ဓာဝဂ္ဂသံယုတ်၊ အနုရာ ဓသုတ်"မှာ အသေအချာ ဟောထားခဲ့တယ်** ဒါကြောင့် ပဌမဆုံး သုညတ ဆိုက်အောင် လုပ်ဖို့ အရေးကြီးတယ်၊ သုညတဆိုက်ပြီး ရုပ်ပဲ ဝေဒနာပဲ၊ စိတ်ပဲစသည် အားဖြင့် သိရင် သက္ကာယပြုတ်တယ်။

ရုပ်ဝေဒနာ စသည်သိပြီး အပျက်ကို မမြင်ပြန်ရင်လည်း သဿ တကဝင်ငြိအုံးမယ် ရုပ်ဝေဒနာ စသည်လည်း သိပါမှ ဒီတရား တွေရဲ့ အပျက် (အနိစ္စ) ကိုလည်း မြင်ပါမှ နိဗ္ဗာန်ရနိုင်မယ်၊ ပဌမ သက္ကာယ ပြုတ်ဖို့၊ ဒုတိယ သဿတဒိဋ္ဌိပြုတ်ဖို့ အရေးကြီးတယ်၊ အဲဒါတွေ ပြုတ်မှ နိဗ္ဗာန်ရမယ်ဆိုတာ မှတ်ကြ၊ ဒါကြောင့် ခန္ဓာ ငါးပါးထဲက တစ်ပါးပါး ပေါ်မှာပဲ ပေါ်လာရင် ပေါ်တိုင်း ပေါ်တိုင်း ကြည့်၊ ကြည့်ရင် သက္ကာယ ပြုတ်မယ်။

ဒီလို ပေါ်လာတဲ့ ခန္ဓာ ငါးပါးတွေကလဲ ပေါ်ပြီးတိုင်း ပျက် ကြမှာပဲ၊ ပေါ်လာလိုက် ပျက်သွားလိုက်နဲ့ အနိစ္စ အခြင်းအရာ ပြကြမယ်၊ သူတို့က အနိစ္စ ပြရင် အနိစ္စပဲလို့ သိလိုက်သွားရမယ်၊ ဒါကြောင့် ခန္ဓာဓမ္မလေးတွေ ပျက်ပျက်သွားတဲ့ အခါမှာ ပျက်တိုင်း ပျက်တိုင်း ဉာဏ်က ရှုပေး၊ ဒီလို ရှုပေးရင်၊ သဿတ ပြုတ်မယ်၊ သဘောပါကြ ပြီလား။

ဒါကြောင့် ခန္ဓာငါးပါး ပေါ်တိုင်း– ပေါ်တိုင်း ကြည့်၊ ကြည့်လို့ ပုဂ္ဂိုလ် သတ္တဝါ ငါသူမပါ၊ ဓမ္မ သဘောသက်သက်ပဲဆိုတာ သိရင် သက္ကာယ ပြုတ်ပြီး၊ ဒီဓမ္မသဘော တွေဟာလည်း ဖြစ်လာပြီး ပျက်သွား၊ ဖြစ်လာ ပျက်သွားနဲ့၊ မမြဲတဲ့ အနိစ္စ သဘောကို မြင်အောင် ရှုပေး ဒီလို ရှုလို့ အပျက်သဘောကို မြင်ရင် သဿတစင်ပြီ၊ အဲဒီလို စင်မှသာ မဂ်ဖိုလ် နိဗ္ဗာန်ရနိုင်တယ်၊ ရှင်းကြပြီလား။

ကိုင်း အခု ဘုန်းကြီးက သုညတဆိုက်အောင် ရှင်းပေးရမယ်၊ သတိပဋ္ဌာန် လေးပါးထဲက စိတ္တာနုပဿနာကို ပြလိမ့်မယ် ဆိုတာ မှတ်ကြ၊ (ဥပမာ) ဆိုရင် မျက်လုံးထဲမှာ မြင်စိတ် ပေါ်လာတယ် ဆိုတော့ **"မြင်ဒါဟာ" မြင်စိတ်က မြင်ဒါ၊ ပုဂ္ဂိုလ် သတ္တဝါက မြင်တာ မဟုတ်ဘူး၊ နားထဲမှာ ကြားစိတ်ကလေး ပေါ်လာလည်း "ကြားစိတ်ကသာ ကြားတာပဲ၊ ပုဂ္ဂိုလ် သတ္တဝါတွေက ကြားတာ မဟုတ်ဘူး၊ နံစိတ် ပေါ်လည်း ဒီအတိုင်း၊ စားစိတ်ပေါ်လည်း ဒီအတိုင်းပဲ၊** ရှင်းကြ ရဲ့လား၊ ကိုယ်ပေါ်မှာလည်း ယားစိတ်၊ နာစိတ်၊ မနာစိတ် ဒီဟာ ငါးခုက အပြင်ဘက်မှာ ရှုရမယ့် စိတ်ငါးခု ဧည့်သည်စိတ် ငါးခုလို့ မှတ် ထားကြ။

နောက်ပြီးတော့–တခါတရံ ဝမ်းထဲမှာ ဝမ်းသာစိတ်၊ ဝမ်းနည်း တဲ့စိတ်၊ ဝမ်းသာ ဝမ်းနည်းကင်းတဲ့စိတ် အမျိုးမျိုးထဲက တစ်ခုခု လာမယ်၊ ဒီသုံးခုကလည်း ဧည့်သည်ပဲ၊ ဧည့်သည်က အတွင်းဧည့် သည်လို့ မှတ်ကြ၊ တခါတလေ အ လောဘ၊ အ ဒေါသလည်း လာချင် လာမယ်၊ ဒါလည်း အတွင်း ဧည့်သည်ပဲ၊ နှစ်ခုပေါင်းတော့ အပြင် ဧည့်သည် စိတ်က ငါးခု၊ အတွင်း ဧည့်သည်ကလဲငါးခု အားလုံး ဆယ်ခု။

အိမ်သယ်စိတ်က ရှုစိတ်နဲ့ ရှိုက်စိတ် နှစ်ခု၊ အားလုံး ပေါင်းတော့ – ဒကာတို့ ရှုစရာ (၁၂) တစ်ဆယ့်နှစ်ခုပဲ ရှိတယ် ဆိုတာ မှတ်ထား

ကြ၊ ဘယ်စိတ်မရှိရှိ၊ သူတို့ နှစ်ခု ရှုစိတ်၊ ရှိုက်စိတ် ဆိုတဲ့ အိမ်သယ် နှစ်ခုကတော့ အမြဲရှိဟယ်၊ ဒီနှစ်ခု မှ မရှိရင် သေဖို့ပဲဆိုတာ မှတ်ကြတော့။

ဒီစိတ်တွေက ဖြစ်တဲ့ အခါတော့ တမျိုးပဲဖြစ်ရိုး ရှိတယ်၊ နှစ်ခု ပြိုင်ပြီး မဖြစ်ဘူး၊ ဒီတော့ ရှုတဲ့ အခါမှာ တစ်ခုထဲကိုပဲ ရှုရမှာ ရှင်းပြီလား၊ "ဧကောဓမ္မောဘိက္ခဝေဘာဝိတော" ဆိုတဲ့အတိုင်း ပေါ်လာတဲ့ တရား တစ်ခုပဲ အရေးကြီးတယ် ဆိုတာ မှတ်ကြ၊ သောမနဿ ဒေါမနဿ၊ ဥပက္ခာစိတ် တွေဟာ အတွင်း ညွှံ့သည်စိတ်တွေပဲ၊ တစ်ဆယ့် နှစ်မျိုး ထဲက တစ်မျိုးထဲပဲ ပေါ်မယ်၊ နှစ်ခု မပေါ်ဘူး၊ ပေါ်လာတာ မလွတ်အောင် ရှုပေးကြ၊ ရှင်းကြရဲ့လား။

**"ဒကာ ဒကာမတို့ ပေါ်လာတဲ့ စိတ်ကို သိစေရမယ်၊ ပေါ်လာတဲ့ဟာ "ဒါဘာစိတ်လဲ" စသည်အားဖြင့် သိအောင် ဂရုစိုက်ရမယ်၊ ဘာစိတ်ပဲလို့ "သိရင် သက္ကာရ ပြုတ်မယ်"** ဒါသိရုံနဲ့ သဿတ ကျန်သေးတယ်၊ သဿတပြုတ်ချင်ရင် ဝိပဿနာ ရှုရမယ်၊ သဿတက ဝိပဿနာ ရှုမှ ပြုတ်မယ်ဆိုတာ မှတ်ကြ၊ ဝိပဿနာ ရှုတဲ့ အခါကျတော့ ရုပ်ဓမ္မ၊ နာမ်ဓမ္မလေးတွေဟာ၊ တစ်ခုပေါ်လာ ပျက်သွား၊ တစ်ခု ပေါ်လာ ပျက်သွားနဲ့၊ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာကို တွေ့ရမြင်ရမယ်။

အဲဒီလို ဖြစ်ပေါ်လာပြီး ပျက်သွားတာမြင်မှ၊ ဝိပဿနာ ဖြစ်တယ်၊ အဲဒီလို မြင်တော့ ဉာဏ်က "သြော်-ပေါ်လာတဲ့ တရားဟာ ငါမဟုတ်ပါကလား၊ ငါမဟုတ်လို့ ပျက်သွားတာပဲလို့ ဆုံးဖြတ်ချက် ချနိုင်တယ်၊ သဘောပါပြီလား "အဲဒီလို ဉာဏ်နဲ့ ဆုံးဖြတ်ပြီး ငါမဟုတ်မှန်း သိရင် သက္ကာယဒိဋ္ဌိ ပြုတ်ပြီဆိုတာ မှတ်လိုက်ကြ၊ အဲဒီမှာ ဓမ္မလေးတွေ ပျက်ပျက်သွားတာ မြင်လို့ သိလို့ပဲ သဿတပါ ပြုတ်တယ်။

ဝိပဿနာဟာ ဘယ်လောက် ကျေးဇူးများတယ် ဆိုတာ ပေါ်ကြပြီလား၊ ဒီ ဒိဋ္ဌိတွေ အသိနဲ့ ပြုတ်အပွားနဲ့ ပြုတ် ပြုတ်ကုန်တော့ နိဗ္ဗာန်နဲ့ အတော်နီးသွားပြီ၊ မဝေးတော့ဘူး၊ ကပ်နေပြီ ကြိုးစားလိုက်ရင် တထစ်ပဲ ကျန်တော့တယ်၊ အပွားများရင် အပယ်နဲ့ ဖြုတ်နိုင်မယ်၊ ဒီလို ပယ်ပြီး ဖြုတ်ဖို့ တထစ်ပဲ လိုတော့တယ်ဆိုတာ မှတ်ကြ၊ သဘောပါပြီလား။

ဒကာ ဒကာမတို့ မှတ်မိကြပြီလား၊ **ရုပ်နာမ် အဖြစ်ကို မြင်ရင် သက္ကာယပြုတ်တယ်၊ ရုပ်၊ နာမ် အပျက်ကို မြင်ရင် သဿတပြုတ်တယ်၊ ရုပ်နာမ် အဖြစ်အပျက်ကို မြင်တော့ ဒိဋ္ဌိ ၃စ်ခုလုံး ပြုတ်တယ်၊ ဒါကြောင့် "ဖြစ်ပျက်" မှတပါး ရှုစရာ မရှိဘူး၊ ဖြစ်ပျက်ကို ရှုကြလို့ ဘုန်းကြီးက ပြောတာပဲ၊** ရိပ်မိကြပြီလား။

ဝမ်းထဲမှာ ဝိပဿနာ ဉာဏ်ငါးခု ထားပြီး ရှုကြ၊ အဲဒီငါးခုနဲ့ **ပေါ်လာသမျှ ဖြစ်ပျက်ရှု၊ မြင်စိတ် ပေါ်လာ ဖြစ်ပြီး ပျက်သွား၊ ကြားစိတ်ပေါ် ဖြစ်ပြီးပျက်၊ ပေါ်လာသမျှ မဂ္ဂင်ငါးပါးရှိတဲ့ မဂ်နဲ့ ရှုပေး မဂ်နဲ့ ရှုပေးတော့ အပျက်နဲ့ မဂ်ကိုက်သွားတယ်၊ ရှေ့က ဖြစ်ပျက်၊ နောက်ကမဂ် ရုပ်နာမ်က ဖြစ်ပျက်၊ ရှုတဲ့ ဉာဏ်က မဂ်ပဲ၊** ဒီမဂ်ကလေးတွေဟာ သက္ကာယနဲ့ သဿတ ဖြုတ်နေတာပဲ၊ သာမည များ မမှတ်နဲ့ အပါယ်သွားမယ့် တရားနှစ်ခုကို ဒီမဂ်က ဖြုတ်နေတာပဲ။

**မမွလေးတွေ ဖြစ်လာပြီး ပျက်သွား၊ ဖြစ်လာပြီး ပျက်သွား ရှုတဲ့ ဉာဏ်က ဖြစ်လာပြီး မရှိဘူး၊ ဖြစ်လာပြီး မရှိဘူး နဲ့သိသိ နေရမယ်၊ အဲဒီလို ဉာဏ်က မရှိဘူး၊ မရှိဘူးလို့သိတာ မြင်တာဟာ သုညတ မြင်တာပဲလို့ မှတ်ကြ၊** သုညတမြင်ဝယ် ဆိုတာ ဖြစ်ပေါ်လာတဲ့ တရားလေးတွေ ပျောက်ပျောက်သွားတာ ပျောက်တဲ့ နေရာတွင် သုညတဖြစ် ဖြစ်သွားတာကို မြင်တာပဲ၊ အဲဒီလို မြင်ရင် သုညတ အမြင်ပဲရှင်းပြီလား။

မြင်စိတ်ကလေးဟာ မြင်ပြီး ဝမ်းသာတယ်၊ သဘောကျတာ

မြင်တော့ မြင်စိတ်နောက်က ဝမ်းသာစိတ် လိုက်လာတယ်၊ အဲဒီ ဝမ်းသာစိတ်ဟာလည်း ဖြစ်ပြီး ပျက်သွားပြန်တာပဲ၊ အဲဒီ စိတ်ကလေး ဖြစ်ပြီး ပျက်သွားတာကို ရှုတဲ့ မဂ်က မြင်တယ်၊ "ရှုတဲ့ မဂ်က နောက်က ကပ်ပြီး လိုက်လာတော့ ကိလေသာ ခြားမဝင်ဘူး ခြားမဝင်တော့ မြင်စိတ် ဖြစ်ပျက်လည်း မြင်တယ်၊ ဝမ်းသာစိ ် ဖြစ်ပျက်ကိုလည်း မြင်တယ်။

မြင်တဲ့ စိတ်က ကျေးဇူးပြုလို့ ဝမ်းသာ၊ ဝမ်းသာစိတ်ကလေး ပေါ်လာ ရတယ်၊ မြင်စိတ်နဲ့ ဝမ်းသာစိတ် အကြောင်း အကျိုးဆက်ပြီး ပေါ်ခွင့်ပေးတာပဲ၊ ဒီလို အကြောင်း အကျိုး ဆက်နေတာ သိရပြန်တော့ ဥစ္ဆေဒဒိဋ္ဌိ လွတ်တော ၊ မြင်စိတ်နဲ့ ဝမ်းသာစိတ် အကြောင်း အကျိုး ဆက်နေတာ မြင်ရင် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပြီဆိုတာ မှတ်ကြ၊ ဒါ-ဒိဋ္ဌိသုံးမျိုး ဖြုတ်လိုက်တာပဲ။

ဒကာ ဒကာမတွေက ပြောတတ်ကြတယ်၊ "ကျုပ်တို့က မကောင်းတာဆို ဘာမှမလုပ်ဘူးတဲ့ အကုသိုလ် ဟူသမျှ အကုန် ရှောင်ကြဉ်တယ်၊ ဘယ်သူနဲ့မှလည်း ဘာမှ မဖြစ်ဘူးတဲ့ အဲတာ ပေါ့ပေါ့ တန်တန် တွေးပြီး၊ သာမည အသိကလေးနဲ့ ပြောနေကြတာ၊ အဲဒီလို ပြောတာ ကာယကံ ဝစီကံပဲပြောနေ ကြတာ၊ ဒကာတို့မှာ မနောကံ ကျတော့ ဗွက်ပေါက် နေတယ်၊ မနောကံက ကြောက်စရာ အကောင်း ဆုံးပဲ ဆိုတာ မှတ်လိုက်ကြ၊ ရိပ်မိကြရဲ့လား။

ဝိပဿနာ ဆိုတာ မနောကံကို ထိန်းတာ သဘောပါကြရဲ့လား၊ မနောကံ အရေးကြီးတယ်၊ ကောင်းတဲ့ နေရာမှာလည်း သူအရေးကြီးဆုံး၊ မကောင်းတဲ့ နေရာမှာလည်း သူအရေးအကြီးဆုံးပဲ။

ဒါကြောင့် ဒီမနောကံကို ထိန်းနိုင်အောင် ကြိုးစားရှုကြ၊ မရှုရင် ဘယ်နည်းနဲ့မှ မဖြစ်တော့ဘူးလို့ ဆုံးဖြတ်ပြီး ရှုပေးကြ၊ ရှုတော့

ရှေ့ပိုင်းက ဖြစ်ပျက် နောက်က မင် ဖြစ်တယ်၊ အဲဒီလို ပေါ်လာ သမျှ အဆက်မပြတ် ရှုပေး၊ ဖြစ်ပျက်–မင် ဖြစ်ပျက်–မင်ဆိုပြီး နှစ်ခုထဲပဲ တန်းအောင် ရှုပေး၊ ဒီအတိုင်း အရှုအပွား များလာတော့ မှန်းလာမယ့်၊ နောက် မှန်းရာကနေ ခဏ၊ ခဏ သေနေတာဟာ ဝိညာဏက္ခန္ဓာကြီးပဲ။

ဒီမိမိခန္ဓာကြီးဟာ ဒုက္ခပဲ၊ ဒီထက် ကြီးကျယ်တဲ့ ဒုက္ခမျိုးဖြင့် ရှိကို မရှိတော့ဘူးဆိုပြီး ကြည့်နေရင်းက စိတ် ၁၂ မျိုးလုံး အကုန် ချုပ်သွား တော့တာပဲ၊ အဲဒါ ဒုက္ခသစ္စာ ချုပ်တာပဲ၊ ဒုက္ခတွေ ချုပ်တဲ့ နေရာမှာ နိရောဓ ပေါ်လာတယ်၊ သိတာက မဂ္ဂင်ရှစ်ပါးပြည့်တဲ့ မဂ္ဂသစ္စာပဲ၊ အဲဒီ အခါမှာ အပါယ်သံသရာ သွားမယ့်ဟာ ဒိ မဂ္ဂင်က သတ်လိုက်တယ် ရှင်းကြရဲ့လား။

ဒါကြောင့် ပထမ ပေါ်လာတဲ့ တရားဖြစ်ပျက် မြင်အောင် နောက် မှန်းအောင် နောက်ဆုံးအောင် ကြည့်ပေးကြ၊ ကြိုးစားအားထုတ်ကြ။

## "နှလုံးသွင်းမှား အပါယ်သွား တရားတော်"

ဒကာ ဒကာမတို့ အခုလို အသက်အရွယ်က ကြီးပြင်းလာတော့ ကြောင့်ကျမှုတွေ အများကြီး ပိုလာရတယ်၊ အစား အသောက် အတွက် ကတမျိုး၊ နေမှု ထိုင်မှုအတွက် ကလည်း တသွယ်၊ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာကလည်း တဖုံနဲ့ ကိုယ့်အကြောင်း ကိုယ့်အတွက် ခြုံပြီး ကြည့်လိုက်ရင် အေးကွက် တခုမှ မပါဘူး၊ တွေးမိတိုင်း ရင်လေးစရာနဲ့ စိတ်မအေးစရာ ချည်းပဲ၊ ဟုတ်ကြရဲ့လား။

ဒီတော့ ဒီပရိသတ်ထဲမှာ ဒုက္ခကင်းသူ၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေရသူရယ်လို့ တဦးတလေမှ မပါကြဘူး၊ ဒကာ ဒကာမတို့အဲ ဒီလို ဆင်းရဲပေါင်းစုံ ဒုက္ခလက်ရှိနဲ့ နေနေရတာ ဘာကြောင့်လဲ၊ ဘာကြောင့် ဒုက္ခလက်ရှိ ဖြစ်နေကြရသလဲဆိုတာ သိကြရဲ့လား။

လက်ရှိ ရထားတဲ့ ခန္ဓာကြီးဟာ ဒုက္ခတွေ ပတ်ချာ ဝိုင်းနေတယ်၊ အိုဘေး၊ နာဘေး၊ သေဘေးဆိုတဲ့ ဒုက္ခတွေရယ်၊ စိုးရိမ်ပူဆွေး၊ ငိုကြွေးကြောင့်ကျ စတဲ့ ဒုက္ခ အမျိုးမျိုး တွေနဲ့ ဒုက္ခမျိုးစုံ ဝိုင်းရံ နေတယ်၊ ဒီခန္ဓာကြီးဟာ အိုနာသေ စတဲ့ ဒုက္ခအမျိုးမျိုးတွေ ဘာကြောင့် ဖြစ်ရသလဲ။

သံသရာက နှလုံးသွင်း မှားခဲ့မိလို့ပဲ၊ လူပဲ၊ နတ်ပဲ၊ ဗြဟ္မာပဲဆိုပြီး နှလုံးသွင်း မှားခဲ့ကြတယ်၊ နှလုံးသွင်း မမှန်မှုက မြေနဲ့ တူတယ်လို့ မှတ်ထားကြ၊ ဒီမြေပေါ်မှာ (မသိတဲ့) အဝိဇ္ဇာ မျိုးစေ့ကို စိုက်မိ ပြန်တယ်၊ ဘယ်လောက် များများ စိုက်သလဲ ဆိုတော့ တစ်သံသ ရာလုံး စိုက်တာပဲ။

နောက် နောက်တုန်းက အယောနိသောမနသိကာရကြောင့် အဝိဇ္ဇာ

ချည်းဖြစ်ခဲ့ကြတယ်၊ ဒါနဲ့ပဲ အမြဲအဖော် လုပ်ပြီး နေခဲ့ ကြရတယ် ဆိုတာမှတ်ကြ။

အဝိဇ္ဇာ အစ အယောနိသောမနသိကာရက စတယ်လို့ပဲမှတ်ကြတော့၊ နှလုံးသွင်း မှားလို့ အဝိဇ္ဇာ ဖြစ်ရတယ်၊ နှလုံးသွင်းက မမှန်တော့ အမှန်အကန် မသိနိုင်တော့ဘူး။

ဒကာ ဒကာမတို့ နှလုံးသွင်းမှားမှုက မြေ၊ မသိမှု အဝိဇ္ဇာက မျိုးစေ့၊ ခင်မင်တဲ့ တဏှာကရေ၊ အဲဒီလို (ဥပမာ) – ဥပမေယျနဲ့ တူတယ်၊ နှလုံးသွင်းမှားမှု အယောနိသောမနသိကာရ မြေပေါ်မှာ မသိမှု အဝိဇ္ဇာ မျိုးစေ့ကျပြီး ခင်မင်မှု တဏှာရေတွေ လောင်းလိုက်ပြန်တယ်၊ လောင်းလိုက်တော့ ဘာပင်ပေါက်လာသလဲ၊ တဏှာအကြောင်းတရား ရှိတော့ ခန္ဓာပင်ကြီး ပေါက်လာရတယ်၊ ဒုက္ခခန္ဓာ အဆိပ်ပင်ကြီး ပဲဆိုတာ မှတ်လိုက်ကြ။

ခန္ဓာ့ ဒုက္ခပင်ကြီးက လက်ရှိ ဖြစ်နေလေတော့ အခုလည်း အပူမျိုးစုံ ဒုက္ခမျိုးစုံနဲ့ နောက်နားကျလည်း တွေ့ရအုံးမှာပဲ ရိပ်မိကြရဲ့လား၊ သောက ပရိဒေဝ ဒုက္ခဒေါမနဿဥပါယာသတွေ ဇရာဗျာဓိ မရဏ၊ အိုနာ သေဘေးတွေ အဲဒီ အသီးအပွင့်တွေက ကြက်သရေ နည်းနည်းမှ မရှိပါဘူး၊ သုဿာန်သွားမယ့်ဟာတွေပဲ၊ သဘောပါကြရဲ့လား၊ လူမြင်မကောင်းလို့ အလောင်းထုတ်ပြီး သင်းချိုင်းကုန်း စွန့်ရဖို့ပဲ ကျန်တော့တယ်၊ ကျေနပ်ပြီလား။

အခုလက်ရှိ ခန္ဓာ အသီးအပွင့် တုံးအောင် "ယောနိသောမနသိကာရ" လိုတယ်၊ အယောနိသောကနေ (ယောနိသော) ဖြစ်အောင် မြင်မှ ဒုက္ခ အသီးအပွင့် တုံးမယ်၊ ဒါကြောင့် "ယောနိသောမနသိကာရ" ဖြစ်အောင် ကြိုးစားရမယ်။

ဒီဒုက္ခခန္ဓာပင်ကို ဉာဏ်နဲ့ မြင်အောင် ကြည့်ပေးရမယ်၊ ခန္ဓာမှာ

ရှာကြည့်လိုက်တော့ တနေ့တခြား ဆွေးမြေ့ ကုန်ခန်းပြီး ငယ်မူတွေ ပျောက်ကွယ်မှု ငယ်ရုပ်တွေ ပျောက်ပြီး ရွတ်တွ ထိုင်းမှိုင်း ကိုင်းချိ လာတာတွေကို တွေ့ရမယ်။

အတွင်းမှာလည်း သောကမီး ပရိဒေဝမီး ဒုက္ခမီး ဒေါမနဿမီး စတဲ့ မီးအမျိုးမျိုးတွေ အမြဲတစေ လောင်မြိုက် နေကြတယ်၊ နောက်ဆုံး အဲဒီက ပြီးပြန်တော့ မရဏမီးကြီး အလောင်ခံရ၊ နောက်အပါယ် ခန္ဓာမျိုးစေ့ ကျရအုံးမယ်။

ဒကာ ဒကာမတို့ ဒီက လွတ်ချင်တဲ့သူ ဆိုရင် လူတော်ပဲ၊ အင်မတန်တော်တဲ့ လူပဲ လို့သာ မှတ်ကြတော့၊ အသိပညာ ရှိတဲ့ သူမှသာ ဒီက လွတ်ချင်မှာ မသိတဲ့သူကတော့ လူ့ခန္ဓာ နတ်ခန္ဓာ ဗြဟ္မာ ခန္ဓာရ ရပါလို၏ ဆိုပြီး တောင်းယူနေအုံးမှာပဲ၊ အဲဒီလို တောင်း တာဟာ သဘောအားဖြင့် ကုလိဝန်ထမ်းသမားတွေ “သပြေပန်း” ကလေးတွေ အိပ်ကပ်ထဲ ဆောင်ထားကြသလိုပဲ နေတယ်လိုသာ မှတ်ကြ။

ဒကာ ဒကာမတို့ နှလုံးသွင်းမှန်ပို့ ဆိုတော့ ကိုယ့်သန္တာန်မှာ၊ ဖြစ်ပေါ်နေတဲ့ ဖြစ်စဉ်ကို သိမှသာ မှန်မယ်၊ ဖြစ်စဉ်အမှန်ကိုသိရအောင် အခုရှင်းပြီး ပြပေးရမယ်၊ ဒကာ ဒကာမတို့ အခု တရားနာနေရင်းက ကိုယ့်မနော စိတ်ကလေးနဲ့ အာရုံပြုပြီး အိမ်ပြန် ကြည့်ကြစမ်း၊ ဒီလို အိမ်ပြန်ပြီး တွေးကြည့်လိုက်တော့ အိမ်မှာ စိတ်မချစရာ တစ်ခုခုကို တွေးမိမယ် (ဥပမာ) အတွင်း ပစ္စည်းသော် လည်းကောင်း၊ သား၊ သမီး သော်လည်းကောင်း တွေးမိမယ် ဆိုကြစို့။

အဲဒီ အခါမှာ ဟိုက အတွင်း ပစ္စည်းလေးက ဓမ္မာရုံ၊ ဒီက မနောအကြည်နဲ့ သွားတိုက်လိုက်တော့ တွေးစိတ်ကလေး ပေါ်လာရတယ်၊ ဓမ္မာရုံရယ်၊ မနောအကြည်ရယ် တဲ့ ပေးလိုက်တော့ တွေးစိတ် ပေါ်လာရတယ်၊ အဲဒီမှာ နာမက္ခန္ဓာလေးပါး တွဲပြီး ပေါ်လာတာပဲ၊

ဘယ်မှာ ပေါ်တာတုံး၊ ဆိုတော့ ဟဒယဝတ္ထုပေါ်မှာ ပေါ်လာကြတာ အားလုံး ပေါင်းတော့ ခန္ဓာ ငါးပါးပဲ ရှင်းကြရဲ့လား။

ဒီခန္ဓာ ငါးပါးဟာ အရင်ထဲက ပေါ်နေတာလား ဆိုတော့ မဟုတ်ဘူး၊ အခုမှ ပေါ်လာတာ၊ အခုမှ တွေးလို့ ပေါ်လာတဲ့ ခန္ဓာ ငါးပါးပဲ၊ အခုပေါ်တဲ့ အသစ်ခန္ဓာငါးပါး၊ ဒါတွေဟာ ငါလား၊ သူလား၊ ယောကျ်ား လား၊ မိန်းမလားလို့ မေးရင် ဘာမှမပါဘူး၊ ခန္ဓာငါးပါး ဓမ္မသက်သက်ပဲ၊ အကြောင်း အကျိုးဆက်ပြီး ကျေးဇူးပြုလို့ ပေါ်လာရတဲ့ ဓမ္မလေးတွေ သက်သက်ပဲ ပုဂ္ဂိုလ် သတ္တဝါဆိုစရာ တခုမှ မပါပါဘူး။

သေတ္တာထဲမှာ ကျကျနန သိမ်းထားတဲ့ "အတွင်းပစ္စည်းအထုပ် ကလေး" ကို တွေးမိတယ်၊ အဲဒီ အတွင်းပစ္စည်း အထုတ်ကလေးက ဓမ္မရုံ၊ သူ့ဆီကို မနောအကြည်နဲ့ လှည့်လိုက်တော့ ဩော်--အတွင်း ပစ္စည်းလေပဲဆိုတဲ့ တွေးစိတ်ပေါ်လာတယ်။

"မနေဉ္စ ပဋိစ္စ ဓမ္မေစဥပ္ပဇ္ဇတိ မနောဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော" ဒီတွေးစိတ် နောက်က ဒါလေးရှိတာ ကောင်းတယ်၊ အရေး ဆိုရင်တာ လေးပဲ အားကိုးရမှာပဲတဲ့ ဆိုတော့---

"ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ"

ဒီအထုပ်ကလေး ရှိနေတော့ ဒါလေးရှိနေသ၍ တဏှာ ကခင်တွယ်၊ ဥပါဒါန်က စွဲလမ်း၊ ကာယကံက ခဏ ခဏဖွင့်ကြည့်၊ ဝစီက ငါပူစရာ မရှိဘူးလို့ ပြော၊ အဲတာ တွေဟာ နောက်ဘဝ အပါယ်ဇာတိ ရဖို့ အတွက် ရိက္ခာစုနေတာပဲ ဆိုရင် လွဲပါ့မလား၊ မလွဲဘူး၊ အပါယ် ရိက္ခာစုနေတာပဲ ဆိုရင် လွဲပါ့မလား၊ မလွဲဘူး၊ အပါယ်ရိက္ခာ စုဒါဆောင်းတာပဲလို့သာ မှတ်ကြ၊ ကျေနပ်ကြပြီလား။

ပဉ္စမ တွေးလုံးပေါ်၊ နောက်သာယာတာပေါ်၊ နောက်စွဲလမ်းတဲ့

ဥပါဒါန်ပေါ်၊ ဒီထဲမှာငါဆိုတာ မပါဘူး၊ သူဆိုစရာ ကောပါရဲ့လား၊ မပါဘူး ပုဂ္ဂိုလ်သတ္တဝါ ဆိုစရာ ဘာတစ်ခုမှ မပါပါဘူး၊ ပရမတ္ထဓမ္မ ဒုက္ခသစ္စာတွေ ပေါ်တာပဲ။

ဥပါဒါန ပစ္စယာကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ဒေါမနဿ၊ ဥပါယာသာသမ္ဘဝန္တိ။

ဒီလို ပေါ်လာတာဟာ ပဋိစ္စသမုပ္ပါဒ်ဓမ္မတွေပဲရှိတယ်၊ ဒီထဲမှာ ငါသူတပါး၊ ယောကျ်ား မိန်းမဆိုတာ မပါဘူး၊ အကြောင်း အကျိုး ဆက်နေတဲ့ ဓမ္မသက်သက်တွေပဲ၊ အဲဒီလို သိရင် နှလုံးသွင်းမှန်ပြီ၊ ယောနိသောမနသိကာရ ဖြစ်ပြီ ဆိုတာ မှတ်ကြ၊ ဒီလို သိရင် နေရာကျပြီ မညံ့တော့ဘူး ဆိုတာ ဆုံးဖြတ်ချက်ချကြ။

အာရုံဒွါရ တိုက်ဆိုင်ရင် ဓမ္မတမျိုးပဲ ပေါ်တယ်၊ ပထမ တွေးစိတ်၊ နောက်ဖဿ၊ နောက် ဝေဒနာ၊ နောက်တဏှာ၊ ဥပါဒါန်၊ ကံ ဒီနောက် ဒီဘဝစုတိ၊ စုတိပြီး ပဋိသန္ဓေ၊ နောက် ဒုတိယ ဘဝပဋိသန္ဓေ လာမှာ ပဲဆိုပြီး ဉာဏ်နဲ့ တွေးရမယ်၊ ဒါတွေဟာ အာရုံနဲ့ ဒွါရတိုက်ဆိုင်လို့ အကြောင်း အကျိုးဆက်ပြီး ပေါ်တဲ့ ဓမ္မတွေပဲလို့ တွေးရမယ်၊ ဒီအထဲမှာ ပုဂ္ဂိုလ်၊ သတ္တဝါမပါ၊ ပဋိစ္စသမုပ္ပါဒ်ဓမ္မတွေပဲ၊ တစ်ခုပေါ် တစ်ခုချုပ်၊ တစ်ခုဖြစ် တစ်ခုပျက်၊ ဒီအတိုင်း လှည့်နေတဲ့ သဘောမျှပဲ၊ ဒါပဲ လှည့်နေမှာပဲလို့ ဉာဏ်နဲ့ တွေးကြ။

သတ္တဝါ သေရင် – ဖြစ်သေးသလား။
သတ္တဝါ သေရင် – မဖြစ်တော့ဘူးလား။
သတ္တဝါ သေရင် – ဖြစ်ချည့်တလှည့် မဖြစ်တလှည့်လား။

သတ္တဝါသေရင်–လုံးဝ မဖြစ်ဘူး၊ နောက်မှ ဖြစ်တယ်ဆိုသလား။
**သတ္တဝါသေရင်–ဖြစ်သေးသလားလို့ တိတ္ထိတွေက မေးတဲ့ အထဲမှာ သတ္တာ ဆိုတာကို မပါဘူး။ ဓမ္မဖြစ်ပြီး ဓမ္မပျက်တာပဲ ရှိတယ်၊ ဒါကို**

**သိရင် ငါဆိုစရာလဲ မရှိဘူး၊ ငါသေပြီး ဘာဖြစ်မှာတုံး ဆိုတာ လည်း လုပ်ဖို့ မရှိဘူး။**

ဓမ္မဖြစ်၍ ဓမ္မပျက်တာပဲ ရှိတယ်လို့ အမှန်အကန် သိထားရင် "သတ္တဝါ သေရင် မဖြစ်တော့ဘူးလား၊ ဖြစ်ချည့်တလှည့် မဖြစ်ချည် တလှည့်လား၊ လုံးဝမဖြစ်ဘူး နောက်မှ ဖြစ်တယ်ဆိုမလား၊ ဆိုတဲ့ မေးခွန်းတွေ လာစရာကို မရှိတော့ဘူး၊ ဘာမှ ဆိုစရာ မရှိဘူးလို့သာ မှတ်ကြ၊ ရှင်းကြပြီလား၊ တစ်သံသရာလုံးမှာ ဓမ္မတွေ တန်းလာတာပဲ ရှိတယ်၊ ဒီပြင် ဘာမှ မရှိဘူး၊ သဘောပါကြကဲ လား။

"အားထုတ်မှုက နောက်ထား ဒိဋ္ဌိဝိစိကိစ္ဆာ ဖြုတ်မှုကို ရှေ့ထား ကြဖို့ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ကို အရင်ရှင်းဖို့ အရေးကြီးတယ် ဆိုတာ မှတ်လိုက်ကြ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တရှုမှုကို နောက်ထား၊ ပဋိစ္စသမုပ္ပါဒ် ရှင်းမှုကို ရှေ့ထားကြ သဘောပါကြပြီလား။

မနောအကြည်က ဓမ္မာရုံဘက် လည့်လိုက်တော့ တွေးစိတ်ကလေး ပေါ်လာတယ်၊ ဒီနောက် ဖဿ၊ ဝေဒနာ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဒီနောက် ဒီဘဝ နောက်ဆုံးစုတိ၊ စုတိပြီးနောက် ဘဝပဋိသန္ဓေ၊ ပဋိသန္ဓေက ဘာပဋိသန္ဓေတုံး ဆိုတော့ အပါယ်ပဋိသန္ဓေ ရှင်းကြရဲ့လား။

ဒီထဲမှာ ဓမ္မတွေချည်းပဲ၊ ဓမ္မပြီး ဓမ္မ၊ ဓမ္မပြီး ဓမ္မနဲ့ ခန္ဓာဓမ္မ အစဉ်တွေ ချည်းပဲ၊ ငါသူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဆိုစရာ ဘာတစ်ခုမှ မပါဘူး၊ ဒီသဘော အဓိပ္ပါယ်ကို သိဖို့ လိုတယ်၊ ဉာဏ်နဲ့ ကျကျနန သိကြရမယ်၊ ဒါကို သိရင် နှလုံးသွင်းမှန်ပြီး "ယောနိသောမနသိကာရ" ဖြစ်ပြီ၊ ယောနိသောမနသိကာရ ဖြစ်ရင် အဝိဇ္ဇာ ချုပ်ပြီး ဝိဇ္ဇာလာ၊ တဏှာချုပ် အလောဘလာ၊ ခန္ဓာ ဒုက္ခပါ အကုန်ချုပ်၊ ချုပ်ရင် နိဗ္ဗာန်ပဲ ရိပ်မိကြပြီလား။

## "ဒုက္ခများမြင်၊ နိဗ္ဗာန်ဝင်တရားတော်"

**ဆောင်ပုဒ်**

နားနှင့်အသံ၊ နှစ်ကြောင်းခံ၊ ကျိုးမှန်ကြားစိတ်လာ။
အကြောင်းနှစ်ဝ၊ ပဋိစ္စ၊ ကျိုးရငါးခန္ဓာ။
ဝိညာဏ်ပေါ်က၊ နာမ်လေးဝ၊ တက္က ဖြစ်ပေါ်လာ။
အကြောင်းသိမြင်၊ ကျိုးသိစင်၊ ဉာဏ်လျှင်ပစ္စက္ခာ။
အကြောင်းမြင်မှု၊ အဟေတု၊ မှောင်တုဒိဋ္ဌိကွာ။
ငါသူမထင်၊ ခန္ဓာမြင်၊ ကွာစင်ဝိဒိဋ္ဌပါ။
ဤသို့မြင်ရ၊ မြတ်ရဲ့စူဋ၊ သောတာပတ္တိသာ။
တိုးတက်ရှုသော်၊ မဂ်စစ်ပေါ်၊ လွတ်ကျော်ပါယ်ဒုက္ခာ။

ဒကာ ဒကာမတို့ အကြောင်းကို သိမှ အကျိုးကို သိမယ်၊ အကျိုးခန္ဓာကို သိမယ်၊ အကျိုးခန္ဓာ သိရင်လည်း အကြောင်း ပဋိစ္စသမုပ္ပါဒ်ကို သိပြီဆိုတာ မှတ်လိုက်ကြ။

ဒီအသိ ဆိုတာကလည်း စာသိ၊ ပိဋကတ်သိ တဆင့် ကြားသိ ကြံစွေးသိမျိုး မလိုဘူး၊ ဒီလို အသိမျိုးနဲ့ နိဗ္ဗာန် မရဘူးလို့ မှတ် လိုက်ကြ ရိပ်မိကြရဲ့လား။

အမှန် လိုအပ်တဲ့ အသိက "ပဋိစ္စသမုပ္ပါဒ်က ပြလို့ ပြောလို့ အခု ပေါ်လို့ သိတဲ့ အသိမျိုးကို ဆိုလိုတယ်၊ ဒီအသိမျိုးနဲ့မှ နိဗ္ဗာန် ရနိုင်မယ်၊ ကိုယ့်ခန္ဓာမှာ လက်ငင်း ဖြစ်ပေါ်နေတာကို ကိုယ်တိုင် သိရတဲ့ "ပစ္စက္ခသိ" မျိုးလိုတယ်၊ ဒီပစ္စက္ခသိမှ နိဗ္ဗာန် ရမယ်လို့ ဟောတော်မူတယ်လို့ မှတ်လိုက်ကြ သဘောပါကြရဲ့လား။

လိုရင်း မှတ်ဖို့ကတော့ "ကိုယ့်ဉာဏ်နဲ့ အကြောင်းက ဖြစ်စေလို့

အကျိုးဖြစ်တာကို သိစေလိုတယ် "အဲဒီလို သိတာဟာ ဒုက္ခသစ္စာကို သိတာပဲ သဘောပါကြပြီလား၊ အခုရှိနေတာက ခန္ဓာငါးပါးပဲလို့ သာ သိနေတာ၊ ဒီအကြောင်းကြောင့် ဒီအကျိုး ပေါ်တာပဲလို့ မသိကြဘူး၊ အဲဒီလို မသိရင် ပစ္စက္ခသိမရောက်သေးဘူး၊ ပစ္စက္ခသိ၊ မရောက်ရင် လိုရင်း မကျသေးဘူးလို့ မှတ်ကြ။

"အကြင်သူသည် ပဋိစ္စသမုပ္ပါဒ်ကို သိမြင်၏ ထိုသူသည် ခန္ဓာကိုလည်း သိမြင်လေ၏၊ အကြင်သူသည် ခန္ဓာကို သိမြင်၏၊ ထိုသူသည် ပဋိစ္စသမုပ္ပါဒ်ကိုလည်း သိမြင်လေ၏" တဲ့။

အခု ပစ္စက္ခသိဖြစ်အောင် ရှင်းပြရမယ် (ဥပမာ) အသံကလေး တစ်ခု ပေါ်လာတယ်၊ ပေါ်လာတဲ့ ဒီအသံကို နားက ကြားရတယ်၊ အဲဒီမှာ အသံကို နားနဲ့ ကြားတော့ ကြားသိစိတ်၊ နားသိစိတ်ကလေး ပေါ်လာတယ်၊ ဒီနားသိစိတ်ဟာ အခုပေါ်တာ၊ အရင်က ပေါ်နေတာ မဟုတ်ဘူး၊ အခုမှ အကြောင်းညီညွတ်လို့ ပေါ်လာတာပဲ ရှင်းကြရဲ့လား၊ နားအကြည်နဲ့ အသံနဲ့ တိုင်ဆိုင်လို့သာ ပေါ်လာတာ၊ နဂိုက ပါလာတာ မဟုတ်ဘူး၊ သဘောကျကြရဲ့လား။

ဒီကြားသိစိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာကလေးဟာ အခုမှ ပေါ်တဲ့ တရားပဲဆိုတာ သူများပြော မဟုတ်ဘူး၊ ကိုယ့်သန္တာန်မှာ အခု ပေါ်လာ တာမို့ အခုသိရတာပဲ၊ ဒကာ ဒကာမတွေ ကျေနပ်ပြီလား၊ (ဥပမာ) "ဗုဒ္ဓေါ"ဆိုတဲ့ အသံကလေး ကြားလိုက်တဲ့ အခါ ကြားသိစိတ်ကလေး ပေါ်လာတယ်၊ ဒီကြားစိတ်ကလေး ပေါ်တာဟာ ဝိညာဏက္ခန္ဓာ ပေါ်တာပဲ"အသံသိလုံး အသံကြားလုံးကလေး" ပဲလို့ မှတ်ကြ။

ဒီသိလုံး ကလေးဟာ အရင်က သိနေတဲ့ သိလုံး မဟုတ်ဘူး၊ အရင်သိ မဟုတ်ဘူး၊ အခုတွင်မှ ပေါ်တဲ့ သိလုံးကလေးပဲ၊ အသံရုပ်နဲ့ နားအကြည်နဲ့ တိုက်လို့ ပေါ်လာတဲ့ အခုမှ ပေါ်လာတဲ့ သိလုံး

ရှင်းကြရဲ့လား၊ အခုပြောတဲ့ အဓိပ္ပါယ်ကို ဉာဏ်ရှင်းဖို့ လိုတယ် ဒါသိရင် နောက်ပြောမယ့် အဓိပ္ပါယ်ပါ အကုန်ရှင်းမယ်၊ သို့မဟုတ်ရင် မရှင်းဘူး။

ဒီလို သိတော့ အကြောင်း ပဋိစ္စသမုပ္ပါဒ်ကို သိလို့ အကျိုး ခန္ဓာကို သိရတာပဲလို့ မှတ်ကြ၊ အကြောင်း နှစ်ခုက ပဋိစ္စသမုပ္ပါဒ်၊ အကျိုးတစ်ခုက ခန္ဓာ ရှင်းကြပြီလား၊ **"နားအကြည်နဲ့ အသံ နှစ်ခုက ပဋိစ္စသမုပ္ပါဒ်၊ ကြားသိစိတ် အကျိုးတစ်ခုက ခန္ဓာပဲ"** ကျနပ်ရဲ့လား၊ အကြင် ပုဂ္ဂိုလ်သည် ပဋိစ္စသမုပ္ပါဒ်ကိုသိ၏ ထိုသူသည် ခန္ဓာကိုသိ၏လို့ ဆိုတဲ့ အတိုင်း ပဋိစ္စသမုပ္ပါဒ်သိလို့ ခန္ဓာကို သိရတာပဲ၊ ခန္ဓာကို သိရင်လည်း ပဋိစ္စသမုပ္ပါဒ်ကိုလည်း သိပါတယ်ဆိုတာ မှတ်ကြ။

**ဒီကြားစိတ် ဝိညာဏက္ခန္ဓာနဲ့ တွဲနေတဲ့ ခံစားမှု ဝေဒနာ မှတ်တဲ့ သညာ၊ ကြားဖို့ စေ့ဆော်တဲ့ သင်္ခါရက္ခန္ဓာ၊ ဒီနာမ် သုံးပါးကလည်း ကွဲပေါ်တာမို့ ဒါတွေကိုလည်း သိရတယ်၊** ဒကာတို့ တတွေ ဇရပ်တုန်းက ပြောသံကြားနဲ့သိရတာ၊ အခု ကိုယ်တွေ့ ပစ္စက္ခသိရပြီ၊ ရှေးက ပြောသံ ကြားသိ စာသိဘဲ ရှိပါတယ်၊ အခု ခန္ဓာတွေ့က ကိုယ်တိုင်သိ၊ သိရတာပဲ သဘောကျရဲ့လား။

**စာသိမျိုး တဆင့်ကြားသိမျိုး တွေးသိမျိုးကို၊ ဘုရားမကြိုက်ဘူး၊ ကိုယ့်ဉာဏ်အောက်မှာ ခန္ဓာတွေ ပေါ်တာကို သိရတာဟာ ပစ္စက္ခအသိ၊ ပစ္စက္ခခန္ဓာကို သိရတာပဲ၊ ဘုရားက ဒီလို အခုခန္ဓာတွေ့က သိတဲ့ ကိုယ်တိုင်သိမျိုးမှ ချီးမွမ်းတော်မူတယ်၊** ရိပ်မိကြပြီလား၊ သိဆိုပေမဲ့ အသိက များတယ်၊ အတုံးအခဲမြင်တဲ့ အသိမျိုးဆိုရင် ပညတ်ပဲလို့ မှတ်ကြ၊ ရိပ်မိကြပြီးလား။

**ပဋိစ္စသမုပါဒ်အကြောင်းကြောင့် ပေါ်တဲ့ ခန္ဓာကို သိမှသာ ဒုက္ခသိ၊ ခန္ဓာသိ၊ ပစ္စက္ခသိ၊ ဘုရားရှင် အလိုတော်ကျတဲ့ အသိဘဲလို့ ဆုံးဖြတ်**

**ချက်ချ၊** ရှင်းကြပြီလား၊ ဒကာ ဒကာမတို့ ဒီအသိစိတ် ဝိညာဏက္ခန္ဓာဟာ အကြောင်းကြောင့် ပေါ်တာပဲလို့ သိတဲ့ အတွက် အဟေတုက ဒိဋ္ဌိ စင်တယ် ဒီထဲမှာ ပဋိစ္စသမုပ္ပါဒ် ခန္ဓာ ဓမ္မတွေပဲရှိတယ်၊ ငါမဟုတ် သူလည်း မဟုတ်ဘူးလို့ သိတဲ့အတွက်လည်း သက္ကာယဒိဋ္ဌိ စင်ဘယ်၊ ဝိစိကိစ္ဆာလည်း စင်တယ်။

အကြောင်းအကျိုး ဆက်ပြီး သိတဲ့ အသိက ဒိဋ္ဌိတွေ ခွါပြီး သိရတာ၊ ဒီအသိဟာ မိစ္ဆာဒိဋ္ဌိလည်း မရောဘူး၊ အဝိဇ္ဇာလည်း မရောဘူး၊ ဒါကြောင့် အဘိုးတန်တဲ့ အသိပဲဆိုတာ ဆုံးဖြတ်ချက်ချကြ။

ကြားတာဟာ ကြားချင်လို့ ကြားတာ မဟုတ်ဘူး၊ အကြောင်း ပဋိစ္စသမုပ္ပါဒ်ကြောင့် ကြားစိတ် ခန္ဓာပေါ်တာပဲလို့ သိရင် ဝိစိကိစ္ဆာ လွတ်တယ်။

ဒကာ ဒကာမတွေ ဒီလိုသိရင် သေပျော်ပြီလို့သာ မှတ်ကြ ခန္ဓာ ထဲမှာ နက်နက်နဲနဲသိတဲ့ အသိမို့ အဘိုးတန်တာပဲ ရိပ်မိကြပြီလား၊ တရားအားမထုတ်ခင် ဒီလို သိစရာတွေ သိပြီးမှ အားထုတ်ရမယ်၊ သိပြီးမှ အားထုတ်လို့ လွယ်ကူတယ်ဆိုတာ မှတ်ထားကြ၊ ခန္ဓာ ဒုက္ခသစ္စာကို သိရင် ပဋိစ္စသမုပ္ပါဒ်ကို သိတယ်၊ ပဋိစ္စသမုပ္ပါဒ်ကို သိရင်ခန္ဓာ ဒုက္ခသစ္စာကို သိမယ်လို့၊ ဟတ္ထိပဒေါပမသုတ်မှာ ဟော ထားတဲ့အတိုင်း တစ်ခုကို ပိုင်ပိုင် နိုင်နိုင်သိဘို့ ကြိုးစားရမယ်။

(ဥပမာ)-ကိုယ်ထဲမှာ ယားတာ ကလေး ပေါ်လာတယ်၊ ဒီလို ပေါ်လာတော့ သိလိုက်တယ်၊ အဲဒီဒါမှာ ကိုယ်အကြည်နဲ့ ဖေါဋ္ဌဗ္ဗ အတွေ့ ရုပ်နှစ်ခုက ကျေးဇူးပြုလို့ သူတို့ နှစ်ခုကြောင့် ယားစိတ် ပေါ်ရတာ၊ ရှင်းရဲ့လား၊ (ဥပမာ) အိုက်တဲ့ အခါမှာ လေညင်းကလေးနဲ့ တွေ့လိုက်ရတော့ ခံသာတယ် ကောင်းတယ်ဆိုတဲ့ စိတ်ကလေး ပေါ်လာ တယ်၊ ဒီမှာလည်း ကိုယ်အကြည်နဲ့ လေအတွေ့ကြောင့် စိတ်ကလေး ပေါ်လာတာပဲ။

ဒီနောက်က ဆက်လက်ပြီးတော့ ကိုယ်အကြည်နဲ့ အတွေ့ကြောင့် ကိုယ်အသိစိတ် ဆိုပြီး ဖဿ၊ ဝေဒနာ၊ တဏှာ စတဲ့ဟာတွေ လိုက်လာမယ်၊ မြင်ကြရဲ့လား၊ ဒါတွေဟာ အားလုံး ဓမ္မတွေချည်းပဲ၊ ငါ သူမပါဘူး၊ ရုပ်နဲ့ နာမ် နှစ်ခုပဲပါကြတယ်၊ သိလုံးကလေးဟာ ရှေ့က ပဋိစ္စသမုပ္ပါဒ် အကြောင်း နှစ်ခုကြောင့် ပေါ်တာ "သုခသဟဂတံ ကာယဝိညာဏံ" ဆိုတဲ့ သိလုံးကလေးပဲ အဲဒီလို သိရင် အမှန်သိတာပဲလို့ မှတ်ကြ။

ကြားသိစိတ်ရဲ့ နောက်က ကြားလို့ ကောင်းတယ်ဆိုရင် တဏှာ လာမယ်၊ ဒီနောက်၊ ဥပါဒါန် ကံဆိုတဲ့ ခန္ဓာတွေ ပါလိုက်လာကြမယ်၊ ရိပ်မိကြပြီလား။

"ဓမ္မစကြာ ပါဠိတော်"မှာ ဒကာ ဒကာမသော့ ရထားသမျှဟာ ဒုက္ခခန္ဓာကြီးပဲလို့ ဟောတော်မူတဲ့ စကားနဲ့ အညီပါပဲ၊ သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာပိဒုက္ခာ"တဲ့ အဲတာဟာ ဒီခန္ဓာ တွေလှည့်ဖြစ်နေတာကို ဆိုတာ လို့မှတ်လိုက်ကြ၊ ရိပ်မိပြီလား။

ကြားတယ် ကြားလို့ ကောင်းတယ်၊ လိုချင်နှစ်သက်တယ် စွဲလမ်းတယ်၊ အားထုတ်တယ် တွေ့ထိတယ်၊ တွေ့ထိလို့ ကောင်းတယ်၊ နှစ်သက်တယ်၊ စွဲလမ်းတယ် အားထုတ်တယ်၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မ၊ ဘဝ၊ အကုန်လုံး ဒုက္ခသစ္စာချည်းပဲ၊ ရှင်းကြရဲ့လား။

ဒကာ ဒကာမတို့ ဒီဒုက္ခသစ္စာကို သိရင် ပဋိစ္စသမုပ္ပါဒ်ကိုလည်း သိတယ်၊ ဒုက္ခသစ္စာသိတဲ့ အသိဟာ နိဗ္ဗာန် ရောက်မယ့် အသိပဲ၊ နိဗ္ဗာန်ရောက် ကျေးဇူးပြုမယ့်အသိလို့ မှတ်လိုက်ကြ။

**ခန္ဓာ အရှိက ဒုက္ခသစ္စာ၊ အသိက မဂ္ဂသစ္စာ၊ ခန္ဓာရှိတဲ့ ဒုက္ခ တွေကို သိတာဟာ မဂ္ဂသစ္စာပဲ၊ ဒီလို သိတော့၊ ပဋိစ္စသမုပ္ပါဒ်ကြောင့်**

**ပေါ်တဲ့ တရားတွေက ဒုက္ခသစ္စာ သူတို့ကို ခင်မင် နှစ်သက်တဲ့ တဏှာက သမုဒယ သစ္စာ၊ ခင်တွယ်တဲ့ တဏှာကို သတ်ကာက မဂ္ဂသစ္စာ၊ အဲဒီလို ဖြစ်သွားတယ်၊ ဒါကြောင့် ဒုက္ခသစ္စာကို သိတဲ့ အလုပ်ကို အများကြီး လုပ်ရမယ်လို့ "ဟတ္ထိပါဒေါပမသုတ်" မှာ ဟောတော်မူခဲ့တာပဲ။**

အဲဒီလို ဒုက္ခသစ္စာတွေချည်း လာသမျှ ဆက်ရှုရမယ်၊ အဲဒီလို ဒုက္ခသစ္စာတွေ အများကြီး ရှုသွားရင် ဒီဒုက္ခသစ္စာကို ရှုရင်းကနေ နိရောဓသစ္စာနိဗ္ဗာန် ပေါ်လာမယ်၊ ပထမ ဒုက္ခကို အရှုအပွား များများ လုပ်ဖို့လိုတယ်၊ များများလုပ်မှ ဒုက္ခကို ပိုင်ပိုင် နိုင်နိုင်သိမယ်၊ **ဒုက္ခကို ပိုင်ပိုင် နိုင်နိုင်သိတဲ့ အလုပ်၊ သိအောင် လုပ်တဲ့ အလုပ်ဟာ နိဗ္ဗာန် ရောက်ကြောင်း အကျင့်ပဲလို့ ဆုံးဖြတ်ချက်ချကြ။**

ဒီဒုက္ခ တွေချည်း လှည့်နေမှာပဲ၊ နိဗ္ဗာန် မရသေးခင်တော့ လှည့်နေမှာပဲဆိုတာ မှတ်ကြ၊ ဒီလို လှည့်နေတာကို မပြတ်အောင် ကြည့်ပေး၊ အကြည့်များရင် ဒီဒုက္ခတွေ မုန်းလာမယ်၊ အမြင်များလို့ အမုန်းများ လာရင် မလိုချင်တော့ဘူး၊ ဒီဟာတွေက လွတ်ချင်လှပြီ၊ ကျွတ်ချင် လှပြီဆိုတဲ့ ဉာဏ်ရောက်ပြီး မကြာတော့ဘူး၊ တချက်ချက်မှာ ဒီဒုက္ခတွေ မြင်နေရင်းက ဖြတ်ကနဲ ပျောက်ထွက်သွားပြီး အဲဒီနေရာမှာ နိဗ္ဗာန် ပေါ်လာတာပဲ ကျေနပ်ပြီလား။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ကိုယ်ခန္ဓာ ဖြစ်တာ မရှင်းသမျှ မသိမမြင်သမျှ နိဗ္ဗာန် မရဘူးဆိုတာ မှတ်လိုက်ကြ။

ခန္ဓာ တစ်ခုလုံးမှာ ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာပဲ ရှိတယ်၊ ဒီပြင် ဘာမှ အပိုမစွက်ဘူး၊ နိဗ္ဗာန် မရသေးသရွေ့ ဒီနှစ်ခုပဲ ရှိတယ်၊ ခန္ဓာ တစ်ခုလုံးမှာ အမြဲတမ်း "ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခနှစ်ခုပဲ ရှိတယ်" လို့သာ မှတ်လိုက်ကြ။

ဒကာ ဒကာမတို့ ဝိပဿနာ အလုပ်က ဒုက္ခစခန်းသတ်တဲ့ အလုပ် ဒီစခန်းသတ်ကိုမှ မလုပ်ရင် ဒီဒုက္ခနဲ့ပဲ နေကြ ရမယ်လို့ မှတ်ထားကြ၊ ဝိပဿနာ ရှုကြလို့ ဆိုတော့ မိမိခန္ဓာမှာ ကြည့်ကြရမယ်၊ ကြည့်တော့ ဝိညာဏ်ပဲကြည့်ကြည့်၊ ဝေဒနာပဲကြည့်ကြည့်၊ တလုံးထဲကို ကြည့်ရမယ် အများမလိုဘူး၊ ကြိုက်တာ တလုံးထဲကို ဖြစ်တာနဲ့ ပျက်တာကို မြင်အောင် ကြည့်ပေးကြ။

ဖြစ်တာနဲ့ ပျက်တာဟာ ဒုက္ခသစ္စာပဲ၊ ဒီဒုက္ခကို မြင်အောင် ကြည့်၊ ဒုက္ခမြင်ရင် ယထာဘူတ ဉာဏ်ရတာပဲ၊ ဒီဖြစ်ပျက် အမြင်ရရင် ဆက်သာရှု၊ ဖြစ်ဒုက္ခ ပျက်ဒုက္ခ အမြင်များရင် ဉာဏ်တက်လာတာပဲ၊ အရှုများရင် ဉာဏ်ထက်လာရင် မုန်းဉာဏ်လာတော့တာပဲ၊ မုန်းလာတော့လည်း ဆက်သာရှု၊ အဲဒီလို မုန်းရက်က ဆက်ကြည့်၊ ကိလေသာ ကုန်အောင် မုန်းမှ လိုရင်း ရောက်မယ် ဒီလိုနဲ့ ဆက်ကြည့်လို့ ဒုက္ခတွေချည်း မြင်နေမယ်၊ သုခ လုံးဝမရှိဘူးလို့ သိနေမယ်။

အဲဒီလိုနဲ့ ဒုက္ခချည်းသာ ရှိတယ်၊ ဒုက္ခမှ တပါး အခြား ဘာမှ မရှိပါကလား ဆိုပြီး ဒုက္ခပိုင်းခြားလိုက်တယ်၊ ဒုက္ခ ပိုင်းခြားတာနဲ့ မဂ်ဉာဏ်ပေါ် လာပြီး မဂ္ဂင်ရှစ်ပါး ဝင်လာလို့ ဖြတ်ကနဲဆို ဒုက္ခဓာတ် သိမ်းတော့တာပဲ၊ အဲဒီမှာ မဂ္ဂင်က ဒုက္ခဓာတ်သိမ်းတာကို မြင်နေတယ် သူက ဒုက္ခမရှိတော့ဘူးလို့ သိတယ်၊ ဒုက္ခမရှိကြောင်းကို သိတာဟာ မဂ္ဂသစ္စာပဲ သဘောပါကြရဲ့လား။

အဲဒီမှာ "ဒုက္ခနိရောဓောနိဗ္ဗာနံ၊ ဒိဋ္ဌိဝိစိကိစ္ဆာယနိရောဓေါ နိဗ္ဗာနံ" နှစ်ချက်ရတယ်၊ သောတာပတ္တိမဂ်မှာ ခန္ဓာလဲချုပ်၊ ကိလေသာလည်း ချုပ်၊ ချုပ်တဲ့ နိဗ္ဗာန်နှစ်ချက်ရတယ်။

ဒုက္ခဖြစ်တာနဲ့ ဒုက္ခပျက်တာကို မြင်အောင် ကြည့်ဖို့ အရေးဟာ **ဒကာ ဒကာမတို့ အရေးပဲဆိုတာ မှတ်လိုက်ကြ၊** ဆရာဘုန်းကြီးက

ညွှန်ပြရေး ဟောရေး ပြောရေး ဒကာတို့ တတွေက လိုက်နာကျင့်ကြံရေး အရေးနှစ်ရေးမှာ ကိုယ့်အရေး ကိုယ် ကျေပြွန်ကြရမယ် ဆိုတာ ရိပ်မိ ကြပြီလား။

❖ ❖ ❖ ❖ ❖ ❖

## "နှလုံးသွင်းမှန် အေးနိဗ္ဗာန်တရားတော်"

**မှတ်ရန်** ပထမ နှလုံးသွင်း မှန်ကန်မှု ယောနိသောမနသိကာရ၊ ဒုတိယ ဖြစ်ပျက်ရှုကြည့်မှု ပညာ။

မြတ်စွာ ဘုရားက အသင့်အတင့် နှလုံးသွင်းပြီး နိဗ္ဗာန် ရောက်ကြပါစေ ဆိုပြီး ဟောတော်မူထားခဲ့တာပဲ၊ ဒီစကားထဲမှာ အချက် နှစ်ခု၊ အဓိပ္ပါယ် နှစ်လုံး ပါဝင်တယ်ဆိုတာ မှတ်ကြရမယ်၊ အဓိပ္ပါယ် နှစ်လုံး ဆိုတာက "ယောနိသောမနသိကာရ" နှလုံးသွင်း မှန်ကန်မှု ရှိပြီး အားထုတ်ရင် နိဗ္ဗာန် ရောက်တယ်ဆိုတဲ့ စကားနှစ်လုံးပဲ **နှလုံးသွင်းမှန်** နဲ့ **အားထုတ်မှု၊** ဒီနှစ်လုံးကို မြဲမြဲ ကိုင်ထားကြ။

ဒီထဲမှာ **"နှလုံးသွင်းမှန်မှု ယောနိသောမနသိကာရ ဆိုတာ တွေ့တဲ့ အာရုံပေါ်မှာ ယောကျ်ားမရှိ မိန်းမမရှိ၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ပါကလားလို့ နှလုံးသွင်း တည့်သွားရင် နှလုံးသွင်း မှန်မှု ဆိုတာ ဖြစ်တာပဲ ဓမ္မပေါ်လို့ ဓမ္မမှန်းသိရင် နှလုံးသွင်းမှန်တဲ့ ယောနိသော မနသိကာရ ဖြစ်ပြီလို့သာ မှတ်ကြတော့"** အဲဒါဖြစ်ရင် "ယောနိသော မနသိကာရသမ္ပဓာနာ" ဆိုတာ ဖြစ်တာပဲ။

ဒါကြောင့် **"ပထမဦးဆုံး ပေါ်တာကို နှလုံးသွင်း မှန်ဖို့၊ ဒုတိယ ပေါ်လာတဲ့ ဓမ္မရဲ့ အပျက်ကို မြင်အောင် ကြည့်ဖို့၊ ဒီနှစ်ချက်ဘဲ အရေးကြီးတယ်၊ ဒီနှစ်ချက်ကို နေရာကျအောင် လုပ်တတ်ရမယ်၊ အလုပ်စဉ်ကော မှတ်မိကြပြီလား၊ (၁) က နှလုံးသွင်းမှန်မှု၊ (၂) က အားထုတ်မှု ဒီနှစ်ခုကို မြဲမြဲမှတ်ထားကြ၊ နှလုံးသွင်း မှန်မှုဆိုတာက (ဥပမာ) ဒီနေရာကနေပြီး အရာဝတ္ထု တစ်ခုခုကို ပြလိုက်မယ်၊ ပြလိုက်တော့ "မြင်တယ်" မြင်စိတ် ပေါ်တယ်၊ အဲဒီလို ပေါ်လာတော့**

**"မြင်စိတ်ပေါ်တယ်"လို့ သိရမယ်၊ အဲဒီလို သိတာဟာ နှလုံးသွင်း မှန်တာပဲ"** ရိပ်မိကြပြီလား။

မြင်တာဟာ မြင်စိတ်ပဲ၊ ငါ၊ သူယောကျ်ား၊ မိန်းမက မြင်တာ မဟုတ်ဘူး၊ မြင်တဲ့ အထဲမှ ငါ၊ သူ၊ယောကျ်ား မိန်းမဆိုတာ မဟုတ်ဘူးလို့ သိရမယ်၊ အဲဒီလို သိရင် နှလုံးသွင်းမှန်မှု ဖြစ်ပြီ ဆိုတာ မှတ်ကြ၊ မြင်တာဟာ ဝိညာဏက္ခန္ဓာက မြင်တာ၊ ခန္ဓာက မြင်တာ ဆိုတော့ ပုဂ္ဂိုလ် သတ္တဝါ ပျောက်ပြီ၊ "မြင်တာဟာ ဥပေက္ခာသဟဂုတ်စက္ခု ဝိညာဏံ" ပဲ ရှင်းကြရဲ့လား။

နံပါတ်(၁)က နှလုံးသွင်း မမှန်တော့ မြင်တာဟာ ငါထင်တယ်၊ မြင်တော့ ငါမြင်တာပဲလို့ ယူလိုက်တယ်၊ **မြင်တာဟာ မြင်တဲ့ စိတ်ပဲ မြင်စိတ်ကသာ မြင်တာ၊ သူက မြင်တာ ငါကမြင်တာ မဟုတ်ဘူး၊ ဘုရားက ဒီမြင်တာကို နှလုံးသွင်းမှန်ပြီး အသင့်အတင့် နှလုံးသွင်းပြီး အားထုတ်ကြလို့ ဟောတယ်၊ အဲဒီလို ဟောတော့ အစ နှလုံးသွင်းမှန်မှု ဖြစ်အောင် လုပ်ပေးပြီ၊ တကယ်စစ်တမ်း ထုတ်လိုက်တော့ မြင်တာဟာ ဝိညာဏက္ခန္ဓာ ကမြင်တာပဲ။**

**နံပါတ်(၂)အားထုတ်မှု ဆိုတာက မြင်စိတ် ဝိဉာဏ်ကလေးကို ကြည့်လိုက်တော့၊ ဝိဉာဏ်က သိတာ၊ ခန္ဓာက အစ၊** ဒါဟာ မြင်သိတဲ့ **အစကလေး** ဖြစ်နေတာပဲ၊ ဒီလို သိတဲ့ **အစကလေး** ဖြစ်နေတော့ **တာလေးကို အစ အဆုံး** ကြည့်လိုက်အုံး၊ ကြည့်တော့ ဖြစ်ပြီး မရှိ **တာကို သိရတယ် "နှလုံးသွင်း မှန်တော့ အဖြစ်ကို သိရတယ် အားထုတ်မှု ရှိတော့ ပျက်တာကို သိရတယ်၊ ဒီအသိဟာ သောတာပန် အသိပဲ"** ကျေနပ်ကြပြီလား။

ဒါကြောင့် တရားအားထုတ်မှုဆိုတာ နှလုံးသွင်းမှန်ပြီး အား

ထုတ်မှု ရှိရမယ် ဆိုတာ မှတ်ထားကြ၊ (၁) နံပါတ်တုန်းက သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ပြုတ်တယ်၊ (၂) နံပါတ်ကျတော့ သစ္စာကိုသိတယ်၊ (၂) နံပါတ်က သစ္စာကို ပိုင်းပိုင်း ခြားခြား သိပြီး မဂ်ဖြစ်လာတယ်။

ဒကာ ဒကာမတို့ (၁) နံပါတ် နှလုံးသွင်းမှန်တုန်းက ဒိဋ္ဌိဝိစိကိစ္ဆာ ကွာသွားပြီ၊ မြင်စိတ်ဟာ ဝိညာဏက္ခန္ဓာပဲတို့ သိတဲ့အတွက် ဒိဝိစိကိစ္ဆာ ပြုတ်တာပဲ၊ ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်တာဟာ နှလုံးသွင်းမှန်လို့ပဲ ဆိုတာ ပေါ်ကြပြီလား၊ ငါမြင်တာ ငါမြင်ထားတာ မယူကြနဲ့၊ ငါမှတ်ထားတာ မကိုင်ကြနဲ့တဲ့ "ဝိညာဏက္ခန္ဓာကို ငါလုပ်၊ သညာက္ခန္ဓာကို ငါလုပ်နဲ့ လုပ်နေကြတယ်၊ ရှေးတုန်းက မိဘရိုးရာ အမှားနဲ့ပဲ နေခဲ့ကြရတယ်လို့ မှတ်လိုက်ကြ၊ ရိပ်မိကြရဲ့လား။

ဝိညာဏ်ကို သိတာဟာ ခန္ဓာပရမတ်ဆိုက်တဲ့ အသိပဲ၊ မဇ္ဈိမပဋိပဒါနဲ့ အသင့်အတင့် နှလုံးသွင်းပြီး အားထုတ်တော့ ဖြစ်ပြီး ပျက်သွားတာကို သိရတယ်၊ ဖြစ်ပြီး ပျက်တာကို သိတော့ တခါထဲမဂ်က ဝမ်းထဲ ရောက်လာတာပဲ ကျေနပ်ပြီလား၊ အဲဒါဟာ ဝိညာဏက္ခန္ဓာ ဖြစ်ပြီး ပျက်သွားတာလေးကို သိလို့ မဂ်ဆိုက်သွားတာပဲ၊ ဖြစ်ပြီး ပျက်တာ လေးပဲလို့ သိတဲ့အတွက် မဂ်ဆိုက်သွားတယ် ဆိုတာ မှတ်ကြ။

ဒါကြောင့် "ကိလေသေ မရေန္တောနိဗ္ဗာနံဂစ္ဆတီတိမဂ္ဂေါ"

"ကိလေသေ–ကိလေသာရန်အပေါင်းတို့ကို၊ မာရေန္တော–သတ်လျက်၊ နိဗ္ဗာနံ၊ နိဗ္ဗာနသို့၊ ဂစ္ဆတိ–သွားတတ်၏၊ ဣတိတသ္မာ–ထိုသို့ ကိလေသာ ရန်သူ အပေါင်းကို သတ်လျက် နိဗ္ဗာန်သို့ သွားတတ်သော သတ္တိကြောင့်၊ မဂ္ဂေါ–မဂ်မည်၏"လို့ ဆိုတော်မူခဲ့တာပဲ၊ မဂ်က နှစ်ကိစ္စရွက်ဆောင်တယ်၊ ကိလေသာ သတ်တဲ့ ကိစ္စလည်း သူ့ကိစ္စပဲ၊ နိဗ္ဗာန် ရောက်အောင် ဆောင်တဲ့ ကိစ္စလည်း သူ့ကိစ္စ၊ မဂ်က အလုပ် နှစ်လုပ်ကို တပါထဲလုပ်တယ်။

**"နှလုံးသွင်း မှားရင် မြင်စိတ် ပေါ်တာနဲ့ တချက်ထဲ မြင်တာဟာ ငါပဲ ဆိုပြီး ဒိဋ္ဌိလိုက်လာတယ်"** ဒီ ဒိဋ္ဌိကလေး နောက်က ဒိဋ္ဌုပါဒါန်–နောက်ကမ္မဘဝေါ၊ သုံးခု တန်းလိုက်တာပဲ မြင်ကြပြီလား၊ ဒီသုံးခုတဏှာ ဥပါဒါန် ကံလာတော့ ဇာတိဆိုပြီး၊ ဇရာ၊ မရဏ ချောက်ထဲ သွားရတော့တာပဲ၊ နှလုံးသွင်းမှားရင် ဒီနည်းအတိုင်း သံသရာ ခရီးမှာ ဒိုင်းဒိုင်း ပြေးရမှာပဲ၊ သဘောပါကြပြီလား။ **နှလုံးသွင်း မှန်တော့ ကိလေသာ သေ၍ နိဗ္ဗာန်ရောက်တယ်။**

**"(နှလုံးသွင်း မှန်မှန်နဲ့ အားထုတ် ရမယ်၊ အားထုတ်တော့ ဖြစ်ပျက် ဒုက္ခကို မြင်မယ်၊ ဖြစ်ပျက် ဒုက္ခကို မြင်မှုကြောင့် မဂ်ဝင်လာမယ်၊ အဲဒီတော့ ပေါ်လာတဲ့ တရားက ခန္ဓာ၊ ပျက်သွားတာကို သိလိုက်တော့ ဒုက္ခကို သိတာပဲ)"** ရှင်းကြရဲ့လား၊ ဘုရားက "သံခိတ္တေန၊ ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ" လို့ ဟောတော်မူတယ်၊ ဒီတော့ ဘာလာလာ အားလုံး လာသမျှဟာ ဒုက္ခချည့်ပဲဆိုတာ မှတ်လိုက်ကြ။

"ဘုန်းကြီးတို့ ဒကာ ဒကာမတွေ" **နှလုံးသွင်းမှန်တော့ ခန္ဓာကို သိတယ်၊ အားထုတ်လိုက်တော့ ဒုက္ခကို သိရတယ်" အဲဒီတော့ ဒုက္ခသစ္စာ သိတဲ့ အဓိပ္ပါယ်ရှင်းသွားပြီ"** ကျေနပ်ပြီလား၊ ဒကာ ဒကာမတို့ ကြားတဲ့အခါလည်း ဝိညာဏက္ခန္ဓာ ပေါ်တာပဲ၊ ပေါ်တဲ့အခါမှာ နှလုံးသွင်း မှန်ပြီး အားထုတ်လိုက်တော့ ပျက်သွားတာကို တွေ့ရမယ်၊ ပျက်သွား;တာ တွေ့တာဟာ ဒုက္ခသစ္စာကို တွေ့တာပဲလို့သာ မှတ်လိုက်ကြ။

ဒုက္ခသစ္စာ တွေ့တယ်ဆိုတာ ဒကာ ဒကာမတွေ မရှင်းပဲ ဖြစ်နေရင် အသိစိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာလေးဒုက္ခ ရောက်သွားတာပဲလို့ မှတ်လိုက်ကြ၊ အနံ့တစ်ခုခု နံတော့ နံစိတ် ဝိညာဏက္ခန္ဓာ ပေါ်လာ၊ ပေါ်ပြီး ပျက်သွား ဒုက္ခခန္ဓာပဲ ပေါ်လာပြီး ပျက်သွားတာဟာ ဒုက္ခခန္ဓာပဲလို့ သိရမယ်၊ အဲဒီလို ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် သိတာ မဂ်ပဲဆိုတာ ဆုံးဖြတ်ချက်ချကြ။

**ဒကာ ဒကာမတို့ မိမိသန္တာန်မှာ ပေါ်လာတဲ့ ဓမ္မမှန်သမျှကို စောင့်ကြည့်တဲ့ သဘောနဲ့ လုပ်ကြရမယ်၊ ဒါမှမဟုတ်ရင် ပဋိစ္စ သမုပ္ပါဒ်တန်းလို့ ဒုက္ခပဲ တန်းလာနေမှာပဲ၊** ဒါကြောင့် မပြတ်အောင် စောင့်ကြည့် မလွတ်စေနဲ့၊ လွတ်တာနဲ့ ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်က တန်းလာမယ်၊ မလွတ်ရင် မဂ် ချည်းလာနေမယ်။

ဒီဟာကို ဒုက္ခခန္ဓာက ပြလို့ ကိုယ်တိုင် တွေ့သိရတဲ့ သဘောပဲ၊ သူပြောမဟုတ်ဘူး ခန္ဓာက ပြောလို့ ကိုယ်တိုင် သိရတဲ့ သဘောအမှန်ပဲ၊ ဒါကြောင့် ဘုရားရှင်က

ဒိဋ္ဌဓမ္မော၊ ကိုယ်တိုင် မြင်အပ်ပြီး သောတရားရှိသည်၊ ပတ္တဓမ္မော၊ ကိုယ်တိုင် ရောက်အပ်ပြီးသော တရားရှိသည်၊ ဝိဒိတ ဓမ္မော၊ ကိုယ်တိုင် သိအပ်ပြီးသော တရားရှိသည်၊ ဆိုတဲ့ အဓိပ္ပါယ်ကို ဟောတော်မူခဲ့တာပဲ၊ ဒီလို သိတဲ့ အသိဟာ သောတာပန် အသိ ဖြစ်သွားပြီလို့ မှတ်ကြလော့။

ကိုယ်ပေါ်မှာ ယားစိတ်ကလေး ပေါ်လာလည်း၊ ဝိညာဏ ခန္ဓာပဲ၊ စောင့်ကြည့် လိုက်တော့ သူလည်း ပျက်သွားတာပဲ၊ ယားတဲ့ သဘော ဆင်းရဲတာ တွေ့ရတာဟာ ဒုက္ခခန္ဓာ တွေ့ရတာပဲ "သံခိ တ္တေနပဉ္စုပါဒါနကခန္ဓာပိဒုက္ခာ" လို့ ဟောတော်မူတာဟာ ပေါင်းပြီး ဟောတာပဲ။

ကြံစိတ်ကလေး ပေါ်လာတဲ့ ခန္ဓာလေး ပေါ်တာပဲ၊ သူ့ကို စောင့်ကြည့် လိုက်တော့ ပျက်သွားတာပဲ တွေ့ရမယ်၊ ဒီခန္ဓာလေး ပျက်သွားလို့ ဆင်းရဲတာ ဒုက္ခခန္ဓာပဲ၊ အဲဒီလို ဒုက္ခခန္ဓာပဲလို့ ဉာဏ်နဲ့ မြင်ရင် ဘုရားဟောတာ ကိုယ်တွေ့ သိရပြီး၊ ကိုယ်တွေ့ သဘောကျ ပြီဆိုတော့ ဒိဋ္ဌဓမ္မောဖြစ်တာပဲ၊ အဲဒီ ဒိဋ္ဌိဓမ္မောဖြစ်ရင် သောတာပန် အသိပဲဆိုတာ မှတ်ကြတော့

အဲဒီအခါမှာ ပေါ်လာတဲ့ ဓမ္မက — ဒုက္ခသစ္စာ။
ရှုဉာဏ်က — မဂ္ဂသစ္စာ။
အပိတ်အပင် အဆီးအတားမရှိတာက — သမုဒယသေတာ။
အပိတ်အပင် အတားအဆီး မရှိတဲ့နေရာ – နိရောဓသစ္စာ။
မှာ ပေါ်လာတာက
အဲဒီလို သစ္စာလေးပါး တပြိုင်နက် ပေါ်လာတယ်လို့ မှတ်ကြ။

❖ ❖ ❖ ❖ ❖ ❖

## "မဂ္ဂင်ပွားရန်၊ ကိုယ့်တာဝန် တရားတော်"

ဒကာ ဒကာမတို့ မဂ္ဂသစ္စာဆိုတာ "ဖြစ်ပျက်" ကို မြင်အောင် လုပ်နေတာကို ခေါ်တာပဲလို့ မှတ်လိုက်ကြ၊ ဖြစ်ပျက်ကို မြင်အောင် ရှုပွားနေတာဟာ "မဂ္ဂသစ္စာ" ရုပ်နာမ် ဖြစ်ပျက်ကို မြင်အောင် ခဏခဏ ပွားနေသောကြောင့် ဘာဝေတဗ္ဗ ကိစ္စရှိတဲ့ မဂ္ဂသစ္စာပဲ။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုယ့်စိတ်ကို ရှုကြ၊ မိမိတို့ စိတ်ကို ဖြစ်တာ ပျက်တာ မြင်အောင် ကြည့်ကြလို့ ပြောရတာပဲ (၁) နံပါတ်ဖြစ်တဲ့ စိတ်ကို (၂) နံပါတ် ဉာဏ်စိတ်နဲ့ ရှုကြရမယ်၊ "ရှေ့စိတ်ကို နောက်စိတ်နဲ့ ရှုကြရမယ်" **အာရုံစိတ်က ဖြစ်ပျက် ဆိုတော့ နောက်က ဉာဏ်စိတ်က သိလိုက်ရမယ်၊ ဒီလို ရှေ့စိတ်က ဖြစ်ပျက်ကို ပြတိုင်း ပြတိုင်း သိလိုက်နေရမယ်၊ အဲဒီလို သိလိုက် နေတာဟာ ပွားနေတာပဲ၊** ရှင်းကြရဲ့လား။

ဒကာ ဒကာမတို့ ရှေ့စိတ်ကလေး ဖြစ်ပေါ်လာပြီး မရှိတာကို သိလိုက်နေရမယ်၊ ဖြစ်ပေါ်လာတဲ့ စိတ်မရှိဘူး၊ မရှိဘူးလို့ သိတာဟာ ပွားတာပဲ၊ **ဒီလို ပွားနေတော့ ခန္ဓာက "ပေါ်လာတဲ့ စိတ်ဖြစ်ပျက် သိတာ၊ ပွားတာက မဂ်၊" ပွားတာက မဂ္ဂသစ္စာပဲ၊ အဲဒီတော့ မဂ် ရချင်ပါတယ် ဆိုရင် ပွားနေရမယ်၊** ပွားနေရင် ရပြီးသားပဲလို့ မှတ်ကြ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မဂ်ရတယ် ဆိုတာ ဖြစ်ပျက်ကို ပွားနေရင် မဂ် ရပြီးသားပဲ" ဆိုဟာ ရိပ်မိကြပြီလား။

**ခန္ဓာဖြစ်ပျက်ကို ပွားတော့ ခန္ဓာက ဖြစ်ပျက်၊ ပွားတာက မဂ်ပဲ၊ ဒီတော့ ပွားများနေတာဟာ၊ မဂ္ဂသစ္စာ တစ်ခု ရနေတာပဲ။**

ဒီလို ပွားနေတာ ဘာကျေးဇူး ရှိသလဲလို့ ဆိုတော့ ဒီလို ပွားနေရင် ကိုယ့်ခန္ဓာကြီးမှာ ခင်တဲ့ တဏှာ၊ ဘဝကို နှစ်သက်တဲ့

တဏှာတွေ ပါးပါးသွားတယ်၊ ခင်တဏှာ ပါးပါး သွားတဲ့ ကျေးဇူး ရှိတယ်လို့ မှတ်ကြ၊ ဒီလို ပွားများနေတော့ “ကိုယ့်ခန္ဓာ မဟုတ်လို့ ဖြစ်ပြီးပျက် နေတာပဲ၊ ကိုယ့်ခန္ဓာ မဟုတ်လို့ ဖြစ်ပျက်ပြီး နေတဲ့ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတွေပဲ၊ မိမိနဲ့ မဆိုင်ဘူး “ဆိုတာသိတော့ ခန္ဓာမှာ သာယာနှစ်သက်တဲ့ တဏှာဟာ ပါးပါး သွားတော့တယ်၊ ရိပ်မိကြပြီလား။

နဂိုလ်က ဒီတိုင်း နေတော့ လူ့ဘဝ၊ နတ်ဘဝ အကောင်း ထင်လို့၊ ခင်မင်မိ နှစ်သက်မိတယ်၊ ဉာဏ်နဲ့ ကြည့်တော့ အခု အနိစ္စပဲ၊ ဒုက္ခပဲ အနတ္တပဲလို့ သိရတယ်၊ ဒီလို သိတော့ ခင်တာ ရှော့သွားတယ် ခင်တဲ့ တဏှာ ပါးသွားတော့တယ်၊ သဘောပါကြပြီလား၊ ဒကာ ဒကာမတို့ မဂ္ဂသစ္စာနဲ့ ပွားနေတော့ ခန္ဓာကို ခင်တဲ့ သမုဒယ ကိလေသာတွေ အခိုက်အတန့်မျှ ချုပ်နေတယ် ဆိုတာ မှတ်ရမယ်။

ဒါကို ပွားတော့ သမုဒယ သစ္စာကို သူကပယ်တာ၊ ပွားတဲ့ ကိစ္စရှိတော့ ပယ်တဲ့ကိစ္စ အလိုလို ပြီးသွားတယ်၊ ဒီအတိုင်းသာ ဆက်ပြီးကြာကြာ ပွားပါများတော့ သမုဒယဟာ လုံးဝချုပ်တော့ တာပဲ၊ ပဋိစ္စသမုပ္ပါဒ်နဲ့ ကြည့်တော့ တဏှာ ဥပါဒါန်၊ ကံတွေ ချုပ်တယ်၊ ဒါတွေ ချုပ်ရင် ဇာတိဇရာ မရဏတွေလည်း ဇာတ် သိမ်းတာပဲ သဘောပါကြပြီလား၊ ဒကာ ဒကာမတို့ ဒီဟာ မဂ္ဂသစ္စာကို ပွားနေတာနဲ့တဏှာ၊ ပါးရာကနေ ပျောက်ထွက် သွားတာပဲလို့ မှတ် လိုက်ကြ၊ ကျေနပ်ပြီလား။

ပွားများမှုကို ကြိုးစား အားထုတ်ကြပါလို့ အထူးတလည် တိုက်တွန်း လိုက်တယ်၊ ဒီလို ပွားများမှု ရှိရင် ခန္ဓာမှာ ရုပ်ကလေးတွေ ဝေဒနာ ကလေးတွေ စိတ်ကလေးတွေ ဖြစ်ပြီး ပျက်နေတာကို တွေ့ကြရမယ်။

အဲဒီလို တွေ့ရင် "ငါ့ခန္ဓာဆိုတာ" မဟုတ်မှန်းသိလာမယ်၊ ဒီလို အမှန်အကန် သိမြင်ရင် ခန္ဓာပေါ်မှာ ခင်တဲ့ တဏှာ ငါ့ကိုယ်လို့ ထင်တဲ့ ဒိဋ္ဌိမရှိတော့ဘူး၊ ကွာသွားပြီ ဆိုတာ မှတ်ကြတော့ သဘောပါကြ ရဲ့လား။

ဒီဉစ္စာကို မဂ္ဂကလုပ်ပေးတာပဲ၊ မဂ္ဂက တဏှာ ဒိဋ္ဌိကွာအောင် လုပ်ပေးတာပဲလို့ မှတ်ကြရမယ်၊ မဂ္ဂသစ္စာကို ပွားတော့ ပွားရင်းက သမုဒယကို ပယ်သွားတာပဲ၊ ကျေနပ်ကြပြီလား။

မဂ္ဂသစ္စာကို ပွားရင် တဏှာဉပါဒါန် ကံတွေလည်း ပျောက်၊ နောက်က ဇာတိစတဲ့ ဒုက္ခ အစုတွေလည်း ပျောက်၊ သမုဒယနဲ့ ဒုက္ခသစ္စာ ပျောက်တာပဲ၊ ဒုက္ခသစ္စာ ပျောက်တော့ ပျောက်တဲ့ နေရာမှာ "ဒုက္ခနိရောဓာနိဗ္ဗာနံ" ဆိုသော နိဗ္ဗာန်ရောက်တာပဲ ကျေနပ်ကြ ပြီလား။

နိဗ္ဗာန်ကို မြန်မြန် ရောက်ချင်ရင် ဒီပွားမှု မဂ္ဂင်အလုပ်ကို မြန်မြန် လုပ်ဖို့ပဲ ရှိတယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဆရာရင်း ဒကာရင်းတွေမို့ ထူးထူး ခြားခြား ပြောနေပါတယ်၊ ဉာဏ်နားနဲ့ ထောင်ကြပါ၊ အရပ်နား မိဘရိုးရာ နားနဲ့ မထောင်ကြပါနဲ့၊ ဒကာတို့ တတွေ ရှေးက အလွဲ ချည်းပဲ လုပ်ခဲ့ကြတယ်၊ အမှန်လုပ်ရမှာက တစ်ခုထဲပါ၊ အားလုံးကို လျှောက်လုပ်နေခဲ့ ကြတယ်၊ လေးပါးလုံးကို လျှောက်ပြီး လုပ်နေ ကြတယ်၊ **ဒကာတို့ တာဝန်က ဘာမှ လျှောက်မလုပ်နဲ့ "ဖြစ်ပျက် ပွားရုံ အလုပ် တစ်ခုပဲ" လို့သာ မှတ်ထားကြတော့** ရိပ်မိကြပြီလား။

ဒကာ ဒကာမတွေ အရေးကြီးတာ ပေါ်ကြပြီလား၊ ဖြစ်ပြီး ပျက်တဲ့ ဓမ္မတွေ ခန္ဓာထဲမှာ လာတိုင်း လာတိုင်း ပွားနေရုံပါပဲ၊ ဒီလို

ပွားနေရင် ခန္ဓာက ဒုက္ခသစ္စာ ဖြစ်လာမယ်၊ ခန္ဓာက ဒုက္ခသစ္စာကို ပြလာပြီးတဲ့နောက် ဉာဏ်က သိမြင်တာနဲ့ သမုဒယ သေတယ်၊ ဒီနောက်မှာ နိရောဓလည်း အလိုလို ရောက်လာမယ်၊ ကျေနပ်ကြပြီလား၊ ပွားရင် ခန္ဓာက "ကျုပ်ဒုက္ခသစ္စာပဲလို့ ပြောမယ် သမုဒယကလည်း ကျုပ်မရှိတော့ပါဘူး၊ သေပါပြီ" လို့ပြောမယ်၊ နိရောဓကလည်း လာပါပြီလို့ ပြောမယ်ဆိုတာ မှတ်လိုက်ကြ သဘောပါကြပြီလား။

**ဒကာတို့ တာဝန်က ဖြစ်ပျက်ပွားမှု တစ်ခုပဲလိုတယ်၊ ကျန်တဲ့ကိစ္စတွေ သူ့ဓမ္မက ဆောင်ရွက်သွားလိမ့်မယ်၊ ဖြစ်ပျက် တစ်ခုထဲကို ပွားနေရင် သတိဝိရိယ သမာဓိ သက်ပွဲဆိုတာတွေဟာ အလိုလို ပါလာတော့တာပဲ ဆိုတာ မှတ်ကြ။**

ယားရင်၊ နာရင်ဖြစ်ပျက်ရှုပြွစ်၊ မရှုမိရင် ဿောဘ ဒေါသတွေ တန်းလာမယ်၊ သံသယဖြစ်ရင်လည်း ရှုပြစ်၊ ငိုက်တဲ့ အပြစ်ကလေး ပေါ်လာလည်း ဖြစ်ပျက် ဦးအောင် ရှုပြစ် ဘာလာလာ၊ ဘာစိတ်ပေါ်ပေါ် ဖြစ်ပျက် ရှုပြစ်ဖို့ အရေးကြီးတယ်၊ ဒီတာဝန်ဟာ ဒကာတို့ လုပ်ရမယ့် တာဝန်ပဲဆိုတာ ရိပ်မိကြပြီလား။

ဒါကြောင့် "မဂ္ဂသစ္စာ ပွားမှု တစ်ခုထဲသာ လိုရင်း အချက်ပဲ၊ ဒါ ဒို့တာဝန်ပဲဆိုတာ ဆုံးဖြတ်လိုက်ကြ၊ ဒီတော့ ဒကာ ဒကာမတွေက မေးစရာ ရှိတယ်၊ ဘယ်လောက်များ ပွားရမလဲ၊ ဘယ်အခြေ ရောက်အောင် ပွားရမှာလဲ ဆိုတော့ "ထက်အောင် ပွားရမှာပဲ" လို့ မှတ်ထားကြ ထက်အောင် ပွားရမယ်၊ ထက်  ဉာဏ်အောက်မှာ နိရောဓ ရောက်လာရင် ပွားမှု ရပ်စဲရုံပဲ၊ ကိစ္စပြီးပြီလို့သာ မှတ်လိုက်ကြ။

ဖြစ်ပျက် အဆုံးကို ရောက်ရုံ ပွားရမှာပါ-ဖြစ်ပျက် ဆုံးရုံတင်

ပွားရမှာပါ ဖြစ်ပျက်ဆုံးရင် နိရောဓ ပေါ်လာတော့ ကြည့်နေရုံပဲ မပွားနဲ့တော့၊ အဲဒီလို ဖြစ်ပျက် အဆုံးရောက်ရင် ပွားမှု ကိစ္စပြီး ပါပြီး၊ ဒကာ ဒကာမတွေ ကျေနပ်ကြပြီလား၊ ကြိုးစားပြီးသာ ပွား ကြတော့။

❖ ❖ ❖ ❖ ❖

# "ရုပ်နာမ် သင်္ခါရ အနိစ္စ တရားတော်"

**ဆောင်ပုဒ်**

မိမိခန္ဓာ၊ ဉာဏ်ရှုကာ၊ ဖြစ်လာ ပျက်သုဉ်းကြ။
ပြုပြင်ပါထွက်၊ ပေါ်ပြီးပျက်၊ သက်သက်အနိစ္စ။
အကြောင်းပြုပြင်၊ ကျိုးတင်တင်၊ အစဉ်ဖြစ်ပျက်ကြ။
ဓမ္မသဘော၊ ငါမနော၊ လောလောခန္ဓာပြ။
ခန္ဓာပြမှု၊ အစဉ်ရှု၊ ငါးခု မဂ္ဂင်။
ရှုကြည့်များတွေ၊ ရွှံမုန်းလေ ဆုံးချေနိဗ္ဗာန။
ခန္ဓာတစ်ခု၊ ဖြစ်ပျက်ရှု၊ ရမှုနိရောဓ။

ဒကာ ဒကာမတို့ကို သင်္ခါရတရားဆိုတဲ့ အချက်ကို ရှင်းပြရမယ်၊ **သင်္ခါရတရား ဆိုတာ ဘာလဲလို့ ဆိုရင် "ပြုပြင်ထားတဲ့ တရား" ပဲလို့ ပထမ အကျဉ်းချုပ်ပြီး မှတ်ထားကြရမယ်။**

ယခု လက်ရှိ ခန္ဓာကြီးဟာ ပြုပြင်ထားကြလို့ ဖြစ်ပေါ်နေတာ ဘယ်လို ပြုပြင်ထားလဲ၊ ဆိုတော့ မြင်တတ်အောင် ကြားတတ်အောင် ပြုပြင်ထားတယ်။

အခု ဒကာ ဒကာမတွေ မျက်လုံးကလေးက မြင်တယ်၊ နားကကြား တတ်တယ်၊ နှာခေါင်းက နမ်းရှုတတ်တယ်၊ လျှာက လျှက်တတ် စားတတ်တယ်၊ ကိုယ်ကာယတွေက တွေ့ထိ တတ်တယ်၊ မနောစိတ်က ကြံစည်တတ်တယ် သိတတ်တယ်၊ အဲတာတွေဟာ အတိတ်ကံက ပြုပြင်ထားလို့ ဖြစ်နေကြတာပဲ ဆိုတာ မှတ်လိုက်ကြ၊ ရိပ်မိကြ ရဲ့လား၊ ဒကာတို့ အတိတ်က ပြုလုပ်ခဲ့တဲ့ ကံတရားက ပြုပြင်ထားလို့ ဖြစ်နေကြတာ ဒီတော့ ဒီခန္ဓာမှာ ဒို့ပိုင်တာ မပါဘူး၊ ကံသင်္ခါရက

ပြုပြင်ထားတာပဲ ဆိုတာ မှတ်လိုက်ကြ ရိပ်မိကြရဲ့လား၊ ဒကာတို့ အတိတ်က ပြုလုပ်ခဲ့တဲ့ ကံတရားက ပြုပြင်ထားလို့ ဖြစ်နေကြတာ။

ဒီတော့ ဒီခန္ဓာမှာ "ဒို့ပိုင်တာ မပါဘူး"လို့ မှတ်ကြရမယ်၊ "ကံသင်္ခါရ"တရားက ပြုပြင်ထားလို့သာ ဖြစ်ပေါ် နေရတာပဲ၊ သူ ကဖြုတ်လိုက်ရင် ဒီခန္ဓာကို "ဒို့ပိုင်တာ ဒို့ဆိုင်တာ ဘာတစ်ခုမှ မပါဘူး" လို့သာ ဆုံးဖြတ်ချက်ချ။

ခန္ဓာတစ်ခုလုံးမှာ ရှိတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တွေဟာ သူက ပြုပြင်ထားလို့ သူပြုပြင်သလိုသာ ဖြစ်ပေါ် နေရတာပဲ၊ ဒကာ ဒကာမတို့ လုပ်လို့ ဖြစ်ချင်လို့ ဖြစ်တာတစ်ခုမှ မပါဘူး၊ ကံ သင်္ခါရလုပ်လို့ သူပြုပြင်ပေးလို့ ဖြစ်ကြရတာ၊ မြင်လောက် အောင် အားထုတ်ပေမယ့် မြင်လောက်တဲ့ ရုပ်ကလေး ပါမှသာ မြင်နိုင်တယ်၊ မပါရင် မမြင်နိုင်ပါဘူး၊ အဲတာ ကံကပြုပြင်လို့ပဲ။

နောက်ပြီး ဥတုက ပြုပြင် ပေးတာလည်း ရှိသေးတယ်၊ တ ကယ်လို့ ရာသီဥတုက ကြမ်းတမ်းလာမယ်၊ ဆိုးရွားလာမယ် ဆိုရင် မကြိုက်နိုင်ဘူး၊ နှလုံး မသာမယာ ဒေါမနဿ၊ စသည် ဖြစ်လာမယ်၊ အဲဒီလို ဖြစ်ရတာဟာ ဥတုက ပြုပြင်လို့ ဖြစ်လာတာ၊ တချို့စိတ်တွေ တချို့ရုပ်တွေကလည်း ဥတုက ပြုပြင်လို့ ဖြစ်ကြရတာပဲ၊ အေးတဲ့ အခါမှာ အေးလို့ စိတ်က တမျိုး၊ ရုပ်ကလည်း တမျိုးမျိုး ဖြစ်လာ ကြရတယ်၊ ပူတော့ပူလို့ အိုက်တော့လည်း အိုက်လို့ တမျိုးဖြစ်လာ ကြရတာပဲ၊ သဘောပါကြရဲ့လား။

အာဟာရက ပြုပြင်လို့လည်း ဒီခန္ဓာတွေ ဖြစ်ကြရတယ်၊ အစာ အဟာရက ပြုပြင်တော့ အသားအရေတွေ စိုစိုပြေပြေ ဖြစ်လာတယ်၊ စိတ်ကလည်း ပြုပြင်ပေးရတာပဲ၊ စိတ်သင်္ခါရက ပြုပြင်ပေးလို့ စိတ်တွေ ကြည်လင်လာတယ်၊ တတ်ကြွလာတယ်၊ အဲဒီကော့ ဒီခန္ဓာ တခုလုံးဟာ

ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ်ဆိုတဲ့ ဒီသင်္ခါရတွေက ပြုပြင်ပေးလို့သာ ဖြစ်နေကြတာပဲလို့ မှတ်လိုက်ကြ။

အဲဒီတော့ကို "ပြုပြင်တဲ့ တရားကကံ၊ စိတ်၊ ဥတု၊ အာဟာရ" ပြုပြင်လို့ ပေါ်လာတဲ့ တရားက သင်္ခါရ ဒီနှစ်ခုကို ခွဲခြားပြီး မှတ်ထား လိုက်ကြ။

ဒကာ ဒကာမတို့ ပြုပြင်လို့ ပေါ်လာတဲ့ တရားတွေက ဘာတွေ လဲလို့ ဆိုပြန်တော့ ခန္ဓာငါးပါးပဲ၊ အဲဒါကြောင့် ခန္ဓာ ငါးပါးဟာ သင်္ခါရခန္ဓာ ငါးပါးပဲလို့ မှတ်လိုက်ကြ၊ ဒီခန္ဓာ ငါးပါးဟာ အကြောင်း လေးမျိုးက ပြုပြင်ပေးလို့ ပေါ်လာရတာ၊ ကြီးပွားအောင်လည်း ဒီ ကံစိတ် ဥတု အာဟာရဆိုတဲ့ အကြောင်းလေးပါးက ပြုပြင်ပေးတာပဲ၊ ဆုတ်ယုတ်အောင်လည်း ဒီလေးပါးက ပြုပြင်ပေးတာပဲ။

အဲဒီတော့ကို ဒကာ ဒကာမတွေရဲ့ ခန္ဓာ ငါးပါးဟာ သူများ ပြုပြင်ထားတဲ့ ခန္ဓာငါးပါး၊ သူများပြုပြင်သမျှ ခံရတဲ့ ခန္ဓာ ငါးပါးပဲ၊ ဒီထဲမှာ ကိုယ်ပိုင်တာ၊ ကိုယ်ဆိုင်တာရယ်လို့ မပါပါဘူး၊ ဒီခန္ဓာ ငါးပါး အပေါ်မှာ စီမံတဲ့အရှင်သခင်က၊ လေးယောက်ပဲ ရှိနေတယ်၊ ဒီအရှင် သခင်လေးယောက်နဲ့ စီမံသမျှကို ခံယူနေရတယ် ဆိုတာ သဘောပါ ကြပြီလား။

ဒီခန္ဓာ ငါးပါးဆိုတာဟာ ကံ က ပြုပြင်တဲ့ သဘောတရားတွေ၊ စိတ်က ပြုပြင်တဲ့ သဘောတရားတွေ၊ ဥတုက ပြုပြင်တဲ့ သဘော တရားတွေ၊ အာဟာရက ပြုပြင်စီမံထားတဲ့ သဘောတရား အစုတွေပဲ၊ သူတို့ပြုပြင်ထားတဲ့ သဘောတရားတွေ စုနေတာဟာ ခန္ဓာ ငါးပါးပဲ။

(ဥပမာ)–ဆိုရင် ဒီခန္ဓာ အိမ်ဟာ ကျားလေးချောင်းနဲ့ ထောက်ပြီး တည်တံ့နေရတယ်၊ ဒီကျားလေး ချောင်းထဲက တချောင်း ပြုတ်ရင် ဒီခန္ဓာ အိမ်ကြီးက တည်တံ့မနေနိုင်ဘူး၊ ဗိုင်းဗိုင်းလဲဖို့ ရှိတော့တယ်

ဆိုတာ မှတ်ကြတော့၊ ဒီအကြောင်းတရားဆိုတဲ့ ကျားလေးချောင်း ထဲက တချောင်းပြုတ်ရင် ဘယ်သူမှ မတတ်နိုင်တော့ဘူး၊ ဗုံးကနဲ့ လဲသေဖို့ပဲရှိတယ်။

ဒါကြောင့် ဒီခန္ဓာ ငါးပါးမှာ ကိုယ်ပိုင်တာ ကိုယ်ဆိုင်တာ မပါလို့ အနတ္တတ တရားပဲလို့ မှတ်လိုက်ကြ၊ ဒီသဘော အမှန်ကို ကိုယ့်ဉာဏ်နဲ့ ဆုံးဖြတ်ချက် ချနိုင်အောင် ဘာလုပ်ရမလဲ၊ ဝိပဿနာ ရှုကြရမယ်၊ ဝိပဿနာ ရှုလိုက်တော့ "သင်္ခါရတရား" ဒါမှမဟုတ် အနတ္တတရားလို့ သတ်မှတ်ထားလိုက်၊ သင်္ခါရတရား ဟူသရွေ့ ခေတ္တချည်းပဲ ဆိုတာ သိထားကြရမယ်၊ ကျားလေးခု ထောက်ထားလို့ ထောက်ထား ခိုက်မှသာ တည်တံ့နိုင်တာ တခုပြုတ်ရင် ဗိုင်ဗိုင်းလဲ တာဘဲ၊ ဒါကြောင့် သင်္ခါရ အထောက်ကလေး ရှိတုန်းက ခေတ္တခဏ တည်နေတာပဲလို့ မှတ်ကြ။

ဒီခန္ဓာကြီးကို ကံက "မင်း မသာ ဖြစ်လိုက်တော့" လို့ အမိန့် ပေးမယ်၊ စိတ်ကလည်း အမိန့်ပေးမယ်၊ ဥတုကလည်း အမိန့်ပေးမယ်၊ အာဟာရကလည်း "မင်းလဲ မသာ ဖြစ်လိုက်တော့လို့ အမိန့်ပေးမယ်၊ အဲဒီလို အရှင်သခင် တခုခုက မသာ ဖြစ်လိုက်တော့ ဆိုတော့ တခါထဲ မသာ ဖြစ်ရတော့တာပဲ၊ သဘောပါကြပြီလား၊ ဒါဘာကြောင့်လဲလို့ ဆိုရင် "သူများ စီမံသလို ခံနေရတာမို့ပဲ စီမံသမျှ ခံရတဲ့ သင်္ခါရ ခန္ဓာမို့ပဲ၊ ဒီတော့ ဒကာ ဒကာမတွေက အငှားထိန်းပြီး အငှားကျောင်း ရတာဟာ ဒီခန္ဓာပဲလို့ သာမှတ်လိုက်ကြ။

ဒီလို အငှားထိန်း အငှားကျောင်းရတဲ့ ဘဝကနေပြီး "ငါ့ဘာ ထင်လို့တုံး" လို့များ ဆိုလိုက်ကြသေးတယ်၊ "ငါကို ဘာအောက် မေ့လို့တုန်းတဲ့၊ ကြိမ်းလိုက် မောင်းလိုက် လုပ်နေကြသေးတယ်၊ ဒီလို လုပ်တာဟာ တော်ပါရဲ့လား၊ မသိသားဆိုးဝါးချက်က ပြင်းလွန်း လို့သာ ဒီအသံမျိုး ထွက်ရက်နိုင်တာပါ၊ အမှန်အကန်သိရရင် ဒီ

အသံမျိုး မထွက်ဝံ့တော့ပါဘူး၊ ဒကာ ဒကာမတွေဟာ ကံတို့ စိတ်တို့၊ ဥတုတို့၊ အာဟာရတို့က မထောက်ပံ့ရင် ဗိုင်းဗိုင်းလဲဘို့ပဲ ရှိတယ် ဆိုတာ မှတ်ကြ။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေက အရွယ်နဲ့ မလိုက်အောင် အရူးထတက်ကြတယ်၊ ဉာဏ်မပါရင် မသိကြဘူး၊ ဉာဏ်မပါတော့ မိမိ ကိုယ်တိုင် အရူးထတာကိုလည်း မသိ၊ သူများ အရူးထတာကိုလည်း မသိနိုင်တော့ဘူး၊ မသိတော့ တယောက်က အရူးထဒါကို အများက ဝိုင်းပြီး ထောက်ခံကြတော့တာပဲ၊ ဒကာ ဒကာမတို့ ဒီကိစ္စကို ဉာဏ် မပါရင် မသိနိုင်ကြဘူး၊ ဉာဏ်ပါမှသာ သိမယ်။

ဉာဏ်ပါလို့ ဒါကို သိတော့ "ခန္ဓာသင်္ခါရဟာ အနတ္တတရားပဲ" ဒီခန္ဓာသင်္ခါရဟာ အနတ္တ တရားကြီးလို့" လည်း သိရမယ်၊ ဒီလို သိဘို့လည်း အရေးကြီးတယ်၊ မသိရင် မောဟုမ္မတ္တကပဲ၊ မောဟုမ္မတ္တက ဆိုတာ မောဟရူးလို့ ဆိုတာပဲ၊ ရှင်းကြပြီလား။

ဒကာ ဒကာမတို့ ဒီခန္ဓာမှာ သေသေချာချာ ဉာဏ်နဲ့ ကြည့်တော့ – ဆံပင်ကလေးတပင်မှ ကိုယ်ဟာမပါဘူး၊ ကိုယ်စိုး ကိုယ်ပိုင်တာ တခုမှ မပါဘူးဆိုတာ မှတ်လိုက်ကြ။

**"ကိုယ်အိမ် ကိုယ့်ယာမှာ သောကဗျာပါဒ များသူ၊ စိုးရိမ် ကြောင့်ကြများသူ များမှာ အရူးထတဲ့ အချိန်ပိုပြီး များတယ် ဆိုတာ မှတ်လိုက်ကြ"**။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အခု တရားနာဆဲမှာ ယိုင်နေ ကြတယ်၊ ဒီလို အခု ထိုင်နေကြတာဟာ ကိုယ့်စွမ်းရည် သတ္တိမပါ ပါဘူး၊ နောက်က ထောက်ပံ့ ပြုပြင်ပေးတဲ့ အကြောင်းရဲ့ စွမ်းရည် သတ္တိပဲ၊ သဘောပါကြပြီလား၊ ကံတို့ စိတ်တို့ ဥတု အာဟာရတို့က

အကူအညီ မပေးတော့ရင် စားဆဲဖြစ်တဲ့ ထမင်းလုပ်ကလေးတောင် လှမ်းမယူ နိုင်အောင် ဖြစ်ရမယ်။

ဒကာ ဒကာမတို့ တတွေက သင်္ခါရ အနတ္တကို မသိတော့၊ မာနထောင်နေကြတယ်၊ မာနထောင်ပြီး ဒိဋ္ဌိတဏှာတို့ကို ခင်လိုက်ကြ၊ မင်လိုက်ကြ၊ တွယ်တာလိုက်ကြနဲ့ နေကြတယ်၊ ဒီလို နေကြတာဟာ မသိလို့ပဲ၊ မသိတော့ မသိတဲ့ နောက်က တဏှာ၊ မာန၊ ဒိဋ္ဌိတွေ လာတော့တာပဲ၊ မသိတာက မောဟရူး၊ မသိတဲ့ နောက်က တဏှာရူး၊ မာနရူး၊ ဒိဋ္ဌိရူးတွေ အများကြီး လာတာပဲ ရိပ်မိကြပြီလား။

ဒီလို ဖြစ်ရတာ ဘာကြောင့်လဲ၊ အနတ္တကို မသိလို့ ခန္ဓာဟာ အနတ္တပဲလို့ မသိရာကြဘူး၊ မသိရင် အတ္တဝင်လာတာပဲ အတ္တဝင်တော့ တဏှာ မာနဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားသံသရာ ချဲ့တတ်တဲ့ တရားတွေ ဝင်လာတော့တာပဲ။

သင်္ခါရတရားဟာ မမြဲဘူးဆိုတာ အခု ဒကာ ဒကာမတွေ လက်တွေ့ ကြည့်ပါလား၊ မိမိခန္ဓာမှာ ဉာဏ်နဲ့ ကြည့်တော့ လက်တွေ့ သိကြရမယ်၊ သင်္ခါရ တရား မမြဲလို့ အခု တရားနာ နေရင်းကတောင် ငြိမ်ငြိမ် မနေနိုင်ဘူး ဟိုဘက်ပြောင်းရ ဒီဘက်ရွှေ့ရ၊ ယားလာလို့ ဖျောက်ပေးရ၊ ယားပြီးတော့လည်း ပျောက်သွားပြန်တာပဲ၊ ညောင်း လာလိုက် ကိုက်ခဲလာလိုက်၊ ပျောက် သွားလိုက်နဲ့ တမျိုးပြီး တမျိုး ပြုပြင် ပြောင်းလဲနေတာပဲ၊ မြင်ကြပြီလား။

ယခု တထိုင်ထဲမှာကိုပဲ ဉာဏ်နဲ့ ကြည့်ရင် ထင်ရှားပါတယ်၊ ထိုင်နေရင်းက ဇက်က တောင့်လာ၊ ပြုပြင်ပေးလိုက်တော့ ပျောက်သွား၊ နောက် ခါးဆစ်ထဲက အောင့်လာပြန် ပြုပြင် ပေးလိုက်ပြန်တော့ ပျောက်သွားပြန်တာပဲ၊ ကျောထဲက ယားယံလာတော့ ဒကာတို့က ဒီယားတာလေးကို ဖျောက်ပေးလိုက်ပြန်တော့– ပျောက်သွားတာပါပဲ၊

ဒီလိုနဲ့ ခန္ဓာထဲမှာ အမျိုးမျိုး ဖြစ်ပေါ်လာလိုက် ပျောက်ပျက် သွားလိုက်နဲ့၊ အမြဲတမ်းဖြစ်ပြီး ပျက်နေတာပဲရှိပါတယ်။

ရုပ်ကလည်း ဖောက်ပြန်၊ ဝေဒနာကလည်း ဖောက်ပြန်၊ စိတ်ကလည်း ဖောက်ပြန် ပျက်စီးနေတာပဲ၊ (ဥပမာ) စိတ်ကူးကလေး တခု ပေါ်လာလည်း ပေါ်ပြီး ပျက်တာပဲ၊ ဘာစိတ်ပေါ်ပေါ် – ပေါ်တိုင်း ပျောက်လိုက်ပဲ၊ အဲဒါဟာ သင်္ခါရ မမြဲတာ ပြနေတာပဲ၊ သဘောကျကြပြီလား၊ ဒီသင်္ခါရ တရား ရုပ်နာမ်တွေဟာ အကြောင်း ပြုပြင်သလို ခံနေကြတာပဲ ဆိုတာ မှတ်ကြ။

ဒါကြောင့် ကိုယ်အလုပ် မဂ္ဂင်အလုပ်ကို လုပ်ကြရမယ်၊ လုပ်ရင် သင်္ခါရ မမြဲတာကို ခန္ဓာက ပြောလိမ့်မယ်၊ ကျေနပ်ပြီလား။

❖ ❖ ❖ ❖ ❖ ❖

# "အနတ္တလက္ခဏာ ဉာဏ်မြတ်ရှာ တရားတော်"

## အနတ္တနှင့် လက္ခဏာ

၁။ ရုပ်နာမ် ခန္ဓာငါးပါးသည် -- အနတ္တ။

၂။ ဖောက်ပြန်ပျက်စီးခြင်းသည် -- လက္ခဏာ။

ဒကာ ဒကာမတို့ သင်္ခါရဆိုတာ လိုရင်းတော့ ခန္ဓာငါးပါးပဲ ဆိုတာ ရိပ်မိကြပြီ၊ အဲဒါကြောင့် ယခု ဒကာ ဒကာမတွေရဲ့လက်ရှိ ဖြစ်တဲ့ ခန္ဓာ ငါးပါးဟာ သူများ ပြုပြင်လို့ ဖြစ်တဲ့ ခန္ဓာငါးပါးပဲ ဆိုတာ သဘောပေါ် ကြပြီလား၊ အကြောင်းတရားက ပြုပြင်ပေးလို့ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ် ခန္ဓာ ငါးပါးပဲ ရှင်းကြပြီး မဟုတ်လား။

ဒီခန္ဓာထဲမှာ မိမိ စွမ်းရည် သတ္တိ မပါဘူး၊ သူတပါး ပြုပြင်ပေးလို့ ဖြစ်ရတာမို့၊ သူတပါးကိုမှီပြီး နေရတယ်ဆိုတာ မှတ်လိုက်ကြ၊ ဒါကြောင့် ဘုရားရှင်က "သဗ္ဗေဒါလုံးစုံသော ဓမ္မာ ရုပ်နာမ် ခန္ဓာ ငါးပါး သင်္ခါရတရားတို့သည်၊ အနတ္တာ-အနတ္တ တရားတို့ပေတည်း- အနတ္တာ မိမိအလိုသို့ မလိုက်၊ မိမိအကြိုက်သို့ မပါ အနတ္တတရားတို့ ပါပေတည်းလို့ ဟောတော်မူထားတာပဲ။

**နာမ်ဆိုတာ အာရုံဒွါရကြောင့် ဖြစ်တယ်လို့ မှတ်ကြ** (ဥပမာ) ဆိုရင် လင်ကွင်း နှစ်ခုဟာ တခုနဲ့ တခု မထိရင် မမြည်ဘူး၊ ထိမှသာ အသံမြည်တယ်၊ ဒီဥပမာ အတူပဲ နာမ်က အာရုံဒွါရ တိုက်ဆိုင်မှ ပေါ်လာရတယ်၊ ဒါကြောင့် နာမ်တရားဟာလည်း အာရုံ ဒွါရက ပြုပြင်လို့ ပေါ်ရတဲ့ တရားဖြစ်လို့ သူ့ကိုလည်း သင်္ခါရပဲလို့ မှတ်လိုက်ကြ။

"ရုပ်တရား" တွေဟာ ကံက သေဆိုသေ၊ စိတ်က ကြည်ရင် ရုပ်ကလည်း ကြည်တယ်၊ စိတ်ညှိုးတော့ ရုပ်လည်း ညှိုးတာပဲ၊ ဥတု

ကအေးရင် ရုပ်က အေးတာပဲ၊ ဥတုက ပူတော့ ပူရုပ်၊ အေးတော့ အေးရုပ်၊ နောက်ပြီး အာဟာရကလည်း ဆာလောင် မွတ်သိပ်တော့ တမျိုး၊ စားပြီးတော့ ဝမ်းပြည့်တော့လည်း ပြည့်လို့ တမျိုးနဲ့ အမျိုးမျိုး ပြုပြင်ပေးနေတာပဲ ဒါကြောင့် ပြုပြင်လို့ ဖြစ်ရတာမို့ ဘယ်ရုပ်မဆို သင်္ခါရပဲလို့သာ မှတ်ကြ။

"နာမ်တရား"ကျတော့ အာရုံ ဒွါရက ပြုပြင်တယ်၊ ဥပမာ–ဆိုရင် မျက်လုံးအကြည်၊ နားအကြည်စတဲ့ အကြည်ရုပ်တွေက အခံ ဓါတ်၊ အဆင်း အာရုံ၊ အသံ အာရုံ စတဲ့ အာရုံ တရားတွေကို အတိုက်ခံတဲ့ အဲဒီ အာရုံတွေနဲ့ အကြည်ဒွါရနဲ့ တိုက်ဆိုင်တဲ့ အခါမှာ နာမ်တရားတွေ ပေါ်လာရတယ်' ရှင်းကြပြီလား။

အဲဒီလို ပေါ်တဲ့ နာမ်တရားတွေဟာ သင်္ခါရတွေပဲ ရိပ်မိကြ ပြီလား။

(ဥပမာ) အားဖြင့် အခု ဒီနေရာက နေပြီး ကိုယ့်သားလေးကို အာရုံ ပြုလိုက်တယ် ဆိုတော့ မနော အကြည့်နဲ့ သားအာရုံနဲ့ တိုက်ဆိုင်လိုက်တော့ "သားစိတ်" ကလေး ပေါ်လာတယ်၊ အဲဒီ သားစိတ်ဟာ အာရုံနဲ့ ဒွါရ နှစ်ခု တိုက်လို့ ပေါ်လာရတာ၊ ဒါကြောင့် ပေါ်တဲ့ သားစိတ်က နာမ်သင်္ခါရ တရားကလေးပဲလို့ မှတ်လိုက်ကြ ရှင်းကြပြီလား။

ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာတွေကို "ငါမစွဲနဲ့တဲ့ သူများ ပြုပြင် ထားတဲ့ တရားတွေမို့ သင်္ခါရတွေပဲ သင်္ခါရမို့ သင်္ခါရလို့ပဲ သဘော ထားလိုက်ကြ၊ ဒီဟာတွေ ပေါ်မှာ ငါဝင် မရှုပ်နဲ့ ငါဝင် ရှုပ်ရင် သက္ကာယဒိဋ္ဌိပဲ" လို့ ဟောတော်မူထားခဲ့တယ် ဆိုတာ မှတ်ကြရမယ်။

ရုပ်ကို အကြောင်းလေးပါးက ပြုပြင်ထားတယ်၊ နာမ်ကို အကြောင်း

နှစ်ပါးက ပြုပြင်ထားတယ်၊ သူများ ပြုပြင်ထားတဲ့ အထဲကို ငါဝင်ရှုပ်ရင် သူများ ပစ္စည်းကို ခိုးယူတာပဲလို့သာ မှတ်ကြတော့။

အကြောင်းလေးပါး အကြောင်းနှစ်ပါးတို့က ပြုပြင် ပေးလို့ ဖြစ်ရတဲ့ ရုပ်နာမ် ခန္ဓာ ဖြစ်လို့ အနတ္တပဲဆိုတာ သိကြရမယ်။

**"ရုပ်ဖြစ်ပေါ်အောင် ပြုပြင်တာက ကံ၊ စိတ်၊ ဥတုအာဟာရ၊ နာမ် ဖြစ်ပေါ်အောင် ပြုပြင်ပေးတာက အာရုံနဲ့ ဒွါရ"**

ဘုရားရှင်ဟာ အနတ္တသုတ်လို့ မဟောပဲ "အနတ္တ လက္ခဏ" သုတ်လို့ ဟောထားတယ်ဆိုတာပဲ၊ ဒါကြောင့် လက္ခဏာကို သိဖို့ လိုသေးတယ် ဆိုတာ မှတ်ကြရမယ် (အိုး) ကိုဖြစ်စေတဲ့ အဓိက အကြောင်းဟာ မီးပဲ၊ ဒီတော့ အိုးကို ဘယ်သူလုပ်သလဲ၊ မီးက လုပ်တယ်၊ အဲတာ အဓိက အကြောင်းပဲဆိုတာ၊ အဲဒီတော့ မီးတည်း ဟူသော အကြောင်းကြောင့် ဖြစ်တဲ့ အိုးပဲဆိုတာ ထင်ရှားတယ်။

ဒီအိုးဟာ ကွဲရ ပျက်စီးတဲ့ အခါကျတော့ အကြောင်း အမျိုးမျိုး ကြောင့် ပျက်စီးရတယ် **"အိုးဟာ မီးတည်းဟူသော အကြောင်းက လုပ်ပေးလို့ ဖြစ်ရတာ၊ သူ့အစွမ်း အစ မပါဘူး၊ အိုးဟာ နဂိုက အနတ္တ ပျက်စီးသွားတဲ့အခါ အိုးဆိုတဲ့ ပင်ကိုယ်သဘောကို စွန့်သွားတယ်၊ အဲဒီပင်ကိုယ် သဘောစွန့်တာဟာ လက္ခဏာပဲ"**

"ရုပ်နာမ် ခန္ဓာတွေက နဂိုကတည်းက မပိုင်မဆိုင်တဲ့ ဟာတွေပဲ၊ သူတို့ဟာ **ဖြစ်ပေါ်လာပြီးတော့လည်း ဖြတ်ဆို ပျက်စီး သွားကြ ပြန်တာပဲ၊ အဲဒီရုပ်နာမ်ဟာ နဂိုက မပိုင်ဆိုင်တာမို့ အနတ္တ၊ ဖြတ် ကနဲဆို ပျက်သွားတာက လက္ခဏာပဲ"** မပိုင်ဆိုင်တဲ့ သဘောကို ခမ္မက ပြသွားတယ်၊ ရှင်းကြရဲ့လား။

အဲဒါကြောင့် ပေါ်လာတုန်းက အနတ္တ၊ ဖြတ်ဆို ပျောက်သွားတာ လက္ခဏာပဲလို့ မှတ်လိုက်ကြ ရိပ်မိကြပြီလား။

ဒီဓမ္မတွေက မည်သူ့အလို မည့်သူ အကြိုက်မှ မလိုက်ဘူး၊ အဲတာဟာ သူ့လက္ခဏာက ပြောသွားတာပဲ၊ အကြောင်းညီညွတ်ရင် ဖြစ်ပေါ်လာလိုက်၊ ဖြစ်ပြီးတာနဲ့ ပျက်သွားလိုက်။

ခန္ဓာထဲမှာ ဘာပေါ်ပေါ်၊ ဘယ်ဓမ္မ ပေါ်ပေါ် အနတ္တပဲ၊ ပေါ်လာတဲ့ဟာ အနတ္တပဲ ပေါ်ပြီး ပျောက်သွားတာ လက္ခဏာပဲ၊ အဲဒီ အဓိပ္ပါယ်ကို ရှင်းရှင်း လင်းလင်း သိကြရမယ်၊ ဒါသိရင် အနတ္တ လက္ခဏာဉာဏ် ရတာပဲ အနတ္တ၏ လက္ခဏာကို ဓမ္မက ပြောလို့ ဓမ္မကပြသွားလို့ ရှင်းရှင်းကြီး သိရတာပဲ၊ ရှင်းရှင်းကြီး သိရင် "အနတ္တ လက္ခဏာဉာဏ်" ရပြီလို့သာ မှတ်ကြ။

ဒီအနတ္တ လက္ခဏာဉာဏ်ရရင် အတ္တဒိဋ္ဌိပြုတ်သွားပြီ၊ ဒီဉာဏ် အသိနဲ့ ဆက်လက်ပြီး ကြည့်ရမယ်၊ ဉာဏ်နဲ့ ခန္ဓာကို စောင့်ကြည့်ရမယ်၊ ခန္ဓာထဲ ရုပ်ဓမ္မလေးတခု ပေါ်လာတယ် ဆိုတော့ ဉာဏ်နဲ့ စောင့်ကြည့်နေ၊ ကြည့်နေတော့ ပေါ်လာပြီး ပျောက်သွားတာပဲ ဆိုတာ မြင်ကြရမယ်၊ အဲဒီလို မြင်တာဟာ အနတ္တ လက္ခဏာ ဉာဏ်ရတာပဲ၊ ဒီဉာဏ်ရရင် အတ္တဒိဋ္ဌိပြုတ်ပြီ ဆိုတာ မှတ်တော့။

ဒီနည်း အတိုင်း ဒီဉာဏ် အမြင် ရင့်သန်လာအောင် ကြိုးစားပြီးကြည့်ပေး ကြရမယ်၊ ခန္ဓာမှာ ဉာဏ်နဲ့ စောင့်၊ မပြတ်မလပ် အထပ်ထပ် ကြည့်ပေးကြ၊ တဒင်္ဂ အမြင်နဲ့ စိတ်မချရသေးဘူး၊ အမြင့်ဆုံး သမုစ္ဆေဒ ရောက်မှ စိတ်ချရမယ်။

**"(ဖြစ်ပေါ်လာတာက အနတ္တ၊ ပျောက်ပျက် သွားတာက လက္ခဏာ၊ နှစ်ခု ပေါင်းတော့ အနတ္တ လက္ခဏာပဲ)"** ဒီလို သိရတော့ ဖြစ်ပျက် ဆိုတာ ထင်ရှားတယ်၊ ဖြစ်ပေါ်တာက အနတ္တ၊ ပျက်သွားတာက လက္ခဏာ၊ ဒီနှစ်ခု ဖြစ်တာ ပျက်တာပဲရှိတယ်၊ ဒါကြောင့် ဘာပဲ

ဟောဟော၊ ဟောသမျှ တရားဟာ "ဖြစ်ပျက်ပဲ" ပြန်ဝင်တယ် ဆိုတာ ပေါ်ကြပြီလား။

ဒီအနတ္တ လက္ခဏာဉာဏ် ဆိုတာဟာ ဒီမဂ္ဂင် ငါးပါးပဲ၊ ဒီမဂ္ဂ ငါးပါးထဲမှာ သမ္မာဒိဋ္ဌိက ခေါင်းဆောင် နေတယ်ဆိုတာ မှတ်လိုက်ကြ။

ဒီလို သမ္မာဒိဋ္ဌိ ခေါင်းဆောင်တဲ့ မဂ္ဂင် ငါးပါးနဲ့ ဉာဏ်ကို ရတော့ ဘယ်လို ကျေးဇူးများသလဲလို့ မေးခဲ့ရင် နဂိုက ငါ့ကိုယ် ငါ့ဟာ ဆိုတာဟာ မိစ္ဆာဒိဋ္ဌိ ခေါင်းဆောင်နေခဲ့ တာပဲ၊ အခု ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်ပြီး သမ္မာဒိဋ္ဌိ ခေါင်းဆောင် လိုက်တဲ့ အခါကျတော့ နဂို ခေါင်းဆောင် မိစ္ဆာဒိဋ္ဌိဟာ ပြုတ်ထွက် သွားရပော့တယ်၊ ခေါင်းဆောင် ပြုတ်တော့ နောက်လာမယ့် ဥပါဒါန် ပြုတ်၊ ကံပြုတ်၊ နောက် ပဋိစ္စသမုပ္ပါဒ်တွေ အကုန်ချုပ်တော့တာပဲ။

အနတ္တ တလုံးပိုင်ရင် နိဗ္ဗာန်ရောက်တယ်ဆိုတာ ထင်ရှားပြီလား၊ ထင်ရှားသွားပြီ။

ဒီဉာဏ်ကို ရဖို့ရာ ရှေ့ပိုင်းက ခန္ဓာ ငါးပါး၊ သစ္စာရတရားကို သိရမယ်၊ ဒါကို သိရင် အနတ္တကို သိတာပဲ ဒီသစ္စာရ ခန္ဓာငါးပါး ပေါ်လာပြီး ပျက်စီး သွားတာ သိရင် လက္ခဏာကို သိတာပဲ၊ ဒီလို သိတော့ ဉာဏ်ပါရတယ်။ ဒါကြောင့် ကြိုးစား အားထုတ်ကြ။

❖ ❖ ❖ ❖ ❖ ❖

# "သင်္ခါရကုန်ပျောက် နိဗ္ဗာန်ပေါက်တရားတော်"

ဝိပဿနာ ရှုတယ်ဆိုတာ ခန္ဓာက ပြောတာကို ဉာဏ်နဲ့ စောင့်ကြည့်ရတဲ့ အလုပ်ပဲ၊ ဒါကြောင့် ဝိပဿနာ ဆိုတာ ခန္ဓာ ပြောကို စောင့်ကြည့် ရတာဟာ ဝိပဿနာပဲ၊ ဉာဏ်နဲ့ စောင့်ကြည့်တော့ ခန္ဓာက ပြောမယ် "ရုပ္ပတီတိရူပံ" တဲ့၊ "လုဇ္ဇတီတိ လောကော" တဲ့၊ ရုပ်က လည်း ပူလိုက်၊ အေးလိုက်၊ လှုပ်လိုက် ငြိမ်လိုက် ဆိုသလို ဖောက်ပြန်ပြမယ်၊ (ဥပမာ) လောဘလေး လာလည်း လိုချင်ပြီး ပျက်စီးသွားတာပဲ။

အဲဒီလို အမျိုးမျိုး ရုပ်နာမ် ခန္ဓာတွေဟာ ပေါ်လာပြီး ပျောက်ပျက်သွားကြတာချည်းပဲ ဆိုတာကို ပြောလိမ့်မယ်၊ အဲဒီလို ဖောက်ပြန်ပျက်စီးသွားတဲ့ သူ့သဘောကို စောင့်ကြည့် အဲဒီလို ကြည့်တဲ့ အလုပ်ဟာ ဝိပဿနာပဲ။

သွားတဲ့ အခါ၊ ရပ်တဲ့အခါ၊ ထိုင်နေတဲ့ အခါ၊ အိပ်တဲ့ အခါ "ဘယ်အခါမျိုးမှာ မဆို စောင့်ကြည့်ရမယ်" ဒီလို အမူအရာ အမျိုးမျိုးမှာ ဒီအတိုင်း သိဖို့ စောင့်ကြည့်ရမယ်၊ အဲဒီလို အမူအရာတိုင်းမှာ ဉာဏ်နဲ့ စောင့်ကြည့်ပေးရင်၊ သူ့သဘော အမှန်ကို သိရမယ်၊ သူက ပြောလိမ့်မယ်။

နိဗ္ဗာန်ဆိုတာ ဝိပဿနာ အဆုံးမှာ တွေ့နိုင်တယ်၊ ဝိပဿနာ ဆုံးရင် နိဗ္ဗာန်ရောက်နိုင်တယ် ဆိုတာ မှတ်ကြ၊ ဒီဝိပဿနာ လုပ်ငန်းက မခဲယဉ်းဘူး၊ လုပ်ချင်တဲ့ ဆန္ဒနဲ့ ကြိုးကြိုးစားစား လုပ်ဖို့ပဲ အရေးကြီးတယ်။

**ထမင်း ချက်ရင်းလည်း လုပ်နိုင်တယ်၊ သွားရင်း လာရင်း လုပ်ရင်း ကိုင်ရင်း စားရင်း သောက်ရင်းနဲ့လည်း လုပ်နိုင်တယ်၊ အိပ်ရင်းလည်း လုပ်နိုင်တယ်၊ ဘယ်အခါ မဆို ဘယ်နေရာ မဆို လုပ်ရင်**

**ဖြစ်နိုင်တယ်၊ ဒါကြောင့် နိဗ္ဗာန် ရောက်ချင်တယ် ဆိုရင် မလွှတ်အောင် ကြိုးစားကြရမယ်။**

**ခရီးသွားရင်းလည်း ကြည့်ပေး၊ စားရင်းလည်း ကြည့်ပေး၊ ဘယ်အခါမှ မလစ်စေနဲ့ (ဥပမာ) – မျောက် အငြိမ် မနေသလိုပဲ၊** မျောက်ဟာ ဆော့ ဂျွမ်းထိုး၊ သစ်ပင်တက် ဆိုသလို သူ့ကို စောင့်ကြည့်ရင် အမျိုးမျိုး မြင်ရသလိုပဲ၊ ခန္ဓာကို စောင့်ကြည့်ရင်း အမျိုးမျိုး အထွေထွေ ဖောက်ပြန်နေတာ တွေ ကို မြင်ရမယ်။

ခန္ဓာမှာက ရုပ်ပျက်ရင် ရုပ်အစားထိုး၊ ဝေဒ နာ ပျက်ရင် ဝေဒနာအစားထိုး၊ သင်္ခါရ ပျက်ရင် သင်္ခါရ၊ စိတ်ပျက်ရင် စိတ်တခု အစားထိုး ပြန်တာပဲ၊ အဲဒီမှာ ပျက်သွားတာက အနိစ္စ၊ အစားထိုး တာကသင်္ခါရ၊ ဒီသဘောဟာ ခန္ဓာက ပြောတာ၊ သူပြော လူပြော မဟုတ်ပါဘူး၊ ခန္ဓာကို စောင့်ကြည့်ရင် အနိစ္စတချက် သင်္ခါရတချက်၊ ဒီနှစ်ချက်ကို မြင်ရမယ်။

ခန္ဓာက "အနိစ္စာဝတသင်္ခါရာ" ပါတဲ့၊ "အနိစ္စနဲ့ သင်္ခါရ ဒီနှစ်ခုပဲ လှည့်နေပါတယ်"တဲ့ ဒါကို ဉာဏ်နဲ့ စောင့်ကြည့်၊ ကြည့်ရင် သူ့ သဘောကို မြင်ရမယ် အဲဒီလို ကြည့်ပေးနေရင် သက္ကာယဒိဋ္ဌိလည်း ပြုတ်တာပဲဆိုတာ မှတ်ကြ။

ခန္ဓာငါးပါးကို မျောက်ရှင် တကောင်လို ဥပမာ ထားပြီး စောင့်ကြည့်ကြရမယ်၊ ဉာဏ်နဲ့ စောင့်ကြည့်ရုံပဲ၊ ထူးထူးထွေထွေ ကြောင့်ကျ စိုက်စရာ မလိုဘူး၊ အဲဒီလို စောင့်ကြည့် တာဟာ ဝိပဿနာပဲ၊ စောင့်ကြည့် နေရင် အနိစ္စနဲ့ သင်္ခါရပဲ ရှိတယ် ဆိုတာ သိရမယ်။

"ဤခန္ဓာကိုယ် ရုပ် နာမ်တရားကို ဉာဏ်နဲ့ စောင့်ကြည့်ကြ၊ အဖန်ဖန် စောင့်ကြည့်ပေးကြ စောင့်ကြည့်ရင် ခန္ဓာငါးပါးရဲ့ သဘောကို သိလာလိမ့်မယ်၊ ပျက်တာရယ် အစားထိုးတာရယ် ဒါပဲ ရှိတာကို

သိရမယ်၊ ဒီလို ခန္ဓာ သဘော အမှန်ကို သိရတဲ့ အတွက် ဒုက္ခချုပ်ရာ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြမည်တဲ့။

ဉာဏ်နဲ့ စောင့်ကြည့်ရင် ခန္ဓာက ပြောမယ်၊ ရုပ်ပျက်တော့ ရုပ်အစားထိုး ဝေဒနာပျက်တော့ ဝေဒနာ၊ စိတ်ပျက်တော့လည်း စိတ်အစားထိုး အဲဒီလို အနိစ္စနဲ့ သင်္ခါရပဲရှိပါတယ် ဆိုတဲ့ အကြောင်းကို ပြောလိမ့်မယ်၊ အဲဒီလို ခန္ဓာ ပြောတာကို အမှန်သိရရင် နိဗ္ဗာန် ရမယ်တဲ့။

ခန္ဓာသဘောကို အမှန် မသိကြဘူး၊ ခန္ဓာပေါ်မှာ ဒကာတို့ သိနေတာက မိစ္ဆာ ဒိဋ္ဌိနဲ့ သိနေကြတာ၊ မရှိတာကို သိနေကြတယ်၊ အမှန် ရှိတာကိုတော့ မသိကြဘူး၊ သမ္မာ ဒိဋ္ဌိ ဆိုတဲ့ အမှန်မြင်တဲ့ ဉာဏ်နဲ့ မသိကြဘူး၊ မသိတော့ ခန္ဓာရဲ့ ဖောက်ပြန်နေတဲ့ သဘော ကိုလည်း မသိမမြင်ကြတော့ဘူး ဆိုတာ ရိပ်မိကြပြီလား။

ခန္ဓာက အနိစ္စနဲ့ သင်္ခါရပဲ ရှိတယ်၊ ဒီသဘော အမှန်ကို ရုပ်ကလဲ ပြောတယ်၊ ဝေဒနာကလဲ ပြောတယ်၊ ရုပ်ပျက် ရုပ်အစားထိုး၊ ဝေဒနာပျက် ဝေဒနာ အစားထိုး၊ စိတ်ကလည်း ထို့အတူပဲ ပျက်ပြီး အစားထိုးတာပဲ ပျက်တာက အနိစ္စ၊ အစားထိုးတာက သင်္ခါရ၊ ဒါကို ဉာဏ်နဲ့ မြင်အောင်ကြည့်ပေးကြ။

ဒကာ ဒကာမတို့ တတွေ အများအားဖြင့် ရနေကြတဲ့ အခု "အနိစ္စဝတသင်္ခါရာ" ဆိုတဲ့ ဂါထာလေးဟာ ဘုရားက ထောက်ခံချက် ပေးတာပဲဆိုတာ မှတ်လိုက်ကြ ရိပ်မိကြပြီလား။

ခန္ဓာမှာ ဉာဏ်နဲ့ စောင့်ကြည့်တော့ ဓမ္မကလေးတခု ပေါ် လာတယ်၊ (ဥပမာ) စိတ်ကူးကလေးတခု ဆိုပါတော့ သူက အခု စိတ်ကူး လိုက်လို့ အခု စိတ်ကူး ပေါ်လာတယ်၊ အစောက ရှိနေတာ မဟုတ်ဘူး၊ မြင်ကြပြီလား၊ ဒီ စိတ်ကူးကလေးဟာ အခု ပေါ်လာပြီး

အခုပဲ ပျောက်ပျက် သွားတယ်၊ အဲဒီတော့ အခု ပေါ်လာတာ သင်္ခါရ၊ ဟော – ပျောက်သွားပြီ ဆိုတော့ အနိစ္စ၊ ဒီနှစ်ခုပဲ ရှိတယ်၊ ကျေနပ်ပြီလား။

(ဥပမာ) ထိုင်ချင်စိတ် ပေါ်လာလို့ ထိုင်ချင်တဲ့ နေရာမှာ ထိုင်လိုက်ပြီး ခန္ဓာသဘောကို စောင့်ကြည့်၊ ကြည့်တော့ ထိုင်ချင်တဲ့ စိတ်ကလေး မရှိတော့ဘူး၊ ပျက်ပြီး နောက်စိတ် အစားထိုးပြီ ဆိုတာ ပြောလိမ့်မယ်။

**"အစားထိုးတာက သင်္ခါရ၊ ပျက်သွားတာက အနိစ္စ" ဒီနှစ်ခုပဲ လှည့်ပြနေမယ်၊ ဘာပဲပေါ်ပေါ် ဒီနှစ်ခု ပြမှာပဲ၊ အဲဒီလို ပြဒါကို ဉာဏ်နဲ့မပြတ် မလပ် အထပ်ထပ် ကြည့်ပေးရမယ်၊ ကြည့်ဖန်များလာတော့ ခန္ဓာသဘော အမှန်ကို ကေန်သိပြီး ဉာဏ်က ဒီခန္ဓာကို စွန့်လွှတ်ချင် လာတယ်၊ မခင်မင် မနှစ်သက်တော့ဘူး။**

အဲဒီလို မလိုချင်လို့ မုန်းအား ကြီးလာတော့ ခုနတုန်းက လာနေတဲ့ အနိစ္စ မလာတော့ဘူး၊ ဒီလို သင်္ခါရနဲ့ အနိစ္စ ကုန်သွားတော့ **"တေသံဝူပသမောသုခေါ" ပဲ၊ တေသံ–ထိုပျက်သွားတာနဲ့ အစားထိုးတာ နှစ်ခုတို့၏ ဝူပသမောမရှိခြင်းသည်၊ သုခေါ–နိဗ္ဗာန်ပဲတဲ့။**

ဒကာ ဒကာမတို့ ခန္ဓာမှာ သင်္ခါရနဲ့ အနိစ္စ ဒီနှစ်ခုသာ ရှိတယ်၊ ဒီအရှိကို သိမှ နိဗ္ဗာန် ရကြမယ်၊ ဒီသင်္ခါရနဲ့ အနိစ္စကို တွေ့ရင် ဒီလမ်းအတိုင်း လိုက်သွား၊ လိုက်သွားလို့ ဆုံးရင် ဆုံးတဲ့ နေရာ အသင်္ခတနိစ္စ နိဗ္ဗာန်ကို တွေ့မယ်ဆိုတာ မှတ်ကြတော့။

နိဗ္ဗာန်ဆိုတာ "တေသံဝူပသမောသုခေါ"တဲ့ ဒီအသေထယ်နဲ့ အသေကိစ္စ နှစ်ခုတို့၏ ရုပ်သိမ်းရာ ချုပ်ငြိမ်းရာဟာ နိဗ္ဗာန်ပဲ၊ ဒီနိဗ္ဗာန်ကို ရချင်၊ ရောက်ချင်ရင် ခန္ဓာမှာ ဒီအသေထယ်နဲ့ အသေကိစ္စ နှစ်ခုကို များများ ကြည့်ပေး သုံးသပ်ပေးရမယ်၊ ဒီနှစ်ခုကို အကြည့်

များလို့ ကြာတော့ မလိုချင် မသိမ်းပိုက်ချင် မုန်းဉာဏ် ဝင်လာတယ်။

မလိုချင်ရင် နိဗ္ဗိန္ဒဉာဏ် ရတာပဲ၊ ဒီဉာဏ် ရင့်လာပြီး နောက် ဒီအသေထယ်နဲ့ အသေကိစ္စ နှစ်ခုက လွတ်သွား တော့တယ်၊ လွတ်သွား ပြီးနောက် ပစ္စဝေက္ခဏာ ဝီတိကျ သိပ်သဘောကျပြီး ဝမ်းမြောက် သွားတော့တယ်၊ ဒကာ ဒကာမတွေ သဘောပါကြပြီလား၊ အဲတာ နိဗ္ဗာန် မျက်မှောက် ပြုသွားတာကို ဆိုတာလို့ မှတ်ကြ။

ဒီနိဗ္ဗာန်ကို ဘယ်အချိန် ရောက်ပါ့မလဲ ဆိုဒါ မတွေးကြနဲ့ ဒီနှစ်ခုအသေကိစ္စ ကြည့်မှု အလုပ်လုကြ၊ အနိစ္စနဲ့ သခါရဆိုလဲ အတူတူပဲ၊ ဒီနှစ်ခုကို မပြတ်မလပ် ပြတ်ပြတ်သာ ကြည့်ပေးကြ၊ အကြည့်များရင် ဉာဏ်ထက် လာမယ်၊ ဉာဏ်ထက်ပြီး မုန်းဉာဏ်တွေ လာမယ်။

မုန်းတယ်ဆိုပေမယ့် သားမုန်း၊ သမီးမုန်း အမုန်းမျိုး မဟုတ်ဘူး၊ ဒီလို အမုန်း မျိုးနဲ့ မရသေးဘူး၊ ကျွတ်လွတ်တဲ့ သဘောမပါလို့ မရသေးဘူး ဆိုတာ မှတ်ကြ၊ ဒီခန္ဓာကို မင်းနဲ့ ဖြင့် သေခန်း ရှင်ခန်း ပြတ်မှ ဖြစ်မယ်ဆိုပြီး ခန္ဓာနဲ့ သေခန်း ရှင်ခန်းကို ပြတ်အောင် မုန်းမှ "တေသံဂူပသမောသုခေါ" ဖြစ်မယ်။

ဒီနိဗ္ဗာန်ကို ရချင်ရင် ဘာလုပ်ရမလဲ၊ ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်ပေးရမယ်၊ ဉာဏ်နဲ့ ကြည့်ရင် ခန္ဓာက ယောကျာ်းလည်း မပြဘူး၊ မိန်းမလည်း မပြဘူး၊ ဘာကို ပြမလဲ၊ အမှန် အရှိကို ပြမယ်၊ မရှိ တာကိုမပြဘူး၊ အမှန်ရှိတဲ့ "ပျက်တာနဲ့ အစားထိုတာ" နှစ်ခုကိုပဲ ပြမယ်၊ အဲဒီတော့ ပျက်တာလည်း မိမိဘဲ အစားတာလည်း မိမိပဲ ဆိုပြီ ဉာဏ်က ဆုံးဖြတ်ချက်ချမယ်။

အဲဒီလို ဉာဏ်က ဆုံးဖြတ်ချက် ချနိုင်ရင် ခန္ဓာကို မခင် မလိုချင်တဲ့ မုန်းဉာဏ်လာ၊ နောက် မကြာခင် ဆုံသွားပြီ နိဗ္ဗာန်

ရတာပဲ၊ ဒါကြောင့် ခန္ဓာမှာ ပျက်တာနဲ့ အစားထိုး ဒါနှစ်ခုကို ဉာဏ်နဲ့ မြင်အောင် ကြည့်ပေးရမယ် ဆိုတာ သဘောပါကြပြီလား။

ခန္ဓာထဲမှာ ဉာဏ်နဲ့ ကြည့်ရင် "အစားထိုးတာရယ်၊ ပျက်သွားတာရယ်" ဒီနှစ်ခုပဲရှိတာကို သိရ မြင်ရမယ်၊ ပါဠိလို ပြောရင် အနိစ္စနဲ့ သင်္ခါရပဲ ရှိတယ်လို့ မှတ်ကြရမယ်၊ ဒါကြောင့် ဘုရားရှင်က ဒီအဓိပ္ပါယ်ကို သိစေလိုလို့ --

"အနိစ္စာ ဝတ သင်္ခါရာ။
ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ။
တေသံဝူပသမောသုခေါ။" လို့ သံယုတ်ပါဠိတော်မှာ

အသေအချာ ဟောတော်မူခဲ့တာပဲလို့သာ မှတ်လိုက်ကြ။

အဓိပ္ပါယ်က -

"ရုပ်နာမ် ခန္ဓာ ငါးပါးဆိုတဲ့ သင်္ခါရ တရားတို့ဟာ အမှန် မုချ ခိုင်မြဲခြင်း မရှိကြကုန်၊ ထိုသင်္ခါရ တရားတို့ကား ဖြစ်ခြင်း ပျက်ခြင်း သဘော သဘာဝမျှ သာရှိကြ၏။ ထို သင်္ခါရ ရုပ်နာမ် တရားတို့သည် အကြောင်းတိုက်ကာ ဖြစ်ပေါ်လာပြီး၊ ရုပ်တရက်သာ ချုပ်ပျက်ကြရရှာ ကုန်၏။ ထိုသည့် ရုပ်နာမ် ဖြစ်ပျက် ဒုက္ခစက် တို့၏ ချုပ်ဆုံးရာ နိဗ္ဗာန် တရားသည်သာ ချမ်းသာခြင်း စင်စစ် မှန်လှပါပေ၏" ဆိုတာ မှတ်လိုက်ကြ။ ဒကာ ဒကာမတွေ ကျေနပ်ကြရဲ့လား၊ ကျေနပ်ရင် ကြိုးစား အားထုတ် ကြတော့။

* * * * * *

# ဝိပဿနာ ရှုနည်း
# (ရှေးဦးမှတ်ဖွယ်များ)

ဆရာတော် ဘုရားကြီးသည် ထေရပ္ပတ္တိနှင့် ကျင့်စဉ်ကို ရေးသားပြုစုသော ကျောင်းဒကာ ဦးကျော်သိန်းအား တရားပေးရာတွင် မောင်ကျော်သိန်း မင်းတရား အားထုတ်ဖို့ အချိန်တန်ပြီ မဟုတ်ရင် အသေက ဦးသွားမယ်၊ ငါသည် အလွန် ကြုံခဲလှသော ဘုရား သာသနာ၊ ဆုံခဲလှသော ဆရာသမား၊ ရခဲလှသော လူ့ဘဝတို့နဲ့ တိုက်ဆိုင်နေတဲ့ အချိန်မှာ အို–နာ–သေ–မွဲ–ကွဲဆိုတဲ့ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်း အကျင့်မြတ်တို့ကို အားထုတ် တော့မယ်လို့ ဆုံးဖြတ်ချက် ချပါ၊ သားမယား၊ ပစ္စည်း၊ ဥစ္စာ၊ အလုပ်အကိုင်တို့ကိုလည်း တခါတည်း ဉာဏ်နဲ့ စွန့်ပြစ်ထားပါ၊ ပြီးမှ အဓိပတိ သုံးပါးကို အားထားပြီး တရားကို အားထုတ်ရမယ်။

အဓိပတိ သုံးပါးဆိုတာက –

(၁) **မိမိကိုယ်ကို အားထားပြီး** တရားကို အားထုတ်ရမယ်၊ ငါသည် စားစရာ နေစရာ မရှိလို့ အားထုတ်တာ မဟုတ်ဘူး၊ အို–နာ–သေ–မွဲ–ကွဲတည်းဟူသော သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်စေခြင်းငှာ တရားအားထုတ်တာ၊ အဲဒါကို "အတ္တာဓိပတိ"လို့ ခေါ်တယ်။

(၂) **"လောကကြီးကို**လည်း အဓိပတိ ထားပြီး အားထုတ်ရမယ်၊ ငါသည် တရားအားထုတ် နေတယ်လို့ အမည်ခံထားပေမယ့်၊ တရား အားထုတ်နေတဲ့ အချိန်မှာ လောဘ၊ ဒေါသ၊ မောဟ တရားတွေ ဖုံးလွှမ်းထားပြီး၊ ရောင်းရေး ဝယ်ရေး ကိစ္စတွေကို တွေးတော စဉ်းစား မနေပါနဲ့၊ ထိန်မိန္ဒလည်း မဖြစ်စေနဲ့၊

ပျင်းလည်း မပျင်းနဲ့၊ အိပ်လည်း မအိပ်နဲ့၊ စိတ်ကိုလဲ မလွင့်စေနဲ့၊ မတော်တာတွေကို လုပ်နေရင်ဖြင့် ကိုယ်စောင့်နတ်နဲ့၊ သမ္မာဒေဝ နတ်ကောင်း နတ်မြတ် ကလည်း သိတယ်၊ အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်များကလည်း သိပါတယ်၊ ဒါကြောင့် လောကကြီးကို ရှက်ကြောက်ပြီး အားထုတ်ရမယ်၊ လောကကို အဓိပတိထားပြီး အားထုတ်ခြင်းကို **"လောကာဓိပတိ"**လို့ ခေါ်တယ်။

(၃) **တရားတော်ကိုလည်း** အဓိပတိထားပြီး ရိုသေ လေးစားစွာ တရားအားထုတ် ရမယ်၊ တရားတော်ကို ဝိပဿနာ ဉာဏ်နဲ့ မမြင် မြင်အောင်ကို ကြည့်ရမယ်၊ တရားကို မမြင်ခဲ့ရင် တရားက မရှိလို့ မဟုတ်ပဲငါက တရားတော်ကို မလေးစားလို့ မမြင်တာလို့ ဆုံးဖြတ်ချက်ချပြီး တရားတော်ကို အဓိပတိ ထားပြီး အားထုတ် ရမယ်၊ အဲဒါကိုတော့– **"ဓမ္မာဓိပတိ"**လို့ ခေါ်တယ်။

တရားကို အားထုတ်တဲ့ အခါမှာ သဒ္ဓါ–သတိ–သမာဓိ–ဝီရိယ–ပညာတို့နဲ့ ကြိုးစားပြီး အားထုတ်ရမယ်၊ ရှစ်ပါးသီလကိုလဲ အမြဲဆောက်တည် ထားရမယ်၊ ယုံကြည်၊ ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊ လွန်စွာ အားထုတ်၊ နာမ်နှင့် ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင် ဤငါးအင်၊ မှန်ပင် မဂ်ရကြောင်း ဆိုတဲ့ ဆောင်ပုဒ် လင်္ကာကို ကျက်မှတ်ပြီး၊ ဆောင်ပုဒ် အတိုင်း လိုက်နာကျင့်သုံးရမယ်။

တရားကို အားထုတ်တော့မယ် ဆိုရင် ဦးစွာ လုပ်ဆောင်ရမယ့် ကိစ္စငါးပါးက (ပုဗ္ဗကိစ္စငါးပါးကို လုပ်ဆောင်ရမယ်) –

(၁) တရားအားထုတ်တဲ့ အချိန်မှာ မိမိခန္ဓာကိုယ်ကို ဘုရားမှာ လှူထားပါ။

(၂) ဆရာ မိဘတို့ကို ကံသုံးပါးဖြင့် ပစ်မှားမိခဲ့ဖူးပါက ထိုအပြစ်တို့မှ ပျောက်ပါစေခြင်းငှာ ဝန်ချတောင်းပန် ကန်တော့ပါ၏ လို့ဆိုပါ။

(၃) ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာစောင့်နတ်နှင့်တကွ၊ သတ္တဝါ အပေါင်းကို့အား ဘေးကင်းကျန်းမာချမ်းသာစေဖို့ မေတ္တာပို့စိတ်ကို ပွားများပေးရမယ်။

(၄) ရှေးဘဝ ယခုဘဝ ကိုယ်ပြုသမျှ ကုသိုလ်ဒါန တို့သည် ငါအလိုရှိနေသော မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်စေခြင်းငှာ လျှင်မြန်စွာကျေးဇူး ပြုပါစေသတည်းလို့ အဓိဋ္ဌာန် ပြုပါ၊

(၅) ငါသည် ဘဝများစွာက သေခဲ့လုပြီ၊ ယခု ဘဝ မသေခင်မှာတရားအားထုတ်မှပဲလို့ သေခြင်းတရားကို (မရဏာနုဿတိ) ပွားများပြီး အားထုတ်မှု အရှိန်ကို ပြင်းထန်ပေးရမယ်။

တရားကို အားထုတ်တဲ့အခါ ရှေးဦးစွာ "နာမ်နဲ့ ရုပ်"ကို ခွဲခြားတတ်မယ် **"မြင်စရာ အဆင်းနဲ့ မြင်တဲ့ မျက်စိကရုပ်၊ သိမှုက နာမ် "အာရုံ ခြောက်ပါး မှာလည်း** ရုပ်နဲ့ နာမ်ဟာ အမြဲယှဉ်တွဲနေတယ်၊ တရားကို အားထုတ်ရာမှာ ပရိညာ သုံးပါးနဲ့ သိသိသွားရမယ်၊

(၁) **"ဉာတပရိညာ"** ဖြစ်ဆဲ ရုပ်နာမ်ကို ဒီဟာသည်ရုပ်၊ ဒီဟာသည်နာမ်လို့ ခွဲခြားပြီး သိရမယ်။

(၂) **"တိရဏပရိညာ"** ဖြစ်ဆဲရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေကို ပိုင်းခြားပြီး သိရမယ်။

(၃) **"ပဟာနပရိညာ"** နာမ်ရုပ်တို့ အပေါ်မှာ "ငါ" ဆိုတဲ့ တဏှာစွဲ၊ ရုပ်ဟာ "ငါပဲ" ဆိုတဲ့ မာနစွဲ၊ ဒီရုပ်ဟာ "ငါ့"ကိုယ်ဆိုတဲ့ ဒိဋ္ဌိစွဲ၊ ဒီအစွဲ သုံးခုကို ပြုတ်အောင်ကို ဖြုတ်ရမယ်။

ရုပ်နာမ်ကို ပိုင်းခြားသိပြီးတဲ့ နောက်မှာ "ဈာန်လမ်း" ခေါ်တဲ့ သမထလမ်းဘက်ကို မလိုက်ရဘူး၊ သမာဓိ ရရုံ လောက်သာ သမထကို အားထုတ်ရပြီး၊ သမာဓိရသည်နှင့် တပြိုင်နက် ဝိပဿနာကို ပြောင်းပြီး

လုပ်ရမယ်၊ ဝိပဿနာဘက်ကို ပြောင်းတယ်ဆိုတာ သမထ (သမာဓိ) လမ်းကနေ ဝိပဿနာ (ပညာ) လမ်းကို စိတ်လွတ်ပြီး ရုပ်နာမ်ိတို့ရဲ့ ဖြစ်ပျက်မှု လက္ခဏာကို ဆင်ခြင်နေတာပါပဲ၊ ဒါကိုလည်း ဉာဏ်က ဦးစီးတယ်လို့ မှတ်ရမယ်။

ဒါကြောင့် မင်းအာနပါန ကမ္မဋ္ဌာန်းကို အရင်လုပ်ရမယ်၊ အာနာပါနဆိုတာကလည်း (ဝင်လေ–ထွက်လေ)ကို ခေါ်တာ၊ ဝင်လေကို ရှူရာမှာလည်း လေကို ဝအောင်ရှူပါ၊ လျော့ပြီးလည်း မရှူဘူး၊ သိပ်ပြင်းထန်စွာလည်း မရှူရဘူး၊ မှန်မှန်ပဲ ရှူရမယ်၊ ရှိုက်ရမယ်၊ စိတ်ကို နှာသီးဖျားအထက် နှုတ်ခမ်း၊ ရင်ညွှန့် ဆိုတဲ့ သုံးနေရမှာ ကြိုက်ရာ တစ်နေရာကို ထားပါ။ သတိကို မလစ်စေပဲ ကပ်နေရမယ်။။ ဝင်လေ ထွက်လေ ရှူရှိုက်တဲ့ အခါမှာလည်း နှာသီးဖျားမှာ ထိတာကို သိနေရပြီ **"အာရုံကိုလည်း ဝင်သက်၊ ထွက်သက် သိနေမှုမှ တပါး အခြား ဘယ်ကိုမှ အာရုံ ရောက်မသွားဖို့ အရေးကြီးပါတယ်။**

အာနာပါန လုပ်ပြီး သမာဓိ အားကောင်းလာတဲ့ ယောဂီ ပုဂ္ဂိုလ်ဟာ ရုပ်နာမ် နှစ်ပါးဖြစ်တဲ့ ခန္ဓာငါးပါးကို ပိုင်းခြားသိရမယ်၊ ရုပ်က "ရူပက္ခန္ဓာ" သိစိတ်က ဝိညာဏက္ခန္ဓာ" ခံစားမှု ဝေဒနာက ဝေဒနာက္ခန္ဓာ၊ မှတ်သားမှုက၊ သညက္ခန္ဓာ၊ ဖဿ–ဝေဒနာ စတဲ့ ကျန်စေတသိတ်(၅၀) က "သင်္ခါရက္ခန္ဓာ"လို့ သိမှတ်ရမယ်၊ ဒါတွေကို သိပြီးတဲ့နောက် ပဋိစ္စသမုပ္ပါဒ်နည်းနဲ့လည်း အကြောင်း အကျိုးခွဲပြီး ဒိဋ္ဌိကို ခွါရဦးမယ်၊ ဒီလို သိမှုကို အလျှင်ပေးပြီးမှ အလုပ်ကို ပေးလို့ ဖြစ်မယ်၊ ဒါကြောင့် ခန္ဓာငါးပါးကို ပိုင်းခြား သိမြင်ပြီးရင် ရုပ်နာမ် ခန္ဓာကို ဖြစ်စေတဲ့ အဝိဇ္ဇာတဏှာ သင်္ခါရတို့ဟာ အကြောင်းတရား၊ ရုပ်နာမ် ခန္ဓာတို့ဟာ အကျိုးတရားဆိုတာကို အကြမ်းအားဖြင့် သိမြင်ထားရမယ်။

ကဲ--တရားအားထုတ်ဖို့ သမ္မဋ္ဌာန်း တောင်းကို လိုက်ဆို၊ "ကမ္မာ ဋ္ဌာန်မေဘန္တေဒေထ၊ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ" ဘန္တေ၊ အရှင်ဘုရား၊ မေတပည့်တော်အား၊ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာ ဝဋ္ဋဆင်းရဲမှ၊ မောစနတ္ထာယ၊ ကျွတ်လွတ် ထွက်မြောက်ပါစေခြင်း အကျိုးငှာ၊ ကမ္မဋ္ဌာန်၊ မဂ်ဖိုလ် နိဗ္ဗာန် ရောက်ကြောင်း အကောင်းဆုံး ဖြစ်သည့် ကမ္မဋ္ဌာန်းကို၊ ဒေထ၊ ဂရုဏာ ရှေ့ထားပြီး ပေးသနား တော်မူပါ့ဘုရား၊ အဲဒါကို သုံးခေါက်ဆို ၊ ကဲ--ဘုန်းကြီး ပြောထားတဲ့ အတိုင်း အာနာပါနကို သွားအားထုတ်တော့။

ဦးကျော်သိန်းသည် အာနပါနကို တစ်နာရီလောက် အားထုတ်ပြီး သမာဓိတော်တော် ရပြီးသည့် အခါမှာ ဆရာတော် ဘုန်းကြီးက မင်းသမာဓိ တော်တော် ရလာတယ်ဆိုတာ ဝိရိယရှိလို့ ရဟာ၊ အဲဒါကို သမ္မာဝါယမလို့ ခေါ်တယ်၊ လေကို ရှုတိုင်း၊ ရှုတိုင်း စိတ်ကို ထားတဲ့ နေရာကို ရောက်တိုင်း ရောက်တိုင်း သိနေရဲ့လား (သိပါတယ်ဘုရား) အေး–မင်းသိနေတယ် ဆိုတာ "သတိကို လက်မလွှတ်လို့ သိတာ၊ အဲဒါကို "သမ္မာသတိ"လို့ ခေါ်တယ်၊ အာနပါနကို အားထုတ်နေတုန်း မင်းစိတ်ဟာ ထားတဲ့ နေရာမှာပဲရှိနေပြီး တခြား အာရုံကို ရောက်မ သွားတာကို "သမ္မာသမာဓိ" လို့ခေါ်တယ်။

မောင်ကျော်သိန်း မင်းရဲ့ သမာဓိကို ဒီထက် ကောင်းကောင်းကြီး ရဖို့ အားထုတ်နိုင်ရန် လိုသေးတယ်၊ ဝင်လေ ထွက်လေကို ရှုတဲ့ အခါမှာလဲ နှာခေါင်းထဲမှာ ရှုရမယ် ပါးစပ်ကမရှုရဘူး၊ နှာခေါင်းက ရှုတဲ့ အခါ ဘယ်ဘက်က ရှုတယ်၊ ညာဘက်က ရှုတယ် ဆိုတာ တွေကို လိုက်နေဖို့ မလိုဘူး၊ နှာခေါင်းက ရှုရင် ရှုတာကို သိရမယ်၊ ရှိုက်ရင် ရှိုက် တာကိုသိရမယ်၊ **နှာခေါင်းက လေကလေး ဝင်တာသိ၊ ထွက်တာ သိလုပ်နေဖို့ပဲ။**

ဒီလို အားထုတ်ပြီး အသိလိုက်သွားရင် အာရုံဟာ တခြားကို ထွက်မသွားရင် သမာဓိ ကောင်းကောင်းကြီး ရနိုင်တယ်၊ ဒီလို အလေ့အကျင့် ကောင်းကောင်း ရသွားရင်ဖြင့် (၁၅) မိနစ်လောက်နဲ့ မင်း သမာဓိကို ထူထောင်နိုင်တယ်။

**မင်းအခု ရှူရှိုက်နေတာက ရုပ်၊ ဒီရှူရှိုက်နေမှုကို သိနေတာက နာမ်၊ ဒီရုပ်နာမ် နှစ်ပါးကို ပိုင်ခြားသိတဲ့ အခါမှာ နာမရူပပရိစ္ဆေဒဉာဏ်၊** ဝိသုဒ္ဓိအလိုပြောရရင် "ဒိဋ္ဌိဝိသုဒ္ဓိ" တစ်ပေါင်းတည်း ဖြစ်လာတယ်၊ ကမ္မဋ္ဌာန်း အလုပ်ခွင်ကို ဝင်တဲ့ အခါမှာ သိဖို့ရာက

(၁) **အာရုံနဲ့ သိမှတ်တဲ့ စိတ်ကို နှစ်မျိုး မှတ်ထားရမယ်**
(၂) **အာရုံနဲ့ သိမှတ်တဲ့ စိတ်ဟာ တည့်နေအောင်ကို ရှုရမယ်၊**
(၃) **အာရုံထဲက စိတ်ကို ထွက်မသွားအောင် သတိပြုနေရမယ်**
(၄) **ကမ္မဋ္ဌာန်း အလုပ်ခွင် ဝင်တဲ့ အခါမှာ စိတ်က ဘာကိုမှ မစဉ်းစားနဲ့၊ ဘာအာရုံမှ ဝင်မလာပါစေနဲ့။**

"သောသတောဝအဿသတိ၊ သတောဝပဿသတိ"လို့ မဟာယတိပဋ္ဌာနသုတ်မှာ ဟော်တော်မူတယ်၊ အာနာပါနကို အားထုတ်သော အာဒိကမ္မိက ယောဂီပုဂ္ဂိုလ်ဟာ သတောဝ၊ သတိရှိ၍ သာလျှင် သတိပညာနှင့် သိလိုက်၍သာ၊ အဿသတိ ထွက်သက် ရှူရမယ်၊ သတောဝ–သတိရှိ၍သာလျှင်၊ ပဿသတိ ဝင်သက် ရှိုက်ရမည်တဲ့၊ သတိလက်လွတ်တော့ တရားအားထုတ်နေတဲ့ လူမဟုတ်တော့ဘူး **"သတိအဝိဇဟန္တော" သတိကို ဘယ်အခါမှ လက်မလွတ်ရဘူး။**

တဖန် ဝင်လေကို ဝအောင်ရှု၊ ရှူသလောက် ထွက်သက်ကို ထုတ်ပြစ်၊ ဒီနည်းနဲ့ လုပ်မယ်ဆိုရင် သိတ်မပင်ပန်းပဲနဲ့ ထိနမိဒ္ဓရော ဝိတက်ပါ ငြိမ်းမယ်၊ သတိတော့ ဘယ်တော့မှ လက်လွတ်လို့ မရဘူး၊ (၁၀) မိနစ် (၁၅) မိနစ်လောက် လုပ်ရင် ရနိုင်ပါတယ်။

မြဲမြဲမှတ်ထား သတိဆိုတာ လွန်တယ်လို့ မရှိဘူး၊ သဒ္ဓါပညာ၊ သမာဓိ၊ ဝီရိယဆိုတာတွေကို တစ်ပြိုင်တည်း တစ်ညီတစ်ညွတ်တည်း ဖြစ်အောင် အားမထုတ်နိုင်ခဲ့ရင်ဖြင့် ဥဒ္ဓစ္စ (စိတ်ပျံ့စွင့်မှု) ဖြစ်ဖြစ်၊ ထိနမိဒ္ဓ (စိတ်ထိုင်းမှိုင်းမှု) ဖြစ်ဖြစ် တခုကတော့ ဝင်မှာဘဲ **"အခု အားထုတ်မှုသည် သမထသက်သက်၊ သမာဓိရရုံ ခိုင်းတာဖြစ်တယ်၊ ဝိပဿနာနှင့် မရောပါစေနှင့်" သဒ္ဓါ-ပညာ-သမာဓိ-ဝီရိယ တို့ကို အလိုအလို မရှိစေဘဲ အားထုတ်ရမယ်။**

(သမာဓိ) အလုပ်ခိုင်းတာဟာ သမထ လုပ်စေချင်လို့ ခိုင်းတာ မဟုတ်ဘူး၊ စိတ်တည်ငြိမ်ရုံ သမာဓိရရုံ လုပ်ပြီး သမာဓိ ရလာတဲ့ အခါ အာနာပါနကို လွှတ်ပြီး ဝိပဿနာကို ကူးရမယ်၊ ဝိပဿနာအား မထုတ်မီ သိထားရမှာကို အရင် ပြောပြမယ်။ **ဝိပဿနာ ဆိုတာက ပညာလမ်းကို စိတ်ညွတ်ပြီး၊ ရုပ်နာမ် လက္ခဏာ ဖြစ်ပေါ်မှုတွေကို ဆင်ခြင်တာပါပဲ၊ သောတာပန် ဖြစ်ချင်ရင် "ဒိဋ္ဌိဝိစိကိစ္ဆာ" ကို အလျှင်ပယ်ရမယ် ဒိဋ္ဌိဝိစိကိစ္ဆာ ဆိုတာ ဘယ်မှာ ကပ်နေသလဲ ဆိုရင် ဖြင့်ခန္ဓာငါးပါးမှာ ကပ်နေတယ်၊ ဒီခန္ဓာ ငါးပါးကလည်း ဘယ်က ဖြစ်လာပြီး ဘယ်လို ဖြစ်ပျက်နေ တာလည်း ဆိုတာကို သိထားရမယ်၊ ဒါကို မသိခဲ့ရင် ဒီကပ်နေတဲ့ "ဒိဋ္ဌိဝိစိကိစ္ဆာ"ကို ဘယ်နည်းနဲ့ မှ မခွာနိုင်မပယ်နိုင်ဘူး။**

အဲဒီတော့ ခန္ဓာငါးပါးကို ဆရာသမား ပြောပြလို့ သိပြီးသား ဒီခန္ဓာရဲ့ဖြစ်ကြောင်း ချုပ်ကြောင်းကို မသိခဲ့လို့ ရှိရင် "ဒိဋ္ဌိ" ကပ်နေဦး မှာပဲ၊ **ဒါကြောင့် ခန္ဓာ ငါးပါး အကြောင်း သိအောင် ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို အလျှင်သိအောင် လုပ်ရမယ်။**

ဒါကြောင့် မောင်ကျော်သိန်းကို ပဋိစ္စသမုပ္ပါဒ် အရင်ပြရ လိမ့်မည်။

ပဋိစ္စသမုပ္ပါဒ် နားမလည်ရင် ဘယ်နည်းနဲ့မှ ခန္ဓာ မသိနိုင်၊ ခန္ဓာ မသိရင် ဒိဋ္ဌိ ကပ်မယ်။

ပဋိစ္စသမုပ္ပါဒ် ဆိုတာကလည်း စာထဲမှာ ပါတာက တစ်မျိုး၊ ခန္ဓာထဲမှာ ဖြစ်ပျက်နေတာက တစ်မျိုး၊ စာထဲမှာ ပါတဲ့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရုံလောက်နဲ့ ခရီးမပေါက်ပါဘူး၊ ခန္ဓာထဲမှာ ဖြစ်ပေါ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှသာ ခရီးပေါက်ပါလိမ့်မယ်။

ဒါကြောင့် ခန္ဓာပဋိစ္စသမုပ္ပါဒ် ဖြစ်တဲ့ ခန္ဓာ ငါးပါး၏ ဖြစ်ကြောင်း၊ ချုပ်ကြောင်းကို ပြရရင် "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ အတိတ်ဘဝက လုပ်ခဲ့တဲ့ အဝိဇ္ဇာ သင်္ခါရ တွေကြောင့် "သင်္ခါရ ပစ္စယာ ဝိညာဏံ ဒီဘဝ–ဒီခန္ဓာကြီး ဖြစ်လာရတယ်၊ (အဝိဇ္ဇာ သင်္ခါရက) လွန်ခဲ့တဲ့ အတိတ် ပဋိစ္စသမုပ္ပါဒ်မို့ အခု မဆိုင်တော့ဘူး၊ နောက်ဖြစ်မယ့် အနာဂတ် ပဋိစ္စသမုပ္ပါဒ်လည်း မရောက်သေးလို့ မဆိုင်ပါဘူး၊ အရေးကြီးတာ ကတော့ အခုပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ကို နားလည်ဖို့ပါပဲ၊–အခု ပစ္စုပ္ပန်ကို ကြည့်ရင်၊ ဒါဘယ်သူ့ ဆံပင်လဲဆိုရင်ဖြင့် "ငါ့ဆံပင်"လို့ ဖြေမှာပါပဲ၊ ဆံပင်ဆိုတဲ့ ရူပက္ခန္ဓာမှာ "ငါ" သွားခိုတယ်၊ ငါထွင်းစားလို့ ကောင်းလိုက်တာ ဆိုရင် ဝေဒနက္ခန္ဓာမှာ ငါသွားခိုတယ်၊ ငါရက်ကန်း ခက်တာမျိုးဟာ ရှားမှ ရှားဆိုရင် သင်္ခါရကန္ဓာမှာ ငါသွားခိုတယ်၊ "ငါစိတ်မစမ်းနဲ့"ဆိုရင်–သညာက္ခန္ဓာမှာ "ငါ"သွားခိုတယ်၊ ဒါကြောင့် ခန္ဓာငါးပါးဟာ ဒိဋ္ဌိခိုကပ် စရာ ဌာနကြီးမို့ ခန္ဓာနဲ့ "ဒိဋ္ဌိဝိစိကိစ္ဆာ" အလျှင်ခွာရလိမ့်မယ်၊ စာလို ကတော့ ရုပ်နာမ်ကွဲရင် "ဒိဋ္ဌိဝိစိကိစ္ဆာ" ကွာတယ်လို့ ရေးကြပေမယ့်၊ တဆင့်ကျန်နေသေးတယ်။

ခန္ဓာထဲမှာ ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်းကိုလည်း နားလည် မှပဋိစ္စသမုပ္ပါဒ် ချုပ်ကြောင်းကိုလည်း နားလည်မှ ဒိဋ္ဌိရော၊ ဝိစိကိစ္ဆာ ရောကွာမယ်၊ ခန္ဓာ ဖြစ်ကြောင်း မသိရင် ဒိဋ္ဌိဝိစိကိစ္ဆာ ကပ်မယ် ခန္ဓာဖြစ်ကြောင်းကို သိရင် ဒိဋ္ဌိဝိစိကိစ္ဆာသေမယ်၊

အကြောင်းနဲ့ အကျိုးပဲ ရှိတယ်လို့ သိရင် ဒိဋ္ဌိဝိစိကိစ္ဆာ သေသွားပြီး ပုဂ္ဂိုလ်သတ္တဝါ မရှိဘူး။

ဒီတော့ မောင်ကျော်သိန်း -- အလုပ်ခွင်ဝင်ရမယ့် ခန္ဓာပဋိစ္စ သမုပ္ပါဒ်က ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ကို စောင့်ကြည့်ပို့ပဲ၊ ဒီနေ့ တစ်နေ့လုံး ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဆိုလိုတာ မဟုတ်ဘူး ယခု မြင်တဲ့ အခိုက်၊ ကြားတဲ့ အခိုက်မှာ ဖြစ်ပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို အခု တရားထိုင်မယ့် အချိန်မှာ ပစ္စုပ္ပန်တည့်တည့် ရှုအဖို့ အရေးကြီးပါတယ်။

အတိတ်ကိုလည်း ပြန်မစဉ်းစားနဲ့ အနာဂါတ်လဲ လှမ်းမမျှော်နဲ့၊ ယခုဖြစ်တုံး ဖြစ်ဆဲ စောင့်ကြည့်ဖို့ပဲ၊ မောင်ကျော်သိန်း အခု အသက် ဘယ်လောက်ရှိပြီလဲ၊ (၄၀) ပါဘုရား၊ အေး--အခုရုပ်ရည်နဲ့ ငယ်ငယ်က ရုပ်ရည်ဟာ မကွာဘူး၊ ရုပ်မကျဘူးလို့ ထင်မှတ်နေရင်ဖြင့် "သဿတ ဒိဋ္ဌိဖြစ်တယ်၊ ဆက်ပြီး တည်တံ့တယ်လို့ မယူရဘူး၊ တခါ ပိုက်ဆံ များများရမယ် ဆိုရင် ဘာမဆို လုပ်ရဲတယ်၊ သေရဲတယ်၊ သေရင် ပြီးတာပဲ ဆိုလိုရှိရင်လည်း ဥစ္ဆေဒိဋ္ဌိ ဖြစ်တယ်၊ ဒီလိုလဲ အပြတ် မယူဘူး၊ ကဲ ဒါလောက်ဆို နားလည်လောက်ပြီ၊ ဆိတ်ငြိမ်တဲ့ နေရာ သွားပြီး အလုပ်ထိုင်ပါ၊ သမထကိုတော့ သမာဓိ ကောင်းကောင်းရသည့် အထိ အားထုတ်ပါ၊ ခန္ဓာ ကိုယ်ကို တည့်တည့် ထိုင်ပါ၊ လေကလေး (ဝင်လေ) ဝင်တာကိုလဲ သိနေပါ၊ ထွက်သွားတာ (ထွက်လေ)လဲ သိပေးပါ၊ သမာဓိ အားကောင်း လာပါလိမ့်မယ်၊ အဲဒီ အချိန်မှာ ဝီရိယကိုလည်း မလျှော့ရဘူး၊ သတိ ပညာကိုလည်း တစ်ပါတည်း ကပ်လိုက်ပါ၊ ခန္ဓာ ကိုယ်ကြီးဟာ ဝေဒနာ တွေ ပေါ်လာပါလိမ့်မယ်၊ ဝေဒနာ ရှုရမယ် ဆိုရင်-

ပေါ်လာတဲ့ ဝေဒနာကို ကျော်အောင် ရှုပါ၊ စိတ်ကို ရှုမယ် ဆိုရင်လဲ ပေါ်လာတဲ့စိတ် (ဥပမာ) တရားထိုင်ချင်စိတ်က စပြီ သိလိုက်ပါ၊ ဒီလို စိတ်တွေကို အသိလိုက်နေတဲ့ ကြားထဲက အသံ

တစ်ခုခု ကြားလိုက်ရင်လဲ ကြားလိုက်ပြန်ပြီဟု သိလိုက်ပါ၊ ပစ္စုပ္ပန်တဲ့တဲ့ ရှုပေးဖို့ အရေးကြီးတယ်။

**"အသိဉာဏ်က ဘဝင်ဟဒယ ဝတ္ထုမှာ ရှိတယ်လို့မှတ်" ဘဝင် အသိဉာဏ်က နေပြီး လေကိုသွင်းတဲ့ စိတ်၊ လေကို ထုတ်တဲ့ စိတ် အမြဲရှုနေပါ၊ အဲတာ အိမ်သည်စိတ် (၂) ပါးပဲလို့ မှတ်ပါ၊** နောက် ဒီလို နေရင်း အသံကြားလိုက်ရင် အသံကြားစိတ်၊ နှာခေါင်းက အနံ့ အသက် နံ့ရင် နံ့စိတ်၊ လျှာပေါ်မှာ စားစိတ်၊ မျက်စိ ဖွင့်လိုက်ရင် မြင်စိတ်၊ ကိုယ်ပေါ်မှာ တခါတလေ တွေ့ထိလို့ ခံသာတဲ့ စိတ်၊ တခါတလေ တွေ့ထိရင် မခံသာတဲ့ စိတ်ပေါ်တယ်၊ အားလုံး ခြောက်မျိုး ပေါ်မယ် မှတ်ထားပါ။

ဒီစိတ် ခြောက်မျိုးဟာ အမြဲပေါ်နေတာလား၊ တခါတလေမှ ပေါ်တော့ အပြင် ဧည့်သည် ခြောက်ယောက်လို မှတ်ပါ။

တခုပေါ်တုံးမှာ ကျန်ငါးခု မပေါ်ပါဘူး၊ အိမ်သည် စိတ်ကို ရှုနေရင်း ခြင်ကိုက်လို့ မခံသာတဲ့ စိတ်၊ ယားတဲ့ စိတ်ပေါ်လာရင် ယားတဲ့ စိတ်ကို ရှုပါ။

နောက်, လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ အလောဘစိတ်၊ အဒေါသစိတ်၊ ဒီငါးခုက ဟဒယဝတ္ထုပေါ်မှာ ပေါ်လို့ အတွင်း ဧည့်သည် ငါးယောက်လို့ မှတ်၊ အမောဟစိတ်ကို မထည့်ဘူး၊ သူက ပေါ်သမျှ ရှုရမည့် စိတ်ဖြစ်နေလို့ပဲ၊ ဒါကြောင့် အတွင်း ဧည့်သည် ငါးယောက်နှင့် အပြင် ဧည့်သည် ခြောက်ယောက်ကို အဇ္ဈတ္တိကာယတနဗဟိရာယတနလို့ ခေါ်တယ်၊ စာလို သုံးမနေပါနဲ့ ဒီဧည့်သည် တစ်ဆယ့် တစ်ယောက် ထဲက ပေါ်ရာကို ရှုပါ၊ တခု ပေါ်ရင် ကျန်တဲ့ ဧည့်သည်စိတ်က မပေါ်ပါဘူး၊ ပေါ်တာကို ရှုပါ။

ဘာမှ မပေါ်လို့ ရှိရင် လေကို သွင်းတဲ့ စိတ်၊ လေကို ထုတ်တဲ့ စိတ်၊ ဒီစိတ်နှစ်ပါးကို အမြဲမပြတ်ရှုနေရုံပဲ၊ ဒီစိတ်နှစ်ပါးက အိမ်သည် စိတ်နှစ်ပါးလို့ မှတ်။

နောက် တနည်းကတော့ တရားအားထုတ်တဲ့ ယောဂီများဟာ ပင့်ကူများလို အမြဲကျင့်သုံးရမယ်၊ ပင့်ကူများဟာ သူ့ဒွါရက အမျှင်ကလေးတွေ ထုတ်ပြီး ကွန်ယက် အဝိုင်းကြီး (ပင့်ကူအိမ်) ဖွဲ့လုပ်ထားပြီး အလယ်ဗဟိုချက်က စောင့်ရင်း ပေါ်လာရာကို လာသမျှ ပိုးမွှားမိရာကို လိုက်စားပြီးရင် အလယ်ဗဟို ချက်ပြန်ထိုင်သလိုပဲ၊ ဘာမျှ မမိသေးရင် အလယ်ဗဟိုမှာ ထိုင်ပြီး ပိုးမွှားများကို (အစာ) စောင့်နေ သလို ယောဂီတို့ကလည်း ဘာမှ မပေါ်သေးရင် ထွက်လေ ဝင်လေကို (ပြန်ရှုပါ) ပြန်ထိုင်ပါ။

စိတ်ကို ရှုတဲ့ အခါ မထိုင်ခင် ပထမ တရား ထိုင်တော့မယ်လို့ စိတ်ကူး လိုက်ရင်ပဲ အရင်ဆုံး ထိုင်ချင်တဲ့ စိတ်ကလေး ပထမ ပေါ်လာမယ်၊ အဲဒီပေါ်လာတဲ့ ထိုင်ချင်တဲ့ စိတ်ကလေးကို ရှုလိုက် စမ်းပါ ဖြစ်ပေါ်လာပြီး ပျက်သွားတာကို တွေ့ရမယ်၊ ကိုယ့်သဏ္ဍာန်မှာ ပေါ်လာတဲ့ ထိုင်စိတ်ကလေးဟာ ထိုင်လဲပြီးရော မရှိတော့ဘူး။

ဒါကို ဉာဏ်နဲ့ မြင်အောင်ကြည့်၊ ကြည့်တော့ ထိုင်ချင်တဲ့ စိတ်ကလေး မရှိတော့ဘူးလို့ သိတယ်၊ ဒီလို သိတာ၊ ယထာဘူတ ဉာဏ်ပဲ။

ဘာမှ မပေါ်ရင် ခုနက ပြောထားတဲ့ လေကို ထုတ်တဲ့စိတ်၊ လေကို သွင်းတဲ့စိတ်ကို တလှည့်စီ ရှုရှုပေးပါ၊ ဒါကို မိအောင် ရှုပေးဖို့ အရေးကြီးတယ်၊ များများရှုမိရင် မြန်မြန်တက်မယ်၊ နဲနဲရှုမိရင် အတက်နှေးမယ်၊ ရှုစိတ်ကြားမှာ ကိလေသာ ကြားခိုနေရင် မရနိုင်ဘူး၊ ကိလေသာ ကြားမခိုအောင် လုပ်ပါ၊ ရှုစရာ မလိုဘူး ဆိုပြီး၊ မရှုပဲနေရင်

အဝိဇ္ဇာ ဝင်လာမယ်၊ ဒါကို ကြပ်ကြပ် သတိထားရမယ်၊ နားလည်ပြီလား။

ဒူးကလေး ခြေကလေး ဆန့်ချင်တဲ့စိတ်၊ ပြောင်းချင်တဲ့ စိတ်ဟာ ပေါ်လာလိမ့်မယ်၊ အဲဒီအခါမှာ မိမိတို့ ဉာဏ်က ဆန့်ချင်–ကွေးချင်–ပြောင်းချင်–ရွေ့ချင်စိတ်ဟာ ပေါ်လာလိမ့်မယ်၊ အဲဒီအခါမှာ မိမိတို့ ဉာဏ်က ဆန့်ချင်–ကွေးချင်–ပြောင်းချင်–ရွေ့ချင်တဲ့ စိတ်ဖြစ်တာကို သိလိုက်ပါ၊ သိလိုက်တဲ့ အချိန်မှာပဲထိုဆန့်ချင်ကွေးချင်တဲ့ ရုပ်နာမ်တွေမရှိတော့တာကို ထပ်သိလိုက်ပါ၊ ဤကဲ့သို့ သိနေတုန်းမှာ အသံတခု ကြားလိုက်ရရင်ဖြင့် ကြားပြန်ပြီလို့ သိပါ၊ အဲဒီလို ခန္ဓာငါးပါးမှာ တစ်ခုခု ပေါ်လာတိုင်း–ပေါ်လာတိုင်း သိပြီး၊ ဖြစ်ပြီး ပျက်သွားပျောက်သွား ပါကလားလို့ သိရမယ်။

ဤကဲ့သို့ အသိတရားတွေ ကျဲနေရာကနေ စိပ်သည်ထက် စိပ်ပြီးလာတာတွေကို ဉာဏ်နဲ့ မှတ်ပါ၊ တဖြည်းဖြည်း ရုပ်နာမ်တရားတွေ တစ်ခုပြီး တစ်ခုဖြစ်ပြီး ပျက်သွားတာကို သတိနှင့် စိုက်ကြည့်က တွေ့ပါလိမ့်မယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ပါဠိလို ရွက်မနေပဲ၊ ဖြစ်ပြီး ပျက်သွားပါကလားလို့ တစ်ခုတည်းကိုသာ သတိနဲ့ စိုက်ကြည့်ပြီး နေရင် ဆင်းရဲတဲ့ သဘောကို အစိုးမရတဲ့ သဘောတွေကို ပိုထင်မြင်လာလိမ့်မယ်၊ ဒီလိုမိမိတို့ ခန္ဓာကိုယ်မှာ ပေါ်တိုင်း–ပေါ်တိုင်း ဖြစ်ပျက်တွေ ကြည့်ရှုဖန် များလာတော့ မိမိရဲ့ ခန္ဓာကိုယ်ကို ရွံ့မုန်းလာတော့တာပဲ၊ အဲဒီအခါမှာ မိမိတို့ ခန္ဓာကိုယ်ကို စွန့်လွှတ်ချင်တဲ့ စိတ်ဖြစ်လာမယ်။

ခန္ဓာကိုယ်ရှိရင် ဤကဲ့သို့ ဖြစ်ပျက် ဒုက္ခနှင့် မကင်းနိုင်တဲ့ အို–နာ–သေဆိုတဲ့ ဒုက္ခသစ္စာနှင့် တွေ့ကြဦးမှာ ပိုကြောက်ရွံ့ပြီး မိမိခန္ဓာကိုယ်ကို ရွံ့မုန်းလာမယ်၊ ဖြစ်ပျက်ကို ရှုဖန်များလာရင် လောဘ–ဒေါသ–မောဟ သုံးပါးစလုံး တဖြည်းဖြည်း ခေါင်းပါးပြီး နောက်ဆုံး

လွှင့်ပျောက်ခန်း ခြောက်သွားသည်အထိ ဖြစ်ပျက်ဆုံးအောင် ပွားများအားထုတ်ဖန်များလာရင် ယခု ဘဝမှာပင် မဂ်ဖိုလ်ရနိုင်တယ်။

ဒါကြောင့် ကြိုးစားပြီး မိမိတို့ ခန္ဓာကိုယ်ကို ဖြစ်ပျက်ရှုကြရမယ်၊ ဖြစ်ပြီး ပျက်တဲ့ သဘောမှ တစ်ပါး ဘာမှ မရှိဘူးဆိုတာကို တွေ့ရလိမ့်မယ်၊ အဲဒီလို **ရှုဖန်များလာရင် ဤကားရုပ်၊ ဤကားနာမ်လို့ ပိုင်းခြားသိလာတော့ "နာမရူပပရိစ္ဆေဒဉာဏ်" ရလာတယ်၊ နောက်–ရုပ်နာမ်တို့၏ ဖြစ်ပေါ်ရင်း အကြောင်းတရားတို့ကို ဆင်ခြင်ပြီး "ဒီရုပ်နာမ်ဟာ အဝိဇ္ဇာ–တဏှာ–ဥပါဒါန်–ကံဆိုတဲ့ အကြောင်းတရား လေးပါးကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားပါကလား" အကြောင်းလဲ ဖြစ်ပျက်၊ အကျိုးလဲ ဖြစ်ပျက်လို့ ရှေးအတိတ်ဘဝက အဝိဇ္ဇာ တဏှာ–ဥပါဒါန်–ကံ တို့ကို ရှားမှီသိမ်းဆည်းနိုင်သော "ပစ္စယပရိဂ္ဂဟဉာဏ်" ရလာမယ်။**

နောက် ရုပ်နာမ်တို့၏ ဖြစ်လတ္တံ့–ဖြစ်ဆဲ–ဖြစ်ပြီး တို့ကို အတိတ်–ပစ္စုပ္ပန် အနာဂါတ်ဆိုတဲ့ ကာလသုံးပါးကို ပိုင်းခြားပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေး သုံးပါးဖြင့် ဆင်ခြင် သုံးသပ်ခြင်းတည်းဟူသော **"သမ္မသနဉာဏ်"** အဆင့်သို့ ရောက်လာမယ်၊ နောက်–ယခု ဖြစ်ဆဲပစ္စုပ္ပန် ဖြစ်သော ရုပ်နာမ်တို့၏ ခဏမစဲတသဲသဲ ဖြစ်ပျက်နေမှုကို ရခြင်းဆိုတဲ့ **"ဥဒယ ဗ္ဗယဉာဏ်"** ပေါ်လာမယ်၊ နောက်ရှုဖန်များလာရင် အပျက်ကိုသာ သိမြင်လာတဲ့ **"ဘင်္ဂဉာဏ်"** ပေါ်လာတယ်၊ ဤကဲ့သို့ ရှုဖန်များ လာရင် ရုပ်နာမ်တို့၏ ပျက်မှု ချုပ်မှုကိုသာ မြင်လာသဖြင့် ကြောက် ဖွယ်သော ဘေးကြီးကို ထင်လာတဲ့ **"ဘယဉာဏ်"** ပေါ်ပေါက်လာမယ်။

နောက် ရုပ်နာမ်တို့၏ ချုပ်ဖျက်မှု စသော အပြစ်တွေကို ထင်မြင်လာသော **"အာဒီနဝဉာဏ်"** ရလာမယ်၊ နောက် မိမိခန္ဓာကိုယ်တည်းဟူသော ရုပ်နာမ်တို့ကို ငြီးငွေ့စိတ်ပျက်ပြီး မနှစ်သက်တဲ့ **"နိဗ္ဗိန္ဒဉာဏ်"**

ဖြစ်လာမယ်၊ မိမိ ခန္ဓာကိုယ်တည်းဟူသော ရုပ်နာမ် ဓမ္မသင်္ခါရ တို့မှ လွတ်ခြင်းငှာ အလိုရှိတဲ့ **"မုဉ္စိတုကမျတာဉာဏ်"** ရောက်လာမယ်၊ ၎င်းမှ တဆင့် ရုပ်နာမ်တို့၏ မမြဲမှု၊ ဆင်းရဲမှု အစိုး မရမှုတွေကို အပြင်းအထန် အားထုတ်မှုကြောင့် အလွန်ထင်မြင်လာတဲ့ **"ပဋိသင်္ခါဉာဏ်"** ရောက်လာမယ်၊ နောက်ရုပ်နာမ် သင်္ခါရတို့ကို မချစ်မမုန်း တော့ပဲ လျစ်လျူရှုတဲ့ **"သင်္ခါရုပေက္ခာဉာဏ်"** ပေါ်လာတယ်၊ နောက်ပြီး ရှေ့ဉာဏ် နောက်ဉာဏ်ကို လက္ခဏာရေး သုံးပါးဖြင့် အနုလုံပဋိလုံရှု ပွားလိုက်တဲ့ အခါမှာ နှစ်ဉာဏ်လုံး သင့်လျော်တဲ့ **"အနုလောမဉာဏ်"** ဖြစ်ပေါ်လာတယ်။

နောက်ပုထုဇဉ်တို့၏ အနွယ်ကို ဖြတ်ပြီး အရိယာတို့၏ အနွယ်ကို ဖြစ်စေတတ်သော **"ဂေါတြဘူဉာဏ်"** ပေါ်လာမယ်၊ နောက် **"သဉပါဒိသေသ နိဗ္ဗာန်ကို"** သိမြင်သော မဂ်ဉာဏ်နှင့် မရှေးမနှောင်း သဉပါဒိသေသနိဗ္ဗာန်၏ အရသာ နိဗ္ဗာန်၏ အကျိုးကို ခံစားသော **"ဖိုလ်ဉာဏ်"** ပေါ်လာတယ်၊ နောက် **"မဂ်ဉာဏ်"** ကို ဆင်ခြင်ခြင်း ဖိုလ်ဉာဏ်ကို ဆင်ခြင်ခြင်း၊ နိဗ္ဗာန်ကို ဆင်ခြင်ခြင်း၊ ပယ်ပြီးသော ကိလေသာကို ဆင်ခြင်ခြင်း၊ မပယ်ရသေးသော ကိလေသာကို ဆင်ခြင်ခြင်းဆိုတဲ့ ဉာဏ်ငါးပါးကို ဆင်ခြင်သော **"ပစ္စဝေက္ခဏာဉာဏ်"** ရောက်လာလိမ့်မယ်။

ဒါကြောင့် အလွန်တွေ့ခဲ ကြုံခဲလှစွာသော သာသနာတော် အခါကာလနဲ့ ကြုံကြရတွေ့ကြရတဲ့ အခိုက် ဆရာသမားကောင်းနဲ့ လည်း တွေ့ရတဲ့ အခိုက်၊ ရခဲလှတဲ့ လူ့ဘဝကို ရနေခိုက်မှာ ယခုအချိန်ကစပြီး အရိုးကြီးပွားရေးကို မလုပ်ကြပဲအရိုးကို ဓာတ်တော် ဖြစ်အောင် ကြိုးစားကြပါ၊ အရိုး အသွေးအသားက ဓာတ်တော် ဖြစ်တယ်ဆိုတာ အမေမွေးကတည်းက ဖြစ်လာတာ မဟုတ်ပါဘူး၊

တရားကို အားထုတ်လို့ တရားက ပြုပြင်သော ကြောင့် တရား၏ သဘောအရ ဓာတ်တော် ဖြစ်လာရတယ်လို့ မှတ်ပါ၊ ဒါကြောင့် တရား အလုပ်ကို ကြိုးကြိုး၊ ကုတ်ကုတ် အားထုတ်ဖို့ကို သတိပေးလိုက်ပါတယ်။

# သဗ္ဗေသင်္ခါရာ အနိစ္စာ၊ စိတ္တာနုပဿနာ တရားတော်

လေဝင်အောင် အားထုပ်တဲ့စိတ် ဖြစ်ပျက်၊ လေထွက်အောင် အားထုတ်တဲ့စိတ် ဖြစ်ပျက် ဒါကလေးကို ဉာဏ်နဲ့ ကြည့်ပေး ဝန်လေးသလား၊ ဝန်မလေးလို့ရှိရင် ဒါကိုဖြစ်အောင် လုပ်ပေး၊ သူတို့ နှစ်ခုက အမြဲတန်း ရှိတယ်၊ အရှုနှေးတဲ့ သူများကျတော့ ၃၆၀၊ မြန်တဲ့သူကျတော့ ၃၆၅ ကြိမ်လောက် ရှိတယ်၊ ရှုရိုက်မှုတွေဟာ နည်းနည်း ကျဲတော့ ကြားထဲမှာ ဝင်လာတဲ့ စိတ်တွေကို လိုက်ပေးဖို့ အရေးကြီးတယ်၊ အဲဒီလို လိုက်ပေး နေတဲ့ အချိန်မှာ ကြားစိတ်ကလေး နားထဲ မပေါ်လာဘူးလား။

ကြားစိတ်ကလေးဟာ ခဏခဏ ကြားနေတယ်၊ ခဏခဏ ကြားတဲ့ စိတ်ကလေးကို ဖြစ်ပြီး ပျက်တာပဲ၊ ဖြစ်ပြီး ပျက်တာပဲ လိုက်ပေးနေ၊ ကြားတဲ့ စိတ်မရှိမှ ဝင်လေ ထွက်လေ စိတ်ဖြစ်ပျက်၊ သူ့ကို ပြန်ကောက်သူကတော့ သူများ မရှိယင် ရှိတယ်၊ သူများ ရှိနေယင် သူမရှိဘူး၊ “ကေစိတ္တံသမာယုက္တာ” တစိတ်သာ ရှိရမှာကိုးဗျ၊ ပျက်တဲ့ စိတ်က တစိတ်ရှုတဲ့စိတ်က တစိတ်၊ ဒါပဲရှိရမယ်၊ ဒါက မနော ဒွါရ၊ ကျန်တာက ပဉ္စဒွါရ၊ ပဉ္စဒွါရ မရှိရင် မနောဒွါရ ပြန်လိုက်၊ ဒွါရက ခြောက်ပေါက်ထဲ ရှိတာ။

ငါးပေါက်က ဝိပဿနာရှု၊ မနောပေါက် တပေါက်ထဲကနေပြီး မနော မနောချင်းရှု၊ ပဉ္စဒွါရ၊ လိုက်ရှု၊ ပဉ္စဒွါရစိတ်၊ မနောဒွါရစိတ် သဘောကြပြီလား၊ မျက်လုံးစိတ် မြင်တဲ့အခါ မြင်သည်နှင့် တပြိုင် နက်ထဲ၊ မြင်ပြီး ပျက်တယ် ဆိုပြီး နောက်က မနောဒွါရက ရှုပေး၊ မဂ္ဂင်ငါးပါးကရှုပေး၊ မနေဒွါရက မဂ္ဂင်ငါးပါးယှုတယ်။

ကြားတဲ့ စိတ်ကလေး ပေါ်ယင် ကြားတဲ့ စိတ်ကလေး ဖြစ်ပျက်ရှု၊ မရှိပြန်ဘူး၊ ဝင်စိတ် ထွက်စိတ်ရှု၊ နံတဲ့စိတ်ကလေး ပေါ်လာလည်း နံတဲ့ စိတ်ရှု၊ သူတို့ မရှိလို့ သူကို လိုက်ပေးရတယ်၊ ဒါမနောက လိုက်ပေးရတယ်။

ပြီးတော့ တခါ လျှာပေါ်မှာ တံတွေးကလေး မျိုတဲ့ စိတ်၊ ဆေးလိပ်ကလေး သောက်ချင်တဲ့ စိတ် လျှာပေါ်မှာ ဇိဝှာ ဝိညာဏ် စိတ်ကလေး ပေါ်တယ်၊ ပေါ်လို့ရှိရင် သူတို့ မရှိဘူး၊ သူလည်းမရှိဘူး၊ မနောပေါက်က ဒါကိုလိုက်ပေး၊ ဒါကလေးဟာ "ဟုတွာအဘာဝဋ္ဌေန အနိစ္စာ" ဖြစ်ပြီး ပျက်တာပဲလို့ လိုက်ပေး ကိုယ်ပေါ်ယားတဲ့ စိတ်က လေးကောင်းတဲ့ စိတ်ကလေး ပေါ်လိမ့်မယ်။

ယားတဲ့စိတ်ပေါ်ယင် ကောင်းတဲ့စိတ်မပေါ်ဘူး၊ ကောင်းတဲ့စိတ် ပေါ်ရင် ယားတဲ့ စိတ်မပေါ်ဘူး၊ သုခ–ဒုက္ခကို သုခ ဒုက္ခအပြိုင်မဖြစ်ဘူး ဆိုတာ သိတော့ ယားတဲ့ စိတ်ပေါ်ရင် ယားတဲ့စိတ်လိုက်၊ မပေါ်ရင် သူတို့ နှစ်ခု ဝင်စိတ် ထွက်စိတ် ပြန်လိုက်၊ ကောင်းတဲ့စိတ် ပေါ်ရင် ကောင်းတာလိုက်၊ မပေါ်ရင် သူတို့ နှစ်ခု ပြန်လိုက် နားချိန်မရှိအောင် လုပ်ပေး ရမယ်၊ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆– ပဉ္စဒွါရက ၆ မှတ်ထား၊ မနေဒွါရက ၂ မှတ်၊ ဒီထဲက ဒကာတို့က ထူးထူး ဆန်းဆန်းလုပ်ပြီး ရှူတာနဲ့ ရှိုက်တာ အောင့်ပြီး သကာလ ကုန်ပစ္စည်းတွေအပေါ် ကြံစည်တဲ့စိတ်၊ သားသမီး တွေကို တွေးတဲ့စိတ်လာချင် လာဦးမယ်၊ လာရင်လည်း အဲဒီပထမ မနောကို နောက်မနောကနေ ရှု၊ သူကတော့ ရှုတဲ့ ဘက်ကချည်းထား၊ မဂ္ဂင်ကတော့ ရှုတဲ့ ဘက်က ချည်းထား၊ ဒီမနော မှာတော့ အများကြီး ပေါ်လိမ့်မယ်၊ ရှုတဲ့စိတ် ရှိုက်တဲ့ စိတ်ကတော့ မြဲလို့သာ ဘုန်းကြီးက သူကို ပြန်ပြန်ထိုင်လို့ ပြောတာ။

ကြံစည်တဲ့ စိတ်လည်း လာဦးမှာပဲ၊ တွေးတောတဲ့စိတ်၊ စိုးရိမ် ကြောင့်ကြတဲ့ စိတ်တွေ လာအုံးမှာပဲ၊ လာတာတွေ ဟုသရွေ့ အကုန် ဖြစ်ပျက်ရှု။ သောကပရိဒေဝါနံ့ သမတိက္ကမာယတဲ့ သူက မပျက်နိုင်

ဘူးတဲ့၊ ဒုက္ခဒေါမနဿ အတ္တင်္ဂမာယတဲ့ ဒီဒုက္ခနဲ့ ဒေါမနဿ ချုပ်အောင်လဲ သူမှ တတ်နိုင်တယ်၊ အဲဒုက္ခဒေါမနဿ ချုပ်အောင်လဲ သူနဲ့လုပ်၊ သောကပရိဒေဝ ချုပ်အောင်လည်းသူနဲ့ ရှု။ ဉာယဒဿ အဓိကမာယတဲ့ နိဗ္ဗာန် ရအောင်လဲ သူနဲ့ရှု၊ ဒါတွေ အကုန်ချုပ်သွားရင် နိဗ္ဗာန်တွေ့ မှာပဲ။

လောဘ၊ ၊ မောဟ အကုသိုလ် စိတ်က သုံးခုထား၊ ဒီက အလောဘ၊ အဒေါသ ဆိုတော့ ငါးခု မရှိဘူးလား၊ (မှန်လှပါဘုရား) ဒီဟာက အတွင်း ဧည့်သည် ငါးခု အပြင်ဧည့်သည်က ခြောက်ခု။

အိမ်သည် နှစ်ခုက လေထွက်အောင် အားထုတ်တဲ့ စိတ်၊ လေဝင်အောင် အားထုတ်တဲ့ စိတ် အပြင် ဧည့်သည်က စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ သုခ၊ ဒုက္ခဟုတ်လား၊ ရှင်းပြီနော်– ။

ဒီပြင် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားစိတ်၊ ယံစိတ်၊ ကောင်းစိတ်၊ သဘောကျပြီလား၊ ဝိပဿနာရှုတော့ ပြင်ဘက်မှာ ပေါ်လို့ အပြင်ဘက် ဧည့်သည်စိတ်လို့ မှတ်လိုက်တာပေါ့။

ဟဒယ ဝတ္ထု ပေါ်မှာ ပေါ်နိုင်တဲ့ စိတ်ငါးမျိုး၊ ဖြစ်သောကြောင့် အတွင်းဧည့်သည် ငါးခု၊ လောဘ၊ ဒေါသ၊ အလောဘ၊ အဒေါသ၊ ငါးခု အပြင် ဧည့်သည် ခြောက်ခု၊ အတွင်းဧည့်သည် ငါးခု၊ အိမ်သည် နှစ်ပါး ရှင်းပြီလား။

အိမ်သည် နှစ်ခု ဆိုတာက သက်စောင့်ကိုးဗျ၊ အသက်စောင့်နေတာ ကျုပ်တို့ မသေအောင် စောင့်နေတာ ဒီနှစ်ခုပဲရှိတယ်။

အမောဟက ရှုရမည့်စိတ်မို့ နှုတ်ထား၊ သူက ရှုမည့်စိတ်သူ့ကို နှုတ်ထား၊ သူက စောင့်ဖမ်းသမား။

အမောဟ စိတ်က အမြဲစောင့်ဖမ်းသမားလို့ မှတ်ထားလိုက်

စမ်းပါ၊ အပြင် ဩဇာသည်လာလဲ ဖြစ်ပျက်မိအောင် အကုန်ဖမ်း၊ အတွင်း ဩဇာသည် ငါးယောက်လာယင်လဲ ဖြစ်ပျက်မိအောင် ဖမ်းနော်၊ ဘာမှ မရှိယင် အိမ်သည်နှစ်ခုကို လှည့်ဖမ်းနေ၊ ဒီအမောဟက အဖမ်းသမား သက်သက်ပဲ။

သဗ္ဗေသင်္ခါရာ၊ အနိစ္စာကို ကျုပ်တို့က ယဒါ သူအနိစ္စ ဖြစ်တဲ့ အခါ၌၊ ပညာယ=ပညာနဲ့၊ ပဿတိ=ရှုပါဆိုတော့ အမောဟနဲ့ မရှုလို့ ခင်ဗျားတို့ ဘာနဲ့ ရှုမတုံး၊ အမောဟနဲ့ မရှုပေဘူးလား။

၁–ပေါ်ယင်လည်း သဗ္ဗေသင်္ခါရာ အနိစ္စာ၊ ယဒါပညာယ ပဿတိနဲ့ လုပ်၊ ရှင်းပြီလား ၂–ပေါ်ယင်ကော–(သဗ္ဗေသင်္ခါရာ အနိစ္စပါ) သူက အပျက်ကို မမြင်ဘူးဆိုရင် ကြားထိုးတယ်မှတ်ပါ၊ ကိလေသာ ကြားမ ထိုးဖို့ အရေးကြီးတယ်၊ ၁ နဲ့ ၂ ကိုက်အောင်လုပ်၊ ၂နဲ့ ဒီနေရာ နဲ့ ကြားမထိုးနိုင်လို့ ရှိရင် မနက်အားထုတ် ညနေရမယ်။

အပျက်ကို မမြင်တော့ဘူး ဆိုရင် ကြားထိုးတယ် မှတ်ပါ၊ ကြားထိုးတာ ဖြစ်ပျက်ရှုရင် ကြားထိုး မပေါ်တော့ဘူး၊ **ကြားထိုးတယ် ဆိုတာ ကြားကဝင်တာ မဟုတ်ဘူး၊ မူလ ဖြစ်ပျက်မှ တပါး၊ တပါးသော တရားက ကြားဝင်ပြီး ဖြစ်ပျက် မမြင်အောင် လာပြီး ဖုံးတာ၊ ထိုကဲ့သို့ ဖုံးတဲ့ဟာကို မြင်အောင် ဖြစ်ပျက် မြင်အောင် (ဖြစ်ပျက် မြင်အောင်) ကြည့်သွားကြ။**

ကိလေသာ ကြားထိုးတယ်ဆိုတဲ့ ဥစ္စာက မသိတဲ့ ပုဂ္ဂိုလ်ကို ခေါ်တာ၊ နို့မိုလို့ ရှိယင် မသိတဲ့ ပုဂ္ဂိုလ်မှာ ကြားထိုးတယ်လို့ ခေါ်တယ်၊ သိတဲ့ ပုဂ္ဂိုလ်မှာ ရှုစရာ ပေါ်လာတယ်လို့ ခေါ်တယ်။

အပြင် ဩဇာသည်ကို မမိရင်၊ အတွင်း ဩဇာသည်ကို မိရမယ် ပေါ်ရပြီလား၊ ဒီလိုသာ စိတ် စိတ်သွားမယ် ဆိုတော့ ကိလေသာ ရှိရဲ့လား၊ ကိလေသာ မရှိလို့ ရှိယင် မနက်အားထုတ် ညနေရမယ်

ဆိုတာ ဘုရားဟောတော်မူတာ ကျုပ်တို့ က ငြင်းဖို့ လိုနေသေးရဲ့လား၊ ကိလေသာ ကြားထိုးလို့ ရှိယင်တော့ဖြင့် တသက်လုံး အားထုတ်လို့ ရပါ့မလား၊ မရနိုင်ဘူး၊ ကဲ ကိလေသာ ကြားထိုးရင် ဒီကိလေသာကို ကျုပ်တို့က ဖြစ်ပျက်ရှုလိုက်၊ အဲဒီတော့ ပါဠိတော်နဲ့ကောကိုက်ရဲ့လား။

အနိစ္စနဲ့ ယဒါ ယပညာယပဿတိနဲ့ ကိုက်အောင်လုပ်၊ နောက်ပြီး ဒုက္ခနဲ့ နိဗ္ဗိန္ဒဖြစ်အောင်လုပ်။

ဤ နိဗ္ဗိန္ဒဉာဏ်တက်ပြီးသည် ရှိသော်၊ နော=ငါတို့ နိဗ္ဗိန္ဒဉာဏ် တက်ပြီ ဝိသုဒ္ဓိဟောတာ အခု စင်သွားလိမ့်မယ် ချုပ်သွားလိမ့်မယ်၊ ဘာမှ ရှာမတွေ့အောင် ချုပ်လိမ့်မယ်၊ ဝိသုဒ္ဓိယာ=စင်ကြယ်သော နိဗ္ဗာန်သို့၊ မဂ္ဂေါ=ဟောဒီကမဂ္ဂင် ၈–ပါး ပြည့်ပြီလို့မှတ်၊ ဒါတွေ အကုန်ချုပ်လို့ ရှိရင် မဂ္ဂင် ၈–ပါး ပြည့်ပြီးလို့ မှတ်လိုက်၊ မဂ္ဂင်ရှစ်ပါး ဖြစ်သွားတော့ တာတွေ အကုန်ချုပ် ပျောက်သွားတော့ နိရောဓသစ္စာ ဖြစ်တော့တာပဲ။

ဝိသုဒ္ဓိကတာတွေ စင်ကြယ်သွားတာ၊ ဖြစ်ပျက် စင်သွားတာ၊ ဝိသုဒ္ဓိလို့ ဆိုတယ်၊ ကိလေသာ၏ အာရုံ မရှိတော့ဘူး၊ ဒါ–ကိလေသာ၏ အာရုံသာ မလာယင်တာတွေ မရှိတော့ဘူးတဲ့၊ ဝိသုဒ္ဓိ ပေးလိုက်တယ်၊ ဝိသုဒ္ဓသာ=စင်ကြယ်သော နိဗ္ဗာန်သို့၊ မဂ္ဂေါ=အာရုံပြု မဂ်က အာရုံပြုတယ် ဒါ အကုန် စင်ကြယ် သွားရမယ်၊ ဝိသုဒ္ဓိဆိုတာ စင်ကြယ်တာ သင်္ခါရ ဒုက္ခတွေ စင်ကြယ်တာ။

ဝိသုဒ္ဓိဆိုတာ ကိလေသာမှ ကင်းဝေး စင်ကြယ် သွားတယ်၊ ဒါတွေ အကုန်ကင်းသွားတယ်၊ ကင်းသွားတယ် ဆိုတော့ ခင်ဗျားတို့ ဉာဏ်ရှေ့မှာ ဟောဒီဖြစ်ပျက်တွေ ဒလစပ် ရှုပ်နေတာ ရှိသေးရဲ့လား၊ ဒါတွေဟာ ခင်ဗျားက ဒုက္ခသစ္စာ မလိုချင်တော့ပါဘူး၊ ဆိုလိုက်သဖြင့် ဒါတွေဟာ ချုပ်ပျောက် သွားရမဲ့ သဘောတွေပဲ။

**(ဝိသုဒ္ဓိ) ဆိုတာဟာ ဘာမှ ကိလေသာနဲ့ မရောလိုက်နဲ့၊ ကိလေသာနဲ့ နည်းနည်းမှ မရောတဲ့ သဘောကို ဆိုတော့ နိဗ္ဗာန်ကို ဆိုတာ သဘောကျပြီလား။**

ယထာဘူတဉာဏ်က ပျက်တိုင်း ပျက်တိုင်း လိုက်နေလို့ ရှိယင် မြင်ပါလိမ့်မယ်၊ ဒါ ဘာဉာဏ်ခေါ်သလဲ (ယထာဘူတဉာဏ်) ပုဂ္ဂိုလ် သတ္တဝါ ပျောက်တာကို မြင်တဲ့ ဉာဏ်ဟာ ယထာဘူတ ဉာဏ်ပဲ။

"သဗ္ဗေသင်္ခါရာ အနိစ္စာ၊ ယဒါပညာယပဿတိ" ယထာဘူတဉာဏ် နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဒုက္ခေနိဗ္ဗိန္ဒတိ" ဒါဘာဉာဏ်တုံး (နိဗ္ဗိန္ဒဉာဏ်ပါ) ဝိသုဒ္ဓိယာမဂ္ဂေါ" ဒီက ဝိသုဒ္ဓိဆိုမှ ဒီက မဂ္ဂေါဖြစ်မယ်။

တိုတိုပြောရရင် ဖြစ်ပျက် မြင်အောင် ရှုရင် ယထာဘူတဉာဏ် ရတာပဲ၊ ဖြစ်ပျက်မုန်းအောင် ရှုရင် နိဗ္ဗိန္ဒဉာဏ်၊ ဖြစ်ပျက်ဆုံးအောင် ရှုရင် မဂ်ဉာဏ်ပဲ။

# အရှိနဲ့ အသိကိုက်အောင်လုပ်နည်း
# စိတ္တာနုပဿနာတရားတော်
# (၇-၂-၆၁)

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် အကြိမ်ပေါင်း များစွာ မှာတယ်လို့ ဒကာ ဒကာမတွေ မှတ်ထားရမယ်နော်–

"သတော ဘိက္ခဝေ ဘိက္ခုဝေဟရေယျ
သမ္ပဇာနကာရီ၊ အယံဝေါ အမှာဂေ အနုသာသနီ"
ဆိုတာ အကြိမ်ပေါင်းများစွာမှာတယ်

ဘိက္ခဝေ=အို–ငါ၏ ချစ်သား တပည့်များတို့၊ သတော=ခန္ဓာကိုယ်ပေါ်၌ သတိရှိသည် ဖြစ်၍၊ သမ္ပဇာနော ပညာ အဆင်ခြင်နဲ့ ဖြစ်– ပျက်ရှုလေ့ရှိသည် ဖြစ်၍၊ ဝိဟရေယျ–နေရစ်ကြပါ။

ခန္ဓာကိုယ်ကို သတိထားပြီး ပညာဉာဏ်နဲ့ ကြည့်ပြီး နေရစ်ကြပါ၊ ခန္ဓာကိုယ်သတိထားပြီး ပညာဉာဏ်နဲ့ ကြည့်၍ နေရစ်ပါလို့ – ဒကာ ဒကာမတို့ ဘုရားက မှာတော်မူတယ်။

ဒါကြောင့် ဒကာ ဒကာမတွေ ခန္ဓာကိုယ်ပေါ်မှာ သတိထား၊ ပညာဉာဏ်နဲ့ ကြည့်ပါလို့ မှာပါတယ်၊ သတိထားရမယ် ဆိုတာ ခန္ဓာကိုယ်ကို သတိထားရမယ်။

နောက်ပညာနဲ့ သတိထားရင်း မတ္တာနဲ့ ပေါ်လာလို့ ရှိရင်ဖြင့် ဟိုနေရာက ယား၊ ဒီနေရာက နာ၊ ဒီစိတ်ကလေးက ပေါ် ဟိုစိတ်ကလေးကပေါ်ဆိုလို့ ရှိရင် အဲတာကို ပညာနဲ့ ကြည့်။

ဘုရားရှင်က သတိကို ရှေ့ထား၊ ပညာနဲ့ နောက်ကနေ ကြည့်ပါ ဆိုတာကို မှာတော်မူတာ သဘောကျပြီလား။

ခန္ဓာကို သတိသာထား ပညာနဲ့ သာ ကြည့်လို့ ရှိရင်ဖြင့် ခန္ဓာက "ကျုပ်အနိစ္စပါ" လို့ ပြောပါလိမ့်မယ်။

ဒါဟာ ယခု ရထားတဲ့ ခန္ဓာငါးပါးလို့ မှတ်လိုက်စမ်းပါ၊ ခန္ဓာငါးပါးဆိုတာ ယခု တရားနာနေတဲ့ ခန္ဓာငါးပါးကို ဆိုပါတယ်။

တခြားခန္ဓာ ငါးပါးကို ဘာမှ ဉာဏ်မရောက်ပါနဲ့ ဒီခန္ဓာငါးပါးကိုသာ ဉာဏ်ရောက်ပါ။

ခန္ဓာငါးပါး ချုံးလိုက်တော့ ဘာရှိသတုံး၊ ရုပ်နဲ့ နာမ်ပဲ ရှိတယ်။

ရုပ်နဲ့ နာမ်ဆိုပေမဲ့လည်း ဒကာ ဒကာမတို့ ထပ်ပြီး ချုံးလိုက်ပါဦးလို့ ဆိုတော့ သြော်– ရုပ်ဟာလဲ အနိစ္စ၊ နာမ်ဟာလဲ အနိစ္စ ဆိုတော့ အနိစ္စသာ ရှိတယ်ဆိုတာ မပေါ်လာသေးဘူးလား။

အဲ–သတိထားပြီး ပညာနဲ့ ကြည့်ပြီဆိုမှဖြင့် ခန္ဓာက ဘာမှ မပြောဘူး၊ အနိစ္စပဲပြောမယ်။

ခန္ဓာက အနိစ္စပဲ ပြောလို့ရှိရင် ဖြင့် ကျုပ်တို့က သြော်–အနိစ္စ ပေမယ့်လို့ ပညာနဲ့ လိုက်ပေးရမယ်၊ ခန္ဓာဟာ သတိထား ပညာနဲ့ ကြည့်လိုက်လို့ ရှိရင်ဖြင့် အနိစ္စပဲလို့ ခန္ဓာက ပြောလိမ့်မနော်

အဲဒီ ခန္ဓာက ပြောတာကို ခန္ဓာငါးပါးက ရုပ်နဲ့ နာမ်နဲ့ ပဲထားပါတော့၊ ရုပ်နဲ့ နာမ်သည်ကားလို့ ဆိုရင် ချုံးလိုက်တဲ့ အခါ ကျတော့ ဖြစ်ပျက်ပဲ ရှိတယ်နော် (မှန်ပါ့) ရုပ်မှာလဲ ဖြစ်ပြီး ပျက်တာပဲ၊ နာမ်မှာကော (ဖြစ်ပြီး ပျက်တာပဲ)ဒါပဲ ရှိတယ်ဆိုတာ သဘောကျပြီလား။

ဒီခန္ဓာကြီးကို ဒကာ ဒကာမတွေက စောင့်ပြီး ကြည့်နေဟဲ့ အခါကျလို့ ရှိရင် သတိကလေးနဲ့ စောင့်ထား၊ သတိကလေးနဲ့ စောင့်ထားတဲ့ အခါကျတော့ ပညာနဲ့ ကြည့်လိုက် ။

သတိနဲ့ စောင့်ကြည့်တဲ့ အခါကျတော့ ခန္ဓာကြီးက ယားသလိုလို ယံသလိုလို ရွေ့ချင်သလိုလို ပြောင်းချင်သလိုလို စိတ်ကလေးတွေ ကောမပေါ်ပေဘူးလား။

ပေါ်ပြီးတော့ကော ဒါကလေးဟာ အမြဲ ခိုင်ခံ့ တည်တံ့မှာလား (မတည်တံ့ပါဘုရား) အမြဲခိုင်ခံ့ မတည်တံ့တော့ ပျက်စီးမသွားပေ ဘူးလား (ပျက်စီးသွားပါတယ်ဘုရား)

ပျက်စီးသွားတဲ့ အခါ ကျတော့ သတိထားတဲ့ ပုဂ္ဂိုလ်ဖြင့် ပညာနဲ့ ကြည့်လို့ရှိရင် ပျက်စီးတာကို ပညာက သိပါတယ်၊ သတိ မထားတဲ့ ပုဂ္ဂိုလ်မှာ ခလုတ်တိုက်လို့ သွေးထွက် သွားတာတောင်မှ လမ်းမှာ သွေးထွက် သွားတာတောင်မှ အိမ်ကျမှသိတယ်။

သတိထားပြီး သကာလ နေတုန်းမှာပဲ ဟိုက–ယား၊ ဒီက–ယံ ဒီကနာ၊ ဟိုစိတ်တွေပေါ်၊ ဒီစိတ်တွေပေါ်၊ ပေါ်လာတာ ဟူသ၍ ပျောက်ပျက်ချည်းမှတ်။

အဲဒီပျက်တာကလေးကို ဒကာ ဒကာမတွေက နောက်က မဂ်နဲ့ ကြည့်ပေးပါ၊ မဂ်နဲ့ ကြည့်ပေးလိုက် ဆိုတာ မဂ္ဂင်ငါးပါးနဲ့ ကြည့်ပေး လိုက်တာပေါ့။

ရှုတယ်ဆိုလို့ရှိရင် ခင်ဗျားတို့ လောကီမဂ်ရပြီလို့ အောက်မေ့ (မှန်ပါ) ရှင်းပြီးနော်– (ရှင်းပါပြီ) ရှုတယ်ဆိုရင်ပဲ(လောကီမဂ်ရပြီ)

လောကီမဂ် ရပြီဆိုတော့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ သမ္မာသမာဓိ ဆိုတဲ့ မဂ္ဂင်ငါးပါး ရတယ်၊ ဘယ်နှယ် ကြောင့် ရပါလိမ့်မတုံး ဆိုတော့ ဟောဒီ သတိကလည်း စိုက်ထားလို့၊ သမ္မာဒိဋ္ဌိ ဆိုတဲ့ ပညာကလည်း မြင်ပါတယ်၊ မြင်တော့ ဒီခန္ဓာ ကိုယ်ကြီးဟာ အနိစ္စ–ရှိလို့ အနိစ္စ ပေါ်လာတာပဲ။

အနိစ္စရှိလို့ အနိစ္စ ပေါ်လာတာကို ခင်ဗျားတို့က ယောကျ်ား ပေါ်လာလိမ့်မယ်၊ မိန်းမ ပေါ်လာလိမ့်မယ်၊ ခလေး ပေါ်လာလိမ့်မယ် ဆိုတောတော့ ဟုတ်သေးရဲ့လား (မဟုတ်ပါဘုရား)

အနိစ္စရှိလို့ အနိစ္စ ပေါ်လာတော့ ကျုပ်တို့က အနိစ္စလို့ပဲသိဖို့ အရေးကြီးတယ်၊ တကာ တကာမတွေ ဉာဏ်ရောက်ပြီလား (ရောက်ပါပြီ ဘုရား)

ကောင်းပြီ ဒါဖြင့် အနိစ္စရှိလို့ အနိစ္စသိရင်ဖြင့် ဒီက အနိစ္စ ဒီဘက်က မဂ္ဂဆိုတာ ဆုတောင်းလို့ ရတာလား၊ မဂ္ဂင် ငါးပါးနဲ့ စောင့်ကြည့်လို့ ရတာလား -- (စောင့်ကြည့်လို့ ရတာပါ ဘုရား) ဩော် -- မဂ်ဆိုတာ ဘာပါလိမ့်မတုံး လို့ မေးတော့မှ စောင့်တာက သတိ၊ ကြည့်တာက ပညာ (မှန်ပါ့ဘုရား)

စောင့်တာက -- (သတိပါဘုရား)
ကြည့်တာက -- (ပညာပါဘုရား)

ဒါဖြင့် စောင့်ကြည့်တဲ့ အခါကျတော့ ဘာတွေ့ပါလိမ့်-(အနိစ္စ တွေ့ပါတယ်ဘုရား) ခြေတွေ၊ လက်တွေ၊ နားတွေ၊ နှာခေါင်းတွေ တွေ့သလားတဲ့၊ မျက်လုံးမှိတ်ရှု၊ ခြေ၊ လက်၊ နား၊ နှာခေါင်းမတွေ့ဘူး၊ ဖြစ်ပျက်ပဲ တွေ့မယ်၊ မျက်လုံး မှိတ်ကြည့်ရမယ်နော် မျက်လုံး မှိတ်ကြည့်တော့ ဘာတွေတွေ့ပါမယ်၊ ဖြစ်ပျက်ပဲ တွေ့မယ်။

**ဖြစ်ပျက်ဟာ ပါဠိလို သုံးတော့ ဘာခေါ်ကြမယ် (အနိစ္စပါဘုရား)** ပါဠိလို သုံးတော့ အနိစ္စ။

ဒါဖြင့် ခန္ဓာသည် အနိစ္စ ရှိ၍၊ အနိစ္စ ပြကာ၊ အနိစ္စ ရှိလို့ အနိစ္စ ပြတဲ့ အခါကျတော့ အနိစ္စကို ကျုပ်တို့က သိပေးလိုက်လို့ ရှိယင်ဖြင့် အနိစ္စက အနိစ္စ၊ သိတာက မဂ္ဂဆိုတာ ဖြစ်သွားတယ် (မှန်ပါ့ဘုရား)

အနိစ္စက -- (အနိစ္စပါဘုရား)
သိတာက -- (မဂ္ဂပါဘုရား)

အနိစ္စရှိ၍ အနိစ္စ မသိဘူး ဆိုရင်ဖြင့် သေသွားတဲ့ ပုဂ္ဂိုလ်မှာ စုံလုံးကန်း သေသွားတယ်လို့ အောက်မေ့ရမယ်၊ ဘာပြုလို့တုံး–ကိုယ့်ရှိတာ ကိုယ်မသိပဲနဲ့ သေသွားလို့ (မှန်ပါ့) ရှင်းပြီနော် (မှန်ပါ့) ကိုယ်ရှိတာကို -- (ကိုယ်မသိပဲနဲ့ သေသွားလို့ပါ ဘုရား)

အနိစ္စရှိလျက် အနိစ္စ မသိပဲနဲ့ သေသွားတဲ့ ပုဂ္ဂိုလ်မှာ စုံလုံးကန်း သေတာပဲ၊ (မှန်ပါ့) မဟုတ်ဘူးလား -- (ဟုတ်ပါတယ် ဘုရား)

ဒါဖြင့် ဒီပုဂ္ဂိုလ်ဟာ ရှင်တုန်းက မျက်လုံး ပွင့်မသွားဘူး ဆိုတော့သေပြီး ဟိုဘက် ဘဝ ရောက်သွားပြန်တော့ ဒီမျက်လုံးက ပွင့်ဦးမှာလား (မပွင့်ပါဘုရား)

အဲ -- ခင်ဗျားတို့လည်း အရှိကို သိတဲ့ အသိဉာဏ်နဲ့ သေမသွားကြဘူးဆိုလို့ ရှိရင်ဖြင့် နောက်ဘဝလဲ ခင်ဗျားတို့ ဇာတိ ဘေးကစ၍ သင့်မှာပဲ၊ မသင့်ပေဘူးလား– (သင့်ပါတယ်ဘုရား)

ဇရာဘေးကော -- (သင့်ပါတယ်)
ဗျာဓိဘေးကော -- (သင့်ပါတယ်)
မရဏဘေးကော -- (သင့်ပါတယ်)

ဖြစ်ပျက်ကို ဒီမဂ်နဲ့ မသိတဲ့ အခါကျတော့ ဒီဖြစ်ပျက် ခန္ဓာ ကြီးကိုပဲ ခင်တဲ့ တဏှာ မလာပေဘူးလား (လာပါတယ်ဘုရား) ခင်တဲ့ တဏှာကလာတဲ့ အခါကျတော့ တဏှာ ဉပါဒါန် ကံတွေက တကာ တကာမတွေ ငြင်းဆန်လို့ ရသေးရဲ့လား (မရပါဘုရား) ဒီတဏှာ ဉပါဒါန်ကံလာလို့ ရှိရင် ဇာတိဇရာမရဏတွေက မိုးမွှန်အောင် မလာပေဘူးလား၊ (လာပါတယ်ဘုရား)

ကိုယ့်ကိုယ်လဲ နစ်မွန်းမသွားရအောင် လူ့ဘဝနဲ့ သာသနာတွင်

ကြုံတဲ့ အခါမှာ ဒီအရှိနဲ့ အသိကိုက်အောင်လုပ်ပါ။

အရှိနဲ့ အသိဆိုတာက အရှိ–ခန္ဓာအရှိအနိစ္စပဲလို့ ဆိုတာ သဘောကျပြီလား၊ (မှန်ပါ့) ခန္ဓာအရှိက (အနိစ္စပါဘုရား) အနိစ္စသာ ရှိတယ် ဆိုတာက တကာ တကာမတွေ မျက်လုံးမှိတ်သာကြည့် ပေါ်လာတဲ့ တရားကလေးက ပျောက်သွားတာပဲ (မှန်ပါ) ပေါ်လာတဲ့ တရားမပျောက်တဲ့ နေရာကော ရှာတွေ့ရဲ့လား (မရှိပါဘုရား) မရှိပါဘူး ဆိုတာ သေချာပြီလား (သေချာပါပြီ)

ဒါဖြင့် **အနိစ္စ ရှိလို့ အနိစ္စ၊ ဒါသိလို့ ရှိရင် သံသရာ ပြတ်ပါတယ်၊** ဒကာ ဒကာမတို့ (မှန်ပါ့) ရှင်းကြပြီလား (ရှင်းပါပြီ) အနိစ္စရှိ၍ (အနိစ္စသိယင် သံသရာ ပြတ်ပါတယ်) သံသရာ ပြတ်ပါတယ်ဆိုတာ ကျေနပ်ပြီလား (ကျေနပ်ပါတယ် ဘုရား)

ကိုင်း –– ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ အရှိနဲ့ အသိ ကိုက်အောင်လုပ်ပါ ဆိုတော့ဖြင့် ရှေ့ပိုင်းက ဝိပဿနာ အလုပ်အစစ်ကို ရှုနည်းကို သင်ပေးမယ် –– (မှန်ပါ့)

ရှုနည်းကို သင်ပေးမည်ဆိုတော့ စိတ် ကြိုက်တဲ့ ပုဂ္ဂိုလ်က စိတ်ရှုရမယ်လို့ ဆရာဘုန်းကြီးကလည်း လမ်းခင်းခဲ့တယ်နော်–

တဏှာစရိုက်များတဲ့ ပုဂ္ဂိုလ်ဝေဒနာ ရှုပါ ရှင်းပြီလား၊ (ရှင်းပါပြီ ဘုရား)

ဒိဋ္ဌိများတဲ့ ပုဂ္ဂိုလ်စိတ္တာနုပဿနာရှုရမယ် (မှန်ပါ့ဘုရား)

စိတ္တာနုပဿနာ ရှုရမယ်ဆိုတော့ ဒါဖြင့် ဒကာ ဒကာမတို့ ယနေ့ စိတ္တာနုပဿနာ ရှုဖို့ နည်းပေးမည်ဆိုတာ မှတ်ရလိမ့်မယ်နော်။

ကဲ စိတ္တာနုပဿနာ ရှုရလိမ့်မယ် ဆိုလို့ ရှိရင်ဖြင့် ဒကာ ဒကာမတို့ လွယ်ပါတယ်၊ မျက်လုံးနဲ့ မြင်တဲ့အခါ မြင်စိတ်ပဲ၊ ဘာ

မြင်မြင် မြင်စိတ်ပေါ်တာသာ မှတ်ပေရောနော် (မှန်ပါ့ဘုရား)

နားနဲ့ ကြားတိုင်း ကြားတိုင်း ဘာစိတ်ပေါ်သတုံး (ကြားစိတ်ပေါ်ပါတယ်ဘုရား)

နှာခေါင်းနဲ့ နံတိုင်း နံတိုင်း -- (နံစိတ်ပေါ်ပါတယ်ဘုရား)

လျှာနဲ့ စားတိုင်းစားတိုင်း -- (စားစိတ်ပေါ်ပါတယ်ဘုရား)

စားစိတ် ပေါ်တယ် ဆိုတော့ သူ့နေရာနှင့်သူပဲ ဒီနေရာပေါ် ဒီနေရာ ချုပ်လိမ့်မယ်လို့ မှတ်ထားလိုက်စမ်းပါ။

ကိုယ်ပေါ်ကျတော့ ဒကာ ဒကာမတို့ တခါတလေ ခံသာတဲ့ စိတ်ကလေး ပေါ်လာတယ်၊ (မှန်ပါ) အကြိုက်စိတ်ကလေးကော မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) တခါတလေကျတော့ ကိုယ်ပေါ်မှာ မခံချင်တဲ့ စိတ်ကလေးကော (ပေါ်ပါတယ်) မခံသာတဲ့ စိတ်ကလေး (ပေါ်ပါတယ်) "ဒုက္ခသဟဂတံကာယဝိညာဏံ သုခသဟဂတံတံ ကာယဝိညာဏံ) ဆိုတော့ ကိုယ်ပေါ်မှာ ညှော့သည် စိတ်ခြောက်စိတ်လို့ မှတ်လိုက်စမ်းပါ။ ကိုယ်ပေါ်မှာ (ညှော့သည်စိတ် ခြောက်စိတ်ပါဘုရား)။

ညှော့သည်ဆိုတော့ စောစောစီးစီး မှတ်ထားပါ ဒကာ ဒကာမတို့ တခါတလေ မပေါ်တာ (မှန်ပါဘုရား)

ညှော့သည် ခြောက်ယောက်လို့ ဒကာ ဒကာမတွေ မှတ်ထားလိုက်စမ်းပါ -- (မှန်ပါ့) အပြင်ညှော့သည် (ခြောက်ယောက်ပါဘုရား)

မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားစိတ်၊ ယံစိတ်၊ ကောင်းစိတ်အပြင် ညှော့သည် ဘယ်နှစ်ယောက်လဲ (ခြောက်ယောက်ပါဘုရား) ရှင်းပြီနော် --(ရှင်းပါပြီ)

အတွင်းညှော့သည်ကလောဘ၊ ဒေါသ၊ မောဟ၊ ဒါက အတွင်းမှာ

ပေါ်တယ်၊ ဟဒယဝတ္ထုပေါ်မှာ ပေါ်သောကြောင့် အတွင်းညှော့်သည်လို့ မှတ်လိုက်နော်-- (မှန်ပါ့ဘုရား)

အလောဘဆိုတာ ခင်ဗျားတို့ သိဖို့ သင့်တယ်၊ အလောဘ ဆိုတာ ပေးချင်၊ ကမ်းချင်တဲ့ အကုသိုလ်စိတ်၊ အဒေါသဆိုတာ မေတ္တာထားတဲ့ စိတ် (မှန်ပါ့) အဲဒီတော့ ဒကာ ဒကာမတွေအပြင် ညှော့်သည်က ခြောက်ယောက်အတွင်း ညှော့်သည်က ငါးယောက်လို့ မှတ်ထားလိုက်စမ်းပါ၊ လောဘ ဒေါသ မောဟ အလောဘ အဒေါသ ရှင်းပြီလား၊ (ရှင်းပါပြီ) အမောဟ မထည့်ဘူး၊ (မှန်ပါ့) ဘယ်နှယ်ကြောင့် အမောဟ မထည့်သတုံး သူကရှုရမည့် တရားဖြစ်နေသောကြောင့် မထည့်တာ (မှန်ပါ့) ရှင်းပြီးလား- (ရှင်းပါပြီ) အမောဟ မထည့်တာက (သူကရှုရမည့် တရားမို့ပါ ဘုရား) ရှုရမည့်တရား ဖြစ်နေလို့ သူကို မထည့်သေးဘူးတဲ့။

လေကို ထွက်အောင် အားထုတ်တဲ့ စိတ်ဟာ အမြဲတမ်းရှိတယ်၊ လေဝင်အောင် ရှိုက်ယူတဲ့ စိတ်ဟာ အမြဲတမ်း ရှိသောကြောင့်တဲ့ သူတို့ နှစ်ယောက်က အိမ်သည် စိတ်နှစ်ခု (မှန်ပါ့) ရှင်းပြီလား (ရှင်းပါပြီ) ဒီနှစ်ခုက ဘာပါလိမ့်- (အိမ်သည် နှစ်ယောက်ပါဘုရား)

ဒါဖြင့် အပြင်ညှော့်သည် (ခြောက်ယောက်ပါ)၊ အတွင်းညှော့်သည် (ငါးယောက်ပါဘုရား) အိမ်သည် -- (နှစ်ယောက်ပါဘုရား) ဒါကို သေသေချာချာ မှတ်ထား။

ကိုင်း-ဒါဖြင့် တစ်ဆယ့်သုံးရှိတယ် ဒကာ ဒကာမတို့ ဟောဒီက တစ်နံ့ပါတ် စပေါ်တယ် ဆိုကြပါစို့ မြင်စိတ်ကလေး စပေါ်တယ်နော် -- (မှန်ပါ့) မြင်စိတ်က လေးစပေါ်ယင် မြင်စိတ် ကလေး ဘာလုပ်ရမယ် (ဖြစ်ပျက်ရှုပါမယ်) ဖြစ်ပျက်ရှု၊ အမောဟနဲ့ ရှုရမယ် (မှန်ပါ့) မြင်စိတ်ကလေး ဘာလုပ်ရမယ် (အမောဟနဲ့ ဖြစ်ပျက်ရှုရပါမယ်)

ဒါဖြင့် မြင်စိတ်ကလေးက ဖြစ်မျက်ရှုပြီး သင်္ကာလ ဖြစ်ပျက် မဂ်ဆိုတာကတော့ တကြိမ် ကိုက်မသွားဘူးလား (ကိုက်သွားပါတယ် ဘုရား)

အဲဒီတော့ ကိုက်သွားတဲ့ အခါကျလို့ရှိယင် နောက်–ဘယ်စိတ်မှ မပေါ်ဘူးဆိုယင် အတွင်းပြန်လှည့်ပါ၊ ရှုစိတ်–ရှိုက်စိတ် (မှန်ပါ့) သဘောကျပြီလား (ကျပါပြီ) သူတို့နှစ်ခု ပြန်လှည့်ပေး (မှန်ပါ့ဘုရား)

တခါ ဒီကြားထဲမှ ဖောက်ပြီး သင်္ကာလ ဒကာ ဒကာမတို့က ယားစိတ် ယံစိတ်ကလေး ပေါ်တယ်ဆိုတော့ ကိုယ်ပေါ်လှည့်ရှု လိုက်တာပေါ့၊ ထိုစိတ်ကလေးဟာ ဖြစ်ပြီး ပျက်တာပဲလို့ ရှုလိုက်။

ယားတာ ယံတာ မရှိတော့ဘူးဘုရား၊ ဘယ်–ရှုရမှန်း မသိဘူး ဆိုယင် ဒီပြန်ကောက် (မှန်ပါ) ရှုစိတ် ရှိုက်စိတ်ကို ပြန်ကောက်(မှန်ပါ) အဲဒီတော့ အအား ရှိသေးရဲ့လား (မရှိပါဘုရား)

ဒါကြောင့် ဘုန်းကြီးတို့ ဟောတဲ့ တရားစာအုပ်ထဲမှာလဲ တွေ့ပါ လိမ့်မယ် ပင့်ကူမကြီးက အလယ်ကနေ မစောင့်ဘူးလား (စောင့်ပါ တယ်) ဒီမှာလဲမဂ်က အလယ်ကနေ စောင့်တယ်၊ ဟဒယဝတ္ထုပေါ်ကနေ စောင့်တယ် (မှန်ပါ့) ကြိုးနိမ့်တဲ့ ဆီကို ပင့်ကူက မလိုက်ဘူးလား (လိုက်ပါတယ်) ဘာပြုလို့တုံး– ဟိုမှာ အကောင်မိနေလို့ (မှန်ပါ) ပင့်ကူက လိုက်ပြီး မစားဘူးလား (စားပါတယ်) စားပြီးတော့ ပြန် ထိုင်တယ်၊ မထိုင်ဘူးလား (ထိုင်ပါတယ်ဘုရား)

ဒီမှာလဲထို့နည်းအတူပဲခင်ဗျားတို့ ပေါ်လို့ ရှိရင် ပေါ်ရာကို ဖြစ်ပျက်လို့ လိုက်ရှု၊ (မှန်ပါ့) ပြီးတော့မှ ဘယ်မှ ရှုစရာ မရှိယင် အဲဒီအလယ်မှာ ဆိုတဲ့ ဟဒယ ဝတ္ထုထဲက လာတဲ့ ထွက်စိတ် ဝင်စိတ်ဆိုတဲ့ အလယ်ကို ပြန်ပြီးတော့ရှု–– (မှန်ပါ့) သဘောပါပြီလား (ပါ–ပါပြီဘုရား)

ဒါဖြင့် ဒီပေါ်လို့ ရှိရင် ဒီလိုက်ပေး (မှန်ပါ့) မရှိရင် ဘယ်ပြန်သွားမယ် -- (ထွက်စိတ်-ဝင်စိတ်သွားမယ်) အလယ်ပြန်သွား၊ ထွက်တဲ့စိတ်ကလေးလဲ (အနိစ္စပဲ) ဝင်ရင် ဝင်တဲ့ စိတ်ကလေးကလည်း အနိစ္စဘဲ၊ ထွက်အောင် လုပ်တဲ့ စိတ်ကလေး (အနိစ္စပါဘုရား) ဝင်အောင်လုပ်တဲ့ စိတ်ကလေး (အနိစ္စပါဘုရား)

အင်း-ရှုယင် မတ္တာနဲ့ပဲရပ်နေပြီး သကာလ ကိုယ့်နားထဲ ဝင်လာတာက ဖြတ်ကနဲ ခလေး လေးအော်သံကြားတာနဲ့ ခင်တဲ့ စိတ်ကလေးပေါ်လာတယ် ဆိုလို့ရှိရင် ဒီပေါ်တဲ့ စိ ်ကိုပဲရှုပေးပါ (မှန်ပါ့)

ဒကာ ဒကာမတို့ သန္တာန်မှာ ညွှဲသည် တဆယ့်တစ်ယောက်ရှိသော်လည်းတဲ့ တခုသာ ပေါ်မာ ဖြစ်သောကြောင့် တခုပဲ လိုက်ပါ -- (မှန်ပါ့ဘုရား)

ညွှဲသည်တွေက တစ်ခုပေါ်-ပေါ်ပြီး နောက်ထပ် မလာတော့ဘူးဆိုယင် (ရှုစိတ် ရှိုက်စိတ်လိုက်) အိမ်သည်လိုက် (မှန်ပါ့) အိမ်သည်ကတော့ သူများမရှိယင် (သူရှိရမယ်) သူရှိရမယ်၊ သူမရှိရင် ခင်ဗျားတို့-- ဗိုင်းကနဲလဲ သေမယ် သဘောကျပြီလား၊ (ကျပါပြီ) ဘာဖြစ်လို့တုံးဆိုတော့ သူတို့က သက်စောင့်လို့ ပေါ်တယ် (မှန်ပါ့)

ဒါဖြင့် ဒကာ ဒကမတွေ ရှုစရာ ဘယ်နှစ်မျိုးပါလိမ့် --(တစ်ဆယ့်သုံးမျိုးပါ ဘုရား) တစ်ဆယ့်သုံးကို ငါးနဲ့ လိုက်ရှုပါ (မှန်ပါ) သဘောကျပြီလား (ကျပါပြီ)

အဲဒီတော့ ခင်ဗျားတို့ ဒီရှုပဲ့ ဉာဏ်သည် အမြဲတမ်း အနိစ္စနဲ့မဂ္ဂနဲ့ ချည်းတွဲ နေတယ် မတွဲဘူးလား (တွဲပါတယ်) အနိစ္စနဲ့ မဂ္ဂတွဲနေတော့ ဒကာ ဒကာမတို့ သိတဲ့ အတိုင်း ကိလေသာ ကြာ ခိုသေ ရဲ့လား (မခိုပါဘုရား) ကိလေသာ ကြားမခိုလို့ရှိရင်ဖြင့် န်က်

အားထုတ် ညနေသောတာပန် တည်မဟော့လို့ ဘုရားက ဟောလိုက်တယ် သဘောကျပြီလား (မှန်ပါ့)။

အဲဒီတော့ ဖြစ်ပျက်–မဂ်ဖြစ်ပျက်– မဂ်ဖြစ်ပျက်မြင်လို့ ခင်ဗျား တို့က လိုက်နေကြမယ် ဆိုတော့ ပြစ်ပျက်နဲ့ မဂ်ပဲရှိတော့တယ်၊ ဒကာ ဒကာမတို့ ဒီပြင် လောဘ ဒေါသ၊ မောဟ၊ သားရေး၊ သမီးရေး စီးပွါးရေး၊ သောကပရိဒေဝ လာသေးရဲ့လား (မလာပါဘူး)

အဲဒီလို မလာလို့ ရှိရင် ညနေအားထုတ်ရင် နံနက်ရပါတယ်၊ ဒီလောက် မြန်ပါတယ် (မှန်လှပါ) ညနေ အားထုတ်ရင် (နံနက် ရပါတယ်) နံနက် အားထုတ်ရင် – (ညနေရပါတယ် ဘုရား)

အဲဒီတော့ ဒီလောက် လွယ်တဲ့ ဥစ္စာ ဘုရား ကိုယ်တော် မြတ်ကြီးက ဗောဓိရာဇာကုမာရ မင်းသားကိုလဲ သေသေချာချာ ဟောထားတာ ရှိပါတယ် – (မှန်ပါ့)

အဲဒီကဲ့သို့ ရှိနေတော့ ဒကာ ဒကာမတို့ ဘယ်နှယ်ကြောင့် မဂ်ဖိုလ် ဉာဏ် နိဗ္ဗာန် မရကြပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့ အရှိနဲ့ အသိက မကိုက်ဘူး၊ ပေါ်ကြပြီလား (ပေါ်ပါပြီ) အပျက်နဲ့ မဂ်နဲ့ (မကိုက်ပါဘုရား)

ကောင်းပြီ ဒါဖြင့်ဒါ ခင်ဗျားတို့၏ ခန္ဓာကိုယ်ထဲမှာ ပေါ်တဲ့ ဓမ္မတွေဆိုတော့၊ ဒါပေမဲ့လဲရှုလိုက်တဲ့ အခါကျတော့ မြင်စိတ်သာ ဆိုရတယ်၊ ဒီကနေ လိုက်ရှုလိုက်တဲ့ အခါကျတော့ မြင်စိတ် ရှိသေးရဲ့လား (မရှိပါဘုရား) ဘာတွေ့တုံး –– (အနိစ္စ တွေ့ပါတယ်၊ ဒါဖြင့် အနိစ္စ ပေါ့ဗျ၊ သူက အနိစ္စ ရှုတာက (မဂ္ဂပါဘုရား)

ကဲ–– ကြားစိတ်ကလေး ပေါ်လို့ လိုက်ပြန်တော့ ခင်ဗျားတို့ ကြားစိတ်ကလေး ချုပ်သွားပြီ၊ ချုပ်သွားတော့ ပြီးတော့မှ ဒီကနေ

လိုက်တဲ့ အခါကျတော့ ကြားစိတ်ကို တွေ့သလားတဲ့၊ အနိစ္စ တွေ့သလား -- (အနိစ္စ တွေ့ပါတယ်ဘုရား)၊ ရှူစိတ် ရှိုက်စိတ် တွေ့သလား အနိစ္စ တွေ့သလား (အနိစ္စ တွေ့ပါတယ် ဘုရား)

ဒါဖြင့်–အနိစ္စ၊ ပျက်သွားတာက အနိစ္စ၊ ရှုတာက မဂ္ဂ (မှန်ပါ့) ဒီလို ဆိုတော့ ဒကာ ဒကာမတို့ ကိလေသာ လာသေးရဲ့လား (မလာပါဘုရား) မလာတော့ ညနေအားထုတ်ယင် (နံနက်ရပါတယ်) နံနက်အားထုတ်ရင် (ညနေရပါတယ်)၊ တပည့်တော်တို့ ဘယ်နှယ်ကြောင့် မရပါလိမ့်မတုံး၊ အို--ဒီဥစ္စာလုပ်ကို မလုပ်သေးလို့ မရတာ (မှန်ပါ့)

လုပ်ကို မလုပ်လို့ မရတာ၊ လုပ်ကို မလုပ်သေးလို့ မရဘော့ ဘာတွေ များရနေသတုံး၊ မေးတဲ့ အခါကျတော့ မြင်တယ် လိုချင်တယ်၊ စွဲလန်းတယ်၊ အားထုတ်တယ်၊ ပဋိစ္စသမုပ္ပါဒ်ပဲ ပြန်ရတယ် (မှန်လှပါ) ကြားတယ်၊ ခင်တယ်၊ စွဲလန်းတယ် အားထုတ်တယ်၊ ဘာပြန်ရမလဲ (ပဋိစ္စသမုပ္ပါဒ် ပဲပြန်ရတယ် ဘုရား)။

ကဲခင်ဗျားတို့က မဂ်ဘက်ကို လိုက်နေသာလား -- ပဋိစ္စသမုပ္ပါဒ် ဘက်က လိုက်နေသလား (ပဋိစ္စသမုပ္ပါဒ် ဘက်လိုက်နေပါတယ်) ပဋိစ္စသမုပ္ပါဒ် ဘက်လိုက်နေတော့ အားထုတ်တယ်ဆိုတာက ကမ္မဘဝ၊ ကမ္မဘဝ ပစ္စယာ (ဇာတိပါဘုရား)

စိတ်ပေါ်မှာ (ဒိဋ္ဌိများလို့ပါ) အဲ-- **သောတာပတ္တိမဂ်သည် ဒိဋ္ဌိကို ပယ်ရတယ်၊ ပဌမ မဂ်လိုချင်ရင် စိတ္တာနုပဿနာကစ ရှုရမယ်၊** (မှန်လှပါ) ရှင်းပြီလား (ရှင်းပြပြီ) ဒုတိယ မဂ်လိုချင်ယင် ဝေဒနာနုပဿနာရှု -- (မှန်ပါ့)

ဒါဖြင့် ဒကာ ဒကာမတို့ ဖြစ်ပျက်– မဂ်ကိုက်အောင် လုပ်ပါ (မှန်ပါ့) ဖြစ်ပျက်လိုက်တော့

ဘာတွေ့မယ် -- (မရှိတာတွေ့ပါမယ်)။
အဲ -- မရှိတာဟာ အနိစ္စ -- (မှန်ပါ့)။
မရှိမှန်းသိတာက (မဂ္ဂပါ)

မရှိတော့ ကိုယ်အသေ ကိုယ်မြင်တယ် (မှန်ပါ့) ရှင်းပြီလား။

အဲဒီတော့- ဒကာ ဒကာမတွေ၏ သက်တမ်းက လောဘစိတ် ဖြစ်တယ်ဆိုရင်၊ ဖြစ်နေတုန်း လောဘစိတ်နဲ့ပဲ အသက်ရှင်နေတာပဲ (မှန်ပါ့) ဒေါသစိတ် ဖြစ်ရင်ကော (ဒေါသစိတ်နဲ့ပဲ အသက်ရှင်နေတာပဲ) ဒါဖြင့် ဒကာ ဒကာမတွေ အသက်တမ်း ဘယ်လောက်ရှိသတုံး -- စိတ်တခု အသက်ပဲရှိတာပဲ (မှန်ပါ) သဘောကျကြလား (ကျပါပြီ)၊ ဒကာ ဒကာမတွေ၏ အသက်တမ်း - ဘယ်လောက်ရှိပါလိမ့်) (စိတ်တခုပဲရှိပါတယ်ဘုရား)။

အဲ-- သူများက ပြောတဲ့ ခုနစ်ဆယ့်ငါး၊ ရှစ်ဆယ်တွေ ဆိုတာက ဒါက သက်တမ်းကို ပြောတာပါတဲ့၊ ခင်ဗျားတို့က တကယ် အသက် ရှင်တာကတော့ စိတ်တခုနဲ့ အသက်ရှင်နေတာ (မှန်ပါဘုရား) သဘောကျပြီလား (ကျပါပြီ) အဲဒီလို စိတ်တခုနဲ့ အသက်ရှင်နေတော့ ဒီစိတ်ချုပ်သွားတော့ လူတစ်ယောက် မသေသေးဘူးလား (သေပါတယ်) အဲဒီ အသေကို ဘာနဲ့ လိုက်ရမယ် (ဉာဏ်နဲ့ လိုက်ရမယ်) ဉာဏ်နဲ့ မဂ်နဲ့လိုက်၊ လိုက်တဲ့ အခါကျတော့၊ သေတာက ဘာခေါ်မယ် -- (အနိစ္စပါ) အင်း-- သေတာက အနိစ္စ၊ မြင်တာက မဂ္ဂပါဘုရား)။

ဒါဖြင့် ဝိပဿနာ ဆိုတာက ဘာပါလိမ့်မလဲ ဆိုတော့ ကိုယ် အသေ ကိုယ်မြင်အောင် ကြည့်တာ (မှန်လှပါဘုရား) ကိုယ့်အသေကို ကိုယ်မြင်အောင် ကြည့်တာဆိုတော့ ခင်ဗျားတို့က အောက်မေ့မယ်၊ ဒီဘုန်းကြီးပြောနေတာကတော့ နိမိတ်မရှိလိုက်တာ။

ခင်ဗျားတို့ကိုက နဂိုရ်က နိမိတ်မပါခဲ့ဘူး--(မှန်လှပါဘုရား) မရှိတာ မပြောနဲ့တော့ -- (မှန်ပါ့ဘုရား) ရိပ်မိပြီလား (ရိပ်မိပါပြီ) ခင်ဗျားတို့က နဂိုရ်က နိမိတ်ပါခဲ့ရဲ့လား (မပါခဲ့ပါ ဘုရား) နဂိုရ် ကတည်းက သေလိုက်၊ ပြန်မွေးလိုက်၊ သေလိုက် ပြန်မွေးလိုက်၊ စိတ်ကလေး တခုပေါ်လာလိုက် သေသွားလိုက်၊ နောက်တခု ပေါ်လာလိုက် ဘာတုံး (သေသွားလိုက်ပါဘုရား)

သေလိုက် ပြန်မွေးလိုက်ဆိုတော့ ခင်ဗျားတို့ကိုက နိမိတ် ရှိခဲ့ ရဲ့လား (မရှိပါဘုရား) ဒါကြောင့်တဲ့ ခင်ဗျားတို့ ဘုန်းကြီးပြောတာကိုသာ အတည်ပြု၊ ခင်ဗျားတို့ အရပ်သုံးတွေကို ပြည်ဖုံးချပါ–ဆိုတာ သဘော ကျပြီလား (ကျပါပြီ) အရပ်သုံးတွေ ဘာလုပ်ရမလဲ -- (ပြည်ဖုံးချရမယ်) ပြည်ဖုံးချ၊ တလုံးမှ မမှန်ဘူး၊ တလုံးမှ မမှန်ဘူးတဲ့၊ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ နိစ္စဆိုတဲ့ နိမိတ်မရှိဘူး၊ အနိစ္စ နိမိတ် တွေသာ ရှိတယ်နော်-- (မှန်ပါ့) သဘောပါကြပြီလား၊ (ပါ–ပါပြီဘုရား)

ကိုယ်အသေကိုယ် မြင်မှာပဲ ဆိုတာ သေချာပြီလား (သေချာပါပြီ) ကိုယ်အသေဘာ ခေါ်မယ် (အနိစ္စပါ)

| | | |
|---|---|---|
| မြင်တာက | --- | (မဂ္ဂပါ) |
| ကိုယ်အသေက | --- | (အနိစ္စပါ) |
| မြင်တာက | -- | (မဂ္ဂပါ) |

မယုံလို့ ရှိရင် ခင်ဗျားတို့ သေကြည့်ပါတဲ့၊ နောက်ရှုတဲ့ စိတ် ကလေး ပြီးတော့ ရှုက်စိတ်၊ မလာယင် ဘယ်နှယ်ဆိုကြမယ် (သေပါကယ် ဘုရား) ရှုက်တဲ့ စိတ်ကလေး ပြီးရင် နောက်လေပြန်ရှုတဲ့ စိတ်ကလေး မလာရင် (သေပါတယ်ဘုရား)

ဒါဖြင့် တစိတ်နဲ့ပဲ အသက်ရှင်တယ် (မှန်ပါ) သဘောကျ

ပြီလား (ကျပါပြီ) ဘာနဲ့ အသက်ရှင်တယ် -- တစိတ်နဲ့ အသက်ရှင်ပါတယ် နို့မို့မြင်တဲ့ စိတ်ကလေးနဲ့ နေတဲ့ အခါကျတော့ ဘယ်သူနဲ့ အသက်ရှင်သလဲ (မြင်တဲ့စိတ်နဲ့ ရှင်ပါတယ်) သွားစိတ်၊ လာစိတ်လေးလည်း ဖြစ်ပြီ မသေဘူးလား --(သေပါတယ်ဘုရား)

အဲဒီ အသေကလေးတွေကို မဂ်နဲ့ လိုက်-လိုက်ပေးပါ-အသေကလေးတွေ မဂ်နဲ့ လိုက်တဲ့ အခါကျတော့ သေတာက အနိစ္စ၊ လိုက်တာက (မဂ္ဂပါဘုရား) -- ကဲကြိုးစားကြ။

## "သိသင့်သောအခြေခံများ"

### "ပဋိစ္စသမုပ္ပါဒ်ဆိုသည်မှာ"

အကြောင်းကိုစွဲ၍ အကျိုးဖြစ်ခြင်းကို ပဋိစ္စသမုပ္ပါဒ် ဟုခေါ်သည်။

**အင်္ဂါ (၁၂)ပါး၏ အစိပ္ပါယ်မှာ –**

၁။ **အဝိဇ္ဇာ** – သစ္စာ ၄ပါး မသိတာ။

၂။ **သင်္ခါရ** – ပြုပြင်စေ့ဆော်တာ။

**သင်္ခါရ ၃မျိုးရှိသည် –**

(၁) ပုညာဘိ သင်္ခါရ၊
(၂) အပုညာဘိ သင်္ခါရ၊
(၃) အာနေဉ္ဇာဘိ သင်္ခါရတို့ ဖြစ်သည်။

**ပုညာဘိသင်္ခါရ၊** ပုည = ကုသိုလ်၊ အဘိ = လွန်ကဲစွာ၊
သင်္ခါရ = ပြုလုပ်ခြင်း
(ကုသိုလ်ကောင်းမှုကိုလွန်ကဲစွာပြုလုပ်ခြင်း)

**အပုညာဘိသင်္ခါရ၊** အပုည = အကုသိုလ်၊ အဘိ = လွန်ကဲစွာ၊
သင်္ခါရ = ပြုလုပ်ခြင်း
(မကောင်းမှုအကုသိုလ်ကိုလွန်ကဲစွာပြုလုပ်ခြင်း)

**အာနေဉ္ဇာဘိသင်္ခါရ၊** အာနေဉ္ဇ = ဈာန်သမာဓိအလုပ်၊ အဘိ = လွန်ကဲစွာ
သင်္ခါရ = ပြုလုပ်ခြင်း
(သမထ ဘာဝနာပွားများခြင်း)

၃။ **ဝိညာဏ်** ... ပဋိသန္ဓေစိတ်၊ ပဋိ = တဖန် ၊ သန္ဓိ = စပ်၍ ဖြစ်ခြင်
ပဋိသန္ဓေ = တဖန်စပ်၍ ဖြစ်ခြင်း၊ ဥပမာပြောရ

ပဝတ္တိဝိဉာဏ်ကို မယူရပါ (ပဋိသန္ဓေဝိဉာဏ် ကိုယူရပါသည်)။

၄။ **နာမ်ရုပ်** ... နာမ်နှင့် ရုပ်ဖြစ်ပါသည်။

၅။ **သဠာယတန** ... မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်။

၆။ **ဖဿ** ... တွေ့ထိခြင်း။

၇။ **ဝေဒနာ** ... ကောင်း၊ မကောင်းခံစားခြင်း။

၈။ **တဏှာ** ... လိုချင်တပ်မက်ခြင်း။

၉။ **ဥပါဒါန်** ... စွဲလမ်းခြင်း။

၁၀။ **ကမ္မဘဝ** ... (၁) ကိုယ်နှင့်ပြုလုပ်ခြင်း၊ ကာယကံ။
(၂) နှုတ်ဖြင့်ပြောဆိုခြင်း၊ ဝစီကံ။
(၃) စိတ်ဖြင့်ကြံစည်ခြင်း၊ မနောကံ။
(ကာယ သင်္ခါရ၊ ဝစီ–သင်္ခါရ၊ စိတ္တ–သင်္ခါရ)

၁၁။ **ဇာတိ** ... ပဋိသန္ဓေနေခြင်း။

၁၂။ **ဇရာ–မရဏ** ... အိုခြင်း၊ သေခြင်း။

## "ဒိဋ္ဌိများမှာ"

၁။ **သက္ကာယဒိဋ္ဌိ** –ခန္ဓာ ၅ ပါးကို ပုဂ္ဂိုလ်သတ္တဝါ၊ သူ၊ ငါ ယောကျ်ား၊ မိန်းမဟု ထင်မှတ်မှားသော အယူ။

၂။ **သဿတဒိဋ္ဌိ** – ခန္ဓာ ၅ ပါးကို ခိုင်သည် ၊ မြဲသည်ဟု ထင်မှတ် မှားတတ်သော အယူ။

၃။ **ဥစ္ဆေဒဒိဋ္ဌိ** – ဘဝ (ဖြစ်တာ) ပြတ်တယ်ဟု ထင်မှတ် မှားသော အယူ

၄။ **ဝိစိကိစ္ဆာ** – သံသယ ရှိခြင်းတို့ပင် ဖြစ်သည်။

## "အားထုတ်ရန်မှာ"

၁။ လေကလေး ဝင်တာ သိ၊ ထွက်တာ သိ၊ လုပ်နေပါ။ ရှုတာ ရှိုက်တာကို စောင့်ကြည့်ပါ။ (လေကလေး ဝင်တာ ထုတ်တာကို စောင့်ကြည့်ပါ)။ ဒီလို အားထုတ်၍ စိတ် မတည်ငြိမ်သေးလျှင် ငြိမ်အောင် ဒီလိုဘဲ ဆက်၍ အားထုတ်ပါ။ တနေ့နှင့် မရလျှင် နောက်တနေ့ ဆက်လေ့ကျင့်ပါ။ စိတ်မလွင့်အောင် **"သမာဓိ"** တည်အောင် အားထုတ်တဲ့ နည်းပင် ဖြစ်ပါသည်။

၂။ စိတ် တည်ငြိမ်ပြီ ဆိုလျှင် ဆိုင်ရာ ဒွါရ ပေါ်မှာ တစ်ခုပြီး တစ်ခု ပေါ်လာသော တရား ဓမ္မလေးများကို **သတိ၊ သမာဓိ၊ ပညာ** ဖြင့် စောင့်ကြည့်ပါလေ၊ စောင့်ကြည့်တော့ ပေါ်လာတဲ့ တရားသည် သူ့သဘောဟာ ဖြစ်ပြီး ပျက်တတ်တဲ့ သဘောဘဲလို့ ပြောပြ သွားကြောင်း သေသေချာချာ သိလာပါလိမ့်မည်။

၃။ ဒီလို စောင့်ကြည့်နေတာကို အကျင့်များများ ရအောင် ကြိုးစား ပါလေ၊ တရား အားထုတ်ရတာ စိတ်မပျက်ပါနှင့်၊ အလုပ် များများ လုပ်လာတော့ ခန္ဓာရဲ့သဘောကို ကောင်းကောင်းကြီး သိလာပါလိမ့်မည်။

## "ခန္ဓာငါးပါး သင်္ခါယတရား"

မိုးကုတ် ဆရာတော် ဘုရားကြီးက ပထမဆုံး နံပါတ်(၁) ထား၍ ဆုံးမသည်မှာ၊ ပစ္စုပ္ပန် အာရုံ ဒွါရ တိုက်၍ ပေါ်လာသော ခန္ဓာ ငါးပါး (ဝါ) ရုပ်နာမ် တရားကို ကွဲကွဲပြားပြား သိထားရမည်။ ယခု ဖြစ်ဆဲပစ္စုပန် **အတိုက်ဓါတ်** (၁) အဆင်း၊ (၂) အသံ၊ (၃) အနံ့၊ (၄) အရသာ၊ (၅) တွေ့ထိစရာ၊ (၆) ကြံတွေးစရာ အာရုံနှင့် **အခံဓါတ်** (၁) မျက်စိ၊ (၂) နား၊ (၃) နှာခေါင်း၊ (၄) လျှာ၊ (၅)ကိုယ်၊ (၆) စိတ်တည်း

ဟူသော ဒွါရ ၆ ပါးနှင့် ပေါင်းဆုံမှ ပေါ်လာသော (၁) မြင်စိတ် ခန္ဓာ ၅ ပါး။ (၂) ကြားစိတ် ခန္ဓာ ၅ပါး၊ (၃) နံစိတ် ခန္ဓာ ၅ပါး၊ (၄) စားစိတ်ခန္ဓာ ၅ပါး (၅) ထိစိတ်ခန္ဓာ ၅ပါး၊ (၆) တွေးစိတ် ခန္ဓာ ၅ ပါးတို့သည်၊ ထင်ရှားသော သက္ကာယ တရားများဖြစ်သည်။ ၎င်း ခန္ဓာတို့သည် အာရုံနှင့် ဒွါရ တိုက်မှ ပေါ်လာသော ခန္ဓာ ဖြစ်သောကြောင့် တပေါင်းတည်း ၅ပါးလုံး အတူတကွ ပေါ်လာပါသည်။ ပျက်တော့လည်း အတူတကွ တပေါင်းတည်း ပျက်ကြပါသည်။ ၎င်းခန္ဓာ ၅ ပါးကို မသိဘဲနှင့် ဖြစ်ပျက် မမြင်နိုင်ပါ။

## "ကိုယ့်အသေဆိုသည်မှာ"

အာရုံနှင့် ဒွါရတိုက်ဆိုင်၍ ဖြစ်ပေါ်လာသော ခန္ဓာ ၅ ပါး ရုပ်နာမ် တရားတို့သည် ဖြစ်ပေါ်ပြီး ပျက်စီးသွားတာ ကိုယ့် အသေလို့ ခေါ်ပါသည်။ ရှုဆိုတာ ၎င်းဖြစ်ပေါ်လာသော ရုပ်နာမ်တို့၏ ဖြစ်မှု ပျက်မှုတို့ကို စောင့်ကြည့် နေသော မဂ္ဂင် ၅ ပါး ရှုဉာဏ်တရား (သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ) ပညာမဂ္ဂင် ၂ ပါး (သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ) သမာဓိ မဂ္ဂင် ၃ ပါးနှင့် စောင့်ကြည့်နေခြင်းကို ရှုတာဟု ခေါ်ပါသည်။

## "ဝိစိကိစ္ဆာစင်ကြောင်း"

မြင်စိတ်ဆိုတဲ့ တရားကလေးသည် အလိုလို ပေါ်လာတာ မဟုတ်၊ မျက်စိနှင့် အဆင်းနဲ့ တိုက်ဆိုင်လို့သာ ပေါ်လာတဲ့ မြင်စိတ် တရားဘဲဟု ဉာဏ်ထဲမှာ ပိုင်ပိုင်နိုင်နိုင် ရှင်းယင် **ဝိစိကိစ္ဆာ စင်ပါတယ်။**

## "သဿတဒိဋ္ဌိစင်ကြောင်း"

ဒီဖြစ်ပေါ်လာရတဲ့ တရားသည် မည်သူ့အလိုမှ မလိုက်၊

သူ့သဘာဝအတိုင်း ဖြစ်ပြီးယင်၊ ပျက်သွားတဲ့ တရား၊ မခိုင်မြဲဘူးဟု အသေအချာ ဉာဏ်ထဲမှာ ရှင်းယင်, ခိုင်တယ်၊ မြဲတယ်ဟု ယူဆထားတဲ့ **သဿတဒိဋ္ဌိစင်ပါတယ်။**

## "ဥစ္ဆေဒဒိဋ္ဌိစင်ကြောင်း"

ဒီလို ဖြစ်ပေါ်လာတဲ့ တရားပျက်ပြီးနောက်၊ တရားတစ်ခု အစားထိုးပြီး ပေါ်လာတာ သိယင် ဘဝပြတ်တယ်လို့ ယူထားတဲ့ ဥစ္ဆေဒ ဒိဋ္ဌိစင်ပါတယ်။

## သံသရာဘေးဆိုးကြီးမှ လွတ်၍ နိဗ္ဗာန်ရအောင် လိုအပ်သောဉာဏ် (၅)ပါး

၁။ ကမ္မဿကတ ဉာဏ်
၂။ နာမရူပ ပရိစ္ဆေဒ ဉာဏ်
၃။ ပစ္စယ ပရိဂ္ဂဟ ဉာဏ်
၄။ ဝိပဿနာ ဉာဏ်
၅။ မဂ် ဉာဏ်

**ဉာဏ်၅ပါးတို့မှာ–**

**ကမ္မဿကတဉာဏ်** ။ ။ ကောင်းတာ လုပ်ရင် ကောင်းကျိုး ပေးမည်။ မကောင်းတာ လုပ်ရင် မကောင်းကျိုးပေးမည်ဟု ဗုဒ္ဓဘာသာဝင်တိုင်း သိတဲ့ဉာဏ်ကို ဆိုလိုပါသည်။

**နာမရူပရိစ္ဆေဒဉာဏ်** ။ ။ ရုပ်နှင့်နာမ်တို့ကို ကွဲကွဲပြားပြား ပိုင်းပိုင်း ခြားခြားသိတဲ့ ဉာဏ်ဖြစ်ပါသည်။

**ပစ္စယပရိဂ္ဂဟဉာဏ်** ။ ။ အကြောင်း အကျိုး သိမ်းဆည်း သိသော (ဝါ) ရုပ်နာမ် မည့်ကဲ့သို့ ဖြစ်ပေါ်ကြောင်း ဆိုတဲ့ အကြောင်းနှင့်

အကျိုးကို သိမ်းဆည်း သိသော ဉာဏ် ဖြစ်ပါသည်။ (ပဋိစ္စသမုပ္ပါဒ်ပါဘဲ)

**ဝိပဿနာဉာဏ်** ။ ။ အာရုံနှင့် ဒွါရ တိုက်ဆိုင်လို့ ခန္ဓာငါးပါး(ဝါ) ရုပ်နာမ် နှစ်ပါး ဖြစ်ပြီး ပျက်သွားတာကို လောကီ မဂ္ဂင် ၅ ပါး ရှုဉာဏ် တရားနှင့် စောင့်ကြည့်နေခြင်းမှ သိသော ဉာဏ်ဖြစ်သည်။

## လောကီ မဂ္ဂင် ၅ပါး ရှုဉာဏ် တရားဆိုသည်မှာ

| | |
|---|---|
| သမ္မာဒိဋ္ဌိ<br>သမ္မာသင်္ကပ္ပ | ပညာမဂ္ဂင် ၂ ပါး |
| သမ္မာဝါယမ<br>သမ္မာသတိ<br>သမ္မာသမာဓိ | သမာဓိမဂ္ဂင် ၃ ပါး တို့ ဖြစ်ပါသည်။ |

## မဂ်ဉာဏ် ဆိုသည်မှာ

၁။ သမ္မာဝါစာ

၂။ သမ္မာကမ္မန္တ၊

၃။ သမ္မာအာဇီဝ ဆိုတဲ့ သီလ မဂ္ဂင် ၃ပါး ထပ်၍ ဖြစ်ပေါ် လာတော့သည်။ အရင်က ပထမ ဝိပဿနာ မဂ္ဂင် ၅ပါးနှင့် တခါတည်း ပေါင်းဖြစ်လာသည့် အတွက် မဂ္ဂင် ၈ ပါး ဖြစ်သွားပါသည်။ ဒီမဂ်ဉာဏ် ဆိုက်ရောက်လာတဲ့ အခါ၊ မိမိတို့နှင့် ထိုက်သင့်သော မဂ်တရား၊ ဖိုလ်တရားများ ရလာပြီး ပထမ အပါယ် တံခါးပိတ်တဲ့ "သောတာပတ္တိမဂ်" ရပါသည်။

## တရားနာရင်း နိဗ္ဗာန်မြင်သူ

ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ တရားကြားနာရုံမျှနှင့် နိဗ္ဗာန်

ပေါက်ရောက်ကြသည့် ပုဂ္ဂိုလ်များ ဆိုသည်မှာ ခန္ဓာဉာဏ် လှည့်တတ်သည့် ဝိပဿနာ ဉာဏ်ကြောင့် ဖြစ်ပါသည်။

## မဂ္ဂင်ငါးပါးပြည့်မှ ဖြစ်ပျက်မြင်သည်

မျက်စိနှင့် အဆင်း၊ နားနှင့် အသံတည်းဟူသော တိုက်ဆိုင်၍ ပေါ်ပေါက်လာတဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိဉာဏ် ဆိုတဲ့ ခန္ဓာငါးပါး (ဝါ) ရုပ်နာမ် နှစ်ပါး၏ **အဖြစ်သိတာသည်** (၁) သမ္မာဝါယာမ (၂) သမ္မာသတိ၊ (၃) သမ္မာသမာဓိ ဟုခေါ်သော သမာဓိ မဂ္ဂင် ၃ ပါးနှင့် စောင့်ကြည့်၍ ခန္ဓာငါးပါး ပေါ်မှန်းသိရပါသည်။ **ခန္ဓာ ငါးပါး ပျက်မှန်းသိတာကတော့** (၁) သမ္မာဒိဋ္ဌိ၊ (၂) သမ္မာသင်္ကပ္ပ ဆိုတဲ့ ပညာမဂ္ဂင် နှစ်ပါးဖြင့် ကြည့်တတ်မှုကြောင့် သိခြင်းဖြစ်ပါသည်။

## ရှေ့က ဖြစ်ပျက် နောက်က မဂ်

စိတ်ဆိုသည်မှာ နှစ်စိတ် တပြိုင်တည်း မပေါ်ကောင်းပါ။ ခန္ဓာပေါ်နေချိန်မှာ ဉာဏ်မပေါ်နိုင်ပါ။ ရှေ့က ခန္ဓာ ဖြစ်ပျက်ကို နောက်က မဂ္ဂင်ငါးပါး ရှုဉာဏ်တရားနှင့် သိပေးရပါသည်။ အဲဒါကြောင့် ကျေးဇူးရှင်မိုးကုတ် ဆရာတော် ဘုရားကြီးက ရှေ့က ဖြစ်ပျက် နောက်က မဂ်ဟု ဝိပဿနာ ဉာဏ်ဖြစ်ပုံ ဟောခဲ့ပါသည်။

## "ဖြစ်ပျက်နှင့် မဂ်"

(ရှေ့က ဖြစ်ပျက်ဆိုသည်မှာ ခန္ဓာ ငါးပါး အရှုခံတရား)။ နောက်က မဂ်ဆိုသည်မှာ ဖြစ်ပျက်ကို သိလိုက်သော မဂ္ဂင် ငါးပါး ရှုဉာဏ်တရား) ဖြစ်ပါသည်။ ဆရာတော် ဘုရားကြီးက ရှေ့က **"အရှုခံ"** နောက်က **"ရှုဉာဏ်"** ဟုလည်း ဝိပဿနာ အားထုတ်တတ်အောင် ဟောပါသေးသည်။

**အရှုခံက ခန္ဓာငါးပါး၊ ရှုဉာဏ်က မဂ္ဂင် ငါးပါး** ဖြစ်ပါသည်။ အရှုခံ ခန္ဓာပေါ်ရာ ကြည့်လိုက်တော့ ခန္ဓာ တွေ့သလား၊ မရှိတာ တွေ့သလား ဆိုတော့ မရှိတာ တွေ့ပါသည်။ ဒါကြောင့် မြတ်စွာဘုရား တရားတော် အတိုင်း မိုးကုတ် ဆရာတော်ဘုရားက "ဟုတွာ အဘာဝတ္တေန အနိစ္စံ" ဟု ဟောပါသည်။ (ဟုတွာ–ဖြစ်ပြီး၍၊ အဘာဝတ္တေန– မရှိတော့သည့် သဘောကြောင့်၊ အနိစ္စံ–အနိစ္စမည်၏) ဤသို့ ဖြစ်ပျက် မြင်မှသာလျှင် **ခန္ဓာ ငါးပါး အနိစ္စတရား၊ ခန္ဓာ ငါးပါး ဒုက္ခတရား၊ ခန္ဓာငါးပါး အနတ္တတရား**ဟု လက္ခဏာရေး သုံးပါး ဉာဏ်နှင့် တွေ့နိုင်ပါသည်။ ပါးစပ်က ရွတ်သော အနိစ္စ၊ ဒုက္ခ၊ အနိတ္တသည် ဉာဏ်တွေ့မဟုတ်ပါ။ စာပြန်တာ သာလျှင် ဖြစ်ပါသည်ဟု မိုးကုတ် ဆရာတော် ဘုရားကြီးက ဟောကြားဆုံးမပါသည်။

## ခန္ဓာဖြစ်စဉ်

သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့ ဖြစ်ရတာ ခန္ဓာပဋိစ္စသမုပ္ပါဒ် မသိလို့ဘဲ။ ဒီနှစ်ခု လွတ်ချင်ယင် ခန္ဓာ ဖြစ်စဉ်သိဖို့ လိုပါတယ်။ ခန္ဓာ ဖြစ်စဉ်ဆိုဒါက ဒီလိုပါ။ အာရုံနဲ့ ဒွာရတိုက်တိုင်း ပေါ်လာတဲ့ ခန္ဓာ ဖြစ်စဉ်ကို ဆိုလိုပါတယ်။ ခန္ဓာကိုယ်ကြီးကို မဆိုလိုပါဘူး။

## "ဒိဋ္ဌိဆိုးကို ဖြုတ်ကြပါ"

အာရုံ ဒွါရတိုက်လို့ ပေါ်လာတဲ့ တရားကိုသိတာက ပညာသိ၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်မှန်း အသိ၊ ဒီလို တရားကို တရားအတိုင်း မြင်ရင် (သက္ကာယ ဒိဋ္ဌိစင်) ပါတယ်။ ဒီလို ပေါ်လာတဲ့ တရားဟာ မမြဲမှန်းသိရင် (သဿတဒိဋ္ဌိစင်) ပါတယ်။ အစားထိုးတာ သိရင် (ဥစ္ဆေဒဒိဋ္ဌိစင်) ပါတယ်။ ၄င်း ဒိဋ္ဌိ (၃) မျိုးကို ပထမ ဉာတပရိညာ (အသိနှင့်) မဖြုတ်ဘဲအားထုတ်နေကြရင် ကုသိုလ်တော့ ရပါတယ်လို့ ပြောနိုင်ပါတယ်။ မဂ်တရား ဖိုလ်တရားတော့ မရနိုင်ပါ။ ဘာ

ကြောင့်လဲ ဆိုတော့ အားနည်းတဲ့ ဝိပဿနာ ဖြစ်နေလို့ဘဲ။ (ဒုဗ္ဗလ ဝိပဿနာလို့ ခေါ်ပါတယ်) မိုးကုတ် ဆရာတော် ဘုရားကြီး ဆုံးမထားခဲ့သည်မှာ တရား အားမထုတ်မှီ ဒီ ဒိဋ္ဌိဆိုးတို့ကို အသိဉာဏ်နဲ့ ပိုင်ပိုင်နိုင်နိုင် ဖြုတ်ပြီးမှ တရား အားထုတ်ကြရင် (ဗလဝ ဝိပဿနာ ဖြစ်၍ မဂ်တရား–ဖိုလ်တရားကို လွယ်လွယ်ကူကူ ရနိုင်ပါတယ်။

## အရှုခံ ခေါ်ရာကို ရှုဉာဏ်နဲ့ လိုက်ပါ

အာရုံ၊ ဒွါရ တိုက်တိုင်း တိုက်တိုင်း ပေါ်လာတဲ့ တရားကို ပိုမသိနဲ့၊ ရှာမရှုနဲ့ ကြိုမသိနဲ့၊ သူဆွဲဆောင်တဲ့ အတိုင်းရှုပေးပါ။ အရှုခံခေါ်ရာကို ရှုဉာဏ်နဲ့ လိုက်ပေးပါ။ ပေါ်ရာလိုက်ရင် သစ္စာလေးပါး ပေါ်လာသည်၊ အသေကို ကြည့်ရမှာ အရှင်လိုက်ရမှာ မဟုတ်ပါဘူး။

## မိုးကုတ် ဆရာတော် ဘုရားကြီး၏ ဩဝါဒ

၁။ ရှေးဦးစွာ ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင်လုပ်ပါ။

၂။ တရားအားထုတ်လိုသူများ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကို သိအောင် လုပ်ပါ။

၃။ ပဋိစ္စသမုပ္ပါဒ် သိမှသာလျှင် အရှိနှင့် အသိကိုက်မည်။ အရှိနှင့် အသိကိုက်မှ ဟုတ်တိုင်းမှန်စွာ မြင်မည်။

၄။ ခန္ဓာပေါ်မှာ ပေါ်လာတဲ့ တရားနဲ့ ဉာဏ်နှင့် မကွာပါစေနှင့်။

၅။ နိဗ္ဗာန် နားလည်ချင်ယင် ဒိဋ္ဌိကို နားလည်ရမည်။ ပဋိစ္စသမုပ္ပါဒ် သဘောမကျရင် နိဗ္ဗာန် သဘောမကျနိုင်ပါ။

၆။ ဝိပဿနာ အလုပ်သည်၊ နိဗ္ဗာန် ရောက်ကြောင်း အနီးကပ်ဆုံး အလုပ်ဘဲ။ ဝိပဿနာ ဉာဏ်ရင့်မှ မဂ်ဉာဏ်ရမည်။ ထိုမဂ် ဉာဏ်သည် နိဗ္ဗာန်မြင်တဲ့ ဉာဏ်ဘဲ။

၇။ ဝိပဿနာ နည်းမှန် လမ်းမှန် အလုပ်လုပ်နေသူသည် နိဗ္ဗာန် ရောက်မှ ရောက်ပါ့မလားလို့ သံသယ မရှိကြနဲ့၊ ဝိပဿနာက အကြောင်း မဂ်ဉာဏ်က အကျိုးပါ။

၈။ ဝိပဿနာ ဉာဏ်သည် မိမိမှန် အကြည့် ၆ ချပ်ပေါ်၌ အာရုံနှင့်ဒွါရ တိုက်တိုင်း တိုက်တိုင်း ဖြစ်ပေါ်လာသော တရားများ၏ ဖြစ်တာနှင့် ပျက်တာကို စောင့်ကြည့်တဲ့ ဉာဏ်ပါဘဲ။ ဒါမလုပ်မီ ရှေးဦးစွာ ဒိဋ္ဌိဖြုတ်ရပါဦးမည်။ မမေ့ပါနှင့်။ ဒိဋ္ဌိကိုလည်း သူ့သဘောကို နားမလည်ဘဲ ဖြုတ်၍ မရပါ။ သူ့ကို ဖြုတ်မည် ကြံရင် ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို အရင် နားလည်ထားရပါမည်။

၉။ ဝိပဿနာ ဉာဏ်က ရုပ်နာမ်ဓမ္မတွေ ပေါ်မှန်းသိယင် (သက္ကာယ ဒိဋ္ဌိပြုတ်) ဒါပေါ်ရင် ခန္ဓာ ငါးပါးပေါ်တယ်၊ နာမ်ရုပ်ပဲ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိဉာဏ်ပဲ။ ဒါဟာ ပဋိစ္စသမုပ္ပါဒ် နည်းပဲ။ "တွေး၍ ပေါ်လာတာသည် ကျား၊ မ မဟုတ်" ဓမ္မအ စဉ်တွေဘဲ။ (မြင်စိတ်၊ ကြားစိတ် အစရှိသည်တို့ ပေါ်လာသော ဓမ္မအစဉ်အတိုင်း ပေါ်တာဘဲ။ ၎င်းတို့ကို အမှန်အတိုင်း သိရင် သက္ကာယ ဒိဋ္ဌိပြုတ်။ ဒီတရား ကလေးဟာ မမြဲလို့ ပျက်သွားတာ သိရင် သဿတဒိဋ္ဌိပြုတ်။ နောက်တရားတစ်ခု အစားထိုးမှန်းသိရင် ဥစ္ဆေဒ ဒိဋ္ဌိပြုတ်တယ်။ ဒါသိမှ ပြောတာ၊ ရှုမှုက ပေါ်ရာ ရှုပါ။ ဒီဒိဋ္ဌိ သုံးခုကို ပထမ အသိနှင့် မဖြုတ်ဘဲ ဝိပဿနာ အားထုတ်နေရင် အားနည်းတဲ့ (ဒုဗ္ဗလ) ဝိပဿနာ ဖြစ်နေ၍ မဂ်ဉာဏ်မရနိုင်ပါ။ ဒိဋ္ဌိ သုံးမျိုးကို အသိနဲ့ ဖြုတ်ပြီး ဝိပဿနာ အားထုတ်ရင် အားကြီးတဲ့ (ဗလဝ) ဝိပဿနာ ဖြစ်သောကြောင့် မဂ်ဉာဏ်ကို ကောင်းစွာ ရနိုင်ပါသည်။

## ဉာဏ်စဉ် ၁၀–ပါး

(၁) **သမ္မသနဉာဏ်**နှင့် ခန္ဓာကိုယ်ကို သုံးသပ်လိုက်တဲ့ အခါကျတော့
(၂) **ဥဒယဗ္ဗယ** ဖြစ်ပျက်မြင်၍
(၃) **ဘင်** ဆိုတဲ့ အပျက်တွေချည်း မြင်ပြန်လဲ ကောင်းတာဘဲ။
(၄) **ဘယ** ဘေးဆိုးတွေလို့ ထင်မြင်လာရင် ကောင်းတာပါဘဲ။
(၅) **အာဒီနဝ** ဆိုတဲ့ အပြစ်ထင်လာရင် ကောင်းတာဘဲ။
(၆) **နိဗ္ဗိန္ဒ** ဆိုတဲ့ ငြီးငွေ့သဘော လာရင်လဲကောင်းတာဘဲ။
(၇) **မုစ္စိတုကမျတာ** ဆိုတဲ့ ကျွတ်လို လွတ်လိုတဲ့ စိတ်ပေါ်လာရင် လည်းကောင်းတာဘဲ။
(၈) **ပဋိသင်္ခါ** ဆိုတဲ့ ကျွတ်လွတ်ရန် တဖန် ဆင်ခြင်ပြန်ရင်လဲ ကောင်းတာဘဲ။
(၉) **သင်္ခါရုပေက္ခာ** ဆိုတဲ့ သာယာနှစ်သက်ခြင်း စွန့်၍ လျစ်လျူ ရှုနေပြန်ရင်လဲ ကောင်းတာဘဲ။
(၁၀) **အနုလောမ** ဆိုတဲ့ လောကုတ္တရာဘက်သို့ ရောက်ခါနီး မဂ်နှင့် လျော်ကန်သော ဖြစ်ပျက်ဆုံးတဲ့ သစ္စာ မြင်ပြီး သကာလ ဒါတွေဟာ သစ္စာတွေဘဲဆိုပြီး ဆုံးသွားတဲ့ အဆုံးကျမှသာလျှင် မဂ်စစ်ဘဲ။

ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် ပိုင်းခြားပြီး သကာလ၊ ဖျတ်ဆို ချုပ်သွားတဲ့ အဆုံးကျမှသာလျှင် မဂ်စစ်ကို တွေ့နိုင်ပါတယ်။

**ဉာဏ်စဉ်နှင့် ဆိုင်ရာများကို –**

၁။ ပဋိသမ္ဘိဒါ မဂ်ကျတော့ အရှင်သာရိပုတ္တရာက **တဆယ့် ခြောက်ဉာဏ်** ဟောပါတယ်။
၂။ ဘုရားက ဝိပဿနာ ဉာဏ်ကျတော့ **ဆယ်ဉာဏ်**ဟောပါတယ်။
၃။ အနုတ္တ လက္ခဏာသုတ်မှာ – **သုံးဉာဏ်**ဟောပြီး သုဘဒ္ဒမရိမ်ကို ကျတော့ **"နှစ်ဉာဏ်ဘဲ"** ဟောပါတယ်။

၁။ သမ္မသန၊ ဥဒယဗ္ဗယ၊ ဘင်္ဂ ဆိုတာ **“ယထာဘူတဉာဏ်”**
၂။ ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒ ဆိုတာ **“နိဗ္ဗိန္ဒဉာဏ်”** ပါဘဲ။
၃။ မုစ္စိတုကမျတာ၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ၊ အနုလောမဆိုတာ **“မဂ်ဉာဏ်”** ပါဘဲ။

လိုရင်း အတိုချုံးလိုက်တော့ ဒီသုံးဉာဏ်ထဲ အကုန်ဝင်သွားတာ ပါဘဲ။

## ဝိပဿနာ ဉာဏ် ၁၀ ပါး အတိုချုံးပုံမှာ

| ဝိပဿနာဉာဏ်(၁၀)ပါး | ဉာဏ်(၃)ပါးကား | ဉာဏ်(၂)ပါးကား |
|---|---|---|
| ၁။ သမ္မသနဉာဏ် | | |
| ၂။ ဥဒယဗ္ဗယဉာဏ် | (က)ယထာဘူတ ဉာဏ် | |
| ၃။ ဘင်္ဂဉာဏ် | | ၁။ဝိပဿနာဉာဏ် |
| ၄။ ဘယဉာဏ် | | |
| ၅။ အာဒီနဝဉာဏ် | (ခ)နိဗ္ဗိန္ဒဉာဏ် | |
| ၆။ နိဗ္ဗိန္ဒဉာဏ် | | |
| ၇။ မုစ္စိတုကမျတာဉာဏ် | | |
| ၈။ ပဋိသင်္ခါဉာဏ် | (ဂ)မဂ်ဉာဏ် | ၂။မဂ်ဉာဏ် |
| ၉။ သင်္ခါရုပေက္ခာဉာဏ် | | |
| ၁၀။ အနုလောမဉာဏ် | | |

## ပုဂ္ဂိုလ် (၄) မျိုး

(၁) ဥဂ္ဃဋိတညူ – ဘုရားရှင်နှင့် တွေ့၍ တခုသော တရားကို ဟောရာ အကျဉ်းဥဒ္ဒေသ စကား၏ အဆုံး၌ မဂ်ကို ရနိုင်သူ။

(၂) ဝိပဉ္စိတညူ – အကျဉ်းဟောကာမျှဖြင့် မဂ်ဖိုလ်ကို မရဘဲ အကျယ်ဟောမှ မဂ်ဖိုလ် ရနိုင်သူ။

(၃) နေယျ – အကျဉ်းအကျယ်အားဖြင့် ဟောသော်လည်း မဂ်ဖိုလ် မရဘဲ ဘုရား ဟောတော်မူသည့် အတိုင်း ကျင့်ကြံအားထုတ်မှ မဂ်ဖိုလ် ရနိုင်သူ။

(၄) ပဒပရမ – ပရိယတ်၊ ပဋိပတ်တို့ကို မည်သို့ပင် အားထုတ် သော်လည်း ယခု ဘဝ မဂ်ဖိုလ် မရနိုင်ဘဲ ဝါသနာ ဘာဂီမျှသာထိုက်သူ။

## ပုထုဇဉ်နှင့်သောတာပန် ကွာခြားပုံ (၇) ချက်ဆိုတာ

၁။ ပုထုဇဉ်က ဖြစ်ကြောရှည်တယ်၊ သောတာပန်က ဖြစ်ကြော တိုတယ်။ လောဘ၊ ဒေါသ၊ မေဟ၊ ထတိုင်း သိတာက (ဝါ) ပေါ်တိုင်း သိတာက သောတာပန်တို့၏ အသိ။

၂။ အဲဒီလို ပေါ်, ပေါ်လာတာ ချက်ချင်းသိလို့ သိတာနဲ့ တစ်ပြိုင်နက် တည်း ငြိမ်းအေးအောင် လုပ်နိုင်ခြင်းသည် သောတာပန် တို့၏ အသိ။

၃။ ဤဘုရား သာသနာတော်မှ တပါး၊ အခြားသော သာသနာမှာ ထွက်ရပ်လမ်း မရှိဘူးလို့ သိနေတဲ့ အသိဟာလဲ သောတာပန်၏ အသိပါဘဲ။

၄။ ကိစ္စကြီးငယ်တွေ ရှိလာတဲ့ အခါကျတော့ အလျှင်အမြန် ကုသ လိုတဲ့ စိတ်ရှိတယ်၊ ဥပမာ–ကိုယ်မှာ ကျူးလွန်ထားတဲ့ အပြစ် လေးတွေ ရှိနေတယ်။ မပယ်နိုင်သေးတဲ့ ကိလေသာ ထကြွ သောင်းကျန်းလာတဲ့ အခါမှာ ချက်ချင်းဘဲ ကုသလိုစိတ် ဖြစ်ပေါ် လာတာလဲ သောတာပန် တို့၏ အသိပါဘဲ။

၅။ ကိစ္စကြီးငယ်ရှိလို့ သူတပါးအတွက် ရုံးတို့၊ ဂတ်တို့၊ လိုက်ရကြသော်လည်း မိမိသီလ၊ သမာဓိ၊ ပညာ အပျက်မခံဘဲ လိုက်သွားခြင်းသည် သောတာပန်တို့၏ အသိပါဘဲ။

၆။ မြတ်စွာဘုရား တရားဟောစဉ်၊ ဘုန်းကြီးများ တရားဟောစဉ် ဖြစ်စေ၊ စိတ်သည် အာရုံ တပါးသို့ မသွားဘဲ၊ သစ္စာတရားကို ရှုးရှူး စိုက်စိုက် အနက် အဓိပ္ပါယ် သိပြီး သကာလ နာနေနိုင်ခြင်းသည် သောတာပန်တို့၏ တရားနာနည်းဘဲ။

၇။ ဒီလို တရားနာပြီးနောက် ခန္ဓာ ဉာဏ်ရောက်တဲ့ တရားတွေပါလားလို့ ဝမ်းမြောက် ဝမ်းသာလို့ မဆုံး၊ ကြည်ညိုလို့ မဆုံး၊ ကျေးရှူးတင်လို့ မပြီး၊ ဒီလို သတ္တိတွေဟာလဲ သောတာပန် တို့၏ သတ္တိဘဲ။ ပုထုဇဉ်တို့ ကတော့ ပြီးရင် ပစ်လိုက်တာပဲများပါတယ်။

## "ကျမ်းကိုးစာရင်း"

၁။ မိုးကုတ် ဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့် ကျင့်စဉ်၊
၂။ မိုးကုတ် ဝိပဿနာ ဒုလ္လဘဒေသနာ အတွဲ (၁) မှ (၆)၊
၃။ မိုးကုတ် ဝိပဿနာ အလုပ် တရားအမှတ်စဉ် (၁) နှင့် (၃)၊
၄။ မိုးကုတ် ဝိပဿနာ (ဉာတပရိညာ)၊

❖ ❖ ❖ ❖ ❖ ❖

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါးဟာ **သက္ကာယတွေပဲ၊** ဒီအပေါ်မှာ ငါထင်လို့ ငါပဲလို့ ယူလိုက်ရင် **ဒိဋ္ဌိ** ဖြစ်သွားတာပဲ ဆိုတာ မှတ်ကြ၊ သက္ကာယက နဂိုရှိ အမှန်ရှိ၊ ဒိဋ္ဌိက နဂိုမရှိ၊ အမှန်မဟုတ်တဲ့ နောက်မှ လာတဲ့ အထင်မှားမှု။

"အစားထိုးတာက သင်္ခါရ၊ ပျက်သွားတာက အနိစ္စ" ဒီနှစ်ခုဘဲ လှည့်ပြနေတယ်၊ ဘာပဲပေါ်ပေါ် ဒီနှစ်ခုကို ပြမှာပဲ၊ အဲဒီလို ပြတာကို ဉာဏ်နဲ့ မပြတ်မလပ် အထပ်ထပ် ကြည့်ပေးရမယ်၊ ကြည့်ဖန် များလာတော့ ခန္ဓာသဘောအမှန်ကို ကေန်သိပြီး ဉာဏ်က ဒီခန္ဓာကို စွန့်လွှတ်ချင်လာတယ်၊ မခင်မင် မနှစ်သက်တော့ဘူး၊

အဲဒီလို မခင်မင် မလိုချင်လို့ မုန်းအားကြီးလာတော့ သင်္ခါရနဲ့ အနိစ္စ မလာတော့ဘူး၊ သင်္ခါရနဲ့ အနိစ္စ ကုန်သွားတော့တယ်၊ **"တေသံဝူပသမောသုခေါ"**ပဲ၊ တေသံ ထိုဖြစ်ပျက်သွားတာနဲ့ အစားထိုးတာ နှစ်ခုတို့၏ **ဝူပသမော** မရှိခြင်းသည် **သုခေါ နိဗ္ဗာန်**ပဲတဲ့။

## ကျေးရှူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး

ဖြစ်ပျက်တွေ့တဲ့ ဉာဏ်က ဝိပဿနာ ဉာဏ်၊ မဖြစ်မပျက်တွေ့တဲ့ ဉာဏ်က မဂ်ဉာဏ်ပဲ၊ ဖြစ်ပျက်တွေ ဆုံးသွားတာ ခန္ဓာဒုက္ခ သစ္စာကြီး ဆုံးသွားတာပဲလို့ မှတ်ကြ၊ အဲဒီ ဆုံးတဲ့ နေရာမှာ သုခနိဗ္ဗာန် ပေါ်တယ်လို့မှတ်။

ဝိပဿနာ ဉာဏ်နဲ့ နေတုန်းက ခန္ဓာအစဉ် ကြီးဟာ ပေါ်လာလိုက် ပျောက်သွားလိုက်နဲ့ နေတယ်၊ ဒီနောက် မဂ်ဉာဏ် လာတော့မယ် ဆိုတော့ ခန္ဓာဆိုတာ မလာတော့ဘူး၊ ခန္ဓာ ဒုက္ခဇာတ်သိမ်းပြီး ငြိမ်းတာပဲ။

ဒို့ဒကာတွေ သောတာပန် အမြန်တည်ချင်ရင် စိတ္တာနုပဿ[illegible] ရှုရမယ်၊ ပေဋကောပဒေသပါဠိတော်နှင့် သမ္မောအဋ္ဌကထာမှာ ဒီအတိုင်း ဟောထားတာ ရှိတယ်လို့ မှတ်ကြ။ ဒီတော့ "သောတာပန် အမြန်တည်တဲ့ နည်းဟာ စိတ္တာနုပဿနာပဲ"လို့ အရှင်ကစ္စာယနကလည်း ဟောတယ် ဘုန်းကြီးကလဲ ဟောတယ်လို့ မှတ်ရမယ်။

အမှတ် ၂၆၉၄၂
ရက်စွဲ ..........

# သာဓုအနုမောဒနာ ဂုဏ်ပြုလွှာ

………[illegible]……မြို့၊ ……[illegible]……လမ်း၊ အမှတ် [illegible]

အလှူရှင် ……ဦးကံညွှန့်……

……[illegible]……

ငွေပဒေသာပင် (ငွေပင်-ငွေရင်း) အတွက် အလှူတော်ငွေ ၁၀၀၀၀/- ကျပ် "စာနှင့်" (……ငါး……) ကျင်းထိထိကို ရန်ကုန်မြို့၊ အမှတ်-၂၂ နတ်မောက်လမ်းတွင် တည်ရှိသော အထက်ဖော်ပြပါ အသင်းချုပ်သို့ [illegible] သောင်တကင်းကွာ အဝိဥ္စာနှင့် တဏှာတို့၏ ချုပ်ငြိမ်းရာမှန် နိဗ္ဗာန်ကိုရည်မှန်း လျက် လှူဒါန်းသောအလှူတော်ငွေကို လက်ခံရရှိပါ၏။ ဤကုသိုလ်ကောင်းမှုကို အစဉ် ကြည်နူး ဝမ်းမြောက်နိုင်ကြစေရန် မှတ်တမ်းတင် သာဓုအနုမောဒနာ ဂုဏ်ပြုလွှာဖြင့် လေးစားစွာ ချီးမြှင့်အပ်ပါသည်။

နေ့စွဲ ၂၀.၂.၉၉

| | | |
|---|---|---|
| နာယကကြီး | ဥက္ကဋ္ဌ | အတွင်းရေးမှူး |

**မေတ္တာမိတ်ဆွေ**

မြတ်စွာဘုရားဟောကြားတော်မူခဲ့သော
ဓမ္မစကြာတရားတော်လာ
ဒုက္ခသစ္စာကို ပိုင်းခြားသိမြင်နိုင်ကြရေးအတွက်
မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူခဲ့သော
တရားတော်များထဲမှ

# ဒုက္ခမြင်မှ နိဗ္ဗာန်ရပုံတရားတော်များ

ကို ဦးကံညွန့်မှ အထူးရွေးချယ်စုစည်း၍
ဒုတိယအကြိမ်ပုံနှိပ်ထားပါသည်။
အလွန်အကျိုးထူးပါ၍ အမြန်ဆုံးဖတ်သင့်ပါသည်။





## "ဦးကံညွန့်၏ ကိုယ်ရေးအကျဉ်း"

ဦးကံညွန့်သည် ငယ်စဉ်က ရန်ကုန်မြို့မကျောင်း၊ ကျောက်မြောင်း အစိုးရ အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့ပြီး(၁၉၅၆) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခဲ့ပါသည်။ (၁၉၆၀) ခုနှစ် တွင်တက္ကသိုလ်မှထွက်ပြီး တပ်မတော်ထဲသို့ ဝင်ရောက်အမှုထမ်းခဲ့ပါသည်။ (၁၉၈၇)ခုနှစ်တွင်(ဗထူး)စစ်ဦးစီး တက္ကသိုလ်မှနည်းပြ ဗိုလ်မှူးဖြင့် အငြိမ်းစား ယူခဲ့ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏တရားတော်များကို(၁၉၇၁)ခုနှစ်ကပင် ဆရာဖြစ်သူ ရန်ကုန်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသံဒိုင်၏ သင်ကြားပြသပေးမှုဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီး၏ဥပနိဿယကိုခံယူခဲ့ ပါသည်။ အငြိမ်းစားယူပြီးချိန်ရောက်မှတရားတော်များကို ဆက်လက်လေ့လာ ဆည်းပူးပြီးအားထုတ်နိုင်ပါတော့သည်။

တရားတော်များပြန့်ပွားရေးအတွက် ဤစာအုပ်ပါတရားများကို ပူဇော်ရာ တွင်စာဖတ်သူများ အနေဖြင့် အချိန်တိုအတွင်းမှာ ဆရာတော်ဘုရားကြီး ဟောကြားခဲ့သောတရားတော်များထဲမှနိဗ္ဗာန်ရောက်ကြောင်းတရားအနှစ်သာရ များကို အမြန်ဆုံး သိရှိကြပါစေရန် ရည်ရွယ်ပြီး ဆရာတော် ဘုရားကြီး၏ ဟောစဉ် စကားလုံးများအတိုင်း အပိုမစွက် တရားမှုမပျက် ပူဇော်ထားခြင်း ဖြစ်ပါသည်။